ယဉ်မျိုးစာပေ

တစ်ရံတစ်ခါက

# မဟာဒေဝီ စဝ်သုစန္ဒီ

နိုင်ဦး



၁၉၆၂ ခုနှစ်၊ အာဏာသိမ်း စစ်အာဏာပိုင်တို့ လက်ထဲတွင် ပျောက်ခြင်းမလှ ပျောက်ခဲ့ရပါသော
သီပေါစော်ဘွားလေးနှင့် မဟာဒေဝီတို့၏ ရင်နင့်ကြေကွဲဖွယ်ရာ ဘဝဇာတ်တစ်ပုဒ်

# Twilight Over Burma

## My Life As A Shan Princess

Inge Sargent

ယဉ်မျိုးစာပေ

ယဉ်မျိုးစာအုပ်- ၅၅

စီစဉ်သူ

ယဉ်ထွန်း

အမှတ် ၅၅၊ ၃၈ လမ်း(ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကြား)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၇၃၂၀၁၅၈၆
yinmyo13@gmail.com

တ ရံ တ ခါ က .....

# မ ဟာ ဒေ ဝီ စဝ် သု စန္ဒီ

နိုင်ဦး

၁၉၆၂ ခုနှစ်အာဏာသိမ်းစစ်အာဏာပိုင်တို့လက်ထဲတွင်ပျောက်ခြင်းမလှပျောက်ခဲ့ရသော
သီပေါစော်ဘွားလေးနှင့်မဟာဒေဝီတို့၏ရင့်နင့်ကြေကွဲဖွယ်ဘဝဇာတ်တစ်ပုဒ်။

## Twilight Over Burma

My Life As A Shan Princess

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ
၅၀၀
မျက်နှာဖုံး
အေးဖြူအောင်
အတွင်းကွန်ပြူတာစာစီ
ယဉ်မျိုး
အတွင်းဖလင်
A7 Group
စာအုပ်ချုပ်
ကိုမြင့်လွင်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးနိုင်ဖလေး၊ သိရိပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၃၃၃၊ ဗိုလ်ဆွန်ပတ်လမ်း၊
ကျောက်တံတားမြို့နယ်။
ထုတ်ဝေသူ
ဦးချစ်ညွန့်(ဖင်ရတနာစာစာပေ)(၀၄၀၀၄)
၂၉၅၊ က/၄ လမ်း၊ မြို့သစ် က+ခ ရပ်ကွက်၊
အင်းစိန်။

3500-

ထုတ်ဝေသည့်ကာတ်တာလောက်အညွှန်း CIP

၈၉၅.၈၃
နိုင်ဦး
တရုံတခါက မဟာဒေဝီ စဝ်သုစန္ဒီ – ရန်ကုန်၊
ဖင်ရတနာစာစာပေ၊ ၂၀၁၃၊
စာ ၂၅၇၊ အလျား – ၁၃.၃၄ စင်တီ၊ အနံ ၂၀.၉၆ စင်တီ
(၁) တရုံတခါက မဟာဒေဝီ စဝ်သုစန္ဒီ



သီပေါစော်ဘွားစဝ်ကြာဆိုင်



**မဟာဒေဝီ စဝ်သုစန္ဒ**

## ဝန်ခံချက်

(က) သီပေါစော်ဘွားစဝ်ကြာဆိုင်၏အမည်ကိုဤစာအုပ်၌ အရှိုနေရာများတွင် "စိုင်း" ဟုနာမ်စားသုံးထားပါသည်၊
(ခ) ဤစာအုပ်ကို စံစား၊ သီသလိုပြန်ရေးပါသည်၊

နိုင်ဦး



မဟာဒေဝီ စဝ်သုစန္ဒီ

## ဘားတစ်လစ်တနာ၏အမှာ

၁၉၆၆ ခုနှစ်၊ ဇွန်လ ရက်တစ်ရက်၊ ကောင်းကင်တွင် တိမ်ကင်းစင်၍ နေသာလျက်ရှိသည်။ မွန်းတည့်ချိန်တွင် *'ဖော့(စ်)ဝက်ခမ်'*မော်တော်ကားလေးတစ်စီးသည် ဩစတီးယားနိုင်ငံ၊ ဗီယက်နာမြို့တော်၏ *15Th ဘီဇက်*ခရိုင်အတွင်းမှ ဟိုတယ်တစ်ခုဆီ ဦးတည်လာနေသည်။ ဟိုတယ်အဆောက်အဦမှာ ၁၈ ရာစု ဥရောပ ဗိသုကာ လက်ရာများဖြင့် ဆောက်လုပ်ထားသော ရဲတိုက်ကြီးတစ်ခုဖြစ်ပြီး ယခုအခါ *'စလော့-လူဒန်'*ဟုတွင်သော ဇိမ်ခံဟိုတယ်ကြီးအနေနှင့် ထင်ရှားလျက်ရှိပေသည်။ သို့ရာတွင် အဆိုပါဟိုတယ်မှာ အရေးတကြီး သီးသန့်ပုဂ္ဂိုလ်များကိုသာ လက်ခံတည်းခိုခွင့်ရှိသည်နှင့်အညီ ဟိုတယ်သံဂိတ်တံခါးကြီးများတွင်လည်း ဩစတြီးယားပုလိပ်တို့ကို ခပ်စိပ်စိပ်လေး အစောင့်အနေ ချထားသော်လည်း ဟိုတယ်သို့ ရှေးရှုလာသော 'ဖောက်(စ်)ဝက်ခမ်' မော်တော်ကားလေးကိုမူ ဩစတေးယားနိုင်ငံဆိုင်ရာ ရိုင်ရယ်ထိုင်းသံရုံးမှ သံတမန်အထောက်အထားများ ပါရှိပါသဖြင့် ဟိုတယ်ခြံဝန်းအတွင်းသို့ ဝင်ခွင့်ပြုလေသည်။

*ဖောက်(စ်)ဝက်ခမ်*ကားလေးသည် ခြံဝန်းကျယ်ကြီးအတွင်း ပန်းဥယျာဉ်ကြား ဝေ့ကာဝိုက်ကာ ဖောက်လုပ်ထားသော လမ်းသွယ်လေးအတိုင်း တစ်ဂျုတ်ဂျုတ် မောင်းလာပြီးနောက် ဟိုတယ်ရှေ့မျက်နှာစာတွင် တိကနဲ ထိုးရပ်လိုက်သည်။ ပြီးနောက် မော်တော်ကားပေါ်မှ အရွယ်တော် အမျိုးသမီးတစ်ဦးနှင့် သူမ၏ သမီးငယ်လေးနှစ်ယောက် ဆင်းလာသည်။ အမျိုးသမီး၏ ခန္ဓာကိုယ်အဆစ်အပေါက်နှင့် ရုပ်ရည်မှာ ဥရောပသူတစ်ယောက်ဟု တပ်အပ်ပြောနိုင်ပါသော်လည်း တစ်ပတ်လျှိုထုံးထားသော ဆံပင်ထုံးဖွဲ့မှုကမူ အာရှဆန်လှသလို သမီးငယ်နှစ်ဦးမှာလည်း အာရှနှင့် ဥရောပသွေး နှောထားသူလေးများဖြစ်ကြောင်း ပေါ်ပေါ်ထင်ထင်ရှိလှပါ၏။

အမျိုးသမီးငယ်သည် ဘယ်ညာတစ်ဖက်ဆီဖြင့် သမီးငယ်နှစ်ယောက်လက်ကို ဆုပ်ကိုင်လိုက်ပြီး ရဲတိုက်ကြီး၏ အရှေ့ဘက် အဝင်ခန်းမကြီးအတွင်းသို့ တည်ငြိမ်စွာဖြင့်

တစ်လုမ်းချင်း လှမ်းဝင်လာသည်။

ရဲတိုက်ကြီး၏ အဝင်ခန်းမကြီးမှာ ၁၈ ရာစု *ရိုကိုးကိုစ်*တိုင် ပရိဘောဂများနှင့် လူတစ်ရပ်မျှမြင့်သော သစ်ကနက် ပြတင်းတံခါးပေါက်ကြီးများမှာလည်း မှန်တံခါးများနှင့် ကြီးကျယ်ခမ်းနားလှသည်။ ထိုနေ့ရက်များက ရဲတိုက်ဟိုတယ်ကြီးတွင် တည်းခိုနေကြသော ဧည့်သည်များမှာ အာရှတိုက်သားများချည်းဖြစ်လေရာ ကြိုတင် အကြောင်းကြားထားခြင်း၊ ခွင့်ပန်ခြင်းမရှိဘဲ ယခုလို ဖြုန်းစားကြီးရောက်လာသော မျက်နှာစိမ်းစိမ်း အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်နှစ်ယောက်ကို တွေ့လိုက်ကြသည်တွင် အာရှဧည့်သည်များ မျက်လုံးအပြူးသားများနှင့် ငေးကြည့်နေကြရာမှ အမျိုးသမီးငယ်သည် ဧည့်သည်များကို မျက်လုံးတစ်ချက်ဝေ့၍ အကဲခတ်လေ့လာလိုက်သည်။ ထိုမှ လူစုထဲမှ အမျိုးသမီးကြီးတစ်ယောက်ဆီ အကြည့်ရောက်သွားပြီး သမီးငယ်နှစ်ယောက်ကို လက်က ဆွဲလျက်နှင့်ပင် အဆိုပါအမျိုးသမီးကြီးထံ တည့်တည့်မတ်မတ် လျှောက်လာပြီး ဗမာလို ရှင်းလင်းပီသစွာ ပြောလိုက်သည်။

*"ဗိုလ်ချုပ်နဲ့ ကျမ တွေ့ချင်တယ်"*

သူမ၏ စကားအဆုံးမှာပင် အမျိုးသမီးကြီးကလည်း ဒုတိယထပ်သို့ သွားရာ လှေကားအိမ်ထက်မှ လေသာဆောင်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ သူမသည်လည်း ထိုနေရာသို့ပင် မျက်စိရောက်သွားသည်တွင် လေသာဆောင်တွင် ရပ်နေသော အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် အမျိုးသားကြီးတစ်ယောက်သည် သူမကို တွေ့လိုက်သည်နှင့် အခန်းတစ်ခန်းအတွင်းသို့ သုတ်သီးသုတ်ပြာ ပုန်းကွယ်သွားသည်ကို တပ်အပ်မြင်လိုက်ရသည်။ ဤတွင် မြန်မာအမျိုးသမီးကြီးက မျက်စိပျက် မျက်နှာပျက်နှင့် ဧည့်ခံစကားဆို၏။

*"ထိုင်ပါဦးရှင်၊ လက်ဘက်ရည်သောက်ပါဦး"*

အမျိုးသမီးငယ်က သမီးနှစ်ယောက်လက်ကို ခပ်တင်းတင်း တစ်ချက်ဆုပ်လိုက်ပြီး ဦးခေါင်းကို မော့၍ အဖြေပေးသည်။

*"ကိစ္စမရှိပါဘူး။ ကျမလာတဲ့ကိစ္စက ဗိုလ်ချုပ်နဲ့ ပုဂ္ဂလိကရေး ဆွေးနွေးစရာရှိလို့ပါ"*

*"အဲ . . . သူ . . . အခု ကောင်းကောင်းနေမကောင်းဘူးရှင့် ဒါကြောင့် အနားယူနေပါတယ်"*

*"နေမကောင်းဘူး ဟုတ်လား။ စောစောက အပေါ်ထပ်က အခန်းထဲကိုတောင် ပြေးဝင်သွားနိုင်သေးတာဘဲ၊ ကျမကို ဘာလို့မတွေ့နိုင်ရမှာလဲ"*

အထက်ပါ တစ်ခန်းရပ်ဇာတ်ကွက်တစ်ကွက်၌ အရပ်ရှည်ရှည် ထောင်ထောင် မောင်းမောင်းဟု ရည်ညွှန်းခဲ့သော အရှုတိုက်သားမှာ လွန်လေပြီးသော လေးနှစ် (၁၉၆၂) က ပြည်သူတို့ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ထားပါသော ဦးနုအစိုးရ (ပထစအစိုးရ) ကို လက်နက်အားကိုးဖြင့် အာဏာသိမ်းယူခဲ့သော ဗိုလ်ချုပ်နေဝင်းဖြစ်ပြီး မြန်မာအမျိုး သမီးကြီးဆိုသူမှာ သူ၏ဇနီး ခင်မေသန်း(သို့မဟုတ်) ကစ်တီဘာသန်းဖြစ်သည်။ ယခု သူတို့နှစ်ဦးနှင့်အတူ စစ်ဘက်နှင့် ထောက်လှမ်းရေးအရာရှိကြီးများ စုစုပေါင်း ၅၀ နီးပါးမျှသည် ဆိုခဲ့သလို ဗီယာနာမြို့၏ ဖိမ်အကျဆုံး ရဲတိုက်ဟိုတယ်ကြီးတစ်ခုလုံးကို ငှားရမ်း၍ လာရောက် တည်းခိုနေကြရသော အဓိကကိစ္စမှာ ဗိုလ်ချုပ်နေဝင်းသည် တရားဝင် သတင်းထုတ်ပြန်ခြင်း မရှိသော်လည်း စိတ်ရောဂါတစ်မျိုးကို ခံစားနေရသည် ဖြစ်၍ ဩစတြီးယားတွင် ထင်ရှားသော စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာ ဟမ်းဟော့နှင့် လာရောက်ကုသနေခြင်းဖြစ်သည်။

တစ်ခါ သမီးနှစ်ယောက်ကို လက်မှာဆွဲလျက် ရဲတိုက်ဟိုတယ်ကြီး၏ ဟော ခန်းမကြီးအတွင်း တည်ငြိမ်ရဲတင်းစွာ ဝင်လာသော အရွယ်တော် အမျိုးသမီးဆိုသူမှာ အင်ဂျီအီဘားဟတ် ခေါ် ဩစတေးယားနိုင်ငံသူတစ်ဦးဖြစ်သော်လည်း ရှမ်းပြည်နယ်မှ သီပေါစော်ဘွားလေး စဝ်ကြာဆိုင်၏ မဟာဒေဝီ စဝ်သုစန္ဒီ (သို့) စဝ်နန်းသုစန္ဒီဟူ၍ ထင်ရှားသူဖြစ်ပြီး သမီးငယ်နှစ်ဦးသည်ကား စော်ဘွားလေး စဝ်ကြာဆိုင်နှင့် စဝ်သုစန္ဒီ တို့၏ ရင်သွေးရတနာများဖြစ်ကြပါသော မဟာရီနှင့် ကိန္နာရီတို့ပင် ဖြစ်ပါ၏။

၁၉၅၀ ပြည့် အစောပိုင်းကာလများတွင် စော်ဘွားလေးစဝ်ကြာဆိုင်နှင့် အင်ဂျီတို့မှာ အမေရိကား ကော်ရိုရာဒို၏ ဒင်ဗားမြို့တွင် တက္ကသိုလ်ပညာ သင်ကြားခဲ့ကြ စဉ် စတင်ဆုံစည်းကြရာမှ ချစ်သူတွေဘဝ ရောက်ခဲ့ကြပြီး ၁၉၅၃ ခုနှစ်၊ မတ်လ အတွင်းတွင်မှ အမေရိကား၌ပင် သူတို့နှစ်ဦး လက်ထပ်ခဲ့ကြသည်အထိ အင်ဂျီအဖို့ စဝ်ကြာဆိုင်မှာ လူသာမန် တက္ကသိုလ်ကျောင်းသားတစ်ယောက်မျှသာ သိထားသော် လည်း စဝ်ကြာဆိုင်သည်ကား အမေရိကန်သို့ ပညာသင်မသွားခင် ၁၉၄၇ ခုနှစ်၌ပင် စဝ်ဖလုံဟူသော ဘွဲ့ရည်အမည်ဖြင့် သီပေါဟော်နန်းတွင် ဘိသိတ်မင်္ဂလာပွဲနှင့် စော်ဘွား ဖြစ်လာခဲ့သူ။ သို့ဖြစ်၍ သူတို့နှစ်ဦး လက်ထပ်ပြီး ဗမာနိုင်ငံပြန်ရောက်လာရာ ၁၉၅၇ ခုနှစ် နိုဝင်လာတွင်မှ အင်ဂျီသည်လည်း သီပေါစော်ဘွား၏ မဟာဒေဝီအဖြစ် အစဉ် အလာ အခမ်းအနားသဘင်နှင့်တကွ မြှောက်စားခဲ့ရာမှ ပြည်ထောင်စု ဗမာနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်*(တစ်ဝက်)*ရ ရှမ်းစော်ဘွားများကြားတွင် စဝ်ကြာဆိုင်တို့အတွဲမှာ

အထူး လှုသိများ ထင်ရှားလာခဲ့သည်။

သီပေါစော်ဘွားလေး၏ မဟေသီဖြစ်သော်လည်း စဝ်သုစန္ဒီမှာ နိုင်ငံခြားသူတစ်ယောက်ဖြစ်နေ၍ အစအဦး တွေ့ဆုံမှုများတွင် သီပေါနယ်သူနယ်သားများအနေနှင့် စဝ်သုစန္ဒီအပေါ် စိတ်လက် မအီမသာနှင့် သံသယများ ရှိခဲ့ကြပါသော်လည်း နောက်ပိုင်း တစ်စ တစ်စ ရင်းနှီးကျွမ်းဝင်လာသည့်အခါတွင်မူ သူမသည်လည်း ရှမ်းတိုင်းရင်းသားများနှင့် တစ်သွေးတစ်သားတည်း ရှိလာရာမှ သူမကို ရှမ်းပြည်သူအားလုံးက အထူးချစ်ခင်လေးစားခဲ့ကြပါ၏။

ဤသို့ ချစ်ခင်လေးစားခဲ့ကြရသည့် အကြောင်းတရားတို့ကလည်း ယနေ့တိုင် မပျောက်မပျက် ရှိနေဆဲဖြစ်ပါသည်။

အမေရိကားတွင် နှစ်ကာလအတော်ကြာ နေထိုင်၍ ပညာသင်ခဲ့သော စဝ်ကြာဆိုင်အနေနှင့် ပဒေသရာဇ် အရိပ်ခိုနေရသော စော်ဘွားစော်ခံတို့၏ ထီးနန်းအရိုက်အရာမျိုးကို ခံတွင်းမတွေ့တော့သည်ဖြစ်၍ ဇာတိချက်ကြွေ ကမ္ဘောဇမြေသို့ ပြန်ရောက်လာပြီးနောက် ချက်ချင်းဆိုသလိုပင် သူ၏ အာဏာစက်အောက်တွင် ရှိနေသော သီပေါတစ်နယ်လုံးကို ပြုပြင်ပြောင်းလဲရေးများ စတင်ခဲ့ရာ ဦးဆုံးနှင့် အခြေခံအကျဆုံးသော ပြောင်းလဲမှုမှာ ၎င်းတို့၏ စော်ဘွားမိသားစုအဆက်ဆက် ပိုင်ဆိုင်လာခဲ့သော လယ်မြေ၊ ခြံမြေ ကေပေါင်းများစွာကို အမှန်တကယ် ထွန်ယက်စိုက်ပျိုးနေကြရပါသော ရှမ်းအမျိုးသား တောင်သူလယ်သမားတို့ကို အခမဲ့ ဝေခြမ်းပေးလိုက်ခြင်းဖြစ်သည်။ ထို့ပြင် လယ်ထွန်စက်နှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာ အမြောက်အများ ဝယ်ယူလာပြီး တောင်သူလယ်သမားတို့ကို အခမဲ့ အသုံးပြုစေသည်။ မြေရိုင်းတို့ကို ရှင်းလင်း၍ လယ်သစ်ယာသစ်များ ဖော်ကာ ကောက်ပဲသီးနှံအသစ်တို့ကို စမ်းသပ် စိုက်ပျိုးစေသည်။ သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာ တည်ရှိနေသော သီပေါနယ်မှ သတ္တုရိုင်းသိုက်များကို တူးဖော်စေသည်။ ဆိုခဲ့သလို လုပ်ငန်းများမှ ရရှိလာသော အမြတ်အစွန်းတို့ကိုလည်း သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည် ရင်းနှီးမြှုတ်နှံစေလျက် ရှမ်းပြည်သူလူထုတစ်ရပ်လုံး စည်ပင်ဝပြောရေးအတွက် ရှေ့တန်းက တက်တက်ကြွကြွ ဦးဆောင်လမ်းပြခဲ့ရာ ထိုခေတ်ထိုအခါကို မှီလိုက်ကြသော ရှမ်းအဘိုးအို၊ အဘွားအိုတို့ကဆိုလျှင် စော်ဘွားလေး စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်သုစန္ဒီလက်ထပ်တော်က သီပေါနယ်သူနယ်သားတို့၏ လူနေမှုအဆင့်အတန်းမှာ မြင့်မား၍ စည်ပင်သာယာကြောင်း။ ယခုသူတို့ ကြုံတွေ့နေရသော စစ်အစိုးရအဆက်ဆက်၏ ကမောက်ကမ စီမံခန့်ခွဲမှုများ

အောက်တွင် မည်မျှဒုက္ခရောက်နေကြရကြောင်း အတိတ်ရွှေထီးအရိပ်ကို ပြန်လည်တသတတ်သလို ခါးသီးဖွယ် ပစ္စုပ္ပန်ကိုလည်း အောင့်နလုံးနာပြတတ်ကြပါ၏။

*"သူက(စော်ဘွားလေး) အခု ထိုင်းဘုရင် ဘူမိဘောလိုပဲ အလုပ်ကို ကြိုးစားတယ်၊ ရိုးသားဖြောင့်မတ်တယ်၊ အဲဒီအခါတုန်းက ကျုပ်တို့ နယ်သူနယ်သားတွေအားလုံး အကောင်းစားဆန်ကို စားကြရတယ်၊ အခုများတော့ စီမံကိန်းသီးနှံဆိုပြီး အစိုးရက အတင်းအကျပ် စိုက်ခိုင်းနေတာနဲ့ အညာက တင်ပို့ရောင်းချတဲ့ ဆန်ညံ့ဆန်ဖျင်းတွေကိုပဲ စားနေကြရတယ်"*

မှန်၏။ ထိုခေတ် ထိုကာလသည် သီပေါ နယ်သူနယ်သားများအဖို့ ရွှေခေတ်ဖြစ်ခဲ့သည်နှင့်အမျှ စော်ဘွားလေး စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်သုစန္ဒီတို့ကိုလည်း လွန်စွာမှပင် လေးစားကြည်ညိုကြရာ အိမ်တိုင်းလိုလိုတွင် စော်ဘွားလေး စဝ်ကြာဆိုင်နှင့် စဝ်သုစန္ဒီတို့နှစ်ဦး ထုံတမ်းအစဉ်အလာ ဘိသိတ်အခမ်းအနားနှင့်အညီ မင်္ဂလာပွဲကျင်းပစဉ်က ရိုက်ကူးထားသော ဓာတ်ပုံကို ဘုရားစဉ်ဘေး၌ပင် ထား၍ သူတို့၏ ချစ်ခင်လေးစားမှုကို ဖော်ပြခဲ့ကြပါသည်။

မြန်မာပြည်မြောက်ပိုင်း တောင်တန်းဒေသနေ ရှမ်းတို့သည်ကား ရာစုနှစ်ပေါင်းများစွာ ဆိုင်ရာဆိုင်ရာ နယ်မြေအလိုက် စော်ဘွားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးဖြင့် နေလာခဲ့ရာမှ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်မူ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော စစ်အာဏာသိမ်းအဖွဲ့က အာဏာသိမ်းယူလိုက်ပြီး ဗိုလ်ချုပ်အောင်ဆန်း အားထုတ်ကြိုးပမ်းခဲ့၍ ပါလီမန်အစိုးရအဆက်ဆက် ကျင့်သုံးလာခဲ့သော ဖက်ဒရယ်စနစ်ကို ဖျက်သိမ်းလိုက်ရာ ထိုစဉ်မှစ၍ ရှမ်း၊ ကချင်၊ ကရင်၊ ကယား စသဖြင့် တိုင်းရင်းသားတို့အတွက် အထူးတလည်ပေးထားသော နိုင်ငံရေးအခွင့်အရေး (သို့) အဆင့်အတန်းများအားလုံး ရုပ်သိမ်းဖျက်ဆီးခံလိုက်ရပါသည်။

ဤသို့ ဗမာပြည်တွင် ပြည်တွင်းစစ်နှင့် တိုင်းရင်းသားပဋိပက္ခများ ဖြစ်ပွားလာရခြင်း၏ အကြောင်းတရားမှာ ကိုလိုနီကာလက တောင်တန်းနှင့် မြေပြန့်တို့ကို အခွင့်အရေးများ တစ်ကန့်စီပေး၍ သွေးခွဲအုပ်ချုပ်ခဲ့သော ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေးဖြစ်သည်ဟု ဗမာဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ စာရေးဆရာအချို့က စွပ်စွဲပြစ်တင်ခဲ့သည်များ ရှိပါ၏။ အဆိုပါ စွပ်စွဲချက်ကို မှားသည်ဟု မဆိုသာသလို နောက်ထပ် မမှားနိုင်သော အကြောင်းတရားများလည်း ရှိပါသေးရာ ၎င်းမှာ သမိုင်းစဉ်တစ်လျှောက်လုံး ဗမာပြည်အမြိတ်အဖျား တောင်တန်းဒေသနေ တိုင်းရင်းသာအများစုကမူ မြန်မာတို့ကို မည်သည့်

အခါကမျှ ယုံကြည်လေးစား၍ မရနိုင်သည်ဖြစ်၍ အဓိကရန်သူအဖြစ် သဘောထားလာကြရာမှ ရာစုနှစ်များစွာ ရှည်ကြာလာခဲ့ပြီဖြစ်သော တောင်တန်းနှင့် မြေပြန့် ရန်ဘက်အသွင်ကို ဗြိတိသျှတို့က ပလ္လင်ပေါ်လက်တင်၍ အမြတ်ထုတ်လိုက်ခြင်းမျှသာ ဖြစ်ပါ၏။

ဗမာပြည်ကား ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ မြန်မာ၊ ရခိုင်၊ ချင်း၊ ပအိုဝ်၊ ပလောင် အစရှိသော တိုင်းရင်းသားတို့နေထိုင်ကြလျက် လောလောဆယ် ကျွန်ုပ်တို့ သိထားကြပါသော နယ်ခြားမျဉ်းများမှာလည်း ဗြိတိသျှတို့၏ ဖန်တီးမှုတစ်ခုဖြစ်၍ အကွဲအပြဲများ၊ အတွင်းပဋိပက္ခများ ပြည့်လျှံနေကြလေရာ အထူးသဖြင့် မြန်မာပြည်မြောက်ပိုင်းသည်ကား ကျူးကျော်ဝင်ရောက်လာသော ဗြိတိသျှ၊ ဂျပန်နှင့် တရုတ်စစ်တပ်တို့၏ စစ်တလင်းဖြစ်ခဲ့ရသလို တိုင်းရင်းသားလက်နက်ကိုင်တို့၏ ပြည်တွင်းစစ်ဒဏ်ကိုလည်း ယနေ့တိုင် ခါးစည်းရင်စည်း ခံခဲ့ရသည်ဖြစ်၍ အပြိုင်းပြိုင်းအရိုင်းရိုင်းနှင့် နလံမထူနိုင်အောင် ဖြစ်ခဲ့ရပါ၏။ အမှန်အားဖြင့် လွန်ခဲ့သော ရာစု(၂) စု နီးပါးကပင် မြန်မာခေါင်းဆောင်များအနေနှင့် ဆိုခဲ့သလို ပဋိပက္ခအင်အားစုများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသော်လည်း ၎င်းတို့ကို ကျနသေချာစွာ အုပ်စည်း၍ မဖြေရှင်းနိုင်ခဲ့၊ စင်စစ်လည်း တိုင်းရင်းသားတို့၏ မနုဿဗေဒနှင့် အထွေထွေယဉ်ကျေးမှုတို့ ဖြစ်ဖျားခံရာ ဇာတိပဝတ္တိတို့သည်ကား ရှုပ်ထွေး၍ အစေ့အစပ်ပြုမရနိုင်လောက်အောင်ပင် ခြားနားလျက် ရှိပါသည်။

ရခိုင်၊ ကချင်၊ ချင်း၊ လားဟူ၊ လီဆူ၊ အခါနှင့် အချို့သော လူမျိုးစုတို့မှာ *တိဗက်တိုဘားမန်အနွယ်*များဖြစ်ကြပြီး မွန်၊ ဝ၊ ပလောင်တို့မှာ *မွန်၊ ခမာအနွယ်*မှ ဆင်းသက်လာခဲ့ကြပါသော်လည်း စပ်ကြားဆိုင်တို့လို ရှမ်းအနွယ်တို့မှာမူ ဆိုခဲ့သလို လူမျိုးအနွယ်များနှင့် အစပ်အဟပ်မရှိ။ ၁၉၃၁ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ ရှမ်းတို့သည် ဗမာနိုင်ငံလူဦးရေ၏ ၇% ရှိသလို 'ရှမ်း'ဟူသော ဝေါဟာရမှာလည်း *'ဆိုင်ရမ်'* (Syam) ဟူသောဝေါဟာရမှ တဖြည်းဖြည်းပြောင်းလဲလာခြင်း ဖြစ်ပေသည်။ *'ဆိုင်ရမ်'*မှာ ယိုးဒယား (သို့) ထိုင်းတို့၏ ရှေးဟောင်းအမည် ဖြစ်ပြီး ရှမ်းဟူသောဝေါဟာရသည်ပင် မြန်မာတို့ ခေါ်ဝေါ်သုံးစွဲသော အသုံးသာဖြစ်၍ ရှမ်းတို့ကမူ သူတို့ကိုယ်သူတို့ *'သိုင်း'*(Tai) ဟူ၍ ရည်ညွှန်းတတ်ကြရာ ရှမ်းတို့သည်ကား ထိုင်းနှင့် လာအိုတို့၏ အနွယ်တော်၊ အမျိုးတော်များသာ ဖြစ်လေသည်။

ထိုင်းလူမျိုးတို့၏ မူလဘူတ ဇာတိနှင့် ပတ်သက်၍ သမိုင်းနှင့် မနုဿပညာရှင်များအကြား အငြင်းပွားစရာအချို့ ရှိနေသည့်တိုင် သိပ္ပံနည်းကျ ရှာဖွေထားသော အထောက်အထားနှင့် ယုံကြည်စိတ်ချလောက်သော သီအိုရီများအရ ထိုင်းလူမျိုးတို့

သည် တရုတ်ပြည်တောင်ဘက် ယူနန်နှင့် စီချွမ်ပြည်နယ်များတွင် ဖြစ်ဖွားခဲ့၍ ဘီစီ ၂၀၀၀ ခန့်တွင် စီချွမ်ပြည်နယ် အနောက်ဘက်ခြမ်းတွင် နေထိုင်ခဲ့ကြပြီး ၎င်းတို့ကို တရုတ်သမိုင်းဆရာများက Great mung ဟု အမှတ်အသားရှိခဲ့ကြသည်။

ဆိုနည်းလည်းကောင်း ထိုင်းအမျိုးသား သမိုင်းပညာရှင် လွှိဂ်ကလည်း (၁၇) ရာစုနှစ်အတွင်း တည်ထောင်ခဲ့သော နန်ရို ဘုရင့်နိုင်ငံတော်ကြီးမှာ ယူနန်ပြည်နယ် တောင်ဘက် ဒေသအတော်များများကို လွှမ်းခြုံ၍ စည်ပင်ကြွယ်ဝခဲ့သော်လည်း နှောင်းပိုင်းတွင် တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာမှ ဘီစီ (၆၉) တွင် မြောက်ဘက်မှ တရုတ်တို့၏ ရန်ကြောင့် နန်ချိုတို့ အရှေ့တောင်အာရှဒေသသို့ ဝင်ရောက်လာခဲ့ကြပြီး ၁၂၅၃ တွင်မှ မွန်ဂိုကေရာဇ် ကူဗလိုင်ခန်းက အပြီးသတ် ဖျက်ဆီးပစ်လိုက်သည်ဟု ဆို၏။ သို့ရာတွင် ထိုင်းလူမျိုးများ တောင်ဘက်သို့ တဖြည်းဖြည်း ရွှေ့လာခြင်းသည် နှစ်ပေါင်းတစ်သောင်းနီးပါးကပင် စတင်ခဲ့ပြီး အရှေ့တောင်အာရှဒေသများတွင် ၎င်းတို့၏ မင်းနေပြည်တော်များ။ ထီးရန်၊ နန်းရန် (သို့) မှူးမတ် ဝန်ထောက်တို့၏ အပိုင်စား နယ်မြေများ၊ မြို့ကြီးပြကြီးများကို တည်ထောင်ခဲ့ကြလေသည်။

သို့ဖြင့် တရုတ်ပြည်တောင်ဘက်မှ စတင်၍ အနောက်ဘက်သို့ ရွှေ့လျားလာခဲ့သော အုပ်စုသည်ကား ရွှေလီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာ၍ ယနေ့ ဗမာပြည် အရှေ့မြောက် ရှမ်းကုန်းမြေမြင့်တွင် အခြေတကျနေထိုင်ခဲ့ကြသည်မှ ပြည်ရွာ၊ ခရိုင်တို့ကို အတိုင်းအတာအမျိုးမျိုးဖြင့် ထူထောင်ခဲ့ကြရာ သီပေါသည်လည်း စော်ဘွားစော်ကန် တို့၏ စီရင်စုနယ်များအနက် အကျယ်ဝန်းဆုံး နယ်မြေတစ်ခုအဖြစ် တည်ရှိလာခဲ့လေ သည်။

ရှမ်းအမျိုးသားတို့သည် အများအားဖြင့် အယုပ် လုပ်ရာတွင် ကြိုးကြိုးကုပ်ကုပ် ရှိတတ်ကြပြီး ဆန်စပါး၊ ပဲနှင့် ကောက်ပဲသီးနှံအမျိုးမျိုးတို့ကို စိုက်ပျိုးခြင်းဖြင့် စီးပွားရေး ဘဝတွင် ချောင်ချောင်လည်လည် ရှိကြသည်ဟု ဆိုနိုင်ပါသော်လည်း နိုင်ငံရေးအရမူ ရှမ်းတို့သည် မည်သည့်အခါမျှ တစ်လမ်းတစ်စဉ်အောက်တွင် ကျစ်ကျစ်လစ်လစ် စည်းရုံး ခဲ့သည် မရှိ။ ပြောစရာဆို၍ တစ်ခုသာရှိသည်။ ၁၂၈၇ ခုနှစ် ပုဂံပျက်ပြီးနောက် ရှမ်း ပဒေသရာဇ်များက အင်းဝမင်းဆက်ကို တည်ထောင်၍ မြန်မာပြည်အလယ်ပိုင်းအထိ တစ်ခဏမျှ လွှမ်းမိုးနိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ထိုအချိန်မှစ၍ မြန်မာဘုရင်၏ အာဏာစက်ကို ရှမ်းတို့က အန်တုဗလမပြုတော့ဘဲ လက်အောက်ခံ နယ်စားပယ်စား များအဖြစ် လက်ခံလိုက်ချိန် ၁၆၀၄ ခုနှစ်မှစ၍ ရှမ်းတို့သည် မြန်မာတို့၏ အဓိကနိုင်ငံရေး

ပြိုင်ဘက်များ ဖြစ်လာခဲ့သည်။

သို့ရာတွင် ရှမ်းတိုင်းရင်းသားတို့ကို အထက်အောက် ညှပ်ထားသော တရုတ်တို့သည်လည်းကောင်း၊ မြန်မာတို့သည်လည်းကောင်း ရှမ်းတို့အပေါ် နိုင်ငံရေးအရ ဖိအားပေးမှုများ (သို့) စစ်ရေးအရ ဝင်ရောက်စွပ်ဖက်မှုများ မကြာမကြာ ရှိလာခဲ့သည့်တိုင် လွတ်လပ်မှုကို အလွန်အမင် မြတ်နိုးသော ရှမ်းအမျိုးသားတို့ကို အကြွင်းမဲ့ အောင်နိုင်ခဲ့ကြသည်ကား မဟုတ်။ ဆိုခဲ့သလို အခြေအနေများ၌ပင် ရှမ်းစော်ဘွားတို့သည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် အဆင့်အတန်းကို ထိရောက်သော အတိုင်းအတာတစ်ခုအထိ ဆုပ်ကိုင်ထားနိုင်ခဲ့သည်။

ဆိုခဲ့သလို အကျဉ်းအကျပ်မျိုးကို အောင်မင်စွာ ဖြတ်သန်းခဲ့ကြသည်မှာ ရှမ်းအမျိုးသားတို့၏ ညီနောင်သားချင်းများ ဖြစ်ကြပါသော ထိုင်းနှင့် လာအိုတို့သည်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ အမှန်အားဖြင့် ယင်းတို့၏နောက်ခံ အထွေထွေ ယဉ်ကျေးမှုများကလည်း မနီးမဝေးစွဲ တူညီလျက်ရှိကြရာ သူတို့အားလုံးသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်၍ ကိုယ်ပိုင်အက္ခရာ၊ ကိုယ်ပိုင်သမိုင်းနှင့် စာပေအရာတွင်လည်း ရာစုနှစ်များစွာ အမွေအနှစ်နှင့် အတွေ့အကြုံ ရှိထားကြသည်။ သို့ရာတွင် အရှေ့တောင်အာရှဒေသတစ်ခုလုံးသည်ကား ကိုလိုနီနိုင်ငံကြီး နှစ်နိုင်ငံ၏ အမဲလိုက်ကွင်းဖြစ်လာသော ၁၉ ရာစုတွင်မူ ၎င်းတို့၏ နိုင်ငံရေးအဆင့်အတန်းမှာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါ၏။ ဗမာတစ်ပြည်လုံးကို ဗြိတိသျှတို့၊၂ သိမ်းယူလိုက်ပြီး တစ်ချိန်တည်းမှာပင် ပြင်သစ်တို့ကလည်း ယနေ့ လာအိုနိုင်ငံ အရှေ့ဘက်အထိ ၎င်းတို့၏ ကိုလိုနီထီးရိပ်ကို ဖြန့်ကျက်ခဲ့ကြသည်တွင် စော်ဘွားစော်ကန်တို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေး စီရင်စုများနှင့် အတိပြီးသော ကမ္ဘောဇဒ္ဓာနီကား ဗြိတိသျှနှင့် ပြင်သစ် ကိုလိုနီပါဝါကြီးနှစ်ခုအကြားတွင် ကျပ်ကျပ်ကြီး ညပ်နေလေရာ ထိုစဉ်က (၁၈၈၇–၁၈၉၀) ဗြိတိသျှကော်မရှင်နာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော *ဆာချာလီခရော့ဝေါ်(ထ်)*က ရှမ်းပြည်နယ်အခြေအနေနှင့် ပက်သက်၍ ယခုလို အစီရင်ခံ တင်ပြခဲ့သည်။

*"ရွှေလီနှင့် မဲခေါင်မြစ် နှစ်ခုကြားမှ ဒေသ(ရှမ်းပြည်)ကို ကြည့်မည်ဆိုလျှင် ၎င်းဒေသသည် မြန်မာပြည်အတွင်းမှ ဥပဒေချိုးဖောက်သူများ၊ ထောင်ထားခြားနားလိုသူများအတွက် ခိုလှုံရာနေရာ ဖြစ်နေသည်။ ၎င်းဒေသကို ကျွန်ုပ်တို့ကို သစ္စာခံသော (သို့) ကျွန်ုပ်တို့နှင့် အတူတကွ လက်တွဲလိုသော အစိုးရဖြစ်ရုံမက လုံးဝ အင်အားတောင့်တင်းနိုင်မာသော အုပ်ရေးအာဏာ မရှိခဲ့လျှင် ၎င်းဒေသသည် သူခိုးဓားပြများ ဝင်ရောက်၍*

*လူသူစုဆောင်း အခြေချရာ နေရာတစ်ခု ဖြစ်လာပေလိမ့်မည်။ သို့ဖြစ်၍ မြန်မာပြည်၏ ငြိမ်းချမ်းတည်ငြိမ်ရေးအလို့ငှာ တာဝန်ရှိသူတို့အနေနှင့် ဆိုခဲ့သလို အလားအလာများမှာ ကောင်းမွန်သော အစပျိုးမှုများ မပျာက်ပါပေ။''*

အမှန်အားဖြင့် ကော်မရှင်နာမင်းကြီး၏ အစီရင်ခံစာတွင် ပါရှိသကဲ့သို့ပင် ကိုလိုနီပါဝါကြီးနှစ်ခုကြားတွင် ညပ်နေသော ရှမ်းပြည်အတွင်း သူခိုးဓပြဆိုသူ အချို့ ရှိကောင်း ရှိနိုင်ပါသော်လည်း ဥပဒေချိုးဖောက်သည်ဆိုသော အများစုမှာမူ ဗြိတိသျှတို့ကို လက်နက်စွဲကိုင်၍ ဆန့်ကျင်တိုက်ခိုက်နေသူ မျိုးချစ်ရှမ်းများနှင့် ဗမာများ ဖြစ်ကြရာ လင်းပင်မင်းသား၊ မြင်းစိုင်းမင်းသားနှင့် ဝန်သိုစော်ဘွားကြီးတို့မှာ ထင်ရှားသော နယ်ချဲ့ တော်လှန်ရေးသမားကြီးများဖြစ်ကြပါ၏။ သို့ဖြစ်၍ ဗြိတိသျှတို့အနေနှင့် လျှိုမြောင်တောတောင် ချောက်ကမ်းပါးတို့ ထူထပ်လှသော ရှမ်းပြည်တစ်ခွင် ပုန်းခို၍ မိမိတို့ကို ဆန့်ကျင်နေသော မျိုးချစ်အင်အားစုတို့ကို ရသည့်နည်းဖြင့် ရှင်းလင်းပစ်ဖို့ အရေးတကြီး လိုအပ်လာသလို ဤသို့ ရှင်းရမည့် နောက်ထပ်အရေးပါသော အကြောင်းရင်းတစ်ခုမှာ ၎င်းတို့နှင့် လက်ရည်တူပြိုင်ဘက် ပြင်သစ်တို့ကို မဲခေါင်မြစ်၏ သည်မှာဘက်ကမ်းသို့ ကျော်မလာနိုင်စေရေးဖြစ်သည်။ တစ်နည်းအားဖြင့် တရုတ်ဈေးကွက်ကြီးသည် ကိုလိုနီ စက်မှုအရင်းရှင်နိုင်ငံများအတွက် အဆီတဝင်းဝင်းနှင့် မထွေးနိုင်မအန်နိုင် မက်လုံးကြီး တစ်ခုဖြစ်နေရာ ဗြိတိသျှအစိုးရအနေနှင့် အဆိုပါအခြေအနေကို ၁၇၀၀–၁၈၂၄ ခုနှစ် ကာလများအတွင်းက မြန်မာပြည်သို့ ရောက်ရှိခဲ့သော ဗြိတိသျှသံအဖွဲ့များ၏ အစီရင်ခံစာ များမှတစ်ဆင့် သဘောပေါက်ခဲ့ပြီးဖြစ်ရာ ယခု မြန်မာပြည်မှတစ်ဆင့် တရုတ်ပြည်သို့ ကုန်သွယ်ရေးလမ်းကြောင်းတွင် ရှမ်းပြည်မြောက်ပိုင်းဒေသသည် ဗြိတိသျှတို့အတွက် အရေးပါသော နယ်ခြားတံခါးပေါက်များ ဖြစ်လာသည်။ သို့ဖြစ်၍ ဗြိတိသျှအစိုးရအနေဖြင့် ရှမ်းပြည်တစ်ခွင်တစ်ပြင်လုံးကို အပ်ကျမတ်ကျ ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ခဲ့ရာ မြန်မာပြည်၏ အရှေ့မြောက်ဘက် နယ်ခြားဒေသများသည် တရုတ်ပြည်နှင့် ကုန်သွယ်ရေးလမ်းကြောင်း ကို ပြင်သစ်နှင့် ဗြိတိသျှ ကိုလိုနီပါဝါကြီးနှစ်ခုတို့ အပြိုင်အဆိုင်လုယက်ရာမှ ထွက်ပေါ်လာ သော ရလဒ်ပင်ဖြစ်သည်။ ထိုနည်းတူ ရှမ်းတိုင်းရင်းသားများ အပါအဝင် တောင်တန်း ဒေသနေ လူမျိုးစုငယ်များသည်လည်း မြန်မာပြည်၏ အရှေ့မြောက် နယ်ခြားဒေသများ၌ သာမက ထိုင်း၊ လာအို၊ တရုတ်နှင့် ဗီယက်နမ်အနောက်မြောက်၌ပင် ပြန့်ကျဲစွာ နေထိုင်လျက်ရှိသည်ကို တွေ့နိုင်ပါသည်။

သို့ရာတွင် ရှမ်းပြည် တစ်ခွင်တစ်ပြင်လုံးကို ဗြိတိသျှကိုလိုနီတို့ ပိုင်ပိုင်နိုင်နိုင်

ထိန်းချုပ်လိုက်သည့်အခါတွင်မူ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးနည်းပရိယာယ်ကား မြန်မာပြည် *(ပြည်မ)*နှင့်မတူ။ ပြည်မကို ဗြိတိသျှတို့က တိုက်ရိုက်အုပ်ချုပ်ခဲ့သော်လည်း ရှမ်းပဒေသ ရာဇ်တို့၏ ထီးဖြိုင်နန်းဖြိုင်နှင့် တည်ရှိလာခဲ့သော ရှမ်းပြည်ကိုမူ ဗြိတတိသျှအစိုးရ၏ အစောင့်ရှောက်ခံနယ်မြေ *(Orotectorate)*အဖြစ် သတ်မှတ်ခဲ့ပြီး အန္တိယမှ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ မဟာရာဂျာများနည်းတူ စော်ဘွားစော်ကန်တို့ကိုလည်း ယခင်အဆင့် အတန်းဖြင့် ပိုနေမြဲ ကျားနေမြဲထား၍ အုပ်ချုပ်စေခဲ့သည်။ ရှမ်းပဒေသရာဇ် စော်ဘွားတို့က ဗြိတိသျှအပေါ် သစ္စာခံ၍ ၎င်းတို့နယ်မြေတွင် ငြိမ်ဝပ်ပိပြားစေရန် ဆောင်ရွက်ပေးခြင်း သည်သာ ဗြိတိသျှတို့၏ ရည်ရွယ်ချက်ဖြစ်သည်။ ရှမ်းတို့၏ ဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် အခြားကိစ္စတို့ကို ဗြိတိသျှတို့ စိတ်မဝင်စား။ စော်ဘွားအသီးသီးအတွက် ကိုယ်ပိုင်ပုလိပ် တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ ခုံသမာဓိအဖွဲ့နှင့် တရားသူကြီးများကို ဗြိတိသျှအစိုးရ အထောက်အပံ့ဖြင့် တရားဝင်ထားရှိခွင့်ပြုခဲ့သည်။

သို့ဖြင့် ၁၉၂၂ ခုနှစ်တွင် အစောင့်အရှောက်ခံအဖြစ်ထားသော ရှမ်းပြည်ကို ဖက်ဒရယ်ရှမ်းပြည်ထောင်စုများ *(Federated Shan States)* အဖြစ် ပြောင်းလဲဖွဲ့စည်း ခဲ့ရာ ရှမ်းပြည်သည် အခြားခရိုင်၊ စီရင်စုများနည်းတူ ပထမဆုံး အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့ ရရှိလာပြီး ဖက်ဒရယ်ရှမ်းပြည်ထောင်စုများ၏ ကောင်စီကိုမူ ရန်ကုန်မှ ဗြိတိသျှအုပ်ချုပ်ရေး မှူး *(Governor)* အပါအဝင် ရှမ်းစော်ဘွားများဖြင့် ဖွဲ့စည်းခဲ့ပြီး အဆိုပါကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရှမ်းတိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူထုဆောက် လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ကမ္ဘောဇဒ္ဒေသနီ တစ်ခွင်တစ်ပြင်တွင် ဦးဆုံး အကြိမ် တည်ငြိမ်အေးချမ်းမှုများ ရရှိလာခဲ့ပါ၏။

ဤသို့ တောင်တန်းနှင့် ပြည်မတို့ကို အုပ်ချုပ်ရေးစနစ်တစ်မျိုးဖြင့် ဗြိတိသျှတို့က ခွဲခြားအုပ်ချုပ်ခဲ့ရာမှစစ်ကြိုခေတ် ရောက်လာချိန်တွင်မူ ပြည်မတွင် အမျိုးသားနိုင်ငံရေး စိတ်ဓာတ်များ ဟူးဟူးရားရား တောက်လောင်လာပါသော်လည်း ရှမ်းစော်ဘွား ပြည် ထောင်စုများသို့ တစ်စစ်တစ်ည်း ကူးစက်ခြင်း မရှိခဲ့ရသည်မှာလည်း အကြောင်းတရားများ ရှိပါ၏။

ပထမအကြောင်းတရားမှာ ရှမ်းပြည်တွင် ကျင့်သုံးနေသော ဗြိတိသျှတို့၏ အုပ်ချုပ်ရေးသည် ပြည်မနှင့် နှိုင်းစာလျှင် အတော်အတန် ပျော့ပျောင်းသည်ဟု ဆိုရမည် ဖြစ်ရာ အုပ်ချုပ်ရေးတွင် ဗြိတိသျှအစိုးရ၏ ပါဝင်ပတ်သက်မှုမှာလည်း ရုပ်ပြသက်သက်မျှ လောက်ပင်ဖြစ်သည်။ ဥပမာ၊ ဗြိတိသျှအစိုးရ၏ ရှမ်းပြည်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ

ကော်မရှင်နာမင်းကြီးသည် တောင်ကြီးမြို့တွင် ရုံးထိုင်ခြင်းနှင့် အခြား အချက်အခြာကျသော နယ်ပယ်များတွင် နိုင်ငံရေးဆိုင်ရာ ဗြိတိသျှအရာရှိတချို့ ထားရှိရုံမှလွဲ၍ ဗြိတိသျှအစိုးရဘက်မှ ပါဝင်ပတ်သက်မှု မရှိသလောက် ဖြစ်သည်။ ဒုတိယအကြောင်းတရားကား ဗြိတိသျှတို့၏ စီးပွားရေးပေါ်လစီ ဖြစ်သည်။ ဗြိတိသျှတို့၏ အဓိကစိတ်ဝင်စားမှုမှာ အောက်မြန်မာပြည်ကို စပါးကျီအဖြစ် ပြောင်းလွဲ၍ ဆန်စပါးကို ရနိုင်သမျှ ထုတ်လုပ်လိုသည်ဖြစ်၍ ရှမ်းပြည်တွင်မူ သဘာဝသတ္တုရိုင်း ထုတ်လုပ်ရေးလုပ်ငန်း အနည်းအကျဉ်းသာ လုပ်ကိုင်ခဲ့သည်မှအပ၊ ရှမ်းပြည်၏ စီးပွားရေးအပါအဝင်၊ အထွေထွေ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဗြိတိသျှအစိုးရဘက်မှ လောလောပူပူ ဆောင်ရွက်ခဲ့ခြင်း မရှိပါပေ။ တစ်ဘက်မှ ကြည့်လျှင်လည်း ဆိုခဲ့သလို ဗြိတိသျှတို့၏ ပေါ်လစီကြောင့်ပင် ရှမ်းပြည်ထောင်စုများသည် ယခင်ကထက် တည်ငြိမ်အေးချမ်းလာသည်ဟုဆိုရပါမည်။ သို့ရာတွင် ရှမ်းပြည်နယ်နှင့်ကပ်လျက်တည်သော ယူနန်ပြည်နယ်သည် ဒုတိယကမ္ဘာစစ် မတိုင်မီကပင် ဘိန်းကူးသန်းရောင်းဝယ်မှုတွင် နာမည်တစ်လုံးနှင့် ရှိခဲ့သည်က တစ်ကြောင်း ၁၉၃၀ ပြည့်လွန်၊ ဆယ်စုနှစ်များတွင်မူ ဆိုခဲ့သလို အမြတ်အစွန်းများသော ဘိန်းထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်လိုရာမှ၊ တရုတ်စစ်ဘုရင်အချင်းချင်း စစ်ခင်းကြ၍ တိုင်းကား၊ ပြည်ရွာအနှံ့ ဖရိုဖရဲဖြစ်ခဲ့သည်က တစ်ကြောင်း၊ တို့ကြောင့် ရှမ်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုမှာလည်း တုန့်ဆိုင်းနေပြီး အရှေ့တောင်အာရှသို့ ဖက်ဆစ်ဂျပန်တပ်များ ထိုးဖောက်ကျူးကျော်လာသည်တွင်မူ ရှမ်းပြည်တစ်ခွင် ရောင်းဝယ်ဖောက်ကားနေသော ဗြိတိသျှပိုင်လုပ်ငန်းအားလုံး ရပ်ဆိုင်းသွားတော့သည်။

ထို့နောက် နှင်းတို့ဖြင့် ရစ်သိုင်းခြုံလွှမ်း၍ ရှုမောဖွယ်ရာ ကမ္ဘောဇဒ္ဓာနီကား ဂျပန်၊ အင်္ဂလိပ်၊ ဂေါ်ရခါးနှင့် တရုတ်*(ကူမင်တန်)*စစ်တပ်တို့၏ စစ်တလင်းဖြစ်ခဲ့ရာ ကမ္ဘာစစ်ကြီး၏ နောက်ဆက်တွဲ အနိဋ္ဌာရုံတို့ကို ရှမ်းပြည်သူအပေါင်းတို့ ခါးစည်းရင်စည်း ခံစားခဲ့ကြရပြီး၊ များမကြာမီ၊ ဗမာပြည်ကို ဂျပန်စစ်အစိုးရက ရွှေရည်စိတ်လွတ်လပ်ရေး ပေးသော ၁၉၄၃ခုနှစ် စက်တင်ဘာ (၂၅) ရက်တွင်မူ၊ ကျိုင်းတုံနှင့် မောင်းပန်းကို ထိုင်းရပ်သေးအစိုးရသို့ ဂျပန်အစိုးရက ပိုင်စိုးပိုင်နက် လွှဲပြောင်းပေးလိုက်ခြင်းဖြင့် ရှမ်းပြည်ထောင်စုမှာ အတောင်အလက် ဖျက်ခံလိုက်ရပါသေးသည်။ ထိုမှ၊ အာရှလူငယ် အစည်းအရုံးအပါအဝင် အခြားအမျိုးသားရေးအသင်းအပင်း၊ အဖွဲ့အစည်းများ ရှမ်းပြည်တွင် တည်ထောင်လာသော ၁၉၄၄ ခုနှစ်မှစတင်၍ ပြည်မနှင့် ဆက်သွယ်မှုများ ရှိလာရာမှ ရှမ်းတိုင်းရင်းသားနှင့် အခြားတောင်တန်းသားတို့၏ နိုင်ငံရေးနိုးကြားမှုများ စတင်လာသည်

ဟု ဆိုနိုင်ပါသည်။

ဖက်ဆစ်ဂျပန်တို့ကို ဗမာ့မြေပေါ်မှ မောင်းထုတ်ပြီးသည်နှင့် ဗြိတိသျှကိုလိုနီအစိုးရ ပြန်ရောက်လာပြီးနောက်တွင်မူ ရှမ်းတိုင်းရင်းသားအပါအဝင် တောင်တန်းဒေသလူနည်းစုတို့၏ နိုင်ငံရေးအသိအမြင်မှုမှာ ယခင်ကထက် ကျယ်ပြန့်လာသည်ဆိုနိုင်သော်လည်း ၎င်းတို့၏ အနာဂတ်မျှော်မှန်းချက်များကား ယေဘုယျအားဖြင့် ပြည်မနှင့်ခြေဖဝါးထပ်ချပ် ရှိခဲ့သည်မဟုတ်ဘဲ တစ်မျိုးတစ်ဘာသာ ကွဲလွဲနေသည်။ သို့ဖြင့် ရှမ်း၊ ကချင်၊ ချင်း အမျိုးသားခေါင်းဆောင်တို့ ကြီးမှူး၍ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလတွင် လွိုင်လင်မြို့၏ မြောက်ဘက်၊ ပင်လုံမြို့ငယ်လေးတွင် ပထမ*(ပင်လုံ)*ကွန်ဖရန့်ကျင်းပခဲ့ကြရာတွင် ဒုတိယကမ္ဘာစစ်ကာလအတွင်း ပျက်စီးသွားသော ရှမ်းပြည်ဒေသတွင်းမှ ပြည်သူအဆောက်အဦး၊ လမ်းတံတား၊ နေအိမ်တို့ကို ပြန်လည်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ပြီး၊ တောင်တန်းတိုင်းရင်းသားတို့၏ အထွေထွေ အကျိုးစီးပွားကို အကာအကွယ်ပေးရန် စည်းရုံးသော တောင်တန်းပြည်သူများကောင်စီချုပ် *(Supreme council of the united Hill peoples)* ကို ဖွဲ့စည်းခဲ့ပြီး၊ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးတောင်းဆိုရာတွင် ပြည်မနှင့် ပူးတွဲယူသင့်၊ မယူသင့်ဆိုသော ပြဿနာကိုမူ ဒုတိယပင်လုံညီလာခံ *(၁၉၄၇ ဖေဖော်ဝါရီ၁၂)*ကျင်းပသည့်အခါမှသာ ဆုံးဖြတ်ခြင်းဖြစ်သည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ဦးဆောင်၍ ဗြိတိသျှထံမှ လွတ်လပ်ရေးကို အတူတကွယူဖို့ ဆုံးဖြတ်၍ လက်မှတ်ရေးထိုးခဲ့ကြသည် ဆိုသော်လည်း၊ ကရင်နှင့် ကရင်နီ*(ကယား)*တိုင်းရင်းသားခေါင်းဆောင်တို့ကား လက်မှတ်ရေးထိုးခြင်းမရှိ လုံးဝလက်ရှောင်နေခဲ့ပြီး၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင်တို့ကလည်း ခွြင်းချက်ဖြင့် သဘောတူခဲ့ကြလေရာ၊ ၎င်းမှာ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ*(၁၉၄၇)* အရ နောင်ဆယ်နှစ်အကြာတွင်မူ ရှမ်းတိုင်းရင်းသားများ၏ ဆန္ဒအလျောက် ပြည်ထောင်စုမှ ခွဲထွက်လိုလျှင် ခွဲထွက်ခွင့်ပြုရမည်ဟူသော အချက်ဖြစ်ပါ၏။ အဆိုပါအခွင့်အရေးကိုလည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အာမခံပေးခဲ့ရသည်။

သို့ရာတွင် ဆိုခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ နှုတ်ကတိဝန်ခံချက်များကို ဥပဒေအဖြစ်ပြောင်းလဲပြီး၊ ဗြိတိသျှထံမှ လွတ်လပ်ရေးယူဖို့ အသင့်ဖြစ်နေချိန်မှာပင်၊ ဗမာတစ်ပြည်လုံး၏ ကံကြမ္မာကား ဤမှာပင် စတင်၍ကံဆိုးမှောင်ကြီးကျခဲ့ပါလေ၏။ ၁၉၄၇ ခုနှစ် ဇူလိုင် (၁၉) ရက်နေ့တွင် မြေပြန့်၊

တောင်တန်းရှိရှိသမျှ ပြည်သူတို့ ယုံကြည်လေးစားရပါသော ခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခံလိုက်ရလေရာ ယင်းတို့အနက် မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်းလည်း အပါအဝင်ဖြစ်သည်။ သို့ဖြစ်၍ ကိုလိုနီဘဝမှ လွတ်မြောက်ခဲ့သည်ဆိုသော်လည်း လွတ်လပ်ပြီးစ မြန်မာနိုင်ငံ (၁၉၄၇) ၏ အရပ်ရပ်အခြေအနေများက အလွန်အမင်း ဆိုးရွားလှသည်။ ကမ္ဘာစစ်ကြီးကြောင်း၊ ဗမာပြည် တစ်ခွင်တပြင် မြို့ကြီးတိုင်းလိုလို အုတ်ကျိုးအုတ်ပဲတို့ဖြင့် တစပြင်ဖြစ်နေသလို နိုင်ငံရေးအခြေခံအဆောက်အအုံတို့မှာ လည်း ပျက်ပျက်ပြုန်းနေသည်သာမက၊ လုပ်ရည်ကိုင်ရည် အပြည့်အဝရှိသော နိုင်ငံရေး ခေါင်းဆောင်ကြီးများမှာလည်း ရေတိမ်နစ်ခဲ့ကြလေရာ လွတ်လပ်စဗမာပြည်ကြီးကား ခေါင်းဆောင်သစ်တစ်ဦးနောက်သို့ မဖြစ်မနေလိုက်ပါခဲ့ကြရလေသည်။ သို့ရာတွင် ခေါင်းဆောင်သစ်ဖြစ်သော ဗမာပြည်၏ ပထမဦးဆုံးဝန်ကြီးချုပ်ဦးနုသည်ကား လုပ်ရည် ကိုင်ရည်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပါသော်လည်း ပြဿနာပေါင်းသောင်းခြောက် ထောင် လိုက်စားနေသော ဗမာပြည်ကိုမူ တင်းတင်းရင်းရင်းအုပ်ချုပ်နိုင်သည့် ခေါင်းဆောင် မျိုးကား မဟုတ်၊ သို့ဖြင့် ပျော့စိပျော့ညံ့ ဗဟိုအစိုးရအောက်တွင် မြန်မာတစ်ပြည်လုံး သည် ရောင်စုံသူပုန်သူကန်တို့၏ စစ်တလင်းဖြစ်ခဲ့ရပြန်လေရာ ရန်ကုန်အစိုးရဟု ခေါ်ရ လောက်အောင်ပင် ပြည်တွင်းစစ်ကြီး တောက်လောင်ခဲ့သည်။

ဤ၌ ရှမ်းခေါင်းဆောင်တို့၏ ဘဝင်မကျမှုတို့ကို နှစ်သိမ့်ရန် အားထုတ်မှုအနေ နှင့် ညောင်ရွှေစော်ဘွား စပ်ရွှေသိုက်ကို လွတ်လပ်စ ပြည်ထောင်စု ဗမာနိုင်ငံတော်အစိုးရ၏ ပထမဆုံးသမ္မတကြီးအဖြစ် အခမ်းအနားဖြင့်တင်မြှောက်ခဲ့ပါသော်လည်း ပျက်ကိန်းဆိုက် ချင်တော့ ၁၉၄၈ ခုနှစ် နှောင်းပိုင်းတွင်မူ ရှမ်းပြည်နှင့် တရုတ်နယ်ခြားဒေသတစ်လျှောက်၊ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့က မီးလောင်ရာလေပင့် ဖြစ်ခဲ့ပါ၏။ ထိုနှစ်တွင် တရုတ် ကွန်မြူနစ်*(တပ်နီ)*တို့၏ ထိုးစစ်ကြောင့် ကူမင်တန်*(တရုတ်အမျိုးသားမျိုးချစ်)*တပ်များ မှာ တရုတ်ပြည်ကို စွန့်ခွာပြီး ရှမ်းပြည်၊ ကျိုင်းတုံတစ်ဝိုက်သို့ ဝင်ရောက်ကျူးကျော်၍ တပ်စွဲထားကြသည်။

ထိုစဉ်က တရုတ်ကူမင်တန်တပ်များကို ဦးဆောင်သူမှာ ဒုတိယကမ္ဘာစစ် အတွင်းက နာမည်ကျော် တရုတ်ဗိုလ်ချုပ်ကြီးလီမင်ဖြစ်ပြီး ၎င်းတပ်များသည် ကျူးကျော် ရုံသာမက၊ နယ်စပ်ဒေသတစ်လျှောက်လုံး စစ်သားသစ်များကိုလည်း အတင်းအကျပ် စုဆောင်းနေကြလေရာ အဆိုပါကိစ္စကို ဝန်ကြီးချုပ် ဦးနုက ကုလသမဂ္ဂ အထွေထွေ ညီလာခံ*(၁၉၅၃)*တွင် တိုင်ကြား၍ ရှမ်းပြည်မှ ကူမင်တန်တပ်များ ချက်ချင်းထွက်သွား

ဖို့ တောင်းဆိုသည်တွင် ကုလသမဂ္ဂကလည်း ဦးနု၏ တောင်းဆိုမှုအတိုင်း ဆုံးဖြတ်ခဲ့သည်။ သို့တိုင် ကူမင်တန်တပ်များက ကုလသမဂ္ဂဆုံးဖြတ်ချက်ကို မသိကျိုးကျွံပြုလျက်၊ တုံပေကတ်သတ်၊ ဆက်လက်၍ တပ်စွဲနေရုံမျှမက ယခင်အတိုင်း စစ်သားသစ်များ စုဆောင်းလေရာ ဗမာအစိုးရက ၎င်းတို့ကို မဖြစ်မနေ လက်နက်ဖြင့် တိုက်ထုတ်ရလေတော့သည်။

ဤသို့၊ ဤပုံ ခေတ်သစ်ဗမာပြည်သမိုင်း၏ အရေးပါသော အလှည့်အပြောင်းကာလတွင် အင်ဂျီနှင့် သူမ၏ ချစ်လင်၊ စော်ဘွားလေးတို့မှာ အမေရိကမှ ဗမာပြည်သို့ ပြန်ရောက်လာချိန်လည်းဖြစ်သည်။ ဗမာမြေပေါ်သို့ ကူမင်တန်တို့၏ ကျူးကျော်မှုနှင့် ရမ်းကားမှုများကြောင့် သီပေါနယ်အတွင်း ထိခိုက်နစ်နာမှုများ တိုက်ရိုက်မရှိခဲ့သော်လည်း အခြားရှမ်းပြည်နယ်ပယ်များတွင်မူ အထွေထွေ တည်ငြိမ်အေးချမ်းမှုများ ပျက်စီးသွားပြီး ဗရုန်းဗရင်းနှင့် တစစ ဆုတ်ယုတ်ဆိုးရွားလာလေသည်။

ဤ၌ ကူမင်တန်တပ်များကို မောင်းထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဗမာတပ်များကို မဟာဗျူဟာကျသော ရှမ်းပြည် နယ်မြေအချို့တွင် ဖြန့်ကျဲထားခဲ့ရသလို တောင်ပိုင်းရှမ်းပြည် နယ်မြေတို့ကိုလည်း ဆိုခဲ့သလို ရည်ရွယ်ချက်ဖြင့် ၁၉၅၂.မှ ၁၉၅၅ ခုနှစ်အထိ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ရ၏။ သို့ရာတွင် ဆိုခဲ့သလို အပြုအမူများကား ရှမ်းတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်*(autonomy)*ကို ချိုးဖျက်ခံလိုက်ရခြင်းဖြစ်ရာ၊ ဗမာ့သမိုင်းတွင် ဗမာနှင့် ရှမ်းတို့၏ ပထမဦးဆုံး တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းသည်ကား၊ ရှမ်းတို့အတွက်အခြေအနေ အတော်များများတွင် ခါးသီးစရာများဖြစ်ခဲ့ပါ၏။

တစ်ဘက်မှကြည့်လျှင်လည်း၊ ကူမင်တန်ဖြစ်စေ၊ ဗမာဖြစ်စေ၊ စစ်တပ်နှစ်တပ်လုံးမှာ ရှမ်းတို့အဖို့ နိုင်ငံခြားသားများသာဖြစ်ပြီး ရှမ်းတို့မှာ ကျွဲနှစ်ကောင်ခတ်သည့်ကြားက မြေစာဘဝရောက်နေကြလေရာ၊ ဆိုခဲ့သလို ရှမ်းအမျိုးသားတို့၏ အထွေထွေအကျပ်အတည်းကြီး၏ ရလာဒ်သည်ကား နိုင်မာပြတ်သားသော ရှမ်းအမျိုးသားရေးလှုပ်ရှားမှုကြီးတစ်ခုအဖြစ် ဖွဲ့စည်းမိလိုက်သည်တွင် အခြေခံဥပဒေအရပင် ရှမ်းအမျိုးသားတို့ကို ပြည်ထောင်စုမှ ခွဲထွက်ခွင့်ပြုထားသည်ဖြစ်၍ ဗဟိုအစိုးရအတွက် စိတ်လက်မအီမသာ ရှိခဲ့ပါ၏။

သို့ရာတွင် အစိုးအညှောင့် ပေါက်ခါစ ရှမ်းအမျိုးသားရေးလှုပ်ရှားမှုများကိုမူ အာဏာပိုင်များက စစ်တပ်နှင့် စစ်ထောက်လှမ်းရေးများဖြင့် နှိမ်နင်းဖို့ကြိုးစားခဲ့ရာမှ ရှမ်းလူငယ်များကား တောခို၍ လက်နက်ဆွဲကိုင်ရသည့် အခြေအနေရောက်ရှိခဲ့ကြပြီး

၁၉၅၉ ခုနှစ်တွင်မူ၊ ရှမ်းပြောက်ကျားတပ်ဖွဲ့များက ဗမာစစ်တပ် ရှေ့တန်းစခန်းတို့ကို တိုက်ခိုက်၍ လက်နက်ခဲယမ်းများစုဆောင်းလာကြသလို တပ်မြို့တစ်မြို့ဖြစ်သော တန်ရန်းကိုပင် တိုက်ခိုက်၍ ရက်အနည်းငယ်မျှ ထိမ်းချုပ်ထားနိုင်ခဲ့သည်။ နယ်စပ်ဒေသများတွင် ဤသို့ ဤပုံ ဖြစ်ပျက်နေစဉ်ခိုက်၊ တစ်ချိန်တည်းမှာပင် ရန်ကုန်မြို့တွင်မူ ရှမ်းပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖက်ဒရယ်ပြည်ထောင်စုကြီး ရေရှည်တည်တန့်ခိုင်မြဲစေဖို့ ဥပဒေနည်းလမ်းတို့ဖြင့် ခိုင်မာအောင် ကျားကုတ်ကျားခဲ၊ ပိုင်းဝန်း ကြိုးပမ်း·လျက်ရှိပါ၏။

၁၉၅၉ ခုနှစ် ဧပြီ ၂၄ ရက်နေ့တွင်မူ တောင်ကြီးမြို့တွင်၊ စော်ဘွား (၃၄) ဦးသည် တရားဝင်အခမ်းအနားဖြင့် စော်ဘွားစော်ကန်တို့၏ အစိုးအနင်း၊ အဆောင်အယောင်တို့ကို စွန့်လွှတ်လိုက်ပြီး တစ်နယ်တစ်မင်းစီ ပြန့်ကျဲနေသော နယ်ပယ်တို့ကိုလည်း စုစည်း၍ တစ်ခုတည်းသော ရှမ်းပြည် *(Shan State)* အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အဆိုပါကာလမှာ ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရ အာဏာယူထားခိုက်ဖြစ်သည်နှင့်အညီ၊ ရှမ်းစော်ဘွားတို့၏ ဆိုခဲ့သလို အပြောင်းအလဲကိုမူ ရှမ်းပဒေသရာဇ်တို့အပေါ် အောင်မြင်မှုတစ်ခုအဖြစ် ရှုမြင်ကောင်းရှုမြင်နိုင်မည်ဖြစ်သော်လည်း ရှမ်းအမျိုးသားတို့အဖို့မူကား မကြာမတင်းနှစ်များက ဖွံ့ဖြိုးလာသော ရှမ်းအမျိုးသားလှုပ်ရှားမှုကို အပြီးသတ်လိုက်ပြီး တစ်ဦးချင်းစီ၏ ပဒေသရာဇ်အာဏာအရပ်ရပ်ကို ရှမ်းအမျိုးသားတို့ ရွေးချယ်တင်မြှောက်ထားသော ရှမ်းပြည်အစိုးရလက်သို့ ဝကွက်အပ်လိုက်ခြင်းဖြစ်ပါ၏။

ဤသို့ အခြေခံဥပဒေကြောင်းအရ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာစေရန် ကြိုးစားမည်ဟူသော ရည်ရွယ်ချက်ဖြင့် စပ်ကြာဆိုင်အပါအဝင် ခေတ်ပညာတက် ရှမ်းစော်ဘွားများက အမျိုးသားလွှတ်တော်(သို့)အထက်လွှတ်တော်၏ ရှမ်းပြည်ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးအရ အားထုတ်လျက်ရှိပါ၏။ သို့ရာတွင် ကံဆိုးသော ပြည်ထောင်စု ဗမာနိုင်ငံတော်ကြီးကား ဒီမိုကရေစီစနစ်တည်ဆောက်ရန် များများစားစား အချိန်မရှိတော့။ ကူမင်တန်ကျူးကျော်မှု၏ ရလာဒ်အားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်ခြားဒေသတလျှောက် စစ်ပွဲများ ဆက်တိုက်ဖြစ်ပွားလာခြင်း။ ဗမာတပ်များက ရှမ်းပြည်ဒေသများသို့ အဆက်မပြတ် ဝင်ရောက်လာသလို၊ ဒေသအုပ်ချုပ်ရေးတို့ကိုလည်း မဖြစ်မနေ လွှဲပြောင်းယူရခြင်း စသဖြင့် မျှော်လင့်မထားသော အဖြစ်အပျက်များကြောင့် ရှမ်းအမျိုးသားရေးဝါဒီ လူငယ်အများစုမှာ ဗဟိုအစိုးရကို လက်နက်ဖြင့် တော်လှန်ဖို့ စိုင်းပြင်းကြလေရာ၊ ရှမ်းခေါင်းဆောင်များအဖို့ မြေပေါ်တွင် ဘေးကျပ်နံကျပ် ဖြစ်ခဲ့ကြရသည်။ တနည်းအားဖြင့် ပြည်ထောင်စုမှ ခွဲထွက်ဖို့ဖြစ်၍ အထူးသဖြင့် လက်နက်ကိုင်

တော်လှန်ရေးတွင် သီပေါနယ်မှ ဒေသခံအများအပြား တက်ကြွစွာ ပါဝင်ခဲ့ကြရာတွင် ရှမ်းသူပုန်ခေါင်းဆောင်တစ်ဦးမှာ သီပေါနယ်သား ဆော်တန်ဖြစ်ပြီး စပ်ကြာဆိုင်နှင့် ဆွေးနွေးရန် ၁၉၆၁ ခုနှစ်က ရန်ကုန်မြို့သို့ တိတ်တဆိတ်လာခဲ့ရာ၊ ဤ၌ ၎င်းတို့ နှစ်ဦးကြားမှ ချိတ်ဆက်ပေးသော ရှမ်းကျောင်းသားတစ်ဦးက စပ်ကြာဆိုင်နှင့် တွေ့ဆုံ၍ သူပုန်ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ချင်ပါသလားဟု မေးမြန်းသည်တွင် စပ်ကြာဆိုင်က ပြည်ထောင်စု အခြေခံဥပဒေစာအုပ်ကို ထုတ်ယူလိုက်ပြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော စာပုဒ်တို့ကို အသံထွက် ဖတ်ပြခဲ့သည်ဟုဆို၏။

အခြေခံဥပဒေကို ဤသို့ ယုံကြည်သက်ဝင်ခဲ့ကြသည်နှင့်အမျှ စပ်ရွှေသိုက်၊ စပ်ကြာဆိုင်နှင့် အခြားရှမ်းခေါင်းဆောင်များကား၊ တဖြည်းဖြည်း ကူးစက်ရင့်မှည့်လာနေသော ရှမ်းလက်နက်ကိုင်များပြဿနာကို နိုင်ငံရေးအရ အဖြေရှာဖို့ ယခင်ထက် အားစိုက်ခွန်စိုက် လုံးပန်းခဲ့ကြသည်။ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းသာလျှင် ဖက်ဒရယ်ပြည်ထောင်စုကြီး ကြံ့ခိုင်တည်တန့်နိုင်မည်ဖြစ်သလို လက်နက်ကိုင်နည်းဖြင့် ခွဲထွက်ရေးပြဿနာကိုလည်း အပြီးတိုင် ကျေအေးနိုင်လိမ့်မည်ဟု ၎င်းတို့ဘက်က ယုံကြည်လျက်ရှိကြသလို ၁၉၆၀ ပြည့် ရွေးကောက်ပွဲများဖြင့် ပြန်လည်အာဏာရလာသာ ဝန်ကြီးချုပ်ဦးနုကလည်း ရှမ်းခေါင်းဆောင်တို့၏ အဆိုပါ အိုင်ဒီယာများနှင့် တစ်ထပ်တည်း ရှိနေပါ၏။ ထိုသို့ရှိစဉ်၊ နောင်နှစ်၊ ၁၉၆၁ ခုနှစ်တွင်မူ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာခဲ့ခြင်းကို မကျေနပ်ရာမှ ခရစ်ယာန်ဘာသာဝင် ကချင်အမျိုးသားတို့က လက်နက်ဆွဲကိုင်ကြပြန်သလို၊ တောင်တန်းတိုင်းရင်းသားတို့၏ အနာဂတ်အရေးနှင့် ပတ်သက်သော ပြဿနာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန်၊ လိုအပ်လျှင်၊ အခြေခံဥပဒေတွင် တင်းကျပ်ထားသော ဖက်ဒရယ်မူတို့ကို ဖြေလျှော့ပေးရန် စသည်အားဖြင့် လက်ရှိရင်ဆိုင်နေရသော ပြဿနာအရပ်ရပ်ကို နိုင်ငံရေးအားဖြင့် တွေ့ဆုံဆွေးနွေးကြရန် ဦးနုအစိုးရက ရန်ကုန်တွင် တိုင်းရင်းသားလူမျိုးသား ကွန်ဖရန့် တစ်ရပ်ကို ဆင့်ခေါ်ခဲ့ရာ၊ ပါလီမန်အဖွဲ့ဝင်များ မဲဆန္ဒနယ်(ထိုစဉ်ကအခေါ် *Constituent states*) အကြီးအကဲများနှင့် သက်ဆိုင်ရာဝန်ကြီးများ စုံညီတက်ရောက်ခဲ့ကြသည်။

သို့ရာတွင် အမျှော်အမြင်ကြီးသော နိုင်ငံရေးခေါင်းဆောင်ကြီးများက ပြဿနာအရပ်ရပ်ကို ချင့်ချင့်ချိန်ချိန်နှင့် ကိုင်တွယ်၍ ဆွေးနွေးနေဆဲ၌ပင် ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သော စစ်အုပ်စုက နိုင်ငံတော်အာဏာကို လက်နက်ဖြင့် အကြမ်းဖက်

သိမ်းယူလိုက်လေတော့သည်။

မှောင်ကြီးကျခဲ့သော ထိုနေ့သည် ၁၉၆၂ခုနှစ် မတ်လ၊ (၂) ရက်နေ့ဖြစ်ပြီး အာဏာသိမ်းတပ်ဖွဲ့ဝင်များက ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင်အားလုံးကို ဖမ်းဆီးခဲ့ရာ၊ ဤသို့ဖမ်းဆီးရာတွင် သမ္မတကြီးခပ်ရွှေသိုက်လည်း ပါဝင်ပြီး၊ (၁၇) နှစ် အရွယ်မျှရှိသော သမ္မတကြီး၏ သားငယ်မှာမူ အာဏာသိမ်းတပ်ဖွဲ့၏ အဆိုအရ ခုခံသည်ဟု ဆိုသဖြင့် သူ၏ နေအိမ်တွင် အာဏာသိမ်းတပ်ဖွဲ့ဝင်တို့၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသလို၊ သမ္မတကြီးမှာလည်း ဖမ်းဆီးခေါ်ဆောင်သွားပြီး (၈) လအကြာမှာပင် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမှရှိဘဲ အကျဉ်းတိုက်ထဲတွင် ရေတိမ်နစ်ခဲ့ရလေသည်။

ထိုနေ့ ထိုရက်မှာပင် အလားတူ ကံကြမ္မာဆိုးသည်လည်း တောင်ကြီး–ဟဲဟိုးသွား လမ်းမတစ်နေရာတွင် စော်ဘွားလေး စပ်ကြာဆိုင်ကို ချောင်းမြောင်းနေပါ၏။ စပ်ကြာဆိုင်ကား အာဏာမသိမ်းမီ တစ်ရက်အလိုတွင် ပါလီမန်အစည်းအဝေးပွဲတက်ပြီးသည်နှင့် အသည်းအသန် နာမကျန်းဖြစ်နေသော အမတော်ဖြစ်သူကို တွေ့ရန် တောင်ကြီးသို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။ ပြီးနောက် လားရှိုးမှတစ်ဆင့် သီပေါသို့ ပြန်ရန် ဟဲဟိုလေဆိပ်သို့ တောင်ကြီးအိမ်ဂေဟာမှ နံနက်စောစောထွက်လာခဲ့ရာ၊ လမ်းခုလတ်၌ပင် စစ်အာဏာသိမ်းတပ်ဖွဲ့ဝင်များက မော်တော်ကားကို ပိတ်ဆို့တားဆီး၍ ဖမ်းဆီးခေါ်ဆောင်သွားလေရာ၊ ဤသည်ကား စော်ဘွားလေး စပ်ကြာဆိုင်ကို နောက်ဆုံးမြင်တွေ့ လိုက်ရခြင်းပင်ဖြစ်ပါ၏။

ထိုနေ့တစ်ရက်တည်း၌ပင် စော်ဘွားလေးစပ်ကြာဆိုင်ပြန်အလာကို စောင့်မျှော်နေရှာသော သီပေါဟော်နန်း၊ မဟာဒေဝီ၊ စပ်သုစန္ဒီနှင့် သမီးငယ်နှစ်ဦးမှာလည်း မိမိတို့ဟော်နန်းကို အာဏာသိမ်းတပ်ဖွဲ့ဝင်များက ဒလမန်းကြမ်း စီးနင်းဝင်ရောက်လာကြသဖြင့် ကမ္ဘာပျက်သလို အထိတ်တလန့်ဖြစ်ခဲ့ကြရာမှ စော်ဘွားလေးအတွက် သောကပရိဒေဝမီးတို့ အုံအုံမြိုက်မြိုက် လောင်ကျွမ်းခဲ့ရသည်။ မိမိတက်စွမ်းသမျှ လင်တော်မောင်၏ သတင်းကို ထောက်လှမ်းစုံစမ်းပါသော်လည်း တာဝန်ရှိသော စစ်အာဏာပိုင်များထံမှ အလိမ်အညာ အဖြီးအဖြန်းသတင်းများသာ ရခဲ့ပါ၏။

သူမ၏ ခင်ပွန်းသည် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပါလီမန်ကိုယ်စားလှယ်တစ်ဦးဖြစ်လေရာ၊ ပါလီမန် ကိုယ်စားလှယ်တစ်ဦးသည် ယခုကဲ့သို့ ဖြစ်ကောင်းပါသလား။ တရားဥပဒေတို့သည်ကော ဤသို့ မျက်ကွယ်ပြုနိုင်ပါသလား။ သို့တိုင် စော်ဘွားလေး စပ်ကြာဆိုင်သည်ကား၊ သူမနှင့် ရှင်ကွဲကွဲ၍ ပျောက်ခြင်းမလှ

ပျောက်ခဲ့ရလေပြီ။

သီပေါပော်နန်းအရှင်၏ ကြမ္မာဆိုးက ဤမျှနှင့် မီးမသေသေး။ နောက်ဆက်တွဲ ဖြစ်ရပ်များက စပ်သုစန္ဒီနှင့် သမီးနှစ်ယောက်အတွက် ဆိုးသထက်ဆိုးရွားလာသည်။ အင်္ဂလိပ်ရာလ်များက နေရာတိုင်းတွင် အုံပွဲ့ကျင်းဖွဲ့၍ ချောင်းမြောင်းနေလေရာ နောက်ဆုံး ၁၉၆၄ ခုနှစ်၊ မေလတွင်မူ သူမ၏ ချစ်လင်၊ ပော်နန်းသခင် မြတ်နိုးသော သီပေါမြေကို စွန့်ခွာ၍ သမီးနှစ်ယောက်နှင့်အတူ ဩစတြေးလျသို့ ပြန်လာခဲ့သည်။ ထို့နောက် ရည်ရွယ်ချက်ဖြင့် ဩစတြေးလျနိုင်ငံ၊ ဗီယန်နာမြို့ရှိ ထိုင်းနိုင်ငံသံရုံးတွင် အလုပ်တစ်ခုကို ရှာဖွေလုပ်ကိုင်ခဲ့ပြီး ပျောက်သွားသော ခင်ပွန်းသည်နှင့် ပတ်သက်၍ အဖြစ်မှန်ကို ဖော်ထုတ်ဖို့ မနားမနေကြိုးစားခဲ့လေသည်။

သီပေါစော်ဘွား စပ်ကြာဆိုင်ပျောက်ဆုံးနေသော ကိစ္စနှင့်ပတ်သက်၍ စစ်အစိုးရ လက်ကိုင်သတင်းစာက ၎င်းတို့နှင့် မသက်ဆိုင်ကြောင်း၊ စပ်ကြာဆိုင်ကို ဖမ်းဆီးထားခြင်း မရှိကြောင်း ဘူးကွယ်၍ ရေးသားခဲ့သော်လည်း တစ်ဖက်တွင်မူ သူမကိုယ်တိုင် သွား ရောက်တွေ့ဆုံ၍ စုံစမ်းခဲ့ရာမှ စပ်ကြာဆိုင်ကို ၎င်းတို့က ခေါ်ယူထိမ်းသိမ်းထားပြီး ကောင်းမွန်စွာ စောင့်ရှောက်ထားကြောင်း စစ်ဘက်အရာရှိကြီးတစ်ဦးထံမှ သိခဲ့ရသလို၊ ဆိုခဲ့သည်အတိုင်း ဩစတြေးလျနိုင်ငံ၊ ဗီယာနာမြို့ ရဲတိုက်ဟိုတယ်ကြီးတွင် မိုလ်ချုပ် နေဝင်း၏ ဇနီး ကစ်တီဘာသန်းနှင့် တွေ့ဆုံစဉ်ကလည်း စပ်ကြာဆိုင်နှင့် ပတ်သက်၍ စိတ်မပူဖို့နှင့် ကောင်းမွန်စွာ ထိမ်းသိမ်းထားပါကြောင်း ဆိုပြန်လေရာ၊ အဆိုပါသတင်းများ မှာ ရှေ့နောက်မညီ၊ စိတ်ရှုပ်စရာ ဖြစ်နေရပါသော်လည်း သူမ မယုံရဲသော သတင်းမှန်ကို ကား သူမကိုယ်တိုင်နားနှင့် စပ်စပ်ကြားနာခဲ့ပြီးဖြစ်ပါ၏။ သတင်းစကားကို တစ်ဆင့်ပြော သူမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာဖြစ်ပြီး၊ အဖြစ်မှန်ကား၊ စပ်ကြာဆိုင်ကို တောင်ကြီးမြို့ မြောက်ဘက် ဗထူးမြို့စစ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး များမကြာမီ၌ပင် ပစ်သတ် လိုက်ကြသည်ဟူ၏။

စပ်သုစန္ဒီနှင့် သူမ၏ သမီးငယ်နှစ်ဦးတို့သည် ၁၉၆၆ ခုနှစ်တွင် အမေရိကားတွင် သာမန်နိုင်ငံသားများဘဝဖြင့် အခြေချနေထိုင်ခဲ့ကြပါ၏။ သို့ရာတွင် ဤသို့ ရင်နင့်စရာ၊ နာကျင်ကြေကွဲဖွယ် မိသားတစ်စု၏ အဖြစ်သနစ်သည်ကား၊ ခရီးမိုင် ရာပေါင်းများစွာ ဝေးကွာနေသော ဗမာပြည်နှင့်သော်လည်းကောင်း၊ ဗမာပြည်သူအပေါင်းနှင့်သော်လည်း ကောင်း၊ အဆက်အစပ် ပြတ်တောက်သွားသည် မဟုတ်ပါပေ။ စစ်အာဏာရှင်များ လက်အောက်တွင် ကံဆိုးမိုးမှောင်ကြနေကြရပါသော၊ ဗမာပြည်သူပြည်သား ထောင်

ပေါင်းများစွာတို့၏ မိသားစုဘဝများသည်လည်း စော်ဘွားလေး စပ်ကြာဆိုင်နှင့် စဝ်သုစန္ဒီတို့၏ ဘဝများနည်းတူ သတင်းအစအနမျှပင် မကြားသိရဘဲ၊ အကျဉ်းထောင်များအတွင်း ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့ရသည်များ စသည် စသည်ဖြင့် စစ်အာဏာရှင်စနစ်ကို အန်တုဗလ ဆန့်ကျင်သမှုပြုကြရာမှ အသက်စွန့်သွားကြကုန်သော အာဇာနည်တို့အတွက် ကျန်ရစ်သူမိသားစုတို့က ရင်ဘတ်စည်တီး၍ ယိုစီးခဲ့ရပါသော မျက်ရည်များသည်ကား ပင်လယ်ကဲ့သို့ တစ်နေရာတည်း၌ အတူတကွ ပေါင်းစုံလျက်ရှိကြပါ၏။

ယခု စာဖတ်သူ၊ ဖတ်ရှုတော့မည့် ဘဝပုံဝတ္ထုတစ်ပုဒ်သည်ကား စဝ်သုစန္ဒီ(သို့) အင်ဂျီကိုယ်တိုင် ရေးဖွဲ့ထားရာ သက်သေသက်ကာယ အထောက်အထားများနှင့်တကွ ကြည်နူးလွမ်းမောဖွယ်၊ ရင်နင့်ဖွယ် မိသားစုဘဝဇာတ်လမ်းတစ်ပုဒ်ဖြစ်သလို စစ်အာဏာရှင်စနစ်၏ ကြမ်းကြုတ်ရက်စက်သော ပြယုဂ်တစ်ခုလည်း ဖြစ်ပါ၏။



သီပေါစော်ဘွားနှင့် မဟာဒေဝီတို့၏ အရှေ့ဟော်နန်းစံအိမ်တော်



ပေါ်နန်းလုံခြုံရေးတပ်ဖွဲ့ခေါင်းဆောင် လှုယှံတော် ဦးဘခေါင်၊
ရှမ်းရိုးရာ အိုးစည် တီးနေစဉ်။

# အခန်း (၁)

စိတ်ငြိမ်ငွေးထွေး၍ မှုန်ပျပျ အာရုံနံနက်ခင်းကို ထွင်းဖောက်လျက်၊ ရုတ်တရက် ကြားလိုက်ရသော သဟောက်သဟမ်း အမိန့်ပေးသံများနှင့် တဆက်တည်း ပိုင်စိုးပိုင်နင်း ဝင်ရောက်လာသော စစ်ဖိနပ်သံများ။ လွန်ခဲ့သော နှစ်များစွာကပင် တစ်နေ့နေ့ တစ်ချိန်ချိန် သည်အသံတွေ ကြားရလိမ့်မည်ကို သုစန္ဒီမျှော်လင့်ပြီးသား သို့နှင့် တစ်ချိန်တည်းမှာပင် သူမနှင့် ဟော်နန်းသခင်တို့ တမ်းတမ်းလွှေ့လွှေ့ မက်မြင်လာခဲ့ပါသော စိတ်ကူးအိမ်မက်တို့ သည်လည်း ဤမှာပင် တစ်စတစ်မှုန်စီ ပေါက်ကွဲလွင့်စင်သွားပြီကိုမူ သူမသဘောပေါက် လိုက်ပါ၏။ ယခု သီပေါဟော်နန်းအရှင် စော်ဘွားလေး စပ်ကြာဆိုင်လည်း ညအိပ်ညနေ ခရီးသွားနေခိုက် သမီးငယ်နှစ်ယောက်သည်လည်း သူတို့ဖခင်အိပ်နေကျ ကုတင် တစ်ဖက်ခြမ်းတွင် အိပ်မောကျနေကြရာ လေသာဆောင်ဘက်မှ တင်းတိမ်ချထားသော ပြတင်းတံခါးကို ဖြည်းညှင်းစွာ သူမဖွင့်လိုက်သည်။

သုစန္ဒီမြင်တွေ့လိုက်ရသည်ကား။ ဟော်နန်းအရန်တံတိုင်း ပတ်ပတ်လည်တွင် ဝိုင်းရံထားသော စစ်ခမောက်၊ စစ်ယူနီဖောင်းနှင့် လက်နက်ကိုင် ဗမာစစ်သား ရာပေါင်း များစွာကို မြင်လိုက်ရသည်တွင် ကြီးမားသော နံရံတံတိုင်းကြီးကား သက်ရှိမကောင်း ဆိုးဝါးကြီးတစ်ကောင်အဖြစ် ပြောင်းလဲသွားသလား ထင်မှတ်လိုက်ရသည်။ စစ်ဖိနပ်သံ များသည် အမိန့်ပေးသံနောက်သို့ လိုက်ပါလာသည်။ တကယ့်ကို မယုံနိုင်စရာပါလား။ ပြီးတော့ သူမတစ်ယောက်တည်း။ သို့ပေမဲ့ ကိုယ်ကို မတ်မတ်ဆန့်လိုက်ရင်း အသက်ပြင်း ပြင်းတစ်ချက်ရှူသွင်းလိုက်သည်။ သူမ၏ခင်ပွန်း စော်ဘွားလေး စပ်ကြာဆိုင်၊ သမီးငယ် နှစ်ယောက်ပြီးတော့၊ သီပေါနယ်မှ ရှမ်းပြည်သူများ။ သူတို့တွေရှေ့က မားမားမတ်မတ် ရပ်ပေးဖို့၊ ဥပဒေမဲ့ ကျူးကျော်ဝင်ရောက်လာသော လူရမ်းကား လက်နက်ကိုင်များနှင့်

ထိပ်တိုက်ရင်ဆိုင်ဖို့ သူမ အားတင်းထားလိုက်သည်။ ဟော်နန်းအောက်ထပ်သို့ သုစန္ဒီ ဆင်းသွားသည့်အခါ၊ အဝင်ခန်းမကျယ်ကြီးတွင် သက်တော်စောင့် လူယုံတော်ကြီး ဦးဘခေါင်နှင့် ဟော်နန်းလုံခြုံရေးဝန်ထမ်း (၂) ဒါဇင်မျှ သူမကို စောင့်နေကြပြီး ဦးဘခေါင်က သူမ အလိုအလျောက် သဘောပေါက်ထားသော အခြေအနေတစ်ခုကို ပြောပြနေသည်။ သီပေါတစ်နယ်လုံးကို ဗမာစစ်တပ်များက ထိမ်းချုပ်လိုက်ပြီ။ အရှေ့ဟော်နန်းကို ဝင်ရောက်ရှာဖွေဖို့ သူမ၏ ခွင့်ပြုချက်ကို တောင်းခံနေရာ၊ စိတ်ထဲတွင် ဖျင်းခနဲ တစ်ချက်ဒေါသထွက်သွားပြီး လက်နက်ကိုင်လက်နက်နှင့် တုံ့ပြန်လိုက်ချင်ပါ၏။ သို့ပေမဲ့ ဟော်နန်းလုံခြုံရေးအဖွဲ့ဝင်များနှင့် တခြားလူတို့၏ ကံကြမ္မာကို ထည့်တွက်ဖို့လိုသည်။ ပြီးတော့ သူမခင်ပွန်း၏ ဂုဏ်သိက္ခာကို ထိမ်းသိမ်းစောင့်ရှောက်ရပါလိမ့်မည်။ သူမခင်ပွန်း မရှိရှိက်၊ သီပေါနယ်သူနယ်သားတို့၏ အားထားရာ၊ ခိုလှုံရာ၊ အကာမ်းအလှမ်းပြုစရာဆို၍ သူမတစ်ယောက်တည်းရှိသည် မဟုတ်ပါလား။ သည်အရာတွေအားလုံးထက် သမီးငယ် နှစ်ယောက် ဘေးမသီရန်မခဖို့နှင့် သမီးတို့အဖေကို သူမ စောင့်ရပါလိမ့်မည်။ ယခုအချိန် လောက်ဆို စိုင်းသည်လည်း ရန်ကုန်မှ ထွက်ခွာပြီး သီပေါသို့လာရာ လမ်းခုလတ်မှာပင် ရှိနေပါလိမ့်မည်။

စစ်ဘက်မှ တာဝန်ရှိသူနှင့် မျက်နှာချင်းဆိုင်ဖို့ ပြင်ဆင်ပြီးသည်နှင့် ဟော်နန်း လုံခြုံရေးအဖွဲ့ဝင်များကို ဦးဆောင်လျက် စံအိမ်တော်အပြင်သို့ သူမ ထွက်လိုက်ပြီး စက်သေနတ်များကို ပစ်တော့မည့်ဟန်ဖြင့် အသင့်အနေအထား ကိုင်ဆောင်ထားကြ သော စစ်သားများရှေ့မှ အရာရှိများနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး၊ ဘာကြောင့် ယခုလို ဥပဒေမဲ့ ကျူးကျော်ဝင်ရောက်လာရသော အကြောင်းရင်းကို မေးလိုက်သည်။ သို့ရာတွင် လက်နက်ကိုင်အရာရှိများထံမှ စကားမေးမရ၊ အမျိုးသမီးတစ်ယောက်တည်းနှင့် ကလေးငယ်များသာရှိနေချိန်တွင် ယခုလို တရားလက်လွတ် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းသည် မလုပ်သင့်မလုပ်အပ်သော အမှုဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ရှင်းပြပါ သော်လည်း လက်နက်ကိုင်များကား အာဓေးနှုတ်ဓေးနှင့် တုတ်တုပ်မျှ မလှုပ်၊ နိုင်ငံခြားသူ အမျိုးသမီးတစ်ယောက်ထံမှ စင်စစ် သူတို့မျှော်လင့်ထားကြသည်မှာ မျက်ရည်နှင့်မျက်ခွက် တိုးလျှိုးတောင်းပန်သံများသာဖြစ်သော်လည်း ယခု စပ်သုစန္ဒီကား ဗမာစကားကို အရည်လည် အပတ်စေ့အောင် ပြော၍ အချက်နှင့် အလက်နှင့် မေးမြန်းနေပါပြီကော။

မည်သို့ရှိစေ၊ စစ်အာဏာပိုင်တို့က စပ်သုစန္ဒီထံမှ ခွင့်ပြုချက်ကို တောင်းခံနေ သည်မဟုတ်ဘဲ၊ အမိန့်ပေးနေခြင်းမျှသာဖြစ်ရာ သူမအဖို့ ခွင့်ပြုရုံမျှတပါး အခြား

ရွေးချယ်စရာမရှိတော့ပြီဖြစ်၍ သမီးငယ်နှစ်ဦးကို အထိမ်းတော်များနှင့် အပ်နှံပြီးသည်နှင့် လက်နက်ကိုင်စစ်သားများကား စံအိမ်အတွင်းသို့ ဒလမန်းကြမ်း ဝင်ရောက်လာကြပြီး ရှိရှိသမျှ ရှာဖွေလေတော့သည်။

သို့ပေမဲ့ ကမူးရှူးထိုးဖြင့် တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေနေသူတို့ကို သူမက အလွတ်မပေး၊ နောက်မှ တကောက်ကောက်လိုက်ပါလာသည်။ သက်တော်စောင့်ဦးဘခေါင်က ဟော်နန်းလုံခြုံရေးတပ်ဖွဲ့ဝင်တို့၏ သေနက်ခဲယမ်းတို့ကို သူတို့ထံ လွှဲပြောင်းပေးပြီးဖြစ်သော်လည်း ရုံးခန်းအတွင်းမှ သမရိုးကျရှိနေသော ပစ္စည်းပစ္စယနှင့် စာရွက်စာတမ်းတို့ကို စိတ်ဝင်စားပုံ မပြ၊ စံအိမ်တော် ဒုတိယထပ်မှ အိပ်ခန်းကျယ်ကြီးကို ချောင်ကြိုချောင်ကြားမကျန် ရှာဖွေနေကြသည်။ ကြမ်းပြင်မှ ကော်ဇော်ကြီးများကို လှန်လှောကြည့်ကြသည်။ ပန်ပုလက်ရာများနှင့် အပြောက်အမွမ်းဆင်ထားသော ဘီဒိုကြီးများ၊ စာအုပ်စင်နောက်မှ နံရံများ၊ ယုတ်စွအဆုံး ရေချိုးခန်းတစ်ခုလုံးတွင် ကပ်ထားသော ကြွေပြားတို့ကို တစ်ချပ်ချင်းစီ စစ်ဆေးကြသည်။ တစ်နေရာရာတွင် ကြွေပြားနှင့် ဖုံးထားသော အရာတစ်ခုကို ရှာနေပုံရသည်။ သူတို့ ဘာကိုများ သဲကြီးမဲကြီး ရှာနေကြပါလိမ့်၊ မပြီးနိုင်မစီးနိုင်၊ စံအိမ်တော် တစ်အိမ်လုံးအနှံ့ ရှာနေကြသည်ကို ကြည့်ရင်း သုစန္ဒီ စိတ်ရှုပ်ထွေးလာသည်။ လက်ရဲဇက်ရဲနိုင်သော တပ်ကြပ်တစ်ယောက်က ခရင်းခွချွန်တစ်ချောင်းနှင့် မွေ့ယာ၊ ဆိုဖါတို့ကို ထိုးဆွနေရာမှ၊ စင်ပေါ်တွင် တင်ထားသော တိရစ္ဆာန်အရုပ်များကို တစ်ရုပ်မကျန် ထိုးဆွနေပြီး တစ်နေရာအရောက်တွင် ကစားစရာရုပ်ကြီးတစ်ရုပ်ကို ခရင်းခွနှင့် ထိုးဖောက်လိုက်ရာ အရုပ်အတွင်းမှ သွတ်ထားသော အဝတ်စများ အပြင်သို့ ထွက်ကျ၍ ပြန့်ကျဲကုန်သည်တွင် ဘေးမှ စစ်သားများက တဟီးဟီး တဟားဟား ရယ်စရာလုပ်နေကြသည်။

ကြိုကြိုကြားကြားမကျန် တစ်အိမ်လုံး ရှာဖွေပြီးနောက် သူတို့လိုချင်သော အရာတစ်ခုမျှ မတွေ့ကြသည့်အခါ တပ်ဖွဲ့ဝင်များ၏ ကာနယ်လုပ်သူက သုစန္ဒီကို မေးလိုက်သောမေးခွန်းကြောင့် သူမ သံသယများ ခိုင်မာသွားသည်။

*"စော်ဘွားစပ်ကြာဆိုင် ဘယ်မှာရှိလဲ၊ ကျုပ်တို့ကို ခင်ဗျားပြောနိုင်သလား"*

ယခုမှ သူတို့ဘာကြောင့် ရောက်လာသည်ကို သဘောပေါက်လိုက်သလို သူမ မမျှော်လင့်ရဲသော မျှော်လင့်ချက်တစ်ခုကို ဆုပ်ကိုင်မိလိုက်သည်။ ရင်ကိုချီ၍ လက်နှစ်ဖက်ကို တင်းတင်းရင်းရင်း ပိုက်၍ ဗိုလ်လုပ်သူကို တည်တည်ငြိမ်ငြိမ် စိုက်ကြည့်လိုက်ပြီး ပီပီသသ တစ်လုံးချင်းပြန်ဖြေလိုက်သည်။

## ယဉ်မျိုးစာအုပ်တိုက်

*"ကျမ ခင်ပွန်းက ရန်ကုန်မှာ၊ လွတ်တော် တက်နေတယ်"*

*"ရန်ကုန်မှာ မရှိဘူး။ ကျုပ်တို့တပ်ဖွဲ့တွေ ရှာတာမတွေ့ဘူး"*

ကာနယ်က ရှူးရှူးရှဲရှဲ ဒေါသတကြီးနှင့် ပြောလိုက်သော်လည်း ရှာမတွေ့ဘူး ဟူသော စကားကြောင့် သုစန္ဒီ စိတ်သက်သာရာရသွားသည်။

*"ဒါတော့ ကျမ မသိဘူးလေ၊ ဒီမှာလည်း ရှင်တို့ စိတ်ကြိုက်ရှာဖွေပြီးပြီပဲ"*

ခတ်ဆတ်ဆတ်လေး တုန့်ပြန်ရင်း၊ နေရာမှ သုစန္ဒီထွက်လာခဲ့သည်။ သမီးငယ်နှစ်ယောက် ဘယ်ရောက်နေပါလိမ့်၊ စိုင်းကို သူတို့ မတွေ့သေးဘူးတဲ့၊ သို့ဆိုလျှင် စိုင်း လွတ်မြောက်နေသေးသည်။ စိုင်း၏ ရန်သူတော်ကြီး ဗိုလ်နေဝင်း၏ ခါးပိုက်ဆောင်တပ်ဖွဲ့ဝင်တွေ လက်က လွတ်မြောက်နေဆဲ၊ ဝမ်းသာစရာ သတင်းစကားကို သမီးတို့ကို ပြောရဦးမည်။ သို့ဖြင့်လျှင် အရာရာသည် ပုံမှန်အတိုင်း ပြန်ရောက်လာလိမ့်မည်။ စိုင်းအနေနှင့် လတ်တလော တာဝန်ယူဆောင်ရွက်ရမည့် အလုပ်ကိစ္စတွေလည်း သုစန္ဒီ ခေါင်းထဲ ဖြတ်ခနဲရောက်လာသည်။ စိုင်း၏ *Tai Miniag company* မှ မှာယူ တင်သွင်းထားသော စက်ကရိယာတွေ မကြာခင်ရောက်လာတော့မည်၊ ဘော်ကြို'ဆား' ထုတ်လုပ်ရေးလုပ်ငန်းသည်လည်း အလုပ်စဖို့ အသင့်ဖြစ်နေသလို လွိုင်ကော်တွင် စမ်းသပ်ထားသော ကော်ဖီစိုက်ပျိုးရေးကိုလည်း တိုးချဲ့ရဦးမည်၊ ပြီးနောက် သီပေါ စော်ဘွားဖေါင်ဒေရှင်းမှ တာဝန်ယူဆောင်ရွက်ပေးနေသော နိုင်ငံခြား ပညာတော်သင် အတွက် ကျောင်းသားတွေလည်း ရွေးချယ်စရာရှိသေးရာ စိုင်းတစ် ယောက်တည်းသာ လျှင်မဟုတ်ပါ။ သူမကိုယ်တိုင်လည်း သီပေါနယ်သူနယ်သားအပေါင်း၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေဖို့ စီမံကိန်းအချို့ကို ကြီးကြပ်ဆောင်ရွက်နေသည်။ စာသင်ကျောင်း တစ်ကျောင်းဖွင့်ပြီး၊ အင်္ဂလိပ်၊ ရှမ်း၊ ဗမာဘာသာစကားများ သင်ကြားပေးနေသည်။ မိခင်နှင့် ကလေးသူငယ်များအတွက် ကူညီစောင့်ရှောက်ရေးအသင်းကြီးကိုလည်း ထူထောင်ထားပြီး၊ သီပေါနယ်သူနယ်သားတို့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူမဘက်မှ စွမ်းအားရှိသမျှ လုပ်ကိုင်နေသည်။

❀ ❀ ❀

အချိန်ကား နံနက် (၈) နာရီမျှသာ ရှိပါသော်လည်း ယနေ့၊ ၁၉၆၂ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာမူ နေ့တာရှည်လျားလွန်းလေစွ။ နံနက်စောစောက ဗရုန်းဗရမ်း

ထိတ်လန့်စရာ အဖြစ်အပျက်တို့ ပြီးဆုံးသွား၍ ပုံမှန်အနေအထား ပြန်ရောက်သွားပုံရသော်လည်း အခင်းအကျင်းတစ်ချို့ ပြောင်းလဲသွားသည်။ ဟော်နန်းကို စောင့်ကြပ်သော ရှမ်းအမျိုးသားလုံခြုံရေးအဖွဲ့ဝင်များနေရာတွင် ဗမာလက်နက်ကိုင်စစ်သားများဖြင့် အစားထိုးလိုက်သည်ဖြစ်၍ ကာကီရောင်ယူနီဖောင်းများနေရာတွင် ရေညှိစိမ်းရောင်တွေ ရောက်လာရာ သူတို့၏ ညိုညစ်ညစ်အသားအရေနှင့် ယူနီဖောင်းအရောင်ကြောင့် ဟော်နန်းဝန်းကျင်တစ်ခုလုံး ပို၍ မှောင်သွားသလားထင်မှတ်ရသည်။ စံအိမ်တော်မှ စားဖိုမှူးကြီး စက်ဘီးဖြင့် ဈေးမှပြန်ရောက်လာသည်တွင်မူ ဂိတ်စောင့်စစ်သားများက ဈေးခြင်းတောင်းနှင့် တစ်ကိုယ်လုံးကို နှိုက်ချွတ်ရှာဖွေစစ်ဆေးကြရာ အဆိုပါအပြုအမူမှာ ဟော်နန်းအတွင်းမှ လူများ လွတ်လပ်စွာ ဝင်ထွက်သွားလာခြင်းကို စစ်တပ်ဖွဲ့ဝင်များက ထိမ်းချုပ်လိုက်ပြီဟူသော သဘောပင်ဖြစ်၍ ဤအပြုအမူမှာ စပ်သုစန္ဒီအဖို့ အထိတ်တလန့်ဖြစ်စရာ အကြောင်းမရှိတော့ဘဲ မခံမရပ်နိုင် ဒေါသဖြစ်လာသည်။ ဘာတွေဖြစ်ကုန်ပြီလဲ၊ လေဒီယို့ဖွင့်ကြည့်ပြန်တော့လည်း ပုံမှန်အတိုင်း နံနက်ချိန်ခါ တေးသံသာ အစီအစဉ်တွေ ကြားနေရသည်။ သို့ပေမဲ့ သတင်းစာကမူ ယခုအထိ ရောက်မလာသေး။ ရန်ကုန်မှ သူငယ်ချင်းများထံ ဖုန်းဆက်ကြည့်သည်တွင် ရန်ကုန်ရောက်တိုင်း စိုင်းတည်းခိုနေကြ အိမ်ရှင်၊ မိတ်ဆွေဂျင်မီနှင့် အဆက်အသွယ်ရလိုက်သည်၊ သို့ပေမဲ့ သူ့အသံက အသက်မပါ၊ တုန်လှုပ်နေဟန်တူသည်။

*"ဒီနေ့မနက်ပဲ ကျနော်တို့ တစ်အိမ်လုံးကို စစ်သားတွေ လှန်လှောရှာဖွေသွားတယ်၊ စိုင်းကို သူတို့အလိုရှိနေကြတယ်"*

*"ဒါဆို၊ သူတို့ကို ရှင်ဘာပြောလိုက်လဲ ကိုဂျင်မီ"*

ဖုန်းလိုင်းထဲက အသံကိုအားမလိုအားမရဖြစ်လာပြီ၊ စကားပြောခွက်ကို တေ့ကာ သူမအော်မေးလိုက်သည်။

*"မနေ့ကပဲ စိုင်းပြန်သွားပြီလို့ပြောလိုက်တယ်။ ဒါပေမဲ့ သူတို့က ကျနော်ပြောတာကို မယုံကြဘူး"*

ဤသို့ တယ်လီဖုန်းလိုင်း ပြတ်တောက်သွားသော်လည်း သူမ သိချင်တာကို ကြားလိုက်ရသည်။ သေကောင်ပေါင်းလဲဖြစ်နေသော တောင်ကြီးမှ စိုင်းအမတော်ထံ သတင်းမေးဖို့ အစီအစဉ်ရှိသည်ကို သုစန္ဒီသိထားရာ၊ ယခုလောက်ဆို တောင်ကြီးတွင် စိုင်းရောက်နေလောက်ပြီ။ သို့တည်းမဟုတ် စိုင်းနှင့် သူ၏ အကိုတော်တို့ နံနက်စာ စားနေလျှင် စားနေလိမ့်မည်။ သို့ပေမဲ့ ရှမ်းဖက်ဒရယ်ပြည်ထောင်စုများ၏ အထင်ကရ

မြို့တော်ဖြစ်ပါသော တောင်ကြီးမြို့၌ကား တယ်လီဖုန်းလိုင်းပင် ဆက်သွယ်ထားခြင်းမရှိ၍ စိုင်းထံ တယ်လီဖုန်းဖြင့် စုံစမ်း၍မရနိုင်။ သို့ဖြင့်လျှင် လားရှိုးလေဆိပ်သို့ သွားဖို့၊ သူမ ဆုံးဖြတ်လိုက်သည်။ တစ်ပတ်လျှင် နှစ်ကြိမ် မန္တလေး၊ တောင်ကြီး၊ လားရှိုးခရီးစဉ်ဖြင့် ပြေးဆွဲနေသော လေယာဉ်သည် ယနေ့ တစ်နာရီတွင် ဆိုက်ရောက်မည်ဖြစ်၍ အဲဆိုပါ လေယာဉ်ဖြင့် စိုင်းပါလာနိုင်သည်။ သို့တည်းမဟုတ် စိုင်း၏ အတွင်းရေးမှူး လိုက်ပါလာ နိုင်သည်။ ယုတ်စွအဆုံး ဘယ်သူမှ မတွေ့လျှင်တောင် စိုင်းနှင့်ပတ်သက်သော သတင်း စကားများ ပါလာနိုင်ကောင်းပါ၏။ သို့ပေမဲ့ သုံးနာရီမျှ အချိန်ရနေသေးရာ၊ နံနက်စာစားဖို့ စိတ်ည၍ ကျောင်းသွားဖို့ ပြင်ဆင်နေသော သမီးတို့ဆီ လျှောက်လာခဲ့သည်။ နံနက် စာစားက ရုတ်ရုတ်သဲသဲ အဖြစ်အပျက်တို့ကို သမီးငယ်များ လုံးလုံးလျားလျား မသိလိုက်ရှာမျှမက၊ ယခု ဂိတ်တံခါးမကြီးမှ လုံခြုံရေးအစောင့်အနေတို့၏ ယူနီဖောင်း အရောင်များ ပြောင်းသွားသည်ကိုပင် သတိမပြုမိကြဘဲ မန်ကျည်းပင်ကြီးအောက်တွင် ပါပီ*(ခွေးငယ်)*ကလေးတို့နှင့် လွတ်လပ်ပျော်ရွှင်စွာ၊ ပြေးလွှားဆော့ကစားနေကြသည်ကို မြင်ရသည့်အခါ ထိုနေ့အတွက် ပထမဆုံးအကြိမ် သုစန္ဒီ ပြုံးမိသည်။ သမီးငယ်လေးတို့၏ နက်မှောင်သော ဆံပင်နှင့် ပြုံးရယ်နေသော မျက်ဆံအိမ် ဝိုင်းဝိုင်းစက်စက်လေးများက သူတို့ဖခင်ကို သတိရစေသလို၊ ဖြူရွှရွှအသားအရေနှင့် ဥရောပဆန်သော မျက်နှာအကျ အပေါက်တို့ကလည်း အမေတူသမီးများဖြစ်ကြောင်း ထင်းထင်းကြီး ပေါ်လွင်လှပါ၏။

အာရုဏ်၏ နေခြည်နုအလင်းတန်းများက ပြင်သစ်ပိသုကာပုံစံ လှူတစ်ရပ်နီးပါး မှန်ပြတင်းပေါက်ကြီးများမှ ထုတ်ချင်းခတ်၍ ထမင်းစားခန်းအတွင်းရှိ အရောင်တင်ဆီလက် နေသော စားပွဲကုလားထိုင်တို့အပေါ် ဧွေဧွေ ဖျော့ဖျော့ကျနေကြပါသော်လည်း စိုင်းမရှိ သော ထမင်းစားခန်းကား စပ်သုစန္ဒီအဖို့ ခြောက်ခမ်းငြိုးငွေ့ဖွယ်ကောင်းလှပါ၏။ လူ အယောက် ( ၂၀) ဆန့် ထမင်းစား စားပွဲရှည်ကြီးတွင် မထိုင်တော့ဘဲ သီးသန့် ဘဲဥပုံစားပွဲမှာ သူမထိုင်လိုက်ပြီး စံအိမ်တော် အမှုထမ်းခေါင်း ဦးကျော်လွင် ပြင်ဆင် ပေးထားသော နံနက်စာကို အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်လိုက်ရာ၊ ဦးကျော်လင်းက သူမကို အားတင်း၍ ပြုံးပြနေသည်။ သူမအတွက် ပြင်ဆင်ပေးထား သော နံနက်စာကို အကုန်အစင် စားစေချင်သည်ကို သုစန္ဒီသိပါသည်။ ဦးကျော်လင်း ကား သူ့အရှင်နှစ်ပါး၏ အမှုကိစ္စကြီးငယ်တို့ကို နှစ်ပေါင်းများစွာ သစ္စာရှိရှိ ထမ်းခဲ့သူ၊ သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံးတွင်လည်း ဆေးမင်ကြောင် အကွက်အဆင်း၊ အကြောင် အကြား အပြည့်ထိုးထားပြီး သူ့ကိုယ်သူ ဘေးအန္တရာယ်ကြီးငယ် အသွယ်သွယ်မှ

လွတ်မြောက်နေသူအဖြစ် အထင်ရှိသူ။ မည်သို့ရှိစေ ဦးကျော်လင်း၏ တက်ကြွသော ယုံကြည်မှုက သူမထံ အလျှင်အမြန် ကူးစက်လာပြီး နံနက်စာကို စားချင်စိတ်ရှိလာသည်။ သစ်သီးအနည်းငယ် စားပြီးနောက် ပေါင်မုန့်မီးကင်တစ်ချပ်ကို မာလကာယိုသုတ်ဖို့ ပြင်ခိုက်၊ စံအိမ်တော်ရှေ့မှ ဂျစ်ကားသံများကြားလိုက်ရသည်။ စိုင်းလည်း မဖြစ်နိုင် သုစန္ဒီ၏ ကိုယ်ရေးအရာရှိတွင်လည်း ဂျစ်ကားတစ်စီးတည်းသာရှိရာ ယခုမော်တော်ကား သံများက သုစန္ဒီစိတ်ထဲက အလိုအလျှောက် သိလိုက်ပါပြီ။ သူတို့ လာကြပြန်ပါပြီ။ စံအိမ်တော်ရှေ့ စက်ပိုင်းခြမ်း ပုံသဏ္ဌာန်လမ်းတစ်လျှောက်လုံး လက်နက်ကိုင် ဗမာ စစ်သားတွေ ဒင်းပြည့်ကြပ်ပြည့်နေပြီး အရာရှိသုံးယောက်က ဦးဘခေါင်ကို စံအိမ်လုံခြုံရေး အဖွဲ့ဝင်များနှင့် ကားဒရိုင်ဘာအားလုံး တစ်နေရာတည်းတွင် လူစုဖို့ အမိန့်ပေးနေသည်။ သုစန္ဒီလည်း ချက်ချင်းပင် ကလေးငယ်နှစ်ယောက်ကို ကျောင်းပို့ဖို့ အထိမ်းတော်ကို ပြောပြီးပြီးချင်း အိမ်ရှေ့ထွက်လာခဲ့သည်တွင် ရှမ်းအမျိုးသားလုံခြုံရေးအဖွဲ့ဝင်များနှင့် ကားဒရိုင်ဘာတို့ကို စစ်သားများက လက်ပြန်ကြိုးတုပ်၍ သေနတ်ဒင်များနှင့် ထုနက်နေ ကြသည်ကို မြင်လိုက်ရသည်။ လက်နက်ကိုင်စစ်သားတို့၏ အထုအထောင်း အနှိပ်အစက် တို့ကို ရှမ်းလုံခြုံရေးအဖွဲ့ဝင်များက အသံတစ်ချက်လေးမျှ မထွက်ဘဲ တင်းခံနေနိုင်ကြပါ သော်လည်း ယခုလို အနိုင်ကျင့်ဗိုလ်ကျ ရမ်းကားမှုမျိုးကို သုစန္ဒီ ရှေ့ဆက်သည်းမခံ နိုင်တော့။

*"ရှင်တို့ ရပ်လိုက်စမ်း။ ရှင်တို့မှာ ဒီလိုလုပ်ခွင့်မရှိဘူး"*

စပ်သုစန္ဒီ၏ အော်သံကို စစ်ဗိုလ်တစ်ယောက်က အမိန့်သံနှင့် တုန့်ပြန်သည်။

*"သံသယရှိတဲ့ လူတွေကို ဖမ်းဖို့ ကျုပ်မှာ အမိန့်ပါတယ်၊ သီပေါတစ်နယ်လုံး ကို ကျုပ်တို့တွေသိမ်းလိုက်ပြီ၊ ခင်ဗျားရဲ့ ကိုယ်ရေးအရာရှိနဲ့ ကားဒရိုင်ဘာကိုလည်း စစ်ဆေးဖို့ ဌာနချုပ်ကို ကျုပ်တို့ခေါ်သွားပြီ"*

သို့ပေမဲ့ စစ်ဗိုလ်၏ စကားကို အရှင်း ဂရုစိုက်ဟန်မပြဘဲ၊ စံအိမ်တော်လုံခြုံရေး အဖွဲ့နှင့် မော်တော်ကားဒရိုင်ဘာတို့ကို အားပေးလိုက်သည်။

*"ရှင်တို့မိန်းမနဲ့ ကလေးတွေအတွက် ဘာမှစိတ်မပူကြပါနဲ့၊ ကျမရဲ့ ဆွေမျိုး သားချင်းတွေလို ဂရုစိုက်ပါမယ်"*

စပ်သုစန္ဒီ စကားဆုံးသည်နှင့် စစ်ဗိုလ်က အဆုံးမသတ်ရသေးသော သူ့အလုပ် ကိုပြန်စသည်။

*"မဟာဒေဝီ၊ အထက်ကပေးလိုက်တဲ့ အမိန့်ကို နားထောင်ပါ။ ကျုပ်ဖတ်ပြ*

*မယ်၊ ကာနယ်ဆီက အထူးခွင့်ပြုချက်မရဘဲ အရှေ့ဟောနန်းက မဟာဒေဝီထွက်ခွင့်မရှိ မည်သည့်ညှေ့သည်ကိုမျှ တွေ့ခွင့်မရှိ တယ်လီဖုန်းပြောခွင့်မရှိ ဟော်နန်းသို့ ရောက်လာသော စာများကို တပ်ဖွဲ့ဝင်များက စစ်ဆေးပြီးမှသာ လက်ခံရမည်''*

*''ပြီးတော့ ဘာကျန်သေးလဲ''*

စဝ်သုစန္ဒီက အေးစက်စွာမေးလိုက်သည့်တွင် *''မကျန်တော့ပါဘူး''*ဟု စစ်ဗိုလ်က တရိုတသေ ပြန်ကြားပြီးနောက် ရင်ကိုချီ၊ ခေါင်းကိုမော့လျက် စံအိမ်တော်အတွင်း တစ်လှမ်းချင်း လှမ်းဝင်သွားသည်မှာ ပေါကြောင်ကြောင်အမိန့်အာဏာအားလုံးကို တစ်စစီ တစ်မွှန်စီ ချေပစ်လိုက်သည့်အလား ထင်မှတ်ရပါသော်လည်း အိပ်ခန်းထဲရောက်သည့် အခါတွင်မူ မျက်ရည်ပေါက်များကား သူမမျက်ဝန်းမှ အလိုအလျောက် စီးဆင်းလာကြပါ၏။

အပြင်မှ လက်နက်ကိုင် အစောင့်စစ်သားများကို စပ်ကြာဆိုင်မမြင်ရသော်လည်း အခန်းတစ်ခန်းသာရှိသော ဝါးထရံကာ အကျဉ်းထောင်ကလေး၏ အပြင်ဖက် ထောင့်လေးထောင့်တွင် လူလားခေါက်ပြန် လျှောက်၍ စောင့်ကြပ်နေကြသည်ကို သိနေရာ ဤနေရာမှ ထွက်ပြေးဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်သလို ပြေးဖို့ ကြိုးစားသည်နှင့် ချက်ချင်းသတ် ပစ်နိုင်သည်ကိုလည်း လွယ်ကူစွာ သဘောပေါက်နိုင်ပါ၏။ မည်သို့ရှိစေ ဤနေရာမှ လွတ်မြောက်ဖို့ နည်းလမ်းရှာရမည်။ ချစ်ဇနီးနှင့် ချစ်သမီးတို့ဆီ ပြန်နိုင်မည့် လမ်းကို ရှာဖွေရပါလိမ့်မည်။ လူမိုက်လူရမ်းကားတွေလို သူ့ကို ဖမ်းဆီးထားသည်ကို ဝန်ကြီးချုပ်ကို အကြောင်းကြားပြီး သူ့ကို လွှတ်ပေးဖို့ တောင်းဆိုပေလိမ့်မည်။ စည်းမျဉ်းဥပဒေတို့ကို လေးစားလိုက်နာကြဖို့ စစ်ဘက်အကြီးအကဲတွေကို ညွှန်ကြားမည်ဖြစ်ရာ၊ မနက်မိုးလင်း လျှင် သူ့အတွက် မျှော်လင့်ရာများရှိလာနိုင်ပါ၏။

ယခုသော်ကား ညကြီးဆုံးဆုံးချုပ်ပြီမို့ နံနက်တွင် အင်သစ်အားသစ်တို့ဖြင့် ရင်ဆိုင်နိုင်ဖို့ အိပ်စက်ဦးမည်ဖြစ်ရာ မြက်ဖျာပေါ်တွင် ကျောဆန့်ခြေဆန့်၍ လှဲလိုက်ပါသော်လည်း အိပ်စက်၍ကား မပျော်။ ခြင်များက တစ်ဝီဝီနှင့် အုံခဲ၍ နှောက်ယှက်နေကြရာ လွန်ခဲ့သော လအနည်းငယ်က ဆေးလိပ်ဖြတ်သည်ကိုပင် နောင်တရချင်ချင်ဖြစ်နေသည်။

နှာသီးဖျားမှ ဝင်လေထွက်လေကို သတိနှင့်မှတ်ရင်း အာနာပါန ကမ္မဋ္ဌာန်းဖြင့် အိပ်ဖို့ ကြိုးစားပါသော်လည်း မအောင်မြင်၊ ယခင်က အိပ်မပျော်လေသော ညများဆိုလျှင် သတိဖြင့်မှတ်ရင်း အိပ်ပျော်သွားတတ်သော်လည်း ယနေ့ညအဖို့တွင်မူ စိတ်ချလက်ချ အိပ်ပျော်ဖို့ နေနေသာသာ ဖိစီးနေသော သောကတို့ပင် ဖြေလျော့ခြင်း မရှိ လက်နက်ကိုင် စစ်သားတွေက သူ့ကို အကြောင်းပြချက်တစ်ခုမျှမရှိဘဲ ဖမ်းဆီးထားကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ရှမ်းပြည်နယ်များအတွင်း ဥပဒေစည်းကမ်းနှင့်ပတ်သက်၍ မိမိနှင့် စစ်တပ်အာဏာပိုင်တို့ မကြာခဏ ထိတ်တိုက်ရင်ဆိုင်မှုများ ရှိခဲ့ပါသော်လည်း ပြဿနာ ကြီးကြီးမားမား မရှိခဲ့၊ ယခုသော်ကား မိမိ စီးလာသော မော်တော်ကားကို လက်နက်ကိုင် စစ်သားများက ပိတ်ဆို့တားဆီး၍ မိမိကိုပင် အဓမ္မချုပ်နှောင်၍ ဗထူးမြို့တစ်နေရာမှ လူသူကင်းမဲ့ရာ စစ်စခန်းတစ်နေရာဆီသို့ ခေါ်ဆောင်လာကြရာ ယနေ့ညအဖို့ သူလိုချင်သော အဖြေကိုမူ တဲအပြင်တွင် စောင့်ကြပ်နေသော သာမန်အဆင့် စစ်သားများထံမှ မရနိုင်ကြောင်းကိုလည်း သဘောပေါက်နေသည်။ သည့်နောက် သူ့အတွေးတို့ သုစန္ဒီထံ ရောက်သွားသည်။ သုစန္ဒီကား ဩစတြေးလျသူဖြစ်သော်လည်း ရောင့်နောက်ဆံထုံးပါခဲ့ ရာမှ ယခု သမီးနှစ်ယောက်ရသည်အထိ ၁၆ နှစ်မျှပင် ပေါင်းသင်းခဲ့ကြပြီ ယခုလောက်ဆို သူမနှင့် သမီးနှစ်ယောက်တို့ အိပ်ပျော်နေရော့မည်။ အရပ်ရှည်ရှည်၊ ခန္ဓာကိုယ်အချိုး အဆစ် သွယ်သွယ်ပျောင်းပျောင်းနှင့် ညအိပ်ရာဝင်လျှင် ခါးအထိ ကျနေသော နီညိုရောင် ဆံပင်ရှည်ကြီးကို ဖွတ်မြီးထိုး၍ ပိုးကတ္တီပါစောင်ကြားတွင် ခွေခွေလေး အိပ်စက်နေတတ်သော သူမရုပ်ပုံလွှာကို စိုင်း မြင်ယောင်နေသည်။ မိမိ အဖမ်းခံရသည့်သတင်းကို ကြားလျှင် သူမအနေနှင့် စက်ဆုပ်နာကျည်းစွာ ဒေါသနှင့် တုန့်ပြန်မှာ တွေးကြည့်မိရင်း စိုင်း ကျေနပ်မိသည်။ စိုင်းဘက်မှ သူမကို ချစ်ခဲ့ရပါသော အကြောင်းတရားများစွာအနက် စိတ်ဓာတ်ကြံ့ခိုင်ခြင်းသည်လည်း တစ်ကြောင်းပါဝင်လေရာ ယခုလိုအချိန်အခါမျိုးတွင် လုပ်သင့်လုပ်ထိုက်သည်တို့ကို သူမအနေနှင့် ပြတ်ပြတ်သားသား လုပ်နိုင်လိမ့်မည်ကို တွေးရင်း အထိတ်တလန့်ဖြစ်ခဲ့ရသော ယနေ့အဖို့ ဦးဆုံးအကြိမ် သူ ပြုံးလိုက်မိသည်။

သုစန္ဒီနှင့် သမီးငယ်နှစ်ယောက်အတွက် တစ်နည်းနည်းနှင့် ဘေးကင်းလုံခြုံစွာ ရှိနိုင်သည်ဆိုသော်လည်း သူတို့တွေနှင့် ပြန်ဆုံခွင့် ရှိမရှိကား သူ့ဘက်က မသေချာ။ သီပေါနယ်မှ တောတောင်လျှိုမြောင်များအကြား သူနှင့် သုစန္ဒီတို့ တောလည်ထွက်ခဲ့ကြ သည်ကို သတိရမိပြန်သည်။ သည်တုန်းက သူက သတ္တုရိုင်းတွေ ရှာဖွေရင်း သုစန္ဒီက တောသစ်ခွတွေ ရှာဖွေရင်း ညအခါ ဝါးတဲလေးတစ်လုံးတွင် အိပ်စက်ခဲ့ဖူးပါ၏။ လုံခြုံရေး

တပ်ဖွဲ့များက သူ့ကို ပတ်ဝန်းကျင်မှာ ဝိုင်းရံစောင့်ကြပ်နေကြသည့်တိုင် ယခုလို သူ့ကို ထိန်းချုပ်ခြင်းမျိုးမဟုတ်။ တောကောင်တွေ အန္တရာယ်က ကာကွယ်ဖို့ဖြစ်သည်။ ပြီးတော့ ယခုလို ခြင်ထောင်လေးတစ်လုံးထဲတွင် တနှစ်ကိုယ် အိပ်စက်ခဲ့ရသည့်ပင် သူတို့နှစ်ဦး အတွက် ပို၍ လွတ်လပ်သလို ခံစားခဲ့ရသည်။ ယခု သူမ၏ အထိအတွေ့ ဖငွေ့အသက် တို့ကို အဘယ်မျှ သူလွမ်းနေပါပြီလဲ၊ ယခုအခါ သူ့ကို နှစ်သိမ့်စေမည့် နည်းလမ်းတစ်ခုခု ကို သူမအနေနှင့် ရှာဖွေနိုင်ခြင်း ရှိမရှိ မသိနိုင်သော်လည်း အရေးကြုံလျှင် သူမဘက်က မည်သည့်အခါမျှ ပျက်ကွက်ခြင်းမရှိသည်ကိုမူ သူသိပါ၏။

ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်မသိ၊ ညသည် တိတ်ဆိတ်နေဆဲ၊ တဲအပြင်ဘက်မှ စောင့်တပ်ဖွဲ့ဝင်တို့၏ အသံဗလံတို့ကိုကား မကြားရတော့၊ သို့ပေမယ့် တဲအတွင်း လူတစ်ယောက် ရောက်နေသည်ကို မှောင်ကြီးမဲမဲထဲ၌ပင် သူသိနေသည်။ ချက်ချင်း သူထထိုင်လိုက်သည်။ ယူနီဖောင်းဝတ်တစ်ဦး။ သူ့ကို အန္တရယ်ပေးမည့်သူလား၊ ကူညီမည့်သူလား မသိနိုင်။ သတိနှင့် ငြိမ်သက်နေစဉ်မှာပင် ထိုသူက တီးတိုးပြောလာ သည်။

*"ဆရာ ကျနော်က ဆရာ့ကို စောင့်ကြပ်နေရတဲ့ ရဲဘော်တစ်ယောက်ပါ။ ဒါပေမဲ့ ကျနော်က ကချင်လူမျိုးတစ်ယောက်ဖြစ်ပြီး ကျနော့်ရဲ့ ဘကြီးကလည်း ဆရာ့ရဲ့ ဟော်နန်းလုံခြုံရေးတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်"*

*"ဘာကြောင့် အခုလို ခင်ဗျားလာပြောနေတာလဲ"*

သံသယဖြင့် သူက မေးလိုက်သည်။

*"အပြင်က ရဲဘော်တွေ အိပ်ပျော်နေကြပါပြီ၊ ကျနော်က ဆရာ့ကို ကူညီချင် လို့ပါ"*

*"ဒါဖြင့် ခင်ဗျား ကျနော့်ကို ခေါ်ထုတ်နိုင်လို့လား"*

*"မဟုတ်ဘူးဆရာ၊ ဒါတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သီပေါက မဟာဒေဝီဆီ ကို စာတစ်စောင် ကျနော် ပို့ပေးနိုင်ပါတယ်"*

ပေးလာသည့်အခွင့်အရေးကို လက်လွှတ်မခံဖို့ စိုင်း ချက်ချင်းဆုံးဖြတ်လိုက်ပြီး အိပ်ဆောင်ပြကွဒိန်မှ စာရွက်တစ်ရွက်ကို ဆုပ်ယူလိုက်သည်။ လက်ရှိ သူရင်ဆိုင်နေရ သည့် အခြေအနေကို မည်သူမှ မသိ။ ယခုစာသည် သူ့အတွက် လွတ်မြောက်ရေး လမ်းစ ဖြစ်နိုင်သည်။ ကချင်ရဲဘော်က ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိလိုက်ရာ နီစွေစွေ မှိန်ပျပျအလင်းရောင်လေးဖြင့် ကဗျာကသီ ရေးချလိုက်သည်။

*'၁၉၆၂ မတ်လ (၂) ရက်*

*သုစန္ဒီ ကိုယ့်ကို ဗထူးမြို့ စစ်တပ်စခန်းတစ်ခုမှာ ဖမ်းထားကြတယ်၊*

*ကျန်းမာရေးအခြေအနေကောင်းတယ်'*

ကချင်အမျိုးသား ရဲဘော်ကပင် စာအိပ်တစ်အိပ်ပေးပြီး စာကို သီပေါဟော်နန်းသို့ တစ်နည်းနည်းနှင့် ရောက်အောင်ပို့ပေးပါမည့်အကြောင်း ကတိပေးရာ စိုင်းက ငွေတစ်ရာထုတ်ပေးသည်တွင် ကချင်ရဲဘော်က ယခုလို သူ့ဘက်က စွန့်စားရခြင်းသည် ငွေလိုချင်၍ မဟုတ်ဘဲ အဖိအနှိပ်ခံ တောင်တန်းဒေသ ပြည်သူတစ်ဦးအနေဖြင့် ကူညီခြင်းဖြစ်ကြောင်း ပြင်းဆို၍ ချာကနဲလှည့်ထွက်သွားလေသည်။

မှောင်မိုက်နေသော တဲငယ်အတွင်း သူတစ်ဦးတည်း ကျန်ရစ်ခဲ့သည့်တိုင် စောစောကထက် မျှော်လင့်ချက်ဖြင့် တက်ကြွလန်းဆန်းနေသည်။ ထိုနေ့မနက်က အဖြစ်အပျက်တို့သည်လည်း သူ့ခေါင်းထဲ ပြန်ရောက်လာပြန်သည်။

စိုင်း၏ အစ်ကိုသည် နံနက်လေးနာရီကပင် ရှမ်းအမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးတက်ရောက်ဖို့ အိမ်မှ ထွက်သွားကြောင်း မရီးတော်ထံမှ ကြားသိရသဖြင့် နံနက်စာ စားပြီးသည်နှင့် ဟဲဟိုးလေဆိပ်သို့ မော်တော်ကားဖြင့် ထွက်ခွာခဲ့ရာ တောင်ကြီးမြို့ လမ်းမများပေါ်တွင် လက်နက်ကိုင်စစ်သား အမြောက်မမြားကို ထူးထူးခြားခြား တွေ့ရသော်လည်း မော်တော်ယဉ်များကို ဟန့်တားစစ်ဆေးခြင်း မရှိ၊ သို့ဖြင့် တောင်ကြီးမြို့ဝင်ဂိတ်အရောက်တွင်မူ မော်တော်ယဉ်အားလုံးကို လက်နက်ကိုင်စစ်သားများက ရန့်တန့်၍ စစ်ဆေးလျက်ရှိရာ အရာရှိ သုံးလေးယောက်က စိုင်းတို့ မော်တော်ကားထံ ခပ်သုတ်သုတ် လျှောက်လာကြပြီး သီစေါစော်ဘွား စပ်ကြာဆိုင် ပါဝင်ခြင်း ရှိမရှိ မေးမြန်းရာ . . .

*"ဟုတ်ပါတယ်၊ ကျုပ်က စပ်ကြာဆိုင်ပါ၊ ဘာကိစ္စရှိလို့ပါလဲ"*

*"ဒါဆိုရင် ညောင်ရိုပ်သာကို ခဏလောက်ကြွပါဦးဆရာ"*

အရာရှိတစ်ဦးက ပြောပြီး မော်တော်ကားတံခါးကို အလိုက်သင့် ဖွင့်ပေးသည်။ ညောင်ရိပ်သာအတွင်း စိုင်းလှမ်းဝင်ခါနီးမှာပင် နောက်ဘက်ပြန်ကြည့်လိုက်ရာ မော်တော်ကား ဒရိုင်ဘာကို တောင်ကြီးဘက် ပြန်မောင်းဖို့ စစ်ဗိုလ်များက ခြေဟန်လက်ဟန်ဖြင့် ပြောနေသည်ကို တွေ့လိုက်ရပြီးနောက် မော်တော်ကားသည်လည်း သူ၏ ခရီးဆောင် အိတ်များ တင်ဆောင်လျက် တောင်ကြီးဘက်သို့ ချိုးကွေ့သွားသည်ကို တွေ့လိုက်ရပါ၏။

ထိုမှ ၁၆ နာရီအကြာတွင်မူ ယခုနေရာ၌ သူ့ကို ချုပ်နှောင်ထားကြလေရာ

ဘယ်လိုအကြောင်းကြောင့် ဖြစ်ပျက်ခဲ့သည်ကိုမူ သူနားမလည်၊ တစ်မှတော့ရှိသည်၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို လက်နက်ကိုင်တပ်ဖွဲ့များက တစ်ရက်၊ တစ်မနက်မျှပင် ဖမ်းဆီးချုပ်နှောင်နိုင်သည်ဟုဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ်အတွက် နိမိတ်မကောင်းသည်ကိုကား၊ စိုးကောင်းစွာ သဘောပေါက်မိနေသည်။

မည်သို့ရှိစေ သည်အကြောင်းကို စိုးဆက်၍ မတွေးချင်တော့၊ နေ့သစ်ကို ရင်ဆိုင်ဖို့ တခဏတာဖြစ်ဖြစ် အိပ်စက်လိုက်ဖို့လိုသည်။ နက်ဖြန် နေ့သစ်သည် သူ့အတွက် သောကနှင့် အန္တရာယ်တို့ ယခုထက်ပို၍ ယူဆောင်ချင် ယူဆောင်လာလိမ့်မည်။ သို့မဟုတ် မျှော်လင့်ချက်အသစ်တွေလည်း ရှိကောင်းရှိနိုင်သည်။ မိသားစုနှင့်အတူ ရှိစဉ်က ပျော်ရွှင်ကြည်နူးခဲ့ရသည်များကို စိတ်ရောက်ကြည့်ပြန်သည်။ ညဉ့်လယ် အိပ်မက်ဆိုးကို ကျော်လွှား၍ လွတ်မြောက်ရာလမ်းကို ရှိဖွေရပေလိမ့်မည်။

❁ ❁ ❁

...ဝေလီဝေလင်း နံနက်ခင်းကို ခွန်ထောက်ကြိုနေသော တောပျော်ကျေးငှက်သာရကာတို့ ကျိကျိတျာတျာတေးသံတို့နှင့် အိပ်ရာမှ စိုးနိုးလာသည်။ သို့ပေမယ့်မနေ့က နေရာ၊ မနေ့က ဝါးတဲငယ်နှင့် လက်နက်ကိုင်စစ်သားများ ပိတ်ဆို့ထားသောထွက်ပေါက်၊ မနေ့က အိပ်မက်ဆိုးထဲ၌ပင် ချုပ်နှောင်ထားသူတို့၏ လက်ခုပ်ထဲကရေ ဘဝ။

ထိုတစ်ခဏ၌ပင် ဆန္ဒတစ်ခုက သူကိုယ်တိုင် လွတ်လပ်ပေါ့ပါးစွာ နေထိုင်ခဲ့ပါသော အမေရိကန်ပြည်ထောင်စုမှ မြို့ငယ်လေးတစ်မြို့သို့ ပြောင်းရွှေ့နေလိုက်ချင်သည်။ အမေရိကားတွင် သူပညာသင်ကြားခဲ့သော ကော်ရိုရာဒို မိုင်နင်း *(Mining)* ကျောင်းမှ အလုပ်အတွက် ကမ်းလှမ်းစာများ သူ့ထံ မကြာမကြာ ရောက်နေဆဲ၊ ယခု အကျပ်အတည်းမှ လွတ်မြောက်သည်နှင့် အမေရိကားမှ သူ့မိတ်ဆွေများနှင့် အဆက်အသွယ်ယူရမည်။ သူ့နှင့် မိသားစုဘဝ လုံခြုံရေးအတွက် မိတ်ဆွေများ အကြံပေးခဲ့ကြသလိုလိုက်နာရမည်။ သီပေါနယ်သူနယ်သားတို့အတွက် ခေါင်းဆောင်မှု လိုအင်နေသော်လည်း သူ့အတွက် အန္တရာယ်များ ပိုင်းနေပြီဖြစ်၍ သီပေါကို သူစွန့်ခွာရပေတော့မည်။

သို့ရာတွင် ဝါးတဲဆီချည်းကပ်လာသော စစ်ဖိနပ်သံများကြောင့် စိုး၏အတွေးများ ပကတိ အရှိတရားဆီ ပြန်ရောက်လာသည်။ ဖွင့်လာသော တံခါးပေါက်မှ

နေ့အလင်းတန်းတို့ အမှောင်ခန်းအတွင်း တိုးဝင်လာပြီးနောက် စစ်ထောက်လှမ်းရေးတပ်ဖွဲ့မှ ဗမာအရာရှိတစ်ယောက်ကို တွေ့လိုက်ရသည်။ အေးစက်သော အပြုံးကို ဆောင်ထားသူ အရာရှိကို လွန်ခဲ့သော တစ်နှစ်ခန့်က စိုင်းတွေ့ဖူးသည်။ သီပေါနယ်မှ ရွာသူကြီး လေးယောက်ကို လျှပ်စစ်ကျင်စက်ဖြင့် ညှင်းပန်းနှိပ်စက်၍ စစ်ဆေးရာမှ သေဆုံးသွားသည်တွင် *'သူပုန်ထချင်တဲ့ ရှမ်းတွေတို့ကို နောင်ကျဉ်သွားအောင် ယခုလို သင်ခန်းစာပေးရ မယ်'*ဟု အရာရှိတစ်ယောက်က ဒေသခံခေါင်းဆောင်တို့ကို ဩဝါဒပေးခဲ့ရာ အဆိုပါ အရာရှိကား သူ့ရှေ့ ရောက်နေလေပြီ။

*"ကျနော်က ဗိုလ်ကြီးစန်းလွင်ပါ၊ ခင်ဗျားကို မေးခွန်းနည်းနည်း မေးချင်တယ်"*

လေသံက ပျော့ပျောင်းပုံရသော်လည်း မြက်ဖျာခင်းထားသော နင်းကြမ်းပေါ်တွင် ခြေစုံရပ်နေသော ဟန်က ခြိမ်းခြောက်သည့်အသွင်ဆောင်နေသည်။

*"ပါလီမန်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အရှေ့ပိုင်းတိုင်းဝါဝခန်ခံ ကာနယ် မောင်ရွှေကိုပဲ ကျုပ်တွေ့ချင်တယ်"*

စိုင်းက တည်ငြိမ်စွာ ပြောလိုက်ရာ တခဏ ကြောင်အမ်းအမ်းဖြစ်သွားပြီး အရာရှိက သူ့စကားကို ဆက်သည်။

*"ကျနော်မေးတဲ့ မေးခွန်းတွေကို ဖြေပြီးမှပဲ ကာနယ်နဲ့တွေ့ဖို့ ဖြစ်နိုင်ပါလိမ့်မယ်၊ ခင်ဗျားကို ကျနော်ကူညီချင်တယ်၊ ကျနော့ကို ယုံပါ၊ ဒါပေမဲ့ ကျနော်တို့လိုချင်တဲ့ သတင်းကိုတော့ အရင်ဆုံး ခင်ဗျားပြောရလိမ့်မယ်"*

*"ခင်ဗျားကို ကျုပ်ပြောပြီးပြီပဲ၊ နောက်ထပ် ဘာမှ ကျုပ်မဖြေနိုင်ဘူး"* ပြောပြီးသည်နှင့် စိုင်းက အရာရှိကို မျက်နှာလွှဲ၍ ကျောခိုင်းရပ်နေလိုက်သည်။ စိုင်းထံမှ ပတ်တောပိတ် တုန့်ပြန်မှုကြောင့် ဗိုလ်ကြီးဆိုသူမှာ အတော်ဒေါသထွက်သွားပုံရသည်။

*"ခင်ဗျားသိမယ်၊ နောက်မှ နောင်တရစေရမယ်"*

ငေါက်ငမ်း၍ တစ်ဆက်တည်းပင် တံခါးကို ဆောင့်ပိတ်လိုက်ပြီး အပြင်ထွက်သွားသည်တွင် အခန်းအတွင်း တစ်ခါပြန်မှောင်သွားပြီး ဟိုနေရာတစ်ပြောက် ဒီနေရာတစ်ပြောက် ထရံကြိုထရံကြားမှ ဖောက်ထွင်းဝင်လာသော နေခြည်တန်း မှုန်မှုန်ဝါးဝါးလေးများ ထိုးထိုးထောင်ထောင် ရောက်လာကြသည်။

အဝေးသို့လျှောက်သွားသော စစ်ဖိနပ်သံများ တဖြည်းဖြည်း စဲသွားသည့်အခါ မြက်ဖျာပေါ်တွင် စိုင်းတင်ပြင်ခွေထိုင်လိုက်ပြီး မျက်လုံးမှိတ်၍ ထွက်သက်ဝင်သက်ကို မှတ်သည်။ နှာသီးဖျားမှ ထွက်သက်၏ နွေးထွေးသော အထိအတွေ့နှင့် ဝင်သက်၏

အေးမြသော အထိအတွေ့တို့ပေါ် အာရုံကို ကြိုးစားစုစည်းထားလိုက်သည်။ သို့ပေမယ့် အချိန်ကြာကြာ မရလိုက်၊ နောက်ကျောဘက်မှ အသံတစ်သံကြောင့် အာရုံလွင့်သွားသည်။

*"ဆရာ အခု ကျနော်တစ်ယောက်တည်း တာဝန်ကျနေပါတယ်၊ ခဏကြာရင် လူလဲတော့မှာပါ၊ ကျနော်က ကချင်စစ်သားတစ်ယောက်ပါ၊ ဒါကြောင့် ကချင်လူမျိုးအပေါ် သစ္စာရှိပါတယ်၊ ကျနော်တို့ ကချင်တွေက ဆရာ့ကို အများကြီး လေးစားကြသလို ဆရာ့ကို ကျနော် ကူညီချင်ပါတယ်"*

တံခါးမှာ လက်တစ်ဝါးစာမျှ ဟ'နေသည့်အတွက် သူဘက်လှည့်၍ နင်းကြမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသော ကချင်စစ်သားဆိုသူကို စိုင်းလှမ်းမြင်ရသည်။ သူ့အနီးအပါးတွင် သေနတ်မရှိ၊ စစ်ဖိနပ်ကို ချွတ်၍ စောင့်ကြောင့်ထိုင်နေခြင်းဖြစ်ရာ၊ အစဉ်အလာအရ လေးစားမှုကို ထုတ်ဖော်ပြသနေခြင်းဖြစ်သလို၊ သူ၏အင်္ကျီ၊ အထူးသဖြင့်ထင်ရှားပေါ်လွင်သော နှာတံက ပေါင်တန်းဒေသ တိုင်းရင်းသားတစ်ဦးဖြစ်ကြောင်း သက်သေထူနေပါ၏။

*"ကျုပ်အတွက် ခင်ဗျားဘာလုပ်ဖို့ စဉ်းစားထားလို့လဲ"*

စိုင်း၏အမေးစကားကို ကချင်ရဲဘော်က တက်တက်ကြွကြွပြန်ဖြေသည်။

*"စော်ဘွားလေး နောက်ထပ်စာတစ်စောင်ရေးပေးပါ၊ နောက်ထပ်လမ်းကြောင်းတစ်ကြောင်းက မဟာဒေဝီဆီကို အရောက်ပို့ပေးနိုင်ပါသေးတယ်"*

မနေ့ညကရေးလိုက်သော စာအတိုအထွာလေးထက်၊ ပြည့်ပြည့်စုံစုံရေးဖို့ ချက်ချင်းစဉ်းစားလိုက်ပြီး စက္ကူအတိုအထွာလေးတစ်ခုတွင် ကောက်ခါငင်ကာ ရေးချလိုက်သည်။

*'သုစန္ဒီ၊ ယခုစာကို လျှို့ဝှက်ပြီးရေးလိုက်ရတယ်၊ ကိုယ်ကို ရပ်စောက်မြို့ ဗထူးစခန်းတစ်ခုမှာ ဖမ်းထားကြတယ်။ ကိုယ်ကိစ္စအတွက် ခင်မောင်ချို့နဲ့ တိုမိခရစ်ကို ပြောပါ။ ကိုလှမိုးကိုလည်း ပြောပါ၊ မိလီဆီကလည်း အကူအညီရနိုင်တယ်။ မင်းကို အရမ်းလွမ်းတယ်၊ ဒီမှာ အခြေအနေအားလုံး ဆိုးဆိုးဝါးဝါးပဲ မကြာခင်ကိုယ်တို့ပြန်တွေ့ကြမယ်၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ'*

*ဒါပဲ၊ အချစ်*

*စပ်ကြာဆိုင်*

အလားတူ ရန်ကုန်မှ မိတ်ဆွေဂျင်မီရန်းကိုပေးဖို့လည်း စာရွက်အပိုင်းအစ လေးဖြင့် ရေးလိုက်ပြန်သည်။ ဂျင်မီရန်းမှ တစ်ဆင့် ဝန်ကြီးချုပ်ဦးနုနှင့် အဆက်အသွယ် ယူပြီး၊ အကူအညီတောင်းဖို့ဖြစ်တယ်။ ပောဒ့ီစာနှစ်စောင်ကို ခင်ဗျားအရောက် ပို့ပေးနိုင် ပါမလား။ ပေးပို့ရန် လိပ်စာနှင့်တကွ အိတ်ဆောင်ပြက္ခဒိန်စာရွက်ငယ်လေးများ ပေါ်တွင် အသေ့ရေးထားသော စာနှစ်စောင်ကို စိုင်းကမ်းပေးလိုက်သည်။

*"ကျနော် ကတိပေးပါတယ်။ ဇော်ဘွားလေး၊ နောက်တစ်ခုကျနော်ပြောချင် တာက ဒီနေရာက လူတွေကို ဘယ်သူမှမယုံပါနဲ့၊ သူတို့တွေဟာ အင်မတန်ရက်စက် ကြမ်းကြုတ်ပါတယ်"*

ပြောပြီးသည်နှင့် ကချင်ရဲဘော်က ညင်ညင်သာသာ နောက်ဆုတ်သွားပြီး ဝါးထရံအကျဉ်းခန်း၏ တံခါးကို ပိတ်လိုက်သည်။ တစ်အောင့်မျှအကြာတွင်မူ၊ ပြင်ပမှ လူသံခြေသံတို့ကို နားထောင်ရင်း၊ အစောင့်ရဲဘော်များ အပြောင်းအလဲလုပ်နေကြောင်း စိုင်း မှန်းဆမိရာ၊ တစ်ယောက်သော ရဲဘော်သည်ကား ပြင်ပကမ္ဘာကြီးနှင့် ဆက်သွယ်နိုင် မည့် သူ၏ တစ်ခုတည်သော မျှော်လင့်ခြင်းကို သယ်ဆောင်၍ သွားလေပြီ၊ ယခု စိုင်း အဖို့ စောင့်နေရုံမှတပါးအခြားမရှိတော့ပြီ။

❁ ❁ ❁

## အခန်း (၂)

ပြီးခဲ့သော အချိန်နာရီများအတွင်း မယုံနိုင်လောက်အောင်ပင် ပော်နန်း၏ အခြေအနေအရပ်ရပ်တို့ ရုတ်ခြည်းပြောင်းလဲသွားပြီးနောက် ဆူပွက်နေသော အတွေးနှင့် ခံစားချက်တို့ကို ဖုစည်း ထိမ်းချုပ်ဖို့ သူမ တစ်ယောက်တည်းနေလိုက်ချင်သည်။ ပြီးနောက် ရှေ့ဆက်လုပ်စရာတွေကိုလည်း အေးအေးဆေးဆေး စဉ်းစားဆုံးဖြတ်ရဦးမည် ဖြစ်၍ စံအိမ်တော် အရှေ့ခန်းမဆောင်ထဲ လျှောက်လာခဲ့သည်။ ခန်းမပြုတင်းတံခါးမှ တစ်ဆင့် ဟိုအဝေးဆီက စိမ်းညို့ညို့တောအုပ်များ ဖုံးလွှမ်းထားရာ တောင်ကုန်း၊ တောင်တန်းတို့ကို လှမ်းမြင်နေရသည်။ သုစန္ဒီ နှစ်သက်ရပါသော ရှခင်းသာတောင်ထွတ်၊ ကြည်လင်အေးမြသော နမ်းမတူမြစ်က ခွေပတ်စီးဆင်းလျက် ဝါလွင်လွင် နေကြာရိုင်းပွင့်တို့မှာ ရှုလေတိုင်း မျှော်လို့ မဆုံး။ ကြက်တူရွေးနှင့် သာလိကာအုပ်တို့၏ ကျည်းကျည်း ကျာကျာ အသံတွေက တစ်ချက်တစ်ချက် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်သုံးကို ဖုံးလွှမ်း သွားတတ်သည်။ သို့ပေမဲ့ ယခုမူ သဘာဝ၏ အလှတရားနှင့် ခွန်းဆင့်သံတို့က ပူလောင် နေသော သူမ၏ သောကရင်ကို ငြိမ်းအေးနိုင်စွမ်းကား မရှိ။

❀ ❀ ❀

၁၉၅၄ ခု ၊ ဇန်နဝါရီလ နေ့ရက်တစ်ရက်၊ ရန်ကုန်မြို့သို့ တရွေ့ရွေ့ ချဉ်းကပ် လာသော ပင်လယ်ကူးသင်္ဘော *55 Warwick Shire* ပေါ်တွင်လိုက်ပါလာကြသော ခရီးသည် နှစ်ဒါဇင်ခန့်မှာ ခရီးဆုံးရောက်ပြီဖြစ်၍ သင်္ဘောကုန်းပတ်ပေါ်တွင် ဆင်းဖို့ တပြင်ပြင်နှင့် စုဝေးနေကြရာ၊ ရန်ကုန်သို့ ရောက်လာကြသော ခရီးသည်တို့ကို ဦးဆုံး

ညို့ယူဖမ်းစားလိုက်သည်ကား ရွှေရောင်စိန်ရောင်၊ ပတ္တမြားရောင်တို့ဖြင့် ညီညီ ပြောင်ပြောင် ဝင်းလက်၍ တင့်တည်စွာ တည်နေသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးဖြစ်သည်။ ပင်လယ်ကူးသင်္ဘောပေါ်မှ ခရီးသည်များထဲတွင် စိုင်းနှင့် အင်ဂျီတို့လည်း လိုက်ပါလာရာ ပင်လယ်ကူးသင်္ဘောကြီး၊ ရန်ကုန်မြို့နှင့် နီးကပ်လာသည်နှင့်အတူ သူမ စိတ်တွေ ပို၍ ပို၍ လှုပ်ရှားလာသည်။ မြစ်၏ ဘယ်ဘက်ကမ်းခြေတစ်လျှောက်တွင်မူ အုန်းပင်ကြီးများဝန်းရံလျက်၊ အဖြူရောင်အဆောက်အဦ နိမ့်နိမ့်လေးများကို ချစ်စရာ မြင်တွေ့လို့နေသည်။ ရေမြစ်တစ်ကွေ့ဆိုလျှင် ဆိပ်ကမ်းရှေ့မှ အဆောက်အဦကြီးတွေကို တွေ့ရတော့မည်၊ သို့ပေမဲ့ နယူးယောက်မှ အဆောက်အဦကြီးတွေလို မြင့်မြင့်သွန်းသွန်း ဟုတ်မည် မထင်၊ ရှိခြင်းရှိလှ၊ ဂျိုနီအာ(သို)လစ်စဘွန်းတို့က အဆောက်အဦတွေလိုပဲ ရှိလိမ့်မည်ဟု အင်ဂျီတွေးနေမိသည်။ သို့ပေမဲ့ သူတို့စီးလာသော ပင်လယ်ကူးသင်္ဘောကြီးက ဝန်ဆောင်လာသည့် ကုန်များ ချရန်ရှိသေးသည်အတွက် ဆန်အိတ်များ တင်နေသော အခြားပင်လယ်ကူးသင်္ဘောကြီးနှစ်စင်း အနီးအနားမှာပင် ဆိုက်ကပ်ဖို့ ပြင်နေသည်။ ဤတွင် အနောက်နိုင်ငံမှ ဆိပ်ကမ်းကြီးများတွင် ကြားနေကြ ဥသြဆွဲသံများ၊ ပြေးပြေးလွှားလွှားဆူညံသံများမကြားရ၊ မိမိတို့သင်္ဘောမှ ဥသြသံတစ်ခုတည်းကသာ ဆိပ်ကမ်း၏ ငြိမ်သက်ခြင်းကို လှုပ်နိုးလိုက်သည်။

ရန်ကုန်မြို့၏ အနားသတ်ကောက်ကြောင်းတို့ကို သူမ မျှော်လင့်ထားသလို မတွေ့မြင်လိုက်ရတော့၊ ရွှေတိဂုံစေတီတော်ကြီးသည်ပင် မြင်ကွင်းမှ ပျောက်ကွယ်သွားပြီး မော်တော်ငယ်ကလေးတွေကို သာတွေ့ရသည်။ မော်တော်များပေါ်တွင်မူ နီ၊ ဝါ၊ ပြာ၊ ပန်းနုရောင်၊ အစိမ်းရောင်၊ အဝတ်အစားများ ဝတ်ဆင်ထားသူတွေ အပြည့်အညှပ်၊ ဤမျှ အရောင်အသွေးစုံလွန်းသော ဝယ်စားဆင်ယင်မှုမျိုးကို ယခင်က သူမတစ်ခါမျှ မကြုံဘူး၊ မတွေ့ဘူး။ ထိုနည်းတူ အမိမြေမှ ကြိုဆိုပါ၏။ ဟူသော စာတန်းရေးထိုးထားသည့် ရောင်စုံမိုးကာဖျင် လက်ကိုင်ပိုစတာများနှင့် အလံများမှာလည်း လေပြေနှင့်အတူ မြူးမြူးကြွကြွလွင့်၍ အဆိုပါ မော်တော်ငယ်လေးများကား သူမတို့ ပင်လယ်ကူးသင်္ဘောကြီးဆီသို့ ခုတ်မောင်းလာနေကြသည်မှာ အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဦးကို လာရောက်ကြိုဆိုသည်နှင့်တူနေရာ သင်္ဘောပေါ်မှ ခရီးသည်တို့အတွက် ပဟေဠိတစ်ခုလို ဖြစ်နေသည်။

သင်္ဘောပေါ်မှ ဘယ်သူ့ကို လာကြိုဆိုကြပါလိမ့်၊ သူမ၏ စပ်ကြားဆိုင်မှုလွဲ၍ တစ်ယောက်ယောက် ဖြစ်ရပေလိမ့်မည်။

*"သူတို့တွေ ဘယ်သူကို လာကြိုကြတာလဲဟင်၊ သင်္ဘောပေါ်မှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက် ပါလာတယ်ထင်တယ်"*

ဆိုက်ကပ်ထားသော ပင်လယ် ကူးသင်္ဘောကြီး၏ ပတ်ဝန်းကျင်မြစ်ပြင်မှ မြင်ကွင်းကို မှင်တက်ကြည့်လျက် အံ့ဩနေရာမှ စိုင်းဘက်သို့ လှည့်ပြီး သူမ အထင်ကို ပြောလိုက်သည်တွင် စိုင်းကြည့်ရတာ မအီမလည်ဟန်ဖြင့် တစ်ခုခု ပြောချင်ပုံပေါ်နေသည်။

*"အင်ဂျီ၊ အချစ်၊ မင်းကို ကိုယ်တစ်ခုခု ပြောစရာရှိတယ်"*

*"ခဏနေပါဦး၊ ဟိုမှာ မော်တော်တွေကြည့်ရတာ ပျော်စရာကောင်းတယ်"*

သင်္ဘောအနီး တဂျုတ်ဂျုတ်ခုတ်မောင်းလာသော အလှဆင်ထားသည့် မော်တော်ငယ်လေးများကို ငေးစောင်းကြည့်ရင်း သူမက တားလိုက်သည်။

*"ခဏနေလို့မရဘူး အင်ဂျီ၊ ကိုယ်တကယ်ပြောနေတာပါ"*

စိုင်းက အလေးအနက်ပြောရင်းနှင့် သူမလက်တစ်ဘက်ကိုဆွဲကာ လူအုပ်ကြားမှ အဝေးသို့ ဆွဲခေါ်သွားသည်။ အလျင်စလိုဖြစ်နေသော စိုင်း၏လေသံနှင့် မျက်နှာထားတို့ကြောင့် သူမ ထိတ်ခနဲဖြစ်သွားသည်။

*"အရေးကြီးလို့လား၊ ဒါဆိုလဲပြော"*

သူမလက်ကို ကိုင်လျက်ကပင် စိုင်းက လူရှင်းနေသော ထမင်းစားခန်းထဲသို့ လျှောက်သွားပြီး ပြောဖို့ အားယူလိုက်သည်။ သို့ပေမဲ့ ဘယ်ကစလို့ ပြောရမည်မသိ၊ မျက်မှန်ပိုင်းလေးကို ဆွဲချွတ်လိုက်ပြီး လက်ကိုင်ပဝါဖြင့် မှန်ကိုသုတ်နေရာ စိုင်းတစ်ခုခုဖြစ်နေပြီကို သူမ အတတ်သိပါသော်လည်း ဘယ်လိုဘယ်အကြောင်းရယ်မသိ၊ သို့ပေမဲ့ စိုင်း၏ ကိုယ်နေကိုယ်ဟန်က ခန့်ငြား၍ သူ၏ ဝါညက်ညက် အသားအရေ နက်မှောင်သော ဆံပင်တို့က ဝတ်ဆင်ထားသော ပိတောက်ခြောက်ရောင် အနောက်တိုင်းဝတ်စုံနှင့် လိုက်ဖက်တင့်တယ်နေသည်။ ခန္ဓာကိုယ်အလုံးအထည် ကျစ်ကျစ်သွယ်သွယ်နှင့် အရပ်အမောင်းမှာ သူမနှင့် တစ်တန်းတည်းရှိသည်ဆိုသော်လည်း စိုင်း၏ ဣန္ဒြေကြီးသော အသွင်အပြင်တို့ကြောင့် အမြဲတစေ၊ ထူးထူးခြားခြား ပေါ်လွင်နေတတ်သည်။ မျက်မှန်ပိုင်းလေးကို အနေအထားကျကျ ပြန်တပ်ပြီးနောက် သူမကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ကြင်နာစိတ်အပြည့်ဖြင့် တဖျတ်ဖျတ် လှုပ်ခတ်နေသော စိုင်းအကြည့်များက အမြဲတစေ နက်ရှိုင်းစွာ ထွင်းဖောက်သွားတတ်သော်လည်း ယခုမူ စိုးရိမ်စိတ်နှင့် တဖျက်ဖျတ် လှုပ်ခတ်နေသည်။

*"ကိုယ့်အကြောင်းနဲ့ပတ်သက်ပြီး မင်းကို ကိုယ်သေသေချာချာ မပြောပြခဲ့ဘူး"* သူမရင်ထဲ ဒိတ်ခနဲ ထိတ်လန့်သွားသော်လည်း ရယ်ရွှမ်းပတ်ရွှမ်းနှင့် စကားလမ်းကြောင်းပေးလိုက်သည်။

*"ဘာလဲ ရှင့်ရဲ့ကောင်မလေးတစ်ယောက်၊ ရန်ကုန်မှာ စောင့်နေတယ် ပြောမလို့မဟုတ်လား"*

*"မဟုတ်ဘူး။ မဟုတ်ဘူး။ အဲ့သည်လို မဟုတ်ဘူး ကိုယ်မပြောဘဲ ထိန်ချန်ထားတာက မင်းကိုယ့်ကို ခွင့်လွှတ်နိုင်မှာပါ"*

*"ဘာများလဲစိုင်း မြန်မြန်ပြောစမ်းပါ"*

*"အပြင်က မော်တော်တွေနဲ့ ရောက်လာတဲ့ လူတွေဟာ ကိုယ်တို့ကို လာကြို နေကြတာပဲ၊ အင်ဂျီ"*

စိုင်းက သူ့စကားကို သူကိုယ်တိုင် အတည်ပြုသည့်ဟန်ဖြင့် ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။

*"အို မဟုတ်တာ၊ စိုင်းလို အင်ဂျင်နီယာလေးတစ်ယောက်ကို သူတို့က ဘာကြောင့်လာကြိုရမှာလဲ တော်တော်ရယ်စရာကောင်းတယ်"*

ပြောမယ့်သာ ပြောလိုက်ရသော်လည်း စိုင်းနှင့်ပတ်သက်ပြီး သူမ မသိသေးသော အကြောင်းအရာ ကြီးကြီးမားမားတစ်ခု ရှိနေပြီကိုမူ သံသယနှင့် မထိတ်သာ မလန့်သာ စိုးရိမ်စပြုလာသည်။

*"ဟုတ်တယ် အင်ဂျီ၊ ကိုယ်ဟာ မင်းထင်တာထက် ပိုနေတယ်၊ ကိုယ်ဟာ ရှမ်းပြည်၊ သီပေါနယ်ရဲ့ စော်ဘွား(မင်းသား)တစ်ယောက်လည်း ဖြစ်တယ်"*

သူမ မျက်ဝန်းများ ပိုင်းစက်သွားပြီး နှုတ်ခမ်းလေးများ ရုတ်တရက် ပိုင်းစုသွားသည်။

*"မင်းသိအောင်ပြောရရင် သီပေါနယ်ဟာ အမေရိကန်ပြည်ထောင်စု ကောနက်တစ်ကပ်ပြည်နယ်လောက် ကျယ်ဝန်းတယ်၊ အပြင်မှာ ရောက်နေတဲ့ လူတွေဟာ ကိုယ်တို့တိုင်းရင်းသားတွေပေါ့၊ ကိုယ်တို့နှစ်ယောက်ကို ကြိုဖို့ မိုင် (၈၀) လောက်ဝေးတဲ့ သီပေါက လာခဲ့ကြတာလေ၊ သီပေါကိုရောက်ရင် ဒီထက်မက ကြိုဆိုပွဲတွေ အင်ဂျီ အများကြီးတွေ့ရဦးမယ်"*

စိုင်းကို မယုံကြည်သလို စိုက်ကြည့်နေရာမှ တစ်ခါ သူမ ဝတ်ထားသော အဝတ်တွေကို ငုံ့ကြည့်လိုက်ပြီး စိတ်ရှုပ်စွာနှင့် ငြီးငြူလိုက်သည်။

*"တကယ်ဆို အင်ဂျီကို စိုင်းကြို့ပြောသင့်ပါတယ်၊ အခုတော့ ဟောဒီအဝတ်အစားတွေနဲ့ ဘယ်လိုလုပ် သင့်တော်မှာလဲ"*

*"ကိုယ်ကို ခွင့်လွှတ်ပါ အင်ဂျီ"*

စိုင်းက သူ့ရင်ခွင်ထဲ ဆွဲပြီး သူမကို သိုင်းဖက်ထားလိုက်သည်။ သူ့ကိုယ်သူ မှုမှုတတ၊ လုပ်ကိုင်တတ်သူအဖြစ် အမြဲ ဂုဏ်ယူလေ့ရှိသော်လည်း ယခုမှ အင်းဂျီကို ပြောလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ ယခုအချိန်မှ သူမကို ဖွင့်ပြောရသည့်အတွက် သူ့ကိုယ်သူ အပြစ်တင်နေသည်။

*"ဒါဆို လက်မထပ်ခင်က အင်ဂျီကို ဒီအကြောင်းတွေ ဘာလို့မပြောတာလဲ"*

စိုင်းရင်ခွင်ထဲက ရုန်းထွက်ရင်း သူမမေးလိုက်သည်။

*"ကိုယ့်ကို မင်းလက်ထပ်မယ်ဆိုရင် ပကတိအခြေအနေအတိုင်း ဆုံးဖြတ်စေချင်လို့ပါ၊ ဒါလည်းကိုယ့်ရဲ့ ရှုးသွပ်မှုပါပဲလေ၊ ကိုယ်တောင်းပန်ပါတယ်"* '

စိုင်းကို ကြည့်နေရာမှ သူမ မျက်နှာလွှဲလိုက်သည်။ စိုင်းကို သူမဘက်မှ ယုံကြည်ခဲ့သလို စိုင်းဘက်က အလားတူ မတုံ့ပြန်ခဲ့သည်ကိုတော့ သူမ ဝမ်းနည်းဖက်လက်ဖြစ်ရသည်။ သို့ပေမဲ့ သည်ကိစ္စကို ယခုမှ ဖြေရှင်းနေစရာအကြောင်းမရှိတော့၊

*"ကဲ ဒါဆိုလည်း ဟိုမှာ ကြို့ဆိုနေကြပြီ သွားစို့"*

စိုင်းက သက်မတစ်ချက်ချစဉ်မှာ သူမလက်ကို စိုင်းဆီကမ်းလိုက်ပြီး တူနှစ်ကိုယ် လက်တွဲလျက် သင်္ဘောကုန်းပတ်ပေါ် လျှောက်လာခဲ့ကြသည်။ ရောင်စုံအလံ၊ လက်ကိုင်ပိုစတာများဖြင့် အလှဆင်ထားသော မော်တော်တွေပေါ်က ဆီးကြို့နေသူတွေကို လက်ပြနှုတ်ဆက်နေစဉ်မှာ အရာရှိတစ်ချို့ သင်္ဘောကုန်းဘောင်တံတားမှ တက်လာကြ ပြီး စိုင်းကို အရိုအသေပြုရင်း နှုတ်ဆက်ကြသည်။ အင်ဂျီ စိတ်တွေ အရမ်းလှုပ်ရှားလာသည်။ စိုးရိမ်စိတ်နှင့် အားငယ်လာသည့်တိုင် စိတ်ကို တည်ငြိမ်အောင် အားတင်းထားရသည်။ သည်လို သည့်အကြောင်းကိုသာ ကြို့တင်သိခဲ့လျှင် မိမိဘက်က ပြင်စရာရှိတာတွေပြင်ဆင်နိုင်လိမ့်မည်၊ ယခုတော့ သူမရင်ထဲမှာ စနိုးစနောင့်နှင့် စိုင်းကို ပထမဆုံးအကြိမ် စိတ်ခုမိသည်။

သီပေါစော်ဘွားလေးနှင့် သူ၏ ကြင်ယာတော်တို့ကို အစောင့်အကြပ်များ ဝိုင်းရံလျက် လှပင်မှုကြီးကြပ်ရေးနှင့် အကောက်အခွန်ဂိတ်များကို ဖြတ်၍ သင်္ဘောပေါ်မှ ဆင်းလာကြသည်အခါ သူတို့နှင့်အတူ လိုက်ပါလာကြသော ခရီးသည်တို့မှာ တအံ့တသြ ငေးမောလျက် ကျန်ခဲ့ကြသည်။ ကမ်းနားနှင့် တံတားပေါ်တွင်ကား။ လာရောက်ကြို့ဆိုနေ

ကြသော၊ ရှမ်း ပမာညေ့်ပရိတ်သတ်များအပြည့် အိုးစည်၊ လင်ကွင်း ကြေးမောင်းတို့ တီးခတ်၊ ကခုန်နေသော အဖွဲ့များကလည်း သောသောညံညံ၊ မြူးမြူးကြွကြွ အရှေ့တိုင်း အသွင်နှင့် မှုံမှုံညက်ညက်၊ လှပလွန်းသော ပျိုမေတစ်သိုက်က အင်္ဂျီထဲ ပန်းစည်းများ ကမ်းပေးကြရာ ကြာဖြူကြာနီပန်းတွေနှင့် သင်းပျံ့ပျံ့စပယ်ဖြူဖြူတွေ နောက်ထပ် အင်္ဂျီ မသိသေးသော အရှေ့တိုင်းက ပန်းလှလှလေးတွေလည်းပါသေး ည်။ ကမ်းလာသော ပန်းစည်းတို့ကို ပွေ့ရင်းပိုက်ရင်း ပန်းပွင့်တွေကြားမှ မိန်းမပျိုတစ်ယောက်ကို အင်္ဂျီ အနီးကပ်ကြည့်မိလိုက်ရာ၊ ဝင်းပကြည်လင်သော မျက်နှာပေါ်က ရွှမ်းလဲ့သော အပြုံးကို ဦးစွာသတိပြုမိလိုက်သည်။ ဖြောင့်စင်း၍ သွယ်လျသောခန္ဓာကိုယ်တွင် ရောင်စုံပိုးထမီနှင့် ပဒုံမာရင်ကြပ် အင်္ကျီအဖြူတို့ကို ချပ်ချပ်ရပ်ရပ်ဝတ်ဆင်လျက် နက်မှောင်သော ဆံပင်ကို နောက်တွင်စု၍ တပတ်လျှိုထုံးထားရာ ဝါညက်ညက်မျက်နှာလေးက ထင်းထင်းပေါ်နေ သည်။ အမေရိကသို့ လာရောက် ပညာသင်ကြားသော မြန်မာအမျိုးသမီးကျောင်းသူ တို့နှင့် အင်္ဂျီကြုံဖူး ဆုံဖူးခဲ့ပါသော်လည်း ယခု တွေ့မြင်နေသော မြန်မာအမျိုးသမီးများ နှင့် ကွာခြားနေသည်ဟု ထင်သည်။ အမေရိကတွင်မူ အေးခဲသော ရာသီဥတုဒဏ်ကို ခံနိုင်ဖို့အတွက် ကုတ်အင်္ကျီရှည်ကြီးတွေနှင့် သားရေဘွတ်ဖိနပ်တွေ ဝတ်ဆင်ရသည်ဖြစ်၍ နဂိုရှည်၊ အဆင်အသွေးတို့ ဖုံးကွယ်ထားဟန်တူသည်။ ယခု မြန်မာမြေပေါ်တွင် တွေ့မြင် နေရသော မြန်မာအမျိုးသမီးများကား သူတို့ ပန်ဆင်ထားသော ပန်းတို့ဖြင့် အလှချင်း ပြိုင်နေကြပါ၏။ အမျိုးသားများကလည်း ပြေလွင်သော အဆင်အကွက်ဖြင့် ပုဆိုးတို့ကို ဝတ်ဆင်လျက် အချို့က ချောင်ချောင်ချိချိ ရှမ်းဘောင်းဘီများနှင့် သို့ရာတွင် ၅မ်းခေါင်း ပေါင်းနှင့် ပမာခေါင်းပေါင်းတို့မှာ တစ်မျိုးတစ်ဘာသာ ကွာခြားနေသည်။

ရုတ်ရုတ်သဲသဲ လူစုလူဝေးကြီးအကြား တိုးဝှေ၍ လိုက်ပါလာရင်း အပူပိုင်း ဒေသ၏ မွန်းတည့်နေအောက်တွင် အင်္ဂျီ ချွေးသီးချွေးပေါက်တွေ ကျလာပြီး အသက်ရှူ မွန်းကြပ်လာသည်။ အမြင်အာရုံတို့ ပြာဝေလာရာမှ စိုတက်လာသော မျက်ရည်တို့ကို အားတင်းဆည်ရင်း စိုင်းကို မျက်စောင်းတစ်ချက်ထိုးကြည့်လိုက်သည်။ အင်္ဂျီ မကျေနပ် ပါဘူး တွေးမိတိုင်းဒေါသဖြစ်ရသည်။ သူမ ဝတ်လာသော အနောက်တိုင်း အဝတ်အစား များက ယခုအခြေအနေနှင့် လိုက်လျောညီထွေခြင်း မရှိ။ စိုင်းနောက် လိုက်ပါခဲ့စဉ်က သူမ တွေးထင်၊ စိတ်ကူးခဲ့သည်တို့ထက် ယခုကြုံတွေ့လိုက်ရသော အရာတို့သည်ကား သူမအဖို့ ပို၍ ဆန်းကြယ်နေပါ၏။ ယခု ဆီးကြိုနှုတ်ဆက်နေကြသော လူစုလူဝေးကြီး ကား တစ်နေ့တွင် သူမ၏ မိသားစုဝင်များအဖြစ်သော်လည်းကောင်း၊ မိတ်ဆွေများ

အဖြစ်သော်လည်းကောင်း ရောက်ရှိလာကြမည် ဖြစ်သော်လည်း အချို့မှာမူ သူမ၏ ရန်သူများအဖြစ် ပြောင်းလဲသွားမည်ကို ထိုစဉ်က သူမ မသိခဲ့။ သူတို့၏ ချိုလွင်သော စကားသံနှင့် လုပသော အပြုံးတို့နောက်ကွယ်မှ အဓိပ္ပာယ်တို့ကို သူမ နားလည်ချင်စမ်း ပါဘိ။

ထိုစဉ် လူအုပ်ကြားမှ အမျိုးသမီးတစ်ယောက် တိုးထွက်လာပြီး အင်္ဂျီထံ ပန်းစည်းတစ်စည်း ကမ်းပေးလိုက်သည်၊ အမျိုးသမီးမှာ အင်္ဂျီထက် အရပ်အမောင်း အနည်းငယ်ပု၍ သေးသွယ်သော်လည်း ထူးခြားစွာ ပေါ်လွင်နေသည်။

*"ညီမလေး အင်္ဂျီကို ကြိုဆိုပါတယ်၊ ဒို့က နန္ဒပါ၊ မင်းအဆင်ပြေတဲ့အထိ ကိုယ်တာဝန်ယူစောင့်ရှောက်မှာပါ"*

စိုင်းမှာ အမတစ်ယောက်ရှိကြောင်း သူမသိထားသော်လည်း သူမ တွေ့ဖူး သော ဓာတ်ပုံထဲက အမျိုးသမီးနှင့် ယခုအမျိုးသမီးတို့ ရုပ်ရည်ချင်းကွဲနေသလို နာမည် လည်း တစ်မျိုးစီဖြစ်နေသဖြင့် သူမ ဇဝေဇဝါဖြစ်သည်။ သို့ပေမဲ့ နန္ဒ၏ နွေးထွေးသော ကြိုဆိုမှုနှင့် စင်းလုံးချောအင်္ဂလိပ်ဘာသာစကားကို သူမ အသိအမှတ်ပြုရသည်။ ပင်လယ် ကူးသင်္ဘောကြီးနှင့် အိန္ဒိယသမုဒ္ဒရာကို ဖြတ်လာစဉ်က စိုင်းထံမှ ဗမာစကား တစ်ခွန်းစ နှစ်ခွန်းစ သူမ သင်ယူခဲ့သော်လည်း ယခုသုံးစရာ မထိုသေး။ သို့ပေမဲ့ နောင်များမှာတော့ ဗမာစကားသာမက ရှမ်းစကားကိုပါ သူမ သင်ယူရပေဦးမည်။ သူမ၏ တစ်ဖက်တွင်မူ အရေးပါသည်ဟု ထင်ရသော ရှမ်းအမျိုးသားကြီးတစ်စုနှင့် စိုင်းတို့မှာ ရှမ်းနှင့် ဗမာစကားတို့ ကို သွက်သွက်ချာချာပြောပြီး ကြိုဆိုနှုတ်ဆက်နေကြရာ၊ သူမအနေနှင့် တစ်လုံးတစ်ပါဒမျှ နားမလည်သော်လည်း သူတို့၏ ပျော်ရွှင်သော ရယ်မောသံတို့ကြောင့် တစ်စိတ်တည်း တစ်ဝမ်းတည်းလို ခံစားနေရသည်။

*"အင်္ဂျီ သူတို့က အင်္ဂျီရဲ့ ညီမငယ်တွေပဲ၊ သူနာမည်က ဒေဇီ၊ သူက ဂရေ့၊ သူကတော့ ရှဘီတဲ့ သူတို့ကိုမင်းက အင်္ဂလိပ်စကားနဲ့ လိုအပ်တာတွေ သင်ပေးရမယ် နော်'*

နန္ဒာက အမျိုးသမီးငယ်လေး သုံးယောက်နှင့် မိတ်ဆက်ပေးလိုက်မှ အင်္ဂျီ အာရုံပြောင်းသွားသည်။ သည်မှာလည်း ညီမတွေတဲ့၊ သို့ဆိုလျှင် စိုင်းမှာ ညီမတွေ ဘယ်လောက်များများ ရှိပါလိမ့်၊ ထိုစဉ် သူမလက်ကို စိုင်းက ဆတ်ခနဲ လှမ်းဆုပ် လိုက်သည်။

*"အင်္ဂျီရေ နေကပူလာပြီ၊ ကိုယ်တို့တွေ မြန်မြန်သွားကြစို့ စထရင်းဟိုတယ်*

*(ကမ်းနားဟိုတယ်)မှာ ကြိုဆိုရေးကော်မတီအဖွဲ့ဝင်တွေနဲ့ တွေ့ဖို့ ဖိတ်ထားတယ်၊ ရောက်မှပဲ သူတို့နဲ့ အင်ဂျီကို မိတ်ဆက်ပေးရမယ်"*

ပြောပြောဆိုဆို စိုင်းက သူမလက်ကို ဆွဲလျက် မော်တော်ကားဆီ ခပ်သွက်သွက်လျှောက်သွားသည်။

*"ကျမတို့ ခရီးဆောင်အိတ်တွေကော"*

အခုမှသတိရပြီး သူမက ရုတ်တရက်မေးလိုက်သည်။

*"အဲ့ဒီအတွက် စိတ်ပူမနေပါနဲ့ ကိုယ့်ရဲ့အတွင်းရေးမှူးက တာဝန်ယူပါလိမ့်မယ်"*

မိမိတို့၏ ခရီးဆောင်အိတ်များကို အခြားတစ်ယောက်ကို တာဝန်ယူနိုင်းသည် ဆိုသဖြင့် သူမစိတ်ထဲ တအံ့တဩဖြစ်ရသည်။ သူမအဖို့ ခရီးသွားသည့်အခါတိုင်း ခရီးဆောင်အိတ်တို့ကို သယ်ရပိုးရ၊ ရွေးရယူရနှင့် အမြဲစိတ်ပူခဲ့ရသည်။ ယခုမူ မော်တော်ကား နောက်ခန်းအတွင်း သူတို့နှစ်ဦး ဝင်ထိုင်လိုက်ကြသည်တွင် . . .

*"အင်ဂျီကို ကိုယ်တစ်ခု ပြောရဦးမယ်၊ လူတွေရှေ့မှာ ကိုယ့်ကို စိုင်းလို့ ခေါ်လို့မရတော့ဘူး။ အင်ဂျီသဘောပေါက်မှာပါ"*

*"ဒါဆို ကျမက ဘယ်လိုခေါ်ရမှာလဲ"*

*"ကိုယ်က ခေါ်စေချင်လို့မဟုတ်ပါဘူး။ ကိုယ့်လူတွေက ခေါ်ကြတာပါ"*

*"အိုကေ ဒါဆိုပြောကြည့်စမ်းပါဦး။ ဘယ်လိုခေါ်ရမလဲ"*

*"လူတွေရှေ့မှာဆို ကိုယ့်ကို အင်ဂျီက စဝ်ပြည့်ဖလို့ ခေါ်ရမယ်"*

*"စဝ်ပြည့်ဖဟုတ်လား။ အဲဒါဘာအဓိပ္ပါယ်လဲ"*

*"သီပေါနယ်ကို အုပ်ချုပ်မင်းလုပ်နေသော နောင်တော်မင်းသားကြီးတဲ့"*

စိုင်းစကားဆုံးသည်နှင့် သူတို့နှစ်ဦးကလေးတွေလို ပြိုင်တူရယ်လိုက်ကြပြီး စိုင်းက ဆက်ပြောသည်။

*"ပြီးတော့ ကိုယ့်တိုင်းသူတွေက မင်းအတွက် ပေးထားတဲ့နာမည်ရှိသေးတယ်၊ သုစန္ဒီတဲ့ ဒါပေမဲ့ ကိုယ်ကတော့ အဲဒီနာမည်ကို မခေါ်ချင်ဘူး"*

သုစန္ဒီဆိုသော အနက်အဓိပ္ပါယ်ကို သိချင်သေးပေမဲ့ သည်အချိန်မှာ သူမစိတ်တွေအရမ်းလှုပ်ရှားနေသလို နေပူရှိန်ကြောင့်လည်း တစ်ကိုယ်လုံး နွေးခွေ၍ နွမ်းနေရာ၊ နောင်မှပဲ မေးတော့မည်ဟု စိတ်ထဲမှ တေးမှတ်ထားလိုက်သည်။ စိုင်းပြောသည့် စထရင်းဟိုတယ်ဆိုသည်ကို အချိန်အတော်ကြာသွားရမည်အထင်နှင့် မျက်လုံးအစုံကိုပိတ်လျက် စိတ်ကို ဖြေလျော့ရင်း ခဏအနားယူဖို့ ပြင်ရုံပင်ရှိသေးသည်။ မော်တော်ကားက

စထရင့်ဟိုတယ်၏ ပေါ်တီကို အောက်သို့ ရောက်နေနှင့်ပြီ။ သူမနှင့် သူစိမ်းတရံဆံနေသော မြို့ပြမြင်ကွင်းကို မဖွင့်တဖွင့်မျက်လုံးများရှေ့မှာ မြင်တွေ့နေရသည်။ ဟိုတယ်ရှေ့ ကမ်းနားလမ်းမကြီးပေါ်မှာ၊ လန်ခြားများ၊ သစ်သားကိုယ်တည်ဖြင့် ဘတ်စ်ကားများ ဥဒဟိုသွားလာနေကြသည် ဟိုမှာသည်မှာ သက်နီးဝါဝါနှင့် ဗုဒ္ဓဘာသာဘုန်းကြီးတွေ၊ ဈေးတောင်းကြီးတွေ ခေါင်းရွက်လာသည့် မိန်းမကြီးများ သဲသဲရုတ်ရုတ် သွားလာနေသူတို့ကြားမှာ အဖြူရောင်ခမောက်၊ ခါးပတ်ကြားနှင့် ယာဉ်ထိန်းရဲတစ်ယောက်လည်း အလုပ်ရှုပ်နေသည်။

စထရင်းဟိုတယ်ကား ဗြိတိသျှတို့၏ ဝိတိုရိယဗိသုကာလက်ရာဖြင့် ကြော့ရှင်းနေသော အဖြူရောင် ကိုလိုနီအမှတ်အသားတစ်ခု သို့မဟုတ် နေပူပူအောက်မှာ ပျားပန်းခတ်လှုပ်ရှားနေသော ရန်ကုန်မြို့ကြီးအတွင်းမှ အင်္ဂလိပ်တို့အတွက် တိတ်ဆိတ်ငြိမ်အေးရာ ကျွန်းငယ်လေးတစ်ကျွန်း။ သို့ပေမဲ့ စိုင်းနှင့် လူအုပ်ကြီးရောက်ရှိသွားချိန်တွင်မူ ဗြိတိသျှတို့အတွက် သီးသန့်ကျွန်းငယ်ကလေးမှာ အာရှဆန်သွားသည်။ ဖိနပ်မပါ ခြေဗလာနှင့် အိန္ဒိယအမျိုးသား ဟိုတယ်ဝန်ထမ်းများက စိုင်းနှင့် အင်ဂျီတို့ကို ညွှတ်ကြိုနှုတ်ဆက်ပြီး ရှေ့မှ ဦးဆောင်ခေါ်သွားရာ အခန်းကျယ်ကြီးတစ်ခန်းအရောက်တွင်မူ ကြိုဆိုရေးအဖွဲ့မှ လူ (၅၀) ခန့် စုရုံးဝိုင်းဖွဲ့၍ ထိုင်နေကြသည်ကိုတွေ့လိုက်ရသည်။ တစ်နေရာတွင် အင်ဂျီထိုင်လိုက်သည်။ သူမကို ဖူးစမ်းနေသော အကြည့်များ၊ လုံးဝနားမလည်သော ဘာသာစကားများကြားတွင် စိတ်ရှုပ်ထွေးသလို အားငယ်သလို ခံစားမိသည်။ မိသားစုနှင့် ဇာတိမြေကို စွန့်ခွာပြီး စိုင်းနောက်လိုက်လာခဲ့သည်မှာ မှားများမှားပြီလား၊ မိမိနှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိပါသော ရေစိမ်းမြေစိမ်းတစ်နေရာမှာ တစ်သက်တာလုံးနေနိုင်ပါမလား။ ပြီးတော့ စောစောကမှ တအံ့တသြသိလိုက်ရသော စပ်ကြာဆိုင်ဆိုသူကိုရော သူမအနေနှင့် ရှေ့ဆက်ယုံကြည်၍ ရနိုင်ပါ့မလား။ သို့ပေမဲ့ သူမ၏သံသယများကား စိုးရိမ်ထိတ်လန့်ခြင်းမဟုတ်၊ ဘဝသစ်တစ်ခုကို စတင်ဖို့ သူမ အခိုင်အမာဆုံးဖြတ်ပြီးဖြစ်ပါ၏။

ရန်ကုန်တွင် နောက်ထပ် ငါးရက်နေကြရာ၊ အဆိုပါနေ့ရက်များအတွင်း စိုင်းနှင့် အင်ဂျီတို့မှာ မိတ်ဆက်ပွဲများ၊ တွေ့ဆုံပွဲများ၊ အလည်အပတ်ခရီးများနှင့် နေ့စဉ်ဒလက်လည်နေသလို ဖေါ်ရွေသော မြန်မာ့ယဉ်ကျေးမှုနှင့် ကျွတ်ဆတ်မာကျောသော မြန်မာ့နိုင်ငံရေးတို့ကိုလည်း လေ့လာမှတ်သားခွင့်ရခဲ့ပါ၏။

သို့ဖြစ်၍ မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ခဏဘေးချိပ်ထား၍ စိုင်း

နောက်သို့သာ တကောက်ကောက်လိုက်ပါခဲ့သည်။ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့ နံနက်စောစော၌ပင် ရှမ်းပြည် ဗဟိုအစိုးရ၏ အကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ စပ်ခွန်ချို၏ နေအိမ်တွင် နံနက်စာစားကြပြီး ရိုးလ်ကုမ္ပဏီသို့ ဝင်ကြသည်။ ရိုးလ်ကုမ္ပဏီမှာ အင်္ဂလိပ်လူမျိုးများနှင့် အခြားချမ်းသာကြွယ်ဝသူများအတွက် သီးသန့်ဖြစ်၍ ဤတွင် သုစန္ဒီ မရောက်ဘူးမမြင်ဘူးသေးသော အိမ်ဂေဟာအတွက် အသုံးအဆောင်ပစ္စည်း၊ ပစ္စရာများ ဝယ်ကြသည်။ ပြီးနောက် ရန်ကုန်ယူနီဗာစတီတွင် လာရောက်ပညာသင်ကြား နေကြသော သီပေါနယ်မှ ကျောင်းသူကျောင်းသားများနှင့် စထရင်းဟိုတယ်မှာ တွေ့ဆုံ နှုတ်ဆက်ကြပြီး စိုင်းနှင့်အတူ ဆူးလေစေတီတော်သို့ ရောက်လာကြသည်။ ဆူးလေ စေတီမှ ဗေဒင်ဆရာမတစ်ဦးမှာ အမေရိကားသို့ စိုင်းထွက်ခွာမလာမီ ဗေဒင်မေးခဲ့သူ တစ်ဦးဖြစ်ပြီး သုစန္ဒီလည်း တွေ့လိုသူဖြစ်သည်။

သုစန္ဒီသွားလိုရာ နေရာများဆီ အတွင်းရေးမှူး ဦးဘမောင်က တာဝန်ယူပို့ ဆောင်ရသည်။ ဦးဘမောင်မှာ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်သော လမ်းညွှန် တစ်ယောက်ဖြစ်သည့်တိုင် နန္ဒာပါလာသည့်အခါများတွင် သုစန္ဒီအတွက် ပို၍ အဆင်ပြေ သည်။ နန္ဒာမှာ အနောက်တိုင်းအဓိပ္ပါယ်အရ စိုင်း၏အစ်မ မဟုတ်ဘဲ၊ အမှန်တကယ် ဝမ်းကွဲမောင်နှမ တော်စပ်သည်ကို သူမသဘောပေါက်လာသလို၊ ကိုကို၊ မမ၊ ဦးဦး၊ ဒေါ်ဒေါ်၊ အဖိုး၊ အဖွားစသဖြင့် သူစိမ်းတရံတို့ကိုပင် အသက်အရွယ်အလိုက် မိမိ၏ ဆွေမျိုးသားချင်းများကဲ့သို့ ခေါ်ပြော၊ သုံးနှုန်းတတ်သော မြန်မာ့လူမှုဘဝ ဆက်ဆံရေးနှင့် လည်း သုစန္ဒီ နားယဉ်လာသည်။ နန္ဒာသည် စိုင်းမတိုင်မီ၊ သီပေါစော်ဘွား၏ မဟေသီ တစ်ပါးဖြစ်ခဲ့သော်လည်း အချစ်အတွက် မဟာဒေဝီဘွဲ့ကို စွန့်၍ မန္တလေးမှ လူတစ် ယောက်နှင့် လက်ထပ်ခဲ့ရာမှ သီပေါဟော်နန်း တော်ဝင်မိသားစုစာရင်းမှ ထုတ်ပယ် ကြောင်း တရားဝင်ကြေညာခဲ့သည်။ သို့ပေမဲ့ နန္ဒာ၏ အိမ်ထောင်ရေးက မဖြောင်ဖြူး၊ မချောမွေ့၊ အိမ်ထောင်ရေးဒုက္ခ သုက္ခတို့ကို ရင်စည်းခါးစည်းခံနေရသည်ဖြစ်၍ စိုင်းက သူ့အစ်မတော်ကို ဟော်နန်းသို့ ပြန်ခေါ်ပြီး စောင့်ရှောက်ခဲ့ခြင်းဖြစ်ရာ ယခုမူ နန္ဒာသည် သုစန္ဒီအတွက် တိုးတိုးဖော်တစ်ယောက်ဖြစ်လာသည်။ အကင်းအညာ ပါးသလို ရှမ်း၊ ဗမာ၊ အင်္ဂလိပ်ဘာသာစကားတို့ကို အရေလည် အပတ်စေ့အောင် ချက်ချက်ချာချာ ပြောနိုင်သည့်အတွက်လည်း နန္ဒာမှာ သုစန္ဒီအတွက် သွားလေရာ အဖော်ဖြစ်လာသည်။ သုစန္ဒီအတွက် နောက်ထပ် မိန်းမအဖော်များမှာ စိုင်း၏ ညီမများဟုဆိုသော ဒေဝီ၊ ကရေ့စ်နှင့် ရှုဘီတို့ဖြစ်သည်။ သူတို့၏ အမည်များမှာ မေမြို့ခရစ်ယာန်သီလရှင်

ကျောင်းတက်စဉ်က ရခဲ့သောအမည်များဖြစ်ပြီး၊ ယခုမှ ရန်ကုန်သို့ ပထမဆုံးအကြိမ် ရောက်ဖူးကြသည့်အတွက်လည်း တစ်ချိန်လုံး မြူးမြူးရယ်ရယ်နှင့် ပျော်ရွှင်နေကြသည်။

*"ရှမ်းပြည်မှာ နေရတာ မင်းသဘောကျမှာပါ"*

ရန်ကုန်တွင် သုစန္ဒီနှင့် တွေ့ဆုံခဲ့ကြသူ အတော်များများက ဆိုခဲ့သလို ထင်ကြေးပေးခဲ့ကြသော်လည်း သူမအတွက် ပထမဆုံးထမီနှင့် ရင်စေ့အကျီကို ချုပ်ပေးသူ မြန်မာစက်ချုပ်သမတစ်ဦးကမူ ရှမ်းပြည်တွင် စုန်းတတ်သူနှင့် ခေါင်းဖြတ်သူများရှိကြောင်း သူမကို သတိပေးသည်။ သုစန္ဒီအတွက် မိုးပြာရောင် ပိုးထမီနှင့် ရင်စေ့လက်ပြတ် အဖြူရောင်အကျီတို့ ချုပ်လုပ်ပြီးသည့်အခါ အဝတ်အစားများနှင့် လိုက်ဖက်မည့် မြန်မာ ကတ္တီပါခြေညှပ်ဖိနပ်တစ်ရန်ကိုပါ အထံည်ချုပ်သူက စီစဉ်ပေးရာ မြန်မာအဝတ်အစား များနှင့် မိမိပုံကို ကိုယ်လုံးပေါ် ကြည့်မှန်ထဲတွင် မြင်တွေ့လိုက်ရသည့်အခါတွင်မူ သုစန္ဒီနှစ်ခြိုက်စွာ ပြုံးလိုက်သည်။ ယခုလို ဆင်ယဉ်ထုံးဖွဲ့မှုကို သူမသဘောကျသည်။

*"အော် . . . ငယ်ငယ်ရွယ်ရွယ် ရုပ်ရည်က လှလှပပနဲ့ ကလေးမ၊ ရှမ်းပြည်သွားရ တော့မယ်ဆိုတော့ သနားစရာပဲ၊ မယ်မင်းကြီးမ ဘေးကင်းရန်ကင်းလို့ ကျမ်းမာ ချမ်းသာပါစေ"*

စက်ချုပ်သူအမျိုးသမီးက နူတ်မှ ပာတွတ်တွတ်နှင့် သုစန္ဒီအတွက် ဆုတောင်း ပေးနေသည်တို့ကို နန္ဒာက ဘာသာပြန်ဆိုပြောပြသည်။

*"ကျမ ရန်ကုန်ရောက်ရင် လာတွေ့ပါဦးမယ်၊ ကျမအထင်တော့ ရန်ကုန်မြို့ကြီး မှာထက် ရှမ်းပြည်မှာ ပိုပြီး လုံခြုံမယ်ထင်ပါတယ်"*

သုစန္ဒီက ရယ်မောရ၍ ပြောဆိုလိုက်သော်လည်း စက်ချုပ်သူအမျိုးသမီးက တုံဏှိဘာဝေ၊ သူမမှတ်ချက်ကို သဘောတူပုံမရ။ စင်စစ်လည်း သုစန္ဒီနှင့် တွေ့ဆုံ ပြောဆိုခဲ့ကြပါသော ဗမာများစုအနေနှင့် ရှမ်းပြည်ထောင်တို့ကို နိုင်ငံခြားတိုင်းပြည် တစ်ပြည်အဖြစ် သဘောထားခဲ့ကြရုံမျှမက၊ အချို့ဆိုလျှင် ယဉ်ကျေးမှုမရောက်သော ဘေးအန္တရာယ်ပြွန်းသည့် နေရာဒေသအဖြစ် နားလည်ထားကြရာ ရှမ်းပြည်နယ်တွင် စုန်း၊ ကဝေ၊ သရဲ၊ အောက်လမ်းအတတ်များ ပေါသည်။ တောတောင်များထဲတွင် ခေါင်းဖြတ်လူရိုင်းများရှိသည် စသဖြင့် သတင်းစကားများကိုမူ ပေါ်ပေါ်ထင်ထင်တစ်မျိုး

သွယ်ဝိုက်၍ တစ်ဖုံကြားရတတ်သည်ဖြစ်၍ သူမအဖို့ ပဟေဠိတစ်ပုဒ်ဖြစ်နေသည်။

ရှမ်းပြည်ထောင်စုများနှင့် ဤမျှနီးနီးကပ်ကပ် နေထိုင်နေကြပါလျက် ရှမ်းတိုင်းရင်းသားတို့၏ လက်တွေ့ဘဝကို ခြေခြေမြစ်မြစ် နားမလည်နိုင်ကြသည်ကိုမူ သူမ အံ့ဩရပါ၏။ မည်သို့ရှိစေ စိုင်းကို သုစန္ဒီ အကြွင်းမဲ့ယုံသည်။ သူ၏ စော်ဘွား(မင်းသား) ဘဝကို အချိန်တစ်ချိန်အထိ ဖုံးကွယ်ခဲ့သည်တိုင် အဆိုပါကိစ္စက သူမ၏ ယုံကြည်မှုကို စိုးစဉ်မျှ လျော့ပေါ့ခဲ့ခြင်းမရှိ။ စိုင်း၏ ရိုးသားပွင့်လင်းမှုကို သူမဘက်မှ အမြဲတစေ ဦးခိုက်ခဲ့ရပါ၏။ ယခုလည်း မိမိကြားခဲ့သော သတင်းပလင်းတို့ကို ပြောပြတော့ စိုင်းက အူလှိုက်သည်းလှိုက်မျှပင် ရယ်နေရာ၊ စိုင်း၏ ရယ်မောသံတို့ကပင် သူမ၏ စိုးရိမ်စိတ်တို့ကို ဖယ်ရှားနိုင်ခဲ့ပါ၏။

ရန်ကုန်တွင် ခတ္တနေခိုက်မှာပင် ရှမ်းပြည်ထောင်စုများနှင့် ပတ်သက်ပြီး သုစန္ဒီ သိချင်စရာတွေ များနေသည်။ ကမ္ဘာ့အစွန်းအဖျားဖြစ်ပါစေ စိုင်းနှင့်အတူ နေရလျှင် ချမ်းမြေ့ပျော်ရွှင်ရသလို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တစ်စိတ်တစ်ဝမ်းအဖြစ် မှီတင်းနေထိုင်ကြကုန်သော ရှမ်းပြည်သူလူထုနှင့် လက်ပွန်းတတီး အေးတူပူမျှ နေထိုင်ရမည်ဖြစ်၍လည်း သူမ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါ၏။ ရှမ်းပြည်ထောင်စုများသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်တွင် တည်ရှိ၍ နိုင်ငံ၏ ဧရိယာ လေးပုံတစ်ပုံခန့်ကို နေရာယူလျက် တရုတ်၊ လာအိုနှင့် ထိုင်း*(ယိုးဒယား)*နိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ရှမ်းပြည်ထောင်စုများတွင် တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများစွာလည်း နေထိုင်လျက်ရှိကြပြီး လူဦးရေ သုံးသန်းကျော်မျှရှိသော ရှမ်းတိုင်းရင်းသားတို့၏ ဘာသာစကားနှင့် အထွေထွေယဉ်ကျေးမှုများမှာ အခြေခံအားဖြင့် ထိုင်း*(ယိုးဒယား)*လူမျိုးများနှင့် တစ်ရိုးတစ်ဆက်တည်းဖြစ်သည်။ ရှမ်း (သို့) ယိုးဒယားတို့၏ မူလဇာတိ ပဝတ္တိကား နန်ချိုခေါ် ဧကရာဇ်နိုင်ငံတော်ကြီးတစ်ခု ဖြစ်ခဲ့သော်လည်း တာတာလူမျိုးတို့က တိုက်ခိုက်ဖျက်ဆီးခဲ့ကြသဖြင့် တရုတ်ပြည်မှတစ်ဆင့် တောင်ဘက်သို့ ပြောင်းရွှေ့လာခဲ့ရာမှ မြန်မာနှင့် ယိုးဒယားနိုင်ငံတို့ကို တိုက်ခိုက်အောင်မြင်ခဲ့ကြလေသည်။

သို့ရာတွင် မြန်မာတို့ကို ရှမ်းတို့ လွှမ်းမိုးချုပ်ကိုင်နိုင်သည့်ကာလမှာ များစွာ မကြာလိုက် ရာစုသုံးစုမျှလွန်ပြီး နောက်တွင်မူ ရှမ်းတောင်တန်းဒေသများအထိ ပြန်ဆုတ်ခွာခဲ့ရသည်။ အဆိုပါကာလအထိ ရှမ်းတို့သည်လည်း ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို လက်စကျင့်သုံးနေပါသော်လည်း မြန်မာကဲ့သို့ သက်ဦးဆံပိုင် နန်းရှိမင်းဆက်မရှိ၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာသော ရှမ်းစော်ဘွား*(မင်းသား)*၁၄မဟုတ် လူမျိုးစု

အကြီးအကဲများကသာ ၎င်းတို့ ဆိုင်ရာပိုင်ရာပြည်နယ်တို့ကို အုပ်ချုပ်ကြပြီး မြန်မာဘုရင်ကို တစ်နှစ်တစ်ကြိမ် ဘဏ္ဍာတော် ဆက်ကြရသည်။ သို့ရာတွင် ဗြိတိသျှအစိုးရက မြန်မာဘုရင်မင်းဆက်ကို ဖျက်သိမ်းလိုက်ပြီး၊ တစ်တိုင်းတစ်ပြည်လုံးကိုမူ ဗြိတိသျှအင်ပါယာအတွင်း ဆွဲသွင်းလိုက်သော်လည်း ရှမ်းစော်ဘွားတို့ကို ယခင်အတိုင်း အထူးအခွင့်အရေးများ ဆက်လက်ပေးအပ်ထားရာ ရှမ်းပြည်ထောင်စုများမှာ ပဒေသရာဇ် အာဏာနှင့် ကိုယ်ပိုင်လွတ်လပ်မှု အများအပြားရရှိ ခံစားခဲ့ကြသည်။

ကမ္ဘောဇဗ္ဗာနီနှင့် ရှမ်းလူမျိုးတို့အကြောင်းကို တစ်ခါက စိုင်းပြောပြထားပြီးဖြစ်သည့်အတိုင်း။ သူမအနေနှင့် စိုးရိမ်ထိတ်လန့်စရာ ပြဿနာတစ်ခုမျှ မမြင်မိ။ မိမိနှင့် စိမ်းသော ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်မှာ အနည်ထိုင်ဖို့ဆိုလျှင် အခက်အခဲ အနည်းနှင့် အများ ရင်ဆိုင်ရင်း အလျော့အတင်း လုပ်ယူရမည်ဟုသာ သုစန္ဒီ မျှော်လင့်ခဲ့သည်။

သို့ပေမဲ့ မိမိနှင့် ကျောင်းနေဘက်သူငယ်ချင်း ဟန်နီဘာဝကို တွေးမိသည်နှင့် ယခုလို လင်ယောကျ်ားနောက် ကောက်ကောက်ပါအောင် လိုက်လာခဲ့ပါသော မိမိ ဆုံးဖြတ်ချက်ကို သို့လော သို့လောဖြစ်ရသည်။ မိသားစုရှိရာ ဩစတြေးလျသို့ ပြန်ရောက်နိုင်ပါဦးမည်လား။ သူငယ်ချင်းဟန်နီကတော့ အရှေ့အလယ်ပိုင်းမှ ယောကျ်ား တစ်ယောက်နှင့် အိမ်ထောင်ကြပြီး မှတ်ဆလင်အိမ်ထောင်၏ ကျေးကျွန်တစ်ယောက်ဖြစ်နေလေပြီ။

သူမအတွက်ကော အလားတူ ကံကြမ္မာမျိုး စောင့်နေပါသလား။ ဩစတြေးလျတွင် မိသားစုနှင့်အတူ ရှိနေစဉ် နေ့ရက်တို့ဆီ စိတ်ရောက်သွားပြန်သည်။ ဒုတိယကမ္ဘာစစ်ကာလက ဗုံးတွေ တစ်လုံးပြီး တစ်လုံးကျနေပြီး ကမ္ဘာပျက်သလို ရှုံးရင်းဆန်ခတ် ပြေးလွှားအော်ဟစ်သံတွေ ပွက်ပွက်ညံနေသည့်တိုင် မိသားစုရင်ခွင်ထဲမှာ လုံခြုံနေသလို သူမ ခံစားနေရသည်။ ယခုသော်မူ ရန်ကုန်မြို့၏ အကောင်းဆုံး ဖိမ်ခံဟိုတယ်ကြီး၏ အိပ်ခန်းအတွင်း ပိုးဖဲကတ္တီပါ၊ ရွှေရောင် ငွေရောင်တို့ လက်လက်ထနေသော အသုံးအဆောင် ပစ္စည်းပစ္စရာတို့အလယ် ရောက်နေပါသော်လည်း *"ဟင်း"* ချလောက်သော လုံခြုံမှုကိုကားမရ။ သူမရင်ထဲ တစ်စုံတစ်ခု ပျောက်ဆုံးသွားသလိုခံစားနေရပါ၏။

## အခန်း (၃)

ယခုခရီးကား တူနှစ်ကိုယ်အတွက် အံမဲဂေဟာရှိရာ၊ သီပေါသို့ နောက်ဆုံးဆက်ရမည့် ခရီးအပိုင်း။ ရန်ကုန်၊ မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်ဖြင့် မြောက်ပိုင်း ရှမ်းပြည်၏ တစ်ခုတည်းသော လေဆိပ်ဖြစ်ပါသော လားရှိုးသို့ သွားပြီး၊ ထိုမှ တစ်ဆင့် မော်တော်ကားများဖြင့် သီပေါသို့ ခရီးဆက်ရမည်ဖြစ်သည်။

*"လောလောဆယ်တော့ ဒီလေယာဉ်ပျံတွေက စိတ်ချရပါတယ်"*

*DC-3* လေယာဉ်ပေါ်တွင် ရင်တုံပန်းတုံနှင့် မျက်စိမျက်နှာ ပျက်နေသော သတို့သမီးကို စိုင်းက ခတ်တည်တည်ပြောပြီး မကြာမီပင် အင်ဂျင်နှစ်လုံးမှ တဟဲဟဲ ဇော့ရမ်းသံများ ကျယ်လောင်လာပြီး ပြေးလမ်းပေါ်မှ ပျံတက်ချိန်တွင်မူ၊ လေယာဉ်ပျံ တစ်စီးလုံး လှုပ်ယမ်းလိုက်သလို သွက်သွက်ခါသွားသည်။ သုစန္ဒီ မျက်နှာတစ်ခုလုံး စက္ကူဖြူတစ်ရွက်လို ဖြူဆွတ်နေပြီး၊ လက်ဖျားခြေဖျားတွေအားလုံး တဆတ်ဆတ်တုံ နေရာ ခနော်နီခနော်နဲ့ လေယဉ်ထိုင်ခုံ လက်ရန်းနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် စိုးရိမ်တကြီး ငေးကြည့်နေသော စိုင်းကို ယဲ့ယဲ့မျှ သူမ ပြုံးပြရင်း မျက်လုံးနှစ်ဖက်ကို မှိတ်ထားလိုက်သည်။ လေယာဉ်ပြေးလမ်းပေါ်မှ ဆွဲတက်သွားသော အင်ဂျင်သံများက နားနပင်းနှစ်ဘက်လုံး အူတက်သွားပြီး ကောင်းကင်ပေါ်တွင် ပုံမှန်ပျံသန်းချိန် ရောက်မှသာ ဆူညံသံတွေ ပျောက်ပြီး ပကတိအနေအထား ရောက်လာရာ၊ သုစန္ဒီအဖို့ အနည်းငယ် စိတ်သက်သာရာရလာသည်။ စိုင်းက ဘဲဥပုံလေယာဉ်မှန်ပြတင်း တံခါး ပေါက်မှတစ်ဆင့် လက်ညှိုးထိုးပြနေသည်။ ဗမာပြည်၊ ပြည်မကို ကောင်းကင်အမြင့်မှ မြင်နေရသောမြင်ကွင်း။ ကတ္တီပါစိမ်းရောင် လယ်ကွင်းတွေကြားမှာ ကွေ့ကွေ့ ကောက် ကောက် စီးဆင်းရစ်ခွေနေသော မြစ်ပြင်နှင့် ချောင်းအသွယ်သွယ်၊ ဟိုမှာဘက်တွင်မူ

ရှုံးကုန်းမြေမြင့်၏ တောင်စဉ်တောင်တန်း အထပ်ထပ်၊ စိမ်းစိမ်းညို့နေသော တောအထပ်ထပ်တို့က လူမပေါက် သူမရောက်၊ လျှို့ဝှက်စွာ ဖြစ်တည်နေသည့်အလား ထင်မှတ်ရသည်။

မြစ်မင်းရော၏ ကမ်းနဖူးပေါ်မှ မန္တလေးမြို့ကို ဖြတ်ကျော်လာသည့် အခါတွင်မူ စိုင်းတစ်ယောက် ဖင်တကြွကြွနှင့် ဂနာမငြိမ်ဖြစ်လာပြီး မှန်ပြတင်းမှတစ်ဆင့် သီပေါသို့ သွားရာဆီ တကဲကဲ ကြည့်နေလေသည်။ မေမြို့ဝန်းကျင်မှ တောင်တန်းတို့ကို အမြင့်ပေ တစ်သောင်းမေ့ ကျော်ဖြတ်ပြီးသည်နှင့် ရထားလမ်းနှင့် သီပေါ–မန္တလေးသွား မော်တော်ကားလမ်းကြောင်း သေးသေးမျှင်မျှင်လေးကို ကောင်းကင်မှ စိုင်းရှာဖွေတွေ့လိုက်ပါပြီ။ အကြည့်ကို အနက်ရောင် မြွေလိမ်မြွေကောက် လမ်းကြောင်းလေးနောက်ကို ထပ်ချက်မခွာလိုက်ပါလာရာမှ စိုင်းရှာဖွေနေသော နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ပါလေပြီ၊ မြန်မာနှင့် သီပေါနယ်ကြားမှ ဂိတ်ပေါက်။

*"အင်ဂျီ . . . ဟိုမှာကြည့်စမ်း ကိုယ်တို့ သီပေါရောက်ပြီ"*

စိုင်းမျက်လုံးတွေ လက်လက်တောက်လာပြီး စိတ်လှုပ်ရှားနေသည်။ လေယဉ် အင်ဂျင်သံကို ကျော်၍ သုစန္ဒီ ကြားနိုင်အောင် အော်ပြောသည်။

*"ဟုတ်တယ်၊ အဲဒါ သီပေါပဲ၊ ငါတို့မြေကို ငါတို့ပြန်ရောက်လာပြီဟေ့"*

အသံကိုနှိမ့်၍ သူတစ်ယောက်တည်းရေရွတ်နေသလို ပြောနေပြန်သည်။ ဘိုးဘွားတို့မြေကို တွေ့လိုက်ရသည်နှင့် ကလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်နေသော စိုင်းမျက်နှာမှာ ရုတ်တရက် တည်ငြိမ်သွားပြီး မြင်ကွင်းတစ်ခုကို ငေးစိုက်ကြည့်နေရာမှ မျက်မှန်ကို လက်တစ်ဖက်နှင့် အသာအယာချွတ်၍ စို့လာသော မျက်ရည်တို့ကို လက်ဖမိုးဖြင့် ရုပ်လျက် သုတ်လိုက်သည်။ နောက်ထပ်မျက်ရည်တွေ ပြိုဆင်းမလာဖို့ စိတ်ကို တင်းထားရင်း။ သုစန္ဒီကို လက်တစ်ဘက်ဖြင့် သိုင်းဖက်ထားလိုက်သည်။ ယခုအချိန်မှာ စိုင်းအဖို့ သူမကို ထွေးပွေ့ထားဖို့ လိုအပ်ပါ၏။

လွန်ခဲ့သောလေးနှစ်က သီပေါမြေကို စွန့်ခွာခဲ့ပြီး သူကိုယ်တိုင် မျှော်မှန်းခဲ့ပါသော ရည်ရွယ်ချက်တစ်ခုကို အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့ရမှ ယခု မိုင်းနင်းအင်ဂျင်နီယာဘွဲ့ကို အောင်မြင်စွာ ရယူခဲ့ပြီး ဇာတိမြေဆီ သူပြန်လာခဲ့လေပြီ။ သူသင်ကြားခဲ့သော အတတ်ပညာတို့ဖြင့် အမိမြေအောက်မှ သယံဇာတတို့ကို တူးဖော်၍ မိမိတို့ အမျိုးသားများ ကြီးပွားတိုးတက်အောင် ကြဆောင်ရပေဦးမည်။ သီပေါဟော်နန်းသည် သူ့ကို စောင့်မျှော်နေပါ၏။ အစဉ်အလာအရ ဟော်နန်း၏ အရှင်သခင်ဘွဲ့ကို

ခံယူကာ သီပေါ နယ်သူနယ်သားတို့ကို ဦးဆောင်ရပေဦးမည်။ ထို့ပြင် သူ့နှလုံးသားဖြင့် ရွေးချယ်၍ သူ၏ ကံကြမ္မာကို မျှဝေခံစားမည့် မဟာဒေဝီတစ်ပါးကိုပါ သူနှင့်အတူ ဆောင်ယူလာခဲ့ချေပြီ။

မြန်မာပြည်နယ်ခြားနှင့် နီးနီးကပ်ကပ် ထိစပ်နေသော နောင်ချိုမြို့ငယ်လေးပေါ်မှ လေယဉ်ပျံသန်းသည့်အခါ၊ စိုင်းမျက်နှာအမူအရာ ရုတ်တရက် ပြောင်းသွားပြီး နောက်သို့ တစ်ချက်တွန့်သွားသည်။ ဤနေရာမှ နောက်ဆုံးအကြိမ် ဖြတ်သန်းလာစဉ်က ရထားသံလမ်းအသစ်နှင့် စျေးဆိုင်တန်းများမရှိ ယခုမှ သူမရှိသော လေးနှစ်တာကာလအတွင်း ဖြစ်ထွန်းလာခြင်းဖြစ်သည်။ မြင်ကွင်းကို အနီးကပ်ကြည့်လိုသဖြင့် သုစန္ဒီနှင့်သူ ထိုင်ခုံချင်း ကပျာကယာလဲလိုက်သည်။ စစ်တန်းလျားများ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် စစ်တပ်ဖွဲ့ဝင်များ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လုံခြုံရေးကို ဗဟိုအစိုးရက ကြပ်မတ်ရပါသော်လည်း တရုတ်ပြည်နယ်ခြားနှင့် အလှမ်းဝေးကွာသော သီပေါနယ်မှ တိတ်ဆိတ်သောမြို့ငယ်လေးတစ်မြို့တွင်မှ ယခုလို စစ်တပ်များ အခိုင်အမာ တပ်စွဲထားသည်ကို တွေ့လိုက်ရသည်တွင် တစ်ခုခုဖြစ်လာမည်ကို စိုင်းစိုးရိမ်ပူပန်နေမိသည်။

ရှမ်းကုန်းမြေမြင့်၏ မြောက်ဘက်စွန်းစွန်း၊ ရွာငယ်လေးတစ်ရွာကို ခြေရာခံမိပြန်ရာ မြန်မာပြည်ကို ဖက်ဆစ်ဂျပန်များသိမ်းယူထားသော နေ့ရက်များနှင့် ဖက်ဆစ်ဆန့်ကျင်ရေး အမှတ်သညာများ တစ်ရစ်ပြီး တစ်ရစ်ပြန်ပေါ်လာပြန်သည်။ ထိုစဉ်က သည်ရွာကလေးမှာ စိုင်း ပုန်းခိုနေခဲ့ဖူးသလို တစ်နေ့နေ့ တစ်ချိန်ချိန်၊ မြေကြီး လက်ခတ်မလွဲ မှန်ကန်လာမည့် စိုင်း၏ အနာဂတ်ရေစီးကြောင်းကို ဟောကိန်းထုတ်ခဲ့သည်မှာလည်း ဤရွာကလေးမှ ဗေဒင်ဆရာကြီးတစ်ယောက်ပင်ဖြစ်သည်။ ဇာတာရှင်သည် ရေခြား၊ မြေခြားတိုင်းတပါးသို့ ခရီးသွားရမည်ဖြစ်ပြီး တိုင်းတစ်ပါးသူတစ်ဦးနှင့် ထိမ်းမြားလက်ထက်ရမည်လည်းဖြစ်ကြောင်း သို့ရာတွင် သက်တမ်းမကုန် ကံမကုန်ပါပဲ ဥပစ္ဆေဒကံ၊ မရဏနှင့် ကြုံရဖွယ်ရှိကြောင်းပင် သတိပေးခဲ့ပါသော်လည်း အင်ဂျင်နီယာကျောင်းသားဖြစ်သော စိုင်းကား အလေးအနက်ထားခဲ့ခြင်း မရှိခဲ့။

လေယဉ်သည် လားရှိုးလေဆိပ်၏ လေယဉ်ပြေးလမ်းမပေါ် ဖြည်းညှင်းစွာ ဆင်းလိုက်ပြီး အရှိန်နှင့် လိမ့်၍ တစ်ခုတည်းသော သစ်သားအဆောက်အဦးနားတွင် ရပ်လိုက်သည်။ လေဆိပ်တွင် လာရောက်ကြိုဆိုနေကြမည်ကို သိထားပြီးဖြစ်သည့်တိုင် လူအုပ်ကြီးကို တကယ်တမ်း တွေ့မြင်လိုက်ရသည့်အခါတွင်မှ သူမ၏ အောက်နှုတ်ခမ်းလေးကို ဖိကိုက်၍ လှုပ်ရှားနေသော စိတ်ကို ထိန်းလိုက်ရသည်။ လေယဉ်အနီး ပိုင်းအုံ

နေသော လူအုပ်ကြီးကို အတွင်းရေးမှူးက လမ်းရှင်းပေးကြဖို့ အော်ဟစ်ပြောဆိုနေစဉ် သုစန္ဒီကို စိုင်းက လက်ချိပ်လျက် လေယဉ်တံခါးသို့ ဦးဆောင်လာပြီး လေဆိပ်ကားမှတစ်ဆင့် ကော်ဖော်နီပေါ်သို့ ပြိုင်တူဆင်းလိုက်ကြသည်တွင် သီပေါစစ်ပုလိပ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘင်ခရာအဖွဲ့နှင့်အတူ ဂုဏ်ပြုကြိုဆိုကြရာ၊ စိုင်းနှင့် သုစန္ဒီတို့က ဘေးချင်းယှဉ်လျက် တစ်လှမ်းချင်းလျှောက်ကာ ရာပေါင်းများစွာသော ပြည်သူတို့ကို ဂါရဝပြုနှုတ်ဆက်လိုက်ကြသည်။ ကစ်နေရာအရောက်တွင်မူ ရှမ်းပြည်အစိုးရအဖွဲ့ဝင်များ လူကြီးလူကောင်းများနှင့် သုစန္ဒီကို စိုင်းက မိတ်ဆက်ပေးရာ ဝမ်းသာအယ်လဲ လက်ဆွဲနှုတ်ဆက်နေစဉ်ပင် သူတို့၏ အမည်များကိုလည်း သုစန္ဒီနှုတ်ဖျားက အထပ်ထပ်ရွတ်နေမိသည်။ ကြိုဆိုနှုတ်ဆက်နေသော ပရိတ်သတ်များက သုစန္ဒီကို အိန္ဒြေပျက်လောက်အောင် စပ်စုသောအကြည့်တို့ဖြင့် ကြည့်နေကြသည့်တိုင် သူတို့အကြည့်တွေက ရိုးသား၍ ဖော်ရွေကြသည်။ ပြောရလျှင် စိုင်းသည် ပို့တိုင်းကြိုက်တဲ့ နှင်းဆီနိုင်ဖြစ်ခဲ့သလို အထက်ဟန်းလွှာ၊ ငွေကြေးချမ်းသာသူတို့က သားသမက်တော်ချင်ခဲ့ကြသည့်တိုင်၊ ယခု သုစန္ဒီကို အားလုံးက ကျေကျေနပ်နပ်နှင့် ပျူငှာစွာ ကြိုဆိုကြသည်။

သူတို့ ဇနီးမောင်နှံနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကြိုဆိုရေးကော်မတီအဖွဲ့ဝင်တို့ကို တင်ဆောင်လာသော မော်တော်ကား အစီး (၅၀) သည် မယေဆိပ်မှ လားရှိုးမြို့ကို ကွေ့ပိုက်၍ ထွက်ခွာလာကြရာ ရှေ့ဆုံးမှ လုံခြုံရေးအဖွဲ့ဝင်များ၏ ဂျစ်ကားများက မြေလိမ်မြွေကောက်လမ်းမပေါ်တွင် တရိပ်ရိပ်ပြေးလျက် နောက်မှ မော်တော်ကား တစ်စီး၏ နောက်ခန်းတွင်မူ စိုင်းနှင့် သုစန္ဒီတို့ သက်တောင့်သက်သာနှင့် လိုက်ပါလာကြသည်။

*"နောက် မိနစ် (၂၀) ဆိုရင် သီပေါနယ်ခြားကို ကိုယ်တို့ရောက်ပြီ၊ အဲဒီမှာ တစ်နယ်လုံးက လူတွေ၊ လမ်းဘေး၊ ဝဲယာမှာ ကိုယ်တို့ကို စောင့်ကြိုနေကြလိမ့်မယ်"*

စိုင်းအနားကို တိုးကပ်ရင်း စိုင်း၏ လက်တစ်ဖက်ကို သုစန္ဒီဆုပ်လိုက်သည်။ စိုင်းကလည်း သူမလက်ကို ဖြေးဖြေးညင်းညင်း တစ်ချက်ဖျစ်လိုက်သည်။ ကော်ရိုရာနီ၊ ဒမ်ဗာသို့ သူတို့နှစ်ဦး ဟမ်းနီးမွန်းထွက်ခဲ့သည်ကို စိတ်ရောက်သွားရာက၊ စိုင်းကို သူမ ပြောပြတော့ စိုင်း၏ ခန့်ငြားသော မျက်နှာပေါ်မှာ အပြုံးတစ်ချက်လက်သွားသည်။ ကမ္ဘာတစ်ဘက်စွန်း ရောက်နေပါစေ၊ သူမရှေ့မှာ စိုင်းတစ်ယောက် မားမားမတ်မတ် ရှိနေပြီကို သုစန္ဒီကောင်းစွာ သဘောပေါက်လိုက်ပါ၏။

ဆယ်အင်းအနီးမှ နန်းမတူတံတားကို ကျော်လိုက်သည်နှင့် သီပေါနယ်သို့

ဝင်ရောက်လာပြီဖြစ်ရာ ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော ဘားမားလမ်းမကြီး ပေါ်တွင်မူ ရာပေါင်းများစွာသောလူများ သဲသဲအုပ်အုပ် စောင့်ကြို့နေကြသည်ကို တွေ့ လိုက်ရသည်။

တစ်နေရာတွင် ပြုံးပြုံးလက်လက် အဝတ်အစားများနှင့် ရှမ်းပျိုမေတစ်သိုက်က ယိမ်းကနေသလို ရှမ်းအိုးစည်ပိုင်းနှင့် ဓါးသိုင်းအက ကလည်း တဖိန်ဖိန် တနောင်နောင်နှင့် မြူးမြူးကြွကြွဟန်ရေးပြနေကြပြီး အခြားတစ်နေရာတွင်ကား ကိန္နရာချပ်ဝတ်နှင့် တေးသွား အလိုက် နွဲ့နွဲ့နှောင်းနှောင်း ကနေသည်ကို သူမအဖို့ တထူးတဆန်း ငေးမောနေရာမှ မော်တော်ကားရပ်၍ စိုင်းနှင့် သုစန္ဒီတို့ ဆင်းလိုက်သည်အခါတွင်မူ အကအဖွဲ့များ အားလုံး ရပ်လိုက်ကြပြီး ဆယ်အင်းရွာသူကြီးက စိုင်းအနား ခပ်သွက်သွက်လှမ်းလာပြီး ရှမ်းဘာသာနှင့် တစ်ခုခုပြောလိုက်သည်။ ပြီးနောက် သုစန္ဒီထံ ပန်းစည်းတစ်စည်း ကမ်းလိုက်ရာ သူမက ကောက်ခါင်ကာ ပန်းတစ်ပွင့်ကို အညွှာမှ ချိုးယူပြီး၊ ရှမ်းအမျိုး သမီးတွေလို ဆံမှာ ပန်လိုက်သည်တွင် ပရိတ်သတ်များက တရှီးရှီးတဖြောင်းဖြောင်း လက်ခုပ်လက်ဝါးတီး၍ တရင်းတနှီး နှုတ်ဆက်လိုက်ကြပြီး။ ရိုးရာဂီတအဖွဲ့များက တကျော့ပြန်လည် တီးမှုတ်ကြ၍ ကကြ၊ ခုန်ကြနှင့် သောင်းသောင်းညံညံ ညှဲခံကြပြန် သည်။ ခရီးပန်းလာသူကို ငွေဖလားနှင့် ရေချမ်းတစ်ခွက်ကမ်း၍ အစဉ်အလာအရ ရွာသူကြီးက စိုင်းကိုကြို့ဆိုသည်။ ဤမျှ များပြားသော ကြိုဆိုနှုတ်ဆက်သူများနှင့် ရိုးရာတေးဂီတနှင့် အကအဖွဲ့များမှာ၊ သုစန္ဒီအတွက် အမြင်ဆန်း၍ တငေးတမောကြည့် နေစဉ်မှာပင် စိုင်းက ရှေ့တွင် ယခုထက် ပိုမိုလာဦးမည်ဟုဆိုသည်။ မိနစ်အနည်းငယ်မျှ ရှေ့ဆက်လာသည်နှင့် စိုင်းဆိုလိုသည်ကို သုစန္ဒီမျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ နောက်ထပ်ကြို့ဆိုနေသော လူအုပ်ကြီးများ၊ ချိမ်းချိမ်းညံနေသော ရိုးရာတီးဝိုင်းများနှင့် အကအဖွဲ့များ၊ ရောင်စုံပန်းများ၊ စာတန်းတံခွန်နှင့် အလံများ၊ တစ်လူလူတစ်လွင့်လွင့်နှင့် ကျွန်းတောတွေထဲက ရွာစဉ်တစ်လျှောက် လမ်းလျှောက်တက်သည့်ကလေးမှ အစ အဖိုးကြီးအဘွားကြီးများပါမကျန် ရွာလုံးကျွတ် လူစုံလူကုန် လမ်းမကြီးပေါ် ရောက်နေကြ ရာ၊ (၂၅) မိုင်မျှ ရှည်လျားသောလမ်းတစ်လျှောက် ဝဲယာတွင် စီတန်းနှုတ်ဆက်နေကြ သည်မှာ သူမတစ်သက်တာတွင် တစ်ခါမျှမတွေ့ဘူး၊ မကြုံဘူး၊ ရင်သပ်ရှုချခဲ့ရပါ၏။

ကြို့ဆိုနှုတ်ဆက်သူတို့၏ အဝတ်အစား၊ အဆင်အယဉ်တို့ကို တောက် တောက်ကြွားကြွားရှိစေဖို့ အချိန်ယူပြင်ဆင်ခဲ့ကြဟန်ရှိသော်လည်း သူတို့၏ နှစ်လိုဖွယ် အပြုံးများက တင်ကြို့ချိန်ကိုက်ထားခြင်းမရှိ၊ ရင်တွင်းမှ အလိုအလျောက် ဖူးပွင့်လာသော

အပြုံးအရယ်များပင်ဖြစ်ပါ၏။

ဆိုခဲ့သလို လမ်းမကြီးတစ်လျောက် တစ်ခုနှင့် တစ်ခု ထိစပ်လုခမန်း ကြိုဆိုရေး မဏ္ဍပ်ကနားတို့ကို အစဉ်အတိုင်း နှုတ်ဆက်လာရာ၊ သုစန္ဒီထံ ကမ်းပေးသော ပန်းစည်းများမှာလည်း မော်တော်ကားတစ်စီးနှင့်ပင် အပြည့်အသိပ်၊ သို့ဖြင့် မဏ္ဍပ်အသီးသီးကို သုံးနာရီခွဲမျှ တရွေ့ရွေ့ဖြတ်လာပြီး နောက်တွင်မှ *"ဟော်နန်းမှ ကြိုဆိုပါ၏"*ဆိုသော ရောမပိုစတာကြီး ချိတ်စွဲထားသော သီပေါမြို့ဝင်ဂိတ်သို့ ရောက်လာကြရာ အဆိုပါ ပိုစတာကြီးအောက်မှ သုစန္ဒီတို့ မော်တော်ကားဖြတ်သွားသည်နှင့် ကျောင်းသူကျောင်းသား (၈၀၀) ကျော်က သီပေါဟော်နန်းမှ ကြိုဆိုပါသည်ဟု အင်္ဂလိပ်လို သံပြိုင်အော်ဟစ်၍ နှုတ်ခွန်းဆက်လိုက်ကြသည်။ သီပေါမြို့လမ်းမကြီးပေါ်တွင်လည်း ပြီးခဲ့သည့်မြင်ကွင်းများ နည်းတူ တဖိန်းဖိန်းတဖြောင်းဖြောင်း၊ လက်ဆက်မပြတ် တီးခတ်နေသော ရိုးရာဂီတသံများကြားတွင် တိုးမပေါက်နိုင်သော လူပင်လယ်ကြီးကို ဘွားကနဲ တွေ့လိုက်ရပြန်သည်။ သုစန္ဒီအထင် ရွာနေပြည်ထိုင်၊ သီပေါမြို့သား ငါးသောင်းခွဲမျှ လမ်းမကြီးတစ်ဘက်တစ်ချက်မှ စီတန်းလျက် အဓိကမဏ္ဍပ်ကြီး (၈) ခုဖြင့် ညည်ခံကြိုဆိုနေကြရာ ဆေးရောင်စုံ လူတန်းရှည်ကြီးနှင့် အပြိုင်၊ နောက်ဖက်မှ ပျဉ်ထောင်အိမ်ကြီးများကလည်း နောက်ခံရှုခင်း အဖြစ် အမြင်တစ်မျိုး ဆန်းလျက်ရှိပါ၏။

သို့ဖြင့် သီပေါမြို့၏ မြောက်ဘက်ခြမ်းသို့ ရောက်လာရာ လမ်းကွေ့၊ တစ်ကွေ့ အရောက်တွင်မှ အဖြူရောင်နှစ်ထပ်အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်တွင် သုစန္ဒီစိတ်ထဲက သီပေါ၏ အရှေ့ဟော်နန်း*(စံအိမ်တော်)*ဖြစ်ရမည်ဟု တတ်အပ်သိလိုက်သည်။ ဤ၌ စိုင်းက သူမကို တစ်ချက်ကြည့်လိုက်ရာ သူမ၏ မျက်လုံးများတွင် မိမိအိမ်ကဲ့သို့ ကျေနပ်သောခံစားမှုတို့ကို တွေ့လိုက်ရပါ၏။ သို့ရာတွင် တကယ့်လက်တွေ့ မြင်တွေ့နေရသည့် စံအိမ်တော်ကြီးက သူမ စိတ်ကူးနိုင်သည်ထက် ပို၍ မန့်ငြားထည်ဝါနေသည်။ အဆောင်ဆောင် အခန်းခန်းဖြင့် နီစွေမဖွဲ့ ဒုတ်ကျွတ်အမိုးအောက်မှ အဖြူရောင် စံအိမ်တော်ကြီးကို လမ်းသွယ်လေးတစ်ခုဖြင့် ရစ်ပတ်ထားပြီး ဝန်းခြံကျယ်ကြီးတစ်ခုလုံးမှာ သူမ မမြင်မတွေ့ဘူးသေးသော သစ်ပင် ပန်းပင်တို့ဖြင့် ဝေဝေဆာဆာ လှပနေသည်။ သို့တိုင် ဤနေရာအရောက်တွင်မှ ကြိုဆိုနှုတ်ဆက်သူများမပါတော့၊ စိုင်းရွေးချယ်ထားသော သီးသန့်ပုဂ္ဂိုလ်များသာရှိနေကြရာ ဦးစွာ ကျုံးထိပ်တွင် နေရာယူထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်နှင့်တကွ အလေးပြုလိုက်ကြပြီး ဆက်လက်မောင်းနှင် လာရာ အင်္ဂလိပ်ကျေးလက်စတိုင် ဗိသုကာလက်ရာဖြင့် ရှမ်းအငွေ့အသက်တို့ လွှမ်းခြုံ

နေပါသော သီပေါသခင်၏ စံအိမ်တော်အရှေ့တွင်မူ စိုင်း၏ ဆွေတော်မျိုးတော်များနှင့် ဟော်နန်း၏ မီးရေးထင်းရေးမှအစ အရှင်နှစ်ပါး၏ ဝတ်ကြီးဝတ်ငယ်တို့ကို ဆောင်ရွက်ပေးနေကြကုန်သော ဝန်ထမ်းအားလုံး စီတန်းလျက် စောင့်ကြိုနေကြပါ၏။ သို့တိုင် လမ်းတစ်လျှောက် မြင်တွေ့ခဲ့ရသော သီပေါပြည်သူတို့၏ ရိုးသားဖော်ရွေသော အပြုံးများကား သုစန္ဒီ နှလုံးသားပေါ်တွင် ပုံရိပ်များထင်နေဆဲ။

❀ ❀ ❀

စိုင်း၏ ဆွေဆွေမျိုးမျိုး၊ တော်ဝင်မိသားစုဝင်များ အလျိုလျို အိမ်ပြန်သွားကြသည့်အခါ ခန်းမဆောင်ကြီးထဲတွင် စိုင်းနှင့်သုစန္ဒီ တို့နှစ်ဦးသာ ကျန်ရစ်ခဲ့ကြသည်။ ခရီးရှည် ကြိုဆိုနှုတ်ဆက်ပွဲကြီး ဆုံးသွားသော်လည်း နောက်ထပ် (၂) နာရီမျှ မိသားစုဝင်များနှင့် တွေ့ဆုံ၍ စကားစမြည်ပြောဆိုရင်း၊ ဆွေမျိုးစပ်ခဲ့ရသေးသည်။ သို့ရာတွင် သီပေါဟော်နန်း၏ မိသားစုဖွဲ့စည်းပုံကို လက်တွေ့မြင်ရ ကြားရသည်တွင် တစ်နေ့ကုန် ခရီးပန်းနေသည့် သူမအဖို့ တစ်ခေါင်းလုံး မူးနောက်သွားသည်။ စိုင်း၏ ဖခင် သူမ၏ ယောက္ခမဖြစ်သူမှာ တော်ထွက်ရသေးတစ်ဦးလို ဝတ်ရုံခြုံထားသော်လည်း ဇနီးငယ်တစ်ယောက်နှင့်အတူ သားသမီးတို့ကို အုပ်ထိမ်းလျက် လူ့ဘဝထဲ၌ပင် နေထိုင်နေသည်။ စိုင်းတွင် ဝမ်းကွဲမွေးချင်း ခုနစ်ယောက်နှင့် အဒေါ်ရှစ်ယောက်ရှိသည်။ အဒေါ်အားလုံးမှာ တစ်ချိန်က မိန်းမအယောက် (၄၀) ရှိခဲ့သော စိုင်း၏ ဦးရီးတော်တစ်ဦး၏ မယားများဖြစ်ကြပြီး ယခုအခါ အားလုံးမုဆိုးမဖြစ်၍ နေသည်။ အဒေါ်တစ်ယောက်ကမူ ဝိတိုရိယဘုရင်မကြီး၏ နန်းတော်သို့ရောက်ခဲ့ဖူးကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောပြသည်။ စိုင်းတွင် အစ်ကိုအရင်းတစ်ယောက်နှင့် အစ်မရင်းတစ်ယောက်ရှိသော်လည်း ယခု အဝေးရောက်ရှိနေကြသဖြင့် သုစန္ဒီမတွေ့ရ။ မည်သို့ရှိစေ၊ စိုင်း၏ မိသားစုအဖွဲ့ဝင်များအကြောင်း ကြားသိရသည်မှာ ပျော်ရွှင်စရာကောင်းသည်။ နောက်နေ့များတွင်လည်း စံအိမ်တော်ကြီးအကြောင်းနှင့် ယခုမှရောက်လာသော မဟာဒေဝီ၏ အလိုဆန္ဒတို့ကို ဖြည့်ဆည်းပေးဖို့ အဆင်သင့် စောင့်နေကြပါသော စံအိမ်တော်ဝန်ထမ်းများနှင့် တွေ့ရဦးမည်။ ယခု အိပ်ယာပေါ်သို့သာ သူမ လှဲအိပ်လိုက်ချင်ပါပြီ။

သို့ပေမဲ့ စံအိမ်တော်ကြီးမှ ဝန်ထမ်းများက သူတို့တာဝန်ကို ဘယ်အခါမှ မပျက်ကွက်၊ ဒူ ဝေဝေနှင့် ကြေးမောင်းသံကြီးတစ်ချက် ရုတ်တရက် ကြားလိုက်ရသဖြင့်

ထိုင်ခုံပေါ်တွင် အိပ်ချင်မူးမူးနှင့် ငိုက်မြည်းနေရာမှ မျက်လုံးများ ပြူးကျယ်သွားပြီး ဘေးဘီကို ဝေ့ယမ်းကြည့်လိုက်သည်။ သူမ တစ်ယောက်တည်း ညှော်ခန်းမကျယ်ကြီး ဆိုသော်လည်း အခန်းကြီးကို တိုင်လုံးငယ်များဖြင့် သုံးပိုင်းခွဲခြားထားပြီး အပိုင်းတစ်ပိုင်းစီမှာ ကိုယ်ပိုင်အဆောင်အယောင်များရှိရာ သုစန္ဒီထိုင်နေသော အပိုင်းမှာ အရှေ့ဘက်တွင်ရှိပြီး လူတစ်ရပ်မျှမြင့်သော မှန်ပြတင်းကြီးများမှ နေခြည်ဖျော့ဖျော့အလင်းများက ဇာပန်းထိုး တင်းတိမ်ကြီးများကို တိုးဝင်နေကြသည်။ အခန်းအလယ်တွင်မူ ခေတ်ပြိုင်ဥရောပစတိုင် ပရိဘောဂအသုံးအဆောင်များ ခင်းကျင်းထားသည်။

အရှေ့ဘက်မျက်နှာမူနေသောအခန်းနှင့် ကပ်လျက်ရှိသော အလယ်ခန်းမကား ရှမ်းအမျိုးသားတို့နှင့် သီးသန့်တွေ့ဆုံသော အခန်းဖြစ်၍ အစဉ်အလာထုံးစံအရ ကြမ်းပေါ်တွင်သာ ထိုင်လျက် တွေ့ဆုံပြောဆိုကြရာ အခန်းတစ်ပြင်လုံးတွင် တရုတ်ကော်ဇောထူထူ ကြီးများသာ ခင်းထားပြီး ပရိဘောဂဟူ၍ မီးလင်းဖိုနားတွင် လက်တစ်ဆုပ်မျှသာ ထူသော ထိုင်ခင်းတစ်ခုသာ တွေ့ရသည်။

အနောက်ဘက်မျက်နှာမူနေသော တတိယအခန်းကား။ ယခင်က စာအုပ်များ ထားသည်ဖြစ်၍ ကျွန်းရှိုးကေ့စ်များ။ ကျွန်းသေတ္တာကြီးများနှင့် ပန်းပုလက်ရာဖြင့် အလှဆင်ထားသော စားပွဲငယ်လေးများကိုလည်း တွေ့ရသည်။ မှန်ပြတင်းများနှင့် ဒုတိယ အခန်းသို့ ကူးသော တံခါးတို့ကိုမူ လိုက်ကာခန်းဆီးကြီးများဖြင့် ဖုံးထားသည်။

*"အချစ် ညလယ်စာ စားကြစို့"*

အသံနှင့်အတူ စိုင်းရောက်လာပြီ။ အဝင်ခန်းမမှတစ်ဆင့် ထမင်းစားခန်းသို့ ဦးဆောင်ခေါ်သွားရာ သူမ ခါးလေးကို စိုင်းက လက်တစ်ဖက်နှင့် သိုင်းဖက်ရင်း *"သိပ်ချစ်တယ်"* ဟု မကြားနိုင်နားနှင့် သူမကို တိုးတိုးညင်ညင် ပြောလိုက်ပါသေးသည်။ ပြောင်လက်နေသော ပရိဘောဂတို့ဖြင့် ခင်းကျင်းထားသော ထမင်းစားခန်းအတွင်းသို့ သူတို့နှစ်ဦးဝင်လာသည်နှင့် ဘတ်တလာ*(စံအိမ်တော်အလုပ်သမားဝန်ထမ်းတို့၏ အကြီးအကဲ)*ဦးကျော်လင်းက ပန်းပုဆင်ရုပ်ကြီးနှစ်ရုပ် ထမ်းထားသော ကြေးမောင်းကြီးကို နောက်တစ်ကြိမ် ထလိုက်ပြန်လေသည်။

ခန်းမအလယ်တွင် ခင်းကျင်းထားသော မဟောဂနီစားပွဲရှည်ကြီးနှင့် ကုလားထိုင်ခြေထောက်များမှာ ပန်းပုလက်ရာဖြင့် ဟန်ကြွကြွရှိနေပြီး လက်လက်ထနေရာ၊ ဤမျှလှပသော စားပွဲနှင့် ကုလားထိုင်တို့ကို ယခင်က သူမတစ်ကြိမ်မျှ မတွေ့ဘူး။

*"ဒီလိုစားပွဲကြီးမှာ ထိုင်ရတာ တစ်ခုခုပျောက်သွားသလို ခံစားမိတယ်"*

ကုလားထိုင်ပေါ်ထိုင်ဖို့ သူမကို စိုင်းက ဖေးကိုင်ထားစဉ်မှာပင် ခန်းနားထည်ဝါလွန်းသော ပတ်ဝန်းကျင် အဆောင်အယောင်များကြား နစ်မြုပ်သွားရာ သူမနှလုံးသားက တစ်ဒိတ်ဒိတ်ခုန်လာသည်။ တစ်ဆက်တည်း၌ပင် ယနေ့ ယခုအချိန်မှစ၍ စိုင်းနှင့် သူမတို့၏ ထမင်းပွဲတို့ကိုလည်း ဘတ်တလာတစ်ဦးဟည်းက ပြင်ဆင်တည်ခင်းပေးတော့မည်ကို သဘောပေါက်လိုက်သည်။

*"နောင်ဆိုရင် ကိုယ်တို့ ထမင်းစားဝိုင်းမှာ သားတွေ၊ သမီးတွေနဲ့ စည်ကားလာမှာပါ၊ အနည်းဆုံး ကလေးလေးယောက်ပေါ့"*

ကြွေပုဂံနှင့် ငွေဇွန်းတို့ကို ပြင်ဆင်ရင်း ပြောနေသော စိုင်းအမူအရာက တကယ်ပင် လေးလေးနက်နက် မျှော်လင့်ထားပုံရသည်။ ဘတ်တလာက ထမင်းစားခန်းနှင့် မီးဖိုချောင် ကူးချည်သန်းချည်နှင့် စားဖိုမှူးကြီး ကြိုးစားပမ်းစား ချက်ထားသော စားဖွယ်ရာများကို ပြင်ဆင်ပေးသည်။

*"ရှမ်းအစားအစာ စစ်စစ်ကို ကျမစားကြည့်ချင်တယ်"*

စားပွဲပေါ်သို့ရောက်လာသော အနောက်တိုင်းအစားအစာတို့ကို သူတို့မြည်းလိုက်ကြရာ အသားပြုတ်ရည်မှာ အမွှေးနံ့သာ ကဲလွန်နေသည့်တိုင် တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် အဆုံးသတ်လိုက်ကြသော်လည်း အဓိကဟင်းလျာများ ရောက်လာသည့်အခါတွင်မူ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် စိတ်ပျက်လက်ပျက် ကြည့်လိုက်ကြသည်။ အရည်ပေါလောနှင့် အာလူးဟင်း၊ ဝါးမရ ကိုက်မရသည့် သိုးသားနှင့် အရောင်အဆင်းမရှိသော ဟင်းသီးဟင်းရွက် ဟင်းလျာများ။

*"ဖွဲလိုတောင် မရတဲ့ သိုးသား၊ အရသာကလည်း စိတ်ညစ်စရာကောင်းပါ့ဗျာ"*

သိုးသားတစ်တုံးကို ဖိကိုက်ရင်း၊ စိုင်း ငြီးငြူလိုက်သည်။

*"ကျမတို့စားနေကျ ဟင်းလျာတွေနဲ့တော့ ဘယ်တူပါ့မလဲ။ သူတို့လည်း အကောင်းဆုံးဖြစ်အောင် ချက်ပြုတ်ထားကြမှာပါ။ ဘာဘဲဖြစ်ဖြစ် ကျမတော့ စားရမှာပဲ"*

ဟင်းလျာတစ်မျိုးစီကို သူမနည်းနည်းချင်း စားကြည့်နေစဉ်မှာ၊ စိုင်းက စားဖိုမှူးကြီးကို ခေါ်ပြီး ရှမ်းဘာသာဖြင့် တစ်ခုခုပြောနေသည်။

*"စိုင်း သူ့ကိုပြောပြီးရင် ကျမလည်း သူ့ကိုပြောချင်တယ်၊ စိုင်းက ဘာသာပြန်ပေးမလား"*

*"ပြန်ပေးမှာပေါ့၊ သူ့ချက်တဲ့ ပထမဆုံးလက်ရာက တော်တော် စိတ်ပျက်စရာကောင်းတဲ့အကြောင်း ပြောပြလိုက်ပေါ့"*

*"အခုလို ကြိုးစားပမ်းစား ချက်ပြုတ်ထားတဲ့အတွက်၊ ရှင့်ကို ကျမအရမ်း ကျေးဇူးတင်ပါတယ်"*

ထမင်းချက်ကို သုစန္ဒီပြောလိုက်စကားကို ကြားလိုက်ရပြီး ကြောင်အမ်းအမ်း ဖြစ်နေသော စိုင်းကို တစ်ချက်ကြည့်ရင်း သူမက စကားကိုဆက်သည်။

*"ရှင်ရွေးချယ် ချက်ပြုတ်ထားတဲ့ ဟင်းလျာတွေနဲ့ ကျမကို မြိန်ရည်ရှက်ရည် စားစေချင်တဲ့ ရှင့်စေတနာကို ကျမနားလည်ပါတယ်။ ဒါပေမဲ့ ကျမ သီပေါနယ်ကို ရောက်လာတာ ရှင်တို့ရဲ့ မိသားစုဝင်တစ်ယောက်အဖြစ် ရောက်လာတာပါ။ ဒါကြောင့် ရှမ်းအစားအသောက် ချက်နည်းပြုတ်နည်းတွေကို ကျမသင်ရမှာဖြစ်တဲ့အတွက်၊ ဒီနေ့ကစ ပြီး ရှင်ကလည်း ကျမအတွက် အကောင်းဆုံး ရှမ်းအစားအစာတွေကို လက်စွမ်းပြပြီး ချက်ပေးစေချင်ပါတယ်"*

မဟာဒေဝီ၏ ဆန္ဒကို စိုင်းမှတစ်ဆင့် ရှမ်းဘာသာဖြင့် ကြားလိုက်ရသည့်အခါ စားဖိုမှူးကြီးမျက်နှာမှာ လမင်းကြီးလို ထိန်ထိန်သာသွားပြီး မနက်ဖြန် စတင်ပါမည့် အကြောင်း ဦးညွှတ်၍ အလေးအနက် တုံ့ပြန်သည်။ ယနေ့ညနေကား စိုင်း၏ အိမ်တော်ပါ အလုပ်သမားနှစ်ဦးကို သူမဘက် စည်းရုံးသိမ်းသွင်းခဲ့ပြီးဖြစ်သလို တစ်ချိန် တည်း၌ပင် စံအိမ်တော်ကြီး၏ အိမ်မှုကိစ္စအဝဝကိုပါ မိမိက ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း သရုပ်ပြသလိုက်ခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍ စိုင်းအတွက် နေရာသစ်တစ်နေရာသို့ရောက်ရှိလာသည်။ ယခင်ကဆို လျှင် စံအိမ်တော်ကြီး၏ ဆောင်ရွက်ဖွယ်ရာ ကိစ္စအဝဝနှင့်ပတ်သက်လာလျှင် စိုင်း၏ စကားသည်သာ နောက်ဆုံးအတည်ပြုချက်ဖြစ်သည်။ ယခု မီးဖိုချောင်ကိစ္စတို့ကို သူမ ကိုယ်တိုင် ကိုင်တွယ်တော့မည်ကို စိုင်းအနေနှင့် သဘောကျပါသော်လည်း သုစန္ဒီအဖို့ အိမ်မှုရေးရာကိစ္စတို့နှင့် အကျွမ်းတဝင်မရှိသေး။ အထူးသဖြင့် မိမိတို့အပေါ် မှီခိုနေသော စံအိမ်တော် အလုပ်သမားတို့ကို မည်သို့အုပ်ချုပ်၍ စီမံခန့်ခွဲမည်ကို စိုင်း စိုးရိမ်ခဲ့သည်။ သူတို့နှစ်ဦး လက်မထပ်မီကပင် သီပေါတော်ဝင်မိသားစု၏ အစဉ်အလာ နေထိုင်မှုစနစ် တစ်ခုကို ဦးဆုံးချိုးဖျက်ပစ်ဖို့ စိုင်းကြံစည်ခဲ့ရာ စံအိမ်တော်တွင် မိမိနှင့်အတူ မည်သည့် မိသားစုဝင်မှ တစ်မိုးတည်းအောက်တွင် မနေရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ယခင်ကဆို လျှင် ဟော်နန်းသခင်နှင့်အတူ တော်ဝင်မိသားစုဝင်တွေ တစ်မြုံတစ်မကြီး လာရောက် နေထိုင်လေ့ရှိရာ ယခုမူ စိုင်း၏ တားမြစ်ချက်ကြောင့် ဆွေဆွေမျိုးမျိုးများ စိတ်ပျက်ကြ သည် လည်းရှိ၏။ မည်သို့ရှိစေ၊ ယခုသုစန္ဒီအတွက် တဆောင်တယောင် လုပ်ကိုင်ပေး

စရာမလိုတော့သဖြင့် စိုင်း၏ စိုးရိမ်စိတ်တစ်စိတ် ငြိမ်းခဲ့ရသည်။

ညစာစားပြီးသည့်အခါ စံအိမ်တော် အပေါ်ထပ်သို့ သုစန္ဒီနှင့်အတူ တက်လာကြပြီ။ အပေါ်ထပ်မှ အခန်းအခန်း အဆောင်ဆောင်တို့ကို စိုင်းက တစ်ခန်းချင်း တစ်နေရာချင်း လိုက်ပြရာ ဧည့်ခန်း၊ ရေချိုးခန်း၊ ဝရန်တာ စသဖြင့် အခန်းတိုင်း နေရာတိုင်းမှာ တန်ဖိုးကြီးမေ့ဆိုသော ပစ္စည်းပစ္စရာများနှင့် အပြောက်အမွမ်းဆင်ထားသဖြင့် ဖိတ်ဖိတ်တောက်နေသလို နွေးထွေး၍ သက်တောင့်သက်သာရှိသည်။ အဆောက်အဦ အတွင်းပိုင်းနှင့် အပြင်အဆင်အားလုံးမှာလည်း ကိုလိုနီခေတ်၊ ခေတ်ပြိုင်အမေရိကန်နှင့် မြန်မာမှုလက်ရာတို့ ရောပြွန်း၍ တန်ဆာဆင်ထားသည်ဖြစ်၍ စိတ်ဝင်စားစရာ ကောင်းလှသည်။ အိပ်ခန်းကြီးကား ကိုယ်ကာယလေ့ကျင့်ရုံကြီးတမျှ ကျယ်ဝန်းနေရာ မျက်နှာကျက်မြင့်မြင့်နှင့် အခန်းကျယ်ကြီးများကို ဥရောပသူတစ်ယောက်အနေနှင့် မြင်ဖူးတွေ့ဖူးနေကြဖြစ်သော်လည်း စံအိမ်တော်ကြီး၏ အခန်းကြီးအခန်းငယ် အသွယ်သွယ်တို့ကမူ ရင်သပ်အံ့ဩစရာ ကောင်းလောက်သည်။

လေသာဆောင်ပေါ်ရောက်သည့်အခါ စိုင်းစီစဉ်ထားသလို စံအိမ်တော်အလုပ်သမားတစ်ဦးက လက်ဖက်ရည်ပွဲများလာချပြီး ဖယောင်းတိုင်များကို အစီအစဉ်တစ်မျိုးဖြင့် ပြန်လည်ထွန်းညှိသည်။ ယနေ့ညဥ့်ဦးယံကား စိုင်း အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပါသော ပျော်ရွှင်စရာ ညနေခင်းကြီးတစ်ခင်းမဟုတ်ပါလား။ သုစန္ဒီကို သိုင်းဖက်ထားရာမှ သူမ၏ ကိုယ်သင်းရနံ့လေး ညင်းညင်းပျံ့ပျံ့ ရစ်ဝဲနေသည်။ ယနေ့ညနေက ကြိုဆိုနှုတ်ဆက်သူတွေအကြောင်းကို သူတို့ ပြန်အောင်းမေ့ရင်း ပြောကြမည်။ သူတို့အနာဂတ်နှင့် မှန်းထားတာတွေကို တိုင်ပင်ကြမည်။ ပြီးတော့ . . . .

စံအိမ်တော်နှင့် အနီးဝန်းကျင်၊ တောင်ကုန်းတွေပေါ်မှာ စိုက်ပျိုးထားသော လက်ဖက်ပင်တို့မှ လတ်ဆတ်သင်းပျံ့သော ရနံ့များ။ ကြိုင်လှိုင်နေသည်။ နှစ်ဦးသားဆိုဖာပေါ် ထိုင်လိုက်ကြပြီး သူ့ရင်ခွင်ထဲတွင် ခေါင်းတင်မှီနွဲ့နေသော သုစန္ဒီကို စိုင်းတစ်ချက်နမ်းလိုက်သည်။ သို့ပေမဲ့ နပျိုသော ညဥ့်ဦးယံ၏ တိတ်ဆိတ်ငြိမ်သက်ခြင်းကို သူတို့နှစ်ဦးလုံး မဖျက်ဆီးလိုကြ၊ ရေပြင်တွင် ထင်ဟပ်နေသော ထွက်ပြူစ လရိပ်လေးကို တိတ်ဆိတ်စွာ ငေးကြည့်လျက် မြစ်ကမ်းနဖူးမှ လွင့်လာသော မြေသင်းနံ့လေးကို အားပါးတရ ရှိုက်သွင်းလိုက်ကြသည်။

စိုင်း မျက်မှန်ကို ချွတ်ရင်း မျက်လုံးတွေကို မိတ်ထားလိုက်သည်။ ရင်မှ နက်ရှိုင်းစွာ ဖြစ်ထွန်း၍ လျစ်လျူရှုခြင်းငှာ လုံးဝမစွမ်းသာပါသော ခံစားချက်တို့ဖြင့်

ဗိုင်းလန်းဆန်းနေသည်။

*"အချစ် အင်ဂျီ ဒီအချိန်မှာ ကိုယ်လောက်ပျော်ရွှင်တဲ့လူ ရှိမယ်မထင်တော့ဘူး။ ကိုယ်ဖြစ်ချင်တာတွေ အားလုံးနဲ့အတူ အခု ကိုယ်အိမ်ပြန်ရောက်နေပြီလေ၊ မင်းသိရဲ့လား"*

သုစန္ဒီထံမှ စကားပြန်မရ၊ သူ့ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာ အိပ်မောကျနေသော သူမကို ကြည့်လိုက်သည်။ ပါးမို့မို့နှစ်ဘက်မှာ မနက်ကထက်ပင် နှင်းဆီရောင်သန်းနေပြီး ရှည်လျားနက်မှောင်သော ဆံနွယ်စများက လည်တိုင်ပေါ်မှ ခွေရစ်၍ ဆင်းနေသည်။ တစ်နေ့လုံးလုံး၊ လူမော၊ စိတ်မောလောက်စရာ ခရီးပန်းခဲ့ပါသော်လည်း ဗိုင်းဘေးတွင် သူမ ရှိနေသမျှ ပြဿနာမရှိ၊ ဘဝအမောတွေကို ပြေလွင့်စေပါ၏။

၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီ၏ ဆောင်းချမ်းမြမြ နေ့ရက်တစ်ရက်၏ ပုံရိပ်တို့ ဗိုင်း အာရုံထဲတိုးဝင်လာသည်။ ထိုနေ့သည် အင်ဂျီ၏ မွေးနေ့ဖြစ်၍ ဒမ်မာမြို့ မာရီရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားသောက်နေကြရာ အပြင်အဆင်တစ်မျိုးနှင့် လုပနေသော မွေးနေ့ရှင်ကို သူ့မျက်လုံးတွေ မခွာ၊ နိုင်ငံခြားကျောင်းသူကျောင်းသားများ တွေ့ဆုံပွဲတွင် မျက်လုံးချင်း ဆုံဆည်းခဲ့ကြစဉ်ကတည်းက အင်ဂျီသည် သူ့စိတ်အစဉ်တစ်ခု လုံးကို လွှမ်းမိုးနေခဲ့သည်ဖြစ်၍ သူမကို ရယူပိုင်ဆိုင်ဖို့ အားထုတ်ကြိုးစားခဲ့ရသည်။ သူမရှိလေရာတွင် လျှောက်ပြန်သံပေးနှင့် ပိုးရင်းပန်းရင်း လေးလမျှ ကျော်လွန်ခဲ့ပြီး နောက်တွင်မှ သူ့ဘဝထဲတွင် အင်ဂျီမရှိ၍ မဖြစ်နိုင်တော့။ သူတို့နှစ်ယောက်ချစ်သူတွေ ဘဝနှင့် သွားရင်းလာရင်း လက်ထပ်ခွင့်တောင်းဖို့ တစ်နေ့နေ့ကို သူစောင့်မျှော်နေခဲ့သည်။ သူ့ဘက်က လက်ထပ်ခွင့်တောင်းခဲ့လျှင် သူမကရော၊ လက်ခံပါမည်လား။ လက်ခံခဲ့လျှင် ကော သူမမိသားစုကို စွန့်ခွာပြီး ကမ္ဘာကြီး၏ အခြားတစ်ဖက်မှ နိုင်ငံငယ်လေးတစ်နိုင်ငံသို့ လိုက်နိုင်ပါမည်လား။ အင်ဂျီ၏ဘဝ အနာဂတ်အစီအစဉ်ထဲမှာ သူ့ကိုယ်တိုင်ပါဝင်ခြင်း ရှိမရှိကိုမူ သူမသိနိုင်၊ ထိုနည်းလည်းကောင်း သူတို့နှစ်ဦးကြားတွင် ကာဆီးနေသော အတားအဆီး၊ အခက်အခဲတို့ကို စဉ်းစားမိရင်း စိတ်ပူပင်ခဲ့ရသော ရက်တွေ များခဲ့လေပြီ။

နေ့အားရက်အားများရသည့်အခါ သူတို့နှစ်ဦး အတူတူလျှောက်လည်ခဲ့ကြ သည်။ မိုးကုတ်စက်ဝိုင်းအောက်မှ အဆုံးအစမဲ့ ပရေရီမြက်ခင်းပြင်ကြီးနှင့် တောင်တန်း များပေါ် ပျော်ပွဲစားထွက်ခဲ့ကြသည်။ ရာသီဥတုဆိုးဝါးသော နေ့ရက်များတွင်မူ ယဉ်ကျေးမှု သစ်တို့ကို လေ့လာခံစားရင်း ပြတိုက်နှင့် ဒမ်မာမှ ပြဇာတ်ရုံများသို့ သွားရောက်ကြည့်ရှု တတ်ကြရာ ထိုအခါမျိုးတွင် အရှေ့တိုင်းသားတစ်ယောက်က အနောက်တိုင်းသူတစ် ယောက်ကို လက်တွဲလာသော သူတို့စုံတွဲကို စော်ကားမော်ကား တီးတိုးကန့်ကွက်သံ

များ။ ဟိုနေရာသည့်နေရာမှ ကြားရတက်သည့်တိုင် သူတို့နှစ်ဦးမှာ လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်ခဲ့ကြသည်။ သို့ရာတွင် လက်ထပ်ဖို့စကားကိုမူ မည်သူမျှ မစခဲ့ကြ။

ယခု စားသောက်စရာများ ပြီးစီးသွားသည့်အခါ အိပ်ကပ်ထဲမှ ကတ္တီပါဘူးငယ်လေးကို စိုင်း ဆွဲထုတ်လိုက်သည်။ နောက်ထပ် သူ မစောင့်နိုင်တော့၊ သူ့အစီအစဉ်အတိုင်း စ'လိုက်ခြင်းဖြစ်သည်။ ပြီးနောက် ဘူးငယ်လေးကို ဖွင့်၍ အတွင်းမှ လက်စွပ်လေးကို ထုတ်လိုက်ပြီး သူမ၏ရှေ့ စားပွဲခင်းဖြူဖြူပေါ်တွင် ချပေးလိုက်သည်။

စိန်ပွင့်ငယ်လေးများ အစီအရီနှင့် ပတ္တမြားလက်စွပ်မှာ ကြက်သွေးရောင် လျှပ်လျှပ်ပြေးနေရာ သူမ၏ ဖူးဖူးစုံစုံ ပါးနှစ်ဘက်မှ ပန်းနုရောင်များသည်ပင် ငုတ်လျှိုးသွားသလားထင်မှတ်ရသည်။

*"အင်ဂျီ . . . ဟောဒီသည့်လက်စွပ်လေးနဲ့ပဲ မင်းလက်ထပ်ခွင့် ကိုယ်တောင်းပါတယ်"*

လက်စွပ်နှင့် စိုင်းကို မှင်တက်စွာငေးကြည့်နေရာမှ ချွေးစီးများနှင့် အေးစက်နေသော စိုင်း၏ လက်နှစ်ဖက်နှင့် သူမလက်ကို ဆုပ်ကိုင်လိုက်ချိန်တွင် သူမလန့်ဖျန့်သွားသည်။

*"လက်စွပ်ကို ဝတ်ထားပါ အင်ဂျီ၊ မင်းဖက်က အဆင်သင့်ဖြစ်တဲ့အခါမှ ကိုယ့်ကို အဖြေပေးပါ။ ပတ္တမြားက ကိုယ့်အချစ်ရဲ့ သင်္ကေတပါပဲ"*

ယခုလို အင်ဂျီထံမှ လက်ထပ်ခွင့်တောင်းဆိုဖို့ အကြိမ်ကြိမ်အခါခါ အစမ်းလေ့ကျင့်ခဲ့ဖူးသလို ဖြစ်နိုင်ချေရှိသော တုံ့ပြန်မှုတို့ကိုလည်း ထောင့်စေ့အောင် စိုင်း ကြိုတင်တွေးကြည့်ခဲ့သည်။ သို့ရာတွင် ယခုလို အင်ဂျီ၏ ပါးနှစ်ဘက်ပေါ်မှ မျက်ရည်တွေ လှမ့်ဆင်းလာလိမ့်မည်ကို သူ မစဉ်းစားမိ၊ ဘာလုပ်၍ ဘာပြောရမည်မှန်း မသိတော့ဘဲ ခေါင်းရှုပ်ရှုပ်နှင့်ပင် သူ့အိပ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ပြီး အင်ဂျီထံ ကမ်းပေးလိုက်သည်။ မျက်ရည်ပေါက်ကြီးငယ်တို့ကို တရှုံ့ရှုံ့နှင့် သုတ်ပြီး ပုံမှန်အခြေ အထားပြန်ရဖို့ စိတ်ကို သူမ စုစည်းလိုက်သည်။

*"တစ်နေ့နေ့ စိုင်းက လက်ထပ်ခွင့်တောင်းလာရင် ပေးဖို့အဖြေကို ဒို့စဉ်းစားထားပြီးသားပါ၊ ဟုတ်တယ်၊ စိုင်းကို ဒို့လက်ထပ်ချင်ပါတယ်။ ဒါပေမယ့် ဒို့ကြောက်နေတယ်"*

*"ဘာကိုများ ကြောက်နေရတာလဲ အင်ဂျီ ကိုယ့်ကိုပြောစမ်းပါဦး"*

တုန်နေသော သူမလက်ချောင်းလေးတို့ကို ဆုပ်ကိုင်ရင်းမေးသည်။

*"ဒို့နှစ်ယောက်ထဲ အတူတူနေနိုင်မယ်ဆိုတာ ယုံပါတယ်၊ ဒါပေမဲ့ စိုင်းရဲ့လူတွေက ဒို့ကို လက်ခံမှာလား။ ဒို့ကရော နေလို့ရနိုင်ပါ့မလား မသိဘူး"*

နောက်ထပ် မျက်ရည်များ သူမပါးပြင်ထက်မှ လျှောဆင်းလာသည်။

*"ကိုယ်လည်း အဲဒီမေးခွန်းတွေကို ညတိုင်းစဉ်းစားခဲ့ပါတယ်။ ကိုယ့်လူတွေက မင်းကို လက်ခံကြမှာပါ ကိုယ်ကို ယုံစမ်းပါ"*

သူမ၏ သွယ်ပြောင်းသော လက်ချောင်းလေးပေါ်မှ လက်စွပ်လေးကို တဖွဖွ ပွတ်သပ်နေသည်။ တစ်ယောက်ကို တစ်ယောက် ယုံကြည်မှုအပြည့်နှင့် လက်ချင်းဆုပ်ထားလိုက်ကြရာ စားပွဲပေါ်တွင် ချထားသော ရေခဲမုန့်များကို သတိမရတော့၊ *"စိုင်း အဆောင်ကာဖျူး"* ဟု သူမက အထိတ်တလန့် အော်လိုက်မှသာ စိုင်း သတိပြန်ဝင်လာသည်။ အင်ဂျီတို့၏ မိန်းကလေးအဆောင်၏ စည်းကမ်းအရ ညကိုးနာရီထိုးသည်နှင့် အဆောင်သို့ ပြန်ရောက်ရမည်ဖြစ်၍ အဆောင်သို့ သူတို့နှစ်ဦး ကသောမြောပါးနှင့် ပြန်လာခဲ့ကြသည်။ အဆောင်၏ စည်းကမ်းကို သူတို့နှစ်ဦး မုန်းကြသော်လည်း ယခု အချိန်တွင် စောင့်ထိန်းလိုက်နာရပေလိမ့်မည်။

အမိုးဖွင့်ဗီမ်ခံကားလေးကို သူကိုယ်တိုင် မောင်းကာ အဆောင်သို့ သူမကို လိုက်ပို့ခဲ့ပြီး ဒမ်ဗာမြို့ပြင်လယ်ကွင်းကိုဖြတ်၍ စိမ်းစိမ်းဖန့်ဖန့် ဂျုံစိုက်ခင်းများနှင့် နွားနို့ချက်စက်ရုံရှိရာသို့ မောင်းလာခဲ့ပြီး။ ဗနီလာမစ်ရှိတ်ဆိုင်ရှေ့တွင် ကားရပ်လိုက်သည်။ ယခု မော်တော်ကားလေးမှာ ကျောင်းတက်နေသော ကာလအတောအတွင်း စိုင်း၏ တစ်ခုတည်းသော ဗီမ်ခံပစ္စည်းဖြစ်သည်။

ယနေ့ အင်ဂျီထံမှ လက်ထပ်ခွင့်တောင်းခံခဲ့သည်ဆိုသော်လည်း သူစိတ်ထဲမှာ ဘဝင်မကျ၊ တစ်နေရာရာမှာ 'ဟာ' နေသည်။ အင်ဂျီအပါအဝင် ကော်ရိုရာဒိုတွင် သူနှင့်တွေ့ဆုံရင်းနှီး၍ အကျွမ်းတဝင်ရှိခဲ့ကြသူတို့က သူ့ကို မြန်မာပြည်မှ လာရောက်၍ မိုင်းနင်းအင်ဂျင်နီယာပညာကို ဆည်းပူးလေ့လာနေသူ သာမန်ကျောင်းသား တစ်ယောက်အဖြစ် သိထားကြပါသော်လည်း ကျောင်းအုပ်ကြီးတစ်ဦးသာ သူသည် သီပေါပြည်နယ်၏ နန်းစံမင်းသား*(စော်ဘွား)*တစ်ဦးဟူ၍ သူ၏ အခြေအနေမှန်ကို သိထားပြီး အဆိုပါကိစ္စကို ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်တစ်ခုအနေနှင့် မပေါက်ကြားစေဖို့ ကျောင်းအုပ်ကြီးကို မေတ္တာရပ်ခံထားခြင်းဖြစ်သည်။

ရေခြားမြေခြား တိုင်းတစ်ပါးတွင် ပညာသင်ယူနေကြရသော နိုင်ငံခြားကျောင်းသားကျောင်းသူများနည်းတူ တွေ့ကြုံလာသော ဝမ်းသာဝမ်းနည်း အခြေအနေ

အားလုံးကို သာမန်ကျောင်းသားများကဲ့သို့ စိုင်းအနေနှင့် ဖြတ်သန်းနိုင်ခဲ့သည်မှာ သေချာပါသည်။ သို့သော် သူ့ကို ယုံကြည်သဖြင့် ဘဝအနာဂတ်ကံကြမ္မာတစ်ခုလုံးကို သူ့လက်ထဲ အပ်လိုက်ပါသော မိမိချစ်သူ အင်ဂျီကိုမူ သူ့ဘဝအဖြစ်မှန်ကို ဖွင့်မပြောခဲ့သည်ဖြစ်၍ သူမကို လိမ်ညာ လှည့်စားမိချေပြီ။ သို့တိုင် ဤနေရာ ဤအချိန်တွင် သူ၏ ဇာတိရုပ်ကို ဖော်ပြဖို့ဆိုသည်မှာလည်း မဖြစ်နိုင်သေး။ မည်သို့ရှိစေ သူ့ဘက်က ထုတ်ဖော်ဝန်ခံခြင်း မပြုမိ။ သူတို့နှစ်ဦးကြား ကာလ၊ ဒေသနှင့် ယဉ်ကျေးမှုအတားအဆီးတို့ကို စမ်းသပ်လွန်မြောက်၍ ယခုထက်တိုင် ခိုင်မြဲစွာ လက်တွဲနိုင်ကြမည်ကို သူယုံကြည်သည်။ ဤသည်တို့ထက် လိုလားအပ်သော အခြားတစ်ခုမှာ သူ့ကို လက်ထပ်ရာတွင် အင်ဂျီအနေနှင့် ပကတိအခြေအနေအတိုင်း မှန်ကန်စွာ ဆုံးဖြတ်စေချင်ပါ၏။

❀ ❀ ❀

စေ့စပ်လက်စွပ် ပေးပြီးသည့်နေ့မှစ၍ စိုင်းအဖို့ ရည်ရွယ်ချက်နှင့် အိပ်မက်သစ်တွေ တိုးလာသည်။ သူတို့နှစ်ဦးကြား နေ့စဉ် တယ်လီဖုန်းအဆက်အသွယ် ရှိနေသည့်တိုင် မတွေ့ရ မမြင်ရ မနေနိုင်။ သီပေါသို့ ညွှန်ကြားစရာတို့ကိုလည်း အလျင်အမြန် ဆောင်ရွက်လျက်ရှိရာ စိုင်း၏ ဘဝနေ့ရက်များမှာ ပျော်ရွှင်စရာအဖြစ်အပျက်များ စီတန်းနေသည်ဟုပင် ထင်မှတ်ရသည်။

တစ်နေ့ ဂျာမန်ဘာသာစကားကို သင်ကြားနေသည်ဟု စိုင်းက ပြောရာ အင်ဂျီ တအံ့တသြဖြစ်ရပြန်သည်။

*"ဂျာမန်ဘာသာစကားကို ဘာကြောင့်သင်တာလဲ စိုင်း"*

*"ဒီနှစ်နွေရာသီမှာ ဩစတြီးလျကို ကိုယ်ရောက်မယ်လေ၊ အဲဒီမှာ အင်ဂျီ့ရဲ့ မိဘတွေနဲ့ စကားပြောတဲ့အခါ ကြားကစကားပြန်မပါဘဲ တိုက်ရိုက်ပြောချင်လို့ပါ၊ သူတို့သမီးကို လက်ထပ်ခွင့် ကိုယ်တိုင်တောင်းရမယ်လေ"*

ယခုနှစ် နွေရာသီရောက်လျှင် စိုင်းက မြန်မာပြည်ပြန်ပြီး သူတို့နှစ်ဦးအတွက် စီစဉ်စရာရှိတာတွေ စီစဉ်မည်၊ အင်ဂျီကလည်း ကော်ရိုလာဒိုတွင် တစ်နှစ် ပညာသင်ပြီးပြီဖြစ်၍ ဩစတြီးယားယူနီဗာစီတီသို့ ပြန်ရမည်။ စိုင်းက နောက်ဆုံးနှစ်တက်ဖို့ ကော်ရိုရာဒိုသို့ အပြန်ခရီးတွင် ဩစတြီးယားသို့ ဝင်ပြီး အင်ဂျီ၏ မိဘများနှင့် တွေ့ဆုံဖို့ စီစဉ်ထားရာ



၁၉၅၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့၊ ကော်ရိုရာဒို၊ ဒမ်ဗာမြို့
စဝ်ကြာဆိုင်နှင့် အင်ဂျီတို့၏ လက်ထပ်မင်္ဂလာပွဲ

သူတို့နှစ်ဦးအတွက် ကြာကြာဝေးနေဖို့ အချိန်မရှိ၊ တစ်မြေစီဝေး၍လည်း မနေနိုင်တော့ပါချေ။

သုစန္ဒီ နိုးမသွားအောင် အသာအယာရွှေ့လျားရင်း လဘက်ရည်တစ်ကျိုက် သောက်လိုက်ပြီး မနက်ဖြန် ပြန်စရတော့မည့် လုပ်ငန်းတွေဆီ အတွေးရောက်သွားသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် *(House of Nationalities)* နှင့် ရှမ်းအမျိုးသားကောင်စီ အဖွဲ့ဝင်တစ်ဦးအနေနှင့် တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စတို့ကို တာဝန်ယူဖို့ ကမ်းလှမ်းထားသော်လည်း စိုင်းဘက်က တိတိပပ မဆုံးဖြတ်ရသေး။ သို့ပေမယ့် သီပေါပြည်နယ်၏ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့ ဖွံ့ဖြိုးရေးနှင့် သတ္တုရိုင်း တူးဖော်ရေးလုပ်ငန်းတို့ကိုမူ အမြန်ဆုံး စဖို့ သူဆုံးဖြတ်ထားသည်။ ဤသည်တို့ထက် အရေးတကြီး ဆောင်ရွက်ရမည့် အလုပ်တစ်ခုမှာ လက်ရှိနိုင်ငံရေးစနစ်ကို ပြောင်းလဲဖို့ဖြစ်သည်။ ယနေ့တိုင် ရှမ်းပြည်နယ်များတွင် ဖက်ဒရယ်စနစ် ကျင့်သုံးနေသေးရာ ထိုမှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲပစ် ဆုံးဖြတ်ထားပြီးဖြစ်သည်။

သူသည် သီပေါဟော်နန်း၏ အဆောင်အယောင် အစီးအနင်းတို့ဖြင့် အကြွင်းမဲ့ အာဏာကို ကိုင်ဆောင်လျက် သီပေါနယ်မှ ပြည်သူပြည်သား လူ့ခပင်းတို့ကို အုပ်ချုပ်မင်းလုပ်နေရခြင်းသည်ပင် ဝန်ထုတ်ဝန်ပိုးကြီးတစ်ခု ထမ်းထားရသလို ခံစားနေရသည်။ အမေရိကားတွင် ပညာသင်ကြားနေစဉ်ကာလများအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေး၊ လူမှုရေး စသဖြင့် ဒီမိုကရေစီနိုင်ငံတို့၏ အရပ်ရပ်ယဉ်ကျေးမှုများက သူ့လို ပဒေသရာဇ်စော်ဘွားတစ်ယောက်ကို လှောင်ပြောင်နေသည်ဟု ထင်မိသည်။ အရှေ့တိုင်းသားတစ်ယောက်ဖြစ်သော်လည်း အနောက်တိုင်း၏ လွတ်လပ်ခွင့်နှင့် တန်းတူညီမျှ ဆက်ဆံရေးကိုမူ သူတို့နိုင်ငံသားတွေနှင့် တပြေးညီ ခံစားခဲ့ရာမှ ယခု မိမိ၏ နေရပ်သို့ ပြန်ရောက်လာချိန်တွင်မူ ဒူးထောက်၍ မိမိကို ဆက်ဆံနေသူ စံအိမ်တော်အမှုထမ်းတို့ကို မြင်ရသည့်အခါ စိုင်းစိတ်တွေ နောက်ကျိသွားသည်။ မိမိတို့ ပြည်သူပြည်သားအပေါင်းတို့သည်လည်း အနောက်နိုင်ငံသားများနည်းတူ တန်းတူညီမျှခြင်းနှင့် လွတ်လပ်ခြင်း စသဖြင့် လူ့အခွင့်အရေးတို့ကို သူတို့ နားလည်သဘောပေါက်ရပေမည်။ ခံစားခွင့် ရှိရပေမည်။

ဤအခွင့်အရေးတို့ကို သူ့လက်ဖြင့် ပေးပါအံ့။

သို့ရာတွင် နန်းမတူမြစ်ပြင်မှ ကဲဆုန်ပေါက်လာသော လေညင်းကြောင့် ဖယောင်းတိုင် မီးညွန့်များ ယိမ်းထိုးလှုပ်ခတ်သွားရာမှ နှစ်ခြိုက်စွာ အိပ်မောကျနေသော သုစန္ဒီနောက်မှ နံရံပေါ်တွင်မူ လက်နက်ကိုင်စစ်သားများ ရုတ်ရုတ်သဲသဲ ချီတက်လာသယောင် ပုံရိပ်များ စိုင်း တွေးထင်မိလိုက်သည်။

## အခန်း (၄)

သီပေါနယ်၏ အုပ်ချုပ်ရေးတိုင်ရာ တာဝန်တို့ကို ရက်အနည်းငယ်အတွင်း လွှဲပြောင်းယူမည်ဖြစ်သော်လည်း ဌာနချုပ်ရုံးခန်းတွင် ရုံးမထိုင်တော့ဟူသော စိုင်း၏ ဆုံးဖြတ်ချက်ကိုမူ အရာရှိတစ်ချို့က သဘောကျကြသလို အချို့က ပူပန်ကြသည်။ စိုင်း၏ အဖေ၊ အဘိုး၊ ဦးမင်း၊ ဘကြီး၊ ဘလေး စသဖြင့် ရှေးအစဉ်အဆက် စော်ဘွားများ၏ အစဉ်အလာအရ ဟော်နန်း၏ သီးသန့်ရုံးခန်းမှတဆင့် ကိစ္စအဝဝကို ကိုင်တွယ်အုပ်ချုပ်ခဲ့သည်ဆိုသော်လည်း စိုင်းကမူ သူကိုယ်သူ တစ်ထီးတစ်နန်းဖြင့် မနေလို၊ ဒုတိယကမ္ဘာစစ်ပြီးနောက်၊ သီပေါဟော်နန်းကို ဆက်ခံခွင့်ရှိသူနှစ်ဦးအနက် တစ်ဦးမှာ စိုင်းနှင့် ဝမ်းကွဲတော်သူ စပ်အုံးကြာဖြစ်သော်လည်း နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေသော စိုင်းကိုပင် သီပေါနယ်သူနယ်သားများက စော်ဘွားအရာ အပ်နှင်းချင်ကြသည်။ စပ်အုံးကြာမှာ ၁၉၃၈ ခုနှစ်တွင် သေဆုံးခဲ့ပြီး သားသမီးလည်း မထွန်းကားခဲ့သလို ဟော်နန်းအရိုက်အရာ ဆက်ခံခွင့်ရှိသော စိုင်း၏ တူတော်မောင်နှစ်ယောက်မှာလည်း အလွန်ငယ်ကြသေးသည် ဖြစ်၍ သီပေါစော်ဘွားအရိုက်အရာကို စိုင်းကပင် မဖြစ်မနေ လက်ခံခဲ့ရသည်။ သို့ဖြစ်၍ ၁၉၄၇ ခုနှစ်အထိ ဗြိတိသျှတို့ထံ လွှဲအပ်ထားသော သီပေါနယ် အုပ်ချုပ်ရေးကိစ္စအဝဝကို စိုင်းကလွှဲပြောင်းယူပြီးသည်နှင့် သူ၏ဦးဆောင်မှုကို ယုံကြည်စွာလိုက်ပါလိုသော ပြည်သူတို့ကို ဂုဏ်ပြုဖို့ စိုင်းဆုံးဖြတ်ထားပြီးဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ရာဒဏ်ချက်တို့ကြောင့် ဒေသစီးပွားရေးတစ်ခုလုံး ချွတ်ခြုံကြနေရာ၊ လီမွေ့စိုက်ပျိုးရေးလုပ်ငန်းများကို အသစ်ကပြန်စဖို့လိုသည်။ ဆည်မြောင်းရေးကာတာနှင့် လမ်းတံတားတို့ကိုလည်း ပြန်လည်ပြင်ဆင်ရမည်။ ကျဆင်းနေသော အိမ်တွင်းမှု လုပ်ငန်းငယ်လေးများကိုလည်း မြှင့်တင်ပေးရမည်။ ပဒေသရာဇ်

စော်ဘွားတစ်ယောက်အနေနှင့် အုပ်ချုပ်နေသည့်တိုင်ကျေးရွာမှ ခရိုင်အဆင့်အထိ ပြည်သူတစ်ဦးချင်း၏ ဒီမိုကရေစီအခွင့်အရေးတို့ကို အသိအမှတ်ပြုရမည်မှာ သူ၏တာဝန်ဖြစ်သည်နှင့်အညီ ပြည်သူ့တို့က တစ်စည်းတရုံးတည်း အတည်ပြုလိုက်သော ဆုံးဖြတ်ချက်တို့ကိုလည်း တလေးတစားအသိအမှတ်ပြု၍ စဉ်းစားပေးရမည်ဖြစ်ရာ၊ အများညီဆန္ဒနှင့် တောင်းဆိုမှုများကို သူ့အနေနှင့် အခါမလပ် သိနေရမည်ဖြစ်သည်။ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ပြည်နယ်ဝန်ထမ်းများအကြား ထိတ်ထိတ်ပျာပျာဖြစ်သွားရသော စိုင်း၏ ပထမဆုံးအရေးယူဆောင်ရွက်မှုမှာ နိုင်ငံခြားတွင် သူရောက်နေစဉ်အတောအတွင်း အာဏာပါဝါကို အလွဲသုံး၍ တရားလက်လွတ်ပြုကျင့်ခဲ့သော ထိပ်တန်းအရာရှိ (၂) ဦးကို နေရာမှ ဖယ်ရှားလိုက်ခြင်း ဖြစ်သည်။ ဤဖြစ်ရပ်က မည်သည့်အကျင့်ပျက်မှုကိုမျှ သည်းညည်းခံတော့မည်မဟုတ်ကြောင်း သီပေါနယ် အုပ်ချုပ်ရေးဝန်ထမ်းအားလုံးကို သတိပေးလိုက်ခြင်းဖြစ်ရာ ကန်ထရိုက်တာကြီးများ စီးပွားရေးသမားကြီးများမှာလည်း ၎င်းတို့၏ တံစိုးလက်ဆောင်တို့ကို လက်ခံမည့်သူမရှိတော့ပြီဖြစ်၍ မလုပ်တတ်မကိုင်တတ်ဖြစ်လာသလို မတော်မတရားနည်းလမ်းတို့ဖြင့် ရထားသော ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုများအတွက်လည်း စိုးရိမ်စပြုလကြသည်။ ယခု သီပေါနယ်အတွင်း အရပ်ရပ်အနေအထားများ အလျင်အမြန်ပြောင်းလဲနေပြီဖြစ်၍ စိုးမိုးလာသောဥပဒေနှင့်အညီ လူတိုင်းလူတိုင်း တရားမျှတစွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

စိုင်းစိတ်ထဲတွင် ယခင်နှစ်ရှည်လများကပင်မနှစ်မြို့ခဲ့သော ကိစ္စတစ်ခုမှာ ဒေသခံပြည်သူတို့၏ လောင်းကစားအလေ့အထ ဖြစ်သည်။ ပွဲလမ်းသဘင်ဟူသော ခေါင်းစဉ်ဖြင့် ရှမ်းပြည်နယ်များတွင် နှစ်စဉ် နှစ်တိုင်း ကျင်းပနေကြသော်လည်း စင်စစ်၊ အဆိုပါပွဲများမှာ လောင်းကစားဝိုင်းများသာဖြစ်ရာ ရလဒ်အားဖြင့် ဖွတ်သထက်ညစ် ဆိုသလို ဆင်းရဲနွမ်းပါးသော ပြည်သူတို့မှာ လောင်းကစားကြောင့် သူတို့ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ထိခိုက်နစ်နာကြရသည်။ တစ်ဘက်မှကြည့်လျှင်လည်း ရှေးရှေးကပင် ရိုးရာအစဉ်အလာမပျက် ပွဲလမ်းသဘင်များကျင်းပဖို့ လိုအပ်သည်ကို စိုင်းအနေနှင့် အသိအမှတ်ရမည်ဖြစ်သော်လည်း ယခုလောက်အထိ အလွန်အကျွံ မဖြစ်စေချင်၊ သို့ဖြစ်၍ အခြားနယ်များတွင် မည်သို့ပင်ရှိစေ၊ သီပေါတွင်မူ တစ်နှစ်လျှင် (၂) ကြိမ်မျှသာ ပွဲများကျင်းပဖို့ စိုင်း ခွင့်ပြုလိုက်သည်။ နယ်တစ်နယ်တွင် ပွဲတစ်ပွဲကျင်းပပြီဆိုလျှင် လောင်းကစားဝိုင်းများမှ ရရှိလာသော အကောက်အခွန်ငွေတို့ကို ၎င်းပြည်နယ်မှ စော်ဘွားလက်ထဲသို့အပ်ကြရသည့်တိုင် စိုင်းက လောင်းကစားမှ ရသောငွေတို့ကို လုံးဝ လက်ခံခြင်း

မပြုဘဲ ပရဟိတလုပ်ငန်းဆိုင်ရာ ရန်ပုံငွေအဖြစ် ထည့်ဝင်၍ ဦးဆောင်လမ်းပြခဲ့ပါသော်လည်း အခြားပြည်နယ်များမှ စော်ဘွားစော်ကန်တို့ကမူ စိုင်း၏ လုပ်ရပ်ကို မကျေနပ်။ အမေရိကန်ပြန်တစ်ယောက်၏ အရူးထသော လုပ်ရပ်ဟူ၍သာ စွပ်စွဲကြကုန်၏။

သို့ရာတွင် စိုင်း၏ အနာဂတ်စိတ်ကူးစိတ်သန်းများကား ယခုမှ နေ့ချင်းညချင်း ဖြစ်လာသည်မဟုတ်၊ အချိန်အတော်ကြာကပင် အသေအချာ ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ စိုင်း၏ မယ်တော်နှင့် မိထွေးတော်တို့နှစ်ယောက်လုံး ဆုံးပါးသွားပြီးနောက် စိုင်းအနေနှင့် မန္တလေး၊ တောင်ကြီးနှင့် ဒါဂျီလင်မြို့များတွင် ကျောင်းအိပ်ကျောင်းစားဘဝဖြင့် ပညာသင်ရင်း နှစ်ကာလများစွာ တစ်ဦးတည်းနေထိုင်လာခဲ့ရာ စာအုပ်များနှင့်သာ အဖော်လုပ်ခဲ့ရသည်။ အထူးသဖြင့် သမိုင်းစာအုပ်များကို သူနှစ်သက်၍ အမေရိကားမရောက်မီကပင် အမေရိကန်နိုင်ငံဆိုင်ရာ သမိုင်းစာအုပ်များကို ရတက်သမျှ ဖတ်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုလည်း နှစ်သက်ခဲ့သည်။ တစ်ဘက်တွင်မူ ကလေးဘဝကပင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တို့ကြောင့် မတရားမှုများကို မုန်းတီးစက်ဆုပ်သူလည်း ဖြစ်သည်။ သူ့ရှေ့မှာပင် ဖမည်းတော်သည် ဓိန်းမအမြောက်အများယူပြီး နိုင်ထက်စီးနင်းပြုကျင့်ခဲ့သလို နောင်တော်မှာလည်း ဂျပန်ခေတ်က စော်ဘွားအာဏာနှင့် ရမ်းချင်တိုင်းရမ်းခဲ့ရာ သူလက်ထက်တွင်မူ ပြည်သူတို့ထံမှ တစ်ပြားတစ်ကျပ်မျှ အနိုင်မကျင့်ဖို့ ဆုံးဖြတ်ထားသည်ဖြစ်၍ လောင်းကစားဝိုင်းမှ အခွန်ငွေများကို လက်ခံခြင်းသည် ပြည်သူတို့ထံမှ အမြတ်ထုတ် သွေးစုပ်ယူခြင်းပင် ဖြစ်သည်ဟု ယုံကြည်ထားသည်။

စိုင်း ပြန်ရောက်ပြီး မျှားမကြာမီ တစ်နေ့၊ စိုင်း၏ရုံးခန်းသို့ အုပ်ချုပ်ရေးအကြီးအကဲ ဦးထန်းက ဧည့်သည်တစ်ယောက်ခေါ်လာသည်။ အဆိုပါဧည့်သည်မှာ မြန်မာစစ်တပ်နှင့် ရှမ်းပြည်ထောင်များ၏ ဆက်ဆံရေးကို တာဝန်ယူနေသော၊ ရှမ်းဗဟိုအစိုးရအဖွဲ့ဝင် စော်ဘွားတစ်ဦးက စေလွှတ်လိုက်ခြင်းဖြစ်သည်။

*"ထိုင်ပါ၊ ဘာအကြောင်းများရှိပါသလဲ"*

စိုင်းက ဖော်ရွေစွာ ဧည့်ကြိုသော်လည်း ထိုသူမှာ စိတ်ရှုတ်ထွေးနေပုံဖြင့် ကုလားထိုင်တွင် ဝင်ထိုင်သည်။

*"စော်ဘွားလေးခင်ဗျား ကျနော်ကို ရှမ်းပြည်နယ် အထူးကော်မရှင်နာက လွှတ်လိုက်တာပါ"*

ထိုင်နေသော ကုလားထိုင်ကို နောက်သို့ အနည်းငယ်ရွှေ့ပြီး လက်နှစ်ဖက်ကို စိုင်း ပိုက်လိုက်သည်။

*"ဟုတ်ပါပြီ . . . သူက ဘာကိစ္စများအထူးမှာကြားလိုက်လို့လဲ"*

ညည့်သည်က စကားကို တုံ့ဆိုင်းတုံ့ဆိုင်းနှင့် ပြောနေသည်။

*"စော်ဘွားလေး၊ ဗမာစစ်တပ်က ရန်ပုံငွေရှာဖို့ သီပေါနယ်မှာ လောင်းကစားပွဲတွေ လုပ်ချင်နေပါတယ်၊ အဲဒါကို စော်ဘွားလေးအနေနဲ့ ပူးပေါင်းပါဝင်ဖို့ ကော်မရှင်နာက မေတ္တာရပ်ခံလိုက်ပါတယ်"*

*"ဘယ်လို"*

စိုင်းက ကုလားထိုင်ပေါ်မှာပင် ခါးကို မတ်မတ်ဆန့်လိုက်ရင်း ထပ်မေးလိုက်သည်။

*"ကျုပ်မရှင်းလို့ ထပ်ပြောပါဦး"*

ညည့်သည်သည် ပို၍ ခေါင်းရှုပ်လာပုံရပြီး သူနှင့်အတူပါလာသော လက်ဆွဲအိတ်ငယ်လေးကို ဟိုစမ်း ဒီစမ်းလုပ်နေသည်။

*"ဟုတ်ကဲ့ စစ်တပ်က ရန်ပုံငွေရှာချင်နေပါတယ်။ ဒါကြောင့် မြောက်ပိုင်းတိုင်းမှာ ဗိုလ်မှူးကြီးက ကော်မရှင်နာနဲ့တွေ့ပြီး . . . . "*

*"ရပြီ"*

ဤမျှဆို နားလည်ပြီဖြစ်ကြောင်း စိုင်းက ညာလက်ဖြင့် ညည့်သည်ကို ဟန့်တားလိုက်ပြီး ထိုင်ခုံမှထကာ ညည့်သည်ရှိရာသို့ စားပွဲကို ပတ်၍ လျှောက်သွားသည်။ ပြီးနောက် ဖြည်းဖြည်းဆေးဆေးနှင့် တစ်လုံးချင်းပြောသည်။

*"ကော်မရှင်နာကို ပြောလိုက်ပါ။ စစ်တပ်အတွက်ပဲဖြစ်ဖြစ် အခြားတစ်ယောက်ယောက်အတွက်ပဲဖြစ်ဖြစ်၊ ကျုပ်ရဲ့လူတွေကို လောင်ကစားဖို့ ကျုပ်က ဘယ်တော့မှ ခွင့်ပြုမှာမဟုတ်ဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ရဲ့ ရပ်တည်ချက်ကို သူကောင်းကောင်းသိပါတယ်"*

ညည့်သည်က ဦးထန်ဆီအကူအညီတောင်းသောအကြည့်ဖြင့် လှမ်းကြည့်လိုက်သော်လည်း ဦးထန်၏ တုံ့ပြန်စကားကြောင့် ပို၍ စိတ်ဆင်းရဲသွားသည်။

*"ကဲ ကျုပ်တို့စော်ဘွားလေးရဲ့ သဘောထားကို ခင်ဗျားသိပြီမဟုတ်လား။ ခင်ဗျားကော်မရှင်နာကို ပြောလိုက်ပေါ့။ စာနဲ့ပေနဲ့ အကြောင်းပြန်ဖို့ လိုတယ်ဆိုရလည်း လုပ်ပေးလိုက်မယ်လေ"*

သို့ရာတွင် ညည့်သည်ထံမှ စကားပြန်မရတော့ စိုင်းကို အကြိမ်ကြိမ်ဦးညွှတ်ပြီး ဦးထန်နောက်သို့ လိုက်ပါသွားလေသည်။

စိတ်နောက်ကျိစွာနှင့်ပင် မှန်ပြတင်းပေါက်နားဆီ ရောက်သွားပြီး ဟိုးအဝေးက

စိမ်းပြုံ စီးဆင်းနေသော နန့်မတူမြစ်ကြီးကို စိုင်းငေးကြည့်နေမိသည်။ ကော်မရှင်နာဆိုသူသည် သူ၏ ဝမ်းကွဲအစ်မတော်နှင့် လက်ဆက်ခဲ့ဖူးသလို သူ့အကြောင်းကိုလည်း ကောင်းကောင်း သိသူဖြစ်သည်။ သို့ပါလျက် ဘယ်လိုမှ မလိုက်လျောနိုင်သော ခွင့်ပြုချက်ကို သူ့ဆီက ဘာကြောင့်တောင်းခံရပါသလဲ၊ ရှမ်းပြည်အတွင်း၌သာ လောင်းကစားဝိုင်းတွေ ချိမ်းချိမ်းကျင်းပဖို့ ကြိုးစားနေကြသော်လည်း ပြည်မတွင်မူ မြင်းပြိုင်ပွဲမှအပ၊ လောင်းကစားမှုများကို ဥပဒေဖြင့်တားမြစ်ထားသလို ယခုလို ရှမ်းအမျိုးသားတို့၏ လွန်လွန်ကဲကဲ လောင်းကစားအလေ့အထကိုလည်း မြန်မာတို့က နှာခေါင်းရှုံ့တတ်ကြသည်ကို သူတို့တွေ နားမလည်နိုင်ပါလား။ ဘယ်လိုပဲဖြစ်စေ သူ့ဆုံးဖြတ်ချက်မှန်သည်ဟု စိုင်း ယုံကြည်သည်။ ရုံးခန်းအတွင်းသို့ ဦးထန်ပြန်ဝင်လာချိန်အထိ ပြတင်းပေါက်ဘေးတွင် စိုင်းရပ်နေပြီး ဦးထန်ကိုအကြောင်းကိစ္စမမေးမိမှာပင် ဦးထန်က စောစောကကိစ္စကို ပြန်ကောက်သည်။

*"စော်ဘွားလေး လောင်းကစားနဲ့ပတ်သက်ပြီး စော်ဘွားလေးရဲ့ ဆုံးဖြတ်ချက်ကို ကျနော်လေးစားပါတယ်။ ဒါပေမဲ့"*

*"ဒါပေမဲ့ မလုပ်ပါနဲ့"*

စိုင်းက ခေါင်းခါရင်း ဖြတ်ပြောလိုက်ပြီး ကုလားထိုင်မှာ ဝင်ထိုင်သည်။ ယခုအချိန်မှာ ဦးထန်နှင့် စကားမပြောချင်သော်လည်း ဦးထန်ဆိုသူက သူ၏ မျက်နှာရိပ်ကို မသိ။

*"စော်ဘွားလေးကို ကျနော်သတိပေးပါရစေ၊ မြန်မာစစ်တပ်က သူတို့တောင်းဆိုတာကို ဘယ်တော့မှ ပယ်ချခွင့်ပေးမှာမဟုတ်ပါဘူး"*

*"ဦးထန်ပြောတာဖြစ်နိုင်ပါတယ်။ ဒါက သူတို့ကိစ္စပဲလေ၊ ကျုပ်ကိစ္စမှမဟုတ်တာ၊ ကျုပ်တို့မှာ အခြေခံဥပဒေရှိတယ်ဆိုတာမမေ့ပါနဲ့၊ အခြေဥပဒေကို ကျုပ်သေတဲ့အထိ ကာကွယ်သွားမယ်"*

သူ့သဘောထားကို ပြတ်ပြတ်သားသား ပြောလိုက်ပြီးနောက် စိုင်းက နောက်ထပ်ပြောစရာစကား မရှိတော့ပြီဟူသောသဘောဖြင့် စားပွဲပေါ်မှ ဖိုင်တစ်ခုကို ဖွင့်၍ ကြည့်နေလိုက်ရာ ရုံးခန်းအတွင်းမှ ဦးထန်ပြန်ထွက်သွားသည်။

ယနေ့အဖို့ ရုံးကိစ္စ လုပ်စရာမရှိတော့ပြီဖြစ်၍ ကားဒရိုင်ဘာနှင့်အတူ နမ်းမတူမြစ် တစ်ဘက်ကမ်းသို့ ထွက်လာခဲ့သည်။ ဤမှာ ဘက်တွင်မူ လိမ္မော်စိုက်ပျိုးရေးအတွက် အလုပ်သမား (၅၀) ဖြင့် မြောင်းပေါင်းကြီးများကို ပြန်လည်တူးဖော်နေကြ

သည်။ ယခင်က ဤနေရာတွင် ရှောက်ချိုပင်များစိုက်ပျိုးခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။ သီပေါနယ်အတွင်း စိုက်ပျိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရေးသည် စိုင်း၏ အလိုလားဆုံးရည်ရွယ်ချက်တစ်ခု ဖြစ်လေရာ လီမွော်စိုက်ပျိုးရေးအပြင် ကော်ဖီ၊ နာနတ်၊ မြေပဲ၊ ဂျင်းနှင့် ပဲ အမျိုးမျိုးစသဖြင့် စီမံကိန်းများလည်းရှိ၍ အဆိုပါ စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်ဖို့ လယ်ထွန်စက်နှင့် မြေတူးစက်တို့ကိုလည်း နိုင်ငံခြားမှ မှာယူထားပြီးဖြစ်သည်။ ယခု ပေါင်းရှင်း မြေတူး လုပ်ကိုင်နေကြသော အလုပ်သမားတို့ကို တွေ့မြင်လိုက်ရသည်တွင် စောစောက ရုံးခန်းထဲတွင် စိတ်နောက်ကျိခဲ့ရသည်များ ချက်ချင်းလွင့်စင်သွားပြီး ခွန်သစ်အားသစ်တို့ဖြင့် လန်းဆန်းလာပြီး အလုပ်သမားတစ်ယောက်ဆီမှ တောခုတ်ဓားတစ်ချောင်းကို ယူလိုက်ပြီး ခြုံနွယ်ပေါင်းပင်တို့ကို သူကိုယ်တိုင်လွှဲချည်ရမ်းချည် ခုတ်ဖြတ်လေတော့သည်။

ဓားတစ်ရမ်းရမ်းနှင့် ခြုံနွယ်ပေါင်းပင်တို့ကို ခုတ်ဖြတ်နေသော သူတို့သခင်စော်ဘွားလေးကို ကြက်သေသေသလို တခဏမျှ ကြည့်နေကြရာမှ အလုပ်သမားများကလည်း ဓားကိုယ်စီဖြင့် တက်တက်ကြွကြွ လိုက်ပါလာလေသည်။

❀ ❀ ❀

ယနေ့ကား မတ်လ (၂၂) ရက်၊ တပေါင်းလပြည့်နေ့မတိုင်မီ (၂) ရက်၊ သီပေါနယ်၏ အထင်ကရရှိလှသော ဘော်ကြိုဘုရားပွဲကြီးစလေပြီ။ ဘော်ကြိုဘုရားမှာ စံအိမ်တော်၏ အနောက်ဘက် ခြောက်မိုင်အကွာတွင်တည်ထားရာ ဒရိုင်ဘာ မောင်းနှင်သော မာစီဒီးကားဖြင့် စိုင်းနှင့် သုစန္ဒီတို့ ထွက်လာခဲ့ကြသည်။ ဘော်ကြိုဘုရားသို့ သွားရာလမ်းမှာ ဘားမားလမ်းမကြီးမှ တိုးချဲ့ဖေါက်လုပ်ထားသော တစ်လမ်းသွားဖြစ်သည်နှင့်အညီ မော်တော်ယဉ်မောင်းသူများအဖို့ ခဲရာခဲဆစ်မောင်းနှင်ကြရသည်ဖြစ်ရာ ယခုလို ဘုံရားပွဲ လာသူ လူအုပ်ကြီးများနှင့် ကြုံရသည့်အခါ ပို၍ပင် အခက်ကြုံရသည်။

ဘော်ကြိုဘုရားပွဲမစမီ လအနည်းငယ်ခန့်ကပင် သီပေါနယ်သူနယ်သားများနှင့်အတူ သုစန္ဒီလည်း အမျှော်စိုက်၍ စိတ်လှုပ်ရှားနေရာ ယနေ့ ဘုရားပွဲသွားမည့် သူမကို အိမ်ဖော် မိုးအိလာ ပြင်ဆင်ပေးသည်။ ရွှေရောင်ဘရိုကိတ် ပတ္တမြားကျိုသီးများ အစီအရီဖြင့် ပိုးအင်္ကျီဖြူ၊ ရှမ်းဟန်တစ်ပတ်လျှိုဆံထုံးထက်တွင် စံပယ်ပန်းတို့ဖြင့် နန်းဆန်ဆန်လှပနေသော သုစန္ဒီကို ခြေဆုံးခေါင်းဖျားကြည့်ရင်း မိုးအိကျေနပ်သွားသည်။

*"မဟာဒေဝီ၊ မဟာဒေဝီက အရပ်ကလေး မဆိုသလောက်ရှည်နေတာက လွဲရင် တစ်နေ့တခြား ရှမ်းအမျိုးသမီးတစ်ယောက်နှင့် ပိုတူလာတယ်"*

လမ်းမြောင်မြောင်လေးတစ်လျှောက် ဘုရားပွဲလာပရိသတ်များနှင့် ဒင်းကြမ်းပြည့်နေရာ သူတို့မော်တော်ကားလေးမှာ တရွေ့ရွေ့နှင့် မောင်းနေရသည်။

*"ကျမတော့ ဘုရားပွဲလာရတာ အရမ်းပျော်နေတယ်၊ စိုင်းရောပျော်ရဲ့လား"*

စိုင်းက ပြုံး၍သာ သုစန္ဒီကိုကြည့်ရင်း သူ့လက်ကို ဖွဖွဆုပ်လိုက်သည်။

*"ပွဲနဲ့ပတ်သက်ပြီး ကိုယ့်သဘောထားကို မင်းသိပါတယ်။ သုစန္ဒီ၊ ဖြစ်နိုင်ရင် ကိုယ်အနေနဲ့ လုံးဝမပတ်သက်ချင်ဘူး ဒါပေမဲ့ သူတို့တွေ စိတ်ဆင်းရဲမှာလည်း မလိုလားဘူး"*

မေးမယ့်သာမေးရသော်လည်း ယခုလိုကိစ္စမျိုးနှင့် ပတ်သက်ပြီးလျှင် စိုင်းသဘောထားကို သုစန္ဒီ ကောင်းစွာသိပါ၏။ လူစုလူဝေးနှင့် တဆောင်တယောင် တခမ်းတနားတို့ကို စိုင်းမတက်ချင်၊ ပေါ့ပေါ့ပါးပါး ကာကီဝတ်စုံဝတ်ပြီး သတ္တုရိုင်းတူးဖော်ရေးလုပ်ငန်းတို့ကို စစ်ဆေးနေစဉ်ဖြစ်စေ၊ ကျေးရွာများမှ အလုပ်သမားများထံ အလည်အပတ်သွားရသည့်အခါ၌ ဖြစ်စေ၊ ဆိုခဲ့သလို အချိန်နှင့်နေရာများတွင် စိုင်းသည် အပျော်ကြီးပျော်၍ ပေါ့ပါးလွတ်လပ်နေသည်ကိုမူ သူမ သတိပြုမိပါ၏။

မော်တော်ကားသည် ရှေ့သို့ တစ်လိမ့်ချင်း လိမ့်လာသည်နှင့် လမ်းတစ်လမ်းလုံး တိုးမပေါက်နိုင်လောက်အောင်ပင် ခြေလျင်လျှောက်သူများသာမက နွားလှည်းတွေ၊ ဘတ်စ်ကားတွေနှင့် ကျပ်ညပ်နေသည်။ ပေါင်းမိုးနှင့် နွားလှည်းအများစုမှာ ပြီးခဲ့သောရက်များကပင် ရောက်လာကြပြီး ဘုရားပွဲဈေးအနီး ပတ်ဝန်းကျင်တွင် စတည်းချနေကြသည်။ သို့ရာတွင် သုစန္ဒီကို အစွဲဆောင်ဆုံးမြင်ကွင်းကား ခြေလျင်လျှောက်လာသူပရိသတ်များဖြစ်ပြီး အများစုမှာ ဝန်းကျင်ရပ်ရွာများမှ လာကြသူများဖြစ်၍ အဝတ်ကောင်းအထည်ကောင်းတို့ဖြင့် ပျော်တပြုံးပြုံး ရှိနေကြသည်။

အမျိုးသမီးများက အနားပြားကြီးကြီးနှင့် မြက်ခမောက်များ ဆောင်းလျက် အချို့အမျိုးသမီးတွေကမူ ပွဲဈေးပွဲတွင် ရောင်းချမည့် အိုးခွက်ပစ္စည်းပစ္စယာတို့ကို တောင်းကြီးနှစ်လုံးတွင်ထည့်၍ ရှေ့နောက်ဆိုင်းတန်းဖြင့် ထမ်းလျက် ဟန်ချက်ညီညီလွှဲ၍ သွားနေကြသည်မှာ ကြည့်၍ပင်ကောင်းနေသေးတော့သည်။ သို့ရာတွင် ရှမ်းခေါင်းပေါင်းနှင့် အမျိုးသားကြီးများကား ဝန်စည်စလယ်ဟူ၍ တစ်ခုမျှမပါ။ ရှမ်းဓားနှင့် ရှမ်းလွယ်အိတ်တို့ကို တစ်ဘက်စီ စလွယ်သိုင်းလွယ်လျက် သူတို့၏ လွယ်အိတ်အတွင်းမှ စုဆောင်းထား

သော ပိုက်ဆံတို့သည်ကား လောင်းကစားဝိုင်းများသို့ မျက်စပစ်နေပေလိမ့်မည်။ သို့ရာတွင် အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ စော်ဘွားလေးစပ်ကြာဆိုင် ပါလာသော မော်တော်ကားမှန်းသိသည်နှင့် လမ်းဘေးဝဲယာတွင် ရပ်ခြည်း ဒူးထောက်လျက်၊ လက်ယုက်မိုးကာ အစဉ်အလာအတိုင်း အရှိအသေပေးကြပါ၏။

ထုံးဖြူဖြူနှင့် သပ္ပာယ်စွာတည်နေသော ဘော်ကြိုဘုရားကား ဘုရားဖူးပရိတ်သတ်တို့၏ စိတ်ကို ညွတ်နူးစွာ ဖွဲ့ဆောင်နေသည်။ နှစ်စဉ် ပွဲတော်ကျင်းပရမြဲဖြစ်သော ဘော်ကြိုဘုရားတွင် နောက်ခံဒဏ္ဍာရီလည်းရှိသည်။ တစ်ချိန်က နန့်ခမ်းအနီးတွင် မင်းနေပြည်တည်ထားသော မိုင်းမောခေါ် ရှမ်းအင်ပါယာကြီးတစ်ခုရှိခဲ့ပြီး ၎င်းနေပြည်တော်မှ ရှမ်းမင်းသမီး စောနန်းမွန်ကို အနော်ရထာမင်းက မိဖုရားစောမွန်လှအဖြစ် အရာထားခဲ့သည်။ သို့သော် အနော်ရထာမင်းက အခြား မိဖုရားတစ်ယောက်၏ ကုန်းချောစကားကို ယုံကာ မိဖုရား စောမွန်လှကို အရာမှချ၍ မိုင်းမောသို့ ပြန်ပို့လိုက်ရာ ခမည်းတော် စော်ဘွားကြီးက မုဋ္ဌောစေတီအနီး ယခု ဆားတွင်းရှိရာနေရာမှ အကြိုစောင့်နေသည်။ သို့ရာတွင် ဤနေရာ၌ပင် စောမွန်လှမှာ ရင်ကွဲနာကျ သေလွန်ခဲ့သဖြင့် ခမည်းတော် စော်ဘွားကြီးက စေတီတစ်ဆူ ဘည်ထားခဲ့ပြီး ၎င်းနေရာကို အစွဲပြုပြီး နောင်အခါ ဘော်ကြိုဟု တွင်လာခဲ့သည်။

ဘုရား၏တစ်ဘက်တွင်မူ လယ်ကွင်းကျယ်ကြီးအတွင်း ခင်းကျင်းထားသော ဈေးပွဲတော်ကြီးကို လှုပ်လှုပ်ရွရွနှင့် တွေ့နေရသည်။ လူများကား ညပ်သထက်ညပ်လာပြီး ဘာသာစကားမျိုးစုံနှင့် ခေါ်သံ ပြောသံ၊ အော်ဟစ်သံတို့ကိုလည်း စီစီညံညံကြားနေရသည်။ မြန်မာဇာတ်အဖွဲ့တစ်ဖွဲ့က ယနေ့ညဖြေဖျော်မည့်အစီအစဉ်များကို ဇာတ်တိုက်နေသလို၊ စားသောက်ဆိုင်များမှ ကြော်၊ လှော်၊ ချက်ပြုတ်နေသော စားဖွယ်ရာ အစုံစုံတို့၏ အနံ့အသက်တို့ကလည်း ဝမ်းဟာနေသူတို့ကို လက်ယပ်ခေါ်နေသည်။

အုပ်အုပ်ယံသဲ ဘုရားဈေးပွဲတော်ကြီးထဲတွင် သုစန္ဒီအဖို့ စိတ်ဝင်စားရပါသော မြင်ကွင်းတစ်ခုမှာ ရိုးရာအဝတ်အစားတို့ကို တောက်တောက်စားစား ဝတ်ဆင်လာသော ပွဲလာကြွေကြွေ တောင်ပေါ်တိုင်းရင်းသူ အသိုက်အအုပ်များဖြစ်သည်။ ကချင်အမျိုးသမီးများက အနက်နှင့်အနီရောင်တို့ဖြင့် ယက်ရက်ဖောက်ထားသော မနောတိုင်းအဆင်နှင့် ထမီ၊ အကျီများသာမက၊ လွယ်အိတ်များပေါ်တွင်ပါ၊ ငွေထည်ပစ္စည်းများဖြင့် အပြောက်အမွမ်းဆင်ထားသည်။ သီပေါမြောက်ဘက်မှ တောင်တန်းများပေါ်တွင် လက်ဖက်စိုက်ပျိုးကြသူ ပလောင်အမျိုးသမီးများကလည်း အလားတူ အနက်ရောင်

အကျီများပေါ်တွင် ငွေထည်များဖြင့် အလှဆင်ထားကြသည်။ ယင်းတို့အနက် အပေါ် အောက်၊ အနက်ရောင်အဝတ်များကို စင်းစင်းဝတ်ဆင်ထားသည်မှာ တောင်သူခေါ် လူမျိုးစုအမျိုးသမီးများဖြစ်ပြီး လီဆူးများကမူ ရွှေရောင်ငွေရောင် ပန်းထိုးအဆက်များဖြင့် အားလုံးထဲတွင် ပေါ်လွင်နေသည်။ မြန်မာနှင့်ရှမ်းအမျိုးသမီးတို့၏ အဝတ်အစားနှင့် ဆင်ယင်ထုံးဖွဲ့မှုများက ပြောစရာရှိလောက်အောင် မကွာခြားသော်လည်း မြန်မာအမျိုး သားများကမူ အကွက်အဆင်လုံချည်တို့ကို ဝတ်ဆင်ထားကြရာ လူအုပ်ကြီးများထဲတွင် အိန္ဒိယနှင့် တရုတ်လူမျိုးတို့ကိုလည်း ကြိုကြား ကြိုကြားတွေ့နေရသည်တွင် ဘုရားဈေးပွဲ တော်ကြီးကား လူမျိုး ဘာသာ၊ အသွေးအရောင်တောက်ပစွာနှင့် ယိမ်းထိုးလှုပ်ရှားနေ သော ပန်းခင်းကြီးတစ်ခင်းကို ရင်ခုန်စရာကောင်းလှပါ၏။

ပွဲဈေးကြီးနှင့် သီးသန့်တစ်နေရာတွင် မော်တော်ကားရပ်လိုက်ပြီး ဧည့်သည် တော်များအတွက် အထူးဆောက်လုပ်ထားသော မဏ္ဍာပ်ကနားကြီးတစ်ခုအတွင်းသို့ စိုင်းနှင့် သုစန္ဒီတို့ လျှောက်လာရာ၊ အဝင်ဝတွင်မူ သက်တန့်ရောင်အဆင်နှင့် ပိုးလုံချည် ဝတ် ရှမ်း၏ သမီးပျိုတစ်သိုက်က စောင့်ကြို၍ သူတို့နှစ်ဦးကို ပန်းစည်းများကမ်းပေး ကြသည်။ နုညံ့၍ ဝါရွှမ်းသောအသားအရေ၊ နက်မှောင်၍ ပြုံးနေသော မျက်လုံးများနှင့် ကျော့ညွတ်နေသော ဆံကေသာတို့နှင့်အတူ ပါးအို့နီနီလေးများဖြင့် လှနေသော ကမ္ဘောဇ ၏ သမီးပျိုများကား သဘာဝ၏ တောရိုင်းပန်းလေးများနှင့်သာ တူနေတော့သည်။ ဧည့်ပရိသတ်အတွက် မဏ္ဍာပ်ကြီးကိုလည်း ဈေးပွဲတော်အတွင်း အခြား ယာယီ အဆောက် အဦများနည်းတူ၊ ဝါးနှင့် ဆောက်လုပ်ထားပြီး နင်းကြမ်းနေရာတွင် ကော်ဇော်များကို ခင်းထားရာ ပရိဘောဂဆို၍ ထိပ်ဆုံးနေရာတွင်မူ အနီရောင်ကတ္တီပါပေါ်တွင် ရွှေဘော်ကြိုး တို့ဖြင့် အလှဆင်ထားသော ခတ်မြင့်မြင့်ကုလားထိုင်ခုံ သုံးလေးခုသာတွေ့ရသည်။ ကတ္တီပါခုံများ ပေါ်တွင် စိုင်းနှင့် သုစန္ဒီတို့ကို ထိုင်စေပြီး ရာနှင့်ချီသော ပရိသတ်များက ကော်ဇောအခင်း ပေါ်တွင် ငြိမ်သက်စွာထိုင်လျက် တစ်စုံတစ်ခုကို စောင့်ဆိုင်းနေကြရာ ဘူပောင်း (ခေါ်) ခရိုင်လူကြီးတစ်ဦးက သီပေါဟော်နန်း အရှင်နှစ်ပါးအနီးတွင် ဒူးထောက်၍ ငှက်ပျောသီးနှင့် လက်ဖက်ခြောက်ထည့်ထားသော ကတော့ပွဲကို မြှောက်လျက်၊ စော်ဘွား လေး စပ်ကြာဆိုင်ထံမှ ကတော့ခွင့်ကိုတောင်းခံရာ၊ ခွင့်ပြုသည်ဟူသော သင်္ကေတာဖြင့် စိုင်းက ကတော့ပွဲကို လက်ဖြင့် ထိလိုက်သည်။ ဤသို့ ပရိတ်သတ်များက လက်အုပ်ချီမိုး လျက် ရှေ့မှ ရှမ်းဘာသာဖြင့် ဘူပောင်းတိုင်ပေးသော စာပိုဒ်အချို့ကို ပြိုင်တူရွတ်ဆိုကြ ပြီး အဆုံးတွင် အရှင်နှစ်ပါးကို ကတော့ကြရာ စိုင်းက ပရိသတ်တို့ကို ကောင်းချီးမင်္ဂလာ

များနှင့် ကြုံတွေ့ကြပါစေကြောင်း ဆုတောင်းပေးသည်။

အခမ်းအနားပြီးသည်နှင့် ပရိတ်သက်အားလုံး သက်တောင့်သက်သာ အနေအထားဖြင့် မိမိတို့နေရာများတွင် ပြန်ထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး ပြောကြဆိုကြ၊ ရယ်မောကြနှင့် အသံဗလံတို့ သည်းသည်းအုတ်အုတ် မြင့်တက်လာသည်။ ဘုမောင်းခေါ် ရွာသူကြီးများက စော်ဘွားလေးအနား ပြောင်းရွှေ့နေရာယူကြရင်း ရပ်ရေးရွာရေး၊ လူမှုရေးနှင့် ရင်ဆိုင်နေရသော အခက်အခဲများကို တင်ပြကြရာ မိမိတို့ ကလေးများကို ဟော်နန်းတွင် ဝေယျာဝစ္စအမှုထမ်းဖို့ ပေးကမ်းကြသည်များလည်းရှိသည်။ အုပ်ချုပ်ရေးအကြံအစည်းများအတွက် အကြံဉာဏ်တောင်းသည်လည်းရှိသည်။ ရွာတစ်ချို့တွင် ကျင်းပရန်ရှိသော အခမ်းအနားများသို့ စော်ဘွားလေးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါရန် တောင်းဆိုကြသူတွေလည်းရှိသည်။ ဤသည်တို့အနက် ကောက်ယွန်ရွာသူကြီးက သူ့ပြဿနာတစ်ခုကို စော်ဘွားလေးထံလျှောက်ထားသည်မှာ ကောက်ယွန်ရွာသည် နန့်လယ်မြစ်ကမ်းနဖူးတွင် တည်နေပြီး စော်ဘွားလေးစပ်ကြာဆိုင် အပိုင်စားနယ်မြေထဲတွင် ပါဝင်သော လယ်သမား ရွာလေးတစ်ရွာဖြစ်၍ သီးစားခကို နှစ်စဉ်သီပေါစော်ဘွားထံ ဆက်သရသည်။ သို့ပါသော်လည်း ပြီးခဲ့သည့် (၂) နှစ်က သရောကြီးခိုင်းရာမှ စပါးအထွက် ဆုတ်ယုတ်ခဲ့သဖြင့် အဆိုပါနှစ်များ အတွက်ပေးရန် ကျန်ရှိသော သီးစားခံတို့ကို သက်ညှာခွင့်ပေးပါရန် ရွာသူကြီးက သိမ်ငယ်ကျိုးနွံစွာဖြင့် ပန်ကြားလာသည်တွင် စိုင်းနှင့် သုစန္ဒီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သီပေါဟော်နန်းရှင်တို့ အစဉ်အဆက် ပိုင်ဆိုင်ခဲ့ကြသည်ဆိုသော လယ်မြေများနှင့် ပတ်သက်၍ တစ်ကြိမ်တွင် စိုင်းနှင့် သုစန္ဒီတို့ ဆွေးနွေးခဲ့ဖူး သည်။ သီပေါစော်ဘွားအဖြစ်နှင့် သူပိုင်ဆိုင်နေပါသည်ဆိုသော လယ်မြေကော၊ ထောင်ပေါင်းများစွာကို စိုင်း မလိုချင်၊ မြေပေါ်တွင် တကယ်အလုပ်လုပ်နေသော လယ်သမားတွေကို ဝေငှပေးကမ်းဖို့လည်း စီစဉ်ထားပြီးဖြစ်သည်။ သူ၏ အကြံအစည်ကို အခြားစော်ဘွားစော်ကန်များက လက်ခံကြမည်မဟုတ်သော်လည်း မျိုးဆက်ပေါင်းများစွာ ဤမြေတွင် ထွန်ယက်နေကြသူများသာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု စိုင်းယုံကြည်သည်။

ယခုပြဿနာကို ခရိုင်လူကြီးများ၊ ရွာလူကြီးနှင့် စိုင်းဆွေးနွေးနေကြသည်မှာ နောက်ထပ် နာရီအတော်ကြာဦးမည်ဖြစ်၍ သုစန္ဒီအတွက် ပွဲဈေးတန်းလျှောက်ဖို့ အခွင့်ကောင်းဖြစ်ရာ ဆွေးနွေးပိုင်းမှ အသာလေးလျှို၍ ထွက်လာခဲ့သည်။ စိုင်း၏ ဝမ်းကွဲညီမနှစ်ယောက်၊ အတွင်းရေးမှူးတစ်ယောက်နှင့် ကိုယ်ရံတော် (၂) ယောက် ခြံရံလျက်

ပွဲဈေးတန်းများဆီ သူမလျှောက်လာသည်။ ရှမ်း မြန်မာနှင့်တောင်တန်းတိုင်းရင်းသားများ သာမက အိန္ဒိယလူမျိုးများ ရောင်းချသော ဈေးဆိုင်များလည်းရှိရာ၊ မြန်မာနှင့် အိန္ဒိယ ဈေးသည်တို့က လာပါယူပါ၊ တကျော်ကျော်နှင့် ရောင်းချနေသော်လည်း ရှမ်းနှင့် တောင်တန်းတိုင်းရင်းသူဈေးသည်များကမူ ပြုံး၍သာကြည့်ရင်း ဈေးခေါ်နေကြရာ၊ ရောင်းချနေသော အသုံးအဆောင်ပစ္စည်းများကလည်း စုံလင်လှပါသည်ဖြစ်၍ တစ်ခုပြီး တစ်ခု သူမဝယ်ယူလိုက်သည်။ သုစန္ဒီအနေနှင့် ပိုက်ဆံကို ကိုယ်တိုင်ကိုင်စရာမလို၊ လိုချင်သည့်ပစ္စည်းကို ရွေးချယ်ရုံသာ ရွေးပေးပြီးနောက်မှ သူမ၏ အတွင်းရေးမှူးက လိုအပ်သည့်ကိစ္စအဝဝကို ဆောင်ရွက်ပေးရသည်။ လူမျိုးနှင့် ဒေသအလိုက် ထွက်ကုန် ပစ္စည်းများဖြစ်သည့်နှင့်အညီ အမျိုးအမယ်များကလည်းစုံသည်။ ဖူးသီခြောက် ရေတံ ခေါင်းများ၊ လက်ရက်ကန်းဖြစ် ပိုးထည်များ၊ ဝါးဖြင့်ပြုလုပ်ထားသော ကလေးကစား စရာ အရုပ်လေးများ တောင်းပလုံးနှင့် ဖျာအမျိုးမျိုး၊ တံမြက်စည်းအမျိုးမျိုး စသဖြင့် လိုချင်ရာရာပစ္စည်းတို့ကို ရှေ့မှ စိတ်ရှိသရွေ့ တစ်ခုပြီးတစ်ခုဝယ်နေရာ နောက်မှ အတွင်းရေးမှူးကလည်း လက်မလည်အောင် ငွေရှင်းရင်း၊ ဝယ်ယူထားသော ပစ္စည်း အထုတ်ကြီးမှာလည်း ကြီးသထက် ကြီးလာသည်။ သုစန္ဒီအဖို့ လိုချင်ရာရာကို စိတ်လွတ် လက်လွတ် ဝယ်ယူလိုက်ရခြင်းသည် ယခု ပထမဆုံးအကြိမ်ဖြစ်သလို၊ စိုင်း၏ အရှိန် အဝါကြောင့် ရလာသောမိမိ၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာတို့ကိုလည်း သတိပြု မိရာမှ မိမိကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေမိသည်။

ပြီးနောက် စားကုန်သောက်ကုန်များရောင်းရာ ဆိုင်တန်းများဆီ ခြေဦးလှည့် ခဲ့ရာ ကုန်သည်များက ကုန်ပစ္စည်းနမူနာများကို ကမ်းပေးရင်း၊ ရောင်းဝယ်နေကြရာ ဤမျှ အလုံးအဆစ်နှင့် အရောင်အသွေးစုံလှသော ပဲနှင့်ဆန်အမျိုးမျိုးကို ယခင်က၊ သုစန္ဒီ တစ်ကြိမ်မျှမမြင်ဖူးခဲ့၊ စင်တွေ၊ ခုံတန်းလျားတွေပေါ်မှာလည်း သလဲသီး၊ စတော် ဘယ်ရီ၊ လိုက်ချီး၊ လိမ္မော်၊ ဇီးသီးများနှင့် ငှက်ပျောသီးပင်လျင် အမျိုးအစားအားဖြင့် တစ်ဒါဇင်မျှတွေ့မြင်ရပါသော်လည်း ဈေးမှ သစ်သီးများကို လုံးဝမဝယ်ပါရန်၊ စိုင်း တားမြစ်ထားသည်ဖြစ်၍ သုစန္ဒီမှာ ဝယ်ချင်စိတ်ကို အောင့်အီးထားရသည်။ အလားတူ တောင်တန်းဒေသနေ၊ တိုင်းရင်းသားလူမျိုးစုံတို့၏ အကြော်အလှော်၊ အဖုတ်အကင်၊ အသုတ် စသဖြင့် စားဖွယ်ရာအစုံစုံ ရောင်းချနေသော ဆိုင်ခန်းများမှ ရနံ့များကလည်း ပွဲဈေးလာ ဧည့်ပရိသတ်တို့ကို သွားရေတမြှားမြှားကျအောင် ဆွဲဆောင်နေပါသည်။

သုစန္ဒီတို့ လူစုသည်။ စားသောက်ဆိုင်တန်းများမှ လှည့်၍ ဖြေဖျော်ပွဲများရှိရာ

လျှောက်လာခဲ့ကြသည်။ လယ်ကွင်းပြင်တစ်နေရာတွင် ဆောက်ထားသော ဇာတ်ရုံကြီး (၂) ရုံတွင် မြန်မာရှမ်းသဘင်အဖွဲ့များက ယနေ့ညအဖို့ ကပြတင်ဆက်နေကြသလို ၎င်းဇာတ်ရုံကြီးတစ်ပိုက်တွင်မူ တရုတ်ဆပ်ကပ်အဖွဲ့၊ အိန္ဒိယမျက်လှည့်အဖွဲ့နှင့် ရုပ်ရှင်ပြအဖွဲ့များက ဖျော်ဖြေနေကြပြီး လမ်းချိုးတစ်နေရာတွင်မူ ဆရာဝန်တစ်ယောက်နှင့် နသူနာပြု (၂) ယောက်ဖြင့် အရေးပေါ်ဆေးခန်းလေးတစ်ခန်းကို တွေ့မြင်ခဲ့ရသော်လည်း ယခုအချိန်တွင် မည်သူမျှ ဖျားနာချိန်မရကြဘဲ၊ ဘုရားပွဲတော်ကြီးတွင် ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲနေကြသည်။

ယခုသော်မူ သုစန္ဒီအဖို့ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သလို၊ ရွှေပွဲလာ ဧည့်ပရိတ်သတ်တို့အတွက်လည်း အစွဲဆောင်ဆုံး နေရာတစ်ခုဖြစ်နိုင်ပါသော လောင်းကစားပွဲများရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေပြီ။ ယခုလို ဘုရားပွဲနှင့်အတူ လောင်းကစားပွဲများကို တစ်နှစ်တစ်ကြိမ်သာ ကျင်းပဖို့ ခွင့်ပြုထားသည်ဖြစ်၍လည်း၊ တစ်ချီတစ်မောင်း ကံစမ်းလိုက်ကြဖို့ လာရောက်ကြသူ ကစားသမားများကလည်း တစ်ပြွတ်တစ်သိပ်နှင့် လောင်းကစားဝိုင်းတိုင်းမှာ အုံခဲနေပါ၏။ ယခုနှစ် ပွဲကျင်းပရေးအတွက် သီပေါပြည်နယ်မှ လေလံပွဲကို အမြင့်ဆုံးဈေးဖြင့် လေလံရရှိလိုက်သူမှာ တရုတ်အမျိုးသား အာဖက်ဆိုသူဖြစ်ပြီး။ ပွဲလေလံရလိုက်သူ ကန်ထရိုက်တာက၊ ကစားဝိုင်းများမှ အခွန်ကောက်တို့ကို ရရှိမည်ဖြစ်သလို၊ တစ်ဖက်ကလည်း ပျော်ပွဲရွှင်ပွဲတို့ကို အခမဲ့ကျင်းပပေးရသည်။ သို့ရာတွင် ဘုရားပွဲတော်တစ်ခုလုံးကိုမူ ပြည်နယ်အုပ်ချုပ်ရေးအာဏာပိုင်တို့က ကြီးကြပ်၍ စည်းကမ်း ဥပဒေများနှင့်အညီ လမ်းညွှန်မှုပေးရသည်။

"*လောင်းကစားကိစ္စတွေမှာ ကိုယ်တို့အနေနဲ့ ဘယ်တော့မှ ရှေ့ဆောင်လမ်းပြ မဖြစ်စေချင်ဘူး*"

တစ်ခါက စိုင်းပြောခဲ့သောစကားများ။ သူမ ခေါင်းထဲဖျတ်ခနဲ ရောက်လာသည်။ လောင်းကစားမှုကို တူးတူးခါးခါးဆန့်ကျင်သူ၊ စိုင်းအနေနဲ့ စပ်သုစန္ဒီကို ယခုလို နေရာမျိုးတွင် မရှိစေချင်မှန်း သဘောပေါက်ပါသော်လည်း သီပေါနယ်သူနယ်သားတို့ကို လောင်းကစားဝိုင်းများက အဘယ်မျှ စွဲဆောင်ညှို့ယူနေသည်ကိုမူ ကိုယ်တိုင်ကိုယ်ကျ သူမ ကြည့်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။

လေးကောင်းဂျင်ဝိုင်းသို့ သုစန္ဒီပထမဆုံးရောက်လာသည်။ ပိတ်စအဖြူတစ်စပေါ်တွင်၊ ကြက်၊ ဝက်၊ ငါးရှဉ့်၊ ဖား။ အရုပ်လေးရုပ်ကို အကွက်ချဆွဲထားပြီး အဆိုပါ ပိတ်စကို စားပွဲတစ်လုံးပေါ်တွင် ဖြန့်ခင်းထားသည်။ ကစားဝိုင်းတွင် ဒိုင်လုပ်သူတစ်ဦးက

အလားတူအရုပ်များပါရှိသော အံစာတုံး၏ ဝင်ရိုးတိုင်ထိပ်မှကိုင်၍ မှတ်နေအောင် လှည့်လိုက်ပြီး၊ ခွက်တစ်လုံးနှင့် ဖုံးထားလိုက်ရာ ဤတွင် အုံခဲနေသော နံဘေးမှ ထိုးသားများက မိမိတို့ကြိုက်ရာ အကောင်များ*(အရုပ်များ)*ပေါ်တွင်၊ ငွေများ ပုံအော၍ ကံစမ်းကြသည်။ ထိုးကြေးငွေများ ပြီးသည့်အခါတွင်မှ မှောက်အုပ်ထားသော ခွက်ကို လှန်လိုက်သည်တွင် အံစာတုံးပေါ်မှ ပေါ်နေသော အရုပ်သည် ပေါက်ကောင်ပင်ဖြစ်ရာ လောင်းကြေးတစ်ဆလျှင် သုံးဆအလျော်ပြန်ရသည်။

ကစားဝိုင်းတွင် စူးစူးမဲမဲနှင့် လောင်းကြေးထပ်နေသူ အများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီးတစ်ယောက်စ နှစ်ယောက်စကိုလည်း တွေ့ရသည်။ အများထက်နာတစ်ဖျား အရပ်မြင့်သူဖြစ်သည့်အလျောက် ကစားပွဲဝိုင်းတစ်ဝိုင်းလုံးကို သုစန္ဒီ မိုးပြီးမြင်နေရသည်။ လောင်းကစားသူအများစုမှာ ရှမ်းနှင့် တောင်တန်းဒေသ တိုင်းရင်းသားများဖြစ်ပြီး ရှိစုမဲ့စု ပိုက်ဆံလေးတွေနှင့် ကံကြမ္မာနှင့် လောင်းကစားနေကြဟန်တူနေရာ အကယ်၍များ သူတို့ရှိတာလေးတွေ ပြောင်သွားခဲ့သည်ရှိသော် ဆိုသည့်အတွေးနှင့် သူတို့မိသားစုတွေ ရင်ဆိုင်ရမည့် ဒုက္ခသုက္ခတွေအတွက် သုစန္ဒီ ရတက်မအေးဖြစ်မိသည်။

ကစားဝိုင်းထဲတွင် မန္တလေးနှင့် အခြားမြို့များမှ ငွေကြေးချမ်းသာသူတို့ကို ဖျောက်ဖျောက်စိပ်စိပ် တွေ့နေရပြီး သူတို့အားလုံး၏ မျက်လုံးများသည်ကား စားပွဲပေါ်မှ အံစာတုံးလေးပေါ်၌သာ စူးနစ်နေကြရာ သုစန္ဒီကို မည်သူမျှ သတိမထားမိကြပေ။ နောက်ထပ် စိတ်ဝင်စားဖွယ်ရာ လောင်းကစားပုံစံတစ်ခုမှာ (၃၆) ကောင်ထီဖြစ်သည်။ ဆင်၊ ကြွက်၊ ကျား၊ ဒေါင်း အစရှိသဖြင့် သစ်သားဖြင့် ထွင်းထုထားသော တိရစ္ဆာန်အရုပ်ထဲမှ အရုပ်တစ်ရုပ်ကို တာဝန်ရှိသူတစ်ဦးက ရွေးချယ်၍ ဘူးတစ်လုံးထဲထည့်ကာ ပေ (၂၀) မြင့်သော ဝါးလုံးတစ်လုံးထိပ်တွင် ချိတ်ဆွဲထားပြီး စက္ကူဘူးထဲမှ ရွေးချယ်ထားသော အကောင်မှာ ပေါက်ကောင်ဖြစ်သည်။ ပေါက်ကောင်ကို ရွေးချယ်၍၊ ဝါးလုံးတိုင်ထိပ်ပေါ်တင်လိုက်ပြီးသည်နှင့် ထိုးသားများက ပေါက်ကောင်ဖြစ်မည့် တိရစ္ဆာန်အရုပ်ကို မှန်းဆ၍ လောင်းကြေးငွေတင်ကြရသည်။

ကစားပွဲကို ညနေ (၅) နာရီမှ စ၍ ည (၁၁) နာရီတွင်မှ တိုင်ပေါ်မှ ဘူးကို အောက်ချ၍ ပေါက်ကောင်ကို ဖွင့်ကြပြီး နိုင်လျှင် ထိုးသားဘက်က လောင်းကြေးငွေ၏ (၂၇) ဆရသည်။ ယခင်၊ ယခင့်က ပေါက်ကောင်ရွေးချယ်ရာတွင် သီပေါပြည်နယ်၏ စော်ဘွားက ရွေးချယ်ပေးကြရသော်လည်း ယခု စိုင်းကမူ လောင်းကစားကိစ္စများနှင့် လုံးဝမပတ်သက်လိုသဖြင့် ကန်ထရိုက်ကိုသာ တာဝန်လွှဲပြောင်းပေးလိုက်သည်။

(၃၆) ကောင်ထီမှာ ဘုရားပွဲတော်တစ်ခုလုံး၏ အဓိကအခန်းကဏ္ဍတစ်ခုလို ဖြစ်နေရာ တယ်လီဖုန်းရောက်သည့် မန္တလေး၊ မေမြို့၊ လားရှိုးစသည့်မြို့များမှ လောင်းကစားဝါသနာအိုးများကလည်း ၃၆ ကောင်ပွဲတွင် အဝေးရောက် လောင်းကြေး ထပ်ကြသည်လည်းရှိကြသည်။

စဝ်သုစန္ဒီ ညြချရသည့်အဖြစ်အပျက်တစ်ခုမှာ၊ လားရှိုး မန္တလေးသွား မီးရထားကြီးတစ်စင်းလုံး သူ့လမ်းသူသွားနေရာမှ ခေတ္တရပ်နားပြီး ပါလာသမျှ ခရီးသည်များနှင့် ရထားအမှုထမ်းများပါမကျန် ဘုရားပွဲတော်တွင် တအောင့်တနား ဝင်ပျော်လိုက်ကြခြင်း ဖြစ်သည်။ ဘုရားပွဲတော်နှင့် မလှမ်းမကမ်းတစ်နေရာတွင် ရပ်တန့်ထားသော ရေနွေးငွေ့သုံး မီးရထားကြီးမှာ တရှူးရှူးတရှဲရှဲနှင့် စောင့်ဆိုင်းနေပြီး ဥဩဆွဲသည့်အခါမှသာ ခရီးသည်များ ရထားပေါ်ပြန်တက်လာကြပြီး ရထားကြီးလည်း လိုရာခရီး ဆက်သွားတော့သည်။

မြန်မာနှင့် ရှမ်း အတီး၊ အမှုတ်၊ အကအဖွဲ့များက နံနက်စင်စင်လင်းသည့်အထိ ဖြေဖျော်ကြမည်ဖြစ်သော်လည်း အခမ်းအနားနှင့် ပြုလုပ်ဖွယ်ရာ ကိစ္စများပြီးသည်နှင့် စိုင်းနှင့် သုစန္ဒီတို့ အိမ်ပြန်လာခဲ့ကြသည်။

ယနေ့ လပြည့်နေ့ လရောင်တို့ဖြင့် ရွှဲရွှဲစိုနေသော နန်းမတူမြစ်ကို စံအိမ်တော် လေသာဆောင်မှ မိုးမြင်နေရသည်။

*"ဒီနေ့ ဘော်ကြိုဘုရားပွဲတော်မှာ ကျမမြင်ခဲ့၊ တွေ့ခဲ့တဲ့ အံ့ဩစရာတွေက အများကြီးပဲ၊ ဘယ်ကစ ပြောရမှန်းတောင်မသိတော့ပါဘူး"*

ဟိုးအဝေးမှာ ဘော်ငွေရောင် တလက်လက်နှင့် စီးဆင်းရစ်ခွေနေသော မြစ်ဘက်မှ အကြည့်ကို စိုင်းဆီလှဲလိုက်သော်လည်း။ သူမ တွေ့ရသည်ကား စိုင်းမျက်လုံးများထဲမှ ဝမ်းနည်းကြေကွဲခြင်း။။

*"သူတို့ဘဝတွေကို စိုင်းပြောင်းလဲပေးနိုင်ပါလိမ့်မယ်"*

သူမက အားပေးစကား ဆိုသည်။

*"တကယ်ပဲ၊ ကိုယ်တို့ပြောင်းလဲနိုင်ပါမလား။ ကိုယ်သိချင်တယ် စန္ဒီရယ်"*

လေသာခန်းဆောင်မှ စိုင်းနှင့်အတူ တစ်မောတစ်ဆုံး ညနေဆည်းဆာ

ယဉ်မိုးစာအုပ်တိုက်

အလှတို့ကို ထိတွေ့ခံစားရင်း ညနေခင်းတို့ တစ်ခင်းပြီးတစ်ခင်း ကုန်လွန်လာသည်နှင့်အမျှ သုစန္ဒီအတွက် ရင်သပ်အံ့ဩစရာများ၊ ထိထိခိုက်ခိုက် လွမ်းမောဖွယ်ရာများ ရင်မှာ ဖြိုးဖြိုးမောက်မောက် ရှိလာခဲ့ပါ၏။

ရှမ်းစကားနှင့် မြန်မာစကားတို့ကို သုစန္ဒီအနေနှင့် အချိန်တိုအတွင်း နှုတ်တိုက် ရွရွ သင်ယူနိုင်ခဲ့ပြီဖြစ်သော်လည်း၊ စိုင်းနှင့် သုစန္ဒီတို့ ဆက်သွယ်မှုမှာ သူတို့နှစ်ဦး စတင်ဆုံစည်းခဲ့ကြစဉ်ကအတိုင်း အင်္ဂလိပ်စကားကိုပင် သုံးစွဲနေဆဲဖြစ်သည်။

စိုင်းနှင့် သုစန္ဒီမဆုံခင်က ဩစတြေးလျတက္ကသိုလ်တစ်ခုတွင် နိုင်ငံခြားဘာသာ စကားတို့ကို သင်ယူခဲ့ဖူးပါသော်လည်း ယခု ရှမ်းစကားကား သူမအတွက် အတော် လက်ပေါက်ကတ်သော ဘာသာစကားလည်းဖြစ်သည်။

ရှမ်းဘာသာစကားရ စကားလုံးတစ်လုံးကို ရွတ်ဆိုရာတွင် ဖလေးအဖော့၊ အတိမ်းအညွတ်၊ အသံနေအသံထားလေး အနည်းငယ်ပြောင်းသွားရုံဖြင့် အဓိပ္ပါယ်များပါ၊ ပြောင်းသွားတတ်ရာ အထူးသဖြင့် မိမိထက် အသက်အရွယ်ကြီးသူများနှင့် ပြောရဆိုရ သည့်အခါများတွင် သူမအဖို့ ချွေးစီးချွေးပေါက်ကျရလောက်အောင်ပင် သတိကြီးကြီး နှင့် ပြောနေရသည်။ မတော်လို့ အသံထွက်လေးတစ်ချက် တိမ်းချော်သွားသည်နှင့် တစ်ဖက်လူကို စော်ကားသည့်အဓိပ္ပါယ်ပေါက်သွားနိုင်သည်။ ဥပမာ၊ "မ"ဆိုသော စကားလုံးဆိုပါစို့၊ အသံ အချီအချပေါ်မူတည်ပြီး၊ "လာသည်"ဆိုသော အဓိပ္ပါယ်မှ *'ခွေး'*ဆိုသော အဓိပ္ပါယ်ပြောင်းသွားနိုင်သည်။ သို့ပေမဲ့ အသံထွက် တလွဲတချော်ဖြစ်မှာကို ကြောက်နေပြန်လျှင်လည်း ဘာသာစကားတစ်ခု တတ်ကျွမ်းမည်မဟုတ်သဖြင့် ဟော်နန်း အတွင်းမှ အလုပ်သမားများ၊ သူမပတ်ဝန်းကျင်မှ ဆွေမျိုးများနှင့် စိတ်တင်း၍ပင် သုစန္ဒီလေ့ကျင့်ခဲ့ရသည်။ စိုင်းကလည်း တစ်လုံးချင်း တစ်သံချင်းကို အပ်ကျမတ်ကျ စိတ်ရှည်ရှည်နှင့် သင်ရှာသည်။ သူမကို စိုင်းက လေ့သင်ပေးရင်းနှင့် စိုင်းကိုယ်တိုင် တိရိစ္ဆာန်တစ်ကောင်ဘ၀ ရောက်သွားသည့်အခါမျိုးတွင်၊ စိုင်းက သူမကို ကလေး တစ်ယောက်လိုကြည့်ရင်း အားရပါးရ ရယ်နေသေးတော့သည်။ တကယ်ဆို သူမကို စိတ်ရှည်သည်းခံစွာနှင့် ရှမ်းစကား သင်ပေးသည်မှာ၊ စိုင်းတစ်ယောက်သာလျှင် မဟုတ်ပါ။ သူမ ဝန်းကျင်မှ ရှိရှိသမျှ လူအားလုံးပါဝင်သည်။ သုစန္ဒီဘက်က အလွဲလွဲအချော်ချော် မှားယွင်းသွားလေတိုင်း၊ သုစန္ဒီ စိတ်ဓာတ်ကျမည့် စကားမျိုးမဆိုကြ၊ တိုး၍သာ အားပေး ကြသည်။ သူမဘက်က ဘယ်လောက်အမှားကြီးပင် မှားစမ်းပါစေ၊ သူတို့စိတ်မှာ စနိုးစနောင့် မဖြစ်ကြ၊ သူတို့ဟော်နန်းအရှင် စော်ဘွား၏ မဟာဒေဝီမှာ၊ နိုင်ငံခြားသူ

တစ်ယောက် ဖြစ်သော်လည်း ရှမ်းဘာသာစကားလုံးများကို အလေးအနက်ထား သင်ယူနေသည့်ကပင် သီပေါ နယ်သူနယ်သားတို့အဖို့ အကျေနပ်ကြီး ကျေနပ်နေကြပါ၏။

ယခုလို ရေစိမ်းမြေစိမ်း၊ ယဉ်ကျေးမှုအစိမ်းတွင်၊ သုစန္ဒီအဖို့ စိန်ခေါ်မှုတို့နှင့် ရင်ဆိုင်ရလေတိုင်း၊ ဖွဲသန်သန်နှင့် ဖြေရှင်းနိုင်ခဲ့သည်တို့ကို တဆင့်ကြားရလေတိုင်း စိုင်းတစ်ယောက်၊ ကြည်နူးရစမြဲ၊ ဤသည်တို့ထက် ဝမ်းမြောက်ဝမ်းသာ အဖြစ်ရဆုံးအမှုအကျင့်တစ်ခုမှာ သူမတွင် ဟာသဉာဉ်ရှိသည်။ အကျဉ်းအကျပ်အခက်အခဲတို့နှင့် ကြုံရသည့်တိုင် ရယ်မောစရာတို့ ဖန်တီးပြီး ကျော်လွှားတတ်သည်။ ပတ်ဝန်းကျင်မှာ အလွဲအချော်၊ အပျက်အပြုတို့ကို ဟာသနှော၍ ဖြေရှင်းတတ်သလို သူမ ကိုယ်တိုင် လွဲချော်သွားသည်တို့ကိုလည်း ရယ်မောတတ်သည်။ စင်စစ်လည်း စိုင်းအနေနှင့် သူမနှင့် ဤသို့ ပေါ့ပါးလွတ်လပ်၍ စိတ်ချမ်းမြေ့စရာ အချိန်ကာလများ ထာဝရ လိုအပ်လှသည်။ သို့ဖြစ်၍လည်း ပွဲတက်အခမ်းအနားသဘင်များမှ အစ၊ အလုပ်ကိစ္စနှင့် ပတ်သက်သော အစီအမံ၊ အစစ်အဆေးပြုစရာများအတွက် သွားရ၊ လာရလေတိုင်း ဖြစ်နိုင်သမျှ သုစန္ဒီကို သူနှင့်အတူ ခေါ်သွားတတ်သည်။

သုစန္ဒီသည် စိုင်းအတွက် ဘဝကြင်ဖော်ဖြစ်သလို အဆွေခင်ပွန်းကောင်းလည်း ဖြစ်လေရာ ရံဖန်ရံခါ အလုပ်ကိစ္စများနှင့် ပတ်သက်ပြီး တိုင်ပင်ဖော် တိုင်ပင်ဖက်ရသလို အကြံကောင်းဉာဏ်ကောင်းတို့ကိုလည်း ယူနိုင်သည်။

တစ်ခါတစ်ခါတော့လည်း မိမိအနေနှင့် စဝ်သုစန္ဒီ ခေါ် အင်ဂျီကို လက်မထပ်ဘဲ သီပေါဟော်နန်းနွယ်ဖွား၊ ပဒေသရာဇ်သမီးပျိုတစ်ယောက်ကို လက်ထပ်ခဲ့ပါလျှင် ဘယ်ပုံဘယ်နည်း ဖြစ်လာမည်ကို စိုင်းစမ်းဝါးကြည့်မိသည်။ အရိုးစွဲလာသော အစဉ်အလာအလေ့အထတို့အောက်မှာ စိုင်းမွန်းကျပ်လာသည်။ သို့ပေမဲ့ ပြည်သူလူထုတို့ရှေ့မှ ဘဝနှင့် စည်းခြားနေပါသော ပုဂ္ဂလိကဘဝတွင်မူ သုစန္ဒီအနေနှင့် သူ့အပေါ် အလွန်အကျွံ မှိန်မှုမျိုး မရှိစေချင်၊ ကိုယ်အားနှင့်ကိုယ် ရပ်တည်နိုင်စမ်းစေချင်သည်။ သီပေါသို့ သူတို့နှစ်ဦး ပြန်ရောက်လာပြီး လအနည်းငယ်မှာပင် ရပ်နီးရပ်ဝေး ဧည့်သည်တွေကလည်း အလည်အပတ် နေ့စဉ်မစဲ။ တလောကပင် အမေရိကန်နှင့် ဗြိတိန်တို့မှ သံတမန်များအပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင်များ၊ အခြားဧည့်သည်တော်များ ရောက်လာကြပြီး နေ့လည်စာဖြင့် ဧည့်ခံရသေးသည်။ ယခင်လူပျိုလူလွတ်ဘဝကဆိုလျှင် ယခုလို ဧည့်သည်များကို စိုင်းအနေနှင့် ဧည့်ခံရသည်မှာ အစဉ်ချောမွေ့ခြင်းမရှိ။ ယခုမူ အတွင်း ဧည့်သည်တို့ကို အတွင်း၊ အပြင်ဧည့်သည်တို့ကို အပြင်၊ အတိုင်းအရှည်အလိုက်၊

ဒေါင့်စေ့အောင် ညှော်ခံနေသော သုစန္ဒီကို ကြည့်ပြီး စိုင်းဘက်က ကျေးဇူးတင်နေမိသည်။

သီပေါနယ်သူနယ်သားများအနေနှင့်လည်း သူတို့ စော်ဘွားကို သူတို့ တွေ့ပိုင်ခွင့်ရှိသလို လိုအပ်သည့် အကူအညီတို့ကိုလည်း တောင်းပိုင်ခွင့်ရှိရာ၊ သီပေါတစ်နယ်တထိုးမှ သာမန်ပြည်သူများလည်း မကြာခဏရောက်လာတတ်ကြသည်။ ဤသို့အခါမျိုးတွင် သူမလည်း စိုင်းနှင့်အတူ မပျက်မကွက်ရှိနေတတ်သည်။ သူတို့ရောက်လာပြီဆိုလျှင် သူတို့နှင့် တွေ့ဆုံမည့် ခန်းမအတွင်းမဝင်မီ သူတို့ဖိနပ်တွေကို အပြင်မှာချွတ်ပြီးမှ၊ လေးဘက်လေးတန် ကော်ဇောများ ကာရံထားသော အခန်းအတွင်း ဝင်လာကြသည်။ နင်းကြမ်းပေါ်တွင် လွတ်လပ်စွာထိုင်ကြသည်။ တည်ခင်းထားသော ဘီစကွတ်မုန့်များကို တစ်ကိုက်တစ်ဆိတ် စားကြသည်။ ရှမ်းလက်ဖက်ခြောက် ရနံ့မွှေးမွှေးလေးသင်းနေသည့် လက်ဖက်ရည်ကြမ်းကို ဖလူးဖလူးနှင့် သောက်ကြပြီး ဆေးပေါ့လိပ်ကြီးများကို မီးခိုးတွေ ထောင်းထောင်းထအောင် ဖွာရင်း ပြောကြဆိုကြနေရာမှ သူတို့အရှင်နှစ်ပါး အခန်းအတွင်းဝင်လာခါမှပင် စကားသံအူအူသည်းသည်းတို့ တိတ်သွားတတ်သည်။

သို့ရာတွင် သူတို့အရှင်နှစ်ပါးက အခြားစော်ဘွားတွေလို ကုလားထိုင်မြင့်မြင့်ကြီးတွေ၊ ဆိုဖာတွေပေါ် မထိုင်၊ သူတို့နှင့် ကြမ်းတစ်ပြေးထိုင်ကြရင်း ပြောဆိုဆွေးနွေးကြသည်။ ထိုအခါမျိုးတွင် ရှမ်းခေါင်းပေါင်းကြီးတွေအောက်က နေလောင်ထားသော သူတို့မျက်နှာ ထော်ထော်ကြမ်းကြမ်းကြီးတွေကို ကြည့်ရင်၊ သုစန္ဒီလေ့လာနေမိသည်။ သူတို့တွေမှာ ပြန်ပြောပြစရာ ပုံပြင်တွေ ကိုယ်စီရှိကြသည်။ လူသားတစ်ယောက်၏ ဂရုဏာတရား၊ ရဲစွမ်းသတ္တိ၊ အသက်ရှင်သန်စေရေးအတွက် ရုန်းကန်ခြင်း၊ မာန်မာနစသည်တို့နှင့် သက်ဆိုင်သော အကြောင်းအရာများဖြစ်သည်။ ယုတ်စွအဆုံး၊ မလွှဲသာမရှောင်သာခဲ့ရသော အမှားများလည်း ပါကောင်းပါမည်။ သူတို့အထဲတွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထူလပျစ်နှင့် တစ်ကိုယ်လုံး ဆေးမင်ကြောင်ထိုးထားသော ရှမ်းအမျိုးသားကြီးတို့၏ ဒုတိယကမ္ဘာစစ် စွန့်စားခန်းမှာ သဲထိတ်ရင်ဖိုစရာ ကောင်းသည်။ မြန်မာတို့က ဖက်ဆစ်ဂျပန်တို့ကို လာပါယူပါ ခေါ်နေချိန်တွင် တောင်တန်းနေ တိုင်းရင်းသားများနှင့် ရှမ်းအများစုက မဟာမိတ်တပ်များကို သစ္စာရှိစွာဖြင့် ဗိုလ်ချုပ်ကြီး စတီးဝဲလ်တပ်များကို တက်တက်ကြွကြွ ကူညီခဲ့ကြသည်။ အရပ်မြင့်မြင့်နှင့် ဆန့်လှသည့်သူ ရှမ်းအမျိုးသားကြီးကား ဒဏ်ရာရနေသော ဗြိတိသျှလူမျိုးလေယာဉ်ပိုက်လော့တစ်ဦးကို အန္တရာယ်ကင်းရာပလောင်ရွာလေးဆီသို့ လေးရက်ကြာမျှ ပုခုံးထမ်း၍ အရောက်ပို့ခဲ့သူ သူ့ရဲကောင်း

တစ်ယောက်လည်းဖြစ်သည်။

ဆိုခဲ့သလို အဖြစ်အပျက်များနှင့်အတူ၊ မြန်မာစစ်တပ်နှင့်ပတ်သက်၍ တစ်နည်း၊ မဟုတ်တစ်နည်း အတိုင်းအတာများနှင့် ရောက်လာသူများမှာလည်း ပြတ်သည့်လပ်သည့် နေ့ဟူသည်မရှိ ဗမာစစ်တပ်တို့ တပ်စွဲထားရာ နေရာများတွင် ဒေသခံရှာသူရှာသားတို့ကို စစ်သားများက ခြိမ်းခြောက်၍ အဓမ္မလုပ်အားပေးခိုင်းကြောင်း၊ အမျိုးသမီးတို့ကို နှောင့်ယှက်သည်များ၊ တစ်ခါတစ်ရံ မုဒိမ်းကျင့်ခံရသည်များ၊ အဆိုပါလုပ်ရပ်တို့ကို ကန့်ကွက်ကြပါသော ရပ်ရွာလူကြီးတို့ကို အကြောင်းပြချက်မရှိ ဖမ်းဆီး၍ ခေါ်ဆောင်သွားကြောင်း စသည်တို့ဖြစ်ရာ စစ်တပ်သည် ဒေသခံပြည်သူတို့ကို အကာအကွယ်ပေးနေခြင်း မဟုတ်ဘဲ၊ နှိပ်စက်နေသလိုထင်မှတ်ရသည်။ အဆိုပါကိစ္စများနှင့် ပတ်သက်ပြီး အထူးကော်မရှင်နာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဗဟိုအစိုးရကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါသော်လည်း ဖြစ်မြဲအတိုင်း ဖြစ်နေရာ ဗဟိုအစိုးရအနေနှင့် လက်နက်ကိုင်တပ်များကို ထိန်းချုပ်ခြင်း မပြုနိုင်တော့ပြီလော၊ သို့တည်းမဟုတ်၊ ယခုလို ပေါ်ပေါ်ထင်ထင် နှိပ်စက်မှုများမှာ လူနည်းစုတို့ကို အနိုင်ကျင့်သည့်လုပ်ရပ်ပေလော ဆိုသည်ကိုမူ မတွေးတတ်အောင် ရှိသည်။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်များကောင်စီနှင့် ပါလီမန်တွင် စိုင်း ကိုယ်တိုင် ဆွေးနွေးတိုင်ကြားခဲ့ပါသော်လည်း ကျေနပ်လောက်သော အဖြေကိုကား မရ။

တိုင်းရင်းသားတို့အတွက် နောက်ထပ်စိတ်ပူပင်စရာကိစ္စတစ်ခုမှာ ဗဟိုအစိုးရ၏ စီးပွားရေးပေါ်လစီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေး၊ ကျွန်းသစ်နှင့် သတ္တုရိုင်းစသဖြင့် လုပ်ငန်းများမှရရှိနေသော အခွန်ငွေတို့ကို ပြည်မကို ကာကွယ်ဖို့အတွက်သာ ဘုံပေါ လအော အသုံးပြုနေသည့်တိုင် ပြည်နယ်များအတွက်မူ ⋯ တရား ခမ်းခြောက်လွန်းလှသည်။ သို့ဖြစ်၍လည်း၊ ၁၉၄၇ ခုနှစ်က ရှမ်းခေါင်းဆောင်များအနေနှင့် ရှမ်းပြည်နှင့် ပြည်မ ပူးတွဲလွတ်လပ်ရေးယူပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ်ခဲ့ကြသည်မှာ အမှားကြီးမှားခဲ့ကြသည်ဖြစ်၍ ၄၇ အခြေခံဥပဒေက အာမခံထားသော ဆယ်နှစ်အကြာတွင် မိမိတို့အနေနှင့် ပြည်မမှ ခွဲထွက်လိုက ခွဲထွက်နိုင်သည် ဟူသော အခွင့်အရေးကို အသုံးချပြီး ၁၉၅၈ ခုနှစ်တွင် ပြည်မ⋯ အပြီးအပိုင် ခွဲထွက်သင့်ကြောင်း ဒေသခံရှမ်းခေါင်းဆောင်များနှင့် ကျောင်းသားခေါင်းဆောင်များက စိုင်းကို အကြိမ်ကြိမ်ပေးဆွေးနွေးလာကြသည်များပင် ရှိလာသည်။

*"ဒီလိုလုပ်ရပ်တွေကြားရတော့ ခင်ဗျားတို့လို ကျုပ်လည်းဒေါသ ထွက်ရသလို၊ စိတ်လည်းပျက်မိပါရဲ့၊ ဒါပေမဲ့ ပြည်ထောင်စုက ခွဲထွက်လိုက်တာ အဖြေလို့ ကျုပ်*

*မယုံကြည်ဘူး။ ပြည်ထောင်စုထဲမှာပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့၊ လူမျိုးစုလွှတ်တော်နဲ့ ရှမ်းပြည်နယ်များကောင်စီက တစ်ဆင့် ကျုပ်တို့ တောင်းဆိုရမယ်၊ အဲ့သည်လို တောင်းဆိုနိုင်တဲ့ အခွင့်အရေးတွေကိုလည်း အခြေခံဥပဒေမှာ ပေးထားပါတယ်။ ကျုပ်တို့ရဲ့ နစ်နာချက်တွေကို ဖော်ပြဖို့ တရားမျှတတဲ့လမ်းကြောင်းတွေရှိပါတယ်"*

သို့ပေမဲ့ စိုင်း၏ အပြောကား တဖြည်းဖြည်းကြီးထွားလာနေသော ပြည်မမှ ခွဲထွက်ရေး လှုပ်ရှားမှုကို စိုင်းအနေနှင့် ဦးဆောင်မှု ပေးနိုင်လိမ့်မည်ဟူသော အတွေးဖြင့် လာရောက်ကြသူ ရှမ်းခေါင်းဆောင်တို့အတွက် လက်ခံစရာ မရှိ။ ခက်သည်က ပြဿနာကို ဖြေရှင်းရင်းနှင့် စိုင်းကိုယ်တိုင် ကြားညပ်လာခြင်းဖြစ်သည်။ တစ်ဖက်က အစိုးရ ပေါ်လစီနှင့် စစ်တပ်၏ အပြုအမူတို့ကို ပေါ်ပေါ်ထင်ထင် ဝေဖန်နေသူဖြစ်၍ စိုင်းကို ခွဲထွက်ရေးသမားအဖြစ် တစ်ဖက်က သံသယရှိကြသလို ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ အခြေခံဥပဒေဘက်မှ ရပ်ခံနေသည့်အတွက်လည်း ရှမ်းခေါင်းဆောင်အချို့က သူ့ကိုအထင်လွဲနေကြသည်။ မည်သို့ရှိစေ စိုင်းကမူ မိမိယုံကြည်မှုကို ခိုင်ခိုင်မာမာ ဆုပ်ထားပြီး မိမိခေါင်းဆောင်မှုအပေါ် ယုံကြည်သူတို့ဘက်မှ မြဲမြဲမြံမြံ ရပ်တည်သွားဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါ၏။

တစ်နေ့ မြောက်ပိုင်းတိုင်း၊ တိုင်းမှူး ဗိုလ်မှူးကြီးတစ်ဦး စိုင်းထံ ဆိုင်းမဆင့်ပုံ မဆင့် ပေါက်ချလာပြီး ရက်အနည်းငယ်အတွင်းတွင် ဗိုလ်ချုပ်နေဝင်းလိုက်ပါလာသော မော်တော်ယာဉ်တန်း၊ သီပေါမှ ဖြတ်သွားမည်ဖြစ်ကြောင်း သတင်းပေးသည်။

*"ဒီလိုဆို ဗိုလ်ချုပ်နဲ့ အဖွဲ့ကို ကျနော့်အိမ်မှာ နေ့လည်စာကျွေးဖို့ ဖိတ်ခေါ် ပါရစေဗျာ"*

*"စော်ဘွားလေးရဲ့ ကမ်းလှမ်းမှုကို လက်ခံလို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ဗိုလ်ချုပ်မှာ အချိန်များများ မရလို့ပါ"*

*"ဒါဆိုလည်း ကျွန်တော်တို့ဘက်က လက်ဖက်ရည်လောက်နဲ့တော့ ဧည့်ခံ နိုင်မယ်ထင်ပါတယ်"*

*"ဒါလည်းမဖြစ်နိုင်ပါဘူး စော်ဘွားလေး"*

ဗိုလ်မှူးကြီးက အကြောင်းအကျိုး မရှင်းတော့ဘဲ တုံးတိတိအဖြေပေးလေသည်။

*"အေးဗျာ . . . အခွင့်သင့်တုန်း ဗိုလ်ချုပ်နဲ့ မတွေ့လိုက်ရတာတော့ စိတ်မကောင်းစရာပဲ၊ ဒါပေမဲ့ အခုလိုလာပြီး သတင်းပေးတဲ့အတွက်တော့ ကျေးဇူးတင် ပါတယ်၊ ဒါပေမဲ့ ကျနော့်ရုံးခန်းမှာပဲဖြစ်ဖြစ်၊ တအောင့်တနား နားမယ်ဆိုရင်လည်း ဗိုလ်ချုပ်ကို ကျနော်တို့ ကြိုဆိုပါတယ်"*

စိုင်းဘက်မှ ယဉ်ကျေးပျူငှာစွာ အခါခါ ဖိတ်ခေါ်နေပါသော်လည်း ဗိုလ်မှူးကြီး၏ ရောက်လာရင်းရည်ရွယ်ချက်ကို သိလိုက်ရသည်တွင် စိုင်းအံ့ဩသွားသည်။

*"ကျနော်တို့ ပြောချင်တာက ဒီလိုပါစော်ဘွားလေး၊ ဗိုလ်ချုပ်စီးလာတဲ့ ယဉ်တန်း သီပေါနယ်ကို ဖြတ်သွားတဲ့အခါ စော်ဘွားလေးက လမ်းဘေးမှာ လာစောင့်နေဖို့ပါ၊ ရောက်မယ့်အချိန်ကိုတော့ ဗုဒ္ဓဟူးနေ့ကျမှပဲ ကျနော်တို့ လာပြောခိုင်းလိုက်ပါ့မယ်"*

ဘယ်လို၊ ကိုယ့်နားကိုယ်ပင် ယုံစရာမရှိတော့၊ ဗိုလ်မှူးကြီးမျက်နှာကို စိုင်းငေးစိုက်၍သာ ကြည့်နေမိသည်။ လောကတွင် အိမ်ရှင်နှင့် ဧည့်သည်တို့ လိုက်နာရမည့် စည်းကမ်းများရှိသည်မဟုတ်သလော၊ ယခု ထိုထိုသော ကျင့်ဝတ်စည်းကမ်းတို့ကို ချိုးဖောက်လျက်၊ ပြောနေသူ စစ်တပ်အရာရှိကြီးတစ်ဦးကို ငေးကြည့်နေရုံမှတစ်ပါး အခြားမရှိတော့၊ သို့ရာတွင် မသိနားမလည်သူတို့ကို သဘောပေါက်အောင် ပြောဖို့ လိုပေလိမ့်မည်။

*"ဟုတ်ကဲ့၊ ကျနော်ဟာ လူထုနဲ့ လုံးဝမပတ်သက်တဲ့ သီးခြားနိုင်ငံသား တစ်ယောက်ဆိုရင်တော့၊ ဗိုလ်ချုပ်ကြီးလာလမ်းမှာ စောင့်ပြီးကြိုဖို့ ဝန်မလေးပါဘူး။ ဒါပေမဲ့ ကျွန်တော်က သီပေါနယ်ရဲ့ စော်ဘွားတစ်ယောက် ဖြစ်နေလေတော့၊ ကျနော့်ရဲ့ လူထုက အပ်နှင်းထားတဲ့ စည်းကမ်းတွေအတိုင်း လိုက်နာရမှာဖြစ်ပါတယ်။ နောက်တစ်ခုက သီပေါကို ရောက်လာတဲ့ ဧည့်သည်တစ်ယောက်အနေနဲ့ အိမ်ရှင်ဖြစ်သူကို တွေ့ချင်တယ်ဆိုရင် တွေ့ရမယ့် လောကဝတ်လည်းရှိပါတယ်"*

စော်ဘွားလေး စပ်ကြာဆိုင် ပြောသည့်အတိုင်း။ ပြန်လည်သတင်းပို့လိုက်ပါမည်ဟုဆိုကာ ဗိုလ်မှူးကြီး ပြန်သွားပြီးနောက် ဗုဒ္ဓဟူးနေ့တွင်မူ သီပေါတွင် လုံးဝရပ်နားခြင်း မရှိဘဲ၊ ဗိုလ်ချုပ်နေဝင်း၏ ယာဉ်တန်းများ ဖြတ်သန်းသွားသည်။ သို့ဖြင့် ရက်အနည်းငယ်အကြာ၊ ရန်ကုန်တွင် ပါလီမန်အစည်းအဝေးပွဲများ ပြန်လည်ကျင်းပသည့်အခါ ဝန်ကြီးချုပ်ဦးနုထံ ရောက်လာသော စာနှစ်စောင်က စိုင်းကို စောင့်မျှော်နေသည်။ တစ်စောင်မှာ မြောက်ပိုင်းတိုင်းမှူးနှင့် အခြားတစ်စောင်မှာ အထူးကော်မရှင်နာ ဟုန်ပန်းထံမှ ဖြစ်ပြီး၊ ဗိုလ်ချုပ်နေဝင်းကဲ့သို့ သူရဲကောင်းကြီးတစ်ဦးကို စော်ဘွားစပ်ကြာဆိုင်က မခန့်မရည်း ဆက်ဆံသည်ဟု တိုင်ကြားထားရာ စိုင်း၏ တုံ့ပြန်မှုအပေါ် ဝန်ကြီးချုပ်ဦးနုက အပြည့်အဝ ထောက်ခံခဲ့ပါသော်လည်း ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတစ်စုကား စပ်ကြာဆိုင်ကို ရန်သူတော်ကြီးအဖြစ်၊ တေးမှတ်ထားလိုက်ကြပြီဖြစ်ပါ၏။

# အခန်း (၅)

တောင်ယာစိုက်ခင်းတို့မှ တငွေ့ငွေ့အူတက်နေသော မြူမင်းလွင်တို့ကို ဖွန်လမိုးရေစက်တို့က ဖယ်ရှားပြီးနောက် ရှုလေတိုင်း တစ်ခွင်တစ်ပြင်လုံး ကြည်လင်သန့်စင်သွားသည်။ ခြောက်သွေ့၍ လှပသော နေ့တစ်နေ့၊ ခြေဆန့်လက်ဆန့် ခရီးထွက်ဖို့ အခြေအနေအားလုံး ပြည့်စုံနေသည်။ မြေသားတို့သည်လည်း မော်တော်ကားကို စိတ်ချလက်ချမောင်းနိုင်လောက်အောင် မာကျောမှုရှိ၊ စံအိမ်တော် အလုပ်သမားများနှင့်အတူ စိုင်းနှင့်သုစန္ဒီတို့ ရှခင်းသာတောင်သို့ ထွက်လာကြသည်။ တောင်တက်ခရီးဖြစ်သည့်အတွက် လင်းရိုဗာကားနှင့် ထွက်လာကြပြီး၊ တောင်ပေါ်တွင် သီတင်းသုံးနေသော တောမှီရဟန်းတစ်ပါးအတွက်လည်း လှူဖွယ်ဝတ္ထုအချို့ ယူလာခဲ့ကြသည်။

မော်တော်ကားနှင့် တောင်တက်ခရီးထွက်လာခဲ့ကြသည်ဆိုသော်လည်း လမ်းရယ်လို့ တိတိပပရှိသည်လည်းမဟုတ်၊ ပေါင်းပင်၊ ချုံပင်နှင့် နွယ်ပင်ရှည်ကြီးတို့က၊ သစ်ပင်တစ်ပင်နှင့်တစ်ပင် ယှက်ရက်၍ ကာဆီးနေရာ မကြာခဏဆိုသလို အလုပ်သမားများ ကားပေါ်မှဆင်းပြီး တောခုတ်ဓားနှင့် လမ်းရှင်းကြရသည်။ တစ်တောတစ်တောင်လုံး၊ ဝတောရိုင်း၏ သစ်စိုသစ်စိမ်းအနံ့နှင့် ရှောက်သံပရာပွင့်တို့ဆီမှ စူးစူးရှရှရနံ့တို့ဖြင့် အီတောက်နေသည်။ မော်တော်ကားသံနှင့် လမ်းရှင်းနေသူတို့၏ ခုတ်သံ၊ ထစ်သံတို့မှတစ်ပါး၊ တစ်တောလုံး တိတ်ဆိတ်နေသည်မှာ အပ်ကျသံမျှပင် ကြားနိုင်လောက်သည်။ အတက်ခရီး ခြောက်မိုင်အထိ အခက်အခဲမရှိ ခရီးပေါက်လာကြပြီး၊ တောင်ထိပ်ရောက်ခါနီး မိုင်ဝက်မျှအလိုတွင်မူ စိုင်းက ကားဒရိုင်ဘာကို အရပ်ခိုင်းလိုက်သည်။

*"ကဲ တောင်ပေါ်မှာ သီတင်းသုံးနေတဲ့ ရဟန်းအတွက် အနှောက်အယှက်မဖြစ်အောင် ကျန်တဲ့ခရီးကို ခြေလျင်တက်ကြတာပေါ့"*

ယဉ်မျိုးစာအုပ်တိုက်

ပြီးနောက် သုစန္ဒီဘက်လှည့်ရင်း စိုင်းက စကားဆက်သည်။

*"အဲ့သည်ရဟန်းက လူတွေကို အတွေ့မခံပေမဲ့ တောရိုင်းတိရစ္ဆာန်တွေနဲ့ ရင်းနှီးတယ်၊ သူ့ရဲ့ ကျောင်းသခ်မ်းနားမှာ ကျားသစ်တွေ၊ ကျားတွေ၊ ဝက်ဝံတွေ၊ ဆင်တွေကိုတောင် မြင်ခဲ့ကြတယ်လို့ ရွာသားတွေကပြောကြတယ်"*

ရေးရေးမျှ ထင်နေသော လမ်းစွတ်ကြောင်းလေးအတိုင်း ခဲခဲကတ်ကတ် လျှောက်လာရင်း တောရိုင်းတိရစ္ဆာန်တစ်ကောင်ကောင်များ ရုတ်တရက် မြင်ရလေမလား မျှော်လင့်လာခဲ့သော်လည်း တစ်ကောင်တစ်မြီးမျှ မတွေ့၊ သို့ပေမဲ့ သုစန္ဒီ ဘွားခနဲ တွေ့လိုက်ရသည်က ဦးပြည်ကတုံးနဲ့ သစ်ခေါက်ဆိုး ဖန်ရည်သင်္ကန်းကို ဝတ်ဆင်ထား ပါသော တောမှီရဟန်းတစ်ပါးသာ။ သို့တိုင် သူတို့လူအုပ်ကို မြင်လိုက်သည်နှင့် တောတွင်း သို့ တိုးဝင်သွားသည့်အတွက် ရဟန်း၏ ဝါးကျောင်းတဲခါးလေးရှေ့မှာပင် လှူဖွယ်ပစ္စည်း တို့ကို ချထားခဲ့ရသည်။ ပြင်ပကမ္ဘာလောကကြီးနှင့် လုံးလုံးလျားလျား အဆက်ဖြတ်ပြီး မိမိတို့ ကွန်းဗင့်ကျောင်းနံရံတံတိုင်းအတွင်းမှာပင်၊ တစ်သက်လုံးနေထိုင်ခဲ့သော ခရစ်ယန် သီလရှင်တို့အကြောင်းကို ကြားဖူးသော်လည်း ယခုလို နှစ်ပေါင်းများစွာ တောကြီးမျက် မည်းအတွင်းထဲ ကိုယ်ထီးတည်းနေထိုင်၍ တရားကျင့်ကြံနေသော ရဟန်းတစ်ပါးကို မျက်ဝါးထင် ထင် တွေ့လိုက်ရသည့်အခါ သုစန္ဒီ အံ့ဩတုန်လှုပ်မိပါ၏။

စိုင်းနှင့် စံအိမ်တော်အလုပ်သမားများနောက်မှ လမ်းဖုံဖုံလေးအတိုင်း တရွေ့ရွေ့ လိုက်လာရာမှ တောင်ထိပ်ရောက်လာသည်တွင် သူမအဖို့ အသက်ရှူမှားလောက်အောင် မိုးကုပ်စက်ဝိုင်းကြီးအောက်မှ ရှုမျှော်ခင်းကို တွေ့လိုက်ရသည်။ ညို့ညို့စိမ်းနေသော ချိုင့်ဝှမ်းတစ်လျှောက်၊ ရစ်ခွေနေသော နမ်းမ့ွတူမြစ်ကြီးကား သူတို့နေရာ ဟော်နန်းနှင့် ဒုတိယကမ္ဘာစစ်က ဖျက်စီးလိုက်သော နန်းတော်ရာဟောင်းဘေးမှ ဖြတ်စီးနေသည်ကို တောင်ပေါ်မှ မြင်တွေ့နေရသည်။ သီပေါမြို့လေးကား သစ်ရိပ်၊ တောရိပ်အောက်တွင် အိပ်ချင်မူးမူး လှဲလျောင်းလျက် အချို့သစ်ပင်တို့ကမူ ရဲရဲရင့်နေသော ပန်းပွင့်တို့ကို ပန်ဆင်လျက်၊ ချိုင့်ဝှမ်း၏ အနောက်နှင့် မြောက်ဘက်တစ်ခွင်လုံး စိမ်းဖန့်ဖန့်စပါးကွင်းများ အုံ့အုံ့ဆိုင်းလျက်၊ ထိုမှ ဟိုမှာဘက်တွင်မူ ကျွန်းသစ်တောကြီးများက လွှမ်းထနေသော တောင်ကုန်းတောင်စွယ်တို့ကို လွှမ်းခြုံလျက် တောင်ထိပ်တို့တွင်ကား ထုံးဖြူဖြူစေတီ တို့ကို ကွက်တိကွက်ကြား လှမ်းတွေ့နေရသည်။

တောင်ခြေချိုင့်ဝှမ်းအတွင်းမှ အလှတရားနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ဖြင့် သူမ ဘဝတစ်ခုလုံး လုံးဝပြီးပြည့်စုံသွားသလို စူးစူးနင့်နင့်ခံစားနေရစဉ်မှာပင်၊ သူမစိတ်

အစဉ်တွင် ထိတ်လန့်ခြောက်ခြားဖွယ်ရာ မြင်ကွင်းကြီးတစ်ခု ဘွားခနဲပေါ်လာသည်။ တောင်ခြေမှ ငြိမ်းချမ်းနေသောမြင်ကွင်းကြီးတစ်ခုလုံး တစ်နေ့နေ့တစ်ချိန်ချိန် ပျောက်ဆုံးလိမ့်မည်ဟု သူမခံစားလိုက်ရသည်။ သို့ဆိုလျှင် သူမနှင့် စိုင်းတို့၏ မိသားစုဘဝသည်လည်း ရှိတော့မည်မဟုတ်၊ ကြောက်စိတ်ကြောင့် သူမတစ်ကိုယ်လုံး ခြေဖျားလက်ဖျားတွေ အေးစက်လာကာ မူးဝေနောက်ကျိလာသဖြင့် အနားမှ သစ်ပင်ကို 'အားပြုရင်း ထိုင်ချ လိုက်ရသည်။

*"တောင်တက်ရတာ ပင်ပန်းသွားလို့လား စန္ဒီ"*

ချွေးစီးချွေးပေါက်များကြားမှ ယောက်ယက်ခတ်နေသော စိတ်ကိုထိန်းရင်း *'နည်းနည်းပင်ပန်းသွားတာပါ'* ဟူ၍သာ စိုင်းအမေးကို ပြန်ဖြေလိုက်ပြီး သူမ ခံစားနားလည်လိုက်သော ထိတ်လန့်ဖွယ်မြင်ကွင်းကို ခေါင်းထဲက ထုတ်ပစ်ဖို့သာ ကြိုးစားနေရသည်။ သူမခံစားရသလို စိုင်းကို မခံစားစေချင်၊ ထိုစဉ်၊ စိုင်းက သူမကို တွဲကူပြီး ကျောက်ဆောင်အစွန်းတစ်နေရာ ခေါ်သွားရာ စောစောက ရှုခင်းထက် တပြန့်တပြူးနှင့် ပို၍ ကြည်နူးဖွယ်ကောင်းလှသည်ဖြစ်၍ ကြောက်စိတ်တို့ တဖြည်းဖြည်း လွင့်ပျောက်သွားပြန်သည်။

မြစ်ကမ်းနဖူးတစ်လျှောက်၊ ရှာသိမ်ရှာငယ်လေးများ အစီအရီ တည်နေရာ ယင်းတို့အနက်မှ ရှမ်းခေါက်ဆွဲထုတ်လုပ်ရာတွင် နာမည်ကြီးသော တာပေါ့ရွာလေးကို စိုင်းက ညွှန်ပြသည်။ ထိုမှ မြစ်ခြေသို့ အနည်းငယ် စုန်လာလျှင် ရှေးရိုးရာနည်းအတိုင်း ရှမ်းစက္ကူထုတ်လုပ်သည့် ပန်ဆိုင်းရွာလေးကိုတွေ့ရသည်။ မာဘယ်ရီသစ်ခေါက်တို့ကို ပျော့ဖတ်ဖြစ်အောင် ပြုတ်၍ ဇန်းများဖြင့် အလွှာလိုက် နေလှန်းယူရသော ရှမ်းစက္ကူထုတ်လုပ်ပုံကို သုစန္ဒီကိုယ်တိုင် တွေ့ခဲ့ဖူးသည်။

ရှခင်းသာတောင်မှ အပြန်ခရီးတစ်လျှောက်တွင် မနက်မှ အတွေ့အကြုံတို့ကို စေ့စေ့စပ်စပ် သုစန္ဒီ စဉ်းစားရင်း လိုက်ပါလာခဲ့ရာ ပျော်ရွှင်ကြည်နူးစရာများနှင့် အတိပြီးသော ခရီးဖြစ်ပါလျက် အတိတ်နမိတ်ဆိုးကြီးတစ်ခုက သူမ စိတ်ကို အနှောက်အယှက်ပေးနေသည်။ အထူးသဖြင့် သူမ၏ သောကအပူတို့ကို တစ်ယောက်ထဲ ခံစားနေရသည်က သူမအဖို့ ပိုလို့ပင် မွန်းကျပ်လှပါ၏။

အရှေ့ပော်စံအိမ်တော်အဆောက်အအုံကြီးက ကြီးမားကျယ်ဝန်း သည်နှင့်


ယဉ်မျိုးစာအုပ်တိုက်

အညီ ပလီဗောဓ၊ ဝေယျာဝစ္စတွေကလည်း များပြောင်လှသည့်တိုင် သုစန္ဒီ အနေနှင့် အပန်းမကြီးလှ၊ သက်သောင့်သက်သာ စီမံခန့်ခွဲလာခဲ့သည်။ တစ်နေဝင်၍ တစ်အရုဏ် ကျင်းပြီဆိုလျှင် စံအိမ်တော်ကြီးအတွင်းမှ ပန်းအိုးအလုံး (၂၀) တွင် သုစန္ဒီ ကိုယ်တိုင် ပန်းအသစ်တွေ လဲပေးသည်။ တစ်နေ့တာ ချက်ပြုတ်ရမည့် ဟင်းလျာနှင့် စားဖွယ် သောက်ဖွယ်ရာတို့ကို စာရင်းချပေးသည်။ ပြီးနောက် ဘယ်သူ့ကို ဘယ်တာဝန်ယူဖို့ အလုပ်ခွဲပေးရသည်။ သို့ပေမဲ့ စီရင်ခင်းစီရင်ဖွယ်ရာ နိစ္စဓူဝ အိမ်မှုကိစ္စတို့ကို စီမံခန့်ခွဲနေ စဉ်မှာပင် တစ်နေ့၊ သုစန္ဒီသတိပြုမိလိုက်သည်မှာ စံအိမ်တော်အလုပ်သမား အားလုံး တစ်ညဥ့်၊ တစ်မနက်၊ တစ်ရက်မှ ပျက်ကွက်သည်မရှိ၊ နေ့စဉ်အလုပ်နှင့်လက် မပြတ်၊ ကိုယ့်တာဝန်ကိုယ်ထမ်းနေကြသည်။ အစောပိုင်းနေ့ရက်များက ဤအချင်းအရာ ကို သတိထားမိသော်လည်း သူတို့အရှင်နှစ်ပါး ရောက်လာခါစမို့ တက်တက်ကြွကြွ ရှိနေ ခဲ့ ကြသည်ဟုသာ ထင်ခဲ့သည့်တိုင်၊ ယခုမူ လပေါင်းများစွာ ကုန်ဆုံးလာပါသော်လည်း အလုပ်သမားအားလုံး နေ့ ညမပျက် ယခင်အတိုင်း လုပ်ကိုင်နေဆဲ။ သို့ဆိုလျှင် သူတို့တစ်ဦးချင်းမှာ အားလပ်ရက် မရှိကြတော့ပြီလား။ အကြောင်းရင်းကို သိလို၍ စံအိမ်တော်အတွင်းရေးမှူးနှင့် ဘက်တလာတို့ကို ခေါ်ပြီး စုံစမ်းကြည့်ရာ အလုပ်သမား အားလုံး မည်သူမျှ အားလပ်ရက်မယူကြဘဲ စံအိမ်တော်ကြီးတွင် နေ့စဉ်အလုပ်လုပ်နေရ သည်ကို ကျေနပ်ကြောင်း ပြောပြကြသည်။ သူတို့အားလုံး၏ အတွယ်အတာနှင့် အားကိုးသမှုကို သူမ သဘောပေါက်လိုက်သော်လည်း အလုပ်သမားတို့၏ လုပ်အားကို သုစန္ဒီအမြတ်မထုတ်လို၊ သို့ဖြင့် အလုပ် အချိန်ဇယားတစ်ခုကို သူမရေးဆွဲရလေသည်။ အချိန်ဇယားတွင် အမည်၊ အလုပ်ချိန်နှင့် နေ့ရက်တို့ကို ဖော်ပြထားပြီး မည်သည့်နေ့တွင် မည်သူအနားယူရမည်ကိုပါ သတ်မှတ်ပေးလိုက်ပြီး အလုပ်ချိန်ဇယားကို အလုပ်သမားများ၏ ထမင်းစားခန်း နံရံတွင် တစ်ခါတည်း ချိတ်ဆွဲထားလိုက်သည်။ သို့ပေမဲ့ နောက်ရက်၊ နောက်ရက်တွေမှာလည်း အလုပ်သမားအားလုံး ယခင်လို ဝတ်မပျက် နေ့စဉ်တွေ့နေရ ပြန်ရာ သုစန္ဒီအဖို့ တွေးရခက်ခက်ဖြစ်နေပြီ။ အကျိုးအကြောင်းကို ရှင်းရှင်းလင်းလင်း၊ နားပေါက်အောင် ပြောပြဖို့ အလုပ်သမားအားလုံးနှင့် အစည်းအဝေးထိုင်ရပြန်သည်။ ဤတွင် သူတို့၏ အတွင်းစိတ်ကို သူမ နားလည်လိုက်သည်။ သူတို့အနေနှင့် အချိန်ဇယား အရ ရနေသော အားလပ်ရက်မျိုးကို အလိုမရှိ၊ သူတို့အနေနှင့် အခြားတစ်နေရာတွင် အချိန်ပေးစရာ အကြောင်းလည်းမရှိ၊ သူတို့အတွက် လိုအပ်သော အားလပ်ရက်ဆိုသည် မှာ ဘုရားပွဲတော်သွားလိုသည့်အခါမျိုး၊ ဥပုတ်သီတင်းဆောက်တည်လိုသည့် အခါမျိုးမှ

သာ၊ အရှင်နှစ်ပါးထံမှ ခွင့်တောင်း၍ ယူလိုသော အားလပ်ရက်ဖြစ်သည်။ ဤသို့မဟုတ်လျှင်တော့၊ အရှင်နှစ်ပါးအတွက် ပြုဖွယ်ဆောင်ဖွယ်ရာတို့ကို ဝတ်မပျက်၊ ပုံမှန်လုပ်ကိုင်နေချင်ကြသည်။ ကုန်ကုန်ပြောရလျှင် ယခုလို အလုပ်ချိန်ယောအကြီးနှင့် သူတို့တာဝန်တွေကို ကန့်သတ်လိုက်ခြင်းသည် သူတို့အတွက် အားလပ်ရက်မဟုတ်၊ အရှင်နှစ်ပါးက သူတို့အပေါ် အချစ်ပေါ့သွားသည်ဟုသာ ဝမ်းနည်းပက်လက် ခံစားနေကြရပါ၏။

စံအိမ်တော်၏ အမျိုးသမီးအခြွေအရံများထဲတွင် မိုးအိမှာ သုစန္ဒီ၏ လက်စွဲဖြစ်ပြီး ရောက်စကပင် မိုးအိကို သူမနှစ်သက်ခဲ့သည်။ သုစန္ဒီ မြင်တွေ့ဖူးသမျှ ရှမ်းအမျိုးသမီးအများစုမှာ ခန္ဓာကိုယ် အဆစ်အပေါက် ကျစ်လစ်သွယ်လျသော်လည်း မိုးအိက ဝဝဖိုင့်ဖိုင့်၊ သို့ပေမဲ့ သူမမျက်လုံးတွေက အမြဲ လိုလို ရယ်နေတတ်ပြီး၊ မိုးသောက်ငှက်လေး တစ်ကောင်လို အသံတလွင်လွင် ရှိနေတတ် သည်။ အခြားသော မိန်းမတွေထက် ကိုယ်ခန္ဓာကြီးသည်ကြောင့်ပေလား။ စံအိမ်တော်၏ ဘတ်တလာ ကျော်လင်း၏ ဇနီးဖြစ်သည်ကြောင့်ပေလားတော့မသိ၊ ယောက်ျားသား အလုပ်သမားများက သူမကို တလေးတစားရှိကြသလို အလုပ်လုပ်ရာတွင်လည်း ပြတ်သားသည်။ သို့ပေမဲ့ သုစန္ဒီထံရောက်လာပြီဆိုလျှင်ဖြင့် သိမ်မွေ့နူးညံ့ပါ၏။ ရှည်လျားနက်မှောင်သော သုစန္ဒီ ဆံပင်ထွေးကြီးကို ဖြီးသင်ပေးသည်။ သနပ်သခါးသွေးပေးသည်။ ထမီ၊ အင်္ကျီတို့ကို မီးကြွေထိုးပေးတတ်သည်။ တကယ်ဆိုမူ မိုးအိနှင့်အတူ အနီးကပ်နေရသည့်အတွက်သာ ခက်ခဲသော ရှမ်းစကားကို နှုတ်စအာစ ရဲရဲနှင့် သူမ ပြောလာနိုင်ခြင်းဖြစ်ရာ ဤနေရာတွင် မိုးအိကား သုစန္ဒီအတွက် စိတ်ရှည်သည်းခံသော်လည်း စည်းကမ်းကြီးသော ဆရာမတစ်ယောက်ဖြစ်ပါ၏။

တစ်မနက်၊ အရေးတကြီး ဧည့်သည်ဆောင်သည်တွေ ရောက်လာမည်ဖြစ်၍ ပြင်ဆင်စရာတွေ ရှိရာ၊ မနက်စောစောကပင် မိုးအိကို သုစန္ဒီ တမျှော်မျှော်ရှိနေသော်လည်း အရေးကျမှ မယ်မင်းကြီးမက ပေါ်မလာ။ နေအတော်ရင့်ခါမှ ကျော်လင်းပေါက်ချလာပြီး၊ သူ့မိန်းမနေမကောင်း၍ ဆေးသောက်ထားကြောင်း လာပြောသည်။ ယောက်ျားဖြစ်သူကိုယ်၌က အေးပုံအေးစက်နှင့် ပြောနေသည့်အတွက် မိုးအိအခြေအနေက အပရိက၊ အာဂန္တုရောဂါလောက်သာ သူမ မှန်းမိလိုက်သည်။ သို့ပေမဲ့ နောက်တစ်နေ့တွင်လည်း မိုးအိပေါ်မလာပြန်ရာ၊ လူနာအမေးသွားဖို့ ဆုံးဖြတ်လိုက်ပြီး၊ ရဲရဲတွတ်နေသော ပိုးထီးလေးဖွင့်ကာ ကျုံးအနောက်ဘက်မှ အလုပ်သမားတန်းလျားများ ရှိရာသို့ တစ်ယောက်တည်း ခြေလျင်ထွက်လာခဲ့သည်။ လမ်းတွင် သူမကို စပ်စပ်စုစုနှင့်



သီပေါ်အရှေ့ဟော်နန်းမှ လုံခြုံရေးအဖွဲ့ဝင်များနှင့်
မိုးအိမ်နှင့် ကျော်လင်း

ငေးမောကြည့်နေသော ကလေးတစ်အုပ်ကို မေးရင်း စမ်းရင်းနှင့်ပင် မိုးအိတို့အိမ်သို့ ဆိုက်ဆိုက်ရောက်လာသည်တွင် အိမ်ငယ်လေး၏ အိမ်ရှေ့ကပြင်တွင်မူ လူတစ်အုပ် မလှုပ်သာ မလှည့်သာထိုင်နေကြသည်ကို တွေ့ရသည်။ အချို့က လက်ဖက်ရည်ကြမ်းကို ဖြည်းဖြည်းလေးလေးသောက်နေကြသလို၊ အချို့က ဆေးပေါ့လိပ်တုတ်တုတ်ကြီးကို တွင်တွင်ဖွာနေသည်။ သူတို့ထဲမှ တစ်ယောက်နှစ်ယောက်ကမူ ပါးစပ်က ပွစိပွစိနှင့် လက်တစ်ဘက်က စိတ်ပုတီး တစ်လုံးချင်းလှိမ့်နေသည်။

အမယ်အိုကြီးတစ်ယောက်က သုစန္ဒီကို နေရာထိုင်ခင်း စီရင်ပေးရာ ဆန့်ဆန့်ကြီး လှဲနေသော မိုးအိဘေးနားတွင် သုစန္ဒီ ခွေ့ကနဲထိုင်ပြီး ကိုယ်အပူချိန်ကို နဖူးမှစမ်းလိုက်သည်။ မိုးအိတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပြီး သတိများပင် လစ်နေလေပြီ။ ဒိတ်ခနဲ ခုန်လိုက်သော ရင်ထဲက အလန့်ကို သုစန္ဒီ ထိန်းချုပ်လိုက်သည်။ သူမဘေးဘီတွင် ထိုင်နေသူတို့ကို အသိပေး၍မဖြစ်၊ တစ်မြို့လုံးတွင် တစ်ယောက်တည်းသာရှိသော ဆရာဝန်ကို အမြန်သွားခေါ်ဖို့အတွက် လူတစ်ယောက်ကို စံအိမ်တော်မှ ကားအရှိင်ဘာဆီ ချက်ချင်းစေလွှတ်သည်။ ပြီးသည်နှင့် ရေတစ်ဖလားနှင့် ဖျင်ကြမ်းတဘက်တစ်ထည် တောင်းယူကာ ရေစိုတဘက်နှင့် မိုးအိနဖူးကို အထပ်ထပ်အုပ်ပေးသည်။

*"မိုးအိ ဘာမှမဖြစ်စေရဘူး။ ဘာမှမဖြစ်စေရဘူး"*

တစ်ခဏအကြာတွင် အိန္ဒိယအမျိုးသား ဆရာဝန်ရောက်လာပြီး မိုးအိကို စမ်းသပ်၍ ရောဂါအမည်ကို ဖော်ထုတ်ပေးလိုက်သည်။

တိုက်ဖွိုက်(အူရောင်ငန်းဖျား)ရောဂါ။

သို့ဆိုလျှင် မိုးအိုရောဂါကို ပေါ့ဆလို့မရ၊ ဆေးရုံတက်ကုသဖို့ ဆရာဝန်က ညွှန်ကြားသည်။

သို့ဖြင့် ဆေးကုသမှု ခံယူလာသည်မှာ (၂) ပတ်ခန့်ရှိလေပြီ။ သို့ပေမဲ့ မိုးအိမှာ တိုးတက်မှုလက္ခဏာ. မတွေ့ရသေး။ ရောဂါသည်းထန်လှသဖြင့် သူမခေါ ဆံပင်များပင် အထွေးလိုက် ကျွတ်ရရှာသည်။ သို့ဖြင့် တစ်မနက် မိုးအိတို့ရွာမှ ရွာလူကြီးနှင့်အတူ မိုးအိ၏ ဆွေမျိုးနှင့် အသိမိတ်ဆွေတစ်သိုက် သုစန္ဒီနှင့် လာတွေ့ကြပြီး တောင်းတောင်းပန်ပန်နှင့် စကားဆိုသည်။

*"သခင်မဆီ ကျွပ်တို့လာရတဲ့ ကိစ္စက သခင်မအနေနဲ့ မိုးအိကို သေခွင့်ပေးလိုက်ဖို့ ပြောဖို့ပါ"*

ရွာသူကြီးစကားအဓိပ္ပါယ်ကို ရှင်းရှင်းနားမလည်သည့်တိုင်၊ သုစန္ဒီ ထိတ်ပြာ

သွားသည်။

*"ကျွန်မက အဲသည့်လိုစကားမျိုးကို ဘာကြောင့် ပြောရမှာလဲ၊ မကြာခင် မိုးအိ နေကောင်းလာမှာပါ သူဘာမှမဖြစ်ပါဘူး"*

*"ကျုပ်တို့ရဲ့ ရှမ်းရိုးရာအယူအဆတစ်ခုကို သခင်မကို ပြောပါရစေ၊ ဟိုးလွန်ခဲ့တဲ့နှစ်ပတ်ကတည်းက မိုးအိက သေချင်နေသူပါ၊ ဒါကို ကျုပ်သိပါတယ်။ ဒါပေမယ့် မိုးအိက သခင်မရဲ့ ကျေးကျွန်တစ်ယောက်ဖြစ်လေတော့၊ သခင်မက ခွင့်မပြုမချင်း။ မိုးအိရဲ့ ဝိညာဉ်က ထွက်သွားခွင့်မရပါဘူး။ ဒါကြောင့် မိုးအိကို လွတ်လွတ်လပ်လပ် ထွက်သွားနိုင်ဖို့ သခင်မကို ကျုပ်တို့ ခွင့်ပန်ပါရစေ"*

ရွာသူကြီးစကားကို စူးစူးစိုက်စိုက် နားထောင်နေရာမှ သူမ၏ ဦးခေါင်းကား အောက်သို့ စိုက်ကျသွားသည်။ သူမဘာက်က ဘာမှပြောစရာမရှိတော့ပြီ။ ပြောလည်း မပြောနိုင်၊ အားလုံးကို သူမရှေ့က အော်ထုတ်ပစ်လိုက်ချင်ပါသော်လည်း အောက်နှုတ်ခမ်းကို ပေါက်ပြဲလုမတတ် ဖိကိုက်ထားရသည်။ ဘာကြောင့်များ။ သည်လို သူတို့စဉ်းစားခဲ့ကြတာလဲ၊ မယုံနိုင်စရာ၊ ရှမ်းရိုးရာဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ သည်ကိစ္စမျိုးကိုတော့ သူမအနေနှင့် လုံးဝလက်မခံနိုင်၊ မျက်လုံးအားလုံး သုစန္ဒီပေါ် ရောက်နေကြသည်မှာ အသက်ရှူဖို့ပင် မေ့နေကြရောထင်၊ သုစန္ဒီ ခေါင်းကို တဖြည်းဖြည်း မော့လိုက်ပြီး အမိန့်အာဏာသံ အပြည့်နှင့် ခတ်ဆတ်ဆတ်ပြောလိုက်သည်။

*"မိုးအိရဲ့ ဝိညာဉ်ကို ထွက်သွားခွင့် ကျွန်မ လုံးဝ မပေးဘူး။ သူအသက်ရှင်ဖို့ လိုတယ်"*

ပြောပြီးသည်နှင့် အခန်းအတွင်းမှ ချက်ချင်း ထွက်လာလိုက်သည်။ သို့မဟုတ်လျှင် ငိုဟယ်ရယ်ဟယ်နှင့် သူတို့တွေဆီက တောင်းပန်တိုးလျှိုးသံတွေ ကြားရတော့မှာကို သူမအတတ်သိနေသည်။ သူတို့ကိစ္စထက် အချိန်က ပိုပြီးအဖိုးတန်နေသည်။ မော်တော်ကားကို ခေါ်ပြီး ချက်ချင်းဆေးရုံးထွက်လာခဲ့သည်။ မိုးအိအခြေအနေက သတိမရတစ်ချက် ရတစ်ချက်ရှိနေသေးသော်လည်း သုစန္ဒီရောက်လာသည်ကို အထိအတွေ့၊ အနံ့အသက်တို့ဖြင့် သိနေရာ၊ ခြောက်ကပ်ကွဲအက်နေသော မိုးအိနှုတ်ခမ်းပေါ်က အပြုံးယဲ့ယဲ့ကို သူမ တွေ့လိုက်ရသည်။

*"မိုးအိ နင့်အသက်၊ ရှင်ကိုရှင်ရမယ်၊ ဘာမှမဖြစ်စေရဘူး"*

မိုးအိ မသေပါ။ ထိုနေ့ရက်အတွင်းမှာပင် အခြေအနေ တိုးတက်လာပြီး တဖြည်းဖြည်း ထူထူထောင်ထောင် ဖြစ်လာသည်။ အသွေးအသားများလည်း စိုစိုလူလူဖြစ်လာပြီး

ဆံပင်များပြန်ပေါက်လာသည်။ များမကြာမီ စံအိမ်တော်၏ အိမ်မှုကိစ္စတို့ကို ယခင်အတိုင်း ပြန်လည်တာဝန်ယူလျက် သုစန္ဒီကိုလည်း မကြာခဏ ယခုလို ပြောတတ်လာသည်။

*"ကျုပ်မကို သေခွင့်မပေးခဲ့တဲ့အတွက် သခင်မကို အရမ်းကျေးဇူးတင်တာပဲ"*

ဤအဖြစ်အပျက်နောက်ပိုင်း သုစန္ဒီသတိပြုမိသည်မှာ သူမ၏ တော်ဝင်ဆွေတော်မျိုးတော်များက အစ၊ ရွာသူရွာသားများအားလုံး သူမကို ယခင်ကထက် တလေးတစား ဆက်ဆံလာသည်။ တစ်ခါတစ်ရံ အံ့ညြလောက်အောင်ပင် အရိုအသေပြုတတ်သည်လည်းရှိ၏။ အခက်အခဲ အကြပ်အတည်း၊ တစ်ခုခု ကြုံကြလေတိုင်းလည်း သူမ၏ အကြံပေးစကားနှင့် မေတ္တာပို့သမှုကို ခံယူတတ်ကြရာ သူမကို ပကတိလူသားစင်စစ် တစ်ယောက်ထက်ပိုနေသော သူတို့၏ အဆက်အဆံ၊ အပြောအဆိုတို့ကို တွေ့ရပြန်သည့်အခါ သုစန္ဒီရင်ထဲ သောကကဲရပြန်ပါ၏။

## အခန်း (၆)

ပြေ နွေနေအောက်တွင် တောင်တန်းချိုင့်ဝှမ်းဒေသတစ်ခွင်တစ်ပြင်လုံး အပူငွေ့တွေ တရှိန်ရှိန်ထနေသည်။ ရော်ရွက်ခြောက်တို့ တဖြောဖြော ခါချနေရသော သစ်ပင်တို့သည်လည်း မြေပက်ကြားပေါ်မှာ ခြောက်သယောင်လျက်၊ ပူအိုက်နေသော သက်ရှိသတ္တဝါများနှင့်အတူ မုတ်သုန်မိုးကို မျှော်နေကြရာ အမေရိကားမှ ရောက်ကီးတောင်တန်းတို့၏ ခြောက်သွေ့သော နံနက်ခင်းများကို သတိတရ ဖြစ်ရပြန်သည်။ သို့ရာတွင် သစ်ပင်တို့ကို ခုတ်လှဲမီးရှို့ရာမှ အူတက်လာသော မီးခိုးတို့ကို အဝေးဆီမှာ မြင်ရသည့်အခါ စိုင်း စိတ်မချမ်းသာ၊ သည်လိုမီးရှို့သည်မှာလည်း ကိုင်းသမားတို့၏ ဓားမဦးချ မလေ့ဖြစ်နေသည်မဟုတ်ပါလား။ ယခုလိုအစဉ်အလာ စိုက်ပျိုးရေးစနစ်ထက်၊ သိပ္ပံနည်းကျပြီး သီးနှံအထွက်ကောင်းမည့် နည်းသစ်တွေကို သိပေါ်မှ တောင်သူတွေနှင့် မိတ်ဆက်ပေးဖို့လည်း စိုင်းစီစဉ်ထားခြင်းဖြစ်သည်။ ယခုမူ အိုက်စပ်စပ် ငြီးစီစီဖြစ်နေသော နေ့ဒူမှ အေးမြခြောက်သွေ့သော တောင်ပေါ်တစ်နေရာဆီ ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်သည်။ ထိုနေရာလေးကား၊ အေးချမ်းသော ကော်ရိုရာဒိုမှ နွေရက်တို့ကိုလည်း အလွမ်းပြေနိုင်ပါ၏။

*"မနက်ဖြန် ကိုရေ့အားလုံး စခန်းသာကို ခရီးထွက်ကြမယ်ဟေ့"*

စိုင်း၏ ကြေညာသံချက်ထွက်လာသည်နှင့် နွေဒဏ်နှင့် တိမ်တိမ်ပွေပွေဖြစ်နေကြပါသော စံအိမ်တော်ဝန်ထမ်းအားလုံး လှုပ်လှုပ်ရှရှရှိလာကြပြီး စားဖိုမှူးကြီး မယ်သာက မီးဖိုချောင်အလုပ်သမားကလေးများကို ချက်ပြုတ်ဖို့ ပြင်ဆင်စရာရှိတာတွေ မှာကြားပြီး စက်ဘီးဆွဲ၍ ဈေးသို့ ခတ်သုတ်သုတ် နင်းသွားသည်။ မက်ကင်းနစ်ကြီး ဦးဘအေးက မော်တော်ယာဉ်တွေကို အသင့်ဖြစ်စေဖို့ ကော်ခေါင်းအဖုံးတွေအောက်မှာ ခေါက်ထိုးရင်း



ဝဝန်းသာ၊ ဓနွရာသီစံနန်းတော်

နှိုက်ချွတ်ပြင်ဆင်တော့သည်။ သက်တော်စောင့်ကြီးဦးဘခေါင်ကမူ သေနတ်နှင့် ဖိနပ်တွေကို ပြောင်နေအောင်တိုက်ချွတ်ထားဖို့ အမိန့်ပေးလိုက်သည်။

*"သုစန္ဒီ ဘယ်သူတွေကို ခေါ်မလဲ၊ ကြိုက်တဲ့သူကို ခေါ်လေ"*

ဆွေမျိုးသားချင်းတွေထဲက (၁၀) ယောက်ကျော်ကို သူတို့နှင့် ခရီးထွက်ဖို့ လှလှတ်ပြီး အခေါ်ခိုင်းလိုက်သည်။ စခန်းသာဆီ သူတို့ ခရီးထွက်ကြမည်။ စခန်းသာကား စော်ဘွားလေး စပ်ကြာဆိုင် ဟော်မတက်မီ၊ ဘကြီးဘဒွေး၊ စော်ဘွားကြီးတွေ လက်ထက်တော်ကတည်းက တည်ဆောက်ထားသော နွေရာသီစံနန်းတော်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဒဏ်ကြောင့် အဆောက်အဦ အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရသည်။ သည့်မတိုင်မီက စိုင်း၏ လူငယ်ဘဝနေ့ရက်များကို ပျော်ရွှင်စွာ ကုန်ဆုံးခဲ့ရာ နေရာလည်းဖြစ်လေရာ ယခုလို ဆွေသိုက်မျိုးသိုက်တွေ တစ်အုပ်တစ်မကြီးနှင့် စခန်းသာသို့ သွားရခြင်းသည် စိုင်းအတွက် အတိတ်က ခန်းနားကြီးကျယ်မှုနှင့် ပျော်စရာဘဝကို ပြန်အလွမ်းပြေဖြစ်နိုင်သလို၊ သုစန္ဒီကိုလည်း သူနှင့်အတူ ထပ်တူထပ်မျှ ခံစားစေလိုသည်။

မကြာသောနေ့တစ်နေ့တွင် စော်ဘွားဘွဲ့ရည်၊ အမည်နှင့်တကွ၊ အစီးအနင်း အဆောင်အယောင်တို့ကို အပြီးတိုင် စွန့်လွှတ်ပြီး ဒေသစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဖောက်ချလုပ်ဖို့ စိုင်းသံန္နိဋ္ဌာန်ချထားပြီးဖြစ်ရာ၊ ထိုရောအခါ စခန်းသာမှာ သူတို့မိသားစု ပြောင်းရွှေ့အခြေချဖို့လည်း စဉ်းစားထားသည်။ စော်ဘွားစော်ကန်တို့၏ ထီးပြိုင်နန်းပြိုင် ပဒေသရာဇ်အာဏာစက်တို့၊ မကြာမတင်မီ ချုပ်ငြိမ်းဖို့ နီးကပ်လာနေပြီဖြစ်၍ မိမိတို့ စော်ဘွားများအနေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အခြေခံဥပဒေအောက်မှ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော ရှမ်းအမျိုးသားများနှင့် ဗဟိုအစိုးရထံ မိမိတို့အာဏာများကို လွှဲပြောင်းပေးသင့်သည်ဟု စိုင်းယုံကြည်သည်။

လင်းရိုဗာကားကို စိုင်းကိုယ်တိုင်မောင်းပြီး၊ သုစန္ဒီကို နံဘေးမှထိုင်စေသည်။ သူတို့ မော်တော်ကားနောက်တွင်မူ လက်နက်အပြည့်နှင့် သက်တော်စောင့်တပ်ဖွဲ့ဝင်တို့ ဂျစ်ကားတစ်စီး ကပ်ပါလာသည်။ ဘယ်နေရာ၊ ဘယ်ခရီးထွက်ထွက် ဤနေရာ ဤဒေသတွင် လက်နက်ကိုင်သက်တော်စောင့်များ မပါမဖြစ်ပါရမည်ကိုမူ ယခုအခါ သုစန္ဒီကောင်းကောင်း သဘောပေါက်နေပြီ။ ခရီးဝေးသွားလမ်းမကြီးများပေါ်တွင် ရှေးပဝေသဏီကတည်းက လုယက်တိုက်ခိုက်ခဲ့ကြသော အိန္ဒိယနှင့် ဗမာလူမျိုး ဓားပြဂိုဏ်းများက၊ ယခုအထိတိုင် ကျက်စားနေသေးရာ၊ တလောကဆိုလျှင် တုံပန်းစော်ဘွားနှင့် မဟာဒေဝီတို့လိုက်ပါလာသော မော်တော်ကားကို ဓားပြတိုက်ခံလိုက်ရသည်။ လက်နက်ကိုင်

အစောင့်အကြပ် လုံးဝမပါဘဲ၊ မော်တော်ကားတစ်စီးတည်းနှင့် မေမြို့မှ ပြန်လာကြရာ လမ်းချိုးတစ်ချိုးအရောက်တွင် သေနတ်ကိုင်ဓားပြများ ကားရှေ့တွင် ဘွားခနဲပေါ်လာပြီး မော်တော်ကားကို ရပ်ခိုင်းသည်။ ဒရိုက်ဘာက ကားရပ်ပေးလိုက်သည်နှင့် ဓားပြများ ရောက်လာကြပြီး ကားနောက်ခန်းတွင် လိုက်ပါလာသော စော်ဘွားကြီးနှင့် မဟာဒေဝီတို့ ကို ဘယ်သူဘယ်ဝါ မေးသည်တွင် စော်ဘွားကြီးက လိုးလွဲ၍ လားရှိုးမှ ကုန်သည်ဖြစ် ကြောင်းပြောပြီး အိတ်ထဲတွင်ရှိသမျှ ပိုက်ဆံအားလုံး ထုတ်ပေးလိုက်ရသည်။ သို့ရာတွင် ကိုရွှေဓားပြအကြည့်က မဟာဒေဝီ၏ ကိုယ်ပေါ်မှ တဖျက်ဖျတ်လက်နေသော စိန်ကြယ် သီးတွေဆီရောက်သွားသည်တွင် ကြယ်သီးတို့ကို အတင်းအဓမ္မ ဖြုတ်ခိုင်းလေတော့ သည်။

စံအိမ်တော်ရှေ့သို့ တုံပန်းစော်ဘွားကြီးတို့ မော်တော်ကား ရေကြီးသုတ်ပြာနှင့် မောင်းဝင်လာပြီး ကြယ်သီးများမရှိတော့သည့် အင်္ကျီရင်စည်းနှစ်ဘက်ကို လက်နှစ်ဘက် နှင့် တင်းတင်းကြပ်ကြပ် ဆုတ်ကိုင်ထားရာက ကတုန်ကယင်နှင့် ကားပေါ်တွင်ထိုင်နေ သော မဟာဒေဝီကို တွေ့လိုက်ရသည့်အခါ အခြေအနေကို ချက်ချင်း သုစန္ဒီ သဘော ပေါက်သွားပြီး အခန်းထဲက ရတနာသေတ္တာငယ်ကို သွားယူဖို့ မိုးအိကို ကပျာကယာ ခိုင်းလိုက်ရသည်။ ပြီးနောက် နီလာကြယ်သီးတစ်စုံကို ယူပြီး မဟာဒေဝီ၏ အင်္ကျီတွင် ပြန်တပ်ပေးလိုက်မှ၊ အားလုံး ဟင်းချရတော့သည်။ ဤတွင်မှ စော်ဘွားကြီးကလည်း နောက်နောင် လက်နက်ကိုင်အစောင့်များမပါဘဲ လမ်းမထွက်ရဲတော့ပါဟု နောင်တစကား တတော့သည်။

ယခု၊ သုစန္ဒီတို့မော်တော်ကားယာဉ်တန်းကြီးကား လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင်၊ ဆွေတော်မျိုးတော်တစ်သိုက်နှင့် မော်တော်ကားအစီးရေ တစ်ဒါဇင်မျှရှိပြီး စိုင်းက သီချင်းလေးတစ်ညည်းညည်းနှင့် မောင်းနေသည်။ ယခုလို ယာဉ်နှင့် လူသူကင်းမဲ့ သော လမ်းပေါ်တွင် မော်တော်ကားမောင်းရသည်ကို စိုင်းနှစ်သက်သည်။ လမ်းခရီး တစ်လျှောက် နေရာနှစ်နေရာတွင် ခေတ္တရပ်နားပြီး စိုက်ပျိုးရေးစီမံကိန်းများ အကောင် အထည်ဖော်မည့်နေရာတို့ကို စိုင်းက ပြသည်။

*"အဲသည့်နေရာတွေမှာ တစ်နေ့ကျရင် နာနတ်၊ ဂျင်းနဲ့ကော်ဖီစိုက်ခင်းကြီး တွေကို စန္ဒီမြင်တွေ့ရလိမ့်မယ်"*

လှိုင်ကော်ရွာငယ်လေးဘေးမှ အကောအဝှမ်းတို့ဖြင့် နိမ့်ချည်မြင့်ချည်ရှိ တည် နေသော တောင်ကျောဆီ ညွှန်ပြရင်း၊ စိုင်းက ဆိုသည်။

ဟိုးအဝေး မျက်စိတစ်ဆုံးအထိ ချုံနွယ်ပေါင်းပင်တို့ ပိန်းပိတ်အောင် တောထနေသည့်တိုင် တစ်နေ့ဖြစ်လာမည့် စိမ်းစိမ်းစိုစို စိုက်ခင်းတန်းတို့ကို စိုင်းမြင်နေသည်။ ယှံယှံ့ကုပ်ကုပ်နှင့် တိတ်ဆိတ်နေသော ရွာစဉ် ရွာတန်းလေးတစ်ချို့ကို ကျော်ဖြတ်လာပြီးနောက် စခန်းသာနှင့်ပတ်သက်ပြီး သုစန္ဒီ စိတ်ရောက်သွားသည်။

*"စခန်းသာအကြောင်းကို ပြောစမ်းပါဦးစိုင်းရဲ့ ရှန်ဂရီလာလိုပဲလား"*

*"တစ်နေ့ကျရင်၊ ကိုယ်တို့ရဲ့ ကောင်းကင်ဘုံလေး ဖြစ်လာမယ့် နေရာလေးပေါ့ စန္ဒီ။ ဟိုးအရင်ကဆို၊ ကိုယ်နဲ့ အစ်ကို စဝ်အုံကြာတို့ စခန်းသာကို အမြဲသွားကြတယ်။ အစ်ကို စဝ်အုံကြာနဲ့ ဦးရီးတော် စဝ်ကြည်တို့ရဲ့ အိုင်ဒီယာပေါ့။ သူတို့က ဗြိတိသျှတွေရဲ့ ပုံနမူနာကို ယူပြီး နွေရာသီအပန်းဖြေစခန်းအဖြစ် စခန်းသာကို တည်ဆောက်ခဲ့ကြတယ်။ မေမြို့ကတော့ ဗြိတိသျှအရာရှိကြီးတွေအတွက် နွေရာသီစခန်းပေါ့၊ မေမြို့နဲ့ စခန်းသာက မိုင်ခြောက်ဆယ်ပဲ ဝေးတယ်၊ ကိုယ်ရဲ့ ဘကြီး ဘခွေးတွေလက်ထက်မှာ ဟော်နန်းကြီးက အရမ်းကြီး ကျယ်ခမ်းနားပြီး။ သိပ်လှတယ် စန္ဒီ၊ ရပ်နီးရပ်ဝေးက လူညှော်သည်တွေ အမြဲလာလည်ကြတယ်"*

တဖြည်းဖြည်းနှင့် မော်တော်ကားလမ်းက ကြမ်းလာသည့်မို့ မော်တော်ကားဆီ စိုင်းအာရုံပြောင်းလိုက်ရသည်။ တစ်ချိန်တစ်ခါက ဤလမ်း ဤခရီးမှာ သက်သောင့်သက်သာနှင့် လမ်းချောဖြစ်ဟန်တူသော်လည်း ယခု အချော်အချွတ် အဖျက်အဆီးတွေနှင့် ဂရုန်းဂရင်းသွားနေရသည်။

*"ငါးမိုင်ကျော်ကျော်လောက်ကို ပင်ပင်ပန်းပန်းလာရပေမဲ့ ဟိုရောက်ရင် သုစန္ဒီ လာရကျိုးနပ်မှာပါ"*

အတက်ခရီးကို ခက်သွက်သွက်ကလေးမောင်းလာသည်နှင့် ဒေသပေါက်ပင်နှင့် မြင်ကွင်းတို့ ပြောင်းလဲသွားပြီး ပို၍ အေးစိမ့်လာသည်။ ဥရောပ၏ အမြဲစိမ်းတောကြီးများတွင် ဖခင်နှင့်အတူ စွန့်စားသွားလာခဲ့သော ငယ်ဘဝ၏ အနံ့အသက်တို့ကို သူမ သတိရမိသည်။

*"ဟိုမှာကြည့်ပါဦး ထင်းရှူးပင်ကြီးတွေ ဗမာပြည်ကို ကျမတို့ ရောက်ကတည်းက အခုမှပဲ မြင်ရတော့တယ်"*

ခါးတဆန့်ဆန့်၊ လည်တမော့မော့နှင့် ထင်းရှူးပင်ကြီးတွေဆီ ကြည့်ရင်း သုစန္ဒီ စိတ်လှုပ်ရှားနေသည်။

*'စန္ဒီသဘောကျနေတယ် မဟုတ်လား။ ဒီထက်အံ့သြစရာတွေ ရှေ့မှာ*

*တွေ့လိမ့်ဦးမယ်''*

စိုင်းကရယ်ရင်းပြောသည်။ တောင်ပေါ်ရောက်လာသည်နှင့် အနိမ့်အမြင့် အစီအရီဖြင့် ဝက်သစ်ချ၊ ချယ်ရီနှင့် သဖန်းပင်အုပ်ကြီးများက စောင့်ကြိုနေကြရာ၊ မော်တော်ကားကို တစ်ဘီးချင်းလိမ့်၍ သဘာဝရှုခင်းတို့ကို အရသာခံလာသည်တွင် သူတို့နှစ်ယောက်တည်း ဤနေရာလေးမှာ လမ်းလျှောက်ကြဦးမည်ဟု သုစန္ဒီက ကတိစကားဆိုသည်။ ထိုမှလွန်သော် နွေရာသီစံအိမ်တော်ကြီးကို ဘွားခနဲတွေ့ရပြီး မော်တော်ယဉ်များ ရပ်လိုက်ကြသည်။

နှီနှစ်ရောင်နှင့် နွေရာသီစံအိမ်တော်ကြီးကား အီတလီမြောက်ပိုင်းတွင် တွေ့ရတတ်သော ဂွန္ထဝင်လက်ရာအဆောက်အဦကြီးဖြစ်ပြီး၊ စံအိမ်တော်ကြီး၏ ဗဟိုခန်းမကြီးဆီ ဦးတည်နေသော စကျင်ကျောက်လှေကားကြီးမှာ မြေထဲပင်လယ်ဒေသမှ ဗိသုကာစတိုင်ကို သတိရစေသည်။ မြင့်မြင့်သွယ်သွယ် တိုင်လုံးကြီးများ၊ လူတစ်ရပ်မကသော ပြတင်းတံခါးကြီးများနှင့် ခန်းမကျယ်ကြီးဖြင့် အတိပြီးသော စံအိမ်တော်ကြီး၏ ဟန်ကားကြွရွ၍ ပေါ့ပါးနေဟန်ရှိသည်။ သို့ရာတွင် ဗဟိုအဆောက်အဦးအနီး၌သာ မူလ အုတ်ကြွပ်မိုးများရှိပြီး လက်ယာဘက်အဆောက်အအုံကို သွပ်မိုး၊ မိုးလျက်၊ လက်ဝဲဘက်အဆောက်အအုံမှာမူ အမိုးနှင့် မျက်နှာကျက်များ လုံးဝကင်းမဲ့နေရာ စစ်ကြီး၏ ဒဏ်ရာဒဏ်ချက်များဖြစ်ကြောင်း ပြောပြနေသည်။ မည်သို့ရှိစေ၊ စံအိမ်တော်ကြီး၏ ကျန်ရှိနေဆဲလှပခန့်ထည်မှုတို့က စိုင်းနှင့် လူအားလုံးကို ညှို့ယူဖမ်းစားလျက်ရှိ၏။

နွေရာသီစံအိမ်ကြီးကို မြင်လိုက်ရသည်နှင့် စိုင်း၏ လူငယ်ဘဝနေ့ရက်တို့ပြန်လည်အသက်ဝင်လာသည်။ အကြောင်းကိစ္စအမျိုးမျိုးဖြင့် ပွေလီမ်ရှုပ်နေသော ဖခင်၏သီပေါဟော်နန်းမှ ခေတ္တမျှ တိမ်းရှောင်ပြေးထွက်၍ ဤနေရာတွင် စိုင်း၏ အညစ်စိတ်တို့ကို ဖြေဖျောက်ခဲ့ရပါ၏။ ဒါဂျီလင်တွင် ကျောင်းအိပ်ကျောင်းစား နေနေရာမှ ကျောင်းပိတ်ရက်ရှည်တို့တွင် တစ်ခေါက်တစ်ကျင်း ပြန်လာရသည့်အခါ ဤနေရာတွင် လွတ်လပ်ပေါ့ပါးစွာ စိုင်းပျော်ရွှင်ခဲ့ရပါ၏။ ဤနေရာ၌ပင် အောက်စဖို့(ဒ်)မှ ဘွဲ့ယူလာသော အစ်ကို စပ်အုံးကြာနှင့် ဘဝအကြောင်း ပြောရင်းဆိုရင်း မိမိလည်း သူလိုပညာတတ်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားတော့မည်ဟု သံန္နိဋ္ဌာန်ချခဲ့ရပါ၏။

နွေရာသီစံနန်းတော်ကြီး၏ ဆင်ဝင်အောက်တွင်မူ ပန်းစည်းပန်းခိုင်တို့ ကိုင်လျက် စံနန်းတော်အမှုထမ်းတို့က အပြုံးများဖြင့် ကြိုနေကြသည်။ စိုင်းတို့ မော်တော်ယဉ်တန်းကြီး။ တောင်ပေါ်တက်လာကြသည်ကို စောစီးစွာကပင် ကြားသိပြီးဖြစ်၍ ယခုလို

အကြို ထောက်နေကြခြင်းဖြစ်သည်။ စိုင်းကမူ အိမ်ပြန်ရောက်လာသော ကျောင်းသားလေး တစ်ယောက်လို သူမနှင့်အတူ လွတ်လပ်စွာ နေချင်ပါသော်လည်း စံနန်းတော်အစောင့်အနေနှင့် မိသားစုတို့ကို တွေ့ဆုံကာ၊ ပြောစရာရှိတာတွေကို ပြောဆိုနေရပြီ။ လက်စသတ်လိုက်သည်နှင့် သုစန္ဒီလက်ကို ဆွဲကာ ပလ္လင်ထားရာအခန်းနှင့် အခြားကပ်လျက် ခန်းမဆောင်ကြီးများဆီ ထွက်လာကြသည်။ အခန်းများမှာ ကျယ်ဝန်းပြီး နင်းကြမ်းတို့မှာ ပြောင်လက်၍ ဒီဇိုင်းအကွက်အမျိုးမျိုးဖော်ထားပြီ။ တစ်နေရာတွင်မူ ကနုတ်ပန်းဆိုင် ပန်းစွဲတို့ဖြင့် အပြောက်အမွှမ်းဆင်ထားသော ပလ္လင်ထားရာ စင်တစ်စင်ရှိပြီ။ ၎င်းကို ရွှေချထားသည်မှာ ဝင်းပြောင်နေသည်ဖြစ်၍ အသစ်ကျက်ချွတ်လိုထင်ရသည်။ ပြင်သစ်စတိုင်တံခါးမကြီးများမှ လေသာဆောင်သို့ ထွက်လိုက်လျှင် ဟိုးအဝေးဆီမှ တောအုပ်အထပ်ထပ်နှင့် ကွေ့ပတ်နေသော တောင်တန်းကြီးကို အတားအဆီးမဲ့ ရင်သပ်ရှုဖွယ်ရာ တွေ့မြင်နေရသည်။

*"ကြည့်စမ်းပါဦး လှလိုက်တဲ့ ရှုမျှော်ခင်း"*

တီးတိုးလေးဆိုရင်း ငေးမောကြည့်နေစဉ်မှာပင် စိုင်းက သူမလက်ကို ဆွဲပြီး အဆောင်ဆောင်၊ အခန်းခန်းကို ဖြတ်လျက် နွေရာသီစံနန်းတော်၏ လက်ဝဲဘက်အဆောက်အအုံဘက်ဆီ ခေါ်ဆောင်သွားသည်။ ဧည့်ခန်းဆောင်များနှင့် ရုံးခန်းများရှိသော လက်ဝဲဘက်အခြမ်းကား၊ ဂျပန်စစ်သားများက မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် အပျက်ပျက် အယွင်းယွင်းရှိနေသည်။

*"အစီပွါယ်မရှိ ဖျက်ဆီးခဲ့ကြတာပဲ"*

မီးသင့်လောင်ခံခဲ့ရသော အခန်းခန်းကို ဖြတ်ချိန်တွင် သူမစိတ်ထဲ နှမြောတသစွာ ခံစားလိုက်ရသည်။

*"ဂျပန်စစ်တပ်တွေက တမင်သက်သက်မီးရှို့သွားတာလား။ တိုက်ပွဲတွေကြောင့် ပျက်စီးသွားတာလားစိုင်း"*

*"တိုက်ပွဲကြောင့်တော့ မဟုတ်ဘူး။ စန္ဒီ ဒါပေမဲ့ သူတို့တွေက ရည်ရွယ်ချက်နဲ့ရှို့တာလား။ မတော်တဆဖြစ်တာလား။ ဘယ်သူမှမသိဘူး။ မီးစွဲလောင်နေတာကို ရွာသူရွာသားတွေ တွေ့ပေမဲ့လည်း ဘယ်လိုမှ မီးငြိမ်းသတ်လို့မရလို့ အားလုံး လက်ပိုက်ကြည့်နေကြရတယ်။ ဒါပေမဲ့ အံ့ဩစရာကောင်းတာက မီးတောက်တွေက ပလ္လင်ထားတဲ့ အခန်းနားရောက်တဲ့အချိန်မှာ ရှေ့ဆက်မလောင်တော့ဘဲ ရပ်သွားတယ်"*

နောက်ထပ်ရှုခင်းသစ်တွေကို ပြဖို့အတွက် အပေါ်ထပ်မှ ကျောက်စလစ်ဖြူများ

ခင်းထားရာ လေသာဆောင်သို့ သုစန္ဒီကို ခေါ်လာခဲ့ပြန်သည်။ သို့ပေမဲ့ သူမက ရှုခင်းထက် လက်တွေ့ကျသော မေးခွန်းတစ်ခုကို စိတ်ဝင်စားနေသည်။

*"ဒီလောက်လှတဲ့ စံနန်းတော်ကြီးကို ဘာလို့ ပြန်မပြင်တာလဲစိုင်း"*

*"ဟုတ်တယ် စန္ဒီ၊ ပြန်ပြီး မွမ်းမံပြင်ဆင်ဖို့ ကိုယ်အများကြီး စဉ်းစားခဲ့ပါတယ်၊ ဒါပေမဲ့ အခြေအနေ လုံးဝမရခဲ့ဘူး။ ဂျပန်တွေထွက်သွားပြီး အင်္ဂလိပ်တွေ ပြန်ဝင်လာတယ်။ သီပေါနယ်ကို သူတို့ (၂) နှစ် အုပ်ချုပ်ခဲ့တယ်။ ပြီးတော့ ကိုယ်က ပော်တက်ခဲ့ရပေမဲ့ ကွန်မြူနစ်တွေလက်ထဲ ကျရောက်မသွားအောင် မနည်းကြိုးစားနေရတယ်။ ကွန်မြူနစ်တွေက လားရှိုးနဲ့ မေမြို့ကို ထိန်းချုပ်ထားလေတော့၊ သီပေါကျမသွားအောင် ကိုယ်တို့ တိုက်နေရတယ်"*

စိုင်းက စကားကို ခေတ္တရပ်လိုက်ပြီး မျက်မှန်အနေအထားကို ပြင်ဆင်လိုက်သည်။

*'ဒီလိုနေရာမျိုးမှာ စစ်ပွဲတွေဖြစ်ခဲ့တယ်ဆိုတာ ကျမတော့ မယုံနိုင်စရာပဲ၊ ဒီလောက်ငြိမ်းချမ်းတဲ့နေရာမျိုးကို တစ်ခါမှ မရောက်ဖူးဘူး"*

စိုင်းက သူစကားကိုပြန်ကောက်သည်။

*"နောက်၊ အခြေအနေတွေ ကောင်းလာပြန်တော့၊ အမေရိကားကို ကိုယ်ထွက်သွားပြီး ကိုယ့်ကိုယ်စား ဦးရီးတော်က သီပေါကို တာဝန်ယူအုပ်ချုပ်ခဲ့တယ်။ ဒါကြောင့် နွေရာသီစံနန်းတော်ကို ပြန်ပြင်ဆင်ဖို့ကိစ္စ ဝေးသွားပြန်တယ်၊ အခုအချိန်မှာလည်း စဉ်းစားလို့မရနိုင်သေးပါဘူး။ စန္ဒီ။ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့က ပိုအရေးကြီးတယ် မဟုတ်လား"*

*"ကျမတို့ ကလေးတွေရလာရင် ဒီနေရာမှာ ကြီးပြင်းစေချင်တယ်"*ဟု သုစန္ဒီက ပြောလိုက်တော့ စိုင်းက သူမပါးနှစ်ဘက်ကို အသာအယာဖေးကိုင်ရင်း နှုတ်ခမ်းဖူးဖူးကို ဖွဖွနမ်းလိုက်ပါ၏။

*"စန္ဒီလမ်းလျှောက်ချင်တယ်ဆိုတဲ့ ဥယျာဉ်ထဲကိုသွားကြစို့"*

တုတ်တုတ်ခိုင်ခိုင် ပင်စည်ကြီးများနှင့် အရွက်တွေ ဖားဖားဝေနေသော သစ်ပင်ကြီးများကြား လျှောက်လာခဲ့ကြသည်။ တစ်ချိန်က ကောင်းစွာ ပြုစုပျိုးထောင်ခဲ့သော သစ်ပင်ပန်းမာလာတို့နှင့် စတော်ဘယ်ရီပင်များက စိမ်းလန်းလှပဆဲ၊ လေက ခြောက်သွေ့ပြီး သန့်စင်နေ၍ ဟိုးအဝေးမှ မြူငွေ့တို့ အုံ့အုံ့ဆိုင်းနေသော ချိုင့်ဝှမ်းလွင်ပြင်ကို အမြင့်ပေ လေးထောင်ကျော်မှ မြင်တွေ့နေရသည်။

ယဉ်မျိုးစာအုပ်တိုက်

*"ဒီနေရာမှာ လေ။ ငါးရက်လောက်နေချင်လိုက်တာ"*

ချယ်ရီပင်တို့ အဆိုင်းဆိုင်းနှင့် ဝိုင်းမိုးထားသော ၊ ကျောက်ခုံတန်းလေးပေါ် ယှဲ့ယှဲ့လေးထိုင်ရင်း သုစန္ဒီပြောသည်။

*"ကိုယ်တို့ တစ်နေ့ နေကြမှာပေါ့ စန္ဒီရယ်"*

သူမဘေးတွင် စိုင်းဝင်ထိုင်လိုက်သည်။ စခန်းသာကို သူ မြတ်နိုးသလို သုစန္ဒီလည်း မြတ်နိုးသည်ကို သိရတော့ စိုင်းဝမ်းသာရသည်။ ဒမ်ဗာမှ စီးတီးပန်းခြံအတွင်း၊ စိတ်လွတ်ကိုယ်လွတ်နှင့် သူတို့နှစ်ဦး နောက်ဆုံးအကြိမ်ထိုင်ခဲ့ကြသည်ကို စိုင်းသတိရနေသလို ယခုလည်း၊ သည်နေရာလေးမှ သူတို့နှစ်ဦး မခွဲချင်ကြ။

*"နွေရာသီစံနန်းတော်ကို ဒီမှာဆောက်ဖို့ ဘယ်သူ ဆုံးဖြတ်ခဲ့တာလဲစိုင်း။ စိုင်းရဲ့အဖိုးလား"*

"မဟုတ်ဘူး။ စန္ဒီ၊ ကိုယ့်ရဲ့ ဦးရီးတော်စဝ်ကြည်ပဲ၊ သူ့မှာ တရားဝင်မယား လေးယောက်အပြင်၊ အမြှောင်၊ အဆွယ်မယား အယောက် (၄၀) နဲ့ ကလေးတွေ တပုံတခေါင်းကြီးရှိလေတော့၊ နေဖို့နေရာကျယ်ကျယ်လိုတယ်ထင်ပါရဲ့"

*"စိုင်းဦးရီးတော်က တော်တော်စတိုင်ကျမှာပဲနော်၊ သူတို့ စံနမူနာကို စိုင်း မလိုက်ခဲ့တဲ့အတွက်၊ စိုင်းကို ကျမကျေးဇူးတင်ပါတယ်"*

သုစန္ဒီက ရယ်ရင်းပြောသည်။

*"ဟုတ်တယ်၊ သုစန္ဒီ၊ သူက သီပေါမင်း ပါတော်မမူမီ ရတနာပုံနေပြည်တော်မှာ ကြီးပြင်းခဲ့ရတဲ့သူဆိုတော့၊ သူလည်း အဲ့ဒီ မင်းသားတွေလို နေမှာပေါ့၊ ဒါပေမဲ့ သူက အင်္ဂလန်နဲ့ ဩစတေးရီးယားနိုင်ငံတွေ ရောက်ဖူးတယ်၊ သူသေတော့ ကိုယ့် အသက်လေးနှစ်ပဲရှိသေးတယ်၊ ကြီးတော်ကြီးဘုရားက သူ့အကြောင်းတွေ ကိုယ်ကိုပြော ပြဖူးတယ်။ သုစန္ဒီလည်း မေးကြည့်ပါလား။ သူက နားထောင်မယ့်လူရှာနေတာ"*

"အဲသည်အကြောင်းတွေကို မှတ်တမ်းတင်ထားတာမရှိဘူးလား"ဟု စိတ်ဝင်စားစွာနှင့် သူမက မေးသည်။

*"ယခုအထိတော့ ဘယ်သူမှ မရှိသေးဘူး စန္ဒီ၊ ဒါပေမဲ့ တနေ့မှာ စန္ဒီကိုယ်တိုင် လုပ်နိုင်မှာပါ"*

ပြောရင်းဆိုရင်း စိုင်းက လက်ပတ်နာရီကိုကြည့်လိုက်ပြီး မတ်တတ် ထရပ်လိုက်သည်။

*"သွားကြစို့ စန္ဒီ၊ ပျော်ပွဲစားကြဖို့ ကိုယ်တို့ကို စောင့်နေကြရောမယ်"*

လွန်လေပြီသော နှစ်ပေါင်းလေးဆယ်ကျော်လောက်က စိုက်ပျိုးခဲ့သော သစ်ပင်ကြီးတွေအောက်မှ ဖြည်းဖြည်းလျှောက်ရင်း နွေရာသီ နန်းတော်အဆောက်အဦဆီ ပြန်လာခဲ့ကြသည်။ ထင်းရှူးပင်မြင့်ကြီးများ၏ အရိပ်အမိုးအောက်တွင် ခရမ်းပြာနုပန်းပွင့်များနှင့် ထီးကြီးတွေလို အုပ်ဆိုင်းနေသော ဂျာကာရမ်ဒါပင်နှင့် ဘေးချင်းကပ်နေသော ကက်ဆီယာသစ်ပင်တွေကို တွေ့နေရပြီး အကိုင်းအခက်တို့တွင်မူ အဆုပ်လိုက် ပွင့်နေသော ပန်းနုရောင်ပန်းပွင့်များနှင့် ဖုံးအုပ်ထားရာ သဘာဝမိခင်က သီကုံးပေးထားသော ပန်းကုံးတစ်ခုလိုရှိနေတော့သည်။ တောင်တန်းချိုင့်ဝှမ်းတို့ကြားမှ တိုက်ခိုက်လာသော လေညှင်းတို့ဖြင့် တဖျောက်ဖျောက် လှုပ်ခတ်နေသော သစ်ရွက်တို့၏ ဂီတသံကို နားထောင်ရင်း သူတို့နှစ်ဦး ဖော့ဖော့ကလေး လျှောက်လာခဲ့ကြသည်။ သစ်ရွက်ကြို၊ သစ်ရွက်ကြားတို့မှ ဖြာကျလာသော နေအလင်းတန်းများကလည်း မြက်ခြောက်တို့ဖြင့် လမ်းဖုံဖုံလေးပေါ် ကခုန်နေကြသည်။

*"စိုင်းရဲ့ ဉယျာဉ်က သာမန်ဉယျာဉ်တစ်ခုမဟုတ်ဘဲ ရှဂ္ဂဗေဒဉယျာဉ်တစ်ခုလို့တောင် ပြောလို့ရနိုင်မယ်ထင်တယ်"*

လမ်းလျှောက်လာရင်း သုစန္ဒီစကားကို ကြားခါမျှ ကြားလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အဝေးတစ်နေရာသို့ စိုင်းအကြည့်ရောက်သွားပြီး လက်တစ်ဖက်က သူ့နှုတ်ခမ်းကို လက်ညှိုးနှင့် ပိတ်ရင်း၊ သုစန္ဒီကို စကားမပြောတော့ဖို့ အချက်ပြလိုက်ပြီး အခြားလက်တစ်ဖက်နှင့် အဝေးတစ်နေရာသို့ ညွှန်ပြလိုက်သည်။ လက်ဝဲဘက်၊ ပေ (၂၀၀) သာသာလောက်တွင်မူ ကျားကြီးတစ်ကောင် မလှုပ်မယှက်ရပ်လျက် သူတို့ကို စိမ်းစိမ်းဝါးဝါးကြည့်နေရာ၊ သူတို့နှစ်ဦး၊ တစ်ကိုယ်လုံး အေးခဲတောင့်တင်းသွားသည်။ နေရောင်အောက်တွင် ချောမွတ်ပြောင်ဝင်းနေသော ကျားသစ်တစ်ကောင်၏ အချိုးအစားကျသော ကိုယ်ထည်ကို ဘေးတိုက်မြင်နေရသည်။ မချောက်မချက်နှင့် ငုတ်တုတ်မည်းတည်း ရှိနေသည့်ဆိုသော်ငြားလည်း သူ၏ အရောင်အဝါနှင့် ကြွက်သားများက တော၏ အရှင်သခင်ဖြစ်ကြောင်း ပြသနေပါ၏။

ချက်ချင်းပင် စိုင်းသတိဝင်လာပြီး မလှမ်းမကမ်းမှ သက်တော်စောင့် (၂) ယောက်ကို သေနတ်ထောင်ဖောက်၍ ခြောက်လှန့်လိုက်ဖို့ အချက်ပြလိုက်ရာ သေနတ်သံများကြားလိုက်ရသည်တွင် ကျားသစ်ကြီးလည်း ဣန္ဒြေကြီးသောဟန်ဖြင့် တောနက်အတွင်းသို့ ကျော်လွှားတိုးလျှိုး ပျောက်ကွယ်သွားတော့သည်။

စခန်းသာတစ်ပိုက်တွင် ယခုလို ကျားသစ်နှင့် ကျားကြီးများ သွားလာကျက်စား

တတ်သော်လည်း ရှာသူရှာသားတို့ကို တိုက်ခိုက်ခြင်းမရှိသလို၊ အမဲလိုက်သူများလည်း မရှိကြောင်း စံနန်းတော်ဝန်ထမ်းများက ပြောကြသည်။ ကျားသစ်ကြီး ထွက်ပြေးပျောက်ကွယ်သွားပြီးဖြစ်သော်လည်း ထမင်းဝိုင်းအထိ ကျားသစ်ကြီးအကြောင်း၊ တောကောင်ကြီးများအကြောင်းက စကားအမျှင်တန်းနေသေးသည်။ ပျော်ပွဲစားကို စကျင်ကျောက်ဖြူခင်း လေသာဆောင်တွင် ယွန်းစားပွဲခုံဝိုင်းများဖြင့် ပြင်ဆင်ထားပြီး၊ သွားရည်ကျစရာ ဟင်းလျာများဖြင့် တည်ခင်းထားသည်။ စံအိမ်တော်မှ ရူးလာသော မန်ကျည်းရွက်နုလေးတွေကို မြေပဲဆံ၊ ကြက်ဥပြုတ်တို့ဖြင့် သုပ်ထားသည်။ အချဉ်ထည့်ထားသော သိုးသားစင်းကော၊ ကြက်သားဆီပြန်နှင့် အခြားဟင်းသီးဟင်းရွက် ဟင်းအမယ်များစုံလှသည်၊ အစာပိတ်စာ[၅] ဖရဲသီးစိတ် နီသွေးသွေးများကိုလည်း အရန်အသင့်ပြင်ထားသည်။

*"ကဲ ရှမ်း-ချုံရာအတိုင်း လက်နဲ့ပဲ စားကြတာပေ့ါ"*

စံအိမ်တော်တွင် ယခုလို လက်နှင့်စားဖို့ဆိုလျှင် လုံးဝခွင့်မပြုခဲ့သော်လည်း ယခု သုစန္ဒီအဆိုကို စိုင်းလက်ခံလိုက်ပြီး လက်နှင့်စားဖို့ လက်ဆေးခွက်များတွင် လက်ဆေးကြသည်။ တကယ်တမ်းမှ အခြေအနေ အကြောင်းကြောင်းကြောင့်၊ ဇွန်း၊ ခက်ရင်းတို့ဖြင့် စားနေရသော်လည်း လက်နှင့် အားရပါးရ လွေးလိုက်ချင်သည်မှာကြာလေပြီ၊ သည်လိုစားလိုက်တိုင်းလည်း ခံတွင်းတွေ့သလို သုစန္ဒီကိုလည်း လက်နှင့်စားသည့် အကျင့်ကို တတ်ထားစေချင်သည်။ ထမင်းဝိုင်း စတင်သည့်အခါ၊ အခြားသူတို့၏ လက်ခုံ၊ လက်ဝါး၊ လက်ချောင်း၊ လက်ဆစ်တို့၏ အယူအသိမ်းကို ကြည့်ပြီး သူမကြိုးစား၍ စားသည်။ ဟင်းနှင့် ထမင်းတို့ကို နယ်ဖတ်၍ အဆုပ်အလုတ်ပြုကာ ပါးစပ်ထဲထည့်သည်အထိ လက်ချောင်းလေးများနှင့်သာ ကျွမ်းကျင်စွာ အလုပ်လုပ်ရမည်ဖြစ်သော်လည်း သူမအဖို့ ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် လက်တစ်ဖဝါးလုံးမပေ၊ မရေအောင် မနည်းကြိုးစားနေသည်။

လေသာဆောင်၏ အခြေတွင် စကျင်ကျောက်ခုံကြီးနှစ်ခုံရှိပြီး ၎င်းအပေါ်တွင် သီပေါမှ ယူဆောင်လာကြသော စားအိုးစားခွက်များ တင်ထားသည်ကို သုစန္ဒီ သတိပြုမိလိုက်သည်။

*"အဲ့သည့်ကျောက်ခုံကြီးတွေက ပျော်ပွဲစားရာမှ သုံးဖို့ သက်သက်တော့ဟုတ်ဟယ် မထင်ဘူး။ အခြားရည်ရွယ်ချက်တစ်ခုခုရှိသလား စိုင်း"*

*"စန္ဒီ အကဲခတ်တာမှန်ပါတယ်၊ ပြောရရင်တော့ အရှည်ကြီးပဲ"*

*"အခု ထမင်းစားနေပေမဲ့ ပြောပြပါလားစိုင်း"*

"ဟုတ်ပါပြီ၊ ပြောပါ့မယ် ကိုယ်ရဲ့ဦးရီးတော်က နွေရာသီစံနန်းတော်ကို ဆောက် ပြီးတဲ့အခါ အမှောက်ပယောဂ ဘေးဥပဒ်အမျိုးမျိုးက ကာကွယ်ဖို့ဆိုပြီး ကြေးနီနဲ့ ဘီလူးရုပ်လေးရုပ်ကို လုပ်ခိုင်းတယ်"

"အဲဒီလိုလုပ်တာ ဗုဒ္ဓဘာသာအယူအဆတစ်ခုလား စိုင်း"

"မဟုတ်ဘူး စန္ဒီ၊ အဲ့ဒီလို နတ်ကိုးကွယ်မှုတွေနဲ့ ဗုဒ္ဓဘာသာနဲ့ ဘာမှမပတ်သက်ပေမဲ့ ဗုဒ္ဓဘာသာဝင်အားလုံးနီးပါးဟာ နတ်ကိုးကွယ်ကြတယ်။ နေရာတိုင်းမှာ အပိုင်စားရထားတဲ့ နတ်တွေရှိတယ်လို့ ယုံကြည်ထားကြတယ်၊ အဲဒီလိုဆိုတော့ ဦးရီးတော်က ဘီးလူးရုပ်လေးရုပ်ကို ထားပြီး စောင့်ရှောက်ကာကွယ်ဖို့ ခိုင်းတယ်။ တစ်ပတ်ကိုတစ်ကြိမ် အဲဒီဘီလူးရုပ်ကြီးတွေကို အမဲသားကျွေးတယ်လို့ဆိုတယ်။ အဲ့သည်နောက် ဦးရီးတော်ကွယ်လွန်သွားတဲ့အခါ အမဲသားကျွေးတဲ့အလုပ်ကို ဘယ်သူမှ ဆက်မလုပ်ဖြစ်တော့ဘူး။ သူ့ရဲ့သား စပ်အုံကြွာကလည်း အင်္ဂလန်မှာ ပညာသင်ခဲ့သူ ဖြစ်လေတော့၊ ဒီလိုကိစ္စမျိုးတွေကို အဓိပ္ပါယ်မရှိတဲ့ကိစ္စဆိုပြီး။ လက်မခံခဲ့ဘူး။ အဲ့သည်မှာတင်၊ ပြဿနာစတော့တာပါပဲ၊ စန္ဒီ၊ ဦးရီးတော်မွေးထားတဲ့ ဘီလူးတွေက ဟော်နန်းထဲက လူတွေကို ရန်လုပ်လာတယ်"

"ဟုတ်တယ် ပြောစမ်းပါဦး ဘာတွေဖြစ်လဲ"

စားလက်စ ထမင်းပန်းကန်ကို အောက်ချထားလိုက်ပြီး မေးရင်း သုစန္ဒီ စိတ်လှုပ်ရှားလာသည်။

"ဆိုပါစို့ စန္ဒီ၊ စံနန်းတော် အမှုထမ်းတစ်ယောက်ယောက်က၊ ဘီလူးရုပ်တစ်ရုပ်ရုပ်ကို ထိမိကိုင်မိလိုက်ရင်ပဲ၊ ထိလိုက်တဲ့ လက်တွေ၊ ခြေတွေ ရောင်ရမ်းလာတယ်၊ ဘီလူးရုပ်ကြီးကို ခေါင်းပုတ်ပြီး ငါ့အလုပ်တွေကို လာကူစမ်းပါဦးလို့ ပြောခဲ့တဲ့ စားဖိုမှူးတစ်ယောက်ဆို၊ ဆေးရုံတက်ကုရလောက်အောင် အသည်းအသန်ဖြစ်ခဲ့တယ်။ ကြာလာတော့ အမှုထမ်းတွေအားလုံး နေ့ရစားရမှာကို အရမ်းကြောက်နေကြတဲ့အတွက် အစ်ကို စပ်အုံးကြွာက ဘီလူးရုပ်ကြီးတွေကို စခန်းသာက ရွှေ့ပစ်လိုက်ရတယ်"

စော်ဘွားစပ်အုံကြွာနဲ့ သူရဲ့ မဟာဒေဝီကိုရော ဘီလူးတွေက အန္တရာယ်မပေးဘူးလား"

"သူတို့ရဲ့ အရှင်သခင်တွေဖြစ်တဲ့ အတွက် အန္တရာယ်မပေးနိုင်ကြဘူး သုစန္ဒီ၊ နောက်ဆုံးတော့ စပ်အုံကြွာက သူတို့ကို နွေရာသီစံနန်းတော်ကနေ ဘော်ကြီးဘုရားပရိဝုဏ်ထဲကို ရွှေ့ထားလိုက်တော့မှပဲ ပြဿနာတွေ ရှင်းသွားတယ်"

*"အဲသည်လို ဖြစ်ခဲ့တာတွေကို စိုင်းရောယုံကြည်လား"*

သုစန္ဒီက မယုံခက်ခက်၊ ယုံခက်ခက်နှင့်မေးသည်။

*"စန္ဒီကို ကိုယ်ပြောနေတာတွေဟာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတွေဆီက ကြားရတာတွေကို ပြန်ပြောပြနေတာပဲလေ၊ စံနန်းတော်က အပြန်မှာ ဘော်ကြိုဘုရားကို ရောက်မှာပဲ၊ အဲဒီမှာ ဘီလူးကြီးလေးကောင်ကို စန္ဒီ ကိုယ်တိုင်ကိုယ်ကျ တပ်အပ်မြင်ရပါလိမ့်မယ်"*

သီပေါသို့အပြန်လမ်းတွင်၊ ထုံဖြူဖြူနှင့် ဘော်ကျိုဘုရားသို့ ဝင်ကြပြီး ပုရဂုဏ်၏ မုခ်လေးဝထိပ်တွင် အစောင့်အနေချထားသော ဘီလူးကြီးလေးကောင်ကို ဝင်ကြည့်ခဲ့ကြရာ အရှေ့ဘက်မုခ်တွင် နေရာယူထားသော ဘီလူးရုပ်ကြီးမှာ အမြင့် (၅) ပေရှိပြီး၊ စပ်ဖြဲဖြဲမျက်နှာပေါက်နှင့် ကြည့်နေသူတို့ကို လှောင်ပြောင်နေသလား ထင်မှတ်ရသည်။ သို့ရာတွင် အဆိုပါ ဘီလူးမှာ စံနန်းတော်တွင် ရှိစဉ်အခါက ဝန်ထမ်းတွေကို ဒုက္ခအပေးဆုံး အကောင်ဖြစ်ကြောင်း စိုင်းက မှတ်ချက်ပေးသည်။



ဘော်ကြီးဘုရား ပရိဝုဏ်အတွင်းမှ ဘီလူးရုပ်တစ်ရုပ်

## အခန်း (၇)

မုတ်သုန်မိုးတို့လာချေပြီ။ မြေပက်ကြားအက်နေသော လယ်ယာမြေများ၊ ဖုန်မှုန့်အလူးလူးနှင့် သစ်ရွက်များ၊ မိုးရေစက်တို့ဖြင့် ထိတွေ့လိုက်ရသည့်အခါ၊ စိမ်းစိမ်းစိုစိုဖြင့် တစ်တောလုံး တစ်တောင်လုံး အသက်ပြန်ဝင်လာသည်။ မြစ်ရေတို့ဖြင့် ဖူးဖူးမောက်မောက်ပြည့်တင်းလာသော နမ္မတူမြစ်မကြီး၏ ချောင်းတက် မြောင်းတက်များမှ တစ်ဆင့် ရေငတ်နေသော လယ်ကွင်းများဆီ ချောင်းသွယ်ရေချ မျှဝေခံစားကြရသည်။ ထွန်ရေး ထယ်ရေးမှအစ လယ်ယာအလုပ်ခွင်ပြီးဆုံးလို့ ထွန်တုံးပိတ်ပြီဆိုသည့်အခါ၊ လူကြီးလူငယ်မရွေး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဥပုသ်သီတင်းဆောက် တည်ကြပြန်သည်။ အချို့လည်း တရားစခန်းများတွင် ကမ္မဋ္ဌာန်းဘာဝနာ ဆည်းပွားကြ ပြန်သည်။

*"လာမယ့်ရက်သတ္တပတ် (၂) ပတ်လုံး၊ ကိုယ်တရားထိုင်မယ်၊ စန္ဒီရော အတူထိုင်မလား။ ကမ္မဋ္ဌာနစရိယ ဆရာတစ်ယောက်ခေါ်ထားတယ်၊ မနက်တိုင်းဟော်နန်းက ဝတ်ပြုဆောင်ကို လာလိမ့်မယ်"*

သုစန္ဒီ ချက်ချင်းမဖြေ ကမ္မဋ္ဌာန်းတရားကို စနစ်တကျ ထိုင်လိုကြောင်းမကြာခဏ ပြောခဲ့သည့်တိုင် သူမဘက်မှ ယခုအထိ အသင့်မရှိသေး။ သူမ၏ မိရိုးဖလာဘာသာတရားက သူမ၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တို့ကို ကျေနပ်လောက်အောင် ဖြည့်ဆည်းပေးခြင်း မရှိသည်ကို သဘောပေါက်ထားသော်လည်း ထေရဝါဒဗုဒ္ဓဘာသာ၏ အယူအဆ၊ အတွေးအခေါ်တို့ကို သူမအနေနှင့် ကြိုကြိုတင်တင် လေ့လာထားချင်သေးသည်။ သီပေါသို့ သူမ ရောက်သည့်နေ့မှစ၍ ဗုဒ္ဓဘာသာအဆုံးအမများနှင့် ပတ်သက်ပြီး ရှမ်းလူမျိုးတို့၏ စောင့်သိ၊ လေ့ကျင့်မှုတို့ကို သုစန္ဒီအနီးကပ်တွေ့ရှိရသည်။ ဝန်ခံရလျှင်

သုစန္ဒီလေ့လာဖို့ စိုင်းကိုယ်တိုင် သီပေါ်၌မှ မှာယူထားသော ဗုဒ္ဓဘာသာကျမ်းစာအုပ်များကို လေ့လာရသည့်ထက် ပတ်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင်တို့ထဲမှ ပို၍ လေ့လာသင်ယူနိုင်ခဲ့သည်။ ပေါ်နန်းအမှုထမ်းများကား ကောင်းမှုတစ်ခုကို နေ့စဉ်ပြုနေကြသည်။ သူတို့ထက် ချို့တဲ့သူ၊ နိမ့်ပါးသူတွေကို အဝတ်အထည်၊ ပိုက်ဆံ၊ အစားအစာ စသည်အားဖြင့် ပစ္စည်းပစ္စရာတို့ကို ပေးကမ်းစွန့်ကြဲပြီး နိုင်သမျှတာဝန်တို့ကို ထမ်းကြသည်။ အကူအညီလိုသူ၊ ဖျားနာသူတို့ကို ကြင်နာမှုအပြည့်ဖြင့် လာရောက်ကူညီတတ်ကြသည်။ သို့ဖြစ်၍လည်း သီပေါတွင် စွန့်ပစ်ခံရသော မိဘမဲ့ကလေးသူငယ်မရှိ၊ လူအိုရုံမရှိ၊ စိတ္တဇဝေဒနာသည်တို့ ကုရာ ဆေးရုံမရှိ သီပေါမြို့တစ်မြို့တည်းက ဗုဒ္ဓရဟန်းသံဃာအပါး (၅၀၀) ကို နေ့စဉ် ဆွမ်းလောင်းကြသည်။ တစ်နှစ်ကုန်၍ တစ်နှစ်ဆန်းဆန်း၊ သူတို့၏ သဒ္ဓါတရားက အတိုင်းအဆမဲ့ ရှင်သန်နေရာ သုစန္ဒီအနေနှင့် သူတို့ကိုကြည့်ရင်း အံ့ဩလေးစားရသလို၊ သည်လိုသာ လှူတန်းပစ်နေလျှင် သူတို့ဘဝတွေ ဘယ်လိုလုပ် ကြီးပွားနိုင်မှာလဲဆိုသော သောကဖြင့် ပူရပင်ရပြန်ပါသည်။

သည်လိုနှင့် ထေရဝါဒဗုဒ္ဓဘာသာမှ သင်ကြားထားသော သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး..ဝိသုဒ္ဓိတရားတို့ကို သုစန္ဒီ လေ့လာကြည့်ပြန်သည်။ စစချင်း ဒုက္ခသစ္စာမှာပင် သူမခေါင်းစားတော့သည်။ ဘဝတစ်ခု ဖြစ်တည်လာခြင်းသည် ဒုက္ခဟုဆိုထားရာ၊ ဘယ့်နှယ့်ပါလိမ့်။ တစ်ခါ၊ ဒုက္ခအားလုံး၏ အကြောင်းအရာမှာ သမုဒယဖြစ်၍ ဘဝ၏ အစွဲအလမ်း၊ အနှောင်အဖွဲ့အားလုံးကို စွန့်ပစ်ဖို့ သင်ကြားထားရာ ဘဝကို အဆိုးမြင်လွန်းသည်ဟု သုစန္ဒီထင်သည်။ နောက်ထပ် ရှေးစရာဖြစ်လာသည်မှာ လူတိုင်းလူတိုင်း ဘုန်းကြီးဝတ်ကုန်ကြမည်ဆိုပါလျှင် တစ်တိုင်းတစ်ပြည်လုံး ဘာတွေဖြစ်ကုန်မည်နည်း။ ဘုန်းကြီးတွေအတွက် ပစ္စည်းလေးပါး လှူဒါန်းမည့် ဒါယကာ ဒါယိကာမတို့ ရှိပါဦးမည်လား။ သုစန္ဒီ ခေါင်းရှုပ်လာသည်နှင့် အတွေးတို့ကို ရပ်ပစ်လိုက်ရသည်။

*"အခုတော့ မဖြစ်နိုင်သေးပါဘူး စိုင်း၊ နောက်နှစ်များမှပဲ စိုင်းနဲ့အတူ လိုက်ပါတော့မယ်၊ အခုတော့ စိုင်းကပဲ ကျွန်မကို ပြန်ပြောပြပေါ့"*

စိုင်းမျက်နှာ ညှိုးသွားသည်။ ယခုကိစ္စမှာ သုစန္ဒီနှင့် ပတ်သက်ပြီး အမျှော်လင့်ကြီး မျှော်လင့်ထားသည်ဖြစ်၍ သုစန္ဒီဘက်က အသင့်မဖြစ်သေးသည်ကို သိရသည့်အခါ စိုင်းအနေနှင့် စနိုးစနောင့် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ပေမဲ့ သုစန္ဒီအပေါ် ဘယ်ကိစ္စမျိုးမှ စိုင်းဘက်က အတင်းအကြပ် ဖိအားပေးမှာမဟုတ်သည်ကို သုစန္ဒီ ကောင်းကောင်းသိသည်။ စိုင်းလို သဘောထားကြီးကြီးနှင့် နားလည်မှု မပေးနိုင်သည့်အတွက်လည်း

မိမိကိုယ်ကို အပြစ်ရှိသလို၊ သုစန္ဒီခံစားမိသည်။ တစ်ခါကဆိုလျှင် သူမကို သီပေါစော်ဘွားကြီး မဟာဒေဝီအဖြစ် တရားဝင် ဘိသိတ်မင်္ဂလာပွဲနှင့် တင်မြှောက်ဖို့ ကိစ္စကို စိုင်း ငြင်းပယ်ခဲ့သည့်အတွက် သုစန္ဒီဘက်က အကြီးအကျယ်စိတ်ပျက်ခဲ့ရသည်။

❀ ❀ ❀

ပန်းဥယျာဉ်အတွင်း လှည့်ပတ်ကြည့်ရှုရင်း စီမံခန့်ခွဲစရာကိစ္စအချို့ကို ဆောင်ရွက်ပေးပြီး၊ စံအိမ်တော်သို့ သုစန္ဒီပြန်ရောက်လာသည်နှင့် စိုင်းရုံးခန်းအတွင်းမှ ရှမ်းအမျိုးသားကြီး လေးငါးယောက် ခေါင်းငိုက်စိုက်ချ၍ ပြန်ထွက်သွားကြသည်ကို တွေ့လိုက်ရသည်။ သို့ပေမဲ့ သူတို့မျက်နှာတွေက မကောင်း။ ခြေကုန်လက်ပန်းကျနေကြသည့်ပုံ၊ ယခင်ဆို စိုင်းနှင့် တွေ့ဆုံပြောဆိုပြီး ငြိမ့်သည်အားလုံး ရွှင်ရွှင်ပျပျ ရယ်ရယ်မောမောဖြင့် နှုတ်ဆက်ပြန်ကြမြဲ၊ ယခုမူ ဘာပြဿနာများရှိလို့ပါလဲ၊ သိလိုစိတ်နှင့် စိုင်း၏ စာကြည့်ခန်းတံခါးကို ဖွဖွ၊ ဖွင့်ရင်း ဝင်လိုက်သည်နှင့် မေးမှ မမေးရသေးခင် စိုင်းက ဦးစွာ စကားပရို ခံလေသည်။

*"ကိုယ့်ဘက်က ငြင်းလိုက်တဲ့ ကိစ္စကိုပဲ သူတို့က လာပြောနေကြပြန်ပြီ"*

ကုလားထိုင်တစ်လုံးတွင် သုစန္ဒီဝင်ထိုင်လိုက်ပြီး၊ လက်ပိုက်လျက် တံတောင်နစ်ဖက်ကို စားပွဲစွန်းတွင် မှေးတင်ရင်း စိုင်းကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။

*"ဒီတော့ စိုင်းရဲ့ အဖြေကလည်း အရင်အတိုင်းပဲ မဟုတ်လား"*

စိုင်းက ကိုယ်ကိုကိုင်းပြီး၊ သုစန္ဒီလက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း၊ သူမမျက်နှာပေါ်က တစ်စုံတစ်ရာကို စိုးရိမ်တကြီးနှင့် ရှာဖွေနေသည်။

*"စန္ဒီက ဘိသိက်မင်္ဂလာပွဲကို တကယ်ဖြစ်စေချင်လို့လား"*

*"ဖြစ်စေချင်တာပေါ့ စိုင်း၊ သာမန်မင်္ဂလာအခမ်းအနားမျိုးဆိုရင် ဘယ်လောက်ပဲ ကြီးကျယ်ကြီးကျယ်၊ ကျမအတွက် မလိုအပ်ဘူးဆိုတာ စိုင်းသိပါတယ်၊ ဒါပေမဲ့ အခုကိစ္စက အဓိပ္ပါယ်တစ်မျိုး ထွက်နေတယ်လေ"*

သုစန္ဒီ အလေးအနက်ပြောနေကြောင်း သူမမျက်လုံးများကမှ ထင်ဟပ်နေသည်။

*"ဒါပေမဲ့ စန္ဒီဟာ ကိုယ့်ရဲ့ မဟာဒေဝီဆိုတာ လူတိုင်းသိပြီးသားပဲ၊ အထူးပြောစရာမလိုပါဘူး။ ဒါကြောင့် မလိုအပ်ဘဲနဲ့ အဲဒီလိုအခမ်းအနားတွေကို ဘာကြောင့်လုပ်*

*တော့မှာလဲ''*

*''လိုအပ်တယ်စိုင်း၊ ဘာကြောင့်လဲဆိုတော့၊ သီပေါနယ်သူနယ်သားတွေ အတွက်၊ အဲဒီအခမ်းအနားဟာ မဟာဒေဝီတွဲကို တရားဝင်ပေးတာဖြစ်လို့ သူတို့အတွက် အရေးပါသလို၊ စန္ဒီအတွက်လည်း အရေးပါတယ်။ ဟုတ်တယ်စိုင်း၊ သီပေါနယ်သူ နယ်သားတွေဟာ၊ သူတို့အရှင် စော်ဘွားလေးရဲ့ကြီးကျယ်တဲ့ အခမ်းအနားတွေမှာ၊ သူတို့ကိုယ်တိုင်ပါဝင်ချင်ကြတယ်။ ပါဝင်ဖို့လည်း သူတို့မှာ အခွင့်အရေးရှိတယ်။ ပြီးတော့ စန္ဒီဟာ စိုင်းဘေးမှာထာဝရရှိနေပါ့မယ်ဆိုတာကို အဲဒီအခမ်းအနားနဲ့ သူတို့တွေ့ရှေ့မှာ စန္ဒီ ပြောပြချင်တယ်''*

စိုင်းဘက်မှ လုံးဝ မျှော်လင့်မထားသောအဖြေကို ကြားလိုက်ရသည့်တွင် သုစန္ဒီလက်ကို အသာလွှတ်လိုက်ပြီး ကုလားထိုင်နောက်ကျောမှာ ပြန်မှီလိုက်သည်။ အလွန်အကျူး စီရင်ကျင်းပတတ်သော အတိတ်မှ အဓိပ္ပာယ်မဲ့ မင်းခမ်းမင်းနားတို့ကို ပြန်လည်အသက်မသွင်းဖို့ မိမိ ဆုံးဖြတ်ခဲ့သလို စန္ဒီလည်း သူနှင့် တစ်ထပ်တည်းရှိနေသည်ဟု စိုင်းထင်မှတ်ခဲ့သည်။ ယခုတော့၊ မြောက်လေဖြင့် တရွရွ ယိမ်းထိုးနေသော ရောမ ညောင်ပင်အိုကြီးကို မှန်ပြတင်းတံခါးပေါက်မှ သူ မြင်နေရသည်။ ပင်ညောင်အိုကြီးကား ရွက်နုတို့ဖြင့် ငယ်ရုပ်ဆင်လျက်ရှိပါ၏။

မိမိတစ်ဦးတည်း တစ်ယောက်တည်း အနေနှင့် ပဒေသရာဇ်အတိတ်နှင့် အဆက်ဖြတ်တောက်နိုင်ခဲ့သည့်တိုင် သူ့နောက်မှ ပြည်သူတို့သည်ကား အတိတ်ထဲမှ ရုန်းမထွက်ကြ၊ အစဉ်အလာဟောင်းတို့ကို ငြိတွယ်နေဆဲ၊ သို့ဆိုလျှင် သူတို့မှာ တောင်းဆို ပိုင်ခွင့် ရှိရပေလိမ့်မည်။

ရုံးခန်းတံခါးအပြင်တွင် အစောင့်တာဝန် ယူနေသော ဖင်းနားကို စိုင်း ခေါ် လိုက်ပြီး စောစောက ထွက်သွားသော ရှမ်းအမျိုးသားကြီးတို့နောက် ချက်ချင်းလိုက် သွားပြီး သူ့ဆီ ပြန်လာခဲ့ဖို့ ပြောခိုင်းလိုက်ရာ နားမလည်သော အကြည့်တို့ဖြင့် စိုင်း ကို စုစန္ဒီ ကြည့်လိုက်သည်။

*''ကိုယ် စိတ်ပြောင်းသွားပြီ သုစန္ဒီ၊ မဟုတ်သေးပါဘူး၊ ကိုယ့်ကို မင်းက ပြောင်းလဲပေးလိုက်တာ''*

ရုတ်တရက် ပြောင်းလဲသွားသော စိုင်း၏ဆုံးဖြတ်ချက်ကြောင့် စကားမပြော နိုင်လောက်အောင်ပင် သုစန္ဒီရင်ထဲ ဆို့နစ်၍ ဝမ်းသာအယ်လဲ ဖြစ်ခဲ့ရပါ၏။ သို့ဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှ အဆင့်ဆင့်သော အစိုးရအဖွဲ့များနှင့် နိုင်ငံသား

တိုင်းက သူမကို သီပေါပြည်နယ်၏ မဟေသီအဖြစ် အသိအမှတ်ပြုကြရတော့မည်။ စိုင်းအပေါ် မည်မျှပင် အားကိုးယုံကြည်စိတ် ရှိပါသော်လည်း ဤနေရာ ဤ ဒေသတွင် သူမကား နိုင်ငံခြားသူ၊ မျက်နှာစိမ်းတစ်ယောက်သာ ဖြစ်သည်ဆိုသော အတွေးဖြင့် မိမိကိုယ်ကို မလုံခြုံသလို၊ တစ်ခုခု လိုနေသလို၊ အမြဲ ခံစားနေရမည်ဖြစ်ရာ အထူးသဖြင့် စိုင်းတစ်ယောက် တာဝန်ဖြင့် အဝေးအလံ ရောက်နေသော ညညများတွင်မူ သူမအဖို့ ဆိုခဲ့သလို စိုးရိမ်သောကတို့ဖြင့် အိပ်ရေးပျက်ခဲ့ရသည်ချည်း ဖြစ်ပါ၏။

နောက်တစ်နေ့မှစ၍ အရှေ့ဟော်နန်း၊ စံအိမ်ကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှား နှင့် အသက်ဝင်လာသည်။ ဗေဒင်နက္ခတ်ပညာရှင်ကြီး ဦးဘာဟန် ရောက်လာပြီး သုစန္ဒီ၏ ဇာတာနှင့် ဂြိုဟ်ခွင်တို့ကို သေသေချာချာ စစ်ဆေး၍ တန်ဆောင်မုန်းလဆန်း (၁၁) ရက်နေ့ကို အခါတော် နေ့ကောင်းနေ့မြတ်အဖြစ် သတ်မှတ်ပေးခဲ့ပြီးနောက် ဘိသိက်သွန်း မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်စရာများ စတင်လေတော့သည်။

သို့ရာတွင် ယခု ကျင်းပမည့် ဘိသိက်မင်္ဂလာမှာ သီပေါဒေသခံ ပြည်သူတို့ အတွက်သာ အဓိကရည်ရွယ်သဖြင့် အခြားပြည်နယ် စော်ဘွားစော်ကန်များ၊ ပြည်နယ် အစိုးရနှင့် ဗဟိုအစိုးရအဖွဲ့ဝင်နှင့် အရာရှိကြီးတို့ကိုမူ ဖိတ်ကြားသည်ထက် အသိပေးသော သဘောမျိုးသာ စိုင်း ဆုံးဖြတ်ခဲ့ပြီး အခမ်းအနားနှင့်ပတ်သက်သော စီရင်ဆောင်ရွက်ဖွယ် ရာကိစ္စများကို အကြီးတန်းအရာရှိတစ်ယောက်နှင့် မျက်နှာလွှဲထားလိုက်သည်။

ထိုနေ့ထိုရက်မှစ၍ အရှေ့ဟော်နန်း စံအိမ်ကြီး ဧည့်ခန်းဆောင်မှာ မန္တလေးနှင့် အခြားမြို့ကြီးများမှ ရောက်လာကြကုန်သော ရတနာကုန်သည်တို့၏ ရွှေငွေ စိန် ကျောက် နီလာ၊ ပတ္တမြား လက်ဝတ်လက်စား၊ ပိုး၊ ဖဲ၊ ကတ္တီပါအဝတ်အထည်နှင့် ဒီဇိုင်းဆရာမများ ဆင်ယင်ထုံးဖွဲ့မှုနှင့်သက်ဆိုင်သော ကျွမ်းကျင်ပညာရှင်တို့၏ လက်ရာ အမျိုးမျိုးနှင့် အခန်းကျယ်ကြီးမှာ မော်ဒန်ပန်းချီနှင့် အနုပညာပြပွဲတစ်ခုအလား ထင်မှတ် ရလောက်အောင် အခမ်းအနားတွင် သုစန္ဒီအတွက် လိုအပ်သည်တို့ကို ဖြည့်ဆည်း ပေးခဲ့ပါ၏။

ဤနေရာတွင် နန္ဒာမှာ သုစန္ဒီအတွက် အားကိုးရသည်။ နန္ဒာ၏ အကူအညီဖြင့် အခမ်းအနားတွင် ဝတ်ဆင်မည့် စိန်ကျောက်၊ နီလာ၊ ပတ္တမြား၊ အထည်ကြီး အထည်ငယ် အရွယ်ရွယ်ကို ရွေးချယ်ခဲ့ရသည်။ နန်းမှုနန်းရာ အဆင်အယင်၊ အထုံးအဖွဲ့လည်းမပျက် ခေတ်မျက်စိနှင့်လည်း မစိမ်းသည့် အဝတ်ဒီဇိုင်းနှင့် အရောင်အသွေးတို့ကို ပြင်ဆင်ခဲ့ ရသည်။ သုစန္ဒီက အဖြူခံပေါ်တွင် ငုဝါနှင့် ပန်းရောင်ရင့်ရင့်ဒီဇိုင်းကို အတည်ပြုပေးလိုက်ပြီး

မန္တလေးတွင် ချုပ်လုပ်ကြသည်။ မန္တလေးပိုးယည်များက ရှမ်းပိုးထည်တို့ထက် အကွက်အဆင်၊ ဒီဇိုင်းဆန်းသလို ထူထူထဲထဲလည်းရှိရာ အထည်ရက်သူ ရက်ကန်းသမ တစ်ယောက်အနေနှင့် တစ်ရက်လျှင် ဤကဲ့သို့သော ပိုးထည်အဆင်မျိုး တစ်လက်မ နှစ်လက်မမျှသာ ရက်နိုင်ကြသည်ဟု ဆိုသည်။ မန္တလေးမှ အထူးအော်ဒါမှာယူထားသော အဝတ်အထည်များ ရောက်လာသည်နှင့် သုစန္ဒီ အစမ်းဝတ်ကြည့်ရသည်။ ယခုလို နန်းတွင်းသူအဝတ်အစားတို့နှင့် လုံးဝ အံဝင်ခွင်ကျ မရှိသေးသော သုစန္ဒီတို့လို အမျိုးသမီးများနှင့် အဆင်ပြေစေဖို့ ချုပ်သားချုပ်ထည် ပုံစံတို့ကို ပြောင်းလဲပြင်ဆင်ထားသည့်တိုင် ရင်ဖုံး အင်္ကျီလက်ရှည်နှင့် မင်းသမီး ပြန့်ထဘီတို့မှာ သုစန္ဒီအတွက် အနေကျပ်နေသည်။

*"မိုးအိ ငါ ဘယ်လိုလုပ်ရမလဲ လမ်းလျှောက်လို့တောင် မရတော့ဘူး"*

*"ခဏ လေ့ကျင့်လိုက်ရင် အဆင်ပြေသွားမှာပါ မဟာဒေဝီ"*

မိုးအိ မင်းသမီးပြန့်ထမီနှင့် ဆင်မယဉ်သာ သွားသည့်ဟန်ကို တစ်လှမ်းချင်း လှမ်းပြရင်း စိတ်ရှည်လက်ရှည်နှင့် သင်ပေးသည်။

*"သုစန္ဒီမှ မဟုတ်ပါဘူး။ ဟိုးယခင်က မဟာဒေဝီတွေလည်း ယခုလို မင်းသမီး အဝတ်အစား ဝတ်ရတဲ့အခါ နည်းနည်းတော့ လေ့ကျင့်ကြရတာပါပဲ"*

အခမ်းအနား ဖြစ်မြောက်ရေးအတွက် တာဝန်ယူထားရသူ အကြီးတန်းအရာရှိ ဦးခွန်ထွန်းကလည်း နေ့စဉ်နေ့တိုင်း ဟော်နန်းကိုလာ၍ လိုအပ်သော ကိစ္စကြီးငယ်တို့ကို သူမနှင့် တိုင်ပင်နေရသည်ဖြစ်ရာ တစ်နေ့တွင် လူဦးရေ မည်မျှဖိတ်ကြားပြီး ကြောင်းသိလို၍ သုစန္ဒီက မေးကြည့်ရာ စုစုပေါင်း ငါးရာရှိကြောင်း သိရသော်လည်း ဦးခွန်ထွန်း၏ မျက်နှာက မအီမသာ၊ သူမ၏ မှတ်ချက်တစ်ခုခုကို မျှော်လင့်နေပုံရသည်။

*"အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ အတော်များများဆီ ဖိတ်စာမရောက်သေးဘူးလို့ ကျွန်မ ကြားတယ်၊ ဦးခွန်ထွန်း သူတို့အားလုံးဆီ ထပ်ပို့ရဦးမယ်"*

*"ဟုတ်ကဲ့ပါ မဟာဒေဝီ၊ ဒါပေမဲ့ ဒီကိစ္စကို ကောင်းသလိုစီစဉ်ဖို့ ကျွန်တော့်ကို ခွင့်ပြုစေချင်ပါတယ်၊ ဘာကြောင့်လဲဆိုရင် ဘိသိက်မင်္ဂလာအခမ်းအနားအတွက် အရှေ့ဟော်နန်းမှာ အထူးဧည့်သည် ငါးရာအတွက်ပဲ နေရာရှိပါတယ်၊ နောက်ထပ် ဖိတ်ကြားဖို့တောင်းဆိုနေတဲ့ လူပေါင်းတစ်ထောင်မက ရှိနေသေးတဲ့အတွက် အားလုံးကို ဖိတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြီးတော့ ဘိသိက်မင်္ဂလာအခမ်းအနားပြီးရင် ခုနစ်ရက် ခုနစ်ညလုံးလုံး ပျော်ပွဲရွှင်ပွဲတွေ၊ ညစ်ခံပွဲတွေ ကျင်းပဦးမှာပါ၊ အဲသည့်ပွဲတွေကျမှသာ ကျန်တဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော် ဖိတ်ကြားပါရစေ"*

*"အင်းလေ၊ ဒါဆိုလည်း ဦးခွန်ထွန်းပဲ ကောင်းသလို စီစဉ်ပါတော့"*

ထိုနေ့ ထိုရက်မှစ၍ သီပေါပြည်နယ်တစ်ထို၊ ရွာစဉ် အိမ်စေ့နှင့် ယုတ်စွအဆုံး ဘုန်းကြီးကျောင်းများတွင်ပါ အခါအားလျော်စွာ တစ်ယောက်စ နှစ်ယောက်စ လူစုမိလေတိုင်း မကြာမတင်မီ စီရင်ကျင်းပတော့မည့် သီပေါမဟေသီ၊ မဟာဒေဝီ၏ ဘိသိက်မင်္ဂလာပွဲအကြောင်းကိုသာ တပြောတည်း ပြောနေကြကုန်၏။ ဘယ်လိုပုဂ္ဂိုလ်ကြီးတွေကို ဖိတ်ကြားထားကြောင်း၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က ဘိသိက်ပွဲကို ကြည်ဖြူသည့်အနေဖြင့် ဘယ်လိုအတိတ်နိမိတ်တွေပြခဲ့ကြောင်း၊ သူတို့၏ မဟာဒေဝီသုစန္ဒီက ဘယ်လို အဝတ်အထည်၊ ဘယ်လို ကျောက်မျက်လည်ရွဲတွေ ဝတ်ဆင်ပြီး မည်မျှ လှပတင့်တယ်ကြောင်း။ အမေးအစမ်း အရမ်းအသန်းတို့ဖြင့် တဖောင်ဖောင် ပြောဆိုလာခဲ့ကြရာမှ နိဝင်ဘာလ၏ ဆောင်းချမ်းမြမြ၊ ကြည်စင်သော နံနက်တစ်ခင်းတွင်မူ သီပေါ၏ မဟာဒေဝီအဖြစ် ဘိသိက်သွန်းမင်္ဂလာသဘင်ကြီး ကျင်းပရန်အတွက် အရှေ့ဟော်နန်းစံအိမ်တော်ကြီးသည် အရန်အသင့်ဖြစ်၍နေလေပြီ။

ဟော်နန်း၏ အောက်ထပ်တစ်ထပ်လုံးတွင် ယခင်က နေရာယူထားကြသော ပရိဘောဂ ပစ္စည်းပစ္စယအားလုံးကို ဖယ်ရှားရှင်းလင်းပြီး ပါကေးနင်းကြမ်း တစ်ခွင်တစ်ပြင်လုံးကို ကော်ဇောထူကြီးများခင်းထားပြီး ဧည့်ခန်းဆောင် ခန်းမအကျယ်ကြီး၏ တစ်နေရာတွင်မူ နှစ်ပေါင်းများစွာ ချောင်ထိုးထားခဲ့ပါသော ရွှေပိန်းချပလ္လင်ကို နေရာချထားသည်။ ပလ္လင်ပေါ်တွင် ရွှေကြိုးဖြင့် ပန်းထိုးထားသော ကတ္တီပါအနီရဲရဲ မှိအုံနှင့် လေးဖက်လေးနေရာတွင် ထီးဖြူလေးလက် မိုးထားရာ ထီးဖြူများမှာ သူ၏အဘိုး စဝ်ခွန်စိုင်းတည်ခဲ့သော သီပေါရွှေနန်းတော်ကြီးနှင့်သာ လိုက်ဖက်ပြီး ယခုအခါ ရွှေနန်းတော်ကြီးသည်လည်း ဒုတိယကမ္ဘာစစ်အတွင်း အဖျက်အဆီးခံလိုက်ရပြီဖြစ်၍ ခေတ်သစ်ပုံစံအရှေ့နန်းနှင့် မဆီမဆိုင်တော့ဘဲရှိနေရာ ထီးဖြူတို့ကို စိုင်းက ဖယ်ရှား ခိုင်းလိုက်သည်။

အခမ်းအနား အစီအစဉ်အရ နေ့လယ် တစ်နာရီတွင် စတင်ကျင်းပမည်ဆိုသော်လည်း ဧည့်သည်တော်များကား နံနက်ခင်းကပင် တဖွဲဖွဲနှင့် ရောက်နှင့်နေကြရာ ဧည့်ခံမှုများကို စောစောစီးစီးကပင် စတင်ခဲ့ကြပြီ။ ၁၀ နာရီတွင် ဖြီးလိမ်းဝတ်ဆင်ရာတို့ကို မိုးအိ အပါအဝင် ဆွေးတော်မျိုးတော် မိန်းမဖော်များ သီပေါအစိုးရအဖွဲ့ဝင်တို့၏ ဇနီးမယားကတော်တို့က ဝိုင်းအုံ၍ သုစန္ဒီကို ပြင်ဆင်ပေးကြရာ မဟာဆန်ဆန်ဆံထုံးထုံးသူတွေက ထုံး။ လက်ဝတ်ရတနာတွေ တစ်စုံပြီးတစ်စုံရွေးချယ်၊ ဝတ်ဆင်သူက ဝတ်ဆင်၊ ထမီ၊ အင်္ကျီဝတ်ဆင်သူက ဝတ်ဆင်၊ မျက်နှာအလှခြယ်သူက ခြယ်နှင့်

ဟော်နန်းအပေါ်ထပ် အိပ်ခန်းကျယ်ကြီးတစ်ခန်းလုံး မိန်းမတွေ တရုံးရုံးနှင့် ညိုးညိုး ညံ့ညံ့ ပွက်လောရိုက်နေသည်။

ညော်သည်တော်များရှေ့တွင် ပွဲထုတ်မည့် မဟာဒေဝီကို သုံးနာရီမျှ ပြင်ဆင်ပြီးဆုံး၍ ကိုယ်လုံးပေါ် သုံးဖက်မြင် မှန်ကြီးအတွင်း ကြည့်ရှုလိုက်သောအခါဝယ် သုစန္ဒီ မျက်လုံးတို့ကိုပင် မယုံနိုင်စရာ ဖြိုးဖြိုးဖျတ်ဖျတ်၊ ဖိုးဖိုးဇတ်ဇတ်၊ နေထိုင်သွားလာတတ်ပါသော ခေတ်ကာလသမီးပျိုတစ်ယောက်ကား ဒဏ္ဍာရီပုံပြင်ထဲက မင်းသမီးလေးတစ်ပါးနှယ် ပြောင်းလွဲသွားသည်။ ပန်းရင့်ရောင် ရင်စေ့အင်္ကျီ၊ အဖြူခံပေါ်တွင် ရွှေဖလားရောင်နှင့် ဒေါင်းမြီးကွက်ဖောက်ထားသော မင်းသမီးပြန့်ထမီနှင့် ကဒေါင်းတံဆိပ် ပန်းနုရောင်ခါးစည်းကြိုးတို့ကို ဝတ်ဆင်ထားပြီး စိန်ဘယက်၊ စိန်လက်ကောက်နှင့် အခြား လက်ဝတ်ရတနာတို့မှလည်း ရောင်စဉ်ရောင်တန်းတို့ဖြင့် ဖြိုးဖြိုးလက်လက် တောက်ပ၍ နန်းမှုနန်းဟန်အပြည့်ဖြင့် ကျော့ကျော့ရှရှလေး လှပနေရာ တစ်ခါက စက်ဘီးနှင့် ကျောင်းသွား၊ ဖခင်နှင့်အတူ တောင်စွယ်တောင်တန်းကြီးများပေါ် စွန့်စားသွားခဲ့ပါသော ဩစတြေးလျ နိုင်ငံသူလေးတစ်ယောက်မှ ဟုတ်မှဟုတ်ပါလေစဟုပင် အံ့ဩရပြန်သည်။ သို့ပေမဲ့ ပရိသတ်ရှေ့ ချက်ချင်း မထွက်ရဲသေး။ စိုးရွံ့စိတ်က သူမခြေလှမ်းတို့ကို တွန့်ဆုတ်စေသည်။ ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် တွေ့နေရသော နန်းဝတ်နန်းစားနှင့် မင်းသမီးလေးသည် အခြားမဟုတ်၊ ဆုံးဖြတ်ချက်နှင့် သျှောင်နောက် ဆံထုံးပါလာသော အင်ဂျီပင်ဖြစ်သည်။ စိုင်းနှင့်အတူ ဘဝကိုဖြတ်ကျော်ရင်း ပျော်ရွှင်ခဲ့ရသည်များရှိသလို ဝမ်းနည်းပူဆွေးခဲ့ရသည်။ အခက်အခဲတို့နှင့် ရင်ဆိုင်ခဲ့ရသလို ကိုယ့်ကိုယ်ကိုယ် ပို၍ ယုံကြည်လာခဲ့သည်။ ဘယ်လိုအခြေအနေနှင့် ရင်ဆိုင်ရစေကာမူ စိုင်းနှင့်အတူ ထာဝရနေဖို့ သူမ ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုကိစ္စတွင်လည်း စိုးရိမ်တွန့်ဆုတ်စရာအကြောင်း မရှိဟူ၍ တွေးရင်း ကိုယ့်ကိုယ်ကို အားပေးရပြန်သည်။ ထိုအခိုက်မှာပင် စောစောက အပြင်ထွက်ပြီး စနည်းနာလိုက်ဦးမည်ရှိသော မိုးအိတစ်ယောက် အခန်းအတွင်း ပြန်ဝင်လာသည်။

*"မဟာဒေဝီ စော်ဘွားလေးက မဟာဒေဝီနဲ့အတူ ဘိသိက်မင်္ဂလာပွဲကို ထွက်ဖို့ အသင့်စောင့်နေပါပြီ"*

ရုတ်တရက် သုစန္ဒီ ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။ မင်းပရိသတ်ငါးရာရှေ့မှောက် ယခုလို ထွက်ရမည်ဆိုတော့ ကြောက်စိတ်က ပြန်ပေါ်လာပြန်သည်။

*"မိုးအိ ငါ့ကိုကြည့်စမ်းပါဦး။ အဆင်မှ ပြေရဲ့လားဟယ်"*

*"ကြည့်လို့ကောင်းပါတယ် မဟာဒေဝီရယ်၊ လမင်းကြီးလောက်ကို လှပါ*

*ပေတယ်"*

မိုးအိ၏ အားပေးစကားကြောင့် အနည်းငယ် စိတ်သက်သာရလိုက်သည်နှင့် နန္ဒာက သုစန္ဒီလက်ကိုဆွဲပြီး စိုင်းဆီ ခေါ်သွားသည်။ သုစန္ဒီထံသို့ စိုင်းအကြည့်ရောက်သွားသည့်တစ်ခဏ အံ့ဩမှင်တက်စွာဖြင့် သူ့မိန်းမသူ တစ်ခါမှ မမြင်ဘူးသလိုတွေတွေကြီး ငေးကြည့်နေရာမှ *"စန္ဒီ မင်းက ကိုယ့်ရဲ့ တကယ့်ကို နတ်သမီးလေးပါပဲ"*ဟု မကြားနိုင်နားဆိုကာ သုစန္ဒီလက်တစ်ဖက်ကို ချိတ်လျက် လေ့ကားထစ်များမှ တစ်ထစ်ချင်းဆင်း၍ မင်းပရိသတ်ကြီးဆီ နှစ်ပါးတွဲယှဉ်၍ လျှောက်လှမ်းသွားလေသည်။

စော်ဘွားလေး စပ်ကြာဆိုင်းကား အဖြူရောင်ပိုးထည် ရှမ်းရိုးရာကိုဝတ်စုံများကိုဆင်၍ ခေါင်းတွင် ပန်းနုရောင် ပိုးပုဝါကို ပေါင်းထားပြီး တစ်လုံးတည်းသော ပတ္တမြားကြယ်သီးကို ရှပ်အင်္ကျီ လည်တိုင်အပေါ်ဆုံး ကြယ်သီးပေါက်တွင် တပ်ဆင်ထားသည်။ သို့ပေမဲ့ ဧည့်ပရိသတ်အားလုံး၏ အကြည့်များက သုစန္ဒီအပေါ် တချို့က အိုအိုဟယ်ဟယ်နှင့် စုပ်သပ်၍ပင် အသွေးအမွေးနှင့် အပြင်အဆင်တစ်မျိုးဆန်း၍လှသော သူမကို ချီးကျူးကြသည်။ ပလ္လင်ပေါ်တွင် သီပေါပော်နန်း၏ အရှင်နှစ်ပါး နေရာယူပြီးသည်နှင့် အစဉ်အလာ နန်းသုံးဂီတဖြင့် အခမ်းအနားကို ဖွင့်ကြသည်။ ပြီးနောက် အခမ်းအနားမှူးက လက်မြှောက်၍ အချက်ပြလိုက်သည့်အခါ တူရိယာသံများ ရုတ်တရက် တိတ်ဆိတ်သွားပြီး ဘိတ်သိက်ဆရာက မတ်တတ်ရပ်ကာ ပေပုရပိုက် အလိပ်တစ်လိပ်ကို ဖွင့်၍ အောင်မြင်ခံ့ညားသော အသံဖြင့် ဖတ်ကြားလေသည်။ သီပေါပြည်နယ်ရေမြေတို့ကို အစိုးရတော်မူသော စော်ဘွားလေး စပ်ကြာဆိုင်းသည် ထီးဖြူရိပ်ဖွားရွှေလင်ပန်းနှင့် အချင်းဆေး၍ တော်ဝင်နန်းမျိုး အရိုးအဆက်မှ ပေါက်ဖွားကြီးပြင်းလာသူဖြစ်သည် နှင့်အညီ သီပေါပော်နန်းကို ထိုက်တန်စွာ ဆက်ခံခဲ့ကြောင်း ထိုမှ အပဟိတေ ရှေးရှေးဘဝက ကြုံဖူးသောရေစက် ပန္နက်ဖူးသော သစ္စာတို့ကြောင့် သူ၏ကြင်ယာတော်နှင့် တွေ့ဆုံ၍ ဗုဒ္ဓဘာသာထုံးစံနှင့်အညီ လက်ထပ်မင်္ဂလာပွဲသဘင် ဆင်နွှဲခဲ့ကြောင်း။ သို့ဖြစ်ပါ၍ မဟာဒေဝီ၏ ဘွဲ့အမည်ကိုလည်း စပ်သုစန္ဒီဟူ၍ အပ်နှင်းကြောင်း။ မဟာဒေဝီ စပ်သုစန္ဒီသည် ယနေ့မှစ၍ ကျရောက်မည့် ဘေးဆိုးရန်ဆို၊ ရောဂါဆိုးတို့မှကင်းဝေး၍ ကောင်းချီးမင်္ဂလာငါးပါးနှင့် ထာဝရပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့၍ ကြေညာ မောင်းခတ်လေသည်။ ပြီးနောက် ရှမ်းအမျိုးသားကြီး သုံးယောက်က ခရုသင်းတို့ကို ကိုယ်စီမှုတ်၍ ဘိတ်သိက်ဆရာ၏ ကြေညာချက်ကို အတည်ပြုပေးလိုက်သည်။ ဘိတ်သိက်ဆရာ ရွှတ်ဖတ်နေစဉ်တစ်လျှောက်လုံး စိုင်း၏ လက်ဝဲဘက်တွင် ကျုံ့ကျုံ့ ပုံ့ပုံ့ လေးတင်

ပျဉ်လွှဲထိုင်ကာ မျက်လွှာချထားရသည်ဆိုသော်လည်း အောက်တွင်နေကြသော ပရိသတ်များဆီသို့ တစ်ချက်တစ်ချက် သုစန္ဒီ ခိုးဝှက်ကြည့်မိရာ သူတို့အရှင်နှစ်ပါးအပေါ် လေးစားသော၊ တန်ဖိုးထားသောအကြည့်တို့ကို တွေ့နေရသည်။ ဖိုဖိုလှိုက်လှိုက်ပင် သုစန္ဒီ ကြည်နူးဝမ်းမြောက်ရသလို မိမိ လင်ယောက်ျားကိုလည်း ကျေးဇူးတင်မိပါ၏။ ဝမ်းနည်းစရာတစ်ခုပဲ ရှိပါသည်။ ယခုလိုအချိန်မှာ သူမ၏ မိဘနှစ်ပါးနှင့် ငယ်ပေါင်းကြီးဖော်များ သူမအနားမှာ ရှိစေချင်စမ်းပါဘိ။

ရည်လျားငြိမ့်ညောင်းပါသော ခရုသင်းအသံများ ရပ်တန့်ပြီးနောက် အရာရှိချုပ် ဦးတန်က ဒူးထောက်လျက် ပလ္လင်အခြေသို့ ချဉ်းကပ်လာပြီး ရွှေပုရပိုက်တစ်ချပ်ကို ယွန်းလင်ပန်းပိုင်းလေးဖြင့်ထည့်၍ စော်ဘွားလေးစပ်ကြာဆိုင်ဆီ တရိုတသေ ကမ်းပေးရာ စိုင်းက လက်ခံသည်။

ပြီးနောက် သုစန္ဒီဘက်သို့လှည့်ကာ အခြေအနေက ပေးသလောက် ဣန္ဒြေပြုံးပြုံးလျက် သုစန္ဒီကို လွှဲပြောင်းပေးလိုက်သည်။ ရွှေပေပုရပိုက်ကား စောစောက ဘိသိက်ဆရာ ဖတ်ကြားခဲ့သော အကြောင်းအရာကိုပင် အကျဉ်းချုံး၍ ရွှေရွက်ပေါ်တွင် အက္ခရာတင်ထားခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် စပ်သုစန္ဒီဟူသော ဘွဲ့ရည်အမည်ဖြင့် သူမကို စော်ဘွားလေးစပ်ကြာဆိုင်၏ မဟာဒေဝီအဖြစ် တရားဝင်ကြေညာလိုက်သော ရွှေကမ္ပည်းမှတ်တမ်းလွှာလည်းဖြစ်သည်။ စိုင်း ကမ်းပေးသော ယွန်းလင်ပန်းလေးကို လက်နှစ်ဖက်ဖြင့်ယူလိုက်စဉ် သူမ၏ လက်များ တုန်ရီနေသော်လည်း ပရိသတ်နှင့် မျက်နှာမူလိုက်ချိန်တွင် သူမ မျက်နှာပေါ်မှ အောင်မြင်သော အပြုံးတို့ ဝင်းလက်သွားရာ ဤ၌ပင် ဘိသိက်မင်္ဂလာအခမ်းအနား ပြီးဆုံးကြောင်း သင်္ကေတဖြစ်၍ ပလ္လင်အနားသို့ ပရိသတ်များစုပြုံလာကြပြီး သူတို့အရှင်နှစ်ပါးကို ဆုတောင်းမေတ္တာများ ပို့သကြသည်။ တတ်ပုံဆရာများကလည်း တဖျတ်ဖျတ်နှင့် ရိုက်ကြသည်။ ထို့နောက် လက်ဖက်ရည်နှင့် တည်ခင်းဧည့်ခံရာ ပန်းခြံအတွင်းမှ ယာယီဝါးတဲကြီးသို့ သူတို့နှစ်ဦးလုံး လျှောက်သွားကြပြီး ဧည့်ပရိသတ်များနှင့်အတူ စားသောက်၍ ပွင့်ပွင့်လင်းလင်း ပြောဆို ရယ်မောကြသည်။

ဘိသိက်မင်္ဂလာပွဲကြီး စတင်သည်မှ ပြီးဆုံးသည်အထိ အားလုံး ပျော်ရွှင်စွာ အဆုံးသတ်ခဲ့ကြပါသော်လည်း မမျှော်လင့်သော အနှောင့်အယှက် အဟန့်အတားတစ်ခုခု ဖြစ်များဖြစ်လေမလားရယ်လို့ သုစန္ဒီတစ်ဦးတည်း တိတ်တိတ်ကလေး ထိတ်လန့် စိုးရိမ်ခဲ့ရသည်လည်း ရှိခဲ့ပြီး ယခု အခမ်းအနားကြီးတစ်ခုလုံး အောင်မြင်စွာ ပြီး



သီပေါစော်ဘွား စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်သုစန္ဒီ



ဘိသိက်မင်္ဂလာအပြီး ဧည့်ခံမဏ္ဍပ်အတွင်းမှ လက်ဖက်ရည်ပွဲ



ဝဝ်ကြာဆိုင်၊ မဟာဒေဝီနှင့် မဟာဒေဝီ၏ မိခင်

ဆုံးသွားမှသာ ဟင်းချရတော့သည်။ ဝန်ခံရလျှင် ယခင် သူတို့လက်ထပ်မင်္ဂလာပွဲထက် ယခု ဘိသိက်မင်္ဂလာပွဲက သူမကို ပို၍ ရင်ခုန်စေခဲ့သည်။ နိမ့်မြင့်ဆူကြွ ပရိသတ်ရှေ့မှောက်တွင် ထိုနေ့က စိုင်းထံမှ သူမ ရလိုက်သော အသိအမှတ်ပြုခြင်းသည် သူတို့နှစ်ဦးကြားမှ ချစ်ခြင်းမေတ္တာ၊ ယုံကြည်မှုနှင့် ကတိကဝတ်တို့ကို ပို၍ ခိုင်မြဲစေခဲ့ပါ၏။ ထိုနေ့မှစ၍ သူတို့နှစ်ဦးကြားတွင် သံသယပွားစရာ၊ ပူပင်သောကဖြစ်ဖွယ်ရာ နေရာ မရှိတော့။ တစ်ခါက သူမ၏ ထိတ်လန့်စရာများ လုံးလုံးလျားလျား ပျောက်ကွယ်သွားလေပြီ။

## အခန်း (၈)

ဝါးတဲအိမ်လေးအတွင်းမှ ဒုတိယမြောက် အကျဉ်းစံနေ့ရက်ကား ဆည်းဆာသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေပါသော်လည်း သူ့အဖို့ လွတ်လမ်းရယ် ဘယ်မမြင်။ ဗိုလ်ချုပ်နေဝင်းနှင့် စစ်ဘက်အရာရှိတချို့က ဦးဆောင်၍ နိုင်ငံတော်အာဏာကို အကြမ်းဖက်သိမ်းယူပြီး တရားဝင် ရွေးချယ်တင်မြှောက်ထားပါသော အစိုးရအဖွဲ့ဝင်အားလုံးနှင့် နိုင်ငံရေးခေါင်းဆောင်အားလုံးကို အကျဉ်းချထားလိုက်ပြီဆိုသော သတင်းကိုမူ သူ့ကို စစ်ဆေးသော အရာရှိတစ်ဦးထံမှ ကြားသိလိုက်ရာ ဝန်ကြီးချုပ်ဦးနုလည်း သူ့ကို မကယ်နိုင်တော့ကြောင်း စိုင်း နားလည်လိုက်သည်။မျှော်လင့်စရာရှိသည်မှာ တော်လှန်ရေးကောင်စီဟု ကင်ပွန်းတပ်ထားသော အာဏာသိမ်း စစ်အုပ်စုအပေါ် ကုလသမဂ္ဂနှင့် ဒီမိုကရေစီနိုင်ငံတို့က ယခုကိစ္စအတွက် ဖိအားပေးနိုင်သော်လည်း အချိန်ယူရပေဦးမည်။

ဝါးတဲအတွင်းမှ မှိန်ပျပျအလင်းအောက်တွင် ညာဘက်လက်ဖဝါးကို ဖြန့်လျက် စိုင်း ကြည့်နေမိသည်၊ ဆူးလေဘုရားပေါ်က ဗေဒင်ဆရာ၏ မကြာခဏ သတိပေးစကားတို့ကို စိုင်းကြားနေရသည်။ အသက်သုံးဆယ်ဝန်းကျင်တွင် စန်းပြတ်လဂ်ပြတ်နှင့် အသက်လမ်းကြောင်းမှာ ပြတ်တောက်သွားနိုင်သည်တဲ့၊ ယခု ထိုအမှတ်ကား ဆိုက်ရောက်လာနေပါပြီလား။

မြက်ဖျာပေါ်တွင် ကျောဆန့်ခြေဆန့်ရင်း မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ စိုင်း အရမ်းပင်ပန်းနေလေပြီ။ အာဏာသိမ်းလိုက်သည်ဆိုသော. သတင်းက သူ့မျှော်လင့်ခြင်းကို ချေမွဖျက်ဆီးပစ်လိုက်သလို ထိတ်လန့်ဖွယ် သူ၏အခြေအနေသည်လည်း မကြာမီ အဆုံးသတ်ပေလိမ့်မည်။ သုစန္ဒီနှင့် ဂျင်မီရန်းတို့ဆီ လျှို့ဝှက်ပေးပို့ခဲ့သော သူ၏စာများ ရောက်ခဲ့သည်ဆိုစေဦး၊ သူတို့အနေနှင့် ဘာမျှ တတ်နိုင်တော့

မည်မဟုတ်၊ စိတ်မကောင်းကြီးစွာနှင့် ကြည့်နေရုံသာ။ ထိုအခိုက် တဲအပြင်မှ ခြေသံများ ကြားမိလိုက်သဖြင့် ချက်ချင်း ထထိုင်လိုက်သည်။ သူ့ကို ဝမ်းနည်းနေသူ စိတ်ဓာတ်ကျနေသူအဖြစ် ရန်သူတွေဘက်က ဘယ်တော့မှ မမြင်စေရ။

ခြေသံများ ပျောက်ကွယ်သွားပြန်သည့်အခါ မြက်ဖျာပေါ် ကျောပြန်ချလိုက်ပြီး ဝါးတဲအကျဉ်းတိုက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပိုက်ဆံအိတ်မှ သမီးငယ် နှစ်ယောက်၏ ဓါတ်ပုံကို ထုတ်ကြည့် နေမိသည်။ ညအိပ်ညနေ ခရီးမျိုး သွားရသည့်အခါ အလွမ်းပြေ စိုင်း ကြည့်ရအောင်ဆိုပြီး သမီးနှစ်ယောက်ဓါတ်ပုံကို သုစန္ဒီက ထည့်ပေးထားသည်။ အလိုက်သိတဲ့ စန္ဒီရယ်၊ ဓါတ်ပုံထဲမှ ပြုံးပျော်နေသော သမီးနှစ်ယောက် မျက်နှာလေးတွေကိုကြည့်နေရင်း စိုင်းရင်ထဲ အောင့်သွားပြီး ဓာတ်ပုံကို ပြန်သိမ်းထားလိုက်ရသည်။ သမီးနှစ်ယောက်နှင့် စန္ဒီတို့ ဘယ်လိုတွေများ ဖြစ်နေကြပြီလဲ၊ စိုင်း ရှေ့ဆက် မတွေးရဲ။ သူ့ကိုယ်သူ အပြစ်တစ်ခုကို ကျူးလွန်မိသလို ခံစားလိုက်ရပြီး မျက်နှာကို လက်ဖဝါးနှစ်ဖက်အုပ်ကာ ညည်းညူမိသည်။ တကယ်ဆို တစ်တိုင်းတစ်ပြည်လုံး စစ်အာဏာရှင်တွေ လက်အောက် ဒုက္ခမိုးမှောင်ကျတော့မည့် အရိပ်အယောင်တို့ကို ကြိုတင်မြင်နေရပါလျက် လျှော့တွက်ခဲ့သည်မှာ သူ၏ မိုက်မဲမှုပေပဲလား။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြီးခဲ့သော အထွေထွေရွေးကောက်ပွဲများတွင် စစ်တပ်က ကျောထောက်နောက်ခံ ပေးထားသော တည်မြဲ ဖဆပလ ရှုံးနိမ့်ပြီး ဦးနု၏ သန့်ရှင်း ဖဆပလ အနိုင်ရခဲ့သည်။ ရွေးကောက်ပွဲများ မကျင်းပမီ နှစ်နှစ်ကာလအတွင်း တိုင်းပြည်ကို ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရက ခေတ္တအုပ်ချုပ်၍ ပြုပြင်စရာတို့ကို ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း စစ်အာဏာနှင့် အမိန့်ပေးအုပ်ချုပ်မှုကို ပြည်သူတို့က မလိုလား။ သို့ဖြင့် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပသည့်အခါ စစ်ခေါင်းဆောင်တို့နှင့် လက်ဝါးရိုက်ထားသော တည်မြဲ ဖဆပလကို ပြည်သူတို့က အုံနှင့်ကျင်းနှင့် ကန့်ကွက်ခဲ့ကြပြီး သန့်ရှင်း ဖဆပလကို သွန်အော၍ ထောက်ခံလိုက်ကြသည်ကို ဗိုလ်ချုပ်နေဝင်းအတွက် အညိုးအတေးတစ်ခု ဖြစ်လာခဲ့သည်။ သို့ပေမဲ့ စစ်အာဏာရှင်စနစ်ကို လုံးဝ အလိုမရှိကြောင်း ပြည်သူတစ်ရပ်လုံးက ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခဲ့ပြီဖြစ်ရာ ဗိုလ်ချုပ်နေဝင်းအနေနှင့် ပြည်သူတို့၏ ဆန္ဒသဘောထားမပါဘဲ တိုင်းပြည်ကို အုပ်ချုပ်နိုင်ခွင့် မရှိသလို အနာဒဏ်ရာရနေပြီးသော ကျားတစ်ကောင်ဖြစ်သည့်တိုင် နောက်တစ်ကြိမ် အာဏာသိမ်းဖို့ဆိုသည်မှာ မလွယ်ကူတော့ကြောင်း ဦးနု၊ ဦးဗဆွေ၊ စပ်ခွန်ချိုနှင့် သူ အပါအဝင် နိုင်ငံရေးခေါင်းဆောင်အများစုက တွက်ဆခဲ့ကြရာ

စစ်ခေါင်းဆောင်တို့၏ နိုင်ငံရေးလှည့်ကွက်ကို သူတို့ဘက်က ကြိုမမြင် ကြ။ သူတို့တွေ ဘယ်လောက်များ မှားခဲ့ပါသလဲ၊ ငိုက်စိုက်ကျသွားသော သူ့ဦးခေါင်းကို သူ လက်သီးနှင့် အကြိမ်ကြိမ် ထိုးမိလိုက်သည်။

တကယ်ဆို ယခုလို ကံကြမ္မာဆိုးနှင့် နဖူးကျည်ပွေ့ ဒွဲဒွဲထိတွေ့စေမည့် အကြောင်းတရားက ၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းမှာပင် သူ့ဆန္ဒမပါဘဲ သို့တည်း မဟုတ် အများ၏ တောင်းဆိုမှုကို မလွန်ဆန်လို၍ ဖန်လာခဲ့ရသည်။ သီပေါနယ်မှ ရှမ်းရွာသူကြီး (၆၇) ယောက်က သူ့ကို သီပေါစော်ဘွားဘွဲ့ဖြင့် ဟော်တက်ဖို့ တောင်းဆိုခဲ့ ကြသည်။ စော်ဘွားအရာခံနိုင်သော သူ့ဖခမည်းတော်နှင့် သူ့အစ်ကိုတော်တို့ သက်ရှိ ထင်ရှား ရှိနေကြပါလျက် ဂျပန်တွေနှင့် လုပ်စားကိုင်စား ပူးပေါင်းခဲ့ကြသည့်အတွက် အင်္ဂလိပ်များ ပြန်ဝင်လာပြီးနောက်တွင်မူ သူတို့ကို စော်ဘွားအဖြစ် တင်မြှောက်ဖို့ ရှမ်း ခေါင်းဆောင်များက လက်မခံလိုကြ၊ ၎င်းတို့အစား သူ့ကိုသာ မဲတင်းခဲ့ကြရာ သူ့အနေနှင့် ပညာကိုသာ ဆက်လက်သင်ကြားဖို့ စီစဉ်ထားပြီးဖြစ်သော်လည်း ရှမ်းခေါင်းဆောင် တို့၏တောင်းဆိုမှုကို လိုက်လျော၍ ထိုနှစ် ၁၉၄၇ မှာပင် သီပေါ၏ စော်ဘွားအဖြစ် တင်မြှောက်၍ ဟော်နန်းသိမ်းပွဲ ကျင်းပခဲ့ရသည်။ သည့်နောက် နိုင်ငံရေးလောကထဲ ရောက်မှန်းမသိ ရောက်လာသော သူ၏ ခြေလှမ်းများ။ သူ မှားသလား၊ သူ မှန်သလား တွေးရင်းနှင့် တစ်ခေါင်းလုံး အုံခဲလာသည်။

*"တော်ပြီ ဆက်မတွေးတာပဲ ကောင်းတယ်"*

အတိတ်ကို သံသယနှင့် အပြစ်ဖို့နေမည်ဆိုလျှင် စိတ်ဓာတ်ခွန်အားတွေကို အချည်းနှီး ဖြုန်းတီးရာရောက်ပေလိမ့်မည်။ ယခုအချိန်မှာ ခွန်အားတွေကို နည်းနည်းမှ အပွန်းအပဲ့ ခံ၍မဖြစ်၊ မနက်ဖြန် မကောင်းဆိုးဝါးတွေနှင့် နလုံးရည်တိုက်ပွဲ နွှဲရပေဦးမည်။ ယခု သူ့စိတ်ကို စုစည်းထားနိုင်မည့် စာအုပ်တစ်အုပ်လောက်ရှိရင် ကောင်းမည်ဟု စဉ်းစားမိသည်။ စာအုပ်စာတမ်းများ ထည့်ထားသော သူ၏ လက်စွဲသေတ္တာငယ်လေး လည်း ယခု သူ့နားမှာမရှိတော့။ သူ့ကို ဗထူးမြို့သို့ ဖမ်းဆီးခေါ်လာစဉ်ကပင် သူတို့လက် ထဲ ပါသွားလေပြီ။ ရန်ကုန်တွင်ရှိနေစဉ်ဖြစ်စေ၊ သူ့အနေနှင့် လေယာဉ်ပေါ်မှာဖြစ်စေ အချိန်အားသည်နှင့် စာအုပ်နှင့်မျက်နှာ အပ်နေတတ်သည်။ ယခုတလော ဘော်ကြိုဆား စိမ်ကိန်းနှင့် ပတ်သက်ပြီး အသေးစိတ် လေ့လာနေခဲ့ရာ သီပေါသို့ သူပြန်ရောက်လျှင် ရောက်ချင်း အဆိုပါစီမံကိန်းကို စတင် အကောင်အထည်ဖော်တော့မည်ဖြစ်သည်။ ရှမ်းပြည်သို့ ပြည်မမှ ဆားတင်ပို့မှုများ ပုံမှန်ရှိလာခဲ့သော်လည်း တစ်ခါတစ်ရံ အဆက်ပြတ်

တောက်သွားသည့်အခါများတွင် ဘော်ကြိုဆားတွင်းထွက် ဆားများကို သုံးစွဲကြရသည်။ ဘော်ကြိုဆားတွင်းများမှာ ရှေးပဝေသဏီ နှစ်ရာပေါင်းများစွာကတည်းက ထုတ်ယူသုံးစွဲလာခဲ့ကြပါသော်လည်း တွင်းထွက်ဆားထဲတွင် မဂ္ဂနီဆီယမ်ကလိုရိုက် ရာခိုင်နှုန်းမြင့်နေသည့်အတွက် အခါးဓါတ်များနေရာ ၎င်းကို ခေတ်မီစက်ကရိယာများဖြင့် သန့်စင်ရမည် ဖြစ်သည်။ သန့်စင်ရေးအတွက် နိုင်ငံခြားမှ မှာယူထားသော စက်ကရိယာကြီးများလည်း ယခု လမ်းခုလတ်တွင် ရောက်နေပြီဖြစ်ရာ သီပေါသို့ သူပြန်ရောက်သည်နှင့် ဆားထုတ်လုပ်ရေး စီမံကိန်းကြီး စတင်ရတော့မည်ဖြစ်၍ မကြာမီမှာပင် မြောက်ပိုင်းရှမ်းပြည်တစ်ပြည်လုံးအတွက် ဆားသုံးစွဲမှုကို ဖူလုံစွာ ထုတ်လုပ်ပေးနိုင်တော့မှာဖြစ်သည်။

သူနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်နေဝင်းဘက်က မကြာခဏ ပြိမ်းခြောက်မှုများရှိနေတတ်ပြီး တစ်နေ့နေ့ သူ့ကို အကြီးအကျယ် ဒုက္ခပေးတော့မည့် အနေအထားတွေကို သူ ပြန်သတိရနေသည်။

ပြီးခဲ့သည့်နှစ်က ရန်ကုန်တွင် ပါလီမန် အစည်းအဝေးတက်ရန်ရှိသည့်အတွက် လားရှိုးလေဆိပ်မှ ထွက်ခွာဖို့ သူ စောင့်နေသည်။ ထိုနေ့က သောကြာနေ့ဖြစ်သည်။ လေယာဉ်ပေါ်တက်ခါနီးဆဲဆဲမှ လေဆိပ်သို့ ဂျစ်ကားတစ်စီး ကသောကမျောနှင့် ရောက်လာပြီး ရှမ်းပြည်ကော်မရှင်နာထံမှ ပေးလိုက်သောစာကို သူ၏ အတွင်းရေးမှူးက ထုတ်ပေးရာ စာတွင် ယခု ရန်ကုန်သို့ လိုက်ပါမည့်ခရီးစဉ်ကို အမျိုးသားလုံခြုံရေးအကြောင်းပြချက်ဖြင့် ရွှေ့ဆိုင်းဖို့ တရားဝင် ပန်ကြားထားသလို လူချင်းတွေ့ဆုံ၍ ရှင်းလင်းပြလိုပါသည်ဟုလည်း ကော်မရှင်နာက ရေးသားထားသည်။ သို့ဖြင့် လေယာဉ်ပိုက်လော့များကို သူ ပြန်လာမှ လေယာဉ်ထွက်ဖို့ပြောဆိုပြီး ကော်မရှင်နာရုံးခန်းသို့ မော်တော်ကားကို သွက်သွက်မောင်း၍ ထွက်လာခဲ့ရသည်။ လေယာဉ်ပိုက်လော့များကလည်း ယခုလို လားရှိုးမှာ အချိန်ကြာကြာနေရလေ အကြိုက်တွေ့ကြသည်မှာ ပြည်မတွင် ဘာသာရေးအကြောင်းပြချက်ကြောင့် အမဲသားရောင်းချခွင့် ကို ပိတ်ထားရာ လားရှိုးဈေးသို့ ပြေး၍ အမဲသား ဝယ်ချင်နေကြသည်။

ကော်မရှင်နာရုံးခန်းသို့ ရောက်သည့်အခါ ကော်မရှင်နာ ဦးဟာန်က အခန်းဝတွင် သူတို့ကို စောင့်မျှော်နေသည်။

*"သူစန္ဒီကို ကျနော့်မရီးတစ်ယောက်က အဖော်လုပ်ပေးပါလိမ့်မယ်၊ ကျနော်တို့ နှစ်ယောက် စကားပြောကြတာပေါ့"*

*"ရပါတယ်၊ သူလည်း ကျနော်နဲ့အတူ နေပါလိမ့်မယ်၊ ကဲ...ဘာကြောင့်*

*ဒီနေ့ ကျနော် ရန်ကုန်ကို မသွားသင့်သလဲဆိုတာ ရှင်းပါဦး"*

စိုင်းက ပြောပြီး သုစန္ဒီလက်ကိုဆွဲရင်း ကော်မရှင်နာရုံးခန်းထဲသို့ ဝင်လိုက်သည်။ အမျိုးသားလုံးခြုံရေးဟု စာထဲမှာ ရေးသားထားသော်လည်း လက်တွေ့တွင်မူ လေးနက်မှု၊ တည်ကြည်မှုမရှိဘဲ ရယ်ရယ်မောမော ပြောနေသော ကော်မရှင်နာ၏ လေသံနှင့် ဟန်ကိုမြင်ရသည့်အခါ စိုင်း သံသယဖြစ်လာသည်။

*"ဟိုးမှာ လေယာဉ်ပိုက်လေ့တွေက ကျုပ်တို့ကို စောင့်နေရတယ်၊ ခင်ဗျား ဘာပြောချင်တာလဲ"*

*"ဒီကနေ့ လေယာဉ်နဲ့ ရန်ကုန်သွားဖို့ စော်ဘွားလေးကို ကျွန်တော် ခွင့်ပြုလို့ မရဘူး"*

ကော်မရှင်နာက အထူးအဆန်းမဟုတ်သလိုသဘောဖြင့် မေတ္တာရပ်ခံနေရာ စိုင်းအနေဖြင့် ယုံနိုင်စရာပင်မရှိ။

*"ဘာကြောင့်လဲဗျ"*

*"ဘာကြောင့်လဲဆိုတော့ မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးချစ်မြိုင်က ဒီနေ့ လေယာဉ်နဲ့ ရန်ကုန်ကိုသွားရမယ်၊ သူ့ရဲ့လုံခြုံရေးအရ စော်ဘွားလေးနဲ့ လေယာဉ် တစ်စီးထဲ စီးရမှာ သူ ကြောက်တယ်လို့ပြောပါတယ်၊ ပြီးတော့ သူတက်ရမယ့် တပ်မှူးများ အစည်းအဝေးပွဲက စော်ဘွားလေးတက်ရမယ့် ပါလီမန်ထက် အရေးကြီးတယ်၊ ဒါကြောင့် နောက်တစ်ပတ် ကြာသပတေးလေယာဉ်နဲ့ကျမှ စော်ဘွားလေး ရန်ကုန်သွားဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်"*

*"ဒီလောက်တောင် ခင်ဗျားတို့ဘက်က စိုးရိမ်ဖို့ မသင့်ပါဘူး"*

စိုင်းက ဒေါသတကြီးနှင့် ဆက်ပြောသည်။

*"ကျုပ်မှာ ဘာလက်နက်မှ မပါဘူး၊ ဘယ်သူ့ကိုမှလည်း မခြိမ်းခြောက်ခဲ့ဖူးဘူး၊ ဒီလေယာဉ်နဲ့ပဲ ကျုပ်လိုက်မယ်၊ လက်နက်မရှိတဲ့ ပါလီမန်အမတ်တစ်ယောက်ကို ဗိုလ်မှူးကြီးတစ်ယောက်က ကြောက်နေတယ်ဆိုရင်တော့ အဲဒါ သူ့ကိစ္စပဲ၊ ကျုပ်ကိစ္စ မဟုတ်ဘူး"*

ကော်မရှင်နာကို ရွံမုန်းတီးမှုနှင့် တစ်ချက်ကြည့်လိုက်ပြီး သုစန္ဒီလက်ကို ဆွဲကာ အပြင်ထွက်ဖို့ စိုင်း ဟန်ပြင်လိုက်သည်။

*"ကျွန်တော် ပြောတာကို နားထောင်ပါ စော်ဘွားလေး၊ ဗဟာစစ်ဝာပ်က အရာရှိတွေ မငေ့ကျနပ်ရင် အားလုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်"*

ကော်မရှင်နာက တံခါးအနီးသို့ အူယားဖားယား ပြေးလာပြီး စိုင်းတို့ဇနီးမောင်နှံကို ထွက်မသွားဖို့ တားမြစ်နေရာ စိုင်းက နေရာမှာပင် ရပ်လိုက်သည်။

*"ကောင်းပြီ ဒါဆိုရင် အခု ကျုပ်ကို ခင်ဗျား ပြောတဲ့အတိုင်း စာရေးပေးရမယ်"*

*"ရပါစေမယ်၊ စော်ဘွားလေးရှေ့မှာပဲ ကျွန်တော် ရေးပါ့မယ်"*

စာရပြီးသည်နှင့် လေယာဉ်ကို သူမပါဘဲ ထွက်သွားဖို့ ပြောခိုင်းလိုက်ပြီး သီပေါသို့ ပြန်လာခဲ့သည်။ ကော်မရှင်နာထံမှ စာကား ဗမာစစ်တပ်က သူ့ကို အနှောင့်အယှက် အမျိုးမျိုးပေးနေသည်ကို ဖော်ပြနေသော မှတ်တမ်းတစ်ခုပင် ဖြစ်ပါ၏။

သီပေါသို့ အပြန်ခရီးတွင် လုံခြုံရေးဂျစ်ကားနောက်မှ သူတို့၏မော်တော်ကား လိုက်ပါလာပြီး တောနက်ဧရိယာအတွင်း ဝင်ရောက်လာသည်နှင့် နောက်မှ ရိုင်ဖယ် သေနတ်သံများ ကြားလိုက်ရာ သုစန္ဒီကို ထိုင်ခုံအောက်တွင် အတင်းဝပ်ခိုင်းပြီး မော်တော်ကားကို အရှိန်မြှင့်ဖို့ ဒရိုင်ဘာကို စိုင်း ကုန်းအော်လိုက်သည်။ မော်တော်ကား အရှိန်မြှင့်လိုက်သည်နှင့် နောက်မှ ကျည်ဆန်များကလည်း တရွှီးရွှီးနှင့် ပျံဝဲလာကြပြီး မော်တော်ကား ကိုယ်ထည်ပေါ် စုပြုံကျလာကြသည်။ ရှေ့မှ ဂျစ်ကားကို သူတို့မော်တော်ကား မီလာသည့်အခါ နောက်ဘက်သို့ ကြည့်လိုက်သော်လည်း လိုက်ပါလာသူ တစ်ကောင်တစ်မြီးမျှ မတွေ့ရ။ ထူထဲသော တောအုပ်ကြီးအတွင်း အလွယ်တကူ တိုးဝင်ပျောက်ကွယ်သွားပေလိမ့်မည်။ တကယ်မူ ဤတစ်ကြိမ်သာ မဟုတ်၊ သီပေါသို့ အပြန်ခရီးတစ်လျှောက် သူ့အတွက် ပြောမပြနိုင်သော အန္တရာယ်တစ်ခုခု စောင့်ဆိုင်းနေသည်ကို စိုင်း စိတ်ထဲက သိနေသည်။ အကယ်၍ သူ ဆုံးဖြတ်ချက်တွေကို တစ်က ပြန်စလို့ရမည်ဆိုပါလျှင် ပထမဆုံး ရှမ်းလက်နက်ကိုင်ခေါင်းဆောင်များနှင့် လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကို စိုင်း မြင်ယောင်နေသည်။ ရှမ်းအမျိုးသား လက်နက်ကိုင်တော်လှန်ရေးကြီးတစ်ခုလုံးကိုဦးဆောင်ဖို့ အားလုံးက သူ့ကို တိုက်တွန်းခဲ့ကြသည်။ ခေါင်းဆောင်မှုကို သူ့လက်ထဲ ယုံယုံကြည်ကြည် အပ်နှံကြသည်။ သို့တိုင် လက်နက်ကိုင်တော်လှန်ရေးကို ထိုစဉ်က သူ မယုံကြည်၊ ရှမ်းအမျိုးသားတို့၏ ဆုံးရှုံးနစ်နာမှုများနှင့် ရပိုင်ခွင့်တို့ကို ပါလီမန်မှတစ်ဆင့် တောင်းဆိုခြင်းသည်သာ မှန်ကန်သောအဖြေ ဖြစ်သည်ဟူ၍ ခေါင်းဆောင်မှုကို သူ ငြင်းပယ်ခဲ့ရာ ယခုမူ အမှားကြီး မှားခဲ့လေပြီ။

ဝါးနင်းကြမ်းပေါ်တွင် မတ်တတ်ရပ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်ရာ တကျွီကျွီ မြည်သံနှင့်အတူ ရှေ့နောက် ခြေလှမ်းလေးလှမ်းမျှ လျှောက်ပြီးတိုင်း နောက်ကို ပြန်လှည့်နေရသည်။ တွန့်ကြေညစ်ပေနေသော ဝတ်စုံကို သူ ငုံ့ကြည့်နေမိ

သည်။ ရေမချိုး။ အဝတ်မလဲဘဲ အိပ်မက်ဆိုးကြီးနှင့် နပန်းလုံးနေရသည်မှာ ၄၈ နာရီမျှ ကြာခဲ့ပြီ။ ယခုအချိန်မှာ ကြက်သီးနွေးနွေး ရေပန်းကလေးဖြင့် တစ်ကိုယ်လုံးကို ဖိမ်ချိုးပစ်လိုက်ချင်စမ်းပါဘိ။ သို့ပေမဲ့ သူ့အတွက် ရနိုင်သည်က အစောင့်များက သူ့ထံပို့ပေးထားသော ကရားထဲမှ ရေနွေးကြမ်းမျှသာ။

"*ဘယ်လိုပဲဖြစ်ဖြစ် အသက်ရှင်ဖို့အတွက် ငါ့မှာ အခွင့်အရေးတစ်ခုရှိရမယ်*"

တစ်ခါ သည်စကားကိုပင် သူ ထပ်ပြောနေမိပြန်ပါ၏။

ထိုတစ်ညက မြက်ဖျာလေးပေါ်တွင် မှေးခနဲ စိုင်း အိပ်ပျော်သွားပြီး နမ့်တူမြစ်ကို သစ်လုံးထွင်း လှေငယ်တစ်စီးဖြင့် သူ ဖြတ်ကူးနေသည်။ လှေ၏ဦးပိုင်းတွင်မူ လှေနံရံကို မို့မို့ဖောင်းဖောင်း လက်ကလေးတွေနှင့် ဆုပ်ကိုင်ရင်း လိုက်ပါလာသော သမီးငယ်နှစ်ယောက်၊ နေရောင်အောက်တွင် နက်မှောင်သော သူတို့ဆံပင်လေးတွေက လက်လက်ပြေးနေသည်။

"*ကျုပ်တို့သားအဖတွေကို လိမ္မော်စိုက်ခင်းတွေဆီ ပို့ပေးပါဗျို့*"

ပဲ့ကိုင်လျက် လော်ခတ်လာသော ကုလားမကို စိုင်း ပြောလိုက်သည်။ မြစ်လယ်အရောက်တွင် သမီးငယ်နှစ်ယောက်တို့က '*မိုတ်တုတ် မိုတ်တုတ် ကြယ်ကလေး*' သီချင်းကို သံပြိုင်သီဆိုကြရာ စိုင်းလည်း သမီးငယ်တို့နှင့်အတူ လွတ်လပ်ပေါ့ပါးစွာ လိုက်ပါ သီဆိုလိုက်သည့်အခါ သူတို့သီချင်းသံများက နမ့်တူ၏ မြစ်ကမ်းနဖူးများအထိ လွင့်ပြန့်ရိုက်ခတ်သွားတော့သည်။ ပျော်ရွှင်စရာ ဤခရီးကို စိုင်း အဆုံးမသတ်စေချင်သလို မြစ်ရေပြင်၏ လှိုင်းကြက်ခွပ်လေများကလည်း သူတို့လှေကို ဟိုမှာဘက်ကမ်းဆီ ထမ်းခေါ်သွားကြပါသော်လည်း ကမ်းကား မရောက်။ ပို၍ ပို၍ ဝေးရာဆီသို့ ပြေးသွားနေဟန်တူသည်။

"*ပါးပါး သမီး အိပ်ပြန်ချင်တယ်*"

သမီးငယ် မာယာဒေဝီ၏စကားသံကြောင့် သီချင်းသံတွေ တဲတဲဆိတ်သွားပြီး ကြောက်ရွံ့ထိတ်လန့်နေသော သမီးငယ်၏မျက်နှာကို တွေ့လိုက်ရသည်တွင် စိုင်း၏ကောင်းကင်ဘုံအိပ်မက်လေးသည်လည်း ဖျတ်ခနဲ ပေါက်ကွဲ၍ တုန်လှုပ်မေ့ဟိုက်စွာ နိုးထခဲ့ရပါ၏။ မျက်လုံးတို့ကို ဖွင့်လိုက်သော်လည်း မှောင်နှင့်မည်းမည်း။ အိပ်မက်ထဲက



သီပေါစော်ဘွား စဝ်ကြာဆိုင်၊ မဟာဒေဝီ စဝ်သုစန္ဒီ
သမီး မာယာရီနှင့် ကီနှရီ

ပျော်ရွှင်ကြည်နူးစရာ ခံစားမှုကို မက်မူးစွာနှင့် မျက်လုံးအစုံကို ကပျာကယာ ပြန်ပိတ်လိုက်မိသည်။

ချစ်စရာ သမီးငယ်နှစ်ယောက်ကို ပြောမပြတတ်အောင် စိုင်း ချစ်ပါ၏။ အိပ်မက်ဆိုသော်လည်း သူတို့နှင့်အတူရှိနေသလို ခံစားလိုက်ရပါသော တစ်ခဏတွင်မှ သူ့ရင်ကို အေးမြစေခဲ့ပါ၏။ စံအိမ်တော်ကို သူ ပြန်ရောက်သည့်အခါတိုင်း သမီးငယ်တို့က ပြေး၍ ပွေ့ဖက်ကြိုဆိုကြသည်ကို မြင်ယောင်နေမိသည်။ သုံးနှစ်အရွယ် သမီးငယ်က မကြာခဏ အပြင်သွားနေရကောင်းလားဟု မျက်နှာရိပ်မျက်နှာခြည်နှင့် သူ့ကို ရန်တွေ့သည့်အခါ အားပါးတရ ရယ်မောရင်း သမီးလေးကို ပွေ့ဖက်ခဲ့ပါ၏။ နံနက်စောစော သမီးငယ်နှင့်အတူ ဘုရားခန်းသို့သွားပြီး ဝတ်ပြုကြမြဲ၊ ပြီးနောက် သုစန္ဒီနှင့် သမီးကြီးတို့ကို အိပ်ရာမှနှိုးကာ နံနက်စာကို အတူစားကြမြဲ။ သူကိုယ်တိုင် မရရှိခဲ့သော နွေးထွေး၍ လုံခြုံမှုရှိသော မိသားစုဘဝကို သမီးငယ်တို့ ပိုင်ဆိုင်ကြသည့်အတွက် စိုင်း ကျေနပ်ရပါ၏။ သူ၏ငယ်ဘဝ ယနေ့နှင့်မူ မိခင်၏အငွေ့အသက်ကို မဆိုထားဘိ၊ မိခင်၏ရုပ်ပုံလွှာကိုပင် ရေးရေးမျှ မမှတ်မိ၊ သူ့အသက် (၂) နှစ် တွင် မိခင်ကွယ်လွန်ခဲ့ပြီး မိထွေးကိုသာ အမေ လုပ်နေခဲ့ရသော်လည်း သူ့အသက် (၁၂) နှစ်အရွယ်တွင်မူ မိထွေးလည်း ဆုံးပါးသွားပြန်ရာ ထိုအချိန်မှစ၍ အိမ်ရယ်လို့ ခေါ်စရာ သူ့အတွက် နေရာမရှိ၊ ဖခင်ဖြစ်သူက မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူရင်း ကလေးတွေကို ဘကြီး၊ ဘလေး၊ ဒွေးကြီး၊ ဒွေးလေး တို့က အလျဉ်းသင့်သလို မွေးမြူလာခဲ့ရသည်။ ဖခင်ဘဝနှင့် သမီးနှစ်ယောက် ရလာသည့်အခါ သူ၏ငယ်ဘဝ အတွေးများ ပြန်လည် အသက်ဝင်လှုပ်ရှားလာပြီး စံအိမ်တော်တစ်အိမ်လုံး သမီး ငယ်တို့၏ ရယ်သံလွင်လွင်တို့ဖြင့် စီဝီဝေဝေ ရှိလာသည့်အခါတွင်မူ ထိုထိုသောအတွေးများက ယခု သူ့ရင်ကို ကွဲကြေမတတ် ခံစားနေရပါသည်။ မျှော်လင့်ချက်လမ်း ဘယ်မမြင်ရပါသော်လည်း အိမ်ကို စိုင်း လွမ်းလှပါချေပြီ။

# အခန်း (၉)

စံအိမ်တော်ကြီး၏ လေသာဆောင် သုစန္ဒီ နံဘေးမှ လွတ်နေသော ပက်လက်ကြိမ်ကုလားထိုင်တစ်လုံးကား အခန်းကျယ်ကြီးထဲတွင် ထီးထီးငုတ်တုတ်။ ယခင်က ရန်ကုန်နှင့်တောင်ကြီးမြို့များသို့ စိုင်းတစ်ယောက် အလုပ်ကိစ္စနှင့် ညဥ့်အိပ်ညဥ့်နေ ရောက်နေသည်ဖြစ်၍ ဤပက်လက်ကြိမ်ကုလားထိုင်သည် လွတ်နေခြင်းမျိုးမဟုတ်။ ယခု သခင်မဲ့နေသော ကုလားထိုင်ကမူ အဓိပ္ပာယ်တစ်မျိုး ထွက်နေသည်။ သူမ နှလုံးသားနှင့် တိုက်ရိုက် ထိတွေ့လိုက်ရပါသော ခံစားချက်အရ ပြောပါဆိုလျှင် ကုလားထိုင်ပေါ်တွင် ထိတ်လန့်ဖွယ်ရာ တစ်စုံတစ်ခု ထိုင်နေသလို ခံစားမိလိုက်သည်။ စိုင်း ရှိနေသော နေရာကို သူမ စိတ်အာရုံထဲ မြင်လာနိုးဖြင့် မျက်လုံးအစုံကို သုစန္ဒီ မှိတ်လိုက်သည်။ သည်လို မဖြစ်နိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ။ သီပေါရောက်ပြီး များမကြာမီမှာပင် သဘာဝလွန် အဖြစ်အပျက်တွေကို သူမ ကြားခဲ့ရရုံသာမက မျက်လုံးနှင့်ပင် တတ်အပ်မြင်ခဲ့ရပေါင်းများပြီး ယခုလို သဘာဝလွန် အဖြစ်အပျက်ကို မဆိုထားနှင့် နက္ခတ္တဗေဒလို ပညာရပ်များကိုပင် မယုံကြည်စရာ ပညာရပ်အဖြစ် သတ်မှတ်ထားသော ဩစတြေးလျလို နိုင်ငံသူတစ်ယောက်အနေနှင့် စစဦး နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ရသည့်အခါ မယုံခက်ခက် ယုံခက်ခက် ရှိခဲ့ပါသော်လည်း နှောင်းပိုင်းတွင်မူ ရှမ်းလူနေမှုဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လက်ခံလာခဲ့သည်။

ယနေ့မနက်မှာပင် စိုင်း၏ဇာတာခွင်ကို စစ်ဆေးလိုသဖြင့် ဗေဒင်ဆရာကြီး ဦးဘဟန်ကို အခေါ်လွှတ်ထားသော်လည်း ယခုအချိန်အထိ ပေါ်မလာ၊ သုစန္ဒီ စိတ်မရှည်ချင်တော့။ တစ်အိုးတစ်အောင့်အကြာတွင် အခေါ်လွှတ်လိုက်သူ တစ်ယောက်တည်း ပြန်ရောက်လာပြီး ဗမာလက်နက်ကိုင် စစ်သားများ စောင့်ကြပ်ထားသော အရှေ့ဟော်နန်း

ဂိတ်ဝကို ဝင်ရမှာကြောက်သည့်အတွက် လိုက်ပါမလာကြောင်းသာ သတင်းစကားပါလာရာ လျောင်ပြုံးတစ်ချက် ပြုံးလိုက်မိသည်။ သစ္စာစောင့်သိပါသည်ဆိုသူတို့၏ သစ္စာတရားတို့သည်ကား အဘယ်မျှ လွင့်လွယ် ပျောက်လွယ် ရှိလိုက်ပါသလဲ၊ သို့ပေမဲ့ သူမ စိတ်မဆိုးပါ။ အရှေ့ပော်စံအိမ်တော်သို့ နိုင်ငံခြား သံတမန်များ၊ သို့တည်းမဟုတ် နိုင်ငံခြားသား ဧည့်သည်၊ ဆောင်သည်တို့ အလည်အပတ် ရောက်လာပြီး ဗမာပြည်ရောက် အမှတ်တရအဖြစ် သူတို့ဇာတာခွင်ကို တွက်ချက်လိုကြသည့်အခါများတွင် ဗေဒင်ဆရာ ဦးဘဟန်တစ်ယောက် ပော်နန်းသို့ အခေါ်လွှတ်၍ ရောက်လာရမြဲ။ ထိုရောအခါ ဦးဘဟန်မှာ အင်္ဂလိပ်စကား မတတ်သည့်အတွက် သုစန္ဒီကပင် သူတို့ကြားတွင် စကားပြန်လုပ်ပေးခဲ့ရသည်များရှိရာ တစ်ခါက အဖြစ်အပျက်တစ်ခုကို ဖျတ်ခနဲ သတိရမိ၍ သူမ တစ်ချက် ပြုံးမိလိုက်သည်။

တစ်ခါသော် ဥရောပတိုင်းပြည်တစ်ပြည်မှ သံမှူးတစ်ယောက် ပော်နန်းသို့ အလည်ရောက်လာသည်။ သူနှင့်အတူ သူ့ဇနီးဆိုသူလည်း ပါလာသည်။ သူ့ဇနီးမှာ အသက်ငယ်ပြီး ယောက်ျားတွေကျလောက်သော ရုပ်ရည်ရှိသည်။ သံမှူးမှာ ရန်ကုန်တွင် ရှိစဉ်ကပင် ဦးဘဟန်၏ ထန်းပေရွက်ပေါ်တွင် ရေးထားသော ဇာတာခွင်တစ်ခုကို မြင်တွေ့ဖူးပြီး ပေရွက်ပေါ်တွင် အနုစိတ် ရေးသားထားသော ဦးဘဟန်လက်ရာကို နှစ်သက်၍ သူ့အတွက် ကိုယ်တိုင် ရောက်လာခဲ့သူဖြစ်သည်။ သို့သော် ဦးဘဟန်ကို သံမှူးနှင့် ဇနီးတို့က မေးကြမြန်းကြသည်တွင် သုစန္ဒီက ဘာသာပြန် တာဝန်ယူပေးရပြန်သည်။ ထိုအချိန်တွင် စိုင်းက ကိစ္စတစ်ခုနှင့် အပြင်ရောက်နေသည်။ သံမှူး၏ မွေးသက္ကရာဇ်၊ နေ့ရက်၊ နာရီ၊ နေရာ အတိအကျကို မေးပြီး စာရွက်တစ်ရွက်ပေါ်တွင်မှ တောင်ခြစ်၊ မြောက်ခြစ် ခြစ်ပြီးသည်နှင့် . . .

*"အခု သူနဲ့အတူရှိနေတဲ့ မိန်းမဟာ သူ့မိန်းမ မဟုတ်ဘူး"*

တည့်တိုးကြီးပြောလိုက်ရာ သုစန္ဒီလည်း တစ်ဖက်မှ လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေသော သံမှူးနှင့် သူ့ဇနီးကို ဘာသာပြန်ဖို့ အကျပ်တွေ့ပါလေတော့သည်။

*"ဟုတ်မှ ဟုတ်ပါ့မလား ဦးဘဟန်ရယ်၊ သူတို့က ရန်ကုန်မှာ အတူနေကြတာ သုံးနှစ်တောင်ရှိပြီပဲ၊ သံတမန် အသိုက်အဝန်းတစ်ခုလုံးကလည်း သိထားကြပါတယ်"*

*"ကျွန်တော်ပြောတာ ယုံပါ မဟာဒေဝီ၊ သူ့မိန်းမက အခြား တစ်နိုင်ငံ ရောက်နေတယ်၊ ဒီဥစ္စာက အတုပါ"*

*"ခက်လိုက်ပါလား ဦးဘဟန်ရယ်"*

*"သူ ဘာပြောနေတာလဲ"*

ဟု သံမှူးက စိတ်မရှည်စွာနှင့် သုစန္ဒီကို မေးတော့ သံမှူးက ကမ္ဘာ့နိုင်ငံ အတော်များများဆီ ခရီးသွားခဲ့သူဖြစ်ကြောင်း၊ အိမ်ထောင်ရေး၊ ကျန်းမာရေးကိစ္စ များနှင့်ပတ်သက်ပြီး အထူးကောင်းမွန်ကြောင်း ဦးဘဟန်၏အပြောကို အမှန်အတိုင်း ဘာသာမပြန်ဘဲ ဖလောဖလံလုပ်၍ ပြန်ပြောလိုက်ရသည်။ ညီသည်တို့ ပြန်သွား သော်လည်း ဤကိစ္စကို မည်သူ့ကိုမျှ သူမ မပြော။ လူတစ်ဖက်သား၏ ဂုဏ်သိက္ခာကို စောင့်သိရပေမည်။ သို့ရာတွင် နောင်တစ်နှစ်ခန့်အကြာတွင်မူ သံတမန်အသိုက်အဝန်း ကြားတွင် ကျော်မကောင်း ကြားမကောင်းသော ဖြစ်ရပ်မှန် သတင်းတစ်ပုဒ် ကြားလိုက်ကြ ရာ သူ၏ ဇနီးပါဟု မိမိနှင့်မိတ်ဆက်ပေးခဲ့သူ အမျိုးသမီးမှာ သံမှူး၏ စင်စစ် တရားဝင် ဇနီးမဟုတ်၊ အပျော်မယားဟူသတတ်။ သူ၏ တရားဝင်မယားကြီးကား ဥရောပတိုင်းပြည် တစ်ပြည်တွင် ဘာသာရေးကျောင်းတစ်ကျောင်းတွင် တက်ရောက်သင်ကြားနေသည်ဟု ဆိုသည်။

စားပွဲပေါ်တွင် ချထားသော စိုင်း၏ဇာတာခွင်နှင့် ထန်းရွက်ပုရပိုက်ထုပ်လေးဆီ သုစန္ဒီ မျက်စိ ရောက်သွားသည်။ ပြောင်ချောနေသော ဝါကျင်ကျင် ပေရွက်ပေါ်တွင် ပန်းစာလုံးနှင့် ရေးသားထားသော ဇာတာခွင်တစ်ခု၊ စိုင်း၏ မွေးနှစ်၊ သက္ကရာဇ်ကို သုစန္ဒီ သိပါသော်လည်း စိုင်း၏ အနာဂတ် ကြမ္မာကိုကား မဟောတတ်။ ဤကိစ္စမှာ တတ်ကျွမ်းစွာ လေ့ကျက်ထားသော ဗေဒင်ဆရာတို့၏ အရာသာဖြစ်ရာ သက်မတစ်ချက် ကိုသာ ပင်ပန်းဆင်းရဲခြင်းကြီးစွာဖြင့် သူမ ချနိုင်ခဲ့ပါ၏။

*"ဘယ်သောင် ဘယ်ကမ်းများ ရောက်နေရှာပြီလဲ စိုင်းရယ်"*

စိုင်း ရောက်ရာအရပ်ကို အာရုံမှာ မြင်လိုက်ချင်လှပါသော်လည်း မစွမ်းသာ။ တစ်ခါက သူမ မျက်လုံးနှင့် စပ်စပ်တွေ့ခဲ့ရသလိုများ ယခု ဖြစ်လိုက်စမ်းပါဘိဟု သူမ တောင်းတမိသည်။ လွန်ခဲ့သော သုံးလေးနှစ်က ကြုံခဲ့သော ဖြစ်ရပ်တစ်ခုကို ပြန်စဉ်းစားမိသည့်အခါ မနေ့တစ်နေ့ကလို မြင်ယောင်နေဆဲ ဖြစ်ပါ၏။

❀ ❀ ❀

တစ်နေ့ စံအိမ်တော်သို့ စိုင်း ပြန်လာရာ ပေါ်တီကို*(ဆင်ဝင်)*အောက်တွင် ပေါ်နန်းဝန်ထမ်းတို့၏ ရှေ့မှပင်ထွက်၍ သုစန္ဒီ ဆီးကြိုနေမိသည်။

*"စောစောပြန်ရောက်လာတာ ဝမ်းသာလိုက်တာ စိုင်းရယ်၊ ဒီမှာ ဘာတွေ ဖြစ်သွားသလဲဆိုတာ စိုင်း မသိဘူးနော်"*

မထိတ်သာ မလန့်သာစကားတို့ဖြင့် အကြိုထောက်နေသော သုစန္ဒီကို မြင်လိုက်ရသည်နှင့် တစ်ခုခုဖြစ်နေပြီကို စိုင်း သဘောပေါက်လိုက်ချိန်မှာပင် သုစန္ဒီက စိုင်း လက်ကိုဆွဲပြီး စာကြည့်ခန်းအကွင်း သုတ်သုတ်ပြာပြာနှင့် ဆွဲခေါ်လာခဲ့သည်။ သူမ၏ လက်ဖဝါးစများက အေးစက်နေပြီး မျက်နှာမှာလည်း သွေးဆုတ်၍ ဖြူရော်ရော်ဖြစ်နေရာ အတော်ပင် ထိတ်လန့်နေသည်ဖြစ်၍ စိုင်းက သူမ ခေါ်ရာ စာကြည့်ခန်းဘက် မသွားစေဘဲ စံအိမ်တော်အရှေ့ဘက် လေသာဆောင်သို့ တွဲခေါ်လာ လိုက်သည်။

*"ဘာဖြစ်တာလဲ စန္ဒီ၊ ကိုယ့်ကို ပြောပါဦး"*

ပက်လက် ကြိမ်ကုလားထိုင်ပေါ်မှာ သူမကို သက်သောင့်သက်သာ ထိုင်စေရင်း မေးလိုက်သည်။

*"ပြောပြရင် ယုံနိုင်စရာ မရှိဘူး စိုင်း၊ တကယ့်ကို မယုံကြည်စရာပါပဲ"*

သက်မတစ်ချက်ကို လေးလေးပင်ပင်ချရင်း သုစန္ဒီ ပြောနေသည်။ သူမ၏ အကြည့်များကလည်း ဟိုး အဝေးတစ်နေရာရာကို ရောက်နေဟန်တူသည်။ ပုံမှန် မဟုတ်သော အဖြစ်အပျက်တစ်ခုနှင့် သုစန္ဒီ ရင်ဆိုင်တွေ့ခဲ့ပြီကို စိုင်း ချက်ချင်း နားလည်လိုက်သည်။ သည်လိုအဖြစ်မျိုးတွေက ရှမ်းပြည်တွင် မကြာခဏ ကြားရ ကြုံရ တတ်သော်လည်း သူမလို အနောက်တိုင်းသူတစ်ယောက်အဖို့ ချောက်ချောက် ချားချား ဖြစ်နိုင်ပါ၏။

*"ပြောပါ စန္ဒီ၊ ကိုယ် နားထောင်နေပါတယ်"*

*"ပြီးခဲ့တဲ့ တစ်နာရီ နှစ်နာရီလောက်ကပဲ စိုင်း၊ သန့်ရှင်းရေးဝန်ထမ်း အိုက်စံပေါ့၊ ကျမဆီ ရောက်လာပြီး သူ့မိန်းမ အသည်းအသန် ဖျားနေလို့ ခဏလိုက်ကြည့် ပေးပါလို့ လာပြောတယ်၊ ကျမလည်း ဆေးအိတ်လေးဆွဲပြီး သူတို့အိမ်ကို အမြန် လိုက်သွားတယ်၊ ဒါပေမဲ့ သူ့မိန်းမ အေးခမ်းက ပုံမှန် ဖြစ်နေကျရောဂါမျိုး မဟုတ် ဘူး စိုင်း"*

သူမ၏အသံက တိမ်ဝင်သွားရာ စိုင်းက သူမ ပါးနှစ်ဖက်ကို ဖွဖွလေး ဖေးရင်း ပုံမှန်အနေအထား ရောက်လာသည်အထိ စောင့်နေရသည်။

*"အေးခမ်းဟာ အင်္ဂလိပ်စကား ပြောတတ်ဖို့မပြောပါနဲ့၊ ကျောင်းတောင် တက်ဖူးတဲ့သူ မဟုတ်ဘူးဆိုတာ စိုင်း သိပါတယ်၊ ဒါပေမဲ့ သူက ကျမကိုလည်း*

မြင်ရော ငေါက်ခနဲ ထထိုင်လိုက်ပြီး အင်္ဂလန်သားတွေပြောတဲ့ အင်္ဂလိပ်စကားနဲ့ မဒမ် သူ့ကို စိတ်မပူပါနဲ့၊ မကြာခင် ကောင်းသွားမှာပါတဲ့၊ အခုလို လာကြည့်တဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်တဲ့၊ အေးခမ်းက အဲသည်လို ပြောနေပေမဲ့ ဘေးနားက လူတွေက အေးခမ်းကို နောက်နေတယ်ပဲ ထင်နေပုံရတယ်၊ ကျမ တစ်ယောက်တည်း သာ အရမ်းကြောက်လန့်နေပြီး ထွက်ပြေးချင်စိတ် ပေါက်သွားတယ်"

"ဒီတော့ စန္ဒီက ဘာလုပ်ခဲ့လဲ"

"ကျမလည်း သူနဲ့ အင်္ဂလိပ်လို ပြောနေကျလို့ပဲ သဘောထားပြီး ဘာအကူ အညီ ပေးရမလဲလို့ မေးလိုက်တော့ သူက အခုလို သူ့ဆီလာတာကပဲ ကူညီရာ ရောက်ပါတယ်တဲ့၊ ဒါနဲ့ သူ့နဖူးကို ကျမ စမ်းကြည့်တော့ ကိုယ်အပူချိန်က တော်တော် လေး မြင့်နေတယ်၊ ဒါကြောင့် ဆရာဝန် ခေါ်ပေးရမလားဆိုတော့ မလိုပါဘူးတဲ့၊ ကောင်းသွားမှာပါတဲ့၊ သူကြည့်ရတာ ကြိုးသိပြီး ပြောနေသလိုပဲ။ ဒါနဲ့ သူ့ယောက်ျား အိုက်စ်ကို အကျိုးအကြောင်း မေးကြည့်ဖို့လုပ်တုန်း အေးခမ်းက စကားပြောပြန်တယ်၊ ဒီတစ်ခါ ပြောရာမှာတော့ အင်္ဂလိပ်လိုလည်း မဟုတ်ဘူး၊ ရှမ်းနဲ့ ဗမာစကားလည်း မဟုတ်ဘူး။ ဒါပေမဲ့ အနားမှာရှိတဲ့တစ်ယောက်က သူ့ကို တရုတ်လို ပြန်ပြောလိုက် တယ်"

"နောက်တော့ ဘာဖြစ်သေးလဲ စန္ဒီ"

"အေးခမ်း အိပ်ပျော်သွားတယ် စိုင်း၊ ကျမလည်း အိမ်ပြန်လာခဲ့တယ်၊ စောစောလေးကမှ အိုက်စ် ရောက်လာပြီး အေးခမ်း နေကောင်းသွားပြီလို့ ပြောတယ်၊ သူ နိုးလာတော့ သူ ပြောခဲ့တာတွေကို ဘာမှ မမှတ်မိဘူးလို့လည်း ပြောတယ်"

"အေးခမ်း နေကောင်းသွားပြီဆိုတော့ စန္ဒီလည်း ဘာမှ စိုးရိမ်စရာ မလို တော့ပါဘူး"

စိုင်းက တယုတယ ကြည့်ရင်း ပြောလိုက်သည်။

"မဟုတ်သေးဘူးလေ စိုင်း၊ ဒီကိစ္စက ပုံမှန်မှ မဟုတ်တာ၊ အေးခမ်းကို မကောင်းဆိုးဝါးတစ်ကောင်ကောင်က ဝင်ပူးသွားတာပဲ"

"အဲဒီတော့ ဘာဖြစ်လဲ စန္ဒီ"

"ကျမ ကြောက်တယ်၊ ကျွန်မတို့လည်း သူ့လိုဖြစ်ရင် ဘယ့်နှယ်လုပ်ကြ မလဲ"

သုစန္ဒီက စိတ်နောက်ကျိစွာဖြင့် ဘယ်လက်မှ လက်စွပ်လေးကို ဆွဲချွတ်လိုက်၊

ပြန်ဝတ်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေပုံရသည်။

"ကိုယ် ပြောတာကို ယုံစမ်းပါ စန္ဒီ၊ မင်း ဘာမှ မဖြစ်ပါဘူး"

"စိုင်းက ဘာကြောင့် ပြောနိုင်ရတာလဲ"

"အတွေ့အကြုံအရ ပြောတာပေါ့ စန္ဒီရယ်၊ စန္ဒီ့ကို ကိုယ် မပြောခဲ့ပေမဲ့ ကိုယ်လည်း အဲဒီလိုဖြစ်ရပ်တွေနဲ့ ကြုံခဲ့ဖူးပါတယ်၊ ဒါကြောင့် ကြောက်စရာမလိုဘူးလို့ ကိုယ် ပြောရဲတာပေါ့၊ လောကမှာ ကိုယ်တို့လူသားတွေ နားမလည်နိုင်တာတွေ အများကြီးရှိပါသေးတယ် စန္ဒီ"

စိုင်းက သူ့စကားကို ရှေ့ဆက်ဖို့ ပြင်နေချိန်မှာပင် သုစန္ဒီက ကြားဖြတ်ပြောသည်။

"ဒါဆို စိုင်း ကိုယ်တွေ့ကြုံခဲ့ရတာကို ပြောပြပါလား စိုင်း၊ ကျမ နားထောင်ချင်တယ်"

"ကောင်းပြီလေ၊ ဒါပေမဲ့ ဒီအကြောင်းတွေကို အဲဒီအချိန်မှာ ကိုယ်နဲ့အတူရှိနေတဲ့ စဝ်ခွန်ဦးကိုတောင် ကိုယ် မပြောခဲ့ပါဘူး၊ ဒါဟာ ကိုယ့်အတွက် ပထမဆုံးအတွေ့အကြုံပါပဲ"

မျက်လုံးများက ဟိုးအဝေး အတိတ်တစ်နေရာဆီ မျှော်ကြည့်နေသလို စိုင်းမျက်နှာကလည်း တည်ငြိမ်လေးနက်သွားရာ သုစန္ဒီအဖို့ လုံခြုံသွားသလို ခံစားလိုက်ရပြီး သူမ ခေါင်းကိုငဲ့လျက် စိုင်း ပခုံးထက်သို့ မှေးတင်ထားလိုက်သည်။

"အမေရိကားကို ကိုယ်မလာခင် လအနည်းငယ်လောက်မှာ ကိုယ်နဲ့ စဝ်ခွန်ဦးတို့ တရုတ်နယ်စပ်ကို ခရီးထွက်ခဲ့ကြတယ်၊ အဲဒီဒေသမှာ ဟိုတယ်မရှိတာကြောင့် အစိုးရဌာနတစ်ခုပိုင် တစ်ထပ်အဆောက်အဦလေးတစ်ခုမှာ တည်းခိုကြရတယ်၊ ကိုယ်တို့နဲ့အတူ လုံခြုံရေးအဖွဲ့တွေ၊ စားဖိုမှူးနဲ့ ဝန်ထမ်းအချို့လည်း အတူပါလာကြတယ်၊ စားဖိုမှူးနာမည်က မာမွတ်တဲ့၊ ကိုယ်တို့ကို သူပဲ ချက်ပြုတ်ကျွေးမွေးခဲ့တာ နှစ်အတော်ကြာပါပြီ၊ နောက်ဆုံး ခရီးစဉ်အရ လားရှိုးကို ကိုယ်တို့ရောက်လာကြတယ်၊ လာရှိုးမှာလည်း အစိုးရဌာန၊ အဆောက်အဦတစ်ခုမှာပဲ တည်းခိုခဲ့ကြတယ်၊ အဲဒီညနေမှာ မာမွတ်က ကိုယ်တို့အတွက် ကြက်သားဟင်းနဲ့ ပူရီလုပ်ပြီး ကျွေးတယ်၊ သူ့ရဲ့လက်ရာက အရမ်းကောင်းလွန်းလို့ ယခုအထိ သတိရမိပါရဲ့၊ ညစာစားပြီး ကိုယ်တို့နှစ်ယောက် ဖန်မီးအိမ်ကိုယ်စီနဲ့ တစ်အောင့်တနား စာဖတ်နေကြတယ်၊ မျက်လုံးတွေညောင်းလာလို့ မီးငြိမ်း အိပ်ရာဝင်မယ်လုပ်တုန်း တံခါး ခေါက်သံကြားလို့ ဖွင့်လိုက်တော့ စိုင်းအေးဆိုတဲ့

ဝန်ထမ်းတစ်ယောက် ဖြစ်နေတယ်၊ သူက စားဖိုမှူး မာမွတ် ငှက်ဖျားရောဂါ ပြန်ထပြီး အပြင်းဖျားနေတယ်လို့ လာအကြောင်းကြားတယ်၊ ဒါနဲ့ မာမွတ်ကို ကိုယ်တို့ ဂျစ်ကားနဲ့ ဆေးရုံပို့လိုက်ကြတယ်၊ ဆေးရုံရောက်တော့ တာဝန်ကျ ဆရာဝန်နဲ့ နာ(စ်)မတွေလက်ထဲ မာမွတ်ကို သေသေချာချာ အပ်ပြီး ကိုယ်တို့ တည်းခိုဆောင်ဆီ ပြန်လာခဲ့ကြတယ်၊ မာမွတ်က အရင်ကလည်း မကြာခဏ ငှက်ဖျားတက်တတ်လေတော့ အခုတစ်ခါလည်း တက်ပြီး ပြန်ကျသွား လိမ့်မယ်လို့ ထင်ကြတယ်''

စိုင်းက စကားရပ်ရင်း ရေနွေးကြမ်းကို တစ်ငုံသောက်လိုက်ပြီး ဆက်သည်။

''တည်းခိုဆောင်ပြန်ရောက်ပြီး ကိုယ်တို့အားလုံး အိပ်ရာဝင်ကြတယ်၊ သန်းခေါင်အချိန်လောက်ရောကတော့ အခန်းတံခါးကို ခေါက်သံကြားလိုက်ရလို့ အိပ်ရာက ကိုယ် နိုးလာပြီး ဘယ်သူလဲလို့မေးတယ်၊ ဒါပေမဲ့ ဖြေသံမကြားရဘဲ တံခါးကိုသာ အဆက်မပြတ် ခေါက်နေပြန်တယ်၊ ဒါနဲ့ မီးအိမ်ကိုထွန်းပြီး တံခါးကို သွားဖွင့်လိုက်တဲ့အခါ မာမွတ်ရယ် တံခါးရှေ့မှာ တွေတွေကြီးရပ်နေတာ တွေ့လိုက်ရတယ်၊ ဘယ်လိုဖြစ်တာပါ လိမ့်ပေါ့၊ ဆေးရုံမှာ တင်ထားခဲ့တဲ့ လူနာက အခု ဘယ်လိုပြန်ရောက်နေတာလဲ မေးတော့ မာမွတ်က သူ နေကောင်းသွားပြီဆိုတာ လာပြောတာတဲ့၊ အဲသည်အချိန်မှာ စစ်ခွန်ဦးလည်း နိုးလာပြီး တံခါးနားရောက်လာတယ်၊ ဒါနဲ့ ကိုယ်တို့နှစ်ယောက် ဝိုင်းပင်ပြီး သူ့ကို ဆေးရုံပြန်ပို့ဖို့ စဉ်းစားကြတယ်၊ မာမွတ်က နေကောင်းသွားပြီလို့ ပြောနေတယ်၊ အဲဒါက သူ့ရဲ့လက်သုံးစကားပဲလေ၊ ဒါပေမဲ့ သူ့ကို စောင့်ခိုင်းပြီး ကိုယ်တို့နှစ်ယောက် ကမန်းကတမ်း အဝတ်အစားလဲပြီး ပြန်ထွက်လာချိန်မှာ မာမွတ်ကို မတွေ့ရတော့ဘူး။ ခြံဝင်းထဲ လိုက်ရှာတော့လည်း မတွေ့ဘူး။ အဲဒီအချိန်မှာ လက်ပတ်နာရီကို ကိုယ်ကြည့် လိုက်တော့ ည ၂ နာရီခွဲ''

စကားကို တစ်ပြတ် စိုင်း နားလိုက်ချိန်မှာ သုစန္ဒီက မျက်လုံးလေးအဝိုင်း သားနှင့် နားထောင်နေသည်။

''ဆေးရုံကို မာမွတ် ပြန်သွားတာပဲ ဖြစ်မယ်ပေါ့၊ ဒါကြောင့် သူ့ကို အုပ်မိ အောင် ကိုယ်တို့နှစ်ယောက် ဂျစ်ကားနဲ့ အမြန်မောင်းပြီး လိုက်သွားကြတယ်၊ ဒါပေမဲ့ ဆေးရုံသွားတဲ့လမ်းမှာလည်း မာမွတ်ကို မတွေ့ဘူး။ တခြား အနီးဆုံးလမ်းတွေမှာ လည်း မတွေ့ဘူး။ နောက်ဆုံး ကိုယ်တို့နှစ်ယောက် ဆေးရုံရောက်တဲ့အခါမှာတော့ နာ(စ်)တစ်ယောက်က အပြေးအလွှားထွက်လာပြီး မာမွတ်အတွက် စိတ်မကောင်း ကြောင်း ပြောတယ်၊ ကိုယ်တို့ကတော့ မာမွတ် အခုလိုထွက်သွားတာကို ရည်ရွယ်

ပြောတယ်အထင်နဲ့ အခု ပြန်ရောက်ပြီ မဟုတ်လား မေးတော့''

''ရှင်တို့ပြောတာ ကျမ နားမလည်ဘူး။ ကျမက ဆင်းခွင့်ပြုလိုက်တယ် ဟုတ်လား''

''ဟုတ်တယ်လေ ဒါကြောင့် ကျုပ်တို့ဆီ ပြန်လာတာပေါ့''

''ဒါဆိုရင် ရှင်တို့ တစ်ခုခု မှားနေပြီ၊ သူ့ကို လာပို့ကတည်းက ခုတင်ပေါ်မှာပဲ သူ ရှိနေပါတယ်၊ နောက်တော့ ည နှစ်နာရီခွဲမှာပဲ သူ ဆုံးသွားတယ်၊ ရှင်တို့ကိုယ်တိုင် လိုက်ကြည့်နိုင်ပါတယ်''

''ဟုတ်တယ် စန္ဒီ၊ မာမွတ်ဟာ ခုတင်ပေါ်မှာ သေဆုံးနေတာကို တွေ့လိုက်ရတယ်၊ မာမွတ်ရဲ့ခန္ဓာကိုယ်က သေဆုံးသွားပေမဲ့ သူ့ဝိညာဉ်က ကိုယ်တို့ဆီရောက်လာပြီး ကိုယ်တို့နဲ့တောင် စကားပြောသွားသေးတယ်၊ ဒါဟာ ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခုပါပဲ၊ ဒါပေမဲ့ အဲသည့်အချိန်မှာပဲ ဝိညာဉ်လောကကို မကြောက်တော့ဘူး။ သူတို့တွေဟာ ကိုယ်တို့ဝန်းကျင်မှာ အမြဲရှိနေတတ်ပေမဲ့ ကိုယ်တို့က သတိမမူမိလို့ပါ၊ သူတို့တွေဟာ ကြင်နာတတ်ပါတယ်၊ ကြည့်ခွင့်ရမယ်ဆိုရင် သူတို့ကမ္ဘာလောကကြီးကို တစ်ချက်လောက် ကိုယ်ကြည့်စမ်းချင်ပါရဲ့''

စိုင်း၏စကား အဆုံးသတ်လိုက်သည့်အခါ စိုင်းနှင့် သုစန္ဒီတို့ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ရင်း အချိန်အတော်ကြာ ထိုင်နေကြသော်လည်း စကားသံများကား တိတ်ဆိတ်လျက်။ မျက်လုံးအစုံကိုမှိတ်ရင်း စောစောက သူမ ကြုံတွေ့ခဲ့သောအဖြစ်ကို ခေါင်းထဲက ထုတ်ပစ်နိုင်သော်လည်း ကလေးဘဝက သူမကို သင်ကြားခဲ့ပါသော အသိတရားများနှင့် ယခု အရှိတရားတို့သည်ကား အံချော်နေလေပြီ။ ငယ်ငယ်က သူမ နာကြားမှတ်သားခဲ့ရပါသော ကျောင်းစာများတွင်မူ သရဲ၊ တစ္ဆေ၊ ဝိညာဉ်လောကဆိုသည်ကား ပုံပြင်တွေ၊ ဒဏ္ဍာရီတွေထဲမှာသာ ရှိသည်မဟုတ်လား။ ယဉ်ကျေးမှုအရ လက်ခံထားသော အကြောင်းအရာများမှလွဲလျှင် သဘာဝလွန်ကိစ္စတို့ကို ယုံကြည်သည်မဟုတ်၊ ယခုမူ အဆိုပါ အတားအဆီးများက ပြိုကျ သွားသလို သူမ ခံစားလိုက်ရသလို စောစောက ကြောက်စိတ်များလည်း လွင့်စင် သွားကြပါ၏။ စိုင်းက သူကိုယ်ပိုင် အတွေ့အကြုံကို ပြောပြီး သူမ၏ အကျပ်အတည်းကို ဖြေရှင်းခဲ့လေပြီဖြစ်ရာ စိုင်းလက်ကို ခပ်တင်းတင်းညှစ်ဆုပ်ကိုင်ထားလိုက်ပါ၏။

စိုင်း၏ဇာတာ ပုရပိုက်ကို မီးခံသေတ္တာထဲ ပြန်ထည့်လိုက်ပြီး ပန်းခြံကိုဖြတ်ကာ ဘုရားကျောင်းတော်ဆီ သုစန္ဒီ လျှောက်လာခဲ့သည်။ ဘုရားကျောင်းဆောင်မှာ

ဟော်နန်း၏ အရှေ့ဘက်တွင် တည်ရှိပြီးသော သီးသန့် ပျဉ်ထောင်နှစ်ထပ်အဆောက်အဦဖြစ်ပြီး အောက်ထပ်တွင် ဟော်နန်းပလ္လင်၊ ထီးဖြူများနှင့် အခြား အစီးအနင်း အဆောင်အယောင်များ ထားရာအခန်းဖြစ်ပြီး အပေါ်ထပ်တွင်မူ ဘုရားခန်းရှိသည်။ တံခါးကိုဖွင့်ပြီး လှေကားမှတစ်ဆင့် အပေါ်ထပ် လေသာဆောင်သို့ သူစန္ဒီ တက်လာသည်။ သစ်သားပွတ်လုံးထွင်း လက်ရန်းများနှင့် အပေါ်ထပ်တစ်ပြင်လုံးကို ပတ်ထားသော လေသာဆောင်ကို သူမ နှစ်သက်သည်။ ထိုနေရာမှတစ်ဆင့် အရှေ့ဘက်တွင် အစီအရီ နိမ့်ကာမြင့်ကာနှင့် စိုက်ပျိုးထားသော လှေခါးထစ် စပါးစိုက်ခင်းရာပေါင်းများစွာကို မျက်စိတဆုံး တွေ့နေရသည်။ ရေသွယ်မြောင်းကြီးများအနီးတွင် ဝဖိုင့်ဖိုင့်ကျွဲကြီးများ လှန်ထားပြီး သူတို့ကျောပေါ်တွင်မူ ဗျိုင်းတစ်ချို့ ခိုစီးနေကြသည်။ ယခုသူမ တွေ့မြင်နေရပါသော ထောင်ပေါင်းများစွာသော လယ်မြေတို့သည်ကား သီပေါစော်ဘွားအဆက်ဆက် ပိုင်ဆိုင်ခဲ့သော်လည်း စိုင်း လက်ထက်တွင်မူ အမှန်တကယ်ထွန်ယက်စိုက်ပျိုးနေကြပါသော လယ်သမားတို့လက်ထဲ အပြီးတိုင် လွှဲပြောင်းပေးခဲ့ရာ စိုင်း၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်ကို တွေးမိလေတိုင်း သူမ အကြိမ်ကြိမ်သာမှုခေါ်မိပါ၏။ အဆိုပါ မြေယာတို့ကို ပိုင်ဆိုင်ခွင့်ရသည့်နေ့မှစပြီး စိုင်းအနေနှင့် စိတ်မသက်မသာ ဖြစ်ခဲ့ရပြီး ဤကိစ္စမှာ ပဒေသရာဇ်စနစ်၏ ကုပ်သွေးစုပ်သော လုပ်ရပ်မျှသာဖြစ်ပြီး ဥစ္စာရှင်းမှာ လယ်သမားများသာဖြစ်ကြောင်း သူမကို မကြာခဏ ညည်းညူပြခဲ့သလို တစ်နေ့တွင်မူ စိုင်း ဆုံးဖြတ်ချက်ကို လက်တွေ့ အကောင်အထည်ဖော်ခဲ့လေရာ လယ်သမားထုကြီးမှာ သူတို့နားများကိုပင် သူတို့ မယုံကြည်လောက်အောင်အံ့အားသင့်ခဲ့ကြပြီး ခုန်ပေါက်၍ပင် ဝမ်းသာအယ်လဲ ပျော်ရွှင်ခဲ့ကြပါ၏။ သို့ရာတွင်မူ ပဒေသရာဇ်စော်ဘွားတစ်ယောက်အနေနှင့် ကိုယ်ကျိုးကို ဤမျှအထိ စွန့်လွှတ်ကာ လူထုအကျိုးကို ကြည့်ရကောင်းလားဟူ၍ ဗမာစစ်တပ်က စိုင်းအပေါ် သံသယပွားခဲ့ကြပြန်ပါ၏။

## အခန်း (၁၀)

လယ်ကွင်းများဆီမှ အကြည့်ကိုရုပ်ကာ အိမ်မကြီးထဲသို့ သုစန္ဒီ ပြန်ဝင်လာပြီး ဘုရားကျောင်းဆောင်ခန်းတံခါးကို ဖွင့်လိုက်ရာ ခန်းမကျယ်ကြီးအတွင်းသို့ အလင်းရောင်များ ပြည့်လျှံသွားပြီး ကျောင်းဆောင်ပေါ်တွင် ပန်းရေချမ်းတို့ဖြင့် သပ္ပာယ်စွာ စံနေတော်မူသော ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကို ဖူးတွေ့လိုက်ရသည်။ မြက်ဖျာပေါ်တွင် ပုဆစ်တုပ်ထိုင်ရင်း ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည့်နေမိရာ မျက်နှာတော်မှ ငြိမ်းချမ်းသော အငွေ့အသက်တို့ သူမထံ ကူးစက်လာသလို ခံစားလိုက်ရသည်။ အမှန်ပင် သူမရင်ထဲတွင် ပရိဒေဝသောကမီးများ တောက်လောင်နေပါသည် ဘုရား။ မျက်လုံးအစုံကိုမှိတ်၍ စိတ်၏အေးငြိမ်းရာကို သူမ ရှာမှတ်ကြည့်ရာ ဤတစ်ချိန်တည်း၌ စိုင်းလည်း ရှုမှတ်နေစဉ် သူတို့နှစ်ယောက် စိတ်ချင်းဆက်သွယ်မိလိုက်ချင်ပါ၏။

ဘုရားကျောင်းမှ ပြန်ထွက်လာသည့်အခါ ယောကျ်ားနှစ်ယောက်သုံးယောက်ဖက် ပင်စည်ကြီးနှင့် ညောင်ပင်ကြီးရှေ့တွင် သူမ ရပ်လိုက်သည်။ အရွက်အကိုင်းတို့အုပ်ဆိုင်းနေပြီး ပင်ခြေတွင် လေးတိုင်စင်နှင့် နတ်ကွန်းတစ်ခုရှိသည်။ ဟော်နန်း ဝန်ထမ်းတစ်ဦးက တစ်ပတ်လျှင်တစ်ကြိမ် စားဖွယ်ရာတို့ကို နတ်ကွန်းသို့ ပူဇော်တတ်သော်လည်း စိုင်းက မကြိုက်၊ ယခုလို နတ်ကိုးကွယ်မှုမှာ ထေရဝါဒဗုဒ္ဓဝါဒနှင့် မအပ်စပ်ဟူ၍ အမြဲကန့်ကွက်ပြောဆိုပါသော်လည်း ဝန်ထမ်းများက သူတို့ကို စောင့်ရှောက်သည်ဟု ယုံကြည်မှုဖြင့် ညောင်ပင်စောင့်နတ်ကို ပူဇော်မြဲ ပူဇော်ခဲ့ကြသည်။

ယခင်က သူမအနေနှင့် နတ်ကွန်းကို စူးစမ်းသည့်ဘာဝောနှင့်သာ ကြည့်ရှုခဲ့ဖူးသော်လည်း ယခုမှ စိုင်းနှင့် အဆက်အသွယ်ရဖို့ ကူညီပေးပါမည်ဟု ညောင်ပင်စောင့်နတ်ကြီးကို သူမ တောင်းပန်လိုက်ချင်ပါရဲ့၊ နတ်စင်ရှေ့ မြေကြီးပေါ်တွင် ကလေးငယ်

တစ်ယောက်လို သုစန္ဒီ ဒူးထောက် ထိုင်ချလိုက်သည်။

*"စိုင်းကို အကာအကွယ်ပေးပါ နတ်မင်းကြီး"*

မျက်လုံးများကိုမှိတ်ထားရင်း တစ်ခုခုကို သူမ စောင့်နေသည်။ အသက်ပင် မရှူရဲ၊ သို့ပေမဲ့ ဘာသံမှ မကြားရ၊ သူမ အာရုံထဲမှာလည်း ဘာမျှမမြင်၊ ထူးထူးခြားခြားလည်း ဘာမျှ မခံစားရ၊ ဤ၌ပင် လေပြည်အသုတ် ညောင်ရွက်တို့ လှုပ်ခတ်သံကို ကား ကြားလိုက်ရသည်။

*"ဒါသည်ပင် စိုင်းထံမှ သတင်းစကားပေပဲလား။ ဘာပဲဖြစ်ဖြစ် မကြာခင် တစ်နေ့ စိုင်း ပြန်လာမှာပါလေ"*ဟု ဖွတ်မှိတ်၍ သူမ ယုံကြည်မိလိုက်ပါ၏။

စံအိမ်တော် အိပ်ခန်းမ၏ လေသာဆောင်မှတစ်ဆင့်ကြည့်လျှင် အရှေ့ပော်နန်းသို့ ဦးတည်သွားရာလမ်းကို ရှင်းရှင်းမြင်နေရသည်။ တစ်ချိန်ချိန်တွင် စိုင်းကို လာပို့မည့် ကားတစ်စီး သို့တည်းမဟုတ် စိုင်းနှင့်ပတ်သက်သော သတင်းစကား သယ်ဆောင်လာမည့် မော်တော်ကားတစ်စီးစီး ရောက်လာလေမလားဟု လည်တဆန့်ဆန့်နှင့် သုစန္ဒီ မျှော်ခဲ့သည်မှာ နာရီပေါင်းများစွာ ရှိလေပြီ။ သို့ပေမဲ့ မော်တော်ကားဆို၍ အရိပ်အယောင်မျှပင် မမြင်၊ ပျက်စီးနေသော ပော်နန်းဟောင်းကြီးမှ ကြွင်းကျန်ခဲ့သည့် တိုင်လုံးကြီးများရှေ့တွင် ဟိုဟိုသည်သည် သွားနေသော ခွေးတစ်ကောင်နှင့် ဖြတ်သွားသော ဘိုင်စကယ်တစ်စီးကိုသာ တွေ့နေရသည်။

*"ဒုတိယကမ္ဘာစစ်ကြီးက ဖျက်ဆီးလိုက်တဲ့ အရာတွေထဲမှာ ပောဒီ ပော်နန်းကြီး ပျက်စီးသွားတာတော့ တော်တော်လေး ဝမ်းသာဖို့ကောင်းတယ်"*

တစ်ခါက ပော်နန်းအပောင်းနှင့်ပတ်သက်ပြီး စိုင်း ပြောခဲ့သည်ကို သတိရသဖြင့် သုစန္ဒီ တစ်ချက် ပြုံးမိသည်။ ပော်နန်းဟောင်းနှင့် စကားစပ်မိလေတိုင်း ဤသို့ပင် စိုင်းတစ်ယောက် တောက်တောက်ခါးခါး ပြောတတ်သည်။ ပော်နန်းအပောင်းနှင့်ပတ်သက်သော မှတ်တမ်းတင် ဓာတ်ပုံများမှာလည်း ပျောက်ပျက်သွားပြီဖြစ်၍ ပော်နန်းဟောင်းကြီး၏ပုံစံကို စိတ်ကူးနှင့်ပင် သူမ စမ်းဝါးကြည့်ခဲ့ဖူးသည်။ ကြွင်းကျန်နေသော အဆောက်အဦအောက်ခံနှင့် တိုင်လုံးကြီးတွေကို ကြည့်ခြင်းအားဖြင့် တစ်ထပ်အဆောက်အဦးဖြစ်ကြောင်း သိသာသည်။ အတွင်းပိုင်း အပြင်အဆင် အနေအထားတို့ကိုမူ ယခုတိုင် သက်ရှိထင်ရှားရှိနေသော် ကြီးတော်ကြီးဘုရားက ပြောဖူးရာ ပော်ကြီးမှာ ကြီးမားကျယ်ဝန်းသော်လည်း မှောင်ကုတ်ကုတ်နှင့် နေချင်စိတ် မရှိဟုဆိုသည်။ ဤပော်နန်းကြီးကိုဆောက်ခဲ့သူမှာ စိုင်း၏ဘကြီးတော် စပ်ခွန်ထွန်း

ဖြစ်သည်။

စဝ်ခွန်ထွန်းမှာ မန္တလေး မင်းနေပြည်တော်တွင် ကြီးပြင်း၍ အမှုထမ်းခဲ့သော်လည်း တစ်နေ့သော်အခါ သီပေါမင်းက အမျက်အအီ ရှိလာသည်ဖြစ်၍ အောက်ဗမာပြည်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။ ထိုအချိန်တွင် ရန်ကုန်မှာ ဗြိတိသျှတို့လက်ထဲ ရောက်နှင့်နေပြီဖြစ်သော်လည်း ရန်ကုန်မြို့တွင် အိမ်ကြီးရခိုင်တစ်လုံးနှင့်နေထိုင်နေသော စဝ်ခွန်ဆိုင်းမှာ ဗြိတိသျှတာတို့၏ မြို့ပြအုပ်ချုပ်ရေးဥပဒေကို နားမလည်၊ သူ့အိမ်တွင် အလုပ်လုပ်နေသော အိမ်ဖော် ယောကျ်ားဝန်ထမ်းနှစ်ဦးကို စိတ်လိုက်မာန်ပါနှင့် သတ်ပစ်လိုက်သည်။ သူသည် ပဒေသရာဇ် စော်ဘွားတစ်ဦးဖြစ်သည်နှင့်အညီ ယခုလို အိမ်ကျွန်တစ်ယောက်ကို သတ်ပစ်လိုက်ခြင်းသည် သူ့အမြင်နှင့် သူမှန်သည်ထင်သော်လည်း ဗြိတိသျှတို့ ဥပဒေအရ သူ့ကို ဖမ်းဆီးပြီး တရားစွဲဆိုခဲ့သည်။ ဥပဒေအရ ကြိုးမိန့်ပေးခဲ့ပါသော်လည်း နောက်ပိုင်းတွင်မှ ဗြိတိသျှအစိုးရက သူ့ကိုနယ်နှင်ဒဏ် ပြောင်းလဲချမှတ်လိုက်ရာ သီပေါသို့ ပြန်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်အထက်ဗမာတစ်ပြည်လုံးမှာလည်း ဗြိတိသျှတို့လက်အောက် လုံးဝ ရောက်ရှိခဲ့ပြီးဖြစ်၍စဝ်ခွန်ဆိုင်းမှာ ဗြိတိသျှအစိုးရနှင့်လက်တွဲပြီး ရှမ်းပြည် ငြိမ်ဝပ်ပိပြားမှုကို ဆောင်ရွက်ခဲ့ရာ ဝိတိုရိယဘုရင်မကြီးက ပထမဆုံး သူကောင်းပြုခံရသော စော်ဘွားတစ်ယောက်ဖြစ်လာသည်။ အင်္ဂလန်သို့ နှစ်ကြိမ်ရောက်ခဲ့ပြီး ဘုရင်မကြီးနှင့်တွေ့ဆုံခွင့် ရခဲ့သည်။ စဝ်ခွန်ဆိုင်း နောက်ဆုံး လက်ထပ်ခဲ့သော အမျိုးသမီးမှာ သီပေါဘုရင်၏ မိဖုရားတစ်ပါးဟုလည်းဆိုသည်။ ယခု သူ၏ မြေးဖြစ်သူ စဝ်ကြာဆိုင်က ဩစတြီးလျှသူတစ်ယောက်ကိုဖဟာဒေဝီမြှောက်စား၍ အရှေ့ဟော်နန်း၏ စံအိမ်တော်ပေါ်သို့ ရောက်ရှိနေပါသောသူမကို မြင်လျှင် စော်ဘွားကြီးစဝ်ခွန်ထွန်းအနေနှင့် မည်သို့ သဘောထားလိမ့်မည်ကိုသုစန္ဒီ သိချင်စမ်းပါဘိ။ စိုင်းနည်းတူ စဝ်အုံကြာမှာလည်း စော်ဘွား ကြီး၏ ဟော်နန်းကိုမနှစ်သက်ခဲ့သည့်အတွက် အင်္ဂလန်တွင် ပညာသင်ကြားပြီး ပြန်ရောက်သည်နှင့် ယခုလိုဥရောပ ဝိသုကာဒီဇိုင်းဖြင့် ဟော်နန်းအသစ်ကို ဆောက်ခဲ့ခြင်းဖြစ်ရာ သုစန္ဒီတို့ ရောက်လာချိန်တွင် အဆင်သင့်နေပြီဖြစ်ပါ၏။

စော်ဘွားများထံ အကြောင်းကိစ္စအသီးသီးဖြင့် စိုင်းနှင့်အတူ လိုက်ပါလည်ပတ်ရင်း သူတို့ဟော်နန်း အသစ်အဟောင်း အကြီးအငယ် အသွယ်သွယ်တို့ သုစန္ဒီရောက်ဖူးတွေ့ဖူးခဲ့ပေါင်းများသော်လည်း သီပေါအရှေ့ဟော်နန်း၏ ခန့်ညားလှပမှုမျိုးကို ရှိရှိသမျှ မည်သည့်ဟော်နန်းမျှ ခြေဖျားမမီ။ တစ်ခုတော့ ပြောစရာရှိသည်။

တောင်ကြီးမြို့တွင် တည်ထားသော အစိုးရအဆောက်အဦးမှာ ဖက်ဒရယ် ရှမ်းပြည်နယ်များဆိုင်ရာ ဗြိတိသျှကော်မရှင်နာမင်းကြီးရုံးထိုင်ခဲ့သော အဆောက်အဦဖြစ်သည့်အလျောက် ဝိတိုရိယဗိသုကာလက်ရာနှင့်အညီ ခန့်ညားမှုရှိသည်။ အဆောက်အဦ၏လေသာဆောင်မှ ကြည့်လိုက်ပါလျှင် ညို့ညို့စိမ်းစိမ်း တော်ကြီးမြိုင်ကြီးနှင့် လှိုင်းထနေသော တောင်တန်းများ ဝိုင်းရံလျက် လှပသော တောင်ကြီးမြို့အခင်းအပြင်ကို တွေ့နေရသည်။ ဤမှာဟိုမှာတွင်မူ စခန်းသာတွင် တွေ့ခဲ့ရသော သစ်ပင်၊ ပန်းပင်တို့ကို တွေ့နေရသည်။ အပြာရောင် ဂျာကာရမ်ဒါ၊ ပန်းနုရောင် ကက်ဆီရာ အဖြူရောင် အကာဆီးရားနှင့်ဘော်ငွေရောင် ထင်းရှူးပင်တို့ဆိုသည်မှာ ဤနေရာ ဤဒေသတွင် နေရာတိုင်း မြင်တွေ့နေရသလို ချယ်ရီ၊ မက်မုံနှင့် ပန်းသီးခြံကြီးများမှာလည်း အုံ့ဆိုင်းပွတ်ခဲနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေငါးထောင်ရှိသည်ဖြစ်၍လည်း ချမ်းအေးလှသော ရှမ်း၏ မြူနှင်းဆိုင်းနေပါသော ရာသီဥတုတွင် သုစန္ဒီ၏ ပါးမို့မို့လေးများမှာ အမြဲလိုလို နီးမြန်းနေတတ်သည်။ ပြောရလျှင် ဥရောပအငွေ့ အသက်တို့ရှိနေသော တောင်ကြီးမြို့ကိုသုမ နှစ်သက်မိသည်။

တောင်ကြီးရောက် သုစန္ဒီအတွက် နောက်ထပ် မလွဲမသွေ သွားရောက်လည်ပတ်ခဲ့သည့်နေရာမှာ အင်းလေးကန်သာဖြစ်သည်။ အင်းလေးသည် တောင်ကြီးမြို့၏အရှေ့ဘက် မိုင်သုံးဆယ်ကျော ညောင်ရွှေနယ်၏ မြေပြန့်ချိုင့်ဝှမ်းအတွင်း တည်နေရာသုမအတွက် အထူးအဆန်း စွဲဆောင်မှုတစ်ခုဖြစ်နေပြန်သည်။

ညောင်ရွှေစော်ဘွားမှာ လူမျိုးစုလွှတ်တော်၏ သဘာပတိအဖြစ် ဆောင်ရွက်နေရသည်ဖြစ်၍ ရန်ကုန်၌သာ အမြဲလိုလို ရှိနေတတ်ရာ ညောင်ရွှေဟော်နန်းကို ရွှေမျိုးသားချင်းများကပင် စောင့်ရှောက်၍ အင်းလေးသို့ လာလည်သော စော်ဘွားကြီး၏မိတ်ဆွေသင်္ဂဟတို့ကိုလည်း သူတို့ကပင် တည်ခင်းဧည့်ခံကြရသည်။

တစ်ကြိမ်တွင် စိုင်းနှင့် သုစန္ဒီတို့ တောင်ကြီးသို့ရောက်လာကြပြီး စိုင်းကအစည်းအဝေးကိစ္စဖြင့် တောင်ကြီးတွင်နေခဲ့ပြီး သုစန္ဒီကမူ ဆွေမျိုးတစ်သိုက်နှင့် အင်းသားတို့နေထိုင်ရာ အင်းလေးကန်သာသို့ အလည်ရောက်ခဲ့ကြသည်။ အစိုးရဌာန အကြီးအကဲများ၊ နိုင်ငံတော်ဧည့်သည်များ ရောက်လာသည့်အခါ အင်းလေးကန်၏ အလယ်ဗဟိုတွင်ဆောက်လုပ်ထားသော ဧည့်ရိပ်သာတွင် တည်းခိုတတ်ကြရာ မကြာသေးမီ ရက်များကပင် ယူဂိုစလားဗီးယားနိုင်ငံမှ သမ္မတ မာရှယ်တီးတိုးနှင့်အဖွဲ့ လာရောက်ခဲ့သည်ဖြစ်၍သုစန္ဒီတို့ ရောက်သွားချိန်တွင် မာရှယ်တီးတိုးကို ကြိုဆိုခဲ့ကြသော ပန်းစည်း ပန်းဆိုင်း

အပြင်အဆင်များပင် ရှိနေဆဲဖြစ်သည်။ ဤဝန်းကျင် ဤဒေသတွင် သုစန္ဒီ အံ့ဩရသည်မှာ လှော်တက်ကို ခြေတစ်ဖက်နှင့်ညှပ်လျက် မတ်တတ်ရပ်လှော်နေသော အင်းသားတို့နှင့် ကျွန်းမျှောတို့ဖြစ်သည်။ ကျွန်းမျှောကြီး များပေါ်တွင် ခြေတံရှည်အိမ်လေးများဆောက်၍ နေထိုင်နေကြသလို သစ်သီးဝလံ၊ ပန်းမာလာအမျိုးမျိုးကိုလည်း စိုက်ပျိုးထားကြသည်။ အင်းလေးကန်၏ အမြိတ်အစွန်း နဖူးတွင် တည်ထားသော ရွာအတော်များများသို့ သုစန္ဒီတို့ ရောက်ခဲ့ကြသည်။ အဆိုပါ ရွာများဆီ မော်တော်နှင့်သာ သွားနိုင်ပြီး ပိုးထည်၊ ယက်ကန်းစင်များကို၊ တွေ့တိုင်း ဝင်ကြည့်ကြသည်။ အင်းလေးပိုးထည်နှင့် လုံချည်အဆင်များမှာ ဗမာနှင့်မတူ တစ်မျိုးဆန်းသည်။ အကွက်၊ အပြောက်၊ ဒီဇိုင်းများမှာ အနုစိတ်၍ အရောင်လွင်လွင် ရှိကြရာ သုစန္ဒီတို့အပြန် မော်တော်ပေါ်တွင်မူ အင်းသားတို့လက်ရာ ပိုးထည်ခြည်ထည်တို့ တစ်လှေလုံး ပြည့်မတတ်အောင် ဝယ်ချမ်းလာခဲ့ကြသည်။ အင်းလေးအဝတ်အထည်တို့ကို သုစန္ဒီတို့သာမက မြေပြန့်သားတို့သည်လည်း တန်ဖိုးထား၍ တခုတ်တရ ဝတ်ဆင်ကြသည် မဟုတ်လား။ တစ်ရွာဝင် တစ်ရွာထွက် မော်တော်နှင့် လည်ပတ်ခဲ့ကြရာ ကိုယ်တိုင်လှေလှော်၍ ကျောင်းသွားနေကြသော ကျောင်းသူကျောင်းသားများ၊ ရေပေါ်ဈေးတွင် ရောင်းဝယ်ဖောက်ကားနေသူ အိမ်ရှင်မများ၊ မြှုံးများ၊ ယင်းများ၊ ပိုက်များဖြင့် ငါးရှာနေသူ တံငါသည်များ စသည်ဖြင့် အင်လေးရေပြင်ကျယ်ကြီးပေါ်မှာပင် နေ့စဉ်ဘဝကိစ္စဝိစ္စတို့ကို လုပ်ကိုင်နေကြပါသော အင်းသူအင်းသားတို့ကို နေရာတိုင်းမှာ တွေ့ခဲ့ရသည်။ အင်းလေးကန်ကြီး၏ ပတ်ဝန်းကျင်တွင် မြေကြီးကို ထွန်ယက် စိုက်ပျိုး၍ နေထိုင်လျက်ရှိကြပါသော တောင်ပေါ်တိုင်းရင်းသားတို့ ပိုင်းရံကာဆီးလျက် ရှိပါသော်လည်း အင်းသားတို့၏ ဘဝကံကြမ္မာသည်ကား အင်းလေးရေပြင်ပေါ်၌သာ တည်လျက်ရှိပါ၏။

နောက်နောင် စိုင်းနှင့်အတူ ယခုလို ခရီးသွားမှ သွားရတော့ပါ့မလားဟု တွေးမိသည်နှင့် သုစန္ဒီ တုန်လှုပ်ချောက်ချားရပြန်သည်။ ယခုနှစ် မကုန်မီမှာပင် ဂျပန်နှင့် အမေရိကားသို့ သူတို့နှစ်ဦး ခရီးထွက်ဖို့ စီစဉ်ထားရာ သင်္ဘောလိုင်းများကိုပင် စုံစမ်းထားပြီးဖြစ်သည်။ အမှန်မှာ မြန်မာနိုင်ငံကို ဂျပန်မှ စစ်လျော်ကြေးပေးရမည့် ကိစ္စအတွက် ဂျပန်နိုင်ငံသို့ သွားရောက်ဆွေးနွေးမှုများရှိရာ စိုင်းမှာ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်တစ်ဦး

ဖြစ်သည့်အလျောက် ဂျပန်သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ဖူးသော်လည်း ထိုစဉ်က သူမမှာ သမီးနှစ်ယောက်ကို ထိန်းကျောင်းရင်းနှင့်သာ စံအိမ်တော်တွင် ကျန်ရစ်ခဲ့ရသည်။ စိုင်းနှင့်အတူသွားခဲ့သော ခရီးများအနက် သူမအဖို့ မှတ်မှတ်ထင်ထင် ရှိခဲ့ပါသော ခရီးတစ်ခုမှာ တရုတ်ပြည်ဖြစ်သည်။ ထိုစဉ်အခါက တရုတ်နှင့်ဗမာ နယ်ခြားမျဉ်း ပြဿနာတစ်ခုဖြစ်နေပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းလျက်ရှိရာ နယ်ခြားကော်မရှင်အဖွဲ့တွင် စိုင်းလည်း တာဝန်ယူနေရသည်ဖြစ်၍ တရုတ်ဗမာ နယ်စပ်တစ်လျှောက်ထိစပ်နေသော ရှမ်းပြည်နယ်ခြားဒေသတို့ဆီ မကြာခဏ သွားရောက် စစ်ဆေးနေချိန်လည်း ဖြစ်သည်။

*"စိုင်း အခုတစ်ခေါက်မှာ ကျမလည်း လိုက်ချင်တယ်၊ တရုတ်ပြည်ကို ရောက်ဖူးချင်လို့ပါ"*

*"နယ်ခြား အဝင်အထွက်ကို ပိတ်ထားတယ် စန္ဒီ၊ ကော်မရှင်အဖွဲ့ဝင်မဟုတ်ရင် တရုတ်တွေက ဝင်ခွင့်ပေးမှာ မဟုတ်ဘူး"*

*"ကြိုးစားကြည့်ပါဦး စိုင်းရယ်"*

သုစန္ဒီက တကျိုကျို ပူဆာနေသလို ကော်မရှင်အဖွဲ့၏ အကူအဖော်၊ အလုပ်သမားတစ်ယောက်အနေနှင့် လိုက်ပါမည်ဆိုလျှင် တရုတ်အာဏာရှင်များက သူမကို ဝင်ခွင့်ပြုဖွယ်ရာရှိကြောင်း အကြံများပင် ပေးနေသေးရာ သူမအနေနှင့် အနောက်တိုင်းသူတစ်ယောက်ဖြစ်နေခြင်းသည်ပင် ပြဿနာကြီးတစ်ခုဖြစ်နေကြောင်း ထောက်ပြ၍ စိုင်းက ကန့်ကွက်ခဲ့သည့်တိုင် သူမဘက်မှ အမျှင်မပြတ်လောက်အောင် နားပူနားစာ လုပ်နေရာ နောက်ဆုံး စိုင်းဘက်က အလျှော့ပေးလိုက်ရလေသည်။

သို့ဖြင့် ကြည်လင်သော ဒီဇင်ဘာလ ဆောင်းတစ်နံနက် ဒုတိယကမ္ဘာစစ်ကြီးကာလက တရုတ်ဖြူတပ်တို့အတွ¨˝ ဒြိတိသျှမဟာမိတ်များက ထောက်ပံ့ရေးလမ်းကြောင်းအဖြစ် အသုံးပြုခဲ့သော ဘားမားလမ်းအတိုင်း မြောက်ဘက်စူးစူးသို့ စိုင်းနှင့် အဖွဲ့သားများ ခရီးစတင်ခဲ့ရာ ဒီဇင်ဘာ ဆောင်းမြူတို့ကြားတွင် အိပ်ပျော်နေသော သိန္နီမြို့ငယ်လေးကိုကျော်ဖြတ်ကာ တောင်ပေါ်ကွတ်ခိုင်မြို့လေးသို့ ချဉ်းကပ်လာခဲ့သည်။ ထိုမှ တာဝမ်းမြို့သို့ရောက်လာသည်။ တာဝမ်းမြို့နှင့် ကွတ်ခိုင်မြို့များကား လုံးဝ လွတ်လပ်သော ကချင်တိုင်းရင်းသားတို့၏ ဇာတိပဝတ္တိတစ်ခုဖြစ်လေရာ အနီရဲရဲနှင့် အနက်ရောင်တို့ တွဲဖက်ထားသော အင်္ကျီနှင့် စကတ်ရှည်ကြီးများပေါ်တွင် ငွေထည်လက်ရာများနှင့် အလှအမွမ်းဆင်ထားသော ကချင်ပျိုမေတို့ မှာ ဈေးရောင်း ဈေးဝယ်၊ အိမ်မှုကိစ္စများမှအစ



နမ္မတူမြစ်ကို ကူတို့ဖြင့် ဖြတ်ကူးစဉ်

တောင်ယာထင်းခုတ်အထိ အလုပ် လုပ်နေကြသည်ကို နေရာတိုင်းတွင် တွေ့မြင်နေရသည်ဖြစ်ရာ သူတို့၏ယောကျ်ားသားများမှာ အိမ်တွင် အိပ်နေကြသည်လားဟုပင် သုစန္ဒီ တွေးခဲ့မိသေးသည်။

ကွတ်ခိုင်ကို ကျော်လာသည့်အခါတွင်ကား ရှုမြော်ခင်းမှာ လုံးဝ ပြောင်းလဲသွားတော့သည်။ သူတို့ ဖြတ်သန်းလာခဲ့သော စိမ်းညို့ညို့ တောအုပ်ကြီးများ လွန်သည်နှင့် မက်မုံ၊ ချယ်ရီနှင့် ဆီးပင်တို့ ဟိုတစ်ကွက် သည်တစ်ကွက် ပေါက်နေသော ရှမ်းကုန်မြေမြင့် လွင်ပြင်တွင် ကျောက်တုံးကျောက်ဆိုင်တချို့ ထိုးထိုးထောင်ထောင် ရှိနေသည်။ ၈ နာရီမျှ ခရီးဆက်လာပြီးနောက်တွင်မှ ရွှေလီမြစ်နှုတ်ခမ်းပေါ်မှ မူဆယ်မြို့လေးသို့ ဆိုက်ရောက်လာကြရာ ဤ၌ပင် သူမဘဝ တစ်သက်တာလုံး မေ့မရတော့မည့် နေဝင်ချိန်ကို ကြည့်ရှုရန် အခါအခွင့် ရခဲ့ပါ၏။ အနောက်ဘက် ယာဉ်စွန်းတန်းသို့ ငုပ်လျှိုးပျောက်ကွယ်လုဆဲဆဲ၊ လိမ္မော်ရောင် ဆည်းဆာရောင်ခြည်တို့ဖြင့် ရွှေလီမြစ်ကြီးမှာ ရွှေရည်တွေ တသွင်သွင် စီးလျက်ရှိရာ မြစ်မရေပြင်ပေါ် တွင်မူ ဆော့ကစားနေသော ငန်းရိုင်းအုပ်ကြီးများကား အိမ်ပြန်ဖို့ပင် သတိရကြဟန်မတူ။

*"လှလိုက်ပါဘိ ရွှေလီ ဆည်းဆာရေ"*

တရုတ်ပြည်ထဲသို့မကူးမီ ရှမ်းပြည်၏ မြောက်ဘက်အစွန်အဖျားဒေသတို့ကို သုစန္ဒီ မြင်စေချင်သဖြင့် နောက်တစ်ရက်တွင်မူ ရွှေလီချိုင့်ဝှမ်းကိုဖြတ်လျက် မြောက်ဘက်သို့ ၂၅ မိုင်မျှ ခရီးဆက်လာရာ နမ့်ခမ်းမြို့လေးဆီ ရောက်လာခဲ့ကြသည်။ မြေဆီဩဇာ ကြွယ်ဝသော ချိုင့်ဝှမ်းအတွင်း တည်ထားသည်ဖြစ်၍ နမ့်ခမ်းမြို့လေးကား ကြွယ်ပိုးကြွယ်ဝ ရှိကြဟန်တူသည်။ လူဦးရေစိပ်သော်လည်း အိမ်ကြီးရခိုင်များသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်။ ထိုနေ့က သုစန္ဒီတို့အဖွဲ့အတွက် လက်မလွှတ်နိုင်သော အခွင့်အရေးတစ်ခုနှင့် တည့်တည့်တိုးမိကြသည်။ နမ့်ခမ်းမြို့နှင့်အနီး ဆယ်လန်ရွာကလေးမှ ငါးရက် တစ်ဈေးဖြစ်သည်။ ငါးရက်ကြာမှ တစ်ကြိမ် ခင်းကျင်းရောင်းချသည့် ဈေးဖြစ်လေရာ ရွာနီးချုပ်စပ်မှ ဈေးဝယ်သူ၊ ဈေးရောင်းသူများက နွားလှည်းများ။ စက်ဘီးများနှင့် အချို့ကား ခြေလျင်လာကြသည်။ ဆယ်လန်ဈေး၏ အခင်းအကျင်းများက သုစန္ဒီအဖို့ ဘော်ကြိုဘုရားဈေးပွဲတော်ကို ပြန်လည်သတိတရဖြစ်စေရာမှ ဈေးခင်းထဲ လျှောက်ချင်စိတ် ပေါက်လာပြီး မော်တော်ကားကို ခေတ္တရပ်နိုင်းသည်တွင် အစီအစဉ်ထဲတွင်ပါဝင်သော ခရီးမဟုတ်သဖြင့် စိုင်းဘက်မှ အင်တင်တင်ဖြစ်နေသော်လည်း နောက်ဆုံးတွင်မူ သုစန္ဒီ၏ဆန္ဒကိုသာ လိုက်လျောခဲ့ပါ၏။

ဘော်ကြိုပွဲမှာလို ယခု ဆယ်လန်ဈေးတွင်းလည်း အဆင်ဒီဇိုင်းအမျိုးမျိုး၊ အသွေးအရောင်အမျိုးမျိုး၊ ဝတ်စားထားသော တောင်ပေါ်တိုင်းရင်းသားများ ခင်းကျင်းပြသထားသော ဒေသထွက် ကုန်ပစ္စည်းများနှင့် သွားရည်ယိုစရာ အစားအသောက်ဆိုင်များနှင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။ အစားအစာများအနက် နမ့်ခမ်းဒေသတစ်ဝိုက်၌သာ ရတတ်သောအရာတစ်ခုမှာ နွားနို့ခဲ ဖြစ်သည်။ ပြင်ပ အစားအသောက်တို့ကိုဝယ်ဖို့ စိုင်းက တားမြစ်ထားသော်လည်း နို့ခဲကြော်တို့မှ မွှေးပျံ့လာသော ရနံ့ကို တင်းမခံနိုင်တော့ပြီဖြစ်၍ စိုင်းအလိုနှင့်ဆန့်ကျင်ပြီး နို့ခဲကြော်တို့ကို သုစန္ဒီ ဖွတ်ဝယ်လာခဲ့သည်။

*"ဆယ်လန်ကို ရောက်မှတော့ မထူးပါဘူး။ ၁၃ ရာစုက ရှမ်းအင်ပါယာကြီးရဲ့မြို့တော် ဝမ်နန်းမွန် တည်ခဲ့တဲ့နေရာကို ကိုယ်တို့ သွားကြည့်ကြတာပေါ့"*

စိုင်းဆန္ဒအတိုင်း မြို့တော်ဟောင်းနေရာဆီ လာခဲ့ကြရာ မြို့ဟောင်းနေရာတစ်ခုလုံးကို ချုံနွယ်သစ်ပင်များ၊ ဝါးပင်ပေါင်းပင်ကြီးများ ထူထပ်စွာဖုံးနေသည့်တိုင် မြို့ဟောင်း၏အုတ်မြစ်၊ လေ့ခါးထစ်အလွှာများကိုမူ ထင်ထင်ရှားရှား မြင်ရပါသေးသည်။ သို့ရာတွင် ရှေးဟောင်း သုတေသနဆိုင်ရာ လေ့လာတူးဖော်မှုများ မရှိသေးသည့်အတွက် နမြောစရာကောင်းလှသော်လည်း ရှေးဟောင်းအမွေအနှစ်ကို တန်ဖိုးထားသူ ဒေသခံများက မြို့တော်ဟောင်းနေရာ၏ သန့်ရှင်းရေးကို တစ်နိုင်တစ်ပိုင် တာဝန်ယူကြသည်။ သုစန္ဒီတို့အဖွဲ့ ရောက်သွားချိန်တွင် ရှမ်းအမျိုးသားကြီးတစ်ယောက်က တောခုတ်ဓားနှင့် မြို့ရိုးဟောင်းနှင့် ရေချိုးဆိပ်နေရာတို့ကို ရှင်းလင်းနေသည်။ ရှမ်းအမျိုးသားကြီးက စိုင်းတို့တစ်ဖွဲ့လုံးကို ရှမ်းဒေသခံများ ရှာဖွေတွေ့ရှိထားသော ကျောက်ထွင်းလက်ရာပစ္စည်းတို့ကို ဂုဏ်ယူစွာနှင့်ပြသရာ အနုစိတ် ကျောက်ထွင်းလက်ရာများကား နှစ်တစ်ထောင်ပင် ကျော်နေလေပြီ။ မြို့ဟောင်း၏ အုက်ရိုးတစ်ခုပေါ်တွင်ရပ်လျက်နှင့် တစ်ချိန်က စည်စည်ဝေဝေရှိခဲ့သော ရှေ့ဟောင်းမြို့ကြီးကို သူမ စိတ်ကူးနှင့် မြင်ကြည့်မိနေသည်။ မြို့ဟောင်း၏ အခြေတွင် ကွေ့ဝိုက်စွာ စီးဆင်းနေသော မြစ်တစ်စင်း ရှိသည်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက် မြို့တော်ကြီးမှာ စည်ကားသာယာပေလိမ့်မည်။ မြို့ဟောင်းနေရာကို လေ့လာပြီးနောက် နမ့်ခမ်းသို့ ပြန်လာခဲ့ကြသည်။

နမ့်ခမ်းမြို့လေးကား ရှမ်းပြည်နှင့် ကချင်ပြည်နယ်တို့ ထိစပ်ရာ နယ်ခြားစည်းပေါ်တွင် တည်ထားသလို နောက်ထပ် ထူးခြားမှုတစ်ခုမှာ ကုတင် (၂၀၀) ဆန့် ဆေးရုံ

ဖြစ်သည်။ ဆေးရုံကို တည်ထောင်ခဲ့သူမှာ '*ဂေါ်ဒမ်ဆီးဂရေ့*'ဆိုသူ အမေရိကန် တစ်ယောက်ဖြစ်ပြီး သူ ရေးသားခဲ့သော *Burma Surgeon* စာအုပ်ကို အမေရိကားတွင် ရှိခဲ့စဉ်က သူမ ဖတ်မိရာမှ *ဂေါ်ဒမ်ဆီးဂရေ့*ဆိုသူအား စင်စစ် ဗမာပြည်၏ အယ်ဘတ် ရှုဗိုက်ဆာပင်ဖြစ်ကြောင်း သူမ မှတ်ချက်ချခဲ့ဖူးသည်။ ဆေးရုံမှာ တစ်ထပ် အဆောင် တစ်လုံးနှင့် နှစ်ထပ်အဆောင်အအုံတစ်လုံးဖြစ်ပြီး အဆောက်ဦးအားလုံးကို ထိုဒေသ တစ်ဝိုက်တွင် ရတတ်သော မြစ်ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ သို့ရာ တွင် အဆောက်အဦ၏ တံခါးရွက်၊ ပြတင်းပေါက်နှင့် အမိုးများမှာမူ အင်္ဂလိပ် မိုလ်တဲများ မှ ရယူထားပုံရသည်။ စိုင်းတို့တစ်ဖွဲ့လုံးကို ဒေါက်တာဆာဂရေ့က ဆေးရုံ အတွင်းအပြင် တစ်ခုလုံးကို ဂုဏ်ယူစွာနှင့် လိုက်လံပြသပြီး သန့်ရှင်းပြောင်လက်နေသော သူ၏ခွဲစိတ် ခန်းကလေးဆီ ခေါ်သွားသည်။ ကျန်ခွဲစိတ်ခန်းလေးတွင်မူ လည်ပင်းကြီးရောဂါသည်များ၊ အစာအိမ်ရောဂါသည်များနှင့် အခြားအခြားသော ခွဲစိတ်မှုကြီးငယ်ပေါင်း ထောင်ချီ၍ အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးလေပြီ။ ဆေးရုံ၏ လူနာဆောင်များမှာ ပတ်ဝန်းကျင် ဒေသများမှ လူအများနှင့်ပြည့်နေသလို ရှမ်း၊ ကချင်၊ ကရင်၊ သူနာပြုဆရာမများ မွေးထုတ်ပေးရာ အကောင်းဆုံး သင်တန်းကျောင်းလည်းဖြစ်ပါ၏။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ဆေးရုံကို အခက်အခဲအမျိုးမျိုးကြားမှ တည်ဆောက်ခဲ့ရပြီး ယခုအခါ ဒေါက်တာဆီးဂရေ့ကား ဆံပင်များပင် ဖွတ်ဖွတ်ဖြူ နေပြီဖြစ်သည်။ သို့ရာတွင် ဤဆေးရုံကလေးမှ ခွဲခွာမည်မဟုတ်ကြောင်း ရန်ပုံငွေရမည် ဆိုလျှင် နောက်ထပ် အဆောက်အဦးများတိုးချဲ့ဖို့ စီစဉ်ထားပြီး သို့မှသာ နေရာ အခက် အခဲမရှိဘဲ ရောက်လာသမျှ လူနာများကိုလက်ခံ၍ ကုသပေးနိုင်မည်ဖြစ်ကြောင်း သူက အလေးအနက် ပြောပြနေသည်။ သို့ရာတွင် ဇရာဒုဗ္ဗလဘာတို့ အချိန်အတော်ကြာကပင် ရောက်နေပြီဖြစ်သော ထိုသမားအို၏ လက်များမှာ စကားပြောနေသော အချိန်၌ပင် တုန်တုန်ရီရီ ဖြစ်နေသည်ကို မြင်ရသည့်အခါ စိုင်းနှင့် သုစန္ဒီတို့ စိတ်မကောင်းသလို စိုးရိမ်စရာလည်း ဖြစ်ရပါ၏။

ဆေးရုံမှ ပြန်လာကြပြီး ထိုနေ့ ညနေတွင် မူဆယ်မြို့၏ လူမှုလုပ်ငန်းဌာန အစိုးရဧည့်ရိပ်သာတွင် သူတို့အဖွဲ့ ခရီးတစ်ထောက်နားကြရာ မော်တော်ကား ဒရိုင်ဘာ လေးယောက်က မျက်ကလဲဆန်ပြာနှင့် စိုင်းထံ ပေါက်ချလာပြီး မော်တော်ကား ဆီ တိုင်ကီများတွင် ဓာတ်ဆီပြတ်သွားကြောင်း မူဆယ်နမ့်ခမ်းတစ်ဝိုက်တွင်လည်း ရှာ၍ မရနိုင်ကြောင်း ပြောကြသည်။ သို့ရာတွင် ဒေါက်တာဂရေ့ထံတွင် ဓာတ်ဆီများ အရန်

အသင့် ဆောင်ထားတတ်သည်ကိုလည်း ကြားသိခဲ့ကြောင်း အကြောင်းကြားရာ ယခုမှ စိုင်းအတွက် အခက်တွေ့လေပြီ။ မနက်ဖြန် တရုတ်အစိုးရဘက်မှ ဗိုလ်ချုပ်တစ်ဦးနှင့် ချိန်းဆိုထားသည်ဖြစ်၍ မိမိဘက်က ပျက်ကွက်၍မရ၊ သို့ဖြစ်၍ စိုင်းတွင် ရွေးချယ်စရာ အခြားလမ်းမရှိ မော်တော်ကားတို့ကို နောက်ကြောင်းပြန်၍သာ ဆေးရုံသို့ မောင်းနှင်းပြီး ဒေါက်တာဆီးဂရေ့ကို အကူအညီတောင်းသည်တွင် ဒေါက်တာကလည်း ဝမ်းမြောက်ဝမ်း သာ ကူညီခဲ့သလို စိုင်းဘက်ကလည်း ဆောက်လုပ်သည့် ဆေးရုံ အဆောက်အဦသစ် အတွက် သဒ္ဓါကြည်ဖြူစွာဖြင့် အလှူငွေများ ထည့်ခဲ့ပါ၏။ သို့ဖြင့် နောက်တစ်နေ့မနက် လင်းအားကြီးတွင် နယ်စပ်မျဉ်းပေါ်မှ ပန်းဆိုင်းမြို့ငယ်လေးသို့ ရောက်လာကြရာ ဤ၌ နယ်ခြားကော်မရှင်အဖွဲ့ဝင်နှစ်ဦးက စိုင်းကိုလာတွေ့ကြ သည်။ ပန်းဆိုင်းမြို့လေးကား လွန်လေပြီးသော ၁၄ နှစ်က အိန္ဒိယမှတစ်ဆင့် တရုတ်ပြည်သို့ ဘားမားလမ်းမကြီးတစ် လျှောက် ပြိတိသျှစစ်ဘက် ထရပ်ကားများ မရေမတွက်နိုင်လောက်အောင် ကူးကလန့် ခတ်ခဲ့သော အချက်အချာနေရာတစ်နေရာ ဖြစ်ပါလျက် ယခုသော်မူ မြို့လယ်မှာ စစ်ဘေးစစ်ဒဏ်သင့် အဆောက်အဦပျက်တို့ဖြင့် သိမ်ငယ်စွာ ရှိနေပါ၏။

စိုင်းနှင့် သူတို့အဖွဲ့ဝင် လုပ်ဖော်ကိုင်ဖက်သုံးဦးတို့ လက်ဖက်ရည်ဆိုင်တစ် ဆိုင်တွင် တွေ့ဆုံကြရာ အဆိုပါဆိုင်၌ပင် ခေါက်ဆွဲပြုတ်တို့ကို သူရဲမရဲစီးသလို အငမ်းမရ စားနေသော တရုတ်တပ်နီတော် ယူနီဖောင်းဝတ် စစ်သားနှစ်ယောက်ကို သူမ အံ့ဩစွာ တွေ့လိုက်ရသည်။

*"သူတို့ဟာ ရှမ်းပြည်ဘက်ရောက်မှ အခုလိုစားရတယ်၊ သူတို့ပြည်မှာဆို တော်နေတယ်ထင်ပါရဲ့၊ သူတို့ အခုလို စားနေပေမဲ့ ပိုက်ဆံကျတော့လည်း ပါတာ မဟုတ်၊ တော်နေကျတော့လည်း ကြည့်မနေနိုင်ပါဘူး။ ငါတို့က ကျွေးပါတယ်"*

ဆိုင်ရှင်က တရုတ်စစ်သားနှစ်ယောက်အတွက် နောက်ထပ် လိုက်ပွဲခေါက်ဆွဲ ပန်းကန်များကို ထပ်ချရင်း ပခုံးလေးတွန့်၍ သုစန္ဒီကို ရှမ်းဘာသာဖြင့် လှမ်းပြောသည်။ တစ်ခဏ အကြာတွင် မြန်မာဘက်မှ နယ်ခြားစောင့် ကင်းအဖွဲ့တစ်ဖွဲ့ ရောက်လာပြီး စိုင်းတို့လူစုနှင့် တွေ့ဆုံပြောဆိုကြပြီးသည်နှင့် သူတို့ယာဉ်တန်းတွင် လိုက်ပါလာသော လုံခြုံရေးအရာ ရှိငယ်တစ်ဦး တရုတ်မြန်မာ နယ်ခြားစည်းအဖြစ် သတ်မှတ်ထားသော စမ်းချောင်းလေးရှိရာ လျှိုအတွင်းသို့ မောင်းဆင်းသွားသည့်အခါတွင်မူ နမ့်ခမ်းနှင့် ...စ်ဖက်ကမ်းမှ တရုတ်နယ်ခြားမြို့ ဝမ်တိန်ကို ဘွားခနဲ တွေ့လိုက်ရသည်။ သုစန္ဒီ ...ပါအဝင် အချပ်သား လေးယောက်နှင့် အရာရှိလေးယောက်တို့ နယ်စပ်ဂိတ်ရှိရာ

ချောင်းကူးတံတားမှတစ်ဆင့် ပေ ၃၀ မျှ ရှေ့ဆက်လျှောက်လာကြရာ ဤနေရာ၌ပင် ဗမာအစိုးရ၏ တရားစီရင်ရေးနယ် အဆုံးသတ်ပြီမို့ ရပ်နေလိုက်ကြသည်။ ကင်းတဲမှ ရိုင်ဖယ်သေနတ်ကိုယ်စီဖြင့် တရုတ် စစ်သားနှစ်ယောက် ထွက်လာပြီး သူတို့အဖွဲ့နှင့် တွေ့ရာ မြန်မာဘက်မှ အရာရှိတစ်ယောက်က မြန်မာဘာသာဖြင့် တစ်ခုခုပြောလိုက်သည့်အခါ တရုတ်စစ်သားတစ်ယောက်က နေရာ၌ပင် စောင့်ကြပ်ထားပြီး အခြားတစ်ယောက်ကမူ သူတို့ကင်းစခန်းသို့ ပြန်ပြေးသွားသည်။ သူတို့ကို နွေးထွေးပျူငှာစွာ ကြိုမှကြိုပါ့မလား၊ သူမ လိုက်ပါလာသည့်အတွက် အခက်အခဲများ ရှိနေမလား၊ သုစန္ဒီ ရင်တမမနှင့် မျှော်နေရာမှ ကင်းစခန်း အဆောက်အအုံအတွင်းမှ တရုတ်စစ်သား တစ်ဒါဇင်မျှ သူတို့ထံ သုတ်သုတ်ပြာပြာ ရောက်လာကြပြီး ဦးဆောင်သူက စိုင်းကို အလေးပြုရင်း သူ့နောက်လိုက်ခဲ့ဖို့နှင့် သူတို့ဗိုလ်ချုပ်က စိုင်းနှင့်အဖွဲ့ကိုစောင့်နေကြောင်း ဗမာစကားနှင့်ပြောလိုက်ပြီး ဗမာအဝတ်အစား ဝတ်ထားသော အနောက်တိုင်းသူ သုစန္ဒီကို သံသယဖြင့် တစ်ချက်ကြည့်လိုက်သည်။

ဗိုလ်ချုပ်လီက စိုင်းနှင့်အဖွဲ့ကို သူ့ရုံးခန်းတွင်ကြိုဆိုရာ သူ့ရုံးခန်းမှာ မြည်ကာမတ္တ ရုံးခန်းဆိုမှ ရုံးခန်းမျှပင်ဖြစ်သည်။ ဗလာကျင်းနေသော စားပွဲတစ်လုံးနှင့် ကုလားထိုင်ခြောက်လုံး ခင်းထားပြီး နံရံတစ်နေရာတွင်မူ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် မော်စီတုံး၏ဓာတ်ပုံကြီးကို ချိတ်ဆွဲထားသည်။ ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ကို စံပယ်နံ့ သင်းသော တရုတ်ရေနွေးကြမ်းနှင့် ညည်ခံနေစဉ်မှာပင် ဗိုလ်ချုပ်လီက စကားပြန်မှတစ်ဆင့် သုစန္ဒီနှင့်ပတ်သက်သော ကိုယ်ရေးကိုယ်တာ အချက်အလက် တချို့ကို မေးမြန်းစစ်ဆေးနေပြီး နောက်ဆုံး ဩစတြီးကဲ့သို့ ကြားနေနိုင်ငံသားတစ်ဦးဖြစ်ကြောင်း ရှင်းရှင်းသိရသည်မှ ပြုံးရွှင်ရယ်မောစွာဖြင့် သူတို့နှင့်အတူ လေ့လာရေးခရီးလိုက်ဖို့ ဖိတ်ခေါ်လေသည်။

ဤခရီးကား သူမအတွက် စွဲစွဲထင်ထင် ရှိခဲ့ပါသော ခရီးများထဲမှ တစ်ခုပင်ဖြစ်သည်။ နယ်ခြား ကင်းစခန်းရုံးမှ ဆင်ခြေလျှောလေးအတိုင်း ကိုက်တစ်ရာ နီးပါးမျှ လျှောက်သွားသည်တွင် သွပ်မိုးနှင့် ခပ်နိမ့်နိမ့် အဆောက်အဦးများကို တွေ့လိုက်ရသည်။

*"အဲဒါ ကျွန်တော်တို့လူတွေထားတဲ့ အဆောင်တွေလေ၊ ဟိုဘက်မှာ အမျိုးသမီးအဆောင်တွေ ရှိတယ်"*

ဗိုလ်ချုပ်လီက လက်ညှိုးတထိုးထိုးနှင့် ဂုဏ်ယူဝင့်ကြွားစွာ ရှေ့မှသွားရင်း ပြောနေသော်လည်း အဆောင်ဆိုသည်ထက် စစ်သားလေ့ကျင့်ရေးစခန်းတစ်ခုနှင့်

တူနေသည်။ အဆောက်အဦအတွင်း ခေါက်ကုတင်များ အစီအရီ တစ်ဖက်တစ်ချက် ခင်းထားပြီး ခုတင်များပေါ်တွင် ခြုံစောင်တစ်ထည်စီ လွှားထားသည်။ သို့ဆိုလျှင် ဤနေရာသို့ ဘယ်အချိန် သူတို့ရောက်လာကြသလဲ၊ မိသားစုတွေအနေနှင့်ရော ဘယ်လိုနေကြသလဲ စသည်တို့ကို သိလိုသော်လည်း စကားတစ်ခွန်းမျှ မပြောတာပဲ အကောင်းဆုံးဟု ဆုံးဖြတ်ပြီး ခတ်မဆိတ်သာ သူမ ရောလိုက်လာသည်။ ပြီးနောက် ကလေးများနှင့် သူတို့တွေ့ကြရာ အသက်မှာ ၁၂နှစ်၊ ၁၃နှစ် ပတ်လည်မျှလောက်သာ ရှိကြပြီး မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ အပြာရောင် စက်ရုံအလုပ်ဝတ်စုံတို့ကို တစ်ပုံစံတည်း ဝတ်ဆင်ထားသဖြင့် ဘယ်သူ မိန်းကလေး၊ ဘယ်သူ ယောကျ်ားလေး ခွဲဖို့ခက်လှသည်။ သူတို့ထဲက အစုတစ်စုက စစ်သုံးမော်တော်ယာဉ်တစ်စီးနားတွင် ဝိုင်းအုံနေကြပြီး ဗိုလ်ချုပ်လီက တစ်ခုခု ပြောလိုက်သည့်အခါ ကလေးများက တစ်ခစ်ခစ် ရယ်နေကြသည်။

*"သူတို့ကို အခု အနားပေးလိုက်တာပါ၊ ခဏကြာရင် စာသင်ခန်းတွေဆီ သူတို့ ပြန်ကြရမှာပါ"*

ဗိုလ်ချုပ်လီက ရှင်းပြနေခိုက်မှာပင် အပြာရောင် ဘောင်းဘီရှည်နှင့် မော်စီတုံးလည်ပြတ်အင်္ကျီတို့ကိုဝတ်ဆင်ထားသော အရွယ်တော် အမျိုးသမီးကြီးတချို့ အဆောက်အဦးထဲမှထွက်လာပြီး ကလေးများကို ခေါ်သွားကြသည်။ သို့ရာတွင် သူတို့အဖွဲ့ကို ကျောခိုင်းလှည့်၍ ထွက်သွားကြသည့်အခါ ကလေးတိုင်း၏အင်္ကျီနောက် ခါးမှ ပေါင်ကြားအထိ ဟပြဲခွဲထားကြရာ လမ်းလျှောက်သွားစဉ် တစ်ချက်တစ်ချက် တင်ပါးသားများကိုပင် တွေ့နေရလေရာ သိချင်စိတ်ကို အောင့်အည်းမထားနိုင်တော့ဘဲ သူမ မေးလိုက်သည်။

*"ဗိုလ်ချုပ်၊ ကလေးတွေရဲ့ အင်္ကျီရှည် နောက်ကျောမှာ ဘာလို့ခွဲထားရတာလဲ"*

*"ဪ... ဒါလား၊ ကလေးတွေ အီးအီးပါချင်ရင် လယ်ကွင်းထဲထွက်ပြီး လွယ်လွယ်ကူကူ သွားလို့ရအောင်ပါ၊ ဒီနည်းက တော်တော် အလုပ်ဖြစ်တယ်ဗျ၊ မြေဩဇာလည်း ကောင်းတယ်၊ အချိန်လည်း သက်သာတယ်လေ"*

စိုင်းနှင့်သုစန္ဒီတို့ တစ်ယောက်မျက်နှာတစ်ယောက် မအီမလည်နှင့် ကြည့်လိုက်ကြပြီး စိုင်းက မေးခွန်းတစ်ခု မေးပြန်ပါသည်။

*"သူတို့ မိဘတွေဆီ ဘယ်အချိန် ပြန်ကြလဲ"*

*"သူတို့မှာ မိဘတွေ မရှိဘူးဗျ၊ ပါတီကပဲ သူတို့ကို ကျွေးမွေးပြီး ပညာသင်*

*ပေးထားတယ်"*

*"ဒါဆို သူတို့မှာ မိသားစုဘဝ မရှိဘူးပေါ့"*

*"အဲဒီလိုလည်း မဟုတ်ဘူးဗျ၊ ယောကျ်ားအဆောင်၊ မိန်းမအဆောင်တွေကို တွေ့ခဲ့သလိုပဲ၊ အချိန်တန်ရင် မိန်းကလေးနဲ့ ယောကျ်ားလေးနှစ်ယောက် အတူတွဲ နေရမယ့်နေရာမျိုးတွေလည်း ကျုပ်တို့မှာ ရှိပါတယ်"*

ဗိုလ်ချုပ်က မသက်မသာ ပြုံးပြရင်း စကားကို ခဏနားလိုက်ပြီး ပြန်ကောက်သည်။

*"ခင်ဗျားလည်း သိမှာပါ၊ ဒါဟာ စံပြဘုံရိပ်သာပဲလေ၊ တရုတ်ပြည် အရှေ့ဘက် ပြည်နယ်တွေက လူတွေကို ဒီနေရာကိုခေါ်လာကြပြီး လူဦးရေသိပ်သည်း အောင် လုပ်နေတယ်၊ အခု ကျုပ်တို့ရဲဘော်တွေဟာ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ စက် ရုံတွေမှာ အလုပ် လုပ်နေကြတယ်"*

*"ဒေသခံ ပြည်သူတွေကရော"* ဟု စိုင်း မေးလိုက်ရာ . . .

*"ဒေသခံ ပြည်သူတွေက ကျုပ်တို့ ကွန်မြူနစ်ပါတီနဲ့ မပူးပေါင်းချင်ကြဘူး လေ၊ တချို့က မြစ်ကိုဖြတ်ပြီး ခင်ဗျားတို့ ဗမာပြည်ထဲ ထွက်ပြေးသွားကြတယ်၊ တချို့ကိုတော့ ကျုပ်တို့ကပဲ အပြတ်ရှင်းပစ်လိုက်တယ်၊ မတတ်နိုင်ဘူးလေ၊ အခုလို အလုပ်သမားဘုံရိပ်သာမျိုးကို ကျုပ်တို့တွေ ဘယ်လောက် ဂုဏ်ယူတယ်ဆိုတာ ခင်ဗျား သိပါတယ်"*

နောက်ထပ် စကားတစ်လုံးမျှ စိုင်း မပြောတော့သလို အခြားအဖွဲ့ဝင်များ သည်လည်း နှုတ်ပိတ်သွားကြသည်။ အနည်းငယ် တွန့်ခေါက်သွားသော စိုင်း၏နဖူး ပြင်ကို မြင်လိုက်ရသည်နှင့် စိုင်းအနေနှင့် အတော်ပင် စိတ်ကသိကအောက်ဖြစ်နေ သည်ကို သုစန္ဒီ အတတ်သိနေသလို သူမကိုယ်တိုင်လည်း အပြတ်ရှင်းပစ်လိုက်သည် ဆိုသောစကားကို ကြားလိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွားမိသည်။ ဒုတိယကမ္ဘာ စစ်မတိုင်မီကာလများက ဥရောပတွင် လောကကို အကျည်းတန်စေသော ရက်စက် ယုတ်မာမှုများဖြစ်ခဲ့သည်ကို သူမ သတိရမိသည်။ ဟစ်တလာ၏ သွေးထိုးမြှောက် ပင့်ပေးမှုကြောင့် လူငယ်တွေ အရိုင်းအစိုင်းဘဝရောက်ပြီး ကိုယ်နှင့် ညီနောင်သားချင်း တို့ကိုပင် သတ်ရဲသည်အထိ သွေးကြွလာကြသည်။ ထိုစဉ်က ဟစ်တလာလူငယ်အသင်း များဖွဲ့၍ ဟန်တကြွကြွဖြစ်နေသော လူငယ်တို့၏ မျက်နှာပေး မျက်နှာချီမှာ သူမတို့ရှေ့ တွင် တွေ့နေရသော တရုတ်ကလေးငယ်များနှင့် တစ်ထေရာတည်းဖြစ်သည်။

ဘုံရိပ်သာ၏ အထွေထွေစတိုးသို့ ရောက်သည့်အခါ စတိုးဆိုင်တွင် ရောင်းချနေသော ပစ္စည်းတို့ကို ဗမာငွေနှင့် ဝယ်ယူလိုလျှင် ခွင့်ပြုမည်ဖြစ်ကြောင်း မိုလ်ချုပ်လီက ပြောရာ ရောင်းချဖို့ ပြသထားသော ကုန်ပစ္စည်းတို့ကို သုစန္ဒီ ကြည့်လိုက်သည်။

အထွေထွေ စတိုးဆိုင်ဆိုသော်လည်း ရောင်းချရန် ပစ္စည်းအမျိုးအမည်မှာ မစုံမပို့သာရှိသည်။ ပိုးပဝါ၊ ဖောင်းကြွသားရေပိုက်ဆံအိတ်နှင့် ဘရိုကိတ်အထည်တို့ကို သုစန္ဒီ ရွေးချယ်နေရာ စိုင်းက သုစန္ဒီ နားနားကပ်ပြီး အင်္ဂလိပ်လို တိုးတိုးလေး ပြောလိုက်သည်။

*"စန္ဒီ သူတို့ဆီက ဘာပစ္စည်းမှမဝယ်နဲ့၊ သူတို့ရဲ့ မကောင်းဆိုးဝါးစနစ်ကြီး တည်ဆောက်နေတာကို ပိုက်ဆံတစ်ပြားဖိုးတောင် ကိုယ် မထောက်ခံနိုင်ဘူး"*

သို့တိုင် သူမကား ခံယူချက်နှင့်တားမြစ်သော စိုင်း၏စကားကို အလေးမမူ တရုတ်ပြည်ပြန် လက်ဆောင်ဆိုသော ဆင်ခြေဖြင့် တန်ဖိုးဘာမှမရှိသည့် ပစ္စည်းတို့ကို ဝယ်ခဲ့ရာ ယခု ပြန်တွေးမိလေတိုင်း အာဏာရှင်စနစ်ကို ရိုးရိုးလေး ဆန့်ကျင်ခဲ့ပါသော စိုင်း၏အဆိုကို မထောက်ခံမိခဲ့လေခြင်းဟု သုစန္ဒီ ရင်ကျိုးမတတ် ဖြစ်ခဲ့ရပါ၏။

❀ ❀ ❀

လေသာဆောင်တွင်ရပ်လျက် အဝေးတစ်နေရာသို့ မျှော်ကြည့်နေသော သုစန္ဒီကို တွေ့လိုက်ရသည်ဖြစ်၍ သက်ပြင်းချ၍ အနားရောက်လာသော မိုးအိထံ သူမ လှည့်ကြည့်လိုက်ပြီး သတင်းစကားတစ်ခုခု ကြားရလေမလား မျှော်ရင်း မေးလိုက်သည်။

*"ဘာများလဲ မိုးအိ"*

"ကိန္နရီရဲ့ မွေးနေ့ပွဲအတွက် ပြင်ဆင်ဖို့အချိန် ရောက်ပါပြီ မဟာဒေဝီ"

ယခုလို နေ့လယ် အိပ်မက်ဆိုးကြီး မက်နေရပါသော အချိန်အခါမျိုးတွင် ယခုကိစ္စမှာ သုစန္ဒီအနေနှင့် စိတ်ဝင်တစားရှိလိမ့်မည်ဟူသော အမှန်းအဆနှင့် မိုးအိဘက်မှ မေးလိုက်သော်လည်း သုစန္ဒီ၏ မျက်ဝန်းများတွင် လှုပ်ရှားသွားသော အဆင်အရောင်မျိုး လုံးဝမရှိ။

*"အဆင်ပြေတဲ့ အချိန်ကျမှပဲ လုပ်ကြတာပေါ့"*

ဟုသာ စကားပြန်လာသည်တွင် မိုးအိက သူ့အမြင်ကို ရဲရဲဝံ့ဝံ့ ပြောပြသည်။

*"မဟာဒေဝီ၊ သမီးတော်လေးဟာ မွေးနေ့ပွဲကျင်းပဖို့အတွက် အရမ်း မျှော်*

*လင့်ပြီး ပျော်ရွှင်နေပါတယ်၊ အခုလို ဖျက်လိုက်မယ်ဆိုရင် သမီးတော်လေး အရမ်း စိတ်ထိခိုက်သွားနိုင်ပါတယ်''*

ဟုတ်သည်၊ မိုးအိပြောတာ မှန်သည်။ ယခုကိစ္စကြောင့် သမီးငယ်တွေ စိတ်ကို အထိအခိုက် မခံစေချင်။ လက်ပိုက်လိုက်ပြီး သူမ အားတင်းလိုက်သည်။

*''မိုးအိ နင်ပြောတာ မှန်တယ်၊ ငါတို့ မွေးနေ့ပွဲကို ကျကျနန စီစဉ်ပေးကြ ရမှာပေါ့''*

သမီးငယ် မွေးနေ့ပါတီကို ရှမ်းရိုးရာပုံစံနှင့်ရော အနောက်တိုင်းစတိုင်နှင့်ပါ ရောစွက်ကျင်းပဖို့ သူမနှင့် မိုးအိတို့ ဆုံးဖြတ်လိုက်ကြသည်။ ယခင်ယခင် မွေးနေ့ပါတီများ ကျင်းပရေးနှင့်ပတ်သက်ပြီး သူမနှင့် မိုးအိတို့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြသလို အစဉ်အလာ ရှမ်းရိုးရာပုံစံတို့ကို ခေတ်မီအောင် အမျိုးမျိုး စဉ်းစား အကောင်အထည် ဖော်ခဲ့ကြသည်။

ရှမ်းရိုးရာပုံစံအရ မွေးနေ့ရှင်ဘက်ကသာ ညွှသည်တို့ကို ကျွေးမွေးရသည့် အတွက် ကိန္နရီနှင့် မာယာရီ သမီးနှစ်ယောက်က မွေးနေ့ရှင်က လက်ဆောင်ပစ္စည်း တွေကို လက်ခံရသလို ကိတ်မုန့်ကြီးပေါ်မှ ဖယောင်းတိုင်မီးတို့ကို မှုတ်ရင်း မိသားစု မိတ်ဆွေများနှင့် ပျော်ပျော်ပါးပါး သီချင်းဆို၍ စားသောက်ရသော အနောက်တိုင်းစတိုင်ကို ပို၍ နှစ်သက်ကြသည်။ သို့ပေမဲ့ ယခုတစ်ကြိမ်တွင် ရှမ်းအစဉ်အလာ ပုံစံအတိုင်း ကျင်းပခဲ့ကြသည်။ မွေးနေ့ပွဲကျင်းပသည့်နေ့တွင် အရှေ့ဟော်နန်း၏အတွင်းမှ ရှိရှိသမျှ ကလေးငယ်အားလုံးကို စံအိမ်တော်၏ညွှခန်းမကြီးသို့ ဖိတ်ကြားလိုက်သည်။ ရှိစုမဲ့စု အကောင်းဆုံး အဝတ်အစားများဝတ်၍ ရောက်လာသော ကလေးငယ်များမှာ စံအိမ် တော်ကြီး၏ အရှိန်အဝါကြောင့် စကားတစ်လုံးမျှ မပြောနိုင်ကြ။ ကြောင်အမ်းအမ်းနှင့် ညှိုးငယ်စွာ တင်ပျဉ်ခွေထိုင်နေကြရာမှ မွေးနေ့ရှင် သမီးငယ်က ကစားစရာအရုပ်မျိုးစုံ အစားအစာနှင့် အဝတ်အထည် စသဖြင့် လက်ဆောင်ထုပ်ကလေးများကို ကလေးငယ် တစ်ဦးချင်းစီ ဝေပေးပြီး ကိတ်မုန့်နှင့် သစ်သီးဖျော်ရည်တို့ကို စုပေါင်း၍စားကြ သောက် ကြသည့်အခါမှသာ ကလေးငယ်အားလုံး၏မျက်နှာများ ထိန်ထိန်လင်း၍ ပျော်မြူးကြလေ တော့သည်။ ပြီးခဲ့သည့်နှစ်က ကိန္နရီမှာ ၂ နှစ်မျှသာရှိသေးရာ ယခုလို လက်ဆောင်ထုပ် များကို ဝေခြမ်းပေးရသည်ကို စိတ်ကောက်၍ အော်ဟစ်၍ပင် ငိုခဲ့သော်လည်း ယခုနှစ် တွင်မူ လက်ဆောင်များ ဝေပေးရသည်ကိုပင် ကျေနပ်ပျော်ရွှင်နေလေပြီ။ သို့ပေမဲ့-

*''သမီးငယ်လေး မွေးနေ့ပွဲအပြီး မင်းတို့စော်ဘွားလေး အိမ်ပြန်ရောက်မလာ*



သမီးငယ် မာယာရှိနှင့် ကိန္နရီ

*မှာကို ငါ အရမ်းစိုးရိမ်နေတယ် မိုးအိရယ်"*

*"စော်ဘွားလေး ပြန်လာမှာပါ မဟာဒေဝီ၊ အရင်နှစ်ကလို ဝန်ကြီးချုပ်တောင် ပါလာချင် ပါလာဦးမှာပါ"*

မယုံရဲရဲ ယုံရဲရဲရှိသည့်တိုင် မိုးအိအမှန်းအဆကို သုစန္ဒီ ယုံလိုက်ချင်ပါ၏။

ဧပြီနေ့၏ ပူပြင်းသောနေ့တစ်နေ့။ နံနက်စောစောမှာပင် မွေးနေ့အခမ်းအနားကို ကျင်းပခဲ့ကြပြီး မော်တော်ကား ဒရိုင်ဘာနှင့် ဦးဘခေါင်တို့က လှူဖွယ်ပစ္စည်းများနှင့်အတူ ဘုန်းကြီးကျောင်း ၁၅ ကျောင်းသို့ ထွက်သွားကြသည်။ သမီးငယ်မွေးနေ့ပွဲသို့ တက်ရောက်၍ ဂုဏ်ပြုချီးမြှင့်ပေးကြပါသော ဟော်နန်းဝန်ထမ်းတို့၏ ဘုစုခရုကလေးငယ်တစ်သိုက်သည်လည်း လက်ဆောင်ထုပ်များနှင့်အတူ ဗိုက်ဖောင်း၍ ပြန်သွားကြလေကုန်ပြီ။ သမီးငယ် မာယာရီကို စိုင်းက ချီပွေ့မြှောက်ကစားနေရာမှ လားရှိုးသို့ ရောက်လာသည့် ဝန်ကြီးချုပ်ဦးနုနှင့် သွားတွေ့ရဦးမည်ဖြစ်၍ သမီးနှင့် အဆော့ကစားကို ရပ်လိုက်သည်။ လားရှိုးမှတစ်ဆင့် သူမဆီ စိုင်း ဖုန်းပြန်ဆက်သည့်အချိန်မှာ နေ့လည် ၂ နာရီရှိပြီး ဝန်ကြီးချုပ်အပါအဝင် ညှေ့သည် အယောက် ၄၀ ခန့် ယခုပင် သီပေါ အရှေ့ဟော်နန်းသို့ လာမည်ဖြစ်ပြီး လက်ဖက်ရည်နှင့် ညှေ့ခံဖို့ အသင့်ပြင်ထားဖို့မှာသည်။

*"ကိုယ်တို့တွေ အရှေ့ဟော်မှာ ၂ နာရီလောက်ပဲ အချိန်ရမယ်"*

စိုင်းထံမှ ညွှန်ကြားချက်ရလိုက်သည်နှင့် စံအိမ်တော်မှ ရှိရှိသမျှ လူကုန်နီးပါးမျှ အလုပ်ရှုပ်သွားသည်။ အချိန်တွက်ကြည့်လိုက်တော့ ပြင်ဆင်ချိန် များများစားစား မရှိတော့။ ကြက်ဥမုန့်၊ သခွားသီးဆင်းဝစ်ချ်မုန့်တို့ကို တစ်နာရီနှင့်အပြီး ဖုတ်ဖို့ ပြင်ကြဆင်ကြ ညှေ့ခံမည့် ပရိဘောဂ၊ စားပွဲကုလားထိုင်တို့ကို နေရာချသူက ချနှင့် စံအိမ်တော်တစ်ခုလုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားပြီး အားလုံးပြီးလောက်ပြီဆိုကာမှ ညှေ့သည်တော်တွေကို ကြိုဖို့ မော်တော်ကားတွေကို သုစန္ဒီ လွှတ်လိုက်ပြီး စိုင်းနှင့်အတူ ဝန်ကြီးချုပ်နှင့်အဖွဲ့ ရောက်လာသည့်အခါတွင်မူ နေ့စဉ်လုပ်နေကျ အငှာပ်တစ်ခုလို သွက်လက်ပေါ့ပါးစွာ ပြင်ဆင်ထားသော်လည်း ခမ်းနားသော လက်ဖက်ရည်ပါတီပွဲကြီးတစ်ခုက အသင့်စောင့်နေလေသည်။

မော်တော်ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း ဝန်ကြီးချုပ်ဦးနုက သုစန္ဒီကို ဖော်ရွေစွာ နှုတ်ဆက်သည်။

*"မဟာဒေဝီနဲ့ ကျုပ်တော် တွေ့ချင်တာကြာပြီ၊ အခုမှပဲ ရောက်လာနိုင်တော့တယ်"*

*"ဟုတ်ကဲ့ရှင့် အခုလို ကြွရောက်လာတာ ဝမ်းသာပါတယ်၊ အထူးသဖြင့် သမီးလေး မွေးနေ့နဲ့လည်း တိုက်ဆိုင်နေတော့ ပိုပြီး ဝမ်းသာရပါတယ်"*

*"ကလေး မွေးနေ့ဆိုတာ ကျတော် သိပါတယ်၊ ဒါ့ကြောင့် ပြီးရင် ဘော်ကြို ဘုရားသွားကြပြီး ကလေးအတွက် ကျွန်တော်တို့ ဆုတောင်းကြမယ်လေ"*

ညစာသည်များ စားသောက်ကြပြီး နာရီဝက်မျှ စကားစမြည် ပြောပြီးသည့်အခါ သုစန္ဒီလည်း အားလုံးနှင့်အတူ ဘော်ကျိုဘုရားသို့ လိုက်ပါလာခဲ့သည်။ မော်တော်ကားပေါ်တွင် ဝန်ကြီးချုပ်၊ စိုင်းနှင့် သုစန္ဒီတို့ သုံးဦးသာရှိပြီး ဝန်ကြီးချုပ်က စိုင်းနှင့် သုစန္ဒီတို့ ကြားတွင် ထိုင်၍ လိုက်ပါလာရာ လွတ်လပ်စွာ ပြောဆိုနိုင်သော အချိန်ရသည်ဖြစ်၍ ရှမ်းပြည်၏ နိုင်ငံရေးအခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်စရာဖြစ်ရသော ကိစ္စတို့ကို စိုင်းက ပြောပြသည်တွင် ဝန်ကြီးချုပ်က အသေအချာ နားထောင်ပြီး ရှမ်းတိုင်းရင်းသားတို့၏ နစ်နာဆုံးရှုံးနေရသည်တို့ကို ကောင်းစွာ သဘောပေါက်ကြောင်း ပြောဆိုသည်။

*"ပြည်ထောင်စုကို ကျွန်တော်တို့တွေ မဖြစ်ဖြစ်အောင် ထိန်းသိမ်းကြရမှာပဲ၊ မဟုတ်ရင် အားလုံး ကိုယ်ကျိုးနည်းကုန်ကြလိမ့်မယ် စဝ်ကြာဆိုင်"*

*"ဟုတ်ပါတယ် ဝန်ကြီးချုပ်၊ ဒီကိစ္စမှာ စစ်ဘက်ခေါင်းဆောင်တချို့ကို ဝန်ကြီးချုပ်အနေနဲ့ ထိထိရောက်ရောက် ထိန်းချုပ်နိုင်မယ်လို့ ထင်ပါတယ်"*

စိုင်းစကားကို ဝန်ကြီးချုပ်က အလေးအနက်ကတိပေးရင်း ဘော်ကြိုဘုရားရောက်သည့်အတွက် စကားကို အဆုံးသတ်လိုက်ကြသည်။

*"ကျနော်ကို ယုံပါ၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှာပါ"*

## အခန်း (၁၁)

တတိယမြောက် အကျဉ်းစံနေ့။ ရေမိုးချိုးခွင့်နှင့် အဝတ်အစားလဲခွင့်ရသော်လည်း ရေချိုးရသည်ကား ချိုးနေကျပုံစံမဟုတ်၊ အစောင့်စစ်သားတစ်ယောက်က လက်ဆွဲပုံး နှစ်ပုံးဖြင့် သယ်ယူလာသော ရေကို တဲအပြင်တွင် ချိုးရခြင်းဖြစ်သည်။ ရေချိုးရာ၌ပင် သေနတ်ကြီးတကားကားနှင့် စောင့်နေကြသည်ကို ဂရုမစိုက်အား ရေခွက်ကို ခေါင်းပေါ်မှ ဖြည်းဖြည်းချင်း လောင်းချလိုက်ရာမှ ခန္ဓာကိုယ် တစ်ကိုယ်လုံးပေါ်သို့ စီးကျစိုရွှဲသွားသော အေးမြသည့်ရေ၏ အထိအတွေ့တို့ကို စိုင်း အားရပါးရ ခံစားလိုက်သည်။ ဘယ်လိုအခြေအနေပင်ရှိစေ တစ်ကိုယ်လုံး လန်းဆန်းသွားပြီဖြစ်၍ စိတ်ဓာတ်အင်အားတွေကို ဆက်လက် ထိန်းသိမ်းထားနိုင်ပြီဖြစ်သည်။

လှုပ်လိုက်လျှင် ကျိုးကျိုးကျည်ကျည် မြည်တတ်သော ဝါးတဲ ကြမ်းခင်းလေးပေါ်မှာပင် ယောဂလေ့ကျင့်ခန်းတို့ကို တတ်နိုင်သမျှ စိုင်း မှတ်ရှုနေရာ သူနှင့်သုစန္ဒီတို့ နှစ်ယောက် ယောဂလေ့ကျင့်ခန်းတို့ကို အတူတူ လေ့ကျင့်ခဲ့ကြသည်ကို မကြာခဏ မြင်နေရသည်။ သုစန္ဒီရော ယခုအခါ အလေ့အကျင့် ပြတ်နေပါပြီလား။ ယောဂလေ့ကျင့်ခန်းတို့ကို သူတို့ဇနီးမောင်နှံတို့ အချိန်ရလေတိုင်း ခုံမင်စွာ လေ့ကျင့်ခဲ့ပါသော်လည်း နောက်ပိုင်းကာလများတွင်မူ သူ့အနေနှင့် မကြာခဏဆိုသလို ခရီးထွက်နေရသည်ဖြစ်၍ အလေ့အကျင့်ပြတ်ခဲ့ရာ ယခုမှ စိတ်မကောင်းဖြစ်ရပြန်ပါသည်။

အမေရိကားတွင် ပညာသင်ကြားပြီး သီပေါသို့ ပြန်ရောက်လာစဉ်ကပင် ဖက်ဒရယ်ပြည်နယ်များ တွေ့ကြုံနေကြရသော အဓိကပြဿနာတို့ကို စိုင်း သဘောပေါက်ခဲ့သည်။ ဖက်ဒရယ်ပြည်ထောင်စု ဟုခေါ်သော်လည်း ပြည်မနှင့် ဖက်ဒရယ်ပြည်နယ်တို့သည်ကား တန်းတူညီတူ အခွင့်အရေးမရကြ၊ ပြည်မ၏ အထွေထွေ ဖွံ့ဖြိုးမှုများ

တရိပ်ရိပ် တက်လာခဲ့သော်လည်း ဖက်ဒရယ်ပြည်နယ်များမှာမူ လျာထားသတ်မှတ်ပေးသော ဘတ်ဂျက်ငွေကိုပင်လျှင် ပြည့်ပြည့်ဝဝ ရသည်မရှိ၊ သို့ပေမဲ့ ယခုလို ဖက်ဒရယ်ပြည်ထောင်စုများ၏ နစ်နာမှုများကို ပါလီမန်အတွင်းကပင် တောင်းဆို၍ အဖြေရှာရမည်ဟု သူ့ဘက်မှ ကောင်းစွာ နှလုံးသွင်းခဲ့ပါသော်လည်း သူ့အနေနှင့် ဘယ်လောက်များ မိုက်မဲခဲ့ပါသလဲ၊ ယခု ကြည့်စမ်းပါဦး။ သူ ယုံကြည်ခဲ့ပါသော အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။ ဗိုလ်နေဝင်းက စက္ကူတစ်ရွက်လို သဘောထားကာ ဆွဲဆုတ်လိုက်ချေပြီ။ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ နိုင်ငံသားတစ်ဦးကို ယခုလို တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်ခဲ့လေပြီ။

အကယ်၍ ပြည်ထောင်စုနှင့် တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသာ အသက်ရှင်လျက် ရှိခဲ့ပါလျှင် ယခုလိုအဖြစ်ဆိုးတွေနှင့် ရင်ကျိုးမတတ် တွေကြုံကြလိမ့်မည်မဟုတ်။ ဗိုလ်ချုပ်မျှော်မှန်းသော ရှမ်းတစ်ကျပ်၊ ဗမာတစ်ကျပ် တူညီမျှသော ပြည်ထောင်စုကြီး ဖြစ်ဖို့များပါ၏။ သို့ဖြစ်၍လည်း ဗိုလ်ချုပ်ကို စိုင်း ယုံကြည်အားထားခဲ့သည်။ ပြောရလျှင် စိုင်းတစ်ယောက်သာ မဟုတ်ပါလေ။ ရှမ်း၊ ကရင်၊ ကယားစသဖြင့်.တိုင်းရင်းသားခေါင်းဆောင်တွေအားလုံး ဗိုလ်ချုပ်နောက်မှ ဖဝါးခြေထပ် လိုက်ပါကြသူတွေချည်း ဖြစ်သည်။ သို့ရာတွင်မူ ဗမာစစ်တပ်များကို ဗိုလ်ချုပ်နေဝင်း ဦးဆောင်လာသည်မှစ၍ တောင်တန်းဒေသ တိုင်းရင်းသားတို့အပေါ် တရားလက်လွတ် ပြုကျင့်မှုများ စတင်လာရာ စစ်တပ်ဟူသည် တိုင်းပြည်ကို ကာကွယ်သော အဖွဲ့အစည်းနှင့် မတူတော့ဘဲ ကျူးကျော်ဝင်ရောက်လာသော တိုင်းတစ်ပါးစစ်တပ်များလို ဒေသခံပြည်သူတို့အပေါ် ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံနေကြပါသော်လည်း စိုင်းအပါအဝင် တိုင်းရင်းသားတိုင်းခေါင်းဆောင်တို့အနေနှင့်မူ ဘာမျှမတတ်နိုင်ဘဲ လက်ပိုက်၍သာ ကြည့်နေခဲ့ရပါ၏။

မောင်းစု၊ တလောင်နှင့် နမ်းလန် အစရှိသော ရှမ်းကျေးရွာများတွင် ဗမာစစ်တပ်များ ကျူးလွန်ခဲ့သော လူသတ်မှု၊ မုဒိမ်းမှုနှင့် လုယက်မှုတို့ကို ၎င်းရွာသူကြီးများ စိုင်းထံ အစီရင်ခံလာသည်ကို ကြားလိုက်ရသည့်အခါ ယမ်းမီးပုံကျ စိုင်း ဒေါသဖြစ်ရပါ၏။ တစ်ခါသော် နမ်းလန်ကျေးရွာအနီး သတ္တုရိုင်းရှာဖွေရေးကိစ္စနှင့် စိုင်း ရောက်နေစဉ် မီးလောင်ကျွမ်း၍ မီးခိုးများပင် တလူလူရှိနေသေးသော အိမ်အချို့ ကို တွေ့လိုက်ရပြီး ဒုက္ခသည်တို့ကို အရေးပေါ်အကူအညီ ချက်ချင်းပေးခဲ့ရသည်။ နေအိမ်များကို စစ်တပ်အဖွဲ့ဝင်များက မီးရှို့၍ ယောကျာ်းသားများကို ပေါ်တာဆွဲသွားကြရာ ကျန်ရစ်သူ

ဇနီးမယား မိသားစုဝင်များမှာ မျက်ရည်နှင့်မျက်ခွက် ငိုယိုနေကြရသည်။ ယခုလို လူမဆန်သည့် ကိစ္စမျိုးကို နောင်တစ်ကြိမ် မဖြစ်စေရပါဟု မိမိဘက်မှ ကတိကဝတ် ပြုနိုင်စွမ်းမရှိသည့်တိုင် တပ်ဖွဲ့ဝင်တို့ ကျူးလွန်ခဲ့ပါသော ရာဇဝတ်မှု ကြီးများကို ကိုယ်တိုင် မျက်အပ်တွေ့လိုက်ရသည့်အခါ လွန်စွာမှပင် တုန်လှုပ်ချောက် ချားခဲ့ပြီး အဆိုပါ ရာဇဝတ်မှုတို့ကို စုံစမ်းစစ်ဆေး၍ တာဝန်ရှိသူများကို အရေးယူပေး ဖို့ အကြိမ်ကြိမ်အခါခါ တောင်းဆိုခဲ့ပါသော်လည်း ဗိုလ်နေဝင်းမှအစ အောက်ခြေအဆုံး တာဝန်ရှိကုန်သော စစ်ဘက်အရာရှိ ကြီးငယ်တို့ကမူ သေနတ်အားကိုးနှင့် မောက်မာ စွာ တုံ့ပြန်ခဲ့သည်ချည်းပင်။ သို့ပါသော်လည်း စိုင်းကမူ ပြည်သူတို့ဆန္ဒနှင့် အခြေခံ ဥပဒေသည်သာ တစ်နေ့အောင်ပွဲဆင်လိမ့်မည်ဟု ခိုင်မြဲစွာ ယုံခဲ့သလို ယခု စစ်အာဏာ ရှင်တို့၏ တရားလက်လွတ် အနိုင်ကျင့်ခံနေရသော အကျဉ်းသားဘဝ ရောက်နေသည့် တိုင် ဒီမိုကရေစီကျင့်ဝတ်တို့ကို ယုံကြည်ဆဲ ဖြစ်ပါ၏။

❀ ❀ ❀

မိမိနှင့် လုပ်ဖော်ကိုင်ဖက် အများအပြားသည်လည်း အဖမ်းခံထားရကြောင်း သိပြီးပြီဖြစ်၍ မိမိကဲ့သို့ပင် ဤအနီးအနားတစ်ဝိုက်တွင် ဖမ်းချုပ်ထားလေသလား အတွေးဖြင့် ဝါးတဲအပြင် ထွက်ခွင့်ပြုသည့် အချိန်လေးတွင် ဟိုဟိုသည်သည် ရှာဖွေ ကြည့်မိပါသော်လည်း အကျဉ်းသားဟူ၍ မိမိတစ်ဦးတည်းသာ ရှိဟန်တူသည်။ ပို၍ ထူးဆန်းသည်မှာ စိုင်း၏အစ်ကိုသည်ပင် ဗထူးမြို့တွင် ရှိပုံမရ။ အစ်ကိုဖြစ်သူနှင့် စိုင်းတို့ နောက်ဆုံးတွေ့ခဲ့သည်မှာ တောင်ကြီးမြို့အထွက် စစ်တပ် စစ်ဆေးရေးဂိတ်တွင်ဖြစ်၍ သူ့ကို ဖမ်းပြီး တစ်ခဏမျှသာကြာသော်လည်း စကားပြောခွင့်ကား မရခဲ့။ မည်သို့ရှိစေ အဘယ်ကြောင့် သူတစ်ဦးတည်းကို ခွဲထုတ်၍ ဖမ်းချုပ်ထားရပါသလဲ၊ ဝန်ကြီးချုပ် ဦးနု အပါအဝင် အစိုးရအဖွဲ့ဝင်နှင့် ပါလီမန်အဖွဲ့ဝင် အများအပြားလည်း အဖမ်းခံထားရမည် ဖြစ်ရာ မိမိကို သူတို့နှင့် တစ်နေရာတည်းမထားကြပါသလဲ။ မူလ အစီအစဉ်အတိုင်း ရန်ကုန်မှာပင် တည်းခိုနေမည်ဆိုပါလျှင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်ကို စမ်းဝါးမိပါသော်လည်း အာဏာသိမ်း စစ်အုပ်စုက သူ့တစ်ယောက်တည်း အပေါ်ထား သော သဘောထားမှာ သံသယဖြစ်စရာ ကောင်းနေသည်။ ဖမ်းချုပ်ထားသည့်မှစ၍ သူ့ကို ပထမအကြိမ် မေးခွန်းအချို့ မေးခဲ့ပြီးနောက် ယခုအချိန်အထိ သူ့ကို ပေယျာလ

ကန် ပစ်ထားသည်ကို ထောက်ချင့်ခြင်းဖြင့် သူတို့လက်ချပ်ထဲကရေ ဖြစ်နေပြီကို စိုင်းနားလည်လိုက်သည်။ သူ့ဘဝတွင် ယခုလို ခြေမဲ့လက်မဲ့ဘဝဖြင့် တစ်ကြိမ်တစ်ခါမျှ ရှင်သန်ဖူးသည် မဟုတ်သော်လည်း ဤမျှ ချောက်ချားဖွယ် ကံကြမ္မာမျိုးကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်သည့်အတွက် သူ့ကိုယ်သူ ကျေနပ်မိသည်။ ယခင်ကဆိုလျှင် အနာဂတ် မနက်ဖြန်တွေအတွက် အတွေးအကြံ၊ အစီအမံတွေ သူ့မှာ အမြဲရှိနေတတ်ပါသော်လည်း ယခုတွင်ကား ရှေ့တစ်ရက်၊ ရှေ့တစ်ပတ်၊ ရှေ့တစ်လ ဆိုသည်တို့ကို မျှော်ယောင်ကြည့်ဖို့ပင် စိုင်းအတွက် ပင်ပန်းနာကျင်လှသလို ထိုနေ့ ထိုရက်တို့သည်ပင် သူ့ထံ ရောက်လာလိမ့်မည်လားဆိုသည်ကိုမူ စိတ်ဒုန်းဒုန်းချ ယုံနိုင်သည့် အနေအထားတွင်မရှိ။ လောလောဆယ် သူ့အတွက် အကောင်းဆုံးမှာ စိတ်ခွန်အားဖြစ်စေမည့် အတိတ်ကို ပြန်လည်တူးဖော်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါ၏။

သူ့အနေနှင့် အမေရိကားတွင် မိုင်းနင်းအင်ဂျင်နီးယားရင်းပညာကို တကမ်းတက သွားရောက် သင်ယူခဲ့သော်လည်း သူ၏ အနာဂတ် စီမံကိန်းများတွင် မိုင်းနင်းရော စိုက်ပျိုးရေးပါ အရေးပါနေသည်ကို သီပေါပြည်ရောက်မှ ကောင်းစွာ သဘောပေါက်လာသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က နာနတ်စိုက်ပျိုးရေးစီမံကိန်းတစ်ခု လွိုင်ကော်အနီးအနား တောင်ကြောတစ်ခုပေါ်တွင် အကောင်အထည်ဖော်ခဲ့သည်ကို စိုင်း သတိရနေသည်။ ကေပေါင်းများစွာ နေရာယူထားသော တောကြီးကို အလုပ်သမား ရာနှင့်ချီ အသုံးပြုပြီး ရှင်းလင်းခဲ့ရသည်. ပင်လယ်ရေမျက်နှာပြင်ထက် ပေသုံးထောင်ကျော် မြင့်သောနေရာမှ မြေသား မြေပြင်မှာ နီကျင်နေပြီး သစ်ကြီးဝါးကြီးတို့ကို ထရက်ကားများအသုံးပြု၍ ရှင်းလင်းခဲ့ပြီးနောက် အပင်ပေါက်များကို မေမြို့မှ မှာယူ၍ စိုက်ပျိုးခဲ့ပြီး စီမံကိန်းကြီး ပြီးဆုံးသွားသည့်အခါတွင်ကား မျက်စိတဆုံး တစ်မျှော်တစ်ခေါ် ရှုမျှော်၍ မဆုံးနိုင်ပါသော တောင်ကြောများပေါ်မှ နာနတ်ပင်တန်းတို့ကို ကြည့်ရင်း စိုင်း ရင်ထဲမှာ ပြောမပြနိုင်အောင် အားရကျေနပ်ခဲ့ရသည်နှင့်အမျှ သီပေါနယ်မှ လယ်သမားကြီး လေးရာခန့်ကိုလည်း ဖိတ်ခေါ်ပြီး နာနတ်ခင်းများကို ပြသခဲ့ရာ တစ်ချိန်က ချုံနွယ်ပေါင်းပင် သစ်ကြီးဝါးကြီးများနှင့် ပိန်းပိန်းကာဆီးထားသော တောင်ကြောတို့မှာ ယခု နာနတ်စိုက်ခင်းကြီးများအဖြစ် နေ့ချင်းညချင်း ပြောင်းလဲသွားသည် ကို မြင်လိုက်ရသည့်အခါ ပါးစပ်အဟောင်းသားနှင့် အံ့ဩခဲ့ကြရသည်။

*"ကျနော် ကလေးတွေကို စော်ဘွားလေးရဲ့ စိုက်ခင်းတွေဆီ ခေါ်လာပြီး*




ပော်နန်းမှ ထူထောင်ထားသော စာသင်ကျောင်းမှ ဆရာ၊ ဆရာမနှင့် ကလေးငယ်များ



ရှမ်းစော်ဘွားများ ထူထောင်ထားသော အထက်တန်းကျောင်းကို သွားရောက်စစ်ဆေးစဉ်



သုစန္ဒီ ထူထောင်ထားသော မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ
အသင်းဝင်များနှင့်အတူ

*ပြရမယ်၊ ဒါမှ သူတို့တွေ အနာဂတ်ကို အိပ်မက်မက်နိုင်ကြမယ်လေ”*

လယ်သမားကြီးတစ်ယောက်က နာနတ်ခင်းကြီးကို ဝမ်းမြောက်ဝမ်းသာ ကြည့်ရင်း ဆိုသည်။ သူ့အနေနှင့်လည်း တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်ကြောင်း သူတို့ကို လက်တွေ့ပြသလိုခြင်းသာဖြစ်သည်။ သို့ပါသော်လည်း ထိုစဉ်က နာနတ် ဈေးကွက်ကို ထည့်မတွက်။ နာနတ်သီးပေါ်ချိန် ရောက်လာသည်တွင် ရန်ကုန်နှင့် မန္တလေးမှ နာနတ်ဈေးနှုန်းတွေ ထိုးကျသွားရာ အလုပ်သမားခနှင့် သယ်ယူပို့ဆောင်ရေး စရိတ်စက ကာမိရုံမျှလောက်သာ ဝင်ငွေပြန်ရခဲ့သည်။ ဤတွင် နာနတ်သီး စည်သွတ်ဘူး စက်ရုံတည်ပြီး သစ်သီးဈေးကွက်ကို ကျော်လွှားဖို့ ကြိုးစားကြည့်ပါသော်လည်း စည်သွတ် စက်ရုံကို တစ်နှစ်ပတ်လုံး လည်ပတ်ဖို့ဆိုလျှင် သူတစ်ဦးတည်း စိုက်ပျိုးရုံနှင့်မရ၊ အခြားသူများလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးမှသာလျှင် ဖြစ်နိုင်ချေရှိရာ ဒေသခံ လယ်သမားများဘက်မှ သေချာရေရာမှု မရှိသည့်အတွက် နောက်ဆုံးတွင်မူ နာနတ် စိုက်ပျိုးရေး စီမံကိန်းကို လက်လွှတ်လိုက်ရတော့သည်။ နာနတ်ကို စိတ်လျှော့ လိုက်ရ သော်လည်း ချင်းနှင့် ကော်ဖီကို စမ်းသပ်ကြည့်ပြန်ရာ အလားအလာကောင်းမည့်သီးနှံ များဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်ဖြစ်၍ အလုံးအရင်းနှင့်စိုက်ဖို့ ကြံစည်ထားပြီး ဖြစ်ပါ၏။

တစ်ဖက်မှ သတ္တုရိုင်းတူးဖော်ရေး *Tai maing* ကုမ္ပဏီအနေနှင့်လည်း လက်တွေ့စီမံကိန်းတွေအတွက် ပဏာမပြင်ဆင်နေရာ အတော်ပင် ခရီးပေါက်နေပြီ ဖြစ်သည်။ ဩစတြေးလျားမှ ဘူမိဗေဒပညာရှင်များကို ငှားရမ်းပြီး သတ္တုသိုက်များကို ရှာဖွေခဲ့ရာ ကလောဒေရိယာတစ်ဝိုက်တွင် ခဲနှင့်ငွေသတ္တုကြောများ တွေ့ရှိထားပြီးဖြစ်၍ ၎င်းနေရာများမှာ တူးဖော်ရေးလုပ်ငန်းများ စဖို့ စီစဉ်နေပြီဖြစ်ပါသော်လည်း ယခု သူကား စစ်အာဏာသိမ်းအဖွဲ့၏ အကျဉ်းသားအဖြစ် ချုပ်နှောင်ဖမ်းဆီး ခံနေရလေရာ လုပ်ငန်း များဆီ စိတ်ကူးနှင့် မှန်းဆ၍မှတစ်ပါး အခြား ဘာမှ မတတ်နိုင်ပါလေပြီ။

❁ ❁ ❁

မီးခိုးနံ့ငွေ့ငွေ့လေး ရှူရှိုက်မိလိုက်သည့်အခါ သတ္တုတူးဖော်ရေး *Site* သို့ သွားရောက်ခဲ့စဉ်က တစ်ညလုံးဖိုထားသော မီးပုံပွဲတွေကို စိုင်း စိတ်ရောက်သွားသည်။ သို့ပေမဲ့ မီးခိုးနံ့များက တဖြည်းဖြည်း ညှော်လာသည်တွင် ဤကိစ္စမှာ မီးပုံပွဲမှလာသော

အနံ့အသက်မျိုးမဟုတ်တော့ဘဲ ဤအနီးအနားတစ်ဝိုက်တွင် မီးအကြီးအကျယ် လောင်နေပြီကို စိုင်း ချက်ချင်း စမ်းဝါးမိလိုက်သည်နှင့် ထရံပေါက်မှ ချောင်းကြည့်လိုက်သည်။ သို့တိုင် မီးစမီးညွန့်ဟူ၍ ဘာမျှမတွေ့။ ဒါဆိုရင် ဘာဖြစ်နိုင်သေးလဲ၊ စစ်တန်းလျားအဆောက်အဦတစ်ခုခု မီးလောင်နေသည်များလား။ သို့ဆိုလျှင်လည်း ခရာတွတ်သံ၊ ပြေးလွှားအော်ဟစ်သံတွေ ကြားရမှာပေါ့။ သို့ပေမဲ့ ဘာသံမျှ မကြားရ။ နောက်ဆုံးဖြစ်နိုင်သည်မှာ အနီးအနားတစ်ဝိုက်မှ ရှမ်းရွာ တစ်ရွာရွာကို အာဏာဖီဆန်မှုနှင့် အပြစ်ပေးသည်ဟုဆိုကာ မြန်မာစစ်သားများက မီးရှို့လိုက်တာပဲဖြစ်မည်။

ပြီးခဲ့သော နှစ်များအတွင်း သီပေါနှင့် မလှမ်းမကမ်းမှ ရွာအချို့ကို မြန်မာစစ်သားများ မီးရှို့ဖျက်ဆီးခဲ့ကြသည်ကို သတိရလိုက်ပြီး အံတစ်ချက် တင်းတင်းကြိတ်လိုက်မိသည်။ အိမ်လေးကို မီးရှို့ဖျက်ဆီးရုံမက ရွာသားတို့ကိုလည်း ရှမ်းသူပုန်များနှင့် အဆက်အသွယ်ရှိသည်ဆိုကာ ရိုက်နှက်စစ်ဆေးခဲ့ကြသည်။ သူတို့၏အဆိုအရ သူပုန်အဖွဲ့ကို စိုင်းက အထောက်အပံ့တွေပေးနေပြီး လက်နက်များကို ဤဒေသတွင် ဝှက်ထားသည်ဟု စွပ်စွဲလေရာ နေရာအနှံ့ ရှာဖွေ၍ အစအနတစ်ခုမျှ မတွေ့ခဲ့ပါသော်လည်း ရှမ်းကျေးရွာလူထု၏ အသက်အိုးအိမ်တို့ကို စတေးလိုက်ရသည်။ သို့ပါသော်လည်း အဆိုပါ ရာဇဝတ်ပြစ်မှုများ မကြာခဏ ကျူးလွန်နေသည်ကို ဗိုလ်နေဝင်း အပါအဝင် တာဝန်ရှိသူများက အထပ်ထပ် ငြင်းကွယ်ခဲ့ကြသလို သတင်းစာများကလည်း တဖြည်းဖြည်း ကြီးထွားလာနေသော စစ်ဘက်အာဏာရှင်များ၏ အမျက်အဒေါကို ကြောက်ရွံ့သည့်အတွက် ဖြစ်ရပ်မှန်သတင်းတို့ကို ထည့်သွင်းဖော်ပြသည် မရှိ။ ဤသည်နှင့် တစ်ချိန်တည်းလိုလို ဖြစ်ခဲ့သော ဖြစ်ရပ်တစ်ခုလည်းရှိသေးသည်။ နမ့်တူတံတား၏ တစ်ဖက်တစ်ချက်မရှိ မဟာဗျူဟာမြောက် နေရာအားလုံးကို စစ်တပ်များက အခိုင်အမာ နေရာယူလိုက်ပြီးနောက် ရဟတ်ယာဉ်တစ်စီး တိုက်လေယာဉ်ခြောက်စီးဖြင့် မြန်မာလေတပ်ရောက်လာပြီး ပလောင်တောင်ကုန်းများ၏ အခြေရှိ မြို့ငယ်လေးတစ်မြို့သို့ ရန်သူ့လေယာဉ်ဟု ယူဆရသော လေယာဉ်ငယ်လေးတစ်စီး ဆင်းခဲ့သည်ဟုဆိုကာ ရှာဖွေလာခြင်းဖြစ်သည်။ ဖြစ်ပုံကလည်း သည်လို၊ လက်ဖက်ခူးသွားသော ရွာသားတစ်ယောက်က အဆိုပါလေယာဉ်လေးကို တွေ့ခဲ့ပြီး လေယာဉ်မောင်းအခန်းထဲကိုပင် ဝင်ကြည့်ဖို့ နေ့တစ်ဝက်မျှ ကြိုးစားခဲ့သည်ဟုဆိုသည်။ ဤအချိန် ဤအခါ တစ်ဝိုက်တွင်လည်း အမြင့်ပေ ထောင်ပေါင်းများစွာမှ အမျိုးအမည်မသိ လေယာဉ်တချို့ မကြာခဏ ပျံသန်းနေသည်ဖြစ်၍ စစ်ဘက်မှလည်း ခေါင်းခဲနေ

သည်ဖြစ်ရာ လေယာဉ်ငယ်တစ်စင်းကို တွေ့ခဲ့သည်ဆိုသော ရွာသားတံမှ သတင်းကြားရသည်နှင့် ရွာသားကိုပင် လမ်းပြအဖြစ် ခေါ်ဆောင်ကာ ခြေလျင်တပ်များဖြင့် တောနင်းရှာပါသော်လည်း အစအနပဟူ၍ တစ်ခုမျှ မတွေ့ရ။ သို့ဖြင့် အဆုံးတွင် ရွာသားက စိတ်ရှုပ်ထွေးလာပြီး လေယာဉ်ကို သူ တွေ့ခဲ့သည်ဆိုသည်မှာ မဟုတ်မမှန်ကြောင်း၊ လက်ဖက်ခူးလာရာမှ ပျင်းပျင်းနှင့် တောထဲတွင် အိပ်ပျော်ခဲ့ပြီး ရွာအပြန်တွင် လက်ဖက်မပါခြင်း၊ ဗလာနှင့်ပြန်ရမည်ကို ကွယ်ဝှက်ရန် ယခုလို လုပ်ဇာတ်ထိုး၍ အကြံအဖန်လုပ်ခဲ့ရပါသည်ဟု ဝန်ခံခဲ့ပြီးနောက်တွင်မူ တောထဲမှာ လေယာဉ်ရှာပုံတော်ကိစ္စနှင့်ပတ်သက်ပြီး ဘာမျှ မကြားရတော့သလို ရွာသားမှာလည်း ထိုနေ့မှ စ၍ ပျောက်ခြင်းမလှပျောက်သွားလေတော့သည်။ အဆိုပါကိစ္စ ဖြစ်ပျက်ပြီး များမကြာမီ နမ့်တူတံတားတစ်ဖက်တစ်ချက်တွင် တပ်စွဲထားသော စစ်သားများ စစ်တန်းလျားများဆီ ပြန်သွားကြသည်။

အမှန်အားဖြင့် ရှမ်းလူထုအပေါ် စစ်ဘက်မှ ဤသို့ နိုင်လိုမင်းထက် ပြုကျင့်ခဲ့သည်များမှာ သီပေါ၌သာမဟုတ်။ ရှမ်းပြည်နယ်တစ်ထိုတွင် နေရာတိုင်းရှိနေရာ စိုင်းကဲ့သို့ပြည်နယ်အကြီးအကဲတိုင်းတွင်မူ ပြောစရာ အကြောင်းအရာတစ်ခုစီ ရှိနေမြဲ ဖြစ်ပါသော်လည်း ရှမ်းပြည်အစိုးရအပေါ် အမြင်မကြည်မလင်ဖြစ်နေသော စစ်ဘက်ခေါင်းဆောင်တို့၏ လုပ်ရပ်တို့ကိုမူ ဟန့်တားနိုင်ခြင်းမရှိ၊ မည်သို့ရှိစေ ဗမာပြည်တွင် စစ်အာဏာရှင်စနစ် တဖြည်းဖြည်း ကြီးထွားလာနေသည်ကို ဒဲ့ဒဲ့ထိ ရင်ဆိုင်တွေ့နေရပါလျက် ကြိုတင်ပြင်ဆင်မှုများ မရှိခဲ့သော မိမိ၏ မိုက်မဲမှုကိုပင် စိုင်းအပြစ်တင်နေမိသည်။ မိုလ်နေဝင်း၏ ခြေလှမ်းတို့ကို ရှင်းရှင်း သဘောပေါက်ခဲ့မည်ဆိုလျှင် မိမိအနေနှင့် ယခုလို အချုပ်အနှောင်ခံရမည် မဟုတ်။

မလွှဲမရှောင်သာ၍ ခံလိုက်ရသည့်တိုင် သူ့အတွက်မူ စိုင်း မစိုးရိမ်ပါ။ ကုန်ကုန်ပြောရလျှင် သတ်ပစ်လိုက်သည့်တိုင် ကြောက်ရွံ့လိမ့်မည် မဟုတ်။ သို့သော် သုစန္ဒီနှင့် သမီးငယ်ဆိုသော အတွေးများ သူ့ခေါင်းထဲတွင် ဝင်လာသည်နှင့် သူ့ရင်၌ တစ်ဆစ်ဆစ်နှင့် နာကျင်ခံခက်လှပါ၏။

## အခန်း (၁၂)

စံအိမ်တော်၏ ခန်းမကျယ်ကြီးထဲတွင် သုစန္ဒီ ခေါက်တုံ့လှည့်ချည် လျှောက်နေရာမှ နားနှင့်စိမ်းသော အသံဗလံ တစ်ခုခုက တိတ်ဆိတ်ခြင်းကို နှောင့်ယှက်သည့်အခါတိုင်း ခြေလှမ်းတို့ တုံ့ဆိုင်းသွားသည်။ မန္တလေးမှ လားရှိုးသို့ တစ်ပတ်တစ်ကြိမ်ပျံသန်းသော လေယာဉ်ခရီးစဉ်ရှိလေရာ သီပေါမြို့ပေါ်မှ ပျံသန်းသွားသော လေယာဉ်သံကို ကြားမိသည်ဆိုလျှင်ပဲ လေယာဉ်ဖြင့် စိုင်းများ ပါလာလေပြီလား မျှော်မိပြန်ပါ၏။

ယခုတိုင် သူတို့ဘက်က ရှာဖွေနေရသည်ဆိုလျှင် ရန်သူတွေလက်က စိုင်းတစ်ယောက် လွတ်မြောက်သွားပြီလား၊ ဘေးမသီ ရန်မခ ရှိစေဖို့ အကြိမ်ကြိမ် သူမဆုတောင်းနေမိသည်။ ဤတွင် စံအိမ်တော်၏ ဆင်ဝင်အောက်သို့ ဂျစ်ကားတစ်စီးထိုးဆိုက်လိုက်ပြီး တံခါးမှူး ဦးကျော်လင်းကို ပြောကြားလိုက်သံ ကြားသည်။ ဤအသံပိုင်ရှင်နှင့် သုစန္ဒီ ရင်းနှီးနေပါတယ်။

*"မဟာဒေဝီကို သွားပြောလိုက်ပါ ကျုပ်တို့ ရောက်နေပြီလို့"*

သီပေါမှ ဆရာဝန်နှင့် သူ့ဇနီး ဘယ်လိုကြောင့် ရောက်လာပါလိမ့်၊ သူမလည်း အခေါ်မလွှတ်ခဲ့ပါလား။

*"ရော့ ဆေးထိုးအပ်တွေယူသွားပြီး ၁၀ မိနစ်လောက် ပြုတ်ပေးပါ"*

အိမ်ပေါက်ဝမှ စစ်သားတွေ ကြားလောက်သည့်အသံဖြင့် ဒေါက်တာခင်အောင်က ဦးကျော်လင်းကိုပြောပြီး လင်မယားနှစ်ယောက်စလုံး သူမ ရှိရာ အိပ်ခန်းဆောင်ထဲ လျှောက်လာကြသည်။

*"ကျနော်တို့ ဒီနေရာမှာပဲ စကားပြောလို့ရမလား မဟာဒေဝီ"*

*"ရပါတယ် ရပါတယ်၊ ကျမကို ပြောကြပါဦး၊ စိုင်းနဲ့ပတ်သက်ပြီး ရှင်တို့*

*ဘာတွေများ ကြားခဲ့လို့လဲ"*

ညှော်သည်တို့ကို ထိုင်ပါဟုပင် စကားဖြင့်မပြောနိုင်တော့ဘဲ လက်ဟန်ဖြင့် ပြကာ စိုင်းအကြောင်းကို သုစန္ဒီ ဒရောသောပါး မေးလိုက်သည်။

*"ကျနော် သိထားသလောက် ပြောဖို့လာခဲ့တာပါ မဟာဒေဝီ၊ ဒါပေမဲ့ ကျနော် တို့ အချိန်သိပ်ပေးလို့ ရမှာမဟုတ်ဘူး။ သေသေချာချာ နားထောင်ပါ မဟာဒေဝီ"*

ဒေါက်တာခင်အောင်က စကားပြောရင်းနှင့် ကုလားထိုင်အစွန်းတွင် ဝင် ထိုင်လိုက်ပြီး သုစန္ဒီကို စိုးရိမ်တကြီး ကြည့်နေသည်။

*"ဘာတွေ ဖြစ်ကုန်တာလဲ၊ ကျမကို ပြောကြပါဦး။ ဘာကြောင့် စော်ဘွား လေး စပ်ကြာဆိုင်ကို ဗမာစစ်သားတွေက လိုက်ရှာနေကြတာလဲ"*

*"ကိုယ် ပြောခဲ့တာ မှန်တယ် မဟုတ်လား။ မဟာဒေဝီ ဘာမှမသိသေးဘူး"*

ဟု ဒေါက်တာက သူ့ဇနီးဘက်လှည့်ပြောပြီး တစ်ခါ သူမထံ မျက်နှာမူကာ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြသည်။

*"ဒီနေ့မနက်ပဲ ဗိုလ်နေဝင်း ဦးဆောင်တဲ့ စစ်တပ်က အာဏာသိမ်းလိုက်ပြီး ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်တွေအားလုံးကို ဖမ်းဆီးထားလိုက်ကြပြီ မဟာဒေဝီ၊ တစ်ပြည်လုံးကိုလည်း မာရှယ်လောထုတ်လိုက်တယ်"*

*"အို... ဘုရားရေ၊ ဒေါက်တာပြောတာ သေချာပါတယ်နော်"*

*"သေချာပါတယ် မဟာဒေဝီ၊ လုံးဝ သေချာပါတယ်၊ ဒါကြောင့် ကျွန်တော် တို့အားလုံးအတွက်ရော တစ်တိုင်းတစ်ပြည်လုံးအတွက်ပါ စိတ်ပူနေရတယ် မဟာဒေဝီ"*

*"ဒီလိုဆို စိုင်းကရော၊ ရှင်တို့စော်ဘွားလေးအကြောင်းကိုရော မကြားဘူးလား"*

ယခုတိုင် သုစန္ဒီ မတ်တတ်ရပ်ပြောနေသေးသဖြင့် ဆရာဝန်၏ဇနီးက သူမ ပခုံးကို အသာအယာပွေ့ဖက်ရင်း ဆိုဖာပေါ် ထိုင်ခိုင်းလိုက်ရသည်။

"ရန်ကုန်က ဂျင်မီရန်းအိမ်ကို စစ်တပ်က ဝင်ရှာတယ်၊ ဒါပေမဲ့ စော်ဘွားလေး ကို မတွေ့ဘူး မဟာဒေဝီ၊ ကျနော်ထင်တယ် အခုဆို သူ လမ်းခုလတ်မှာပဲ ရှိနေလိမ့် မယ်၊ ဒီအချိန် ကျနော်တို့ဘက်က သိပ်ကို သတိထားရမယ့် အချိန်ပဲ မဟာဒေဝီ၊ ဝရုန်း သုန်းကား အခြေအနေထဲမှာ သူတို့ဘက်က လုပ်ချင်တာ လုပ်သွားနိုင်တယ်၊ ကျနော်မှာ ချင်တာက သမီးငယ်နှစ်ယောက်နဲ့ မဟာဒေဝီကို မှီခိုနေသူတွေအတွက်ပဲ စဉ်းစားပါ၊ အခွင့်အရေးရရင် ရသလို ကျွန်တော် လာတွေ့ပါဦးမယ် မဟာဒေဝီ"

မိုးအိထံမှ ဆေးထိုးအပ်တို့ကို ဒေါက်တာက အသုံးပြုခြင်းမရှိဘဲ သူ့အိတ်ထဲ

ပြန်ထည့်လိုက်ပြီး သူ့ဇနီးနှင့်အတူ ပြန်ထွက်သွားတာကိုကြည့်ရင်း ဆရာခင်အောင် ရောက်လာရခြင်းအကြောင်းကို မိုးအိသဘောပေါက်လိုက်ပြီး ဆေးအိတ်ကိုယူရင်း ဆရာနောက်မှ လိုက်ပါသွားရာ ကားပေါ်တက်ခါနီးတွင် ဆရာခင်အောင်က မဟာဒေဝီကို တစ်ယောက်တည်းပစ်မထားဖို့ အထူးသတိပေးသွားသေးသည်။

ထိုင်ခုံ ဆိုဖာကျောမှီပေါ် ခြေပစ်လက်ပစ် လှဲချလိုက်ပြီး မျက်လုံးကြောင်ကြောင်နှင့် မျက်နှာကြက်ကို သုစန္ဒီ အသက်မဲ့ ငေးကြည့်နေမိသည်။ အဖြူရောင်မျက်နှာကြက်နောက်ခံတွင် ပိုးကောင်မွှားကောင်လေးတို့ကို ချောင်းမြောင်း၍ ငြိမ်သက်စွာ တွယ်ကပ် နေသော အိမ်မြှောင်တစ်ကောင်ကို အထင်းသားတွေ့နေရသည်။ စိုင်း ဘယ်ရောက်နေပြီလဲ။ ဘယ်နေရာ၊ ဘယ်ဒေသ ရောက်သည်ဖြစ်စေ စိုင်း အသက်ရှင်နေသည်ကိုမူ သူမ စိတ်ထဲက အလိုလိုသိနေသည်။ စိုင်းတစ်ယောက် ရန်သူတွေလက်က လွတ်မြောက်သွားပါစေ၊ သို့တည်းမဟုတ် ဦးဆောင်မှုပေးဖို့ အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ပါသော်လည်း စိုင်းဘက်က အခါခါ ငြင်းဆန်ခဲ့သော ရှမ်းလက်နက်ကိုင်တော်လှန်ရေးသမားများနှင့် လက်တွဲဖို့ စိုင်း ထွက်သွားတာလည်း ဖြစ်နိုင်သည်။ သို့ပေမဲ့ သူမအနေနှင့်မူ ယခုအချိန်တွင် စိတ်ထောင်းလို့ကိုယ်ကြေ၊ သောကပရိဒေဝမီးတွေနှင့် ပူလောင်လှပါ၏။

*"စဝ်မယ် စဝ်မယ်"*

ကျူးတစ်ဖက်တွင် ဖွင့်ထားသော စာသင်ကျောင်းငယ်လေးမှ ကျောင်းဆင်းလာသော သမီးငယ်တို့၏ ခေါ်သံကြားရပြီး မကြာပါချေ။ သူမရင်ထဲ အပြေးအလွှား တိုးဝင်လာကြရာ ပွေ့ဖက်ထားလိုက်ပြီး သူမ၏အပူရုပ်ကို သမီးငယ်တွေ မရိပ်မိဖို့ စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေလိုက်ရသည်။

*"စဝ်မယ် သမီး ရေကူးချင်တယ်"*

သမီးကြီး မာယာဒီကာ ရှမ်းဘာသာစကားဖြင့် တကျီကျီပူဆာနေသည်ကို ကြည့်ရင်း သူမ အနည်းငယ် စိတ်သက်သာရာ ရလာသည်။ ယခုအချိန်တွင် ကိုယ့်ကိုယ်ကိုယ် ဘာမှ ဆုံးဖြတ်နိုင်စွမ်းမရှိတော့သည်ကို သူမ သိနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် စိုင်းကိုယ်တိုင် ဒီဇိုင်းထုတ်၍ တည်ဆောက်ထားသော စံအိမ်တော်ဝင်းအတွင်းမှ ရေကူးကန်တွင် ရေကစားနေသော သမီးငယ်တို့ကို ကြည့်နေရသည်ကပင် သူမအဖို့ လောလောဆယ် စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သည် မဟုတ်ပါလား။ ယနေ့မနက်မှ ဖြစ်ခဲ့သော ရုတ်ရုတ်သဲသဲ အခြေအနေတို့ကို သမီးငယ်တို့ မသိလိုက်ရုံမျှမက ဟော်နန်း၏ ဂိတ်တံခါးပေါက်တွင် ယခင် အိမ်တော်၏ လုံခြုံရေးတပ်ဖွဲ့ဝင်များစောင့်နေရာမှ ယခု

အစိမ်းရောင် ယူနီဖောင်းနှင့် ဗမာစစ်တပ်များ ပြောင်းလဲ စောင့်ကြပ်နေကြသည်ကိုပင် မရိပ်မိကြသည်မှာလည်း အဆိုးထဲက အကောင်းတစ်ခုဟု ဆိုရပေတော့မည်။ စိုင်း ကလည်း ရန်ကုန်နှင့် တောင်ကြီးမြို့များသို့ အလုပ်ကိစ္စနှင့် တစ်ကြိမ်ခရီးထွက်လျှင် တစ်ပတ်ဆယ်ရက်မျှ ကြာတတ်မြဲဖြစ်၍လည်း သမီးတို့အတွက် မထူးဆန်းသလို ဖြစ်နေ တာလည်း ပါပေလိမ့်မည်။ စိုင်း ခရီးသွားလျှင် စိုင်းအိပ်သော နေရာတွင် သမီးတို့က လာအိပ်တတ်ရာ သမီးတို့ကို သိဂ်ရင်း မနှစ်က ဗေဒင်ဆရာတွေ သတိပေးခဲ့သောကိစ္စကို သုစန္ဒီ ပြန်သတိရမိသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတောအတွင်း စိုင်း၏ဇာတာအရ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းဟုဆို၍ ဆုတောင်းပွဲများဖြင့် ယတြာချေလိုက်ရသေးရာ ဖေဖော်ဝါရီလကုန်၍ ပါပဂြိုလ် ထွက်သွားတော့မှပင် သူမ ဟင်းချနိုင်တော့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ် ၂ ပတ်ကျော်ကလည်း သီပေါကူးသန်းရောင်းဝယ်ရေးဗဟိုကို ကိုယ်စားပြုသော ယူနန်အဖွဲ့တစ်ဖွဲ့ ဟော်နန်းသို့ မရောက်စဖူး ရောက်လာပြီး နှစ်သစ်ကူး လက်ဆောင်တွေ လာပေးကြသည်။ ဤတွင် လာမည့်နှစ်တွင် သီပေါဟော်နန်းအတွင်း ကျရောက်လာနိုင်ပါသော မကောင်းသောဘေး၊ မကောင်းသော ရန်တို့ကို ရှောင်စေရှားစေ ရန်အတွက် ဟော်နန်းရှေ့ မြက်ခင်းပြင်တွင် တရုတ်နဂါးအကဖြင့် ယတြာချေပေးကြ မြန်ရာ ဟုတ်သည် မဟုတ်သည်ထက် သမီးနှစ်ယောက်အတွက် အကြိုက်တွေ့ခဲ့ကြ သည်။

❁ ❁ ❁

သုစန္ဒီ အိပ်ရာမှ နိုးလာသည်။ မနေ့က အဖြစ်အပျက်တို့ကား အိပ်မက်ဆိုး မျှသာဖြစ်ပါစေတော့ဟု ဆုတောင်းခဲ့ပါသော်လည်း နေ့လယ် အိပ်မက်ခြောက်ကြီးက ဆက်ခြောက်နေဆဲ။ သူမရှိရာ စံအိမ်တော် အပေါ်ထပ်သို့ ဦးကျော်ခင်း ကပျာကယာ တက်လာပြီး သတင်းတစ်ပုဒ် လာပြောသည်။

*"မဟာဒေဝီ စစ်ဗိုလ်တစ်ယောက်နဲ့ သူ့တို့လူတွေ ရောက်လာပြီး စံအရှေ့ ဟော်နန်းက တယ်လီဖုန်းလိုင်းတွေကို ဖြတ်သွားတယ်"*

ဘုရားရေ... ဟော်နန်းတစ်ခုလုံးကို အကျဉ်းထောင်အဖြစ်ပြောင်းဖို့ သူတို့ ကြိုးစားနေပါတကား။

*"သူတို့နဲ့ ဘာပြဿနာမှ မဖြစ်စေနဲ့ ဦးကျော်လင်း၊ ဒီကိစ္စကို ကျမကိုယ်တိုင်*

*ဗိုလ်မှူးကြီးနဲ့ ပြောမယ်"*

အနေအထားတို့က တဖြည်းဖြည်း ဆိုးဝါးလာနေသည်ကို သိလာသည်နှင့် အမျှ သုစန္ဒီ ထိတ်လန့်လာသည်။ ယခု သူတို့က ဟော်နန်းတစ်ခုလုံးကို ပြင်ပကမ္ဘာကြီးနှင့် လုံးဝ အဆက်အသွယ်ဖြစ်တောက်လိုက်ပြီ။ အဝင်အထွက်အားလုံးကို ထိန်းချုပ်ထား လိုက်ကြပြီ။ ဈေးသွားရာမှ ပြန်လာသော စားဖိုမှူးကြီးကိုသာမက သူနှင့်အတူ အကူ အဖော်လိုက်ပါသွားသူ ကလေးငယ်ကိုပင် ဂိတ်စောင့်စစ်သားများက ရှာဖွေစစ်ဆေးကြ သည်။ ဟော်နန်းနှင့် အဝင်အထွက်လုပ်သူ အားလုံးကိုလည်း တစ်ယောက်မကျန် လက်မှတ်ထိုးခိုင်းသည်။ ဟော်နန်းသို့ လာပို့သော စာပို့အမားထံမှ စာအားလုံးကိုလည်း သိမ်းယူပြီး သူတို့အထက်အရာရှိထံ ပို့ပေးရသည်။ သူတို့အခြေအနေကို သိလိုသဖြင့် ဦးကျော်လင်းကို စာတစ်စောင် ပို့ခိုင်းပြီး သုစန္ဒီ စမ်းသပ်ကြည့်ရာ စာကို သူတို့ သိမ်းယူသွားကြသည်။ သို့ဆိုပါလျှင် သူမ အမျှော်ကြီး မျှော်နေရပါသော စိုင်းထံမှ စာကား သူမထံ ရောက်လာဖို့ လမ်းမရှိတော့ပြီ။ အို… ဘာပဲဖြစ် ဖြစ် တစ်နည်းတစ်လမ်း ကိုတော့ စိုင်း ရှာကြံနိုင်မှာပါလေ။

စံအိမ်တော်နှင့် ဟော်နန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအား လုံး အပါအဝင် စစ်တပ်က ဖမ်းထားသော ဟော်နန်းလုံခြုံရေးတပ်ဖွဲ့ဝင်တို့၏ ဇနီး မယားအားလုံးကို သုစန္ဒီ ခေါ်ယူစုဝေးလိုက်သည်။

*"အားလုံး သိကြတဲ့ အတိုင်းပါပဲ။ မနေ့ကစပြီး ဟော်နန်းမှာ အခြေအနေ တွေ ပြောင်းသွားတယ်၊ ဟော်နန်းကို စစ်သားတွေက ထိန်းချုပ်ထားတယ်၊ ဒါပေမဲ့ ရှင်တို့စော်ဘွားလေးလည်း ပျောက်နေတယ်၊ ကျမကိုလည်း အကျယ်ချုပ် ဖမ်းထား ကြတယ်၊ ဒီတော့ ကျမနဲ့အတူ ရှင်တို့ရှိနေရင် သူတို့က ရှင်တို့ကို နှောင့်ယှက်နိုင်တယ်၊ ဟော်နန်းကိုလာချင်တဲ့ မိတ်ဆွေတွေလည်း ထိတ်လန့်နေကြလိမ့်မယ်၊ ရှင်တို့ အားလုံး ဟာ ဟော်နန်းရဲ့ဝန်ထမ်းတွေဆိုပေမဲ့ ရှင်တို့မှာ လွတ်လပ်ခွင့်ရှိတယ်၊ ဟော်နန်းက ထွက်သွားမယ်ဆို ထွက်သွားနိုင်တယ်၊ ဒီလို ထွက်သွားမယ်ဆိုလည်း ကျွန်မ ဘက်က ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ပါတယ်၊ ပြီးတော့ အခု အဖမ်းခံထားရတဲ့ ဟော်နန်း လုံခြုံရေးအဖွဲ့ဝင်တွေ အတွက်လည်း စိတ်မပူကြပါနဲ့၊ သူတို့ ခံစားခွင့်ရှိတဲ့ လစာငွေတွေကို ကျမ ဆက်ပြီး ပေးသွားပါမယ်"*

သုစန္ဒီ စကားဆုံးသွားသော်လည်း ဝန်ထမ်းများထံမှ တစ်လုံးမျှ တုံ့ပြန်ခြင်း မရှိဘဲ အချိန်အတော်ကြာ နှုတ်ဆိတ်နေကြရာမှ ဦးကျော်လင်း၏ ခက်ထန်ထန် မာန်ပါ

သော အသံတစ်ခု ဟိန်းထွက်လာသည်။

*"မဟာဒေဝီ ကျနော်တို့ ဘယ်မှ မသွားဘူး၊ ဒီမှာပဲ ကျနော်တို့ နေမယ်"*

*"ဒီမှာနေရင် ရှင်တို့ကို သူတို့က ဖမ်းနိုင်တယ်ဆိုတာကော မစဉ်းစားတော့ဘူးလား"*

*"ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မယ် မဟာဒေဝီ၊ ကျနော်တို့ လုံးဝမကြောက်ဘူး"*

ဦးကျော်လင်း စကားကို မိုးအိ၊ နိုင်နိုင်၊ အိုက်စံအပါအဝင် ဝန်ထမ်းအားလုံးက တညီတညွတ် ထောက်ခံလိုက်ကြပြီး ဟော်နန်းအရှင်နှစ်ပါးအတွက် သူတို့အသက်တွေကို စွန့်လွှတ်ဖို့ ပြင်ဆင်ထားကြောင်း ဦးဘခေါင်၏ဇနီးက ပြောသည်။

ဤမျှ နက်ရှိုင်းသော သစ္စာစောင့်သိမှုကို ကြားရသည့်အခါ သူမအဖို့ ခွန်အား အားသစ်တွေ တိုးလာရသည်နှင့်အတူ ယခုအခါ စိုင်း မရှိသည်ဖြစ်၍ ဟော်နန်းတစ်ခုလုံး၏ ကိစ္စအဝဝနှင့်ပတ်သက်၍လည်း မိမိအနေနှင့် ပို၍ တာဝန်ရှိလာသည်ကို သူမ နားလည်လိုက်ပါတယ်။ သို့နှင့်အမျှ ဟော်နန်းတစ်ခုလုံး၏ အထွေထွေ ကုန်ကျစရိတ်တို့အတွက် လိုအပ်လျှင် တစ်နှစ်စာမျှ မိမိ လက်ထဲတွင် ပိုက်ဆံရှိထားသည်မို့လည်း တစ်ဖက်တစ်လမ်းက စိတ်ချမ်းသာရပေသည်။ သို့ဖြင့် ဝန်ထမ်းများ စုဝေးနေရာမှ ထွက်ခွာသွားပြီး နောက်တွင်မူ သူမတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။ သို့ရာတွင် သူမ အလုပ်ကား စောင့်ရပေဦးမယ်၊ ဟော်နန်းလာမည့် ဧည့်သည်ဆောင်သည်တို့ကို စောင့်ရဦးမယ်၊ စိုင်းထံမှ ပါးလိုက်မည့် သတင်းစကားတို့ကို လည်တိုင်ကျိုးမတတ် မျှော်ရပေဦးမည်ဖြစ်ပါသော်လည်း နာရီတို့ကမူ သူမအတွက် ရပ်တန့်နေဟန်ဖြင့် ဘာတစ်ခုမျှ ရောက်မလာခဲ့။ နောက်တစ်နေ့တွင် ဧည့်သည်များ ရောက်လာခဲ့ပါသော်လည်း မျှော်နေသူ ဧည့်ကောင်းဆောင်ကောင်းများကား မဟုတ်ကြ။ ဗမာစစ်သားတစ်အုပ်သာဖြစ်ပြီး ဟော်နန်းနေရာတချို့မှာ ကမူးရှူးထိုးနှင့် သည်းကြီးမဲကြီး ရှာဖွေနေကြရာ လက်နက်ခဲယမ်းမီးကျောက်ဟူ၍ ဒုတိယကမ္ဘာအတွင်းကဟု ယူဆရသော ကျည်တစ်တောင့်ကို ဘုရားကျောင်းဆောင် အဆောက်အဦ၏အနီးတွင် စိုက်မြုပ်နေသည်ကိုသာ တွေ့ကြရပါ၏။

ဤသို့ တရားနည်းလမ်းမဲ့ စော်ကားမှုတို့ဖြင့် လေးရက်ဆက်တိုက် ကြုံလာပြီးနောက်တွင် သူမ စောင့်မနေနိုင်တော့ပြီဖြစ်၍ ကျောက်မဲတွင် ရုံးစိုက်သော တပ်မှူးနှင့် သွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။ ဤကိစ္စကို အကောင်အထည်ဖော်ဖို့ဆိုလျှင်လည်း သမီး ငယ်နှစ်ယောက် ကျောင်းသွားနေခိုက်မှာသာ ဖြစ်နိုင်ပေလိမ့်မည်။ သို့မဟုတ်လျှင်

မိခင်နှင့် တစ်ခါမျှ မခွဲဖူးသော ကလေးများက သူမကို မျက်စိအောက်က အပျောက်ခံ ကြလိမ့်မည်မဟုတ်။ နောက်ပြဿနာတစ်ခုက ကားဒရိုင်ဘာမှာလည်း အဖမ်းခံနေရ သည်ဖြစ်၍ သူမကိုယ်တိုင် မောင်းရပေလိမ့်မည်။ ဆုံးဖြတ်ပြီးသည်နှင့် ကားဂိုထောင် ထဲက မာစီဒီးကားကို ထုတ်ယူလာပြီး သူမနှင့်အတူ လိုက်၊ မလိုက် မိုးအိသဘောထား ကို မေးကြည့်ရာ . . . .

*"မဟာဒေဝီကို သူတို့ သွားခွင့်ပြုမှာ မဟုတ်ဘူး"*

ဟု မိုးအိက သူ့အထင်ကို ပြောသည်။

*"ငါ ဂရုမစိုက်နိုင်ဘူး မိုးအိ၊ စော်ဘွားလေးကို ငါ လိုက်ရှာမှဖြစ်မယ်၊ သူတို့က ငါ့ကို ဘယ်လို တားဆီးနိုင်မှာလဲ"*

*"သူတို့က သေနတ်နဲ့ပစ်နိုင်တယ် မဟာဒေဝီ"*

*"ပစ်ချင်ပစ် ငါက သွားရမှာပဲ၊ နင် နေခဲ့တော့ မိုးအိ၊ ငါတစ်ယောက်တည်းပဲ သွားမယ်"*

*"ကျွမက ကြောက်လို့ပြောတာ မဟုတ်ဘူး မဟာဒေဝီ၊ မဟာဒေဝီအတွက် စိုးရိမ်လို့ ပြောတာပါ"*

"ဒါဆိုလဲ သွားစို့ မိုးအိ၊ ကားပေါ်တက်"

ဦးကျော်လင်းနှင့် နိုင်းနိုင်းတို့က သူမကိုဟန့်တားဖို့ အချိန်မရခင်မှာပင် မော်တော်ကားကို မောင်းထွက်လာခဲ့သည်။ မိုးအိကို နောက်ခန်းတွင်ထိုင်စေပြီး အနက် ရောင်မာစီဒီးကားကြီးကို မောင်းလာရာ ဟော်နန်းဂိတ်တံခါးဝရောက်သည်တွင် လက်နက်ကိုင်စစ်သားတစ်စုက မော်တော်ကားကို တားလိုက်ကြသည်။ ပြီးနောက် တပ်ကြပ်ကြီးတစ်ယောက် မော်တော်ကားဆီ လျှောက်လာသည်။

*"မဟာဒေဝီကို အရှေ့ဟော်နန်းအတွင်းက ထွက်ခွင့်မပြုဖို့ ကျွန်တော်တို့ ကို အမိန့်ပေးထားပါတယ်"*

*"အဲ့... ဒီကိစ္စက ကျွမ ကိစ္စမဟုတ်ဘူး၊ ကျောက်မဲက ဗိုလ်မှူးကြီးထွန်း အောင်ကို သွားတွေ့ပြီး ကိစ္စအားလုံး ပြောပြရလိမ့်မယ်"*

*"ကျနော်တို့ တားမြစ်တဲ့ကြားက ထွက်သွားမယ်ဆိုရင်တော့ ပစ်ရပါလိမ့် မယ် မဟာဒေဝီ"*

*"ကောင်းပြီ၊ ရှင်တို့ ပစ်ချင်ပစ်လိုက်"*

ပြောပြီးသည်နှင့် မော်တော်ကားလီဗာကို ဆောင့်နင်းပြီး ကြက်သေသေ

နေကြသော အစောင့်လက်နက်ကိုင်များကြားမှ အရှိန်နှင့် မောင်းထွက်လိုက်သည်။ သို့ပေမဲ့ သေနတ်သံ တစ်ချက်မျှမကြား။ ကျောက်မဲသို့ ၂၄ မိုင်ဆိုသော်လည်း ခရီးကား မပေါက်သလို ထင်မှတ်ရသည်။ အချိန်အတော်ကြာ မောင်းလာသည်အထိ သူတို့နှစ်ယောက် စကားမပြောကြ။ တောလမ်းခရီးကို ဖြတ်နေရသည့်အတွက်လည်း လက်နက်ကိုင်စစ်သားတို့ကို ထိတ်လန့်နေရသေးသည်။ သို့ပေမဲ့ နွားလှည်းတချို့နှင့် ဘတ်စ်ကားတစ်စီး နှစ်စီးမျှသာတွေ့ရပြီး တောင်ငှက်တို့အသံများကိုသာ ကြားနေရသည်။ တစ်နေရာတွင်မူ ကောင်းကင်တွင် အုပ်ဖွဲ့ပျံသန်းနေသော လင်းတတို့ကို မြင်တွေ့ရသည်တွင် မြေပြင်တွင် အသေကောင်ရှိဟန်တူသည်။ သည့်နောက် ဗိုလ်မှူးကြီးနှင့်တွေ့ဖို့ကိစ္စဆီ သူမ စိတ်ရောက်သွားသည်။ ပော်နန်းကို ပထမဆုံးအကြိမ် လက်နက်ကိုင်စစ်သားများ ရှာဖွေခဲ့ကြစဉ်က ဗိုလ်မှူးကြီးကို သူမ တွေ့ဆုံခဲ့ဖူးပါသော်လည်း ယခုတွေ့ဖို့ ဖြစ်နိုင်ပါမည်လား။ ယခုလို သူမ၏ စွန့်စားမှုများသည်ကောအောင်မှ အောင်မြင်ပါ့မလား။ စိုးရိမ်စိတ်တို့ သူမရင်မှာ မြင့်တက်လာနေရာမှ တိတ်ဆိတ်ခြင်းကို မိုးအိက ဖျက်သိမ်းလိုက်သည်။

*"ကျွမတို့ ပြန်လှည့်ကြရအောင် မဟာဒေဝီ၊ ကျွမ တောင်းပန်ပါတယ်"*

မော်တော်ကားကို အရှိန်လျှော့လိုက်ပြီး မိုးအိထံ သူမ နောက်လှည့်ကြည့်လိုက်သည်။

*"ဘာဖြစ်လို့လဲ မိုးအိ၊ နင် နေမကောင်းလို့လား"*

*"မဟုတ်ဘူး မဟာဒေဝီ၊ ကျွမ အရမ်းစိုးရိမ်နေလို့ပါ"*

*"ဘာကို စိုးရိမ်နေတာလဲ"*

*"သူတို့ သေနတ်နဲ့ပစ်လိမ့်မယ်ထင်တယ် မဟာဒေဝီ"*

*"မထင်နဲ့ မိုးအိ၊ ငါတို့ကိုမပစ်ဘဲ လွှတ်လိုက်တာ သူတို့မှာ အကြောင်းပြချက်တစ်ခုရှိတယ် မိုးအိ၊ သူတို့ ပစ်မှာမဟုတ်ဘူး"*

မိုးအိ စိတ်ချမ်းသာအောင် တွက်ချက်ပြရပါသော်လည်း ကျောက်မဲသို့ နီးကပ်လာသည်နှင့်အမျှ စိုးရိမ်စိတ်တို့ဖြင့် တစ်ကိုယ်လုံး ပူလောင်နေသည်ကို သူမ ခံစားမိလိုက်သည်။ သူမ၏စွန့်စားခြင်းက ဖြစ်ကောဖြစ်နိုင်ပါ့မလား။ မိုးအိ ပြောသလို ဖြစ်လာရင်ကော မည်သို့ရှိစေ ယခုမှတော့ နောက်ပြန်လှည့်စရာ အကြောင်းမရှိတော့။ မဖြစ်ဖြစ်သလို အကောင်အထည်ဖော်ရပါလိမ့်မည်။

*"မိုးအိ ရှေ့ဆက် မလိုက်ချင်ရင် ဒီမှာဆင်းပြီး စောင့်နေ"*

*"ဒီလို မဟုတ်ဘူး မဟာဒေဝီ၊ ကျမလည်း လိုက်မယ်"*

မိုးအိက အပြီးသတ် သူ့ဆန္ဒကိုထုတ်ဖော်ပြောပြီး ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဘုရားစာတွေ ရွတ်နေသည်။

တပ်စခန်းက မန္တလေး ကျောက်မဲသွား လမ်းဆုံလမ်းခွအနီးတွင် တည်ရှိရာ တပ်ဂိတ်ဝသို့ မော်တော်ကား ထိုးရပ်လိုက်သည်နှင့် အစောင့်တပ်သားတစ်စုက သူမတို့ မော်တော်ကား ရောက်လာမည်ကို မျှော်လင့်ထားပုံရသည်။ ပြီးနောက် တပ်မှူးရုံးရှိရာမည်သို့သွားရမည်ကို လမ်းညွှန်ပြရင်း တပ်တွင်းသို့ ဝင်ခွင့်ပြုရာ မော်တော်ကားကို ဖြည်းဖြည်းမောင်းလာစဉ်တွင် မိုးအိက အလန့်တကြား အော်ပြောလိုက်သည်။

*"မဟာဒေဝီ ဟိုမှာ ကြည့်စမ်းပါဦး"*

"ဘာလဲ မိုးအိ၊ ဘာတွေ့လို့လဲ"

*"ဟိုမှာ ဦးဘခေါင်၊ စိုင်းအေးနဲ့ ဖင်းနားတို့ရယ် အလုပ်လုပ်နေကြရတယ်"*

ပျဉ်ထောင် အဆောက်အဦး၊ စစ်တန်းလျားအနီးအနားတွင် မြက်ရှင်းနေကြသော ဦးဘခေါင်တို့လူစုကို တွေ့လိုက်ရသည်ဖြစ်၍ သူတို့နှင့် စကားပြောလိုသည့်ဆန္ဒများ ရှိပါသော်လည်း အခြေအနေတို့ ပို၍ ရှုပ်ထွေးသွားမည်စိုးသဖြင့် သူမ စိတ်လျှော့လိုက်သည်။ သို့ပေမဲ့ မော်တော်ကားတံခါးပေါက်မှ ခေါင်းပြူပြီး သူ့အစ်ကို နာမည်ကို အော်ဟစ်ခေါ်နေသော မိုးအိကိုကား သုစန္ဒီ မတားတော့။

*"ဖင်းနားရေ ဖင်းနား"*

အပြစ်မဲ့ အကျဉ်းသားဘဝ ရောက်နေကြသော ပော်နန်းလုံခြုံရေးအဖွဲ့သားများက ခေါ်သံကိုလည်းမကြား။ သူတို့ကားကိုလည်း မြင်ဟန်မတူသော်လည်း လက်နက်ကိုင်စစ်သားတို့က သူတို့ဘက် ချာခနဲ လှည့်လာပြီး သေနတ်များနှင့် ထိုးချိန်လိုက်ကြသည်။

*"တိတ်စမ်း မိုးအိ"*

မော်တော်ကားကို ဖြည်းဖြည်းလေး ဘီးလိမ့်မောင်းနေရာမှ မိုးအိကို သူမ ခပ်ဆတ်ဆတ်လေး ငေါက်လိုက်သည်။

*"နောက်ထပ် တစ်လုံးမှ မပြောနဲ့တော့ မိုးအိ၊ နောက်တစ်ကြိမ် နင်အော်လိုက်ရင် ငါတို့ရော၊ ဦးဘခေါင်တို့ရော ဒီနေရာမှာ ပွဲချင်းပြီးသွားနိုင်တယ်"*

သုစန္ဒီ စိတ်ထဲမှာ တစ်ခုခု သိနေသလို ခံစားနေရပြီး ယခု မြင်တွေ့လိုက်ရသော စစ်သားများက ပော်နန်းမှာ အစောင့်အနေချထားသော စစ်သားများထက်

ပို၍ ခက်ထန်နေသည်ဟု ထင်မည်။ သုစန္ဒီနှင့် မိုးအိတို့ကို တပ်ရေးဗိုလ်ကြီးတစ်ယောက်က ဗိုလ်မှူးကြီးရုံးခန်းဆီ ဦးဆောင်ခေါ်သွားပြီး ရုံးခန်းအတွင်းရောက်သည်နှင့် ဗိုလ်မှူးကြီးက ထိုင်ရာမှထကာ ပြုံးပြုံးရွှင်ရွှင်နှင့် သုစန္ဒီတို့ကို ခရီးကြိုပြုသည်။

*"ထိုင်ကြပါဗျာ ကျနော် ဘာများ အကူအညီပေးရမလဲ မဟာဒေဝီ"*

ဗိုလ်မှူးကြီး ထွန်းအောင်ကား အရပ်ရှည်ရှည်ကိုင်းကိုင်းနှင့် အသားမည်းသော်လည်း ဖော်ရွေသော ဥပဒိရုပ်ရှိသည်။ သို့ပေမဲ့ သုစန္ဒီတို့ ရုတ်တရက် ရောက်လာသည်ကို အံ့ဩဟန်မပြ။ ဗိုလ်မှူးကြီးက သူ့စကားကို ဆက်နေသော်လည်း သုစန္ဒီဘက်က ချက်ချင်း အဖြေမပေးဘဲ ထိုင်ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။ သူမ ဘေးခုံတွင် ဝင်ထိုင်လိုက်သော မိုးအိမှာ အတော်ပင် စိတ်လှုပ်ရှားနေသည်။

*"ပြောပါဦး မဟာဒေဝီ၊ ဘာကိစ္စများရှိလို့ ရောက်လာပါသလဲ"*

*"ဟုတ်ကဲ့ ကိစ္စကတော့ သီပေါက ရှင်တို့ရဲ့အရာရှိတွေက ကျမတို့ကို ဘာကြောင့် အခုလို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံနေတာလဲဆိုတာ သိချင်လို့ပါ"*

လာရင်းကိစ္စကို သွယ်ဝိုက်မနေတော့ဘဲ သူမဘက်က ဒဲ့တိုး ပြောချလိုက်သည်။

*"ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံနေတာ မဟုတ်ပါဘူး မဟာဒေဝီ၊ အထက်အမိန့်အရ မဟာဒေဝီတို့ကို သူတို့က အကာအကွယ်ပေးနေတာပါ"*

*"ဟုတ်ပါပြီ၊ ကျမတို့ကို နေအိမ်အကျယ်ချုပ်ချထားတယ်၊ တယ်လီဖုန်းလိုင်းတွေ ဖြတ်လိုက်တယ်၊ ရောက်လာတဲ့ စာတွေကိုလည်း သိမ်းယူသွားတယ်၊ ဝန်ထမ်းအချို့ကို ဖမ်းသွားတယ်၊ ဒီလိုလုပ်တာတွေဟာ ရှင်တို့က ကျမတို့ကို စောင့်ရှောက်ကာကွယ်နေတာလား"*

ဗိုလ်မှူးကြီးကား မဘီမလည်ဖြစ်သွားသော်လည်း စကားတစ်လုံးမှမပြောတော့။ စင်စစ်လည်း ယခုလို ဆိုင်းမဆင့်ဗုံမဆင့် ဒဲ့တိုးကြီး မေးလာလိမ့်မည်ဟု မျှော်လင့်မထားသလို အာဏာပိုင်တစ်ဦးကို အမျိုးသမီးတစ်ဦးက ယခုလို တင်းတင်းရင်းရင်း ဆက်ဆံလိုက်သည့် ပုံစံမှာလည်း အထူးအဆန်း ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ ယခုလို ကိစ္စမျိုးနှင့်ပတ်သက်လာလျှင် မြန်မာအမျိုးသမီးများစုအနေနှင့် အာဏာပိုင်တို့နှင့် ထိပ်တိုက် ရင်ဆိုင်တတ်ကြသည်မဟုတ်ဘဲ မျက်ရည်နှင့်မျက်ခွက် ကယ်ပါယူပါ အသံများသာ မျှော်လင့်တတ်ကြသည် မဟုတ်ပါလား။

*"ကျမတို့ကို ကာကွယ်စောင့်ရှောက်နေတယ်ဆိုရင်တော့ ဘာကြောင့်လဲ*

ဆိုတာ ကျမသိချင်ပါတယ် ဗိုလ်မှူးကြီး''

''မဟာဒေဝီ ခင်ဗျားက နိုင်ငံခြားသားတစ်ယောက် ဖြစ်နေတယ်၊ နိုင်ငံခြားသားတွေဟာ ကျွန်တော်တို့ နိုင်ငံကို အမြဲ ဒုက္ခပေးတတ်တယ်''

''ဟုတ်ပါပြီ၊ အဲဒါက ပြဿနာဖြစ်နေတယ်ဆိုရင် ဩစတြေးလျားသံမှူးနဲ့ ကျမကို အမြန်ဆုံး အဆက်အသွယ်လုပ်ပေးပါ''

သုစန္ဒီ၏ အဖြေစကားကို ဗိုလ်မှူးကြီး စိတ်တွေ့ဟန်မတူ။

''ကျုပ် ပြောမယ် မဟာဒေဝီ၊ မနေ့က အရှေ့ပော်နဲ့ ၁၀ မိုင်အကွာမှာ ရှမ်းသူပုန်တွေနဲ့ ကျုပ်တို့တပ်တွေ တိုက်ပွဲဖြစ်ကြတယ်၊ ဒါကြောင့် ခင်ဗျားရဲ့လုံခြုံမှုအတွက် ကျုပ်မှာ တာဝန်ရှိတယ်''

''ဒါဆိုလဲ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးတို့ စစ်သားတွေကို ပော်နန်းက ပြန်ခေါ်လိုက်ရင် ကျွန်မအတွက် ပိုပြီး လုံခြုံမယ် ထင်ပါတယ်''

ရုံးခန်းအတွင်း ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ဗိုလ်မှူးကြီးအနေနှင့် စစ်ရေးစစ်ရာကိစ္စတို့ကို ရှေ့ဆက် ပြောချင်ပုံမရသော်လည်း သူမ ရင်ဆိုင်နေရသော အခြေအနေတို့အပေါ် စာနာစိတ်ရှိကြောင်းကိုမူ သုစန္ဒီ ခံစားနားလည်လိုက်သည်နှင့် ဒေါသနှင့်လေသံကိုလျှော့ချလိုက်ပြီး ပြေရာပြေကြောင်း စကားကို ဆိုရပြန်သည်။

''ဗိုလ်မှူးကြီး ကျမမှာ လူမမယ် ကလေးငယ်နှစ်ယောက် ရှိပါတယ်၊ အခုလိုကျမဘက်က အရဲတိုးပြီး တစ်ခုခု မလုပ်ခင်မှာ သူတို့အတွက် အများကြီး စဉ်းစားခဲ့ရပါတယ်၊ ကျမကို ပော်နန်းအပြင် ထွက်ခွင့်ပြုပါ၊ တယ်လီဖုန်းလိုင်းကို ပြန်တပ်ပေးပါ၊ သိမ်းသွားတဲ့စာတွေကိုလည်း ပြန်ပေးစေချင်ပါတယ်၊ ကျမအတွက် ဘာပြဿနာမှ မဖြစ်စေရပါဘူး''

ဗိုလ်မှူးကြီး၏မျက်နှာမှာ တည်ငြိမ်သွားသည်။ ပြတင်းပေါက်သို့လျှောက်သွားပြီး အပြင်သို့ ငေးမောကြည့်နေရာမှ သုစန္ဒီ မျှော်လင့်မထားသော စကားတို့ကို တည်ငြိမ်စွာ ပြောလိုက်သည်။

''ကောင်းပြီလေ၊ အပြင်ထွက်နိုင်ပါတယ်၊ ဒါပေမဲ့ သီပေါကတော့ မကျော်ပါစေနဲ့၊ တယ်လီဖုန်းကိုလည်း ပြန်တပ်ပေးပါမယ်၊ သိမ်းထားတဲ့ စာတွေကိစ္စကိုတော့ အခုအချိန်မှာ ကျုပ်ဘက်က ကတိမပေးနိုင်သေးပါဘူး၊ စောင့်ကြည့်ရပါဦးမယ်''

''ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး၊ အများကြီး ကျေးဇူးတင်ပါတယ်''

ယနေ့အဖို့ သုစန္ဒီ မျက်နှာပေါ်မှ ပထမဆုံး အပြုံးတစ်ပွင့် ထွက်ပေါ်လာပြီး

သူမအတွက် အရေးအကြီးဆုံး မေးခွန်းတစ်ခုကို အလိုအလျောက် မေးမိလျက်သား ဖြစ်သွားသည်။

*"ဗိုလ်မှူးကြီး ကျမ တစ်ခုမေးချင်ပါတယ်"*

*"မေးပါ မဟာဒေဝီ"*

*"ကျမ ခင်ပွန်း ဘယ်ရောက်နေပါလဲ"*

ဗိုလ်မှူးကြီးက မဆိုင်းမတွပင် အဖြေပေးသည်။

*"အခြားလူတွေကို ထိန်းသိမ်းထားတဲ့ နေရာမှာပဲ သူ ရှိပါတယ်။ အဲဒါ အပြင်တော့ ဘာမှ မကြားမိပါဘူး"*

ကြားလိုက်ရသည့် စကားကြောင့် အံ့ဩစိတ်ပျက်သွားသော်လည်း သူမ ဣန္ဒြေကို ထိန်းလိုက်ရသည်။

*"နောက်ထပ် ဘာတွေများ သိခွင့်ရှိပါသေးလဲ ဗိုလ်မှူးကြီး။ သူ့ကို ကျမ ဘယ်နေရာ၊ ဘယ်အချိန်မှာ တွေ့နိုင်ပါသလဲ၊ သူ့အတွက် ကျမ အရမ်း စိတ်ပူနေပါတယ်၊ သူ့အတွက် ဆေးဝါးနဲ့ ဓာတ်စာ လိုအပ်နေပါတယ်"*

စောစောက စုစည်းထားသောစိတ်များ ယောက်ယက်ခတ်စ ပြုလာပြီး အသက်ပြင်းပြင်းတစ်ချက် သူမ ရှိုက်လိုက်သည်။

*"ဘယ်မှာ တွေ့နိုင်မယ်၊ ဘယ်တော့ တွေ့ရမယ်ဆိုတာကိုတော့ မဟာဒေဝီကို ကျွန်တော်တို့ ပြောပါ့မယ်"*

ဤမှာပင် တွေ့ဆုံပြောဆိုမှုများ ပြီးဆုံးပြီဖြစ်ကြောင်း အချက်ပြအနေနှင့် ဗိုလ်မှူးကြီးက ထိုင်ရာမှထပြီး သုစန္ဒီတို့ကို မော်တော်ကားဆီ လိုက်ပို့သည်။ သုစန္ဒီက ကျေးဇူးတင်ကြောင်းပြောပြီး မော်တော်ကားကို မောင်းနှင်ထွက်လာရာ ရုံးခန်းရှေ့တွင် မတ်တတ်ရပ်လျက် ထွက်ခွာသွားသော မော်တော်ကားကို ငေးမောကြည့်နေသော ဗိုလ်မှူးကြီးကို မော်တော်ကား နောက်ကြည့်မှန်မှ သုစန္ဒီ မြင်တွေ့နေရပါ၏။

နောက်တစ်နေ့တွင် ဗိုလ်မှူးကြီး၏ ကတိစကားအတိုင်း စစ်ဗိုလ်တစ်ယောက်နှင့် တပ်ဖွဲ့ဝင်တစ်ယောက် ရောက်လာပြီး တယ်လီဖုန်းလိုင်းများကို ဟော်နန်းတွင် ပြန်ချိတ်ပေးသည်။ နာရီအနည်းငယ်ကြာပြီးနောက်တွင်မူ စောစောက စစ်ဗိုလ်ပင်ပြန် ရောက်လာပြီး စာနှစ်စောင် လာပေးသည်။ တစ်စောင်မှာ ဩစတြေးလျမှ သုစန္ဒီ၏ မိခင်ထံမှဖြစ်ပြီး ဂျာမန်ဘာသာဖြင့် ရေးထားသည်။ အခြားတစ်စောင်မှာ အမေရိကားမှ သူငယ်ချင်းတစ်ယောက်ထံမှဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားရာ စာနှစ်စောင်

လုံးကို မြန်မာဘာသာ ပြန်ဆိုပေးဖို့ ထိုစစ်ဗိုလ်က အကူအညီတောင်းသဖြင့် သူမက နှုတ်နှင့်ပင် ပြန်ဆိုလိုက်ရသည်။ စာပါ အကြောင်းအရာတို့က ပြောပြနေစဉ် စစ်ဗိုလ်က ဂရုတစိုက် နားထောင်၊ မှတ်သားပြီး ပြီးဆုံးသာအခါ စာများကို စစ်ဗိုလ်ထံ ပြန်ပေးလိုက်ရသည်။ မည်သို့ရှိစေ အခြေအနေတချို့ တိုးတက်လာသည်ကို သူမ ဝမ်းသာမိသလို နောင် ရောက်လာမည့်စာတွေကိုလည်း မျှော်လင့်နေမိရာ ဤသည်ပင် သူမအတွက် ပြင်ပကမ္ဘာကြီးနှင့် တစ်ခုတည်းသော ဆက်သွယ်ရာ မဟုတ်ပါလား။

❁ ❁ ❁

သို့ဖြင့် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော နေးရှင်းသတင်းစာနှင့် မြန်မာဘာသာဖြင့်ထုတ်ဝေသော မြန်မာ့အလင်းတို့ ပြန်လည်ရရှိပြီး နောက်တစ်နေ့တွင်မူ ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးခေါင်းဆောင်အားလုံး၏ အမည်စာရင်းတို့ကို သတင်းစာနှစ်စောင်လုံးတွင် တွေ့လိုက်ရသည်။ ဝန်ကြီးချုပ်ဦးနုနှင့် အစိုးရအဖွဲ့ဝင်များ တရားသူကြီးချုပ်နှင့် ပါလီမန်အဖွဲ့ဝင်များ၊ ရှမ်း၊ ကရင်၊ ကယားနှင့် ရှမ်းစော်ဘွားများ ပါမကျန် ဖမ်းဆီးထားသူတို့၏အမည်တို့ကို စုံစုံစေ့စေ့ ဖော်ပြထားပါသော်လည်း စပ်ကြာဆိုင်၏အမည်ကိုကား မတွေ့ရ။ ဘယ်လိုဖြစ်ပါလိမ့်၊ ထိုနေ့ ညနေမှာပင် တောင်ကြီးမှ စပ်ခွန်လုံ၏ဇနီး နန်းလတ် ရောက်လာရာမှ သုစန္ဒီအတွက် စဉ်းစားစရာတွေ ဖြစ်လာသည်။ နန်းလတ်မှာ သီပေါတွင် အသည်းအသန် နာမကျန်းဖြစ်နေသော မိခင်ထံ ရောက်လာပြီး အရှေ့ဟော်နန်းသို့လည်း အတားအဆီးမရှိ ဝင်ခွင့်ရခဲ့သည်။ စပ်ကြာဆိုင် ကိစ္စနှင့်ပတ်သက်ပြီး ပြောစရာစကားတွေ ကိုယ်စီကိုယ်င ရှိထားကြသော်လည်း သမီး နှစ်ယောက် အိပ်ပျော်ချိန်ကို စောင့်ရသေးသည်။ ပြီးမှ လသာဆောင်တွင် ပြောကြရာ မတ်လ (၂) ရက်နေ့က တောင်ကြီးမြို့အထွက် စစ်တပ်ဂိတ်တွင် ဖြစ်ပျက်ခဲ့သည်တို့ကို နန်းလတ်က သူမကို ပြန်ပြောပြသည်။ သို့ဆိုလျှင် ဘာကြောင့်များ စိုင်းအမည်ကို သတင်းစာတွေက မဖော်ပြကြတာလဲ၊ ရှမ်းပြည်တောင်ပိုင်း ဗထူးမြို့၏ စစ်စခန်း တစ်နေရာတွင် စိုင်းကို ဖမ်းထားသည်ဆိုသော်လည်း သူမ၏ စိုးရိမ်စိတ်များ မြင့်တက်လာသည်။

*"အဖမ်းခံထားရပြီးတော့ သူတို့ ညီအစ်ကိုနှစ်ယောက် လူချင်းတွေ့လိုက်ရသေးတယ်ဆိုတာ ဟုတ်လား နန်းလတ်"*

*"ဟုတ်တယ် သုစန္ဒီ၊ စစ်သားတွေစောင့်နေတဲ့ ဂိတ်မှာ တွေ့ကြသေးတယ်၊ မြင်လိုက်တဲ့ လူတွေလည်း ရှိတယ်"*

*"ဒါဆို သူတို့နှစ်ယောက် အတူတူရှိမှာပေါ့"*

ကြားရသည့် သတင်းစကားတို့က မထိတ်သာမလန့်သာ ကယောက်ကယက်ဖြစ်နေသောစိတ်တို့ကို ဆောက်တည်နိုင်ဖို့ ဆင်ခြေတစ်ခုကို ရှာဖွေနေသည်။

*"မဟုတ်ဘူး သုစန္ဒီ၊ သူတို့နှစ်ယောက်ကို အတူတူ မထားဘူး။ ကိုယ့်ယောက်ျား စဝ်ခွန်လုံကို အောင်ပန်းခေါ်သွားကြတယ်၊ ဗထူးမှာ မရှိဘူး"*

နန်းလတ်စကားကို ကြားကာမှ သုစန္ဒီ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ စိုင်းတစ်ယောက်တည်း အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် အကျဉ်းထောင်ထဲမှာ ဘယ်လောက် ခံပြင်းစရာ ကောင်းလိုက်သလဲ၊ ဘယ်လောက်တောင် တရားလက်လွတ်နိုင်ကြပါသလဲ"

နန်းလတ်က သတင်းစာကိုဖြန့်ပြရင်း စဝ်ခွန်လုံကို ထိန်းသိမ်းထားသည့် သတင်းကို ဖတ်ပြသည်။

*"ဘာလို့ စပ်ကြာဆိုင် သတင်းကို ဖော်မပြကြတာလဲ မသိဘူးနော်၊ တော်တော် ထူးဆန်းတယ်"*

နန်းလတ်၏ စကားကို သူမ မတုံ့ပြန်တော့။ သို့ရာတွင် တစ်ခုခု အကြီးအကျယ် မှားနေပြီကိုမူ သုစန္ဒီ ခြောက်ခြောက်ချားချား ခံစားနားလည်လိုက်ပါ၏။

ထိုနေ့ညက သုစန္ဒီ အိပ်မပျော်။ လူးလူးလိမ့်လိမ့်နှင့် ညလုံးပေါက်ခဲ့ရသည်။ ပျံ့လွင့်နေသော အတွေးတို့ကို ပြန်လည်စုစည်းပြီး ရရှိထားသော အချက်အလက်တို့ပေါ်မှ ပကတိအခြေအနေကို သူမ စမ်းဝါးကြည့်ရာ တစ်ဖက် ထိုင်းနိုင်ငံသို့ စိုင်း ထွက်ပြေးလွတ်မြောက်သွားနိုင်သည်မှာ မဖြစ်နိုင်။ မိမိတို့လည်း ဘာလုပ်ရမည်၊ ဘယ်နေရာသွားရမည်ဆိုသော ညွှန်ကြားချက်မျိုးလည်း စိုင်းထံမှ မရောက်လာ။ သို့ဖြစ်၍ စိုင်းကို တစ်ယောက်တည်း ဖမ်းချုပ်ထားသည်မှာ လုံးဝ သေချာနေသည်။ စပ်ကြာဆိုင်နှင့် စဝ်ခွန်လုံတို့ကို တွေ့ခွင့်မရမချင်း။ သည်အတောအတွင်း သုစန္ဒီနှင့် ကလေးနှစ်ယောက် တောင်ကြီးမှာ ပြောင်းရွှေ့နေထိုင်ကြဖို့ နန်းလတ်က အကြံပေးပြီးနောက်

တစ်နေ့နံနက်တွင် ပြန်သွားသည်။ သို့ပေမဲ့ သူမ သဘောကလည်း ဟော်နန်းမှာပင် နေပြီး တစ်စုံတစ်ယောက် (သို့) တစ်စုံတစ်ခုကို စောင့်လိုစိတ်သာ ပြင်းပြနေရာ မကြာခင် တစ်ရက်၌ပင် သူမဆန္ဒ အကောင်အထည် ထင်ရှားလာခဲ့ပါ၏။

တစ်နေ့ ဟော်နန်းဂိတ်ဝတွင် တာဝန်ယူရသော ဝန်မှူး စစ်ဗိုလ်သစ် တစ်ယောက်က မဟာဒေဝီကို တွေ့လိုကြောင်း ဦးကျော်လင်းက သတင်းလာပို့သည့်အတွက် ဧည့်ခန်းသို့ သူမ ဆင်းလာခဲ့သည်။ ယခုလို ဧည့်သည်မျိုးမှာ မင်္ဂလာရှိသော ဧည့်သည် ဖြစ်နိုင်သည်မဟုတ်၊ ဖြစ်ချင်းဖြစ် နောက်တစ်ကြိမ် စံအိမ်တော်ထဲတွင် လှန်ကြလှောကြ ရှာဖွေကြရဦးမည်ဟုသာ သူမ တွေးနေမိသည်။ သို့ရာတွင် ကိုယ်ပိုင် စာကြည့်ခန်းထဲတွင် အခြံအရံမရှိ၊ တစ်ယောက်တည်းစောင့်နေသော စစ်ဗိုလ်ကို မြင်လိုက်ရသည်နှင့် တစ်ခုခု ထူးနေသည်ဟု သူမ သတိပြုမိသည်။ တစ်ယောက်တည်းပြီးတော့ ခန္ဓာကိုယ် အဆစ်အပေါက်နှင့် မျက်နှာကျက မြန်မာမဟုတ်၊ ကချင်အမျိုးသား တစ်ယောက်။

*"ကျွမ်ကို တွေ့ချင်လို့လား"*

*"ဟုတ်ပါတယ် မဟာဒေဝီ၊ ကျတော်က ဒီဂိတ်က တာဝန်မှူးအသစ်ပါ"*

အသံဝဲဝဲနှင့် စစ်ဗိုလ်၏ ဗမာစကားကို သူမ သတိထားမိသည်နှင့် ကျေးဇူး တင်ကြောင်း သူမဘက်က ပြောပြီး ရှေ့ဆက် ပြောလာမည့်စကားကို စောင့်နေလိုက်သည်။

*"မဟာဒေဝီအတွက် ကျနော် အများကြီး ဝမ်းနည်းပါတယ်"*

ကြားရသည့်စကားကြောင့် အံ့ဩသွားသော်လည်း သူမ ဆိတ်ဆိတ်နေ လိုက်သည်။ သို့ပေမဲ့ သူ့ထံမှ ကရုဏာစိတ်နှင့် ရိုးသားခြင်းအရိပ်အငွေ့တို့ကို သူမ မြင်နေရသည်။ ကချင်စစ်သားများကို မူလက ဗြိတိသျှတို့က လေ့ကျင့်ပေးခဲ့ပြီး ဗမာ စစ်တပ်တွင် သူတို့ကို အကောင်းဆုံးစစ်သားများဟု လူသိများကြသည် မဟုတ်လား။

*"မဟာဒေဝီကို ကျနော် အကူအညီ ပေးချင်ပါတယ်"*

ဟု ဆိုကာ စာနှစ်စောင်ကို စစ်ဗိုလ်က ကမ်းပေးနေသည်။

*"မဟာဒေဝီဆီ ရောက်လာတဲ့စာတွေထဲမှာ အဲဒီစာနှစ်စောင်ကိုတွေ့လို့ ဘယ်သူမှမမြင်ခင် ကျနော် ယူလာတာပါ"*

မြန်မာတံဆိပ်ခေါင်း နှိတ်ခတ်ထားသော စာနှစ်စောင်။ သူမ လက်နှင့် လှမ်းယူလိုက်ချိန်တွင် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသလို သုစန္ဒီ ခံစား လိုက်ရသည်။ စာတစ်စောင်ပေါ်မှ လက်ရေးတို့ကို မမှတ်မိသော်လည်း စိုင်းထံမှ ပေးပို့လိုက်သည်ကိုကား သူမ အတတ်သိနေသည်။ စာတစ်စောင်ကို ကပျာကသီ

3/2/62

Darling

I am writing this secretly.

I am being locked up in the army lockup at the Htoo nga at Yankin road. Please ask Khin May Clare to request Tommy Clift to use his influence to get me out. There is also Ko Hla Moe. Millie can we help here. Miss you all. Conditions here are not clean. Hope to see you all again soon. Cheer up yourself!

I am still ok

love

[signature]

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့၊ နေ့စွဲဖြင့် စစ်ကြာဆိုင် ပေးပို့ခဲ့သော စာ၊
လက်ရေးမူ

ဖွင့်ဖောက်လိုက်ရာ စာကား မည်ကာမတ္တ စာဆိုမှုစာ၊ အိတ်ဆောင်ပြက္ခဒိန် စာရွက်သေးသေးလေးပေါ်က စိုင်း လက်ရေးတွေ။

*"သုစန္ဒီ ကိုယ့်ကို ဗထူးစစ်တပ် တစ်နေရာမှာ ဖမ်းထားကြတယ်၊ ယခုအထိ ကိုယ် ကောင်းကောင်းမွန်မွန် ရှိပါတယ်"*

အဆိုပါ စာရွက်အပိုင်းအစလေးမှာပင် အာဏာသိမ်းသော နေ့စွဲကို ရေးသားထားသည်။ နောက်ထပ် စာတစ်စောင်ကိုဖွင့်လိုက်ပြန်ရာ ဖြစ်ပျက်ခဲ့ပုံတို့ကို ရှေးက စာထက် အသေးစိတ် ရေးသားထားပြီး ဆက်သွယ်၍ အကူအညီယူရမည့်သူတို့ကိုလည်း ဖော်ပြထားသည်ဖြစ်၍ သို့ဆိုလျှင် စစ်ဘက်ခေါင်းဆောင်တစ်စုက အာဏာသိမ်းလိုက်ကြသည်ကို စိုင်းတစ်ယောက် လုံးဝ မသိသေးသည်မှာ ထင်ရှားနေလေပြီ။ စာကို ကိုင်လျက်က သူမ လက်တွေ တုန်ယင်နေသည်။

*"ဒါပေမဲ့ ဗိုလ်ကြီးက ဒီကစာတွေကို ကျမဆီ ဘာလို့ လာပေးတာလဲ"*

*"ဒီစာတွေဟာ မဟာဒေဝီအတွက် အထူးအရေးကြီးတဲ့ စာတွေ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှမပြဘဲ လုံခြုံတဲ့နေရာမှာ သိမ်းထားစေချင်ပါတယ်"*

*"ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး ဗိုလ်ကြီးရယ်"*

သုစန္ဒီ၏မျက်ဝန်းတွင် မျက်ရည်တို့ဖြင့် ပိတ်ဆို့နေသည်။ လုံးဝ လျှို့ဝှက်ထားပါမည်ဟုလည်း ကတိပြုလိုက်သည်။

*"ကျနော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး မဟာဒေဝီ၊ ဒီကိစ္စက ကျနော်လုပ်ရမယ့် အလုပ်ပါ၊ စော်ဘွားလေးအတွက်ရော တစ်တိုင်းတစ်ပြည်လုံးအတွက်ပါ ကျနော် စိတ်မကောင်း ဖြစ်နေပါတယ်"*

ထိုတစ်နေ့က ဗိုလ်ကြီးဆိုသူမှာ တစ်ဦးတည်း ဂျစ်ကားနှင့် တိတ်တဆိတ်ပြန်သွားပြီး ရက်အနည်းငယ်အကြာတွင် သူမထံ ပြန်ရောက်လာပြီး ဗထူးတွင် စပ်ကြာဆိုင် ကျန်းမာစွာရှိကြောင်း သတင်းပေးသွားပြီးနောက်တွင်မူ သူ့ကို စပ်သုစန္ဒီ မတွေ့ရတော့။ အခြားတစ်နေရာသို့ ပြောင်းရွှေ့တာဝန်ပေး ခံလိုက်ရသည်ဟု ကြားသိလိုက်ရတော့သည်။

## အခန်း (၁၃)

စိုင်းနှင့်ပတ်သက်ပြီး နန်းလတ်ထံမှ အကျိုးအကြောင်း သိပြီးနောက်တွင်မူ ဗိုလ်မှူးကြီးထွန်းအောင်ထံ ဖုန်းဆက်ပြီး စိုင်းအတွက် လိုအပ်သော အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းတို့ ပေးပို့လိုကြောင်း ခွင့်တောင်းရာ ဗိုလ်မှူးကြီးက သုစန္ဒီကို ခွင့်ပြုလိုက်သည်။ ယခုလို ခွင့်ပြုခြင်းသည် စပ်ကြားဆိုင်ကို ထိန်းသိမ်းထားသော ကိစ္စနှင့်ပတ်သက်ပြီး စစ်အာဏာပိုင်များလက်မှ ပေါ်ပေါ်ထင်ထင် တာဝန်ယူလိုက်သည်ဟု နားလည်ခဲ့ရပြီး သုစန္ဒီအနေနှင့် အကောင်းမြင်ခဲ့ပါ၏။ စိုင်းထံ ပေးပို့ရမည့် ပစ္စည်းပစ္စရာတို့ကိုလည်း အသေအချာ စဉ်းစားပြီး ရွေးချယ်လိုက်သည်။ အဝတ်အထည် ဆေးဝါးနှင့် အိမ်သာသုံးပစ္စည်းများမှအစ စာရေးကိရိယာအထိ စုံစုံလင်လင်ဖြင့် အထုပ်ကိုလည်း မကြီးလွန်း မငယ်လွန်းရလေအောင် အလောတော်ထုပ်ပိုးပြီး မိသားစုအကြောင်းနှင့် စိတ်ဓာတ်မကျဖို့ စိုင်းကို အားပေးထားသော စာတစ်စောင်ကိုလည်း အိတ်ဖွင့်၍ ဗိုလ်မှူးထံ သွားရောက်ပေးပို့ခဲ့ပါ၏။ ဗိုလ်မှူးကြီးကလည်း ပေးပို့ရမည့် ပစ္စည်းတို့ကို ပျူပျူငှာငှာ လက်ခံခဲ့သလို စိုင်းနှင့်ပတ်သက်ပြီး အာမခံစကားများပင် အကြိမ်ကြိမ်ပြောခဲ့ရာ မကြာမီ စိုင်းနှင့် တရားဝင် အဆက်အသွယ်ရတော့မည်ဖြစ်၍ သုစန္ဒီအဖို့ အားတက်ဖွယ်ရာ နေ့ရက်များ ရှိလာပြန်ပါ၏။

သို့ရာတွင် အသစ်ဖြစ်ပေါ်လာသော ရှုပ်ထွေးမှုများကိုကား သူမ နားမလည်နိုင်တော့။ ဖြစ်ပုံက သည်လို၊ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့် ဆားသန့်စင်ရေး စီမံကိန်းများအတွက် နိုင်ငံခြားမှ မှာယူတင်သွင်းထားသော စက်ကရိယာများ ကျောက်မဲသို့ ရောက်လာပြီဖြစ်ရာ လုပ်ငန်းမန်နေဂျာကို အစီအစဉ်အတိုင်း ဆက်လုပ်ဖို့ သူမက ညွှန်ကြားထားပြီးဖြစ်၍ လိုအပ်သည်တို့ကို မန်နေဂျာက လုပ်ကိုင်နေရာ စစ်တပ်က

သူ့ကို ဖမ်းချုပ်လိုက်သလို စက်ကရိယာတို့ကိုလည်း သိမ်းယူလိုက်သည်။

အလားတူ မန္တလေးရောက် အမေရိကန် သူငယ်ချင်းနှစ်ယောက်က သီပေါသို့ ဟန်းနီးမွန်းခရီးလာမည်ဟု သုစန္ဒီထံ တယ်လီဖုန်းဖြင့် အကြောင်းကြားရာ ဖုန်းပြောပြီးသည်နှင့် ပေါ်နန်းစံအိမ်တော်သို့ စစ်ထောက်လှမ်းရေးများရောက်လာပြီး ဧည့်သည်တို့ကို သီပေါသို့ လာခွင့်မပြုကြောင်း တားမြစ်လိုက်ပါ၏။ ထိုမှ နှစ်ရက်မြောက်နေ့တွင်မူ စစ်ဘက်မှ ကြိုးကိုင်ထားသော သတင်းစာတစ်စောင်တွင် သီပေါမဟာဒေဝီနှင့်တွေ့ဖို့ ကြိုးစားနေပါသော နေတိုး *(NATO)* အဖွဲ့မှ သူလျှိုနှစ်ယောက်ကို စစ်ထောက်လှမ်းရေးများက တားမြစ်ခဲ့ရကြောင်း ဆောင်းပါးတစ်စောင် ပါလာလေသည်။

နံနက် ဝေလီဝေလင်းတွင် ခပ်လှမ်းလှမ်းရှိ ဘုန်းကြီးကျောင်းမှ ခေါင်းလောင်းသံတို့ကြောင့်ဖြစ်စေ၊ ညဦးအခါ သံစုံနာရီသံတို့ကြောင့်ဖြစ်စေ၊ သုစန္ဒီ မကြာခဏအိပ်ရာမှနိုးလာတတ်သည်။ တစ်ခါတရံ သေနတ်သံတို့က ရှန့်ရင်းဆန်ခတ် ထွင်းဖောက်လာသည်။ လအရောင်ဖြင့် ထင်ဟတ်သော ရှည်ရှည်မြောမြော အရိပ်တို့ဆီ စူးစိုက်ကြည့်မိလေတိုင်း ဗိညာဉ်တို့က သတင်းစကား သယ်ဆောင်လာသူများအဖြစ် သူမဘေးနားတွင် ကခုန်နေသည်ဟုပင် ထင်မှတ်မိရာမှ အဆုံးမဲ့သော ညပေါင်းများစွာကျော်လွှန်လာသည်နှင့်အမျှ တစ်နေ့နေ့ မိသားစုအားလုံး ပြန်ဆုံကြမည်ဆိုသော သုစန္ဒီ၏မျှော်လင့်ရာကား တစ်စတစ်စ ပွန်းပဲ့ခဲ့ရပါ၏။ သို့ရာတွင် နံနက်ခင်းနေခြည်တို့နှင့်ထိတွေ့လိုက်ပြီဆိုပြန်တော့ မျှော်လင့်ချက်ကား လက်တစ်ကမ်းရောက်နေပြီဆိုသောယုံကြည်မှုဖြင့် စိုင်းနှင့် အဆက်အသွယ်ရဖို့ သူမဘက်မှ အလူးအလဲ ကြိုးစားအားထုတ်ရပြန်ပါ၏။

စပ်ကြာဆိုင်ကို စစ်တပ်အဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းထားသည်နှင့်ပတ်သက်ပြီး အာဏာပိုင်တို့က ဘာကြောင့်များ ငြင်းကွယ်နေပါသလဲ။

သို့ဖြင့် တနင်္ဂနွေနေ့ တစ်မနက်ခင်း ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သော နိုင်းနိုင်းက ဘုရားကျောင်းတက်ပြီးအပြန်တွင် မင်္ဂလာသတင်းတစ်ပုဒ်နှင့် သုစန္ဒီထံ ရောက်လာခဲ့သည်။

*"မဟာဒေဝီ ကျမ သူငယ်ချင်း ဂရေ့(စ်)က စော်ဘွားလေးစပ်ကြာဆိုင်ကို*

*ဗထူးမြို့ တပ်ထဲမှာ ခဏခဏ တွေ့တယ်လို့ ပြောတယ်"*

သတင်းစာဖတ်နေရာမှ လက်တွင် ကိုင်ထားသော သတင်းစာသည်ပင် ရွတ်တရက် လွတ်ကျသွားပြီး ကလေးထိန်း အမယ်အိုကြီး နိုင်းနိုင်းကို သုစန္ဒီ စိုက်ကြည့်နေမိသည်။ ပြီးနောက် ကလေးထိန်းနာနီကြီးက ဆက်ပြောနေပြန်သည်။

*"ကျမသူငယ်ချင်း ဂရေ့(စ်)နဲ့ သူ့ယောကျ်ားက ကရင်လူမျိုးတွေလေ၊ သူ့ယောကျ်ားက ဗိုလ်ကြီး။ လွန်ခဲ့တဲ့ လေးငါးနှစ်က သူတို့နဲ့ကျမ ရန်ကုန်မှာ အတူနေခဲ့ကြသေးတယ်"*

သုစန္ဒီက အနားလာဖို့ နိုင်းနိုင်းကို မျက်နှာထားနှင့် ပြောလိုက်ပြီး ဘေးဘီဝဲယာကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ မည်သူမျှမရှိမှန်း သေချာကာမှ နာနီကြီးကို တီးတိုးမေးလိုက်သည်။

*"နိုင်းနိုင်း အဲဒီ သူငယ်ချင်းက ဗထူးကို ပြန်သွားမှာလား"*

သုစန္ဒီ၏ တီးတိုးအမေးကို ကောင်းစွာ သဘောပေါက်သောအပြုံးနှင့် နိုင်းနိုင်းက ခေါင်းညိတ်ပြသည်။ သခင်မအတွက်ဆိုလျှင် ဘာမဆို ဆောင်ရွက်ပေးဖို့ သူမ အသင့်ရှိပါ၏။

*"မဟာဒေဝီ မနက်ဖြန် နိုင်းနိုင်းရဲ့သူငယ်ချင်းက ဘတ်စ်ကားနဲ့ ဗထူးကို ပြန်လိမ့်မယ်"*

*"ဒါဆိုရင် နိုင်းနိုင်းအနေနဲ့"*

သူမ စကားကို အဆုံးမသတ်ရသေး။ နိုင်းနိုင်းက ဖြတ်ပြောလိုက်သည်။

*"သူနဲ့ ကျမ လိုက်သွားမယ်လေ"*

စောစောကပင် ဆုံးဖြတ်ထားပြီးပြီမို့ နိုင်းနိုင်း၏စကားများက တိကျပြတ်သားမှုရှိပါ၏။

*"အို– နိုင်းနိုင်းက ကျမအတွက် အဲဒီလိုလုပ်ဖို့ ဆုံးဖြတ်ထားတယ် ဟုတ်လား"*

ပြောင်လက်နေသော ပါကေးနင်းကြမ်းပေါ်သို့ သုစန္ဒီ ဆင်းထိုင်လိုက်ပြီး နိုင်းနိုင်း၏ အရေတွန့်နေပြီဖြစ်သော လက်ချောင်းလေးများကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ထားလိုက်သည်။ နိုင်းနိုင်းကား အသက် (၇၄) နှစ်ရှိသည့်တိုင်း ဟော်နန်းမှာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေဆဲ။

*"မဟာဒေဝီ ကျမ သူငယ်ချင်းနဲ့ စကားပြောပြီးပါပြီ၊ ကျမလို အဘွားအိုတစ်ယောက် အဖော်ပါလာတာ ဘယ်သူမှ သံသယရှိမှာ မဟုတ်ပါဘူး"*

ကိုယ်တိုင်သွားရတော့မည့် ခရီးတစ်ခုလို အပျော်ကြီးပျော်ရင်း သုစန္ဒီ ထခုန်လိုက်သည်။ ပြီးနောက် တည်ငြိမ်သော မျက်နှာထားဖြင့် ကြမ်းပြင်ပေါ် ပြန်ထိုင်လိုက်ပြန်သည်။

*"နိုင်းနိုင်း ကျမဆီက စာတစ်စောင် ယူသွား။ စော်ဘွားလေးကို သေသေချာချာ ပေးခဲ့နော်"*

*"စိတ်ချပါ မဟာဒေဝီ၊ ကျမကိုယ်တိုင်ကိုယ်ကျ စုံစမ်းခဲ့ပါမယ်"*

နိုင်းနိုင်းက ခေါင်းအကြိမ်ကြိမ်ညိတ်ရင်း သုစန္ဒီကို ကတိပေးနေသည်။ သို့ပေမဲ့ နိုင်းနိုင်းကြည့်ရသည်မှာ အသားအရေ ဖြူရော်ရော်နှင့် ကောင်းကောင်းမှ ကျန်းမာပါလေစ။ ပြီးခဲ့သည့် လအနည်းငယ်ကမှ နာလန်ထူနိုင်ခဲ့သည် မဟုတ်လား။

*"နိုင်းနိုင်း နေကောင်းရဲ့လား။ အခုခရီးက ပင်ပန်းပြီး အန္တရာယ်လည်းရှိနိုင်တယ်နော်"*

*"မဟာဒေဝီ စိတ်မပူပါနဲ့၊ ထာဝရဘုရားက စောင့်ရှောက်တော်မူမှာပါ"*

နောက်တစ်နေ့နံနက်တွင် လားရှိုးမှ ဆွေမျိုးများထံ အလည်အပတ်သွားသည်ဆိုသော အကြောင်းပြချက်ဖြင့် စံအိမ်တော်ကြီးမှ နိုင်းနိုင်း ထွက်ခွာသွားသည်။ သို့ပေမဲ့ သုစန္ဒီ စိတ်မှာမဖြောင့်။ ထွက်ခွာသွားသည်မှ စိုးရိမ်သောကတို့ဖြင့် တစ်စုံတစ်ခုကို စောင့်မျှော်နေရသည်။ သည်အတောအတွင်း စစ်ဘက်မှ အရာရှိတစ်ယောက်ယောက် ဟော်နန်းစံအိမ်တော်သို့ရောက်လာတိုင်း နိုင်းနိုင်း၏ လျှို့ဝှက်ခရီးကိစ္စပေါ်များသွားပြီလား။ ခြောက်ချားရပြန်သလို ထုတ်ပြန်ကြေညာချက်တစ်ခုနှင့်ပတ်သက်ပြီး သူမထံမှ လက်မှတ်ယူဖို့သော်လည်းကောင်း၊ နောက်ထပ် ရှာဖွေမှုတစ်ခုခုအတွက် သော်လည်းကောင်း လာရောက်သည်ဆိုကာမှ သုစန္ဒီလည်း ဟင်းချရတော့သည်။

❀ ❀ ❀

ဝါးတဲအချုပ်ခန်းလေးအပြင်ဘက်မှ စစ်ဖိနပ်သံများ ကြားလိုက်ရသည်ဖြစ်၍ နောက်ဆုံးတွင် အရေးပါသော ပုဂ္ဂိုလ်တစ်ယောက်ယောက် သူ့ထံ လာရောက်တွေ့ပြီဟု စိုင်း သိလိုက်သည်။ သူ့ထံ လာရောက်စစ်ဆေးဖို့ ကြိုးစားသော စစ်ဗိုလ်တချို့ကို ငြင်းပယ်လိုက်သောကြောင့် ယခု လာသူမှာ အရှေ့ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီး မောင်ရွှေဖြစ်နိုင်သည်။ သူ့ကို မေးမြန်းစစ်ဆေးလိုသူနှင့် မျက်နှာချင်းဆိုင်ဖို့အတွက် မြက်ဖျာပေါ်မှ

ထလိုက်ပြီး မတ်တတ်ရပ်အနေအထားဖြင့် တံခါးပေါက်ကို စောင့်ကြည့်နေသည်။ မကြာပါချေ၊ ရှန်းရင်းကြမ်းတမ်းစွာ ဖွင့်လိုက်သော တံခါးပေါက်မှ ဗိုလ်မှူးကြီးတစ်ယောက် ဝင်လာသည်။ သို့ပေမဲ့ ဗိုလ်မှူးကြီးမောင်ရွှေ မဟုတ်။ ဗိုလ်နေဝင်းက လက်သပ်မွေးသည့် တပည့်ရင်း စစ်ထောက်လှမ်းရေးအကြီးအကဲ မောင်လွင်။ လူပုံက ဝဖိုင့်ဖိုင့်၊ ကြမ်းရှသော မုတ်ဆိတ်တို့ဖြင့် ထိုလူကို စိုင်း ကောင်းကောင်း မှတ်မိပါ၏။

သို့ပေမဲ့ ဗိုလ်မှူးကြီး ရှေ့ရောက်နေသူက မြင်နေ၊ တွေ့နေကျ အကျဉ်းသား တို့၏ ကိုယ်နေကိုယ်ဟန်နှင့် မျက်နှာနေ၊ မျက်နှာထားမရှိ။ မဟာဆန်သော ဣန္ဒြေဖြင့် ဗိုလ်မှူးကြီးကို ခြေဆုံးခေါင်းဖျား တည်ငြိမ်စွာ ကြည့်နေရာ ဗိုလ်မှူးကြီးမှာ အနေအထိုင် ကြပ်လာပြီး သူ့နောက်မှပါလာသော လက်နက်ကိုင်စစ်သားတို့ကို အပြင်ထွက်နေကြဖို့ ဘောက်ဆတ်ဆတ်ပြောရင်း တံခါးကို ပိတ်လိုက်သည်။ သူတို့နှစ်ယောက် ပြောဆိုမည့် စကားကို မည်သူမျှ မကြားစေချင်ပုံလည်းရသည်။

ဦးစွာ ဗိုလ်မှူးမောင်လွင်က မြန်မာအခေါ်ဖြင့် စိုင်းကို စော်ဘွားကြီးဟု ရည်ညွှန်းရင်း စကားဝိုင်းကို ပျော့ပျော့ရွှင်ရွှင်ဖြစ်ဖို့ ကြိုးစားနေသည်။

*"စော်ဘွားကြီး ကျုပ် လာရတဲ့ကိစ္စက စော်ဘွားကြီးနဲ့ အပေးအယူလုပ်ရင်း စော်ဘွားကြီးကို လွှတ်ပေးဖို့ ရောက်လာတာပါ၊ စစ်ဦးစီးချုပ်နဲ့ ကျုပ်တို့မှာ အစီအစဉ် တစ်ခု ရှိပါတယ်၊ စော်ဘွားကြီးအတွက်ရော ကျုပ်တို့အတွက်ပါ အကျိုးရှိမှာပါ၊ ကျုပ်တို့ ထိုင်ပြီး ဆွေးနွေးကြအောင်လား"*

*"ခင်ဗျား ထိုင်ချင်ထိုင်ပါ၊ ကျုပ်အတွက် ပြဿနာမရှိပါဘူး"*

စိုင်းက မတ်တတ်ရပ် လက်ပိုက်ရင်း နာမည်ဆိုးနှင့်ကျော်ကြားလှပါသော စစ်ထောက်လှမ်းရေး အကြီးအကဲဆိုသူကို စူးစိုက်ကြည့်နေသည်။

*"စော်ဘွားကြီး ကျုပ်တို့နဲ့ ပူးပေါင်း အလုပ်လုပ်ဖို့ စိတ်ဝင်စားမယ် ထင်ပါ တယ်"*

ဗိုလ်မှူးမောင်လွင် လေသံက သိသိသာသာ ပျော့ပျောင်းသွားပြီး စိုင်းထံမှ ပြန်လာမည့်စကားအတွက် ခေတ္တမျှ ဆိတ်ဆိတ်နေပါသော်လည်း စိုင်းက တစ်ခွန်း တစ်ပါဒမျှ မဟာ။ ရှမ်းအမျိုးသားတို့က အိုက်နေ့ဟုခေါ်သော ဗိုလ်မှူးမောင်ရွှေကား မအီမလည် ဖြစ်လာဟန်တူသည်။

*"ကောင်းပြီလေ၊ ဒါဆိုလည်း လိုရင်းကိုပဲပြောမယ်၊ တော်လှန်ရေးကောင်စီနဲ့ ပူးပေါင်းမလား။ စော်ဘွားကြီးကို နိုင်ငံတော် သစ္စာဖောက်မှုနဲ့ တရားစွဲရမလား"*

ရယ်စရာကောင်းသော ခြိမ်းခြောက်မှုကို ကြားလိုက်ရသည့်အတွက် ဗိုလ်မှူး မောင်လွင်ကို စိုင်း တအံ့တသြ ငေးကြည့်နေရာ ဒေါသလည်းမဖြစ်၊ ထိတ်လန့်စိတ်လည်း အလျှင်းမရှိ။ သို့ပေမဲ့ စိတ်ထဲရှိတာကိုတော့ စိုင်း ပြောချလိုက်သည်။

*"ခင်ဗျားကို့က တကယ် လုပ်မယ်ပေါ့"*

*"ဟုတ်တယ်၊ ကျုပ်က တကယ်ပြောနေတာ"*

*"ခင်ဗျားတို့ တော်လှန်ရေးကောင်စီက လုပ်ချင်တာ လုပ်နိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ တရားဥပဒေကတော့ မျက်နှာလွှဲနေမှာ မဟုတ်ဘူး"*

*"စော်ဘွားကြီး ပြောတဲ့ တရားရုံးတွေဆိုတာ ကျုပ်တို့ရုံးတွေ ဖြစ်သွားပြီ၊ ကျုပ်တို့ပြောတဲ့အတိုင်း တရားသူကြီးတွေက လုပ်ရမယ် ဒါပဲ၊ ပြီးတော့ မင်းအကြောင်း ကိုလည်း ငါတို့ အများကြီး သိထားတယ်ကွ"*

*"ဘာများလဲ ဆိုစမ်းပါဦး"*

*"မင်းက ရှမ်းသူပုန်တွေကို နောက်က ငွေကြေးထောက်ပံ့နေတယ်၊ ဆီးတို (SETO) အဖွဲ့နဲ့ လျှို့ဝှက်ဆက်သွယ်နေတယ်၊ ပြီးတော့ ရှမ်းပြည်ကို ပြည်ထောင်စုက ခွဲထွက်ဖို့ ကြံစည်နေတယ်၊ မင်းက သစ္စာဖောက်ပဲ"*

*"ဒီမှာ ဗိုလ်မှူးကြီး၊ ခင်ဗျား ပြောသလိုသာ အဲဒီကိစ္စတွေ ကျုပ် လုပ်ခဲ့မယ် ဆိုရင် ကျုပ်အနေနဲ့ ဒီအချိန်။ ဒီနေရာ ရောက်နေစရာအကြောင်း မရှိဘူး"*

စိုင်းထံမှ မျှော်လင့်မထားသော ထိုးနှက်တိုက်ခိုက်မှုများကြောင့် ဗိုလ်မှူးကြီး မျက်နှာတစ်ခုလုံး ဒေါသရောင်ဖြင့် ချက်ချင်း နီရဲသွားပြီး ထိန်းချုပ်ထားသည်ဆိုသော်လည်း ခြိမ်းခြောက်သော လေသံဖြင့် ငေါက်ငန်းလိုက်သည်။

*"ငါတို့ကို အာခံဖို့ မကြိုးစားနဲ့၊ မင်းမိန်းမနဲ့ ကလေးတွေအားလုံး ဒုက္ခ ရောက်သွားအောင် လုပ်ပစ်လို့ရတယ်ကွ"*

ဤစကားလုံးများက စိုင်း၏အားနည်းချက်ကို အသေအချာ ချိန်ရွယ်၍ ပစ်လွှတ်လိုက်သော စကားလုံးများဖြစ်လေရာ . . . .

*"ဒါဆို ခင်ဗျားတို့ လိုချင်တာက ဘာလဲ"*

ဒီလိုမှပေါ့ဆိုသော ထေ့ပြုံးဖြင့် ဗိုင်တစ်ခုထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူ လိုက်ပြီး စိုင်းထံ ကမ်းပေးလိုက်သည်။

*"ရော့၊ မင်း လုပ်ရမယ့်ကိစ္စက ဟောဒီ စာရွက်မှာ လက်မှတ်ထိုးဖို့ပဲ"*

စာရွက်ကို ယူလိုက်ပြီး ဝါးတဲအတွင်းမှ အလင်းရောင်ကျရာဘက်သို့ လျှောက်

သွားပြီး နှာခေါင်းအောက် လျှောကျနေသော မျက်မှန်ကို အနေထားတကျ ပြင်ရင်း သူ့ကို လက်မှတ်ထိုးခိုင်းစေချင်သော စာပါ အကြောင်းအရာတို့ ဖတ်ကြည့်သည်။ ပြီးနောက် စာရွက်ကို ဗိုလ်မှူးကြီးထံ ပြန်ပေးလိုက်သည်။

*"ဒီစာရွက်မှာ ကျုပ် လက်မှတ်မထိုးနိုင်ပါဘူး။ ကျုပ် လုံးဝ သဘောမတူပါဘူး"*

*"ကောင်းပြီ၊ နောက်ဆက်တွဲဖြစ်လာမည့် ကိစ္စတွေကို စဉ်းစားနိုင်အောင် မင်းကို ငါ အချိန်ပေးလိုက်မယ်၊ ပြီးရင် ငါ ပြန်လာခဲ့မယ်"*

ဗိုလ်မှူးကြီးက ရုတ်တရက် စိုင်းရွှေ့တည့်တည့်ဆီ ခုန်ဝင်လိုက်ပြီး စိုင်း မျက်နှာမှ မျက်မှန်ကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်သည်။

*"ငါ ပြန်လာတဲ့အထိ မင်းမှာ မျက်မှန်တပ်စရာ မလိုပါဘူးကွာ"*

# အခန်း (၁၄)

အင်္ဂလိပ်–မြန်မာသတင်းစာတို့၏ ရှေ့မျက်နှာပေါ်တွင် ခဲစာလုံးမည်းကြီးများဖြင့် ဖော်ပြထားသော သတင်းကိုဖတ်ရင်း သုစန္ဒီ ရင်တွေပန်းတွေ တုန်နေသည်။

*'သီပေါစော်ဘွားကို မြန်မာစစ်တပ်က ဖမ်းဆီးထားခြင်းမရှိကြောင်း ပြောကြား'* ဤသတင်းကိုပင် အထပ်ထပ်ဖတ်ရင်း သူမ လက်ဖျားတွေ အေးစက်တုန်ရီလာသည်။ တဂတ်ဂတ်နှင့် သွားရိုက်သံများပင် ကြားနေရသည်။ ဗိုလ်ချုပ်နေဝင်းနှင့် သူ၏လက်ရင်းတပည့် မောင်လွင်တို့ကား ညစ်ပတ်သော ကစားပွဲကို စကားကြပြန်လေပြီ။ ဤကိစ္စမှာ သူမအဖို့ အကြောက်ဆုံးလည်း ဖြစ်သည်။ စပ်ကြာဆိုင်ကို ဖမ်းဆီးချုပ်နှောင်ထားခြင်းမရှိကြောင်း သူတို့ဘက်က ငြင်းလိုက်သည့်အတွက် စိုင်းနှင့်ပတ်သက်ပြီး သူတို့မှာ တာဝန်မရှိဆိုသော အကွက်မျိုးကို ဖန်တီးလိုက်ခြင်းဖြစ်သည်။

စားပွဲပေါ်မှ သတင်းစာအားလုံးကို သိမ်းကျုံးယူလိုက်ပြီး ဗိုလ်မှူးကြီးထွန်းအောင်ထံ သူမတစ်ယောက်တည်း ကားမောင်းထွက်လာခဲ့ရာ မိုးအိကို အဖော်ခေါ်ဖို့ သုစန္ဒီ မေ့လျော့သွားသည်။

*"ဗိုလ်မှူးကြီး ကျမခင်ပွန်းနဲ့ပတ်သက်ပြီးတော့ ဒီသတင်းတွေက ဘာကို ပြောချင်နေတာလဲ"*

ယနေ့ထုတ် သတင်းစာတစ်ထပ်ကြီးကို စားပွဲပေါ်ချရင်း သုစန္ဒီ မေးရာ ဗိုလ်မှူးကြီးလည်း သတင်းတို့ကိုတွေ့လိုက်သည်နှင့် တအံ့တဩ ဖြစ်သွားသည်။ သို့ပေမဲ့ အကောင်းဘက်က လှည့်တွေးဟန်တူသည်။

*"သတင်းစာတွေဆိုတာက ဒီလိုပဲ အမျိုးမျိုး ဖော်ပြနေတာပဲ မဟုတ်လား မဟာဒေဝီ"*

*"ဒါပေမဲ့ ဗိုလ်မှူးကြီး အခုသတင်းစာတွေက စစ်အစိုးရက ခွင့်ပြုတဲ့ သတင်းတွေကိုသာ ဖော်ပြခွင့်ရှိတာလေ၊ စပ်ကြားဆိုင်ကို အာဏာသိမ်းတဲ့နေ့ကပဲ တောင်ကြီးမှာ စစ်တပ်က ထိန်းသိမ်းထားတယ်ဆိုတာ ဗိုလ်မှူးကြီးရော ကျမရော သိတယ် မဟုတ်လား။ အခု သတင်းကို ကျမ ချက်ချင်း ကန့်ကွက်မှုဖြစ်မယ်"*

ဗိုလ်မှူးကြီးထွန်းအောင်၏ တုံ့ပြန်မှုကြောင့် သုစန္ဒီ အံ့အားသင့်သွားသည်။

*"ဟုတ်တယ် မဟာဒေဝီပြောတာ ကျုပ်လည်း သဘောတူတယ်၊ ဒီတော့ ဒီလိုလုပ်ဗျာ၊ အမှန်တကယ် ဖြစ်ပျက်ခဲ့တာအားလုံးကို ခင်ဗျား စာရေးပြီး လူတစ်ယောက်နဲ့ ကျုပ်ဆီပို့နိုင်းလိုက်၊ ပြီးရင် သတင်းစာတွေက ဖော်ပြဖို့ ကျုပ်တာဝန် ယူတယ်"*

ဗိုလ်မှူးကြီးထွန်းအောင်၏ မျက်နှာမှာ လိမ်ညာကောက်ကျစ်သော အရိပ်အယောင် လုံးဝမတွေ့။ ပကတိ ရိုးသားစွာပြောနေကြောင်း သူမ ခံစားနားလည်လိုက်ပြီး စားပွဲပေါ်မှ သတင်းစာများကို တစ်စောင်ချင်း ကောက်ယူပြီး လက်ဖြင့်ပိုက်လိုက်သည်။

*"ကောင်းပါပြီ ဗိုလ်မှူးကြီး၊ ကျမ လုပ်ပါ့မယ်၊ ဒါပေမဲ့ နှစ်ပတ်အတွင်း အဖြေမရရင်တော့ လူထုကို အခြားနည်းနဲ့ အသိပေးဖို့ ကြိုးစားရမှာပဲ"*

ပြီးနောက် နေရာမှ လှည့်ထွက်၍ ရုံးခန်းအပြင်သို့ လျှောက်လာခဲ့လေသည်။

စံအိမ်တော်မှ ထွက်ခွာသွားပြီး ၁၄ ရက်မြောက်နေ့တွင် နိုင်းနိုင်း ပြန်ရောက်လာရာ လွတ်လွတ်လပ်လပ် စကားပြောနိုင်ဖို့ သုစန္ဒီ အိပ်ခန်းအတွင်းသို့ ဒရောသောပါး ဆွဲခေါ်လာခဲ့သည်။ သုစန္ဒီ လက်ဖဝါးများ ချွေးတို့ဖြင့် အေးစက်နေပြီး ရင်မှာ တလှပ်လှပ် ခုန်နေသည်။

*"သူ့ကို တွေ့ခဲ့လားဟင်"*

နိုင်းနိုင်းက လုံချည်ခေါက်ကြားတွင် ညှပ်ထားသော စာတစ်စောင်ကိုထုတ်ယူပြီး သူမထံ ပေးလိုက်သည်။

*"ဝမ်းနည်းပါတယ် မဟာဒေဝီ၊ စော်ဘွားလေးကို မတွေ့ခဲ့ဘူး။ ဒါပေမဲ့ ကျမ ပြန်လာတဲ့အချိန်အထိ ဗထူးမှာ စော်ဘွားလေး ရှိနေပါတယ်"*

*"စာကို ဘာလို့ ပြန်ယူလာတာလဲ နိုင်းနိုင်း"*

*"စစ်ထောက်လှမ်းရေးတွေ ဒင်းကျမ်းချထားလေတော့ ပေးဖို့မလွယ်ဘူးလို့ ဗိုလ်ကြီးက ပြောပါတယ်"*

*"နိုင်းနိုင်း ကျမကို တစ်ခုခု ပြောစမ်းပါ၊ သူ့အကြောင်း တစ်ခုခု ပြောစမ်းပါ"*

*"ကျမ ဘာပြောရမှာလဲ မဟာဒေဝီ"*

နိုင်းနိုင်းက စကားပြောနေရာမှ မျက်လွှာချလျက် ကြမ်းခင်းတစ်နေရာဆီ စိုက်ကြည့်နေသည်။ သူမ၏ စိုးရိမ်စိတ်များက ပို၍ တင်းကြပ်လာသည်။

*"တကယ်ပဲ ဘာမှ မသိခဲ့ဘူးလား နိုင်းနိုင်းရယ်"*

*"ကျမတို့ရဲ့သခင်လေး ပြန်လို့မှ လာနိုင်ပါ့မလား မသိပါဘူး မဟာဒေဝီ"*

*"ဘယ်လို၊ ဘာကြောင့် ဒီလိုပြောတာလဲ နိုင်းနိုင်း"*

*"ကျမ ရောက်သွားပြီး မကြာခင်မှာပဲ ကရင်စစ်ဗိုလ်ကြီးက စော်ဘွားလေးကို ချုပ်ထားတဲ့ ဝါးတဲလေးနားရောက်အောင် တစ်နည်းနည်းနဲ့ ပို့ပေးမယ်လို့ ပြောပါတယ်၊ တစ်အောင့်တစ်နား လမ်းလျှောက်ဖို့အတွက် စော်ဘွားလေးကို တဲအပြင်ထုတ်တဲ့အခါ တွေ့ရလိမ့်မယ်လို့လဲ ပြောပါတယ်၊ ဒါပေမဲ့ ၉ ရက်မြောက်နေ့မှာ ဗိုလ်ကြီးက သူ့လိုင်းခန်းကို သုတ်သုတ်ပြာပြာနဲ့ ပြန်လာပြီး အခြေအနေမကောင်းတော့တဲ့ အကြောင်းနဲ့ ကျမကို အမြန်ဆုံး ပြန်သွားဖို့ပြောပါတယ်၊ ပြီးတော့ စော်ဘွားလေးအကြောင်းကို နောက်ထပ် မမေးဖို့နဲ့ သူ့ကို ခွင့်လွှတ်ပါလို့လည်း ပြောပါတယ်၊ ဒါနဲ့ပဲ ကျမ ပြန်လာခဲ့ရပါတယ်"*

နိုင်းနိုင်းကို သူမ မကြည့်တော့။ ခေါင်းကိုမော့ပြီး မျက်နှာကျက်တစ်နေရာသို့သာ ကြည့်နေမိသည်။

*"နိုင်းနိုင်း အဲဒီ ကရင်စစ်ဗိုလ်ကြီးက နိုင်းနိုင်းကို ဘာပြောချင်တယ်ထင်လဲ"*

*"အိုး... ဘုရားသခင် ကျမ ဘယ်လို သိနိုင်မှာလဲ မဟာဒေဝီ၊ ဗထူးမြို့က ပြန်လာပြီး ညမှာ ထူးဆန်းတဲ့ အိပ်မက်တစ်ခု ကျမ မက်တယ်၊ အိပ်မက်ထဲမှာ စော်ဘွားလေးက တိမ်တစ်အုပ်ကိုစီးပြီး ကလေးတွေနဲ့ ကျမကို လက်ပြနှုတ်ဆက်နေတယ်၊ စော်ဘွားလေးက ဝမ်းနည်းနေပြီး တိမ်အုပ်ကြီးဟာ တဖြည်းဖြည်း ကောင်းကင်ဘုံဆီ မြင့်တက်သွားတယ်"*

အိပ်ခန်းကျယ်ကြီးထဲမှာ မိန်းမသားနှစ်ဦးထံမှ စကားတစ်လုံးမျှ မကြားရတော့။ အတွေးထဲမှာပင် အချိန်အတော်ကြာ နစ်မြုပ်နေရာမှ အခန်းတွင်းသို့ ကလေးငယ်နှစ်ယောက် ဆူဆူညံညံနှင့်ရောက်လာမှသာ သတိပြန်လည်လာတော့သည်။

လက်မှတ်ထိုးဖို့ သူ ငြင်းဆန်ခဲ့သော စာရွက်နှင့် သူ့မျက်မှန်တို့ကို ရိုင်းပျစွာ ဆွဲလုသွားပြီးနောက် ဝါးတဲငယ်လေးတွင် စိုင်းတစ်ဦးတည်း တိတ်ဆိတ်ငြိမ်သက်

သွားပြန်သည်။ ဖတ်စရာ၊ ပြုစရာမရှိသော်လည်း သူ့မျက်မှန်လေးကို သူ သတိရနေသည်။ သူ့ဘဝတစ်လျှောက်လုံးနီးပါး အိပ်ချိန်မှတစ်ပါး မျက်မှန်လေးကား သူနှင့်အတူ အမြဲမခွာ ရှိခဲ့သည်မဟုတ်ပါလား။ ယခုမူ သူ့အဖို့ မပြည့်စုံသလို နေရာလွဲနေသလို ခံစားနေရသည်။ သူ့ကို ယခုလို အကြွမ်းဗရမ်းလုပ်လို့ရော သူတို့ဖြစ်ချင်တာဖြစ်လိမ့်မည်ဟု ဗိုလ်မှူးကြီးက မျှော်လင့်ထားပါသလား။ သူတို့ တောင်းဆိုသမျှကို အလျှော့မပေးဖို့ ဆုံးဖြတ်ထားပြီးပြီဖြစ်၍ ယနေ့ အပြုအမူသည်ပင် ညှင်းပန်းနှိပ်စက်မှုတို့၏ နိဒါန်းဖြစ်သည်ကို စိုင်း သဘောပေါက်ထားသည်။ လာပို့နေကျ ညနေစာလည်း ရောက်မလာတော့ဘဲ ပထမဆုံးအကြိမ် သူ့ကို အစာဖြတ်လိုက်ကြပြီ။

သို့ပေမဲ့ ဆာလောင်မွတ်သိပ်ခြင်းကား သူ့မှာမရှိ။ ပထမဆုံး ဖမ်းဆီးခံရသည့်နေ့ကလည်း အစာအစားဘဲနေခဲ့ပြီး နောက်ရက်များတွင် လာပို့သည့် ထမင်းတို့ကိုလည်း တစ်လုပ်နှစ်လုပ်မျှသာ ဖွတ်မိတ်၍ သူ စားခဲ့သည့်တိုင် သူမှာ အားအင်ရှိနေသေးသည်ဟု ခံစားရသည်။ သို့ရာတွင် ကိုယ်အလေးချိန် ရုတ်တရက်ကျသွားသည်မှာ ရေဓာတ်ခန်းခြောက်သည်ဟုပဲ သူ ထင်သည်။ သောက်ရေရှိပေမယ့် မြေအိုးထဲမှ မသန့်မရှင်းသော ရေကို သူ မသောက်။ တစ်နေ့တစ်ကြိမ် အိုးငယ်လေးနှင့် ပေးသော ရေနွေးကြမ်းတစ်အိုးကိုသာ အားထားခဲ့ရသည်။

သူနှင့် နောက်တစ်ကြိမ် ထိပ်တိုက်ရင်ဆိုင်ဖို့ ဗိုလ်မှူးကြီးမောင်လွင် သူ့ဆီ ဘယ်အချိန် ပြန်လာဦးမည် မသိ။ ဗိုလ်နေဝင်းနှင့် သူ၏အာဏာသိမ်း စစ်အုပ်စုအနေနှင့် ကမ္ဘာကြီးက သူတို့လုပ်ရပ်ကို လက်မခံကြောင်း သဘောပေါက်လာချိန်တွင်မူ ဘာတွေဖြစ်လာဦးမလဲ။ သူ၏ ယုံကြည်ရပ်တည်မှုကို တစ်ရွေးသားမျှ အပွန်းအပဲ့မခံဘဲ သုစန္ဒီနှင့် သမီးနှစ်ယောက်ဘဝကို သူကိုယ်တိုင် အကာအကွယ်ပေးချင်ပါသော်လည်း သူ့ကိုယ်သူ စစ်အစိုးရ၏ လက်ကိုင်တုတ် အဖြစ်မခံနိုင်။ ဗမာစစ်တပ်၏ ကိုယ်စားလှယ်တစ်ယောက်အဖြစ် လက်ခံပြီး ကိုယ့်အမျိုးသားတွေကို ထောင်ထဲ တွန်းမပို့နိုင်။ သို့ပေမဲ့ ယခုလို သစ္စာဖောက်မှုမျိုးကို သူ့အနေနှင့် လက်ခံနိုင်လိမ့်မည်ဟု ဗိုလ်နေဝင်းအနေနှင့် လွဲမှားစွာ ယုံကြည်ထားပုံရသည်။ နောက်ဆက်တွဲရလာဒ်များက မည်သို့ရှိစေ၊ သူ့ယုံကြည်မှုကို စတေးလိုက်ရမည့်အဖြစ်ကိုကား မည်သို့မျှ သူ့ဘက်က စဉ်းစား၍မရ။ အတိတ်မှကံ၊ ကံ၏အကြောင်းတရားတို့က လူတစ်ဦးချင်း၏ ဘဝကို ပြဋ္ဌာန်းပေးသည်ဟူသော ဗုဒ္ဓ၏အဆုံးအမကို နှလုံးသွင်းမိသည့်အခါ သူ့စိတ်မှာ သက်သာရာ ရလာသည့်အလား သုစန္ဒီနှင့်သမီးနှစ်ယောက်တို့၏ ဘဝများသည်လည်း သူတို့၏

အတိတ်က အကြောင်းတရားကြောင့်သာ ဖြစ်ရလိမ့်မည်။ သူ့ယုံကြည်မှုကို သစ္စာဖောက်ခဲ့သည့်တိုင် သူတို့ကို ကူညီနိုင်သည် မဟုတ်။ သူတို့ဘဝနှင့်သာ သူတို့ ရှိပေလိမ့်မည်။

လမဲ့ညက အေးစိမ့်စွာ လွှမ်းခြုံရစ်သိုင်းလာသည့်အခါ စိုင်း ငိုက်မြည်းလာသည်။ နေ့လယ်က အပူရှိန်ကြောင့်လည်းကောင်း၊ အခန်းကျဉ်းကျဉ်းလေးထဲတွင် လေလုံနေသည့်အတွက်ကြောင့်လည်းကောင်း၊ ယင်းတို့ထက် ရှုပ်ရင်းကြမ်းတမ်းသော အတွေ့အကြုံတို့ကြောင့်လည်းကောင်း စိတ်ရောကိုယ်ပါ စိုင်း ပင်ပန်းနေလေပြီ။ သို့ပေမဲ့ အကျဉ်းစံတဲ့ အပြင်ဘက်က ချစ်သောကမ္ဘာလောကကြီးနှင့်ဖြစ်စေ၊ ချစ်သောသူများနှင့် ဖြစ်စေ စိတ်ချင်းဆက်သွယ်မိသလို ခံစားရသည့်အခါ တစ်ကိုယ်တည်း ဖြစ်နေသည့်တိုင် ညများစွာကို သူ ကြုံဆိုခဲ့ပါ၏။

ချဉ်းကပ်လာသော စစ်ဖိနပ်သံများနှင့် စလိုက်မီးမောင်းကြီးများကြောင့် စိုင်း ရုတ်တရက် နိုးလာသည်။ ဗိုလ်မှူးကြီးမောင်လွင်ကား ည၏အမှောင်ထုကို အကာအကွယ်ယူပြီး ပြန်လာဖို့ဆုံးဖြတ်ထားသည့်အလျောက် တဲအတွင်းသို့ လျှပ်တပြက် ဝင်လာသည်။ သူ၏နောက်မှာကား စစ်ဗိုလ်တစ်ယောက်နှင့် စစ်သားလေးယောက်။ ယခုတစ်ကြိမ်တွင်မူ သူနှင့်အတူ အခန်းထဲမှာပင်နေဖို့ အမိန့်ရထားပြီး သူတို့လက်မှ စက်သေနတ်များဖြင့် စိုင်းကို ချိန်ရွယ်ထားကြသည်။ စစ်သားနှစ်ယောက်က အားကောင်းသော လက်နှိပ်ဓာတ်မီးနှစ်လက်ဖြင့် စိုင်း၏မျက်နှာတည့်တည့်ကို ထိုးထားရာ မျက်လုံးများ ပြာဝေပြီး ဘာမှမမြင်ရ။ မျက်လုံးတို့ကို မှိတ်လိုက်ပြီး ဟန်ချက်ကို ထိန်းညှိနိုင်စေဖို့ ထရံကို ကျောကပ်ထားလိုက်သည်။

*"ကဲ... မင်း ဆုံးဖြတ်ပြီးပြီလား"*

ဗိုလ်မှူးကြီးက ရှင်းရှင်းပြတ်ပြတ် မေးလိုက်သည်။

*"ကျုပ် ဆုံးဖြတ်ချက်က ဘယ်တော့မှ ပြောင်းမှာ မဟုတ်ဘူး"*

*"မင်း တော်တော် ကံဆိုးရှာတာပဲ၊ မင်းမိန်းမနဲ့ ကလေးတွေအတွက်ကော မစဉ်းစားဘူးလား"*

စကားပြောရင်းနှင့် ဗိုလ်မှူးကြီးက အနားတိုးကပ်လာရာ ရန်သူ၏ ပူလောင်သော အငွေ့အသက်တို့ကို မရှူမိစေဖို့အတွက် တစ်ဖက်သို့ စိုင်း မျက်နှာလှည့်လိုက်

သည်။ သို့ပေမဲ့ စိုင်းထံမှ စကားတစ်လုံးမှ ထွက်မလာသည့်အတွက် ဗိုလ်မှူးကြီး ဒေါ်သထွက်လာသည်။

*"မင်းကို ငါ ပြောနေတယ်၊ ငါ့ကို ပြန်ပြောကွ ကြားလား"*

စိုင်းက ဆိတ်ဆိတ်နေမြဲ။ နောက်ဆုံးတွင်မူ ဘေးနားမှာရပ်နေသော စစ်ဗိုလ်ကို တစ်စုံတစ်ရာ တီးတိုးပြောပြီး အခန်းထဲက ချာခနဲ လှည့်ထွက်သွားသည်။ ဗိုလ်မှူးကြီး အပြင်ရောက်သည်နှင့် စစ်သားတို့က စိုင်းလက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်း နောက်ပြန်လှန်ပြီး လက်ထိပ်ခတ်လိုက်ကြသည်။

*"ဗိုလ်မှူးကြီးက သူ့ရုံးခန်းကို ခေါ်လာဖို့ ကျနော်တို့ကို အမိန့်ပေးထားပါတယ်"*

စစ်ဗိုလ်က အကျိုးအကြောင်းပြောပြီး ရှေ့မှ ဦးဆောင်သွားသည်။ ဘေးမှလည်း လက်နက်ကိုင် စစ်သားနှစ်ယောက်ကို စောင့်ကြပ်၍ လိုက်ပါလာစေသည်။ အဆိုးဆုံးကို စဉ်းစားထားပြီးဖြစ်၍ ထိတ်လန့်ဖွယ်ရာဆိုသော်လည်း စိုင်းအနေနှင့် ခုခံစရာ အကြောင်း မရှိ။ သို့ပေမဲ့ မိုးစုံးစုံးချုပ်ကာမှ သူ့ကို ဘာအကြောင်းနှင့် လက်ထိပ်ခတ်ပြီး အပြင် ခေါ်ထုတ်သွားပါသလဲ။ အသက်ကို တစ်ဝကြီး ရှိုက်ရှူလိုက်သည့်အခါ ညလေပြေညင်းက သူ့ရင်ကို ငြိမ်းအေးသွားသည်ဟု ခံစားမိသည်။ ခြေတစ်လှမ်းချင်း လှမ်းလာရာ နောက်ဆုံး ပျဉ်ထောင်အဆောက်အဦးကြီးတစ်ခုဆီ ရောက်လာပြီး ပိန်းပိတ်မှောင်နေသော အဆောက်အဦ၏ တစ်ဖက်စွန်းတွင် မီးရောင်နှင့် အသံတို့ကို ကြားလိုက်ရသည်။ အဆောက်အဦကြီးကား စွန့်ပစ်ထားဟန်တူသည်။

*"အထဲ ခေါ်ခဲ့၊ မြန်မြန်လာကွ"*

ဗိုလ်မှူးကြီးမောင်လွင် ထိုင်စောင့်နေသော အခန်းထဲသို့ စိုင်းကို တွန်းပို့လိုက်ကြသည်။

*"လက်ထိပ်ခတ်လာတဲ့အတွက် ဝမ်းနည်းပါတယ်၊ တာဝန်အရဆိုတာ မင်း သိပါတယ်"*

ဗိုလ်မှူးကြီး၏စကားအဆုံးတွင် စစ်ဗိုလ်က စိုင်းထံမှ လက်ထိပ်ကိုဖြုတ်ပေးသည်။

*"ထိုင်ပါ စော်ဘွားကြီး ခင်ဗျားကို ကျုပ် မေးခွန်းတွေ မေးစရာရှိတယ်"*

စိတ်ရောကိုယ်ပါ နွမ်းနယ်မောပန်းနေပြီဖြစ်၍ စားပွဲရှေ့ ကုလားထိုင်တွင် စိုင်း ဝင်ထိုင်လိုက်ပြီး လက်ထိပ်ဒဏ်ကြောင့် နာကျင်နေသော လက်ကောက်ဝတ်ကို လက်ဖဝါးတစ်ဖက်နှင့် ဆုပ်နေသည်။

"ခင်ဗျားဟာ ရှမ်းစော်ဘွားများ အစည်းအရုံးရဲ့ အတွင်းရေးမှူး ဟုတ်တယ် နော်"

"ဟုတ်တယ်"

"နိုင်ငံခြားတိုင်းပြည်တစ်ပြည်နဲ့ ခင်ဗျားတို့ အပေးအယူ လုပ်ဖူးသလား"

"မလုပ်ဘူး"

"ဒါပေမဲ့ ရှမ်းပြည်ကို ပြည်ထောင်စုက ခွဲထွက်ဖို့ ခင်ဗျား လိုလားတယ် မဟုတ်လား"

"ကျုပ်က လိုလားတာ မဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲထွက်ခွင့်ကို အာမခံပေးထားတာ"

"သွားစမ်းပါ၊ အခြေခံဥပဒေ ဟုတ်လား။ အဲဒါ စာရွက်ပေါ်မှာ ရေးထား တာ၊ ဒါကြောင့် ငါတို့ရဲ့ဗိုလ်ချုပ်က စွဲဆုတ်ပစ်လိုက်ပြီ"

"ခင်ဗျားတို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြည်သူတွေက အခြေခံ ဥပဒေအတွက် တိုက်ပွဲဝင်ကြလိမ့်မယ်"

"သူတို့ လုပ်လို့မရဘူးကွ၊ မင်းလို ပြဿနာကောင်တွေကို အပြတ်ရှင်းပစ် ရမယ်"

ဗိုလ်မှူးကြီးကား အော်ရလွန်း၍ အတော် မောသွားဟန်တူသည်။ ကုလားထိုင် တွင် ကျောမှီလိုက်ပြီး စိုင်းကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

"ကျုပ်ကို ခြိမ်းခြောက်လို့ရမှာ မဟုတ်ဘူး ဗိုလ်မှူးကြီး။ ကျုပ် လိပ်ပြာက သန့်စင်နေတယ်၊ ကျုပ် လုပ်နေတဲ့ကိစ္စက တရားမျှတနေတယ်"

"မရဘူး ရှမ်းသူပုန်တွေရဲ့ လုပ်ရပ်ကို မင်း ရှုံ့ချရမယ်၊ ပြည်ထောင်စုက ခွဲထွက်ဖို့ ကြိုးစားနေတာကို မင်းက ကန့်ကွက်ရမယ်"

သည်တစ်ကြိမ်တော့ဖြင့် စိုင်း ဒေါသထွက်သွားသည်။

"ရှမ်းအမျိုးသားတွေ ဘာကြောင့် လက်နက်ကိုင်နေရတယ်ဆိုတာ ခင်ဗျားတို့ ကောင်းကောင်းသိပါတယ်၊ ခင်ဗျားတို့က ဖိနှိပ်လို့ ခင်ဗျားတို့ဘက်က ကတိမတည်လို့"

"ကျေးဇူးပါပဲ စော်ဘွားကြီး။ ခင်ဗျားစကားတွေထဲမှာ ခင်ဗျား ရပ်တည်ချက်ကို သိလိုက်ရပြီ။ အဲဒါ ခင်ဗျားရဲ့အပြစ်ပဲ၊ ဒါပေမဲ့ မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခု ငါ ပေးမယ်၊ ငါတို့နဲ့ ပူးပေါင်းပြီး လက်နက်ကိုင်သောင်းကျန်းသူတွေကို နှိမ်နင်းပါ၊ ဒါဆိုရင် မင်းအတွက် အကျိုးများမယ်"

*"ခင်ဗျားပြောသလိုတော့ မလုပ်ဘူး၊ ကျုပ် အသေခံလိုက်မယ်"*

မီးဝင်းဝင်းတောက်နေသော စိုင်း၏ မျက်လုံးများနှင့် ရဲတင်းသော စိန်ခေါ်သံ အဆုံးတွင် ဗိုလ်မှူးကြီးမောင်လွင်က မတ်တတ်ရပ်လိုက်ပြီး စားပွဲကို လက်နှစ်ဖက် ထောက်လျက် ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းလိုင်ပြီး အေးစက်သော လေသံဖြင့် ဆိုသည်။

*"မင်းက မင်းကံကြမ္မာကို မင်းဆုံးဖြတ်လိုက်ပြီပဲ"*

ပြီးနောက် အရာရှိငယ်တစ်ယောက်ဆီ လှည့်လိုက်ပြီး . . .

*"ဟေ့ သူ့ကို နေရာသစ်ကို ခေါ်သွား၊ ပြီးရင် ငါပြောသလို လုပ်လိုက်ကြ"*

သွပ်ပြားများဖြင့်သာ ကာရံထားသော အခန်းကျဉ်းလေးဆီ ခြေကျင်းခတ်ပြီး စိုင်းကို ခေါ်လာကြသည်။ အခန်းကျဉ်းကလေးကား သေးစော်၊ ချေးစော်တို့ဖြင့် နံဟောင် နေရာ စိုင်း တစ်ကိုယ်လုံး ကြက်သီးထပြီး ပျို့အန်ချင်စိတ် ပေါက်လာသည်။ ဤနေရာ ဤအနေနှင့် ဘယ်လောက်ကြာကြာ သူ နေရဦးမှာလဲ။ သူ၏ ရှင်သန်ခြင်းကား တဖြည်းဖြည်း ပါးလျားပွန်းပဲ့လာနေရာ ဤမှာကပင် နိဂုံးကမ္ပတ အဆုံးသတ်လေပြီလား စိုင်း တွက်ချက်နေမိသည်။

❀ ❀ ❀

# အခန်း (၁၅)

နိုင်းနိုင်း ပြန်ရောက်လာပြီး မကြာမီပင် သုစန္ဒီတို့ မိသားတစ်စု တောင်ကြီးသို့ ပြောင်းရွှေ့ပြီး နန်းလတ်နှင့်အတူနေဖို့ ဆုံးဖြတ်ခဲ့သည်။ တောင်ကြီးမှာ ရှိနေလျှင် အရှေ့ပိုင်းတိုင်းမှူး ကာနယ်မောင်ရွှေနှင့် အဆက်အသွယ်လုပ်နိုင်သလို စိုင်း၏ အစ်မ မှာလည်း အသည်းအသန် နားမကျန်းဖြစ်နေရာ နေ့လားညလား စိုးရိမ်နေရသည်ဖြစ်၍ သုစန္ဒီနှင့် သမီးနှစ်ယောက်ကိုလည်း သူမအနားမှာ ရှိစေချင်နေသည်။ သို့ဖြစ်၍ ရက် သတ္တပတ် နှစ်ပတ်အတွင်း မိမိနှင့်မိသားစု တောင်ကြီးသို့ ပြောင်းရွှေ့မည့်အကြောင်း စာတစ်စောင်ရေး၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ တစ်စောင်။ ကော်ပီကိုမူ ကာနယ် ထွန်းအောင်နှင့် သီပေါမှ အရာရှိတို့ဆီ အသီးသီး ပေးပို့ခဲ့ရာ နှစ်ရက်အကြာတွင်မူ ဟော်နန်းသို့ ကပ္ပတိန်တစ်ယောက် ရောက်လာပြီး သုစန္ဒီကို သီပေါမှထွက်ခွာခွင့် မပြုကြောင်း အမိန့်စာပေးသွားလေသည်။

အခါသကြန်ကား အရှေ့ဟော်နန်းသို့ တိတ်တဆိတ်ရောက်လာပြီး တိတ် တဆိတ်ပင် ပြန်ထွက်သွားသည်။ ယခင်လို တက်ကြွမှု၊ ပျော်ရွှင်မှုနှင့် ရယ်ရွှင်သံများ ခြောက်ကပ်လျက် သမီးငယ်နှစ်ယောက်ကမူ ဘာရယ်ညာရယ် မသိ။ ရေဖလားကိုယ် စီနှင့် ပျော်မြူးနေကြသည့်အတွက် သုစန္ဒီအဖို့ တစ်မျိုးတော့ စိတ်ချမ်းသာစရာဖြစ်ခဲ့ရ သည်။ ကျေးရွာများမှ ရှမ်းအမျိုးသား၊အမျိုးသမီး ကြီးကြီးငယ်ငယ် ရွယ်ရွယ် လတ် လတ်တို့ကလည်း ဟော်နန်းဂိတ်ပေါက်ဝမှ လက်နက်ကိုင်စစ်သားများက အစစ်အဆေး၊ အမေးအမြန်း လုပ်နေသည်ကို မကြောက်မရွံ့ ဖြတ်သန်းလျက် မဟာဒေဝီထံ အရိုအသေ ပေးကြသလို သူတို့၏ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းနှင့် မကျေနပ်ခြင်းတို့ကိုလည်း ပွင့်ပွင့်လင်းလင်း ပြောဆိုသွားကြရာ တစ်နေ့နေ့ တစ်ချိန်ချိန် သီပေါစော်ဘွားလေး

မသေမပျောက် ပြန်ရောက်လာလိမ့်မည့်ကို အကြွင်းမဲ့ ယုံကြည်ပါသော သူတို့၏ ယုံကြည်မှုကလည်း သုစန္ဒီအတွက် ခွန်သစ်၊ အားသစ်တွေ ဖြစ်စေခဲ့ပါ၏။ မည်သို့ ဖြစ်စေ မိမိနှင့် သမီးနှစ်ယောက်၏ အနာဂတ်ကံကြမ္မာကား၊ မိမိပုခုံးပေါ်မှာသာ တည် ရှိနေသည်ကို သုစန္ဒီ ကောင်းစွာ သဘောပေါက်ပါသော်လည်း လက်တွေ့စဉ်းစား ဆုံးဖြတ်ရသည့်အခါများတွင်မူ သူမတစ်ယောက်တည်းအနေနှင့် ခက်ခဲပင်ပန်းလှပါ၏။ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ သူမတစ်ယောက်တည်း လေသာဆောင်ပေါ်မှာ မတ်တတ်ရပ်လျက် အဝေးမှ စီးဆင်းရစ်ခွေနေသော နမ့်တူမြစ်ပြင်ကို ငေးကြည့် နေမိသည်။ နမ့်တူမြစ်ကြီးကား စံအိမ်တော်မှ အဖြစ်သနစ်တို့ကို မသိကျိုးနွံပြုလျက် စီးဆင်းနေပါသော်လည်း စိုင်းကို သူမ လွမ်းလှပါ၏။ သို့နှင့်အမျှ မျှော်ရသည်က သူမကို ကိုယ်ချင်းစာစိတ်ဖြင့် လိုအပ်သမျှ အကူအညီပေးကြသူများ၊ ပွင့်ပွင့်လင်းလင်း အကြံပြုကြသူများ၊ သူတို့သာ သုစန္ဒီအနားမှာ မရှိလျှင် ယနေ့ ယခုအထိ သူမတစ် ယောက်တည်း ရှင်သန်လိမ့်မည်မဟုတ်ဟု ထင်သည်။

ထို့အတူ သူမ၏လိုအပ်ချက်နှင့် အားနည်းချက်ကို အမြတ်ထုတ်ဖို့ ရောက် လာသူတွေနှင့်လည်း ကြုံတွေ့ရသည်။ စိုင်းကို ရန်ကုန်မြို့မှာတွေ့လိုက်သည်။ ဘာသည် ညာသည် စသည်အားဖြင့် စိုင်းနှင့် ဒဲ့ဒဲ့ထိ တွေ့ခဲ့သည်ဆိုသူ ယောက်ျား၊ မိန်းမ အတော်များများ သူမထံ ရောက်လာကြပြီး သတင်းအပြည့်အစုံ လိုချင်လျှင် ပိုက်ဆံပေးပြီး လိုက်လျှင် ရနိုင်ကြောင်း ပြောကြရာ သူမဘက်ကလည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ် သည်ဖြစ်စေ မျှော်လင့်ချက် အစ'လေးတစ်ခု ရလိုက်သည်နှင့် ပိုက်ဆံ ဘယ်လောက် ပေးရပေးရ စကြဝဠာ ရေမြေအဆုံးထိတိုင် စိုင်းကို ရှာဖွေခဲ့ပါသော်လည်း မရေမရာ အဖြေစကားတွေနှင့် အချိန်နှင့်ပိုက်ဆံသာ ကုန်ခမ်းခဲ့ပါ၏။ သည်လိုနှင့် တစ်ယောက်ပြီး တစ်ယောက် သုစန္ဒီကို လိမ်ကောက် လှည့်ပတ်သွားကြပါ၏။

စပ်ကြာစိုင်းနှင့်ပတ်သက်လျှင် သူမအနေနှင့် ယုံလွယ် လက်လွယ်သည်ဟု ကြားသိကြပါသော ဗေဒင်ဆရာနှင့် နတ်ဝင်သည်တို့ကလည်း သုစန္ဒီ၏ ပိုက်ဆံအိတ်ကို မျက်စောင်းထိုးရင်း စိုင်းတစ်ယောက် ကျန်းမာလျက်ရှိကြောင်း၊ မကြာမတင်မီ လွတ်လမ်း မြင်ကြောင်း သူမ စိတ်ချမ်းသာစကားတို့ကို ပြောရင်း ဆွမ်းကြီးလောင်းပွဲတော် တက်ကြ ရှာ ပါကြပါ၏။ စင်စစ်လည်း ယုံကြည်ခြင်း၊ မယုံကြည်ခြင်းဆိုသည်ထက် သုစန္ဒီကိုယ် တိုင်က ဆိုခဲ့သလို စကားတို့ကိုနားထောင်ရင်း မိမိကိုယ်ကို လှည့်စားနေချင်သည်ပဲ မဟုတ်လား။

သို့ပေမဲ့ တစ်ဖက်ကလည်း လက်တွေ့ကျကျ ဆောင်ရွက်ဖွယ်ရာတို့ကို သူမကိုယ်တိုင် လုပ်ကိုင်လျက်ရှိပါ၏။ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်မှူးကြီး မောင်လွင်၊ ဗိုလ်မှူးကြီး အောင်ထွန်းတို့ထံ စာရေးပေးပို့ပြီး မိမိခင်ပွန်းနှင့် တွေ့ခွင့်ပြုဖို့ တရားဝင် စာအဆက် အသွယ်ရဖို့ တောင်းဆိုခဲ့သလို တစ်ဖက်ကလည်း ဗိုလ်မှူးကြီး အောင်ထွန်း တာဝန်ယူ ထားသည်ဆိုသော တရားဝင် သတင်းဖော်ပြခြင်းကို စောင့်ကြည့်နေဆဲဖြစ်ရာ သတင်းစာ များတွင် စပ်ကြာဆိုင်နှင့်ပတ်သက်သော အဖြစ်မှန်ကို မဖော်ပြသည့်အဆုံးတွင်မူ သူမ ကိုယ်တိုင်း အချက်အလက် အပြည့်စုံကို ရေးသားပြီး ဗမာပြည်တွင် ထုတ်ဝေနေသော အဓိကသတင်းစာကြီးများထံ လူလွှတ် အရောက်ပို့ခဲ့သည်။ အနည်းဆုံး ရဲရင့်ပြီး အမှန်တရားကို လိုလားသော သတင်းစာအယ်ဒီတာတစ်ယောက်ယောက်က ဤ သတင်းကို ထည့်သွင်းဖော်ပြနိုင်သည်ဆိုသော မျှော်လင့်ချက်ဖြင့် စောင့်နေခဲ့ရာ စာကြည့် ခန်းတွင်းသို့ မြန်မာ့အလင်း သတင်းစာတစ်စောင်ကို လက်မှာဆုပ်လျက် ဦးကျော်လင်း ပြေးလာသည်။

*"မဟာဒေဝီ ဒီမှာ သတင်းပါလာပြီ"*

ဦးကျော်လင်းသည်လည်း အသက်ရှူမှားမတတ် မောနေသလို သုစန္ဒီလည်း မြှန်းဆို မတ်တတ်ရပ်လိုက်ရာ ရှေ့ကခုံပေါ်သို့ပင် မှောက်မတတ်ဖြစ်သွားသည်။ သတင်း စာ ပထမစာမျက်နှာတွင် တောင်ကြီးတွင် စိုင်းကို ဖမ်းဆီးသွားသည့်သတင်း ပါလာသည်။ အချက်အလက်တို့ကို သူမရေးပို့သော စာမှ ရရှိကြောင်းပါ ဖော်ပြထားသည်။

သုစန္ဒီ အရမ်းပျော်သွားပြီး ဦးကျော်လင်းကိုပင် ပြေးဖက်လိုက်ချင်သည်။ သို့ပေမဲ့ ဦးကျော်လင်း စကားက သူမအတွက် သတိပြုစရာ။

*"မဟာဒေဝီ မကြာခင် ယူနီဖောင်းဝတ် ဧည့်သည်တွေ လာကြလိမ့်မယ် ထင်တယ်"*

မှန်တယ်၊ ဆယ်မိနစ်သာသာခန့်မှာပင် စံအိမ်တော်၏ ပေါ်တီကိုအောက်သို့ ဂျစ်ကားတစ်စီး ကျွိခနဲဆိုက်လာရာ အသင့်စောင့်နေသော ဦးကျော်လင်းက စစ်ဗိုလ် တစ်ယောက်နှင့် ထောက်လှမ်းရေး ဗိုလ်တစ်ယောက်ကို စာကြည့်ခန်းထဲ ခေါ်လာသည်။ စစ်ဗိုလ်၏လက်ထဲတွင် သတင်းစာတစ်စောင်ကိုင်ထားပြီး သုစန္ဒီ၏စားပွဲပေါ်မှ မြန်မာ့ အလင်းသတင်းစာကို တွေ့လိုက်ရသည်တွင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

*"အဲဒီ ဆောင်းပါးကို ခင်ဗျား ရေးတာလား"*

စစ်ဗိုလ်က အော်ငေါက်မေးသည်။

*"ဟုတ်ပ၊ ကျုမ ရေးတာပါရှင့်"*

*"ခင်ဗျားမှာ ဒီလိုရေးခွင့် မရှိဘူး"*

စစ်ဗိုလ်၏ ခန္ဓာကိုယ်မှာ ဒေါသဖြင့် ယိမ်းထိုးနေသည်။

*"ရှင်တို့ အရာရှိကြီးတွေက အဖြစ်မှန်ကို ဖော်ပြပေးပါ့မယ်လို့ ကတိပေးခဲ့ပြီး ကတိမှ မတည်တော့၊ ကျုမကိုယ်တိုင် ရေးရတာပဲလေ"*

မိမိထက် ရှစ်လက်မမျှသာ ပုသော စစ်ဗိုလ်ကို ငုံ့ကြည့်ရင်း လက်နှစ်ဖက်ကို ပိုက်လျက်ဖြင့် သုစန္ဒီ တည်ငြိမ်စွာ ရပ်နေသည်။ စစ်ဗိုလ်က နီရဲသော မျက်နှာဖြင့် သူမ အနားကပ်လာပြီး အော်ဟစ်ပြောနေသည်။

*"ခင်ဗျားက ကျုပ်တို့ကို ပြဿနာရှာနေတာပဲ၊ ခင်ဗျားမှာ အပြစ်ရှိတယ်"*

*"ကျုမက ဘယ်လိုများ ပြဿနာရှာနေလို့လဲ၊ ပြောပါဦး"*

ထောက်လှမ်းရေး ဗိုလ်က စကားမပြန်။ တွေတွေကြီး ရပ်ကြည့်နေသော စစ်ဗိုလ်ကို တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက် ထောက်လှမ်းရေးဗိုလ်က သဟောက်သဟမ်းနှင့် ပြောပြန်သည်။

*"ကျုပ်တို့ကို ခင်ဗျား တော်တော် အနှောင့်အယှက်ပေးတယ်၊ ခင်ဗျားကို အပြစ်ပေးရမယ်"*

*"အမှန်ကိုပြောတဲ့အတွက် ရှင်တို့ရဲ့ သူရဲကောင်းတပ်မှူးကြီးတွေက အပြစ်ပေးမယ်ဆိုလည်း ပေးပေါ့၊ မကြောက်ပါဘူး"*

ပြောပြီးသည်နှင့် နေရာမှလှည့်ထွက်ပြီး စံအိမ်တော် အပေါ်ထပ်သို့ သူမ တက်လာခဲ့သည်။ ယူနီဖောင်းဝတ်များရှေ့တွင် ဣန္ဒြေမပျက်၊ အမှန်တရားဘက်က မာမာတင်းတင်း တုံ့ပြန်ခဲ့သည်ဆိုသော်လည်း မိန်းမသားတစ်ယောက်တည်းအနေနှင့် သုစန္ဒီ စိတ်အားငယ်လှပါ၏။ အိပ်ခန်းအတွင်း လူးလားခေါက်ပြန် လျှောက်နေရင်း ယခုလို နေ့လယ် အိပ်မက်ခြောက်ကြီးထဲက ထွက်ပြေးလွတ်မြောက်ချင်လှပါ၏။ ကိုလိုရာဒို (သို့) ဩစတြေးလျားတို့တွင် သူမအတွက် လုံခြုံစိတ်ချခဲ့ရပါသော နေရာတို့ကို သတိတရ ရှိလှပါ၏။

သူမအနေနှင့် ယခုလို အခြေအနေများကို ဘယ်လောက်ကြာကြာ တောင့်ခံထားနိုင်မှာလဲ။ တရိပ်ရိပ် မြင့်တက်လာသော ဖိအားများအောက်တွင် တစ်ချိန်ချိန် တစ်စစီ ကျိုးပြတ်သွားလိမ့်မည်ထင်သည်။ စိုင်း ရင်ဆိုင်နေရသော အခြေအနေအရပ်ရပ်ကိုလည်း သုစန္ဒီ စဉ်းစားကြည့်သည်။ ဆင်းရဲပင်ပန်းကြီးစွာ အချုပ်အနှောင်ခံနေရ

သည်သာမက ချစ်သောသူတို့နှင့်လည်း ရှင်ခွဲ ခွဲနေရသေးရာ သူမရင်ထဲ မွန်းကြပ်လာပြီး ယခုထက်ပိုပြီး သုစန္ဒီ မစဉ်းစားရဲတော့။

❀ ❀ ❀

ထိုတစ်နှစ်က မိုးဦးစောသည်။ သဘာဝမြေလွှာအတွင်း ငုတ်လျှိုးဝင်နေကြပါသော အစေ့၊ အညှောင့်၊ အခက်အလက်တို့ စိမ်းစို၍ ဝေဝေဆာဆာ ကြီးထွားလာကြကုန်သည်။ အချို့ ခြံစည်းရိုး၊ ဝါးတိုင်များသည်ပင် သစ်စို့၊ သစ်စိမ်းရွက်လေးတို့ ငယ်ရုပ်ဆင်ဖို့ အားယူလာကြသည်။ မိုးပြတ်သည့်အခါတိုင်း နမ့္မတူမြစ်တစ်ဖက်ကမ်းမှ လိမ္မော်စိုက်ခင်းများဆီ သမီးနှစ်ယောက်နှင့်အတူ သုစန္ဒီ ရောက်သွားတတ်ရာ မိုးတစ်အုပ်တစ်မရွာပြီးလေတိုင်း လိမ္မော်ပင်များက ကြီးထွားလာသလို ပြွတ်ပြွတ်ခဲခဲ အသီးတို့နှင့်လည်း ဝေဝေဆာဆာ ရှိလှပါ၏။ အချို့အပင်များဆိုလျှင် အခြေမှ ကိုင်းထောက်မပေးသည့်အတွက် ကျိုးပဲ့သွားကြသည်လည်း မနည်းမနောရှိလေရာ ယခုလို အောင်မြင်မှုတွေကို စိုင်းကိုသာ မြင်စေချင်စမ်းပါဘိ။

ဤသို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်များ တစ်ဖက်မှာရှိပါသော်လည်း စိုင်းနှင့်ပတ်သက်၍ သတင်းအစအနမျှပင်မကြား။ ဖြစ်နိုင်သမျှ နည်းလမ်းတို့ဖြင့် ပေးပို့လိုက်ပါသော ပစ္စည်းပစ္စရာနှင့် အစောင်စောင်သော စာတို့ စိုင်းထံ ရောက်သည်၊ မရောက်မသည်မှာလည်း မသေချာ။ ပေးသာ ပေးနေရပါသော်လည်း အပြန်ကား မရှိ။ မည်သို့ရှိစေ စိုင်းထံရောက်၍သာ ပြန်မလာသည်ပဲဟု စိတ်ကို ကြံဖန်ဖြေနေရာမှ တစ်နေ့ ကာနယ်မောင်ရွှေထံမှ ပေးပို့လိုက်သော စာတစ်စောင်ရောက်လာပြီး မြန်မာစစ်တပ်က စပ်ကြားဆိုင်ကို လုံးဝ ဖမ်းဆီးခြင်းမရှိကြောင်း။ သို့ဖြစ်၍ ဗိုလ်နေဝင်းအစိုးရအနေဖြင့် စပ်ကြားဆိုင် ပျောက်ဆုံးနေခြင်းနှင့်ပတ်သက်ပြီး တာဝန်မရှိကြောင်း၊ သုစန္ဒီ သိစေရန် ရေးသားထားသည်။ ပြီးနောက် ရက်အနည်းငယ်အကြာမှာပင် စိုင်းထံ သူမ ပေးပို့ခဲ့ သော ပါဆယ်ထုပ်အားလုံးကို ကက်ပတိန်တစ်ယောက်က ပြန်လာပို့သွားရာ စိုင်း တစ်ယောက် ကိုယ်ကျိုးနည်းပါပြီကောဟု သူမရင်ထဲ နာနာကျင်ကျင် အော်ငိုမိလိုက်ပါ၏။

❀ ❀ ❀

ယဉ်မျိုးစာအုပ်တိုက်

စံအိမ်တော်သို့ ဒေါက်တာခင်အောင်နှင့် ဇနီးတို့ ပုံမှန်လာရောက်နေရာ ပါဆယ်ထုပ်များ ပြန်ရောက်လာပြီး တစ်နေ့တွင် အထုပ်တစ်ထုပ်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လျက် မျက်လုံးများမှာလည်း ဖူးရောင်နီရဲနေသော သုစန္ဒီကို ဒေါက်တာခင်အောင်တို့ လင်မယား တွေ့လိုက်ရသည်တွင် ဒေါက်တာခင်အောင်ကို မိုးအိက တီးတိုးပြောသည်။

*"ဆရာ မဟာဒေဝီက မစားမသောက်တော့ဘဲ အဲဒီလို ဖြစ်နေပြီ၊ ကူညီပါဦး"*

နားလည် သဘောပေါက်ကြောင်း မိုးအိကို ခေါင်းညိတ်ပြီး သုစန္ဒီအနားသို့ ဒေါက်တာခင်အောင် လျှောက်သွားပြီး သူမလက်နှင့် တင်းတင်းဆုပ်ထားသော ပါဆယ်ထုပ်ကို ညင်ညင်သာသာ ယူလိုက်သည်။

*"မဟာဒေဝီ"*

ဒေါက်တာ အသံက တိုးသော်လည်း စာနာနားလည်စိတ် အပြည့်ရှိနေသည်။

*"ကျနော်တို့ စကားပြောကြရအောင်၊ လေသာဆောင်မှာ လက်ဖက်ရည်သောက်ရင်း ပြောကြတာပေါ့"*

သုစန္ဒီထံမှ စကားတစ်လုံးမှ မကြားရသော်လည်း အတိတ်မေ့နေသူတစ်ယောက်လို ထိုင်ရာမှထပြီး ဒေါက်တာခင်အောင်နောက် လိုက်ပါလာရာ သူမဆီရောက်လာသော ဧည့်သည်တို့ကို နှုတ်ဆက်စကားခွန်းမျှပင်ပြောဖို့ သတိရဟန်မတူ။ လေသာဆောင်မှ ထိုင်ခုံအသီးသီးတွင် ထိုင်မိပြီဆိုကာမှ သူမထံမှ စကားထွက်လာတော့သည်။

*"ဒေါက်တာ ကျမ ဘာလုပ်ရမလဲ၊ စော်ဘွားလေးကို သူတို့ မဖမ်းဘူးလို့ပဲ ငြင်းနေကြတယ်၊ ဆက်တွေးရမှာ ကျမ အရမ်းကြောက်နေတယ်"*

စကားမျှပင် မဆုံးသေး။ တင်းကြပ်စွာ ရှိုက်၍ငိုချလိုက်သော အသံတို့၏နောက်တွင် သုစန္ဒီ၏ ခန္ဓာကိုယ်တစ်ခုလုံး သိမ့်သိမ့်တုန်သွားပါ၏။

*"ဟုတ်တယ်၊ ဘာကြောင့် အခုလို ငြင်းနေတာလဲ မသိဘူး။ ဒါဆိုလဲ မဟာဒေဝီဘက်က အခြားနည်းလမ်းတစ်ခုနဲ့ ကြိုးစားသင့်တယ်ထင်တယ်၊ အခု ဗိုလ်နေဝင်းနဲ့ သူ့လူတွေဆီ ချဉ်းကပ်နေတဲ့နည်းက အလုပ်မဖြစ်ဘူး မဟုတ်လား"*

*"ဒေါက်တာက ဘယ်လိုလုပ်စေချင်လို့လဲ"*

လိုက်၍ ဆို့တက်လာသော ရှိုက်သံတို့ကြားမှ အားယူရင်း သူမ မေးရာသည်။

*"အခြား နည်းလမ်းတွေကို စဉ်းစားရမှာပဲလေ၊ မဟာဒေဝီအနေနဲ့ အခြား*

*ဘယ်လို စိတ်ကူးရှိသေးလဲ''*

*''ကလေးတွေခေါ်ပြီး ရန်ကုန်ပြောင်းမယ် စဉ်းစားမိတယ်၊ ဒါမှ စစ်အစိုးရခေါင်းဆောင်တွေကို ကိုယ်တိုင် စုံစမ်းနိုင်မှာပဲ''*

*''သိပ်ကောင်းတဲ့ အိုင်ဒီယာပဲ''*

ဒေါက်တာခင်အောင်အသံက အနည်းငယ် မြင့်တက်သွားသည်။

*''ဒါဟာ ဖြစ်နိုင်ခြေရှိတဲ့ နောက်ထပ် ခြေလှမ်းတစ်ခုပဲ၊ မဟာဒေဝီနဲ့ ကလေးနှစ်ယောက်အနေနဲ့လည်း မြို့ကြီးမှာနေရတာ ပိုသင့်တော်သလို အခြားအဆက်အသွယ်တွေလည်း ရနိုင်တာပေါ့''*

*''ဒါပေမဲ့ သူတို့က ခွင့်ပြုပါ့မလား''*

ရင်တွင်းက ခံစားမှုကို ထိန်းချုပ်ရင်း နှိုင်းနှိုင်းဆဆဖြင့် သူမအတွေးကို တီးခေါက်ကြည့်သည်။ သို့ပေမဲ့ စိုင်းအတွက် စွန့်စားဖို့ဆိုလျှင် အဆင်သင့်ဖြစ်နေသော မျက်ဝန်းများ။

*''ကျနော့်အနေနဲ့ကတော့ ကန့်ကွက်ဖို့ အကြောင်းမမြင်ဘူး မဟာဒေဝီ''*

*''တောင်ကြီးကို ပြောင်းမယ်ဆိုတုန်းက ကျမကို ခွင့်မပြုတာကို ဒေါက်တာ သိတယ်နော်''*

သုစန္ဒီက မရဲတရဲ ဆိုသည်။

*''ဖြစ်နိုင်ပါတယ် မဟာဒေဝီ၊ ဘာကြောင့်လဲဆိုတော့ စော်ဘွားလေးကို ဖမ်းချုပ်ထားတဲ့ ဗထူးမြို့ဆိုတာ တောင်ကြီးနဲ့ မလှမ်းမကမ်းမှာ ဖြစ်နေတယ်လေ၊ ဒါကြောင့် သူတို့ ကန့်ကွက်တာဖြစ်မှာပါ၊ အခုဟာက ရန်ကုန်ပြောင်းမှာဆိုတော့ ခွင့်ပြုနိုင်ပါတယ် မဟာဒေဝီ''*

ကြောင်းကျိုးခိုင်လုံစွာ ရှင်းပြနိုင်သော ဒေါက်တာခင်အောင်၏ စကားများက သူမအတွက် မျှော်လင့်စရာတွေ ရှိလာပြန်ပါသည်။

*''အကယ်၍ ခွင့်မပြုဘူးဆိုရင်ကော''*

*''စိတ်မပူပါနဲ့ မဟာဒေဝီ၊ အဲဒီလိုဖြစ်လာခဲ့ရင် ကျန်းမာရေးကိစ္စကို အကြောင်းပြပြီး ရန်ကုန်မှာ ဆေးကုသမယ်ဆိုပြီး မရရအောင် တောင်းဆိုရမှာပဲ''*

နေ့ပေါင်းများစွာ ပျောက်ဆုံးနေပါသော မျှော်လင့်ချက်ရောင်ခြည် မှုင်မှုင်လေးတစ်ခု စတင် လူးလွန့်လာနေသည်။ လွတ်မြောက်ရာသို့ မျှော်လင့်ခြင်း။

မိမိ၏လက်ပတ်နာရီ ဒိုင်ခွက်ကိုပင်မမြင်ရ။ ထိတ်လန့်ချောက်ချားဖွယ်ညကား အဆုံးမရှိတော့ဟန်တူသည်။ အာခေါင်နှင့် လည်ချောင်းတို့ ခြောက်ကပ် အက်ကွဲလာရာ မြေအိုးငယ်လေးထဲက မသန့်စင်သော ရေကိုပင် စိုင်း တောင့်တမိပါ၏။ ယခု သူ ထိုင်နေသောအခန်းငယ်မှာ ပုပ်စော်၊ နံစော်တို့ပင် ဟောင်စပ်နေရာ ကြက်မွေးမြူရေးစီမံကိန်းအတွက် အစမ်းလုပ်ကိုင်ခဲ့စဉ်အခါက ကြက်အိမ်များကို သူ သတိရမိလိုက်သည်တွင် သူ့ ကြက်လှောင်အိမ်များက ယခုနေရာထက်ပင် အဆတစ်ရာ ကောင်းနေသေးသည်ကို စဉ်းစားရင်း သူ ပြုံးမိသည်။ သို့ရာတွင် သူ့အတွက်က ပြဿနာမရှိ။ စိတ်ဝေဒနာဖြစ်စေ၊ ရုပ်ဝေဒနာဖြစ်စေ၊ ဒုက္ခအားလုံးကို သတိပဋ္ဌာန်းတရားမှတ်ရင်း ကျော်ဖြတ်နိုင်သည် မဟုတ်ပါလား။

❀ ❀ ❀

အာရုဏ်၌ နေ့သစ်တစ်နေ့ ပျို့အံလာလေပြီ။ မနေ့ညက တွေ့ခဲ့ရသော ထောက်လှမ်းရေးဗိုလ်ပင် မေးခွန်းတချို့နှင့် စိုင်းထံ ပြန်ရောက်လာသည်။

*"ဗိုလ်မှူးကြီးက မေးခိုင်းလိုက်ပါတယ်၊ ခင်ဗျား ဆုံးဖြတ်ချက် ပြင်ပြီးပြီလားတဲ့"*

စိုင်း ခေါင်းခါလိုက်သည်။ ပြောစရာအကြောင်းမရှိ။

*"ဗိုလ်မှူးကြီးကို ခင်ဗျား ဘာပြောချင်သေးလဲ"*

နောက်တစ်ကြိမ် ခေါင်းခါလိုက်ရပြန်ပါ၏။

ထောက်လှမ်းရေးဗိုလ် ပြန်သွားပြီး မကြာပါချေ။ လက်နက်ကိုင် စစ်သားငါးယောက်နှင့်အတူ ဂျစ်ကားတစ်စီးဖြင့် ပြန်ရောက်လာသည်။

*"ခင်ဗျားကို အခြားတစ်နေရာမှာ ပြောင်းရွှေ့ထားဖို့ ကျနော့်ကို ညွှန်ကြားလိုက်ပါတယ်"*

ထောက်လှမ်းရေးဗိုလ်က စိုင်းကို အခန်းကျဉ်းကျဉ်းလေးထဲမှ ဂရုတစိုက် ခေါ်ထုတ်ပြီး ဂျစ်ကားဆီ ခေါ်ဆောင်သွားရာ အရှေ့နံနက် မိုးကောင်းကင်ကြီးကို စိုင်း ခေါင်းမော့ကြည့်လိုက်သည်။ ရှမ်းတောင်တန်းများဆီမှ နေဝင်းနီနီကြီးကား တရွေ့ရွေ့ဖြင့် တက်လာနေသည်။ ဤတစ်ကြိမ် ဤရှုခင်းသည်ပင် သူ့အတွက် နောက်ဆုံးပေလား သူ မသိ။ ခြေလှမ်းများက ဂျစ်ကားဆီသို့သာ။

❀ ❀ ❀

## အခန်း (၁၆)

လပေါင်း ၁၁ လမျှ ပြင်ပကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ဖြတ်တောက်၍ သီပေါ၏အရှေ့ ဟော်နန်းစံအိမ်တော်ကြီးတွင်နေထိုင်ပြီးနောက်တွင်မူ သုစန္ဒီနှင့် သမီးနှစ်ယောက် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့် ရလာခဲ့ပါ၏။ ထိုနေ့က ဇန်နဝါရီလ၏ တိမ်ကင်းစင်သော နံနက်တစ်ခင်း။ သီပေါဘူတာရုံတွင် ရာပေါင်းများစွာသော လူတို့ သုစန္ဒီတို့မိသားစုကို လိုက်ပါနှုတ်ဆက်ခဲ့ကြသည်။ ဤရထားကြီးက သူမတို့မိသားစုကို ဟိုအဝေးဆီ သယ်ဆောင်သွားတော့မည်ဖြစ်ရာ ဤမှာပင် သူမ၏ ဘဝဇာတ်လမ်းတစ်ခန်းရပ်သွားပြီကို သူမ နက်ရှိုင်းစွာ ခံစားမိလိုက်သည်။ သီပေါမြို့လေးကား သူမနှင့် ထာဝရ ဝေးကွာသွားတော့မည်။ ဘယ်တော့မှ ပြန်မရနိုင်တော့သော ပျော်ရွှင်စရာမိသားစုဘဝ၊ တစ်ခါက ရွှေခင်းသာတောင်ပေါ်မှာ တမဟုတ်ချင်း မြင်တွေ့လိုက်ရပါသော အတိတ်နမိတ်ဆိုးကြီးကား ဤမှာပင် အောင်မြင်စွာ ပြီးဆုံးသွားပါပြီကော။ ရထားဥဩသံကြီးက ဝေးသွားတစ်ချောင်းလို သူမရင်ကို ထိုးစိုက်လိုက်သည်။

*"နေခဲ့တော့ သီပေါရေ . . . ."*

လှုပ်ရမ်း၍ ခုတ်မောင်းနေသော မီးရထားကြီးက သူမတို့မိသားစုကို ပခက်ကိုလှုပ်သိပ်နေရာ သူမ ငယ်စဉ်က ကျောင်းကားဖြင့် နေ့စဉ် ကျောင်းတက်ရသည့် နေ့ရက်တို့ကို သတိရမိနေသည်။ သည့်တုန်းက သူမမှာ အပူအပင်မရှိ၊ ကျောင်းစာနှင့် ကစားဖို့သာသိသည်။ ထိုမှ အသိပညာနှင့် ပကတိ အရှိတရားတို့ကား အခြားကြီးခြားနားခဲ့လေပြီကော။ မျက်လုံးအစုံကို သူမ မိတ်ထားလိုက်သည်။ ယခုလို သူမတို့သားအမိတစ်တွေ သီပေါက ထွက်ခွာလာတာ တစ်နည်းနည်းနှင့် စိုင်းများ သိလေမလား။ စိုင်း အသက်ရှင်နေသေးသည်ဆိုသော သံသယတို့ ခေါင်းထဲတိုးဝင်လာလေတိုင်း

ငြင်းကွယ်ဖို့ သူမ ကြိုးစားခဲ့ရပါ၏။ ညဦးအခါ အချိန်တို့ ရပ်တန့်နေပြီး အိပ်ခန်းနံရံများ ပေါ်မှာ ပုံရိပ်များ ကခုန်နေစဉ် သံသယတို့၏ နှိပ်စက်ခြင်းကို အကြိမ်ကြိမ်အခါခါ ခံစားခဲ့ရပါသော်လည်း နေ့အလင်းအောက်တွင်မူ တစ်နေ့ စိုင်း ပြန်လာလိမ့်မည်ဆိုသော အတွေးတို့ကို သူမကိုယ်တိုင် ငြင်းဆန်ခဲ့ရပါ၏။

မန္တလေးသို့ မီးရထားခရီးမှာ မိုင် ၂၀၀ သာသာမျှရှိသော်လည်း တောင်စဉ် တောင်တန်းတို့ကို ကွေ့ပတ်သွားနေရသော ခရီးနှင့် ဘူတာစဉ်အတိုင်း ရပ်နားနေရသည် ဖြစ်၍ တစ်နေ့ခရီးမျှကြာတတ်ပါ၏။ ဂုတ်ထိပ်တံတားကြီးကို ဖြတ်ကျော်လာသည့်အခါ စိုင်းကို သတိရမိသည်။ ဂုတ်ထိပ်တံတားကြီးမှာ မြောက်ပိုင်း ရှမ်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အရေးပါနေရာ ၁၉၄၇ ခုနှစ်အတွင်းက ကွန်မြူနစ်သောင်းကျန်းသူတို့ ရန်မှ တံတားကြီးကို စိုင်းနှင့် တပ်ဖွဲ့ဝင်များ ကာကွယ်ခဲ့ရပုံကို စိုင်း ပြောပြခဲ့ဖူးသည်ကော။ ၁၈၉၉ ခုနှစ်အတွင်း ဗြိတိသျှတို့အတွက် အမေရိကန်ကုမ္ပဏီတစ်ခုက ဆောက်လုပ် ပေးခဲ့သော အံ့ဖွယ်တံတားကြီးပေါ်ကို တစ်နေ့နေ့ သူမတို့နှစ်ယောက် အတူရထား နှင့်သွားရောက်ဖို့လည်း စိုင်း စီစဉ်ခဲ့ပါ၏။ ဂုတ်ထိတ်လျှိုချောက်ကြီးအတိုင်း ရထား ဆင်းသွားသောအခါ တံတား၏အရိပ်အယောင်ဟူ၍ မတွေ့ရ။ မှောင်မဲနေသော ဥမင် လိုဏ်ခေါင်းတိုလေးများကို ဖြတ်သန်းသွားရာ ရထားတစ်တွဲလုံး မှောင်မဲသွားသည့် အခါတိုင်း ကလေးများက ပျော်ရွှင်ရယ်မောစရာတစ်ခုလို အော်ဟစ်ကြသည်။ ရာသီက ခြောက်သွေ့နေပါသော်လည်း လျှိုဥမင်ထဲ ဖြတ်သန်းသွားချိန်တွင် အေးစိမ့်သော အထိ အတွေ့နှင့် အောက်သိုးသိုးအနံ့အသက်တို့ ရနေသည်။ နောက်ဆုံး ဂုတ်ထိပ် တံတားပေါ် မှ ရထားဖြတ်သန်းသွားသည်တွင် လျှိုအောက်မှ ဖြတ်သန်းစီးဆင်းနေသော မြစ်ပြင်ကို သူမ မျှော်ကြည့်နေမိသည်။ သို့ရာတွင် ဤမျှ အရိုင်းပြင်ပြင်ဖြစ်နေသော နေရာတွင် လူသား၏ အံ့ဖွယ်လက်ရာတစ်ခုသည်ကား နေရာလွဲချော်၍ တည်နေသည်ဟု ထင်မှတ် ရပါ၏။

ဂုတ်ထိပ်တံတားကြီး၏ ဟိုမှာဘက်တွင်မူ ဂုတ်ထိပ်ဘူတာရုံရှိပြီး စစ်တပ်ဖွဲ့ ဝင်များ အခိုင်အမာ တပ်စွဲထားသော နေရာလည်းဖြစ်သည်။ ဂုတ်ထိပ်ဘူတာရုံတွင် တစ်ခဏ ရပ်နားပြီး တောင်တက်ခရီး စတင်ခဲ့ရာ သီပေါနယ်နမိတ်အတွင်းမျှ ကျန်ရှိနေ သေးသော ရတတ်သမျှ အချိန်လေးများကို သုစန္ဒီ တစ်ဝကြီး ခံစားနေရာမှ မေမြို့မှ မိုင် ၂၀ ကျော်သော်၊ မြန်မာပြည် ပြည်မနယ်နိမိတ်သို့ ရောက်ရှိခဲ့ကြပါ၏။

ချက်ကုန်သွား ညရထားကို မပြောင်းမီ သုစန္ဒီတို့အဖွဲ့အားလုံး မန္တလေးမီးရထား

ဘူတာဟိုတယ်တွင် တစ်ခဏနားခိုကြပြီး ရေမိုးချိုး အဝတ်အစားလဲပြီး ရန်ကုန်ရထားပေါ် တက်ကြသည်။

*"ရန်ကုန်ကို ဘယ်လောက်ကြာကြာ သွားရမှာလဲ စံမယ်"*

ပထမတန်း ရထားတွဲတွင် နေရာယူပြီးသည်နှင့် သမီးငယ် မာယာရီက မေးလာသည်။

*"မနက်မိုးလင်းလို့ အိပ်ရာက နိုးရင် ရောက်ပြီပေါ့ သမီးရယ်"*

*"သမီးက မအိပ်တော့ဘူး။ ဘယ်နှစ်နာရီ သွားရမလဲ စံမယ်"*

*"၁၆ နာရီလောက်ပေါ့ သမီး"*

သမီးနှစ်ယောက်ကို သူမအနား ပွေ့ယူလိုက်ပြီး သုစန္ဒီ ပြောသည်။

*"တစ်ညလုံး ရထားပေါ်မှာပဲ အချိန်ကုန်ကြမှာပေါ့၊ မနက်လင်းရင် ရန်ကုန် ရောက်ပါပြီ သမီးတို့ရယ်"*

မန္တလေးမှ အမြန်ရထားကြီး တရွေ့ရွေ့ ထွက်ခွာလာသော ထိုညက လရောင်ကင်းမဲ့လျက်၊ နေရာတိုင်းတွင် အမှောင်ထုသာ လွှမ်းခြုံထားသည်။ သို့ပေမဲ့ ရွာသိမ်ရွာငယ်လေးများနှင့် မြို့ငယ်လေးတို့ကို ဖြတ်သန်းသွားသည့်အခါတွင်မူ မှိန်ဖျော့ဖျော့ အလင်းစက်တချို့ကို ဟိုမှာသည်မှာ တွေ့နေရသည်။ မျက်လုံးကို မှိတ်ထားလိုက်ရာ စိုင်းဆီ စိတ်ရောက်သွားပြန်သည်နှင့် အတူရှိစဉ်က ညများကိုတွေးရင်း သူမရင်ထဲ နွေးထွေးစွာ ကြည်နူးနေမိသည်။ ယခု စိုင်းနှင့် သူမတို့နှစ်ဦး ပိုင်ဆိုင်လေသမျှကို အကောင်းဆုံး စီမံခန့်ခွဲပြီး သီပေါတွင် ထားရစ်ခဲ့လေပြီ။ စိုင်း၏ ဆွေမျိုးညာတက အားလုံးနှင့် အရှေ့ဟော်နန်းမှ ဝန်ထမ်းတို့အတွက် ခွဲဝေပေးခဲ့သည်။ စာသင်ကျောင်းကိုလည်း ရှေ့ဆက်လည်ပတ်နိုင်ဖို့ အလုံအလောက် ထောက်ပံ့ခဲ့သည်။ ရောက်သံပုရာစိုက်ခင်းအားလုံး အပြီးသတ်ခဲ့လေပြီ။ စိုင်းကိုယ်တိုင် မသိသော်လည်း အသစ်စိုက်ပျိုးခဲ့သော လိမ္မော်စိုက်ခင်းများက ဖရိုဖရဲနှင့် ငွေလိုနေချိန်တွင် သုစန္ဒီအတွက် အထောက်အပံ့များစွာ ပေးခဲ့ပါ၏။

သူတို့၏ အဖိုးတန် ပစ္စည်းပစ္စယ်များများကို စစ်အစိုးရက ထိန်းချုပ်လိုက်သည့်အတွက် ငွေကြေးအကြပ်အတည်းဖြစ်နေချိန်တွင် စိုက်ပျိုးရေးမှ ရရှိလာသော သစ်သီးဝလံ တန်ချိန်ရာပေါင်းများစွာကြောင့် သူမ အသက်ရှုချောင်ခဲ့ရပါ၏။ ခရီးဆောင်အိတ်များထားရာ ရထားစင်ပေါ်သို့ သူမ တစ်ချက်လှမ်းကြည့်လိုက်သည်။ ငွေအပြည့်ထည့်ထားသော အိတ်အချို့နှင့် လက်ဝတ်လက်စားများ ပါလာသေးရာ ရန်ကုန်တွင်

ကာလတစ်ခုအထိ ငွေကြေးအတွက် ပူပင်စရာမလို။ အိမ်တစ်လုံးလည်း အသင့်ရှိနေသေးသည် မဟုတ်လား။

ရန်ကုန်နေအိမ်မှာ သီပေါဟော်နန်းလောက် ကြီးကျယ်ခမ်းနားမှု မရှိသည့်တိုင် မြန်မာပြည် မြို့ကြီးတစ်မြို့တွင် ဘဝကို လိုက်လျောညီထွေစွာ နေထိုင်နိုင်ဖို့ သူမအနေနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိပါ၏။ သို့ပေမဲ့ သူမအတွက် ပြဿနာကား စိုင်းအတွက် ယခုတိုင် သောကမီးတို့ ရင်မှာ တောက်လောင်နေရခြင်းပင်။

သမီးငယ်နှစ်ယောက်ကား အိပ်မောကျနေကြလေပြီ။ မီးရထားက ပျဉ်းမနား ဘူတာမှ တော်တော်နှင့်မထွက်သေး။ မီးရထားပေါ်မှ ခဏတစ်ဖြုတ် ဆင်းသွားသော သမီးတို့၏ နာနီ ပစော ပြန်ရောက်လာသည့်အခါ မထိတ်သာမလန့်သာ သတင်းတစ်ပုဒ် ပါလာသည်။ ပြီးခဲ့သည့် တစ်ပတ်အတွင်းက ကရင်လက်နက်ကိုင်များက မီးရထားတို့ကို တိုက်ခိုက်ခဲ့ရာ ခရီးသည်များထဲမှ အသေအပျောက် များစွာရှိခဲ့သည်ဆို၏။ နောက်ထပ် တစ်နာရီမျှ ခုတ်မောင်းပြီး တစ်နေရာတွင် ရထားရပ်သွားပြန်ရာ ရှေ့ခပ်လှမ်းလှမ်း တွင် မီးလောင်နေသော ဘူတာရုံကို တွေ့နေရပြီး မီးညွန့်မီးတောက်တို့ဖြင့် ကောင်းကင် မှာ ထိန်ထိန်ညီးနေသည်။ ရထားတစ်စင်းမှာလည်း တိုက်ခိုက်ခံထားရပြန်ရာ ယခု တစ်ကြိမ် သူတို့ရထားကိုများ တိုက်လိုက်ကြလေမလား သုစန္ဒီ တွေးကြောက်ရပြန် သည်။ ရထားတွဲပေါ်မှ မီးရောင်များကလည်း ခြိုခိုတိုက်ခိုက်သူတို့အတွက် ပစ်မလွဲဖြစ် နေသည်။

၂ နာရီမျှ ရပ်နားပြီး တဖြည်းဖြည်း ခုတ်မောင်းလာရာ မီးလောင်နေသော ဘူတာရုံနှင့် ပျက်စီးနေသော မီးရထားတို့ကို ကျော်ဖြတ်လာပြီးသည်နောက် ရထားမှာ အရှိန်မြင့်၍ ခုတ်မောင်းလာရာ သွေးသံရဲရဲ စစ်ပွဲ၏ အနိဋ္ဌာရုံမြင်ကွင်းများ ကျော်လွန် လာပြီးနောက်တွင်မှ အာရုံရောင်နီဦးကို မြင်တွေ့လိုက်ရပါ၏။ နေ့အလင်းတို့ဖြင့် ရထား တစ်တွဲလုံး ချင်းချင်းလင်းလေသော်မှ သုစန္ဒီနှင့် ပစောတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း သက်ပြင်းချနိုင်ကြပါသော်လည်း ကလေးငယ်နှစ်ယောက်နှင့် သူတို့၏ နာနီတာဝမ်းတို့ တုတ်တုတ်မျှမလှုပ် အိပ်မောကျနေရာမှ ပထမဦးဆုံး မီးရထား ခရီးအတွေ့အကြုံသစ်နှင့်အတူ စိတ်လှုပ်ရှားစွာ နိုးထလာခဲ့ကြပါ၏။

*"ပါပါက သမီးတို့ကို ဘာဖြစ်လို့ လာမကြိုတာလဲဟင်"*

ရန်ကုန်ဘူတာကြီးတွင် စောင့်ကြိုနေကြသော လူအုပ်စုကြီးက သုစန္ဒီတို့ မိသားစုကို ကြိုဆိုနှုတ်ဆက်ကြစဉ် ကိန္နရီက သူမထံ အမေးရှိလာပါ၏။ သုစန္ဒီက

ကိုယ်ကိုကိုင်းပြီး သမီးငယ်၏ ပါးပြင်နားကပ်ကာ တိုးတိုးညင်ညင် ဖြေရသည်။

*"ပါပါ ခရီးထွက်သွားပြန်ပြီ၊ ပါပါ ပြန်လာရင် စစ်မယ်တို့ နေမယ့် အိမ်သစ်ကို ရောက်လာမှာပေါ့ သမီး"*

သုစန္ဒီတို့နေရမည့် အိမ်သစ်လေးက အေဒီလမ်းနှင့် ခပ်လှမ်းလှမ်း အင်ယားကန်နှင့်လည်း မနီးမဝေး။ ဤနေရာတစ်ဝိုက်ကား နိုင်ငံခြားသားတို့ အနေအထိုင်များပြီး ထင်ရှားသည့် ဧရိယာ။ ဤ၌ပင် အမေရိကန် သံတမန်များနေအိမ်နှင့် ဗိုလ်ချုပ်နေဝင်း၏ ကိုယ်ပိုင်အိမ်လည်းရှိသည်။ စိုင်း၏တစ်ထပ်တိုက်လေးက ဖိမ်ခံပစ္စည်း အသုံးအဆောင်တို့ ကင်းမဲ့နေသည်ဆိုသော်လည်း သူမအနေနှင့် စိုင်း ပြန်လာသည်အထိ မထင်မရှား သာမန်ဘဝနှင့် နေထိုင်သွားဖို့ရာ လျော်ကန်သော အိမ်ဂေဟာလည်း ဖြစ်သည်။

သုစန္ဒီတို့ ရောက်သည့်နေ့ ညနေမှာပင် သီပေါမှ အိမ်ထောင်ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ကားများနှင့် ရှမ်းဝန်ထမ်းအချို့ လိုက်ပါလာသော မော်တော်ကားငယ်များလည်း ဆိုက်ရောက်လာရာ ဦးလှတင်က ပစ္စည်းပစ္စယာအားလုံးကို နေရာတကျဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ ဦးတင်လှကား စိုင်း၏ အနီးကပ် လူယုံတစ်ဦးဖြစ်ပြီး အာဏာသိမ်းသည့်နေ့က ရန်ကုန်တွင် သောင်တင်နေသူလည်းဖြစ်ရာ ယခု သုစန္ဒီတို့သားအမိတစ်တွေကို အားတက်သရော လုပ်ကိုင်ပေးနေသည့်အတွက် ကျေးဇူးနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသလို နောက်များမှာလည်း သူမအတွက် အားထားရလိမ့်မည်ဟု မျှော်လင့်မိပါ၏။

စစ်အာဏာသိမ်းပြီးသည်မှ တစ်နှစ်နီးပါးမျှ နေအိမ်အကျယ်ချုပ်ဘဝနှင့် ဖြတ်သန်းလာခဲ့ရာ ယခု ပတ်ဝန်းကျင်သစ်တွင် မထင်မရှား နေနေရသည်ဆိုသော်လည်း ဤသည်ပင် လွတ်မြောက်ခြင်း၏ လမ်းစဖြစ်သလို သူမစိတ်ကိုလည်း ပြောင်းလဲခဲ့ပါ၏။ သို့ပေမဲ့ နောက်တစ်နေ့ နံနက်ခင်းမှာပင် ယစောက အိပ်ခန်းတံခါးကို လာခေါက်ပြီး ဂျစ်ကားနှင့် ညှိသည်နှစ်ယောက် ရောက်နေကြောင်း လာပြောရာ သူမ ထွက်လာသည်တွင် ပေါ်တီကိုအောက်တွင် အရပ်ဝတ်နှင့် လူငယ်နှစ်ယောက်ကို တွေ့လိုက်ရသည်။

*"ဘာကိစ္စရှိလို့ပါလဲ"*

အမေးနှင့်အတူ သံသယအကြည့်နှင့် သူမ ကြည့်လိုက်သည်။

*"ကျနော်တို့ကို စစ်ဝန်ကြီးဌာနက လွှတ်လိုက်တာပါ၊ ရန်ကုန်ကို မဟာဒေဝီ လာလည်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးစရာရှိပါတယ်"*

*"ဟုတ်ပြီလေ၊ ရှင်တို့ရဲ့အထောက်အထားတွေကို ဦးဆုံးပြပါ၊ ဒုတိယ ပြောချင်*

*တာက ကျမ ဒီကို လာလည်တာမဟုတ်ဘူး၊ ရန်ကုန်မှာ နေဖို့ရောက်လာတာ"*

သုစန္ဒီက ခပ်တင်းတင်းပြောလိုက်ရာ . . . .

*"ဒီကိစ္စက ကျနော်တို့ ကန့်သတ်ထားတဲ့ စည်းကမ်းတွေကိုလိုက်နာမှ ဖြစ်နိုင်ပါမယ်"*

ဟု ပြောရင်း သူ့အိတ်ကပ်ထဲမှ မှတ်ပုံတင်ထုတ်ပေးသည်။ မှတ်ပုံတင်ကို သုစန္ဒီ သေသေချာချာ ကြည့်သည်။ အမည်က ဗိုလ်ဖေဝင်း၊ စစ်ထောက်လှမ်းရေးအရာရှိ။ သို့ဖြစ်၍ သူတို့ကို အိမ်ထဲခေါ်၍ ညှော်ခံစရာအကြောင်းမရှိ။ မှတ်ပုံတင်ကဒ်ကို ပြန်ပေးလိုက်ပြီး သုစန္ဒီ လက်ပိုက်၍ ရင်ကို ချီလိုက်သည်။

*"ရှင်တို့ ဘာပြောမလဲ ပြောပါ၊ ကျမ နားထောင်နေတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ကျမ အလုပ်ရှုပ်နေတယ်ဆိုတာကိုတော့ နားလည်စေချင်ပါတယ်"*

သူမ၏ အေးစက်၍ တင်းမာသော ကြုံဆိုမှုကို ဗိုလ်ဖေဝင်းဆိုသူက ဘဝင်ကျဟန်မတူ။ ထိုနည်းလည်းကောင်းပင် သူကလည်း တုံ့ပြန်သည်။

*"ခင်ဗျား ရန်ကုန်မှာနေရင် ခံဝန်ကတိနဲ့ နေရမယ်၊ မလိုက်နာရင် သီပေါကို ပြန်ပို့မယ်"*

*"ရှင်တို့ စည်းကမ်းတွေဆိုတာ ပြောပါဦး"*

*"နိုင်ငံခြားသားတွေနဲ့ မဆက်ဆံရဘူး၊ လူစုလူဝေးကိစ္စတွေမှာ မပါဝင်ရဘူး၊ အရေးအကြီးဆုံးက အေးအေးဆေးဆေးနေပါ၊ ခင်ဗျားကို ကျနော်တို့ အနီးကပ် စောင့်ကြည့်နေတယ်"*

ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ဂျစ်ကားပေါ် တက်သွားသည်။ အာရုံနောက်စရာအဖြစ် ဦးခေါင်းကိုခါရမ်းရင်း အိမ်အတွင်းသို့ သုစန္ဒီ ပြန်ဝင်လာခဲ့သည်။ ယခုလောက် မြန်မြန် သူတို့တွေ ရောက်လာလိမ့်မည်ဟု မထင်ခဲ့။ သို့ပေမဲ့ စစ်ဗိုလ်ပြောသွားသည့်အထဲတွင် နေရာ၊ ဒေသကန့်သတ်မှုမပါ၊ စာနှင့် တယ်လီဖုန်း အဆက်အသွယ်မပါ။ သို့ဖြစ်လျှင် ယခု ခြိမ်းခြောက်မှုမှာ သမရိုးကျသာဖြစ်ပြီး လေးလေးနက်နက် မရှိဟု ယူဆရသည်။

သုစန္ဒီတို့ အိမ်ဂေဟာတွင် ရှမ်းလူမျိုးအလုပ်သမား ၅ ယောက်နှင့် အိန္ဒိယလူမျိုး မာလီတစ်ယောက်ရှိရာ ခမ်းနားကြီးကျယ်သော သီပေါဟော်နန်းကြီးနှင့် နေရသည်ထက် ယခု တစ်ဖက်ပိတ် လမ်းကျဉ်းကလေးထဲမှ တစ်ထပ်တိုက်ငယ်လေးတွင် နေရသည်က ပို၍ လုံခြုံစိတ်ချရသလို သူမ ခံစားမိသည်။ ပက်ဝန်းကျင် အိမ်များမှ

လည်း သုစန္ဒီတို့နှင့် ထူးထူးခြားခြား ကွာလှသည်မဟုတ်။ ကိုယ်ပိုင်မော်တော်ကားနှင့် တိုက်တာဝင်းခြံနှင့် နေထိုင်ကြသည်ဖြစ်၍ သုစန္ဒီတို့ မိသားစုအနေနှင့် ထူးထူးခြားခြား ထင်ပေါ်နေသည်မဟုတ်။ သို့ပေမဲ့ ဈေးပြင်ကနား သွားသည့်အခါများတွင်တော့ အနောက်တိုင်းသူ ကိုယ်နေကိုယ်ဟန်နှင့် မြန်မာထမိနှင့် မြန်မာအင်္ကျီကို ဝတ်လျက် တစ်ပတ်လျှိုဆံထုံးနှင့် သူမကို သီပေါမှ မဟာဒေဝီအဖြစ် မမှတ်မိကြသော်လည်း လူအများကြားတွင် တစ်မူထူးခြားနေသော အမျိုးသမီးတစ်ယောက်အနေနှင့် ခေါင်းတမော့မော့၊ လည်တပြန်ပြန် အကြည့်ခံရပါ၏။ ဤ၌ သူမကို စောင့်ကြည့်နေသူတွေ ကလည်းတမျောင့်။ အိမ်မှ ကားနှင့်ထွက်လာတိုင် လမ်းထိပ်တွင် ဂျစ်ကားတစ်စီး ရပ်ထားသည်ကို အမြဲတွေ့နေရာ သုစန္ဒီ၏ ကားဒရိုင်ဘာ ဦးတင်လှသည်ပင် မျက်မှန်း တန်းနေပြီဖြစ်သည်။ အိမ်ဂေဟာသစ်မှာ ပရိဘောဂများ ကောင်းကောင်း အထိုင်မချရ သေးခင်မှာပင် ဧည့်သည်များကလည်း လာရောက်မစဲ တဖွဲဖွဲ ရှမ်းလူမျိုး ဆွေမျိုးသားချင်း များ ကျောင်းသားကျောင်းသူများနှင့် ဗမာအသိမိတ်ဆွေများဖြစ်ရာ ယခုလို အချိန် အခါမျိုးတွင် သူမထံ မကြောက်မရွံ့နှင့် လာတွေ့ကြသည်ဖြစ်၍ သူမအနေနှင့် အားတက် သရော ရှိပါ၏။

ထိုအခါမျိုးတွင်မှ ခြံဝင်းရှေ့တွင် လူငယ်တစ်ယောက် ကျကျနနထိုင်ပြီး သုစန္ဒီထံ ဘယ်သူလာသည်၊ ဘယ်လောက်ကြာအောင် စကားပြောသွားသည် စသဖြင့် တိုလီမိုလီတို့ကို စာရွက်တစ်ရွက်တွင် ရေးမှတ်နေတတ်သလို တစ်ခါတရံလည်း သူရေး မှတ်ထားသောအမည်၏ အသံထွက်နှင့် စာလုံးပေါင်းမှာ မှန်ကန်ခြင်းရှိမရှိကိုမူ အိမ်ထဲမှ အလုပ်သမားတစ်ယောက်ထံ လာမေးသည်နှင့်လည်း ကြုံရတတ်ပါ၏။

တစ်နေ့သည်နေ ဧည့်သည်များအတွက် သံပုရာဖျော်ရည်ဖျော်ရင်း အလုပ်ရှုပ် နေသော စားဖိုမှူးကြီးမာတာက အိမ်ရှေ့တွင် နိုင်ငံခြားသားနှစ်ယောက် ရောက်နေကြောင်း လာပြောရာ သူမ ရန်ကုန်ရောက်သည်မှာ ယခုမှ သုံးရက်ရှိသေး၍ ဘယ်က နိုင်ငံခြား သားများပါလိမ့်ဟု တွေးရင်း အိမ်ရှေ့ထွက်လာသည်တွင် တက္ကစီပေါ်မှဆင်း၍ အိမ်ရှေ့ တံခါးဝတွင် ရပ်နေသော နိ(လ်)တို့ လင်မယားနှစ်ယောက်ကို တွေ့လိုက်ရသည်။ နိ(လ်)ကား ကရာချီမှတစ်ဆင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျားသံအမတ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသူဖြစ်ပြီး ယခင်က သုစန္ဒီနှင့် စာအဆက်အသွယ် ရှိခဲ့ဖူးသည်။

*"ကျမကို ဘယ်လို ရှာလာကြတာလဲဟင်"*

ဝမ်းသာအယ်လဲနှင့် စိတ်လှုပ်ရှားနေသော သုစန္ဒီက ညှော်ခန်းတွင် နေရာပေးရင်း ခရီးကြိုပြုသည်။

*"ကျနော်တို့မှာလည်း သတင်းရပ်ကွက်တွေ ရှိပါတယ်၊ အခု လေယာဉ်ကွင်းက တိုက်ရိုက်လာတာပါ"*

*"ရှင်တို့ရောက်လာတာ ကျမတော့ တကယ် မယုံနိုင်စရာပါပဲ"*

*"ကျနော်တို့ ရန်ကုန်လာရခြင်းအကြောင်းရင်းက ခင်ဗျားကြောင့်ပါပဲ၊ ကျနော်တို့အားလုံး ခင်ဗျားအတွက် စိတ်ပူနေကြပါတယ်"*

*"တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ကျမမှာ မေးစရာတွေလဲ အများကြီး ရှိနေပါတယ်"*

*"ကျနော့်မှာလည်း ရှိပါတယ်"* ဟု သံအမတ်က ပြောသည်။

ဂျာမန်ဘာသာဖြင့် သူတို့ ပြောကြသည်။ သံအမတ်က သီချင်တာတွေကို မေးပြီး သူမက မတ်လ ၂ ရက်နေ့မှစပြီး ယနေ့တိုင် ဖြစ်ကြောင်းရယ်ကုန်စင်ကို စေ့စေ့စပ်စပ် ဖာတ်စုံခင်းပြီးနောက်တွင်မှ ယခုလို ဗရုတ်ဗရက် ခေတ်ဆိုးခေတ်ပျက်ကြီးထဲတွင် မသေကောင်း မပျောက်ကောင်း သူမတို့သားအမိတစ်တွေ ကျန်ရစ်ခဲ့သည်ကိုပင် သံအမတ်ကြီးတို့ ဇနီးမောင်နှံ ရင်တလှပ်လှပ် အသည်းတအေးအေးနှင့် နားထောင်ပြီး သက်မချပြီးနောက် သံအမတ်ကြီးပြောလိုက်သော စကားကြောင့် သုစန္ဒီ တုန်လှုပ်သွားသည်။

*"ခင်ဗျားတို့ မိသားစုတွေ ဩစတြေးလျားကို အမြန်ဆုံးပြန်ပါလို့ ကျနော် တိုက်တွန်းချင်တယ်"*

*"ရှင်၊ ဘာကြောင့်လဲ မစ္စတာခို(လ်) ကျမယောက်ျား လွတ်မြောက်ဖို့အတွက် ကျမ ကြိုးစားရဦးမယ်လေ"*

သံအမတ်ကြီး ဇနီးမောင်နှံတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီး စကားဆက်သည်။

*"ခင်ဗျားယောက်ျားဟာ စစ်အစိုးရလက်ထဲမှာ မရှိတော့ဘူး မဟာဒေဝီ"*

ထောင်ခနဲ ဒေါသတစ်ချက်ကြောင့် သူမ မျက်လုံးတွေ ဝင်းလက်သွားသည်။

*"သိပ် ရယ်စရာကောင်းတယ်၊ သံအမတ်ကြီးက စစ်အစိုးရရဲ့ ဖြီးလုံး ညာလုံးတွေကို ယုံနေတာလား။ ကျမယောက်ျားကို တောင်ကြီးမှာ ဖမ်းသွားတယ် ဆိုတဲ့ အကြောင်း ကျမမှာ ခိုင်လုံတဲ့ အထောက်အထားတွေရှိတယ်"*

တစ်အောင့် စကားသံများ စဲသွားပြီးနောက် စကားလုံးတို့ကို ချိန်ချိန်ဆဆ စမ်းဝါးနေဟန်ဖြင့် . . .

*"ဘယ်လိုတွေ ဖြစ်ခဲ့တယ်တော့ ကျနော်တို့ မသိပါဘူး။ ဒါပေမဲ့ မဟာဒေဝီရဲ့ ယောက်ျားကတော့ သူတို့ ဆက်လက်ထိန်းသိမ်းထားတယ်ဆိုတာ မဖြစ်နိုင်ပါဘူး"*

သံအမတ်ကြီး၏ မှတ်ချက်ကို သုစန္ဒီ လုံးဝ လက်မခံနိုင်။ ယနေ့တိုင် စစ်အာဏာရှင်တို့လက်တွင် စိုင်း အသက်ရှင်လျက် အချုပ်အနှောင်ခံနေရသည်ကို အခြားအထောက်အထားတွေနှင့် သက်သေပြဖို့ ကြိုးစားနေပြန်ရာ သံအမတ်ကြီးက စိတ်ရှည်လက်ရှည် နားထောင်ပြီးနောက် ယခုအချိန်တွင် သုစန္ဒီတို့သားအမိတွေအတွက် သူတို့နှင့်အတူလိုက်၍ နေထိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ သို့မဟုတ်လျှင် သုစန္ဒီထံ သူတို့ နောက်တစ်ကြိမ် လာဦးမည်ဖြစ်ကြောင်း ကတိပြုရင်း စထရင်းဟိုတယ်သို့ ပြန်သွားကြပါ၏။

ညှိသည်များ ပြန်သွားပြီး မကြာမီပင် ခြံဝင်းရှေ့တွင် ယောင်ပေပေ စောင့်နေသောလူက တံခါးလာခေါက်ပြီး သဟောက်သဟာမ်းနှင့် မေးပါတော့သည်။

*"စောစောက လာတဲ့ နိုင်ငံခြားသားတွေက ဘယ်သူတွေလဲ"*

*"ဘုရားရေ... အဲဒါ ဩစတြေးလျားသံရုံးက သံအမတ်ကြီးပဲ့၊ ပေါင်နိုင်ငံမှာ အချုပ်ခံထားရတဲ့ သူတို့နိုင်ငံသားတွေကို လာကြည့်တာပေါ့"*

အော်ပြောပြီး တံခါးမကြီးကို သုစန္ဒီ ဆောင့်ပိတ်လိုက်သည်။

ထိုတစ်ည အိပ်ရာပေါ်တွင် ဟိုသည်လူးလွန့်လျက် စဉ်းစားဝေဖန်ရင်း သုစန္ဒီ မိုးစင်စင်လင်းခဲ့ရသည်။ သံအမတ်ကြီးက ဘာကြောင့် ယခုလို ပြောနိုင်တာလဲ။ စိုင်းကို အင်းစိန်အကျဉ်းထောင်တွင် အခြား ရှမ်းစော်ဘွားများနှင့် သီးခြားခွဲ၍ တစ်ယောက်တည်းချုပ်ထားသည်ဆိုသော သတင်း၊ မင်္ဂလာဒုံ စစ်တပ်တစ်နေရာတွင် ချုပ်ထားသည်ဆိုသော သတင်း၊ တလောကမှ သူမ စေလွှတ်ထားသော သတင်းပေးနှစ်ယောက်ဆီမှ သတင်းများအရ တစ်နေရာရာတွင် စိုင်း အသက်ရှင်နေသေးသည်ဟုဆိုရမည်။ သတင်းများက ခိုင်လုံမှုမရှိဆိုသော်လည်း ဤသတင်းမျိုးကိုပင် မျှော်လင့်ချက်တစ်ခုအနေနှင့် သွေးရှူးသွေးတမ်းနှင့် သူမ ဖက်တွယ်ထားချင်ပါ၏။ မနက်ဖြန် ဗိုလ်နေဝင်းနှင့် ကိုယ်တိုင်တွေ့ပြီး ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးခေါင်းဆောင်တို့၏ ဇနီးမယားများ ရရှိနေပြီဖြစ်ပါသော အခွင့်အရေးတို့ကို တောင်းဆိုဖို့ ကြိုးစားရပေဦးမည်။ ယခု ထိန်းသိမ်းထားသော နိုင်ငံရေးခေါင်းဆောင်တို့နှင့် သူတို့မိသားစုဝင်များ အဆက်အသွယ် လုပ်နိုင်ပြီဖြစ်

သည်။ ခိုင်လုံသော သတင်းရပ်ကွက်များ၏အဆိုအရလည်း သီပေါစော်ဘွားနှင့် မဟာဒေဝီတို့၏ကိစ္စကို ဗိုလ်နေဝင်းကိုယ်တိုင် ကိုင်တွယ်မည်ဖြစ်ကြောင်း ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီးမောင်လွင်ကို ညွှန်ကြားထားသည်ဟု ဆိုသည်။

သုစန္ဒီ အပြင်ထွက်တော့မည့်ဆဲဆဲ ဦးခန့်နှင့် ဗိုလ်စကြာတို့ ဂျစ်ကားတစ်စီးဖြင့် ဖြုန်းစားကြီးရောက်လာရာ မတွေ့ရတာကြာပြီဖြစ်သော မိတ်ဆွေတို့ လာသည်ဖြစ်၍ သူမ ဝမ်းသာသွားသည်။ ဦးခန့်မှာ ကုလသမဂ္ဂမှ အထွေထွေ အတွင်းရေးမှူး ဦးသန့်၏ အစ်ကိုဖြစ်ပြီး ရဲဘော်သုံးကျိပ်ဝင်ဖြစ်သော ဗိုလ်စကြာမှာ တပ်မှအနားယူပြီး ယခုအခါ အောင်မြင်သော စီးပွားရေးသမားတစ်ဦး ဖြစ်နေလေပြီ။ ဗိုလ်စကြာနှင့်ဇနီး ရုပ်ရှင်မင်းသမီး ဝင်းဝင်းသန်းမှာ လွန်ခဲ့သော နှစ်အတော်ကြာကတည်းက သီပေါဟော်နန်းသို့ လာရောက်လည်ပတ်ခဲ့ကြရာ စိုင်းနှင့်အတူ ညှိခံဖူးသော မိတ်ဟောင်း ဆွေဟောင်းများလည်းဖြစ်သည်။ ဗိုလ်စကြာက ခရီးရောက်မဆိုက်ပင် လက်ဆဲမှ ကိုင်ထားသော ပန်းစည်းကို သူမထံ ကမ်းလိုက်ရာ ဤအပြုအမူမှာ ဗမာတို့၏ အလေ့အထ မဟုတ်သည့်အတွက် သုစန္ဒီ အံ့အားသင့်သွားသည်။

*"ကျေးဇူးတင်ပါတယ် ဦးခန့်တို့ ဗိုလ်စကြာတို့နဲ့လည်း အချိန်ပေးပြီး စကားပြောချင်ပါတယ်"*

*"ဘာလဲ မဟာဒေဝီက အပြင်သွားစရာရှိလို့လား"*

တုန့်တုန့်ဆိုင်းဆိုင်း ဖြစ်နေသော သုစန္ဒီကိုကြည့်ရင်း ဦးခန့်က မေးသည်။

*"ဟုတ်ပါတယ်၊ ဗိုလ်နေဝင်းဆီ သွားမလို့ပါ"*

*"ဘာကိစ္စလဲဗျ"*

ဗိုလ်စကြာ၏လေသံကို ကြားရရုံဖြင့် သုစန္ဒီ သွားမည်ကို လုံးဝ မလိုလားကြောင်း ပေါ်လွင်နေသည်။

*"ကျမ ယောကျ်ားရဲ့ ကံကြမ္မာက သူ့လက်ထဲမှာရှိတယ်၊ ဒါကြောင့် သွားတွေ့မှာပါ"*

*"ခဏနေပါဦး မဟာဒေဝီ၊ မသွားခင် ကျနော်ပြောတာ နားထောင်ပါဦး"*

တည်ငြိမ်လေးနက်စွာ ပြောနေသော ဗိုလ်စကြာ၏ စကားကြောင့် သုစန္ဒီ နားထောင်ဖို့ ဆုံးဖြတ်လိုက်ပြီး ဆက်တီထိုင်ခုံများတွင် နေရာ ကိုယ်စီယူကြပြီးနောက် ဗိုလ်စကြာက စကားဆက်သည်။

*"နေဝင်းအကြောင်းကို ကျုပ်ကောင်းကောင်းသိတယ် မဟာဒေဝီ၊ သူနဲ့*

*ထိပ်တိုက်မတွေ့ပါနဲ့၊ ကျုပ်ပြောတာ ယုံပါ"*

သေသေချာချာ စဉ်းစားပါဆိုသည့်သဘောဖြင့် ဗိုလ်စကြာက စကားကို ခဏရပ်လိုက်သည်။

*"ဒီလူရဲ့စိတ်က ပြောရခက်တယ်၊ မဟာဒေဝီ တောင်းဆိုမဲ့ကိစ္စတွေကို သူ့ဘက်က ကြည်ကြည်ဖြူဖြူ ပေးမယ် မထင်ဘူး။ ဒီလူက ဒေါသဖြစ်လာရင် မဆင်မခြင် လုပ်တတ်တယ်"*

*"သူက ကျမကို ဘာလုပ်နိုင်မှာလဲ"*ဟု သူမက စိန်ခေါ်သံနှင့် မေးလိုက်သည်။

*"ဆိုးဆိုးဝါးဝါးတွေ အများကြီး ဖြစ်နိုင်တယ် မဟာဒေဝီ"*

*"ကျမ သူ့ကို မကြောက်ဘူး။ ဘယ်သူ့ကိုမှလဲ မကြောက်တတ်ဘူး"*

ရှုံ့ရှာမုန်းတီးစွာနှင့် သူမ ပြောလိုက်သည်။

*"အကယ်၍ မဟာဒေဝီကို မြန်မာပြည်က နယ်နှင်လိုက်ရင် ကလေးတွေကို ဘယ်သူ စောင့်ရှောက်မလဲ"*

သုစန္ဒီ၏အဖြေကို မစောင့်တော့ဘဲ ဗိုလ်စကြာက ဆက်ပြောသည်။

*"မဟာဒေဝီတစ်ခုခုဖြစ်ရင် ကလေးတွေ ဘယ်လိုလုပ်မလဲ။ ကျနော်ပြောတာတွေ အားလုံးဟာ လွယ်လွယ်ကူကူ ဖြစ်သွားနိုင်တယ် မဟာဒေဝီ"*

ဗိုလ်နေဝင်းစိတ်ကို အတွင်းသိ၊ အဆင်းသိ သိထားပါသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာ၏စကားတို့ကို ကြားရသည့်အခါ သုစန္ဒီ စဉ်းစားရပြန်ပါ၏။ ၁၉၆၂ ဇူလိုင် ၈ ရက်နေ့က ရန်ကုန်တက္ကသိုလ် ကျောင်းသားတို့ကို အစုလိုက် အပြုံလိုက် သတ်ခဲ့သော လူသတ်ပွဲကြီးကို သုစန္ဒီ ခေါင်းထဲ ဖျတ်ခနဲပေါ်လာသည်။ တက္ကသိုလ် ကျောင်းသူကျောင်းသားတို့က စစ်အာဏာသိမ်းသည်ကို မကျေနပ်သဖြင့် ဆန္ဒပြကြသည်ကို စစ်တပ်ဖွဲ့ဝင်တို့ကို မဆင်မခြင် စေလွှတ်၍ သေနတ်နှင့် ဖြေရှင်းခိုင်းရာမှ ကျောင်းသူကျောင်းသား ရာပေါင်းများစွာ ဒဏ်ရာရသူရ သေဆုံးသူ သေဆုံးခဲ့ရသည်။ ဤသည်ကိုပင် မကျေနပ်သေးဘဲ ဒဏ်ရာရသူ သေဆုံးသူ ကျောင်းသူကျောင်းသားတို့ကို သမဂ္ဂအဆောက်အဦထဲ အတင်းအကျပ် ဝင်ခိုင်းပြီး အဆောက်အဦတစ်ခုလုံးကို ဒိုင်းနမိုင်းနှင့် ဖောက်ခွဲဖျက်ဆီးခိုင်းသည်အထိ မိုက်တွင်းနက်သူ ဖြစ်ပါ၏။

ခေါင်းကို သာသာရမ်းလိုက်ရင်း ဗိုလ်စကြာကို သုစန္ဒီ တစ်ချက်ကြည့်သည်။

*"ပြောပါဦး ဗိုလ်စကြာ၊ ကျမ နားထောင်နေပါတယ်"*

*"ကောင်းပြီ မဟာဒေဝီ"*

ဗိုလ်စကြာက တက်ကြွစွာ ဆက်ပြောသည်။

*"ကလေးနှစ်ယောက်နဲ့ ကိုယ့်အတွက်ပဲ စဉ်းစားပါ မဟာဒေဝီ၊ ပြီးတော့"*

*"အို... စိုင်းအတွက် ဦးစားပေး စဉ်းစားရမှာပေါ့၊ သူ့ဒုက္ခက ကျမတို့ထက်ပိုပြီး ကြီးပါတယ်"*

သုစန္ဒီက စိုးရိမ်ကြီးစွာနှင့် ဖြတ်ပြောလိုက်ရာ ဗိုလ်စကြာ၏မျက်နှာမှာ လုံးဝ တည်ငြိမ်သွားပြီး တစ်ခုခုကို အလေးအနက် စဉ်းစားနေဟန်တူသည်။ ပြီးမှ ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းလိုက်ပြီး သုစန္ဒီကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

*"မဟာဒေဝီဟာ ရဲရင့်တဲ့ မိန်းမတစ်ယောက်ဆိုတာ ကျနော်တို့ သိပါတယ်၊ ဒါကြောင့် စော်ဘွားလေးနဲ့ ပတ်သက်ပြီး ကျနော် သိထားတာကို လာပြောတာပါ"*

ဒိတ်ခနဲ ထိတ်လန့်မှုနှင့်အတူ သုစန္ဒီ မျက်နှာတစ်ချက် ပျက်သွားသည်။ ဘာများပါလိမ့်၊ သူမ နားမထောင်ရဲ။ သို့ပေမဲ့ တိတ်ဆိတ်စွာ နားစွင့်နေမိသည်။

*"စိတ်မကောင်းပါဘူး မဟာဒေဝီ၊ စော်ဘွားလေး စဝ်ကြာဆိုင်ဟာ အသက်ရှင်လျက် မရှိတော့ပါဘူး။ သူ့ကိုဖမ်းပြီး တစ်လမပြည့်မီမှာပဲ ဗထူးမြို့တစ်နေရာမှာ သတ်ပစ်လိုက်ကြတယ်"*

ဤတွင် ဗိုလ်စကြာ တစ်ဖြတ်နားပြီး သုစန္ဒီ၏အခြေအနေကို အကဲခတ်နေလိုက်သည်။ မျက်လုံးလေးအဝိုင်းသားနှင့် ဗိုလ်စကြာကို ကြောင်ကြောင်ကြည့်နေသည်မှာ အသက်ရှူဖို့ပင် သူမ မေ့နေဟန်တူသည်။ ဦးခန့်လည်း ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်နေရာမှ ဗိုလ်စကြာအသံကြားမှ မော့ကြည့်လိုက်ကြသည်။

*"မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ သူ အသက်ရှင်နေသေးတာ ကျမသိတယ်၊ မကြာခင်ကပဲ ရန်ကုန်မှာ တွေ့ခဲ့တယ်လို့ ပြောတယ်"*

*"ဘယ်သူတွေ ဘာပဲပြောပြော၊ အဲဒါတွေဟာ အလိမ်အညာတွေပဲ မဟာဒေဝီ၊ တပ်ထဲမှာ ကျုပ်ကို သစ္စာရှိတဲ့လူတွေ အများကြီး ရှိပါသေးတယ်၊ အခု ပြောတဲ့ သတင်းကလည်း တပ်ထဲက ရခဲ့တာပဲ။ ကျုပ်ကို ယုံစမ်းပါ မဟာဒေဝီ၊ ဒီသတင်းက လုံးဝ မမှန်ဘူးဆိုရင် မဟာဒေဝီကို ကျုပ် ဘယ်ပြောပါ့မလဲ"*

ဦးခန့်ဘက်သို့ သုစန္ဒီ လှည့်ပြီး မေးပြန်ပါသည်။

*"ကျမ ယောကျ်ား အသက်ရှင်သေးတယ်လို့ထင်လား ဦးခန့်"*

*"ဝမ်းနည်းပါတယ် မဟာဒေဝီ၊ ကျုပ် မထင်ဘူး"*

သုစန္ဒီ တစ်ကိုယ်လုံးတောင့်သွားပြီး အချိန်အတော်ကြာ စကားမပြော။

ပြီးမှ အသေးအမွှားကိစ္စတစ်ခုခု အကြောင်းပြောခဲ့ကြသလို တစ်ချက်ပြုံးလိုက်ရင်း ပြတင်းပေါက်မှတစ်ဆင့် ခြံစည်းရိုးနားတွင် ပွင့်နေသော ကတ္တီပါဖြူ ဇီဇဝါပန်းလေးတို့ကို ငေးကြည့်နေသည်။

*"ကျုပ်တို့ကို ခွင့်ပြုပါဦး မဟာဒေဝီ"*

ညှိခန်းတွင်းမှ သူတို့နှစ်ဦး ဖြည်းညင်းစွာ ထွက်ခွာသွားပြီးနောက်တွင်မူ သုစန္ဒီကား တစ်နေရာသို့ ငေးလျက်ထိုင်နေဆဲ။

## အခန်း (၁၇)

ဗိုလ်စကြာနှင့် စကားပြောပြီးနောက် ဗိုလ်နေဝင်းနှင့်တွေ့မည့် အစီအစဉ်ကို ဖျက်လိုက်ပြီး ထိန်းသိမ်းထားသော နိုင်ငံရေးခေါင်းဆောင်တို့၏ မိသားစုများ ရရှိနေပြီး ဖြစ်သော အခွင့်အရေးများကို တန်းတူပေးပါရန် ပန်ကြားထားသော စာတစ်စောင် ရေးသားပြီး လက်ရေးနှင့်ပင် နောက်ထပ် ခြောက်စောင် ကော်ပီကူးကာ ဗိုလ်နေဝင်းထံ ရတတ်သမျှ လမ်းကြောင်းများမှ ပေးပို့လိုက်ပြီး တယ်လီဖုန်းနှင့်တစ်နည်း၊ စာနှင့်တစ်တန် ဆက်သားနှင့်တစ်ဖုံ ပြန်လာမည့်အဖြေကို စောင့်မျှော်နေခဲ့ပါသော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့ရပါ၏။

သို့ပေမဲ့ ရန်ကုန်ကား သီပေါနှင့်မတူ။ သူလိုလိုကိုယ်လိုလိုဘဝနှင့် အချိန် ယန္တရားကြီးက လျင်မြန်စွာ လှည့်ပတ်နေရာ နွေ၊ လ၊ နှစ်တို့ ကုန်လွယ်ပျောက်လွယ်။ ညှို့ဖြင့် သူမတွင်လည်း အိမ်နီးချင်း အပေါင်းအသင်း မိတ်ဆွေတွေ ရလာရာ အများစုမှာ နိုင်ငံခြားသားများဖြစ်ပြီး အထူးသဖြင့် အယ်ဆီဘတ်နှင့် ရင်းနှီးမှုရှိလာသည်။ အယ်ဆီ ဘတ်နှင့် သူ့ခင်ပွန်းမှာ ဒိန်းမတ်နိုင်ငံသားများဖြစ်ပြီး ကုလသမဂ္ဂမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ *(WHO)*၏ တာဝန်ဖြင့် မြန်မာပြည် ရောက်လာကြသူတွေဖြစ်သည်။ အယ်ဆီဘတ်နှင့် သုစန္ဒီတို့ တစ်အိမ်နှင့်တစ်အိမ် ကူးချည်သန်းချည် ဝင်ထွက်သွား လာနေပါသော်လည်း ဤကိစ္စကိုတော့ ဝင်းခြံဝတွင် ကျောက်ချစောင့်နေပါသော ကိုရွှေထောက်လှမ်းရေးက စိတ်မဝင်စား။ သူ့ကို ခိုင်းစေထားသော အမိကအလုပ်မှာ မော်တော်ကားများနှင့်ရောက် လာသူ ဧည့်သည်တို့ကို ဘယ်သူဘယ်ဝါ စာရင်းလုပ်ဖို့ မဟုတ်ပါလား။

အယ်ဆီဘတ်ကား သုစန္ဒီအတွက် မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သည်။ သူမကို အမြဲ အားပေးတတ်သလို သုစန္ဒီအနေနှင့် မေ့မေ့ပျောက်ပျောက် ဖြစ်နေသော

အနောက်တိုင်း၏ ပေါ့ပါးလွတ်လပ်သော ပေါင်းသင်းဆက်ဆံမှုကို ပြန်ခံစားနိုင်သည်။ အယ်ဆီဘတ်မှတစ်ဆင့် အခြား နိုင်ငံခြားသားများနှင့်မိတ်ဆက်ပေးရာ သုစန္ဒီအတွက် ဥရောပမိတ်ဆွေများ တိုးပွားလာပြီး အားလုံးကပင် ဩစတြေးလျားပြန်ဖို့ သူမကို တိုက်တွန်းကြသည်။

သုစန္ဒီအိမ်မှ တယ်လီဖုန်း အဝင်အထွက်တိုင်းကို ကြားမှဖြတ်၍ ဂရုတစိုက် ထောက်လှမ်းနေရာ တစ်ဖက်နှင့်တစ်ဖက် မြန်မာဘာသာ (သို့) အင်္ဂလိပ်ဘာသာဖြင့် ပြောနေသည်ဆိုလျှင် ပြဿနာမရှိ။ အကယ်၍ ရှမ်း (သို့) ဂျာမန်ဘာသာဖြင့်ပြောသည့် အခါတွင်ကား . . .

*"ငါတို့ နားလည်တဲ့စကားနဲ့ ပြောပါ"*

ဆိုသော ရိုင်းပြသည့် အသံကြီးတစ်သံ ကြားရတတ်ပါ၏။

မိတ်ဆွေ အပေါင်းအသင်း ကျယ်ပြန့်လာသည်နှင့်အမျှ ကြားရ မြင်ရ ဘဝ ဇာတ်လမ်းတို့ကလည်း အစုံစုံ။ ထိန်းသိမ်းခံနေရသော လင်ယောကျ်ားများနှင့် နီးနီး ကပ်ကပ် ဆက်သွယ်စေနိုင်ဖို့ ရန်ကုန်တွင် လာရောက်နေထိုင်နေကြရပါသော ရှမ်းအမျိုး သမီးတို့နှင့်လည်း သုစန္ဒီ ရင်းနှီးလာသလို သူတို့အထဲတွင် ဗမာခေါင်းဆောင်တို့၏ အမျိုးသမီးများလည်းပါသည်။ သူမအဖြစ်နှင့် ထပ်တူမဟုတ်သော်လည်း တစ်စိတ် တစ်ပိုင်းတူသည့် အမျိုးသမီးတစ်ဦးမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး လည်းဖြစ်၊ ရှမ်းပြည်နယ်၏ အကြီးအကဲဖြစ်သူ မိုးမိတ်စော်ဘွား စပ်ခွန်ချို၏ ဇနီး မေဘယ်ဖြစ်သည်။ မေဘယ်သည်လည်း သူမလို အနောက်တိုင်းသူတစ်ယောက်ဖြစ် သည်။ သို့ပေမဲ့ မေဘယ်က ဗြိတိသျှသူ။

စစ်အာဏာမသိမ်းမီ အနည်းငယ်အထိ မေဘယ်နှင့် ကလေးများမှာ အင်္ဂလန် တွင် နေထိုင်ရာမှ ယခု သူမ၏ ဗြိတိသျှနိုင်ငံကူးလက်မှတ်ကို စစ်အာဏာပိုင်တို့က သိမ်းယူထားသဖြင့် ရန်ကုန်တွင် ပိတ်မိနေပြီး ပြန်ဖို့ အခက်တွေ့နေသည်။

သို့ပေမဲ့ မေဘယ်က မဟုတ်မခံ။ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည့်အတွက် စစ်တပ်ကို ကြောက်သော ရှမ်းနှင့်မြန်မာအများစုက မေဘယ်ဆိုလျှင် ဝေးဝေးက ရှောင်ကြသော်လည်း သုစန္ဒီက မေဘယ်ကိုမှ မိတ်ဆွေဖွဲ့ဖို့ ကြိုးစားခဲ့သည်။ ယခုလို ဗရုတ်ဗရက်ကာလမျိုးတွင် ခပ်ကုပ်ကုပ်နေဖို့ အားလုံးက သူမကို အကြံပေးကြသည့် ကြားက စစ်အာဏာရှင်တို့ကို မကြောက်မရွံ့၊ အာခံရဲသော မေဘယ်နှင့်လက်တွဲပြီး ကာကွယ်ရေးဝန်ကြီးရုံးရှေ့တွင် နိုင်ငံရေးအကျဉ်းသားတို့ကိုလွှတ်ပေးဖို့ ပိုစတာကိုင်ပြီး

ဆန္ဒပြခဲ့ကြသည်။ ဤသည်ကား ဇူလိုင် ကျောင်းသားအရေးအခင်းကို ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွင်းပြီးနောက် ရန်ကုန်မြို့တွင် ပထမဆုံးတွေ့ရသော ဆန္ဒပြပွဲလည်းဖြစ်ပါ၏။

❁ ❁ ❁

ကရာချီသို့မပြန်မီ ဩစတြေးလျား သံအမတ်ကြီးတို့လင်မယား သုစန္ဒီထံ နောက်တစ်ကြိမ်ရောက်လာရာ သံအမတ်ကြီး၏ ပထမဆုံး မေးခွန်းမှာ ယခုလို။

*"မဟာဒေဝီ ဩစတြေးလျားကို ပြန်ဖို့ ဆုံးဖြတ်ပြီးပြီလား"*

*"တစ်နေ့နေ့တော့ ပြန်မှာပါ၊ အခုတော့ မပြန်နိုင်သေးပါဘူး"*

*"မြန်မာနိုင်ငံက မခွာနိုင်သေးတာကို ကျနော်နားလည်ပါတယ်၊ ဒါပေမဲ့ စီစဉ်စရာတွေကိုတော့ စီစဉ်ထားစေချင်တယ်"*

*"သံအမတ်ကြီးပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ စိုင်းနဲ့အဆက်အသွယ်ရဖို့ ပထမဆုံး ကျမ ကြိုးစားရပါဦးမယ်"*

သံအမတ်ကြီးတို့ ဇနီးမောင်နှံ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ယခုအချိန်မှာ သံအမတ်ကြီးပြောသလို ပြင်ဆင်မှုဆိုသည်တို့မှာ သူမအတွက် စဉ်းစားစရာ မဟုတ်သေးသလို ဩစတြေးလျား၏ အေးစက်သော ရာသီဥတုနှင့် ငြိမ်းငွေ့ခြောက်သွေ့ဖွယ် ဘဝထဲသို့ ပြန်ဖို့ဆိုသည်မှာ စိတ်ကူးမျှပင် မရှိ။ တစ်နေ့နေ့ စိုင်းနှင့်အတူ စံအိမ်တော်ဆီပြန်ဖို့သာ သုစန္ဒီ မျှော်နေမိသည်။

*"ပြီးခဲ့တဲ့ လအနည်းငယ်က ဗိုလ်နေဝင်း ဩစတြေးလျားကို လာသွားတာ မဟာဒေဝီ သိလား"*

*"သိပါတယ် ဆေးကုသမှုခံဖို့ မဟုတ်လား"*

*"ဟုတ်ပါတယ်၊ တိတိကျကျ ပြောရရင် စိတ်ရောဂါအထူးကု ဆရာဝန်နဲ့ လာပြတာပဲ"*

*"ဘယ်လို"*

ထိတ်လန့်စရာတစ်ခုခု ကြားလိုက်ရသလို ထိုင်နေရာမှ သူမ ထရပ်လိုက်သည်။

*"ပရော်ဖက်ဆာပော့နဲ့ လာတွေ့တာ မဟုတ်လား မစ္စတာခို(လ်)"*

*"ဟုတ်တာပေါ့ သူ့ကို မဟာဒေဝီ သိလား"*

မစ္စတာခိုလ်(လ်) အံ့အားသင့်သွားပုံရသည်။

*"သီတာပေါ့ စိုင်းနဲ့ကျွန်မတို့ ဩစတြေးလျားကို သွားလည်ကြတုန်းက စိုင်းနဲ့လည်း တော်တော်ရင်းနှီးခဲ့တယ်၊ အခု ဒီကိစ္စတွေမဖြစ်ခင်က သီပေါကို လာလည်ဖို့တောင် စီစဉ်ထားသေးတယ်"*

စိတ်လှုပ်ရှားမှုနှင့်အတူ မျှော်လင့်ချက်ဖြင့် သုစန္ဒီမျက်နှာ ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ ဗိုလ်နေဝင်းထံ ချဉ်းကပ်နိုင်သည့် အခွင့်အရေးတစ်ခုကို တွေ့လိုက်ရပြီးမဟုတ်လား။

*"တစ်ဆက်တည်းပဲ မဟာဒေဝီကို ပြောရဦးမယ်၊ ပရောဖက်ဆာဟော့ ရန်ကုန်လာဖို့ စီစဉ်နေပြီး ဗိုလ်နေဝင်းကို ဒီမှာပဲ ဆေးကုသဖို့ပဲ"*

နားနှင့်စပ်စပ် ကြားလိုက်ရသည့် သတင်းကြောင့် ဝမ်းသာရမလား၊ ဒေါသဖြစ်ရမလား သုမ မသိတော့။ မိမိ၏ ပုဂ္ဂလိကကိစ္စအတွက် အခွင့်ရေးသစ်ရနိုင်သည်ဆိုသော်လည်း ဤမျှ ကြမ်းကြုတ်ရက်စက်ပါသော အာဏာရှင်တစ်ဦးကို ဆေးကုသဖို့ လက်ခံလိုက်သည့် ပရော်ဖက်ဆာကို သုမ ဒေါသထွက်မိသည်။

*"ပရော်ဖက်ဆာဟော့ကို ကျမအနေနဲ့ စာတစ်စောင် ရေးပေးမလားလို့ စဉ်းစားမိတယ်၊ မြန်မာပြည်က ပြဿနာတွေကို ပရောဖက်ဆာ သိကောင်းသိပေမယ့် ကျမတို့ကိစ္စကိုတော့ သူ ကြားမှာ မဟုတ်ဘူးလေ"*

*"ရေးပါ မဟာဒေဝီ၊ ပြီးရင် အဲဒီစာကို သံတမန်လမ်းကြောင်းနဲ့ ကျနော် ပို့ပေးပါမယ်"*

*"ကျေးဇူးတင်လိုက်တာ သံအမတ်ကြီးရယ်"*

တစ်ကိုယ်လုံး လန်းဆန်းပြီး အားအင်တွေပြည့်သွားသလို သုမ ခံစားလိုက်ရသည်။ ယခုအချိန်မှာ ပရော်ဖက်ဆာဟော့သာလျှင် ဗိုလ်နေဝင်းထံ အမြန်ဆုံး ချဉ်းကပ်နိုင်သူဖြစ်သည်။ ပရောဖက်ဆာမှာ ဗီယင်နာ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ယူနီဗာစတီ၏ သဘာပတိတစ်ဦးဖြစ်သည်နှင့်အညီ သူ၏ အရှိန်အဝါကို အသုံးချပြီး သုမကို ကူညီနိုင်လိမ့်မည်ဖြစ်သည်။

သည်ကြားထဲ ဩစတြေးလျား သံအမတ်ကြီး ကရာချီသို့မပြန်မီ သုစန္ဒီထံမှ စာများကို အခြားသံရုံးတစ်ရုံးမှ လက်ခံရယူပြီး သံတမန်လမ်းကြောင်းမှ ပြည်ပသို့ ပို့ပေးဖို့ အစီအစဉ်အားလုံး အထိုင်ချခဲ့သည်။ ထို့ပြင် တစ်နည်း သီပေါစော်ဘွားနှင့် သူ၏မိသားစုက ဩစတြေးလျားသို့ ပြည်နှင်ဒဏ်ပေးဖို့ ဩစတြေးလျား နိုင်ငံခြားရေးဝန်ကြီးမှတစ်ဆင့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးသီဟာန်ကို ဖိအားပေးသင့်ကြောင်း

အကြံပေးခဲ့သေးသည်။

သုစန္ဒီအနေနှင့်လည်း စာတစ်စောင်ရေးပြီး သံအမတ်ကြီးနှင့် ထည့်ပေးလိုက်ရာ စော်ဘွားလေးစပ်ကြာဆိုင်ကို ဖမ်းဆီးသွားသည့်အချိန်မှစပြီး ယခုတိုင် သတင်း မကြား။ အဆက်အသွယ်မျှပင် လုပ်၍မရကြောင်း။ သို့ဖြစ်ပါ၍ ပရော်ဖက်ဆာအနေနှင့် စပ်ကြာဆိုင်နှင့် မိမိတို့မိသားစု အဆက်အသွယ်ရဖို့ ကြားမှ ကူညီဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ရပါကြောင်း။ အကယ်၍ ရနိုင်သည်ဆိုလျှင်လည်း စိုင်းထံ တစ်ဆင့် ပေးပို့ဖို့ အိမ်ဖွင့်ပေးစာ တစ်စောင်ကိုပါ ပူးတွဲ၍ ထည့်ပေးလိုက်သည်။

သို့ပေမဲ့ ဤအခွင့်အရေးသည်လည်း သူမအတွက် အဆုံးစွန် ဆောက်တည်ရာ အားကိုးရာမဟုတ်။ နောက်ထပ် ရတတ်သမျှ အဆက်အသွယ်တို့ကို ရှာဖွေစုံစမ်းနေဆဲ။ ဗေဒင်ဆရာနှင့် နတ်ဝင်သည်တို့ကို မေးရသည်မှာလည်း ငွေကလည်း မနည်း။ အယောက်ပေါင်း မရေတွက်နိုင်တော့သလို ရှောခနဲ ရှောခနဲ ထွက်သွားသည့်ငွေတွေကလည် မနည်း။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ စိုင်းတစ်ယောက် အသက်ရှင်လျက် ကျန်းမာချမ်းသာကြောင်း တွက်ချက်ဟောကြသည့်အခါ သုစန္ဒီ စိတ်ချမ်းသာရသည် မဟုတ်ပါလား။

သဘာဝလွန် အကြောင်းတရားများအပြင် နောက်ထပ် တိကျစွာရခဲ့သော အဆက်အသွယ်တစ်ခုမှာ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် အနီးကပ်နေသူတစ်ယောက်ဖြစ်သည်။ ထိုစဉ်က ဗိုလ်မှူးချုပ်အောင်ကြီးမှာ ဒုတိယကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ယူနေရချိန်ဖြစ်သည်။ အဆိုပါ အဆက်အသွယ်၏အဆိုအရ ပဲခူးမြို့တွင် စပ်ကြာဆိုင်ကို တွေ့ခဲ့ရသည်ဟုပြောသည်။ အလားတူ သတင်းကိုပင် အတွင်းဝန်ဦးစိုး၏ မိတ်ဆွေတစ်ဦးထံမှလည်း ကြားသိခဲ့ရသည်ဖြစ်၍ သူမအဖို့ မျှော်လင့်ချက်တွေ မြင့်တက်လာခဲ့ပါသော်လည်း ညညများတွင်မူ တွေးရင်းနှင့် မိုးလင်းခဲ့ရသည်ချည်းပင်။ ဘာကြောင့်များ သူမတစ်ယောက်တည်းကိုပဲ ထိန်းသိမ်းထားသော လင်ယောကျ်ားနှင့် ဆက်သွယ်ခွင့် မပေးရပါသလဲ။ စစ်အာဏာပိုင်တို့က မကြောက်မလန့် ခံပက်တတ်သော သူမကိုပဲ အငြိုးအတေးနှင့် အပြစ်ပေးနေရော့သလား။ မကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကို ဝန်ခံဖို့ စိုင်းက ငြင်းဆန်နေလို့လား။ သို့တည်းမဟုတ် ဗိုလ်စကြာပြောသလို စိုင်းကို လက်စတုံးပစ်လိုက်ကြပြီလား။ ညစဉ် သံသယအတွေးတွေက သူမ၏ အိပ်စက်ခြင်းကို နှောင့်ယှက်ဖျက်ဆီးခံခဲ့ရသည်မှ တစ်စတစ်စ ကိုယ်အလေးချိန် လျော့ကျသွားရုံသာမက အဆုံးအဖြတ်ပေးရမည့် နိစ္စဒူဝ အမှုကိစ္စလေးများကိုပင် မချိနိုင်၊ မရွက်နိုင်ဖြစ်လာရာ

သူမ၏ နေ့စဉ် ဘဝများသည်လည်း ကယောက်ကယက်နှင့် ခြောက်အိပ်မက်ကြီးပမာ ဆောက်တည်ရာမရ ဖြစ်နေရပါ၏။

တစ်နေ့ သုစန္ဒီ၏ မိတ်ဆွေတစ်ဦးဖြစ်သော ဗိုလ်လက်ျာ၏ဇနီးက သူမ၏ ဒုက္ခပရိဒေဝါတို့ကို နားလည်ခံစားနိုင်သည့်အလျောက် အကြံပြုလာသည်။

*"မဟာဒေဝီ ကျမတို့နဲ့ တရားစခန်းကို လိုက်ခဲ့ပါလား။ မဟာဒေဝီအတွက် အကျိုးမယုတ်စေရပါဘူး"*

ကမ်းလှမ်းမှုကို သူမ စိတ်ထဲက အလိုအလျောက်ပင် လက်ခံလိုက်ပါ၏။ တရားထိုင်ရာအခန်းကား တိတ်ဆိတ်နေပါသော်လည်း အနည်းဆုံး အယောက် ၃၀ မျှ ရှိနေကြပြီး မျက်လုံးတို့ကိုမှိတ်လျက် တင်ပျဉ်ခွေ ပေါင်ခွင်ပေါ်တွင် လက်ဖဝါးနှစ်ဖက်ကို လက်ယှက်ထိုးလှန်၍ ကမ္မဋ္ဌာန်းတရားကို ရှေ့ရှုလျက် ထိုင်နေကြရာ ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် မေ့လျော့နေဟန်တူသည်။ တရားစခန်းဆိုသော်လည်း လူငယ်များလည်း မနည်းမနော တွေ့ရသည်။ ကမ္မဋ္ဌာနစရိယဆရာတော်က သုစန္ဒီ တို့ကို သီးခြားတစ်နေရာခေါ်သွားသည်။ ကမ္မဋ္ဌာနစရိယဆရာတော်၏ ဘွဲ့မည်မှာ ဦးဝိနယဖြစ်ပြီး သစ်ခေါက်ရောင်သင်္ကန်းနှင့် ဖိနပ်ဗလာ၊ သို့ပေမဲ့ သူ့ရှေ့တွင် လက်အုပ်ရှက်မိုး ထိုင်နေသူတို့၏စိတ်ကို ထွင်းဖောက်ကြည့်နေသလို၊ ကရုဏာတရားတို့ ဖြန့်ကျက်နေသလို မိမိ၏ ဒုက္ခပရိဒေဝါတို့ကို နားလည်နေသူဖြစ်ကြောင်း သုစန္ဒီ ချက်ချင်း သဘောပေါက်လိုက်သည်။ ဝတ်ပြုပြီးနောက် ဆရာတော် မိန့်လာမည့် စကားကို စောင့်နေလိုက်သည်။

*"ဒကာမက တရားထိုင်ဖို့ ရောက်လာတာလား"*

*"ဟုတ်ပါတယ် ဘုရား။ ဒါပေမဲ့ တပည့်တော် ဘာမှ မသိသေးပါဘူးဘုရား"*

ဆရာတော်က ရယ်မောရင်း ပြောသည်။

*"သိစရာ မလိုပါဘူး။ ဒကာမလေး တရားထိုင်ရင်းနဲ့ သိသွားပါလိမ့်မယ်"*

*"ဘယ်တော့ စထိုင်ရမလဲ ဘုရား"*

*"အခုပဲ စကြတာပေါ့"*

*"ဒါပေမဲ့ တပည့်တော် ဒီနေ့မနက် ဥပုသ်မစောင့်ခဲ့ရဘူး ဘုရား။ တပည့်တော် နံနက်စာ စားထားပါတယ်"*

*"ကိစ္စမရှိပါဘူးလေ၊ သူရာမေဒရယကံ တစ်ခုလုံခြုံနေရင် ပြီးတာပါပဲ"*

*"ဒီတော့ ဒကာမလေးတို့ ခန်းမထဲကိုသွားပြီး ကြိုက်တဲ့နေရာမှာ ထိုင်ပါ၊ ထိုင်တဲ့အခါ ကိုယ် သက်သာသလို ထိုင်ပါ၊ မျက်လုံးကို အသာအယာ မှိတ်ထားပါ၊*

*နှာသီးဖျားပေါ်မှာ စိတ်ကို စုစည်းထားပါ၊ အသက်ရှူလိုက်တဲ့အခါ နှာသီးဖျားမှာ အေးသွားတဲ့ ခံစားမှုကို မှတ်ပါ၊ ထုတ်လိုက်တဲ့အခါ နှာသီးဖျားမှာ နွေးသွားတဲ့ ခံစားမှုကို မှတ်ပါ''*

ညွှန်ကြားသည့်အတိုင်း တသွေမတိမ်း သုစန္ဒီ လိုက်ပါလာရာ ကျေနပ်လောက်သော အခြေအနေရှိသည့်အခါ ဆရာတော်က အလုပ်ပေးတရားကို ရှေ့ဆက်မိန့်ပြန်သည်။

*''ကိုယ့်စိတ်က တစ်ခုခုကိုရောက်သွားတဲ့အခါဖြစ်စေ၊ ပြင်ပ အသံဗလံတွေက နှောင့်ယှက်လို့ စိတ်ပျံ့လွင့်သွားရင်ဖြစ်စေ သတိကို မြဲမြဲထားပါ၊ အခြားအတွေးတွေ ခံစားမှုကို သတိနဲ့စောင့်ကြည့်ပြီး စိတ်ကို စောစောကပြောတဲ့ နှာသီးဖျားပေါ်မှာပဲ စုစည်းထားပါ''*

*''အဲဒီတော့ ဘယ်လိုဖြစ်နိုင်ပါသလဲ ဘုရား''*

*''ဒကာမလေးကိုယ်တိုင် သိလာမှာပါ''*

ဆရာတော် ရှေ့မှ ဖယ်ခွာ၍ တရားရိပ်သာခန်းမထဲ သူမ လျှောက်လာခဲ့သည်။ သူမ၏မိတ်ဆွေ ဘေးနားမှ နေရာလွတ်တွင် ထိုင်လိုက်သည်။ သူမ၏မိတ်ဆွေကား တရားထဲမှာ လွင့်မျောနေဟန်တူသည်။ အဖြစ်နိုင်ဆုံး ကြိုးစားဖို့ မျက်စိကို မှိတ်လိုက်ပြီး ဆရာတော် အမိန့်ရှိသည့်အတိုင်း အစပျိုးလိုက်သည်။ ပထမ မိနစ်အနည်းငယ်တွင် လွယ်ကူချောမောသည်ဟု ထင်ရသော်လည်း ထိုမှလွန်သော် အတွေးများက တောင်ရောက် မြောက်ရောက်၊ ဗွေဗွေစောင်းစောင်းနှင့် အထိန်းရ အသိမ်းရခက်လာသည်။ စိုင်းအကြောင်း ချက်ချင်းရောက်လာပြီး အရှေ့ဟော်နန်း၏ သီးသန့်ဘုရားကျောင်းဆောင်ထဲတွင် စိုင်း တရားထိုင်တတ်သည်ကို သတိရမိရာက အတွေးများကူးဆက်သွားရာ စိုင်းနှင့်ပတ်သက်သော ပျော်ရွှင်စရာ အမှတ်သညာများကိုပင် သူမအတွက် တွေးမဝနိုင်အောင် ရှိဖြစ်ရပါ၏။

*''အဲဒီအတွေးကို ရပ်ပစ်လိုက်ပြီး စိတ်ကို ဝင်သက်ထွက်သက်ပေါ်မှာသာ စိုက်ထားပါ ဒကာမလေး''*

ဆရာတော်အသံက သူမကို လှုပ်နှိုးလိုက်သလို ပစ္စုပ္ပန်ဆီ သူမစိတ်တွေ ပြန်ရောက်လာသည်။ ဘုရား ဘုရား။ သူမ အတွေးတွေကို ဆရာတော်က သိနေပါလား။

စိတ်ကို နှာသီးဖျားတွင် ကြိုးစားစုစည်းလိုက်သည်။ သို့ပေမဲ့ မကြာမကြာ လွတ်ထွက်သွားတတ်ရာ သူမအတွက် အခက်ခဲဆုံး အခြေအနေတစ်ခုနှင့် ရင်ဆိုင်

နေရသည်။ သို့ပေမဲ့ အခြားယောဂီများနည်းတူ သူမကိုလည်း ဆရာတော်က မပြတ်စောင့်ကြည့်ပြီး လမ်းညွှန်နေသည်။

ပထမ မိနစ် ၂၀ ကျော်လွန်ပြီးနောက်တွင်မူ မိမိခန္ဓာကိုယ်ပေါ်မှ ဝေဒနာတစ်ခုခုပေါ်မှာ စိတ်ကို တင်ထားဖို့ ဆရာတော်က ညွှန်ကြားသည့်အတိုင်း တဆစ်ဆစ်ကိုက်နေသော သူမ၏ ခါးဆစ်ရိုးတစ်နေရာကို သတိနှင့် ရှုမှတ်နေလိုက်ရာ တဖြည်းဖြည်း ဝေဒနာပြင်းထန်လာပါသော်လည်း ပြဿနာမရှိ။ မှိန်ဖျော့ပျောက်ကွယ်သွားပြီး စုစည်းထားသော စိတ်စွမ်းအင်က လုံးလုံးလျားလျား အနိုင်ယူလိုက်ပါ၏။

*"ဒကာမလေး မျက်လုံးဖွင့်နိုင်ပါပြီ၊ ထိုင်ကာစဆိုတော့ ဒီလောက်ပါပဲ"*

သုစန္ဒီ မျက်လုံးများဖွင့်ပြီး နာရီကိုကြည့်လိုက်ရာ ကိုယ့်ကိုယ်ကို အံ့အားသင့်မိရသည်။ မိနစ်လေးဆယ်ကို ဘယ်လိုများ ကုန်ဆုံးသွားပါသလဲ၊ သို့ပေမဲ့ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးလောက်အောင်ပင် ကိုယ်ခန္ဓာက ငြိမ်းချမ်းနေရာ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းကို နေ့စဉ် ဝတ်မပျက် အာစိန္တကဲ ပြုလုပ်သွားတော့မည်ဟု သူမဆုံးဖြတ်လိုက်ပါ၏။

နောက်ပိုင်း နေ့ရက်များတွင် သမီးတို့ကျောင်းသွားသည်နှင့် သူမလည်း တရားစခန်းသို့ ရောက်လာပြီး ဆရာတော်၏ လမ်းညွှန်မှုအောက်တွင် နေ့စဉ်မပျက်တရားအားထုတ်လာရာ သမာဓိအား တဖြည်းဖြည်းကောင်းလာသလို ကမ္မဋ္ဌာန်းတရားကျင့်စဉ်များလည်း တက်လာသည်။ ဝေဒနာနှင့်စိတ်ကို သီးခြားခွဲထုတ်၍ နာရီပေါင်းများစွာ ရှုမှတ်နိုင်စွမ်းရှိသည်။ ယခု သုစန္ဒီအဖို့ တရားဓမ္မကို သဘောပေါက် နားလည်ရုံသာမဟုတ်။ ကိုယ်တိုင်ကိုယ်ကျပင် ထိတွေ့ခံစားနိုင်ပြီဖြစ်ရာ သူမ၏ရုပ်ပိုင်းဆိုင်ရာအခြေအနေတို့က ပြောင်းလဲခြင်းမရှိပါသော်လည်း တရားဓမ္မက သူမစိတ်ကို ပြောင်းလဲလိုက်လေပြီ။

ယခု သူမအတွက် ငြိမ်းချမ်းခြင်းကို တစ်ခါပြန်ရလိုက်သလို ဘဝကို ရင်ဆိုင်နိုင်သော စိတ်ဓာတ်ကြံ့ခိုင်မှုလည်းရှိလာသည်ဖြစ်၍ မိမိနှင့် သမီးငယ်နှစ်ယောက်၏ အနာဂတ်နာဝါလေ့ကို ပဲ့ကိုင်မောင်းနှင်ဖို့ ဓမ္မဗိဋ္ဌာန်ကျကျ သဘောပေါက်နားလည်ခဲ့ပြီး ဖြစ်ပါ၏။

# အခန်း (၁၈)

ဗိုလ်နေဝင်း၏ စစ်အစိုးရက မကြာပါဘူး၊ ဒလိမ့်ကောက်ကွေး ပြုတ်ကျမှာပါဆိုသော် အကဲဖြတ်ချက်များရှိသည့်တိုင် စစ်အာဏာပိုင်တို့၏ ခြေကုပ်များကား ခြေချစရာမရှိလောက်အောင် ကုပ်ခြစ်ထားသည်။ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံခြားသားပိုင် ကုမ္ပဏီများကို ဥပဒေမဲ့ သိမ်းယူသည်။ ဘဏ်အားလုံးကိုလည်း ပြည်သူ့ဘဏ်ဟူသော ဆိုင်းဘုတ်တပ်၍ မောင်ပိုင်စီးလိုက်ကြရာ စိုင်း အပါအဝင် ရှမ်းအမျိုးသားများ ပိုင်သော ရန်ကုန်ဘဏ်မှာလည်း ပြည်သူ့ဘဏ် အမှတ် ၂၀ အဖြစ် စုတေသွားပြီး ရေတပ်အကြီးအကဲတစ်ဦးက စီမံခန့်ခွဲနေသည်ဟူ၏။

လုပ်ငန်းကြီးများ ဖွတ်ဖွတ်ညက်ညက် ကြေသွားပြီးနောက်တွင်မူ အလယ်အလတ်လုပ်ငန်းများဖြစ်ကြပါသော ဓာတ်ဆီဆိုင်များ၊ ဆန်စက်၊ ဆီစက်များ၊ သစ်စက်များ စသည်တို့ကို အခမဲ့သိမ်းယူခဲ့ရာ မူလပိုင်ရှင်များမှာ နေ့ချင်းညချင်း သူတောင်းစားဘဝ ရောက်ကြရပါ၏။ ဗိုလ်နေဝင်းအစိုးရ၏ မောင်ပိုင်စီးသော စီမံကိန်းတွင် လက်လီကုန်စုံဆိုင်နှင့် စတိုးဆိုင်ပိုင်ရှင်များလည်း ချမ်းသာမပေး။ သမီးနှစ်ယောက်ကို မော်တော်ကားဖြင့် ကျောင်းပို့ကျောင်းကြို့ရာ လမ်းခရီးတစ်လျှောက်တွင် ဩချရလောက်သော ဖြစ်ရပ်တို့ကို သူမကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။ စစ်သားများက စတိုးဆိုင်၊ ကုန်စုံဆိုင်လေးများထဲဝင်လာပြီး ပိုင်ရှင်တို့ကို ကိုယ်ထိလက်ရောက် ဆွဲထုတ်လိုက်ကြပြီး ဆိုင်များကို ပြည်သူ့ဆိုင် အမှတ်ဘယ်လောက် စသည်အားဖြင့် ဆိုင်းဘုတ်များ ကောက်ကာင်ကာတင်၍ သိမ်းယူလိုက်ပြီး စစ်ဘက်မှ အရာရှိအကြီး အငယ်တစ်ဦးဦးမှာ ဆိုင်မန်နေဂျာ ဖြစ်လာတော့သည်။ အိန္ဒိယအနွယ် စီးပွားရေးသမားများနှင့် ပညာရှင်များဆိုလျှင် ပိုင်ဆိုင်မှုပစ္စည်းတို့ကို သိမ်းယူရုံမျှမက အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနှင့် အိန္ဒိယသို့ပင် အခမဲ့

အပို့ခံကြရရာ သူမနှင့်ရင်းနှီးသော ဒေါက်တာတစ်ယောက်ဆိုလျှင် ရုပ်ဝတ္ထုပစ္စည်းများ သာမက အလှမွေး ခွေးများနှင့် သစ်ခွပန်းများကိုပါ သိမ်းယူသွားသည်ဖြစ်၍ နောက်ဆုံး မောင်ပိုင်စီးမည့် ဗိုလ်နေဝင်း၏စာရင်းတွင် ကိုယ်ပိုင်အိမ်ရာများ၊ မော်တော်ကားများ၊ လက်ဝတ်ရတနာများ၊ ငွေစက္ကူအရွက်ကြီးများ ပါဝင်သည်ဟူ၍ ကောလဟာလများပင် ကြားနေရပါ၏။

ဆေးဆိုင်များကို အပိုင်စီးလိုက်သလို မည်သည့်လူမျိုး လုပ်ကိုင်သည်ဖြစ်စေ၊ ဆရာဝန်လုပ်ငန်းနှင့် ရှေ့နေလုပ်ငန်းတို့ကိုလည်း၊ အစိုးရပိုင်အဖြစ် ထိန်းချုပ်တော့ မည်ဖြစ်ကြောင်း သတင်းများထွက်နေသည်။ သို့နှင့် တရားဝင် သူခိုးဓားပြတို့၏ လုယက်မှုမှ ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းရှင်များက မိမိတို့အိမ်ရာတို့ကို ခြံစည်းရိုး၊ တံတိုင်းများ ဒရောသောပါး ခတ်ကြရသည်။ စုဆောင်း ထားသော ငွေကြေး၊ လက်ဝတ်ရတနာတို့ကို ယုံကြည်ရသူ အလုပ်သမားများ၊ သားသမီးများထံ အပ်နှံထားရသလို ယုံကြည်ရသူတို့ကို ဘဏ်သို့ နေ့စဉ်လွှတ်၍ ငွေစက္ကူအရွက်ကြီးနှင့် အရွက်လေးတို့ကို ယူနီဖောင်းဝတ် ဘဏ်မန်နေဂျာများ မရိပ်မိအောင် လဲရပါချေ၏။

သီပေါမှရောက်လာသော သတင်းများကလည်း တစ်ခုမျှ မဂ်လာမရှိ၊ စိုင်းနှင့် သုစန္ဒီတို့ တည်ထောင်ထားသော ဖောင်ဒေးရှင်း စာသင်ကျောင်းကို ပိတ်ပစ်လိုက်ကြသည်။ စိုက်ပျိုးရေးအတွက် နိုင်ငံခြားမှ ဝယ်ယူထားသော စက်ယန္တရားကြီးများကို သိမ်းယူသွားရာ သုစန္ဒီအနေနှင့် ရင်းနှီးမြုပ်နှံမှု မလုပ်နိုင်တော့သည်ဖြစ်၍ စိုက်ပျိုးရေး လုပ်ငန်းအားလုံး မျှော်လင့်စရာမရှိသော အခြေအနေ ရောက်လာသည်။

သို့ဖြစ်ရာ အရပ်ရပ် အခြေအနေကား မသေချာ မရေရာသော ဘဝဖြင့် ရန်ကုန်မြို့တွင်နေထိုင်ရင်း စိုင်း ပြန်အလာကို စောင့်ဖို့ဆိုသည်မှာ သူမအတွက် မဖြစ်နိုင်တော့ကြောင်း ထင်ရှားလာရာ ဥရောပ (သို့) အမေရိကားသို့ ပြောင်းရွှေ့ဖို့ စီစဉ်ရတော့မည်ဖြစ်သည်။ အကယ်၍ စိုင်း ပြန်လာသည့်တိုင် အချိန်ကာလတစ်ခုအထိ အလုပ်လုပ်ဖို့ မဖြစ်နိုင်သေးရာ ဩစတြေးလျား (သို့) အမေရိကားမှာဆိုလျှင် မိသားစု ရပ်တည်ဖို့ အတွက် သူမအနေနှင့် အလုပ် လုပ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံခြားသား မိတ်ဆွေများက မြန်မာပြည်မှ အမြန်ဆုံး ထွက်ခွာဖို့ တိုက်တွန်းကြသော်လည်း သူမ၏ ရှမ်းမိသားစုများကမူ ဤမှာပင် နေထိုင်စေချင်ကြရာ သူမဘက်က ဆုံးဖြတ်ရ ခက်နေပါ၏။ ဤတွင် လအနည်းငယ် စောင့်ရဦးမည်ဖြစ်၍ အဆိုပါကာလအတွင်း ပြင်သစ်ဘာသာစကားနှင့် လက်နှိပ်စက် သင်တန်းတက်ရင်း အချိန်ကို အကျိုးရှိရှိ အသုံးချဖို့ ဆုံးဖြတ်လိုက်သည်။

အထက်တန်းကျောင်းသူဘဝက လက်နှိပ်စက် မသင်ခဲ့ရသည့်အတွက်လည်း သူမ နောင်တရမိသည်။ မည်သို့ရှိစေ ယခုအချိန်နှင့် အခွင့်အရေးရှိတုန်း အရယူထားဖို့လိုသည်။

❁ ❁ ❁

ရန်ကုန်မြို့လယ်တွင် မစ္စတာမူတီး၏ လက်နှိပ်စက် သင်တန်းကျောင်းရှိသည်။ မစ္စတာမူတီးကား အိန္ဒိယ–မြန်မာ ကပြားတစ်ယောက်ဖြစ်ပြီး သူပိုင် စီးပွားရေးလုပ်ငန်း တစ်ခုကို စစ်အစိုးရက မကြာသေးခင်က မောင်ပိုင်စီးသွားသည်ဖြစ်၍ တိုက်ခန်းငယ်လေး တစ်ခန်းတွင် လက်နှိပ်စက်ကျောင်းဖွင့်ပြီး လုပ်ကိုင်စားသောက်နေရသူဖြစ်သည်။

သို့ဖြင့် စီစဉ်ထားသည့်တစ်နေ့၊ ဒရိုင်ဘာ ဦးကျော်လင်းနှင့်အတူ မစ္စတာမူတီး၏ လက်နှိပ်စက်ကျောင်းရှိရာ မော်တော်ကားနှင့် ထွက်လာခဲ့ရာ နောက်မှ ထောက်လှမ်းရေး ဂျစ်ကားလည်း လိုက်ပါလာသည်။ သင်တန်းတည်ရာနေရာကား ရန်ကုန်မြို့လယ်ခေါင်မှ– လေးထပ်တိုက်ဖြစ်ပြီး မှောင်စုပ်စုပ် လှေကားအတိုင်း သုစန္ဒီတက်လာသည်တွင် နောက် ဘေးလမ်းကြားမှ မိလ္လာအနံ့အသက်တို့မှာ မခံနိုင်လောက်အောင်ပင် ပုပ်စော်ဟောင်စော် နံနေသည်ဖြစ်၍ ပြန်ဆင်းပြေးချင်စိတ်ပင် ပေါက်မိသည်။

သို့ဖြင့် အခန်းရှေ့ရောက်၍ တံခါးကိုခေါက်လိုက်ရာ မစ္စတာမူတီး ထွက်လာ ပြီး သုစန္ဒီကို တအံ့တသြနှင့် ခြေဆုံးခေါင်းဆုံး ကြည့်နေသည်မှာ သင်တန်းတက်ဖို့ ရောက်လာသူတစ်ဦးအဖြစ် မယုံနိုင်။ သူမဘက်က အကျိုးအကြောင်း ပြောပြမှသာ သင်တန်းသားအဖြစ် လက်ခံတော့သည်။ ပထမဆုံး သင်ခန်းစာ စတင် သင်ကြားသည့် နေ့က သင်တန်းကျောင်းခန်းကို လှေ့လာကြည့်ရာ အဟောင်းအမြင်း လက်နှိပ်စက် ခြောက်လုံးရှိပြီး ကီးဘုတ်ပေါ်မှ အက္ခရာများပင် လုံးဝမရှိတော့။ ခလုတ်တစ်ခုကို ရိုက်လိုက်သည့်အခါတွင်လည်း တော်တော်နှင့် ပြန်မတက်လာ။ သို့တိုင် ကသိကအောင့် ဖြစ်စရာ အခက်အခဲများကြားမှ သင်တန်းကို သုစန္ဒီ အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ သင်တန်းကာလအတွင်း နောက်ထပ် ရင်ဆိုင်ရသည့် စိတ်ညစ်စရာတစ်ခုမှာ သူမနောက် မှ တကောက်ကောက် လိုက်ပါနေသော စစ်ထောက်လှမ်းရေးဖြစ်သည်။ သင်တန်းထဲ သူမ ရောက်နေသည့်အခါ လမ်းဘေးတွင် အကြာကြီး ထိုင်စောင့်နေရသည့်အတွက် သူမ၏ ကားဒရိုင်ဘာ ဦးတင်လှကို မကြာခဏ လာရောက် ကြိမ်းမောင်းတတ်သည်။ အနောက်ကမ္ဘာကြီးဆီ ပြန်သွားဖို့အတွက် သုစန္ဒီအတွက် နောက်ထပ် ပြင်ဆင်ရသည့်

ကိစ္စတစ်ခုမှာ အဝတ်အစားဖြစ်သည်။ ထမီ၊ အင်္ကျီနှင့်နေလာသည်မှာ နှစ်များစွာကြာပြီဖြစ်၍ အနောက်တိုင်း ဝတ်စားဆင်ယင်မှုနှင့် စိမ်းသလို ရှိနေရာ အဝတ်အစားအချို့ကို ချုပ်ပြီး အိမ်တွင်း၌ဖြစ်စေ၊ နိုင်ငံခြားမိတ်ဆွေများနှင့် သွားလာသည့်အခါ၌ဖြစ်စေ အလေ့အကျင့်ဖြစ်စေဖို့ မကြာခဏ ဝတ်နေရတော့သည်။ မည်သို့ပင်ဖြစ်စေ ဤဒေသ၊ ဤရာသီဥတုတွင် ထမီနှင့် အင်္ကျီသည်သာ သူမအတွက် အသင့်တော်ဆုံးဖြစ်သည်ကို နားလည်ခဲ့ရပါ၏။

❁ ❁ ❁

ယခုနှစ် ခရစ်စမတ်ပွဲတော်ကို ရန်ကုန်တွင် ကြုံလိုက်ရသည့်အတွက် သမီးငယ်နှစ်ယောက်အဖို့ အံ့သြစရာတွေ ပြည့်နေသည်။ အထူးသဖြင့် အင်္ဂလိပ်မက်ထရစ်ကျောင်းမှ ပျော်ပွဲရှင်ပွဲများမှာ သူတို့အတွက် စိတ်လှုပ်ရှားစရာတွေဖြစ်ရာ နောင်နှစ်ခရစ်စမတ်ပွဲတော်ဆိုလျှင် သူတို့သားအမိတွေ ဩစတြေးလျား ရောက်နေလောက်ပြီဟု သူမ တွေးမိသည်။

သို့ပေမဲ့ ခရစ်စမတ် ထို့နေ့မနက်က မည်သို့မျှ မျှော်လင့်မထားသော ကိစ္စတစ်ခု သူမအိမ်တွင် ဖြစ်ခဲ့သည်။ ဖြစ်ပုံက သည်လို၊ နံနက်ဝေလီဝေလင်းတွင် ပစောက အလုပ်သမားတန်းလျားတွင် တစ်ယောက်တည်း ကလေးမီးဖွားနေသော ကလေးထိန်းကချင်အမျိုးသမီးကြီး တာဝမ်းကို တွေ့လိုက်ပြီး ကလေးကို နှာခေါင်းပိတ်သတ်ဖို့ကြိုးစားနေရာ သုစန္ဒီနှင့် ပစောတို့က ကပျာကသီ ကလေးကို လုယူလိုက်ရသည်။ တာဝမ်းမှာ ကိုယ်ဝန်ရှိသည်ဟု မည်သူကမျှ သံသယမရှိသော်လည်း ယခုလို ရုတ်တရက် မွေးဖွားလာသည့်အတွက် ခေါင်းစားစရာဖြစ်နေသည်။ မည်သို့ဖြစ်စေ ကလေးကို ရေမိုးသန့်စင်ပေးပြီး ဆရာဝန်နှင့်ပြဖို့ အိမ်ထဲသို့ ယူလာခဲ့ရာ ကိန္နရီနှင့် မာယာရီတို့က မေးခွန်းတွေနှင့် စပ်စုနေကြပြန်သဖြင့် သူတို့ကို ဖြေရှင်းနေရသေးသည်။ ယောကျ်ားမရှိသော မိခင်မှ မွေးဖွားလာသည့်အတွက်လည်း ဟိုစပ်စပ် သည်စပ်စပ်  သိနေပြီဖြစ်သော သမီးနှစ်ယောက်အဖို့ မေးစရာတွေဖြစ်နေရာမှ ယေရှုလို ခရစ်စမတ်ဘေဘီဟု ပြောလိုက်ကာမှ ဇာတ်လမ်းပြတ်သွားတော့သည်။

ဤပြဿနာပေါ်လာသည့်အတွက် သူမ၏ မူလကိစ္စများကိုပင် ရက်အနည်းငယ်မျှ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရသည်။ များမကြာမီ တာဝမ်း၏ ကလေးအဖေ

မည်သူမည်ဝါဆိုသည်ကို သိခဲ့သော်လည်း ကလေးကို ဘာကြောင့် သတ်ပစ်ချင်ရသည် ကို သုစန္ဒီ နားမလည်။ တာဝမ်းအနေနှင့် ရင်သွေးအပေါ် သံယောဇဉ်ရှိပါသော်လည်း ကြောက်ကြောက်နှင့် လုပ်ခဲ့သည်ဟုပဲ သူမ ကောက်ချက်ချမိသည်။ အကုသိုလ် ဖြိုဟ်ဆိုးကား ဤမျှာပင် မရပ်။ ခရစ်စမတ်ဘောဘီ ရောက်လာပြီး တစ်လကျော်ကျော် တွင်မူ မမျှော်လင့်ဘဲ ပစောတစ်ယောက် အိပ်နေရင်း သေဆုံးခဲ့ရာ သူမ၏လူယုံ ကလေးထိန်းတစ်ယောက် ရုတ်တရက် သေဆုံးသွားသည့်အတွက် သူမ အကြီးအကျယ် တုန်လှုပ်ခဲ့ရာမှ သူမ၏ မိသားစုကြီးမှာ တဖြည်းဖြည်း ပြိုကွဲနေပြီဖြစ်၍ ဤမြေမှ အမြန်ဆုံးထွက်ခွာဖို့ ဆုံးဖြတ်ရတော့မည်ကို သူမ သဘောပေါက်လိုက်ပါ၏။

## အခန်း (၁၉)

စိုင်း ပျောက်ဆုံးသွားသည်မှာ ယခု ၂ နှစ်မျှရှိလာပြီဖြစ်သော်လည်း သူနှင့်ပတ်သက်သော နိုင်လုံသည့်သတင်းစကား အစအနဟူ၍ စိုးစိမျှမကြား။ သူ တစ်နေ့ပြန်လာမည်ကို သုစန္ဒီအနေနှင့် ထိထိခိုက်ခိုက် ယုံကြည်နေပါသော်လည်း လွန်ခဲ့သောလေးနှစ်ခန့်က စိုင်းနှင့်ပြောခဲ့သောစကားများ သူမခေါင်းထဲ ရောက်လာသည်။ တောင်ကြီးတွင် အစည်းအဝေးတက်ပြီး ပြန်လာသည့်နေ့မှာပင် လေသာဆောင်တွင် သူတို့နှစ်ယောက် ပြောခဲ့ကြသည်။

*"ကိုယ့်ကို စန္ဒီ ကတိတစ်ခု ပေးစမ်းပါ"*

*"ဘာများလဲ စိုင်း"*

ချမ်းစိမ့်သော ဆည်းဆာလေပြေအငွေ့တွင် စိုင်းရင်ခွင်ထဲ သူမ တိုးဝင်လိုက်သည်။

*"စိုင်းနဲ့ ခွဲနေရတာ နှစ်ပတ်တောင် ရှိသွားပြီ၊ ဘယ်လိုကတိပဲဖြစ်ဖြစ် ကျမပေးနိုင်ပါတယ်"*

သူမကို တင်းတင်းကြပ်ကြပ် သိုင်းဖက်ထားသော်လည်း စိုင်း၏ အသံကပေါ့ပါးခြင်း မရှိ။ မှုန်းကြုပ်လေးပင်နေသည်။

*"စန္ဒီ ကိုယ်ပြောတဲ့စကားကို သေသေချာချာ နားထောင်ပါ၊ ရှမ်းပြည်နဲ့ဗမာပြည်မရဲ့ နိုင်ငံရေးပြဿနာက တဖြည်းဖြည်း တင်းမာလာနေတယ်၊ အကယ်၍ခရီးသွားရာက ကိုယ်ပြန်မရောက်ခဲ့ရင် ဒါမှမဟုတ် တစ်ခုခုဖြစ်ခဲ့ရင် ကလေးတွေကိုခေါ်ပြီး ညွှစကြေးလျားကို ပြန်ပါ၊ ကိုယ်မရှိရင် သုစန္ဒီအတွက် ဒီနေရာမှာ မလုံခြုံဘူး"*

စိုင်းစကားကြောင့် တစ်ခဏ သူမ ဆွံ့အသွားသည်။

*"အဲဒီလိုဖြစ်ခဲ့မယ်ဆိုရင်တောင် အရင်ဆုံး စိုင်းကို လိုက်ရှာမှာပဲ"*

*"မဟုတ်သေးဘူး သုစန္ဒီ၊ ကိုယ်ပြောတာ နားထောင်ပါ၊ ပြဿနာတွေလျှော့ကို ပြန်ပါ၊ အဲဒီမှာ ကိုယ့်ကို စောင့်ပါ၊ မင်းတို့ မိသားစုဆီကို ကိုယ် လုံးဝ ပြန်မလာနိုင်တော့ဘူးဆိုရင် မင်းနဲ့ကလေးတွေကို ဂရုစိုက်မဲ့ လူတစ်ယောက်ကို ရှာသင့်ပါတယ်"*

စိုင်းကို သူမ မောဟိုက်နွမ်းလျစွာ တစ်ချက်နမ်းလိုက်သည်။

*"ဘာကြောင့် ဒီလိုတွေးနေရတာလဲ၊ ကျမအတွက် စိတ်မပူပါနဲ့၊ စိုင်း ပြောသလိုလည်း ဘယ်တော့မှ အဖြစ်နိုင်ပါဘူးလေ"*

*"ကိုယ်လဲ အဲဒီလိုပဲ မျှော်လင့်ချင်ပါတယ် သုစန္ဒီ၊ ဒါပေမဲ့ ဖြစ်ခဲ့သည်ရှိသော် ဆိုတဲ့ အတွေးနဲ့ မင်းဆီက ကတိတောင်းနေတာပါ"*

*"စိုင်း ဖြစ်ချင်တဲ့အတိုင်း ဖြစ်ရပါစေမယ်"*

လေသာဆောင်တွင် လွင့်ပျောက်သွားခဲ့ပါသော်လည်း ဤစကားများက သုစန္ဒီအတွက် နားနှင့်ဆက်ဆက် ကြားနေရသလို ထင်မိရာ ယခု စိုင်း ဖြစ်ချင်သလို သူမ အကောင်အထည် ဖော်ရပေတော့မည်။

စိုင်းဆန္ဒအတိုင်း ပြည်တော်ပြန်ဖို့ ဆုံးဖြတ်ပြီးကာမှ မျှော်လင့်စရာ ကိစ္စတစ်ခု ရှိလာပြန်ပါသည်။ ဗိုလ်နေဝင်းအစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု သတင်းထုတ်ပြန်လာရာ အခြားနိုင်ငံရေးအကျဉ်းသား မိသားစုများနည်းတူ သူမလည်း လည်တဆန့်ဆန့်နှင့် မျှော်လင့်နေမိသည်။ သို့ပေမဲ့ ဗိုလ်နေဝင်းကား ရန်ရှင်းကြမ်းကြုတ်သော ကစားကွက်တစ်ခုကို ရွှေ့လိုက်ပြန်လေပြီ။ ရာဇဝတ်အကျဉ်းသားများကိုသာ လွတ်ပေးခြင်းဖြင့် ထောင်ရှင်းလိုက်ပြီး တစ်ခါက စစ်အာဏာပိုင်များနှင့် လက်ခုပ်လက်ဝါးရိုက်ထားသော တည်မြဲ ဖဆပလခေါင်းဆောင်များနှင့်အတူ တက္ကသိုလ်ကျောင်းသားများနှင့် တိုင်းရင်းသားခေါင်းဆောင်တို့ကို အစုလိုက်အပြုံလိုက် ဖမ်းဆီးလိုက်လေသည်။

ထိုနည်းတမူ ဗိုလ်နေဝင်းနှင့် နီးစပ်သော အသိုင်းဝိုင်း၏သတင်းအရ အာဏာသိမ်းခြင်း ဒုတိယမြောက် နှစ်ပတ်လည်နေ့အဖြစ် အကျဉ်းသားအမြောက်အများ ထပ်မံလွတ်ပေးလိမ့်ဦးမည်ဟုဆိုထားရာ စိုင်းများ ပါလေမလား မျှော်တလင့်လင့်နှင့် သုစန္ဒီ စောင့်ရပြန်ပါသော်လည်း တစ်ဖက်က ပြည်တော်ပြန်ဖို့ အစီအစဉ်များ၊ စီစဉ်နေရပါ၏။ တစ်ဆက်တည်းမှာပင် စစ်အစိုးရလက်ထဲတွင် စိုင်းပျောက်ဆုံးနေသော ကိစ္စကို တရားဝင် ထုတ်ဖော်နိုင်ဖို့နှင့် နိုင်ငံတကာအသိုင်းအဝိုင်းက သိစေဖို့ အဆက်မပြတ်ကြိုးစားနေရာ သံရုံး သုံးရုံး၏ သိသိဂုဏ်ဂုဏ် ဆောင်ရွက်ပေးမှုကြောင့် သံတမန်လမ်း

ကြောင်းမှုတစ်ဆင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့်ထံသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သို့လည်းကောင်း၊ ကရာချိမှ ဩစတြေးလျား သံအမတ်ကြီးထံသို့လည်းကောင်း အကြောင်းကြားနိုင်ခဲ့ပါ၏။ သို့ရာတွင် စပ်ကြာဆိုင် ကို ပြန်ပေးဆွဲသလို ဖမ်းဆီးထားသည်နှင့်ပတ်သက်ပြီး စုံစမ်း၍ ဖြေရှင်းချက်ပေးပါရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က ဗိုလ်နေဝင်းထံ ပေးပို့ခဲ့ပါသော်လည်း မြန်မာ ကိုယ်စားလှယ်အဖွဲ့က ၎င်းစာကို လက်ခံဖို့ ငြင်းဆန်ခဲ့သည်။ စပ်ကြာဆိုင်ကို ဖမ်းဆီး ထားသည်မှာ သေချာကြောင်း၊ အထွေထွေ အတွင်းရေးမှူး ဦးသန့်က အကြောင်းပြန် ခဲ့သလို စပ်ကြာဆိုင်နှင့်မိသားစုကို ဩစတြေးလျားသို့ ပြန်ခွင့်ပြုဖို့ ဩစတြေးလျားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံခြားရေးဝန်ကြီးထံ စာရေးပေးပို့ခဲ့ပါသော်လည်း အကြောင်းမထူး။ သို့ဖြင့် ဗိုလ်နေဝင်းနှင့် ကိုယ်တိုင်တွေ့ဖို့ သူမ စီစဉ်ရပြန်သည်။

သို့သော် အဆိုပါ အစီအစဉ်ကို အကောင်အထည် မဖော်မီ တစ်ရက်အလို သံတမန်နှစ်ယောက်နှင့် သုစန္ဒီတို့ လျှို့လျှို့ဝှက်ဝှက် တွေ့ဆုံကြရာ မထိတ်သာမလန့်သာ အဖြစ်အပျက်တစ်ခုကို ကြားရပြန်ပါ၏။

*"ပြီးခဲ့တဲ့ ညက ဘာတွေဖြစ်ခဲ့လဲဆိုတာ မဟာဒေဝီ ကြားပြီးပြီလား"*

*"မကြားမိပါလား ဘာဖြစ်လို့လဲ"*

*"ဗိုလ်နေဝင်းပဲ"*

*"ဘာဖြစ်တာလဲ"*

*"မနေ့ညက ၁၁ နာရီလောက်မှာ အင်းယားလိပ်ပ်ကလပ်မှာ ပါတီတွဲ ကျင်းပ နေကြတယ်၊ တီးဝိုင်းကလည်း ဖျော်ဖြေနေပြီး အချို့က ကနေကြတယ်၊ ကျနော်လည်း တစ်နေရာမှာထိုင်ပြီး အရက်သောက်နေတယ်၊ အဲဒီအချိန်မှာပဲ ရုတ်တရက် ဗိုလ်နေဝင်းနဲ့ စစ်သားတစ်စု ခန်းမထဲဝင်လာပြီး သောင်းကျန်းကြတော့တာပဲ"*

လူငယ် သံတမန်က စကားကို ခေတ္တရပ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိ လိုက်သည်။

*"ပြီးတော့ ဘာတွေဖြစ်ကုန်လဲ"*

*"ဗိုလ်နေဝင်းကြည့်ရတာ အရမ်း ဒေါကန်နေပုံရတယ်၊ သူ့မျက်နှာကြီးက နီရဲနေလိုက်တာ မဟာဒေဝီရဲ့လုံချည်လိုပဲ၊ လက်ထဲမှာလည်း ဂေါက်ရိုက်တံကြီးကိုင် ထားပြီး မြင်မြင်သမျှ ရိုက်ခွဲပစ်ပြီး ပါးစပ်ကလည်း ဗမာလို အော်ဟစ်နေတယ်"*

*"ပြီးတော့ကော"*

*"စင်ပေါ်က ဒရမ်စက်တွေနှင့် တူရိယာပစ္စည်းတွေကို ရိုက်ချိုးပြီး ဒရမ်တီးနေတဲ့ သူ့ဘက်ကို လှည့်လိုက်တဲ့အခါ ကျနော်တို့သံရုံးက သံမှူးက ပြေးသွားပြီး တားဖို့ကြိုးစားတယ်"*

*"တားလို့ရလား"*

*"တားဖို့နေနေသာသာ ဗိုလ်နေဝင်းက သူ့ကိုပါ ဂေါက်သီးရိုက်တံနဲ့ သမ ပစ်လိုက်တာ တစ်ကိုယ်လုံး စုတ်ပြတ်သတ်သွားလို့ အချက် ၈၀ လောက် ချုပ်လိုက်ရတယ်"*

စကားဆုံးသည့်အခါ ခေတ္တ တိတ်ဆိတ်သွားပြီး ဒုတိယသံတမန်က ခေါင်းတညိတ်ညိတ်နှင့် မှတ်ချက်ပေးသည်။

*"ဒါပဲလေ သူဟာ တရားလက်လွတ် ထင်ရာစိုင်းနိုင်တဲ့အကြောင်း ပြလိုက်တာပဲ"*

ဤသို့ သုစန္ဒီအဖို့လည်း စဉ်းစားရချေပြီ။ စိုင်းသတင်းကို အခြားနည်းလမ်းများဖြင့်သာ ရှာဖွေဖို့ကြိုးစားပြီး ဤမျှ ရူးသွပ်မိုက်မဲသူနှင့် တွေ့ဆုံဖို့ ရှောင်ကြဉ်ခြင်းသည်သာ မင်္ဂလာတစ်ပါးဖြစ်ကြောင်း ဆုံးဖြတ်လိုက်ရပါ၏။

ထို့နောက် တစ်ခုနှင့်တစ်ခု ဝိရောဓိဖြစ်နေသော သတင်းနှစ်ပုဒ် ရောက်လာသည်။ သံတမန်တစ်ယောက်က သူမကို အရေးတကြီး တွေ့ချင်ကြောင်း အကြောင်းကြားလာရာ ထောက်လှမ်းရေး ဂျစ်ကားကို လှည့်ပတ်ဖို့အတွက် ဒရိုင်ဘာ ဦးတင်လှနှင့် သူမတို့မိတ်ဆွေတစ်ဦးအိမ်သို့ ဦးစွာမောင်းလာပြီး အိမ်ထဲသို့ သူမ ဝင်ရသည်။ တစ်ခါ အိမ်နောက်ပေါက်မှထွက်ပြီး နောက်ဘေးလမ်းကြားတွင် အသင့်စောင့်နေသော မော်တော်ကားတစ်စီးဖြင့် ချိန်းဆိုထားသောနေရာသို့ လာရသည်။ သူမကို သံတမန်က စာအိတ်နှစ်အိတ်ကို လက်မှရမ်းပြရင်း နှုတ်ဆက်သည်။

*"ဒီမှာ မဟာဒေဝီအတွက် အရေးကြီးတဲ့ စာနှစ်စောင် ရထားတယ်"*

တစ်စောင်မှာ ကရာချီ ဩစတြေးလျား သံအမတ်ထံမှဖြစ်ပြီး အခြားတစ်စောင်ကား ပရောဖက်ဆာပေါ့ထံမှဖြစ်ကြောင်း စာအိတ်ပေါ်မှ လက်ရေးများကြည့်ရုံနှင့် သူမ သိလိုက်သည်။

*"သူ အခု ရန်ကုန်ရောက်နေလား"*

*"ဟုတ်တယ်၊ ဗိုလ်နေဝင်းရဲ့ အထူးဧည့်သည်တော်အနေနဲ့ ရောက်နေတယ်"*

ချက်ချင်းပင် ပရော်ဖက်ဆာ၏စာကို ဖောက်လိုက်ပြီး စာကိုဖတ်လိုက်သည်။

*ချစ်ခင်ရတဲ့ အင်ကို*

*"ဆရာ ရန်ကုန်ရောက်နေတယ်၊ လူချင်းမတွေ့နိုင်ပေမဲ့ မင်းတို့ မိသားစု အတွက် ဆရာစိတ်ပူနေတယ်၊ အချိန်ဆွဲမနေဘဲ ဩစတြေးလျားကို အမြန် ပြန်လာလိမ့်မယ်လို့ မျှော်လင့်တယ်၊ စပ်ကြာဆိုင်ကလည်း မင်းနဲ့ ကလေး နှစ်ယောက်ကို ဩစတြေးလျားမှာပဲ ပြန်နေစေချင်လိမ့်မယ်၊ စပ်ကြာဆိုင်ကို ဆရာတွေ့ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး သတင်း ကတော့ ကောင်းပါတယ်၊ စပ်ကြာဆိုင်ဟာ စိတ်ရောကိုယ်ရော ကျန်းကျန်း မာမာရှိပြီး ဆေးအကူဝန်ထမ်းနှစ်ယောက်နဲ့ ကောင်းကောင်းမွန်မွန် ထား တယ်လို့ ဗိုလ်နေဝင်း ကိုယ်တိုင် အာမခံပြီး စပ်ကြာဆိုင်ကို တာဝန်ယူရတဲ့ ဆရာဝန်နဲ့လည်း ဆရာ့ကို မိတ်ဆက်ပေးခဲ့တယ်၊ ပြီးတော့ စပ်ကြာဆိုင်ဆီ မင်း ရေးလိုက်တဲ့စာကိုလည်း လက်ခံပြီး မကြာခင် စပ်ကြာဆိုင်နဲ့ အဆက် အသွယ် လုပ်နိုင်ပါလိမ့်မယ်လို့လည်း အာမခံလိုက်တယ်၊ ဒါကြောင့် မင်းဆီ စာရေးအကြောင်းကြားလိုက်တာပဲ၊ ဒါပေမဲ့ မကြာခင် ဗီယင်နာမှာ ဆရာနဲ့ မင်းနဲ့တွေ့ကြဖို့ မျှော်လင့်ပါတယ်၊ မင်းနဲ့ ကလေးနှစ်ယောက် ကျန်းမာပါစေ"*

*ဟမ်းဟော့*

မိမိမျက်လုံးတို့ကိုပင် ယုံစရာမရှိ။ တစ်ခေါက်၊ နှစ်ခေါက်၊ သုံးခေါက် မျက်ဝန်း မှာ မျက်ရည်ပူတွေ လျှံကျလာသည်အထိ သူမ ဖတ်နေမိသည်။ ယခု ၁၉၆၂ ခု၊ မတ်လ ၂ ရက်ကတည်းက စောင့်မျှော်နေရပါသော အတည်ပြုချက်တစ်ခု သူမ ရလိုက်လေပြီ။ စစ်အစိုးရလက်ထဲတွင် စပ်ကြာဆိုင်ရှိကြောင်း ဗိုလ်နေဝင်းကိုယ်တိုင် ဝန်ခံလိုက်လေပြီ။ သို့ပေမဲ့ စိုင်းကို ဆေးအကူ ဝန်ထမ်းနှစ်ယောက်က စောင့်ရှောက် နေသည်ဟုဆိုထားရာ ဘာကြောင့်သည်လို စောင့်ရှောက်နေရတာလဲ၊ သူမ နားမလည်။ စာကို သံတမန်ထံ ပေးလိုက်ရာ သူက ဖတ်ပြီး ဝမ်းသာအယ်လဲ ဆိုသည်။

*"မဟာဒေဝီအတွက် ကျနော်ဝမ်းသာပါတယ်၊ ကျန်တဲ့တစ်စောင်ကော မဖတ်တော့ဘူးလား။ ဒီထက် မင်္ဂလာရှိတဲ့ သတင်းဖြစ်မှာပါ"*

သံအမတ်ထံမှ စာကို သူမ ဖောက်လိုက်သည်။ သို့ပေမဲ့ ပထမစာလောက်

သွက်သွက်လက်လက် မရှိ။ စာပါ အကြောင်းအရာက သူမ ဦးနှောက်တစ်ခုလုံးကို ချောက်ချားသွားသည်။

*"ကျမတော့ ဘာမှ နားမလည်နိုင်တော့ဘူး"*

စာကို အခြားတစ်ယောက်ဆီ ကမ်းပေးရင်း သူမ ပြောသည်။

*"ကြည့်ရအောင်"*

*"ဟာ... ဒါ မကောင်းတဲ့ လက္ခဏာပဲ။ ပရော်ဖက်ဆာပော့ဆီ ကော်ပီတစ်စောင် ပို့လိုက်မလား"*

သံတမန်က မျက်စိပျက် မျက်နှာပျက်နှင့် ပြောသည်။

*"ပို့ပေးပါရှင် ကျမလည်း သူ့ဆီ စာရေးပြီး ရှင်ကတစ်ဆင့် ပို့ပေးပါ"*

သံတမန်အိမ်မှ ကောက်ကာငင်ကာ သူမ ပြန်ထွက်လာခဲ့သည်။ သူမ အတွက် ဝမ်းသာရမလား။ ဝမ်းနည်းရမှာလား။ စာတစ်စောင်နှင့်တစ်စောင် ပဋိပက္ခ ဖြစ်နေရာ အဓိပ္ပာယ်က ဘာလဲ၊ သံအမတ်ကြီး ရေးပို့လိုက်ပါသော စာပါအကြောင်း အရာကို သူမဘက်မှ မသိကျိုးနွံ ပြုလိုက်ချင်ပါသော်လည်း ယခုလို တရားဝင် အတည်ပြုချက်မျိုးကို မျက်နှာလွှဲခဲ့ပစ် လုပ်လို့မရ။ တစ်ဖက်ကကြည့်လျှင်လည်း မိမိကို ကူသနေသော သမားတော်တစ်ဦးကို ဗိုလ်နေဝင်းအနေနှင့် မလိမ်ညာနိုင်ရာ။ မည်သို့ရှိစေ သူမအတွက် ယခုမူ စိတ်ခံစားမှုတွေကို ဖတ်ကြည့်၍ စိတ်နှင့်ခန္ဓာ ကြည်ကြည် လင်လင်ရှိစေဖို့လိုသည်။ သို့မှသာ ဆုံးဖြတ်ချက်တို့ကို မှန်ကန်ပေလိမ့်မည်ဖြစ်ရာ ဦးတင်လှကို တရားရိပ်သာသို့ မောင်းခိုင်းလိုက်သည်။

မျှော်လင့်ထားသလိုပင် တရားဓမ္မက သူမ၏ သောကအပူတို့ကို ပယ်သတ် လိုက်ပြီး ငြိမ်းချမ်းခြင်းကို ဆောင်ကြဉ်းပေးရာ မျက်လုံးများဖွင့်လိုက်သည်နှင့် အားအင် သစ်တို့ဖြင့် ပြန်လည် လန်းဆန်းလာသည်။ သူမ ဩစတြေးလျားသို့ ပြန်ကိုပြန်ရမည်။ ကြည်လင်သောစိတ်ဖြင့် ထိုဆုံးဖြတ်ချက်ကိုချလိုက်သည်။ ယခင် အတွေ့အကြုံများအရ တစ်ခုခုကို သူမ သိနေပါ၏။

ပထမဆုံး သူမ လုပ်ရမည့်အလုပ်မှာ ဒေါ်ခင်မျိုးချစ်အိမ်ကို သွားရမည်။ ဒေါ်ခင်မျိုးချစ်ကား ပြည်သူလေးစားရသော မြန်မာအမျိုးသမီး စာရေးဆရာမကြီး တစ်ယောက်ဖြစ်သလို သခင်ပါတီဝင်လည်းဖြစ်သည်။ ဗိုလ်နေဝင်း၊ ဗိုလ်စကြာတို့ အပါ အဝင် ရဲဘော်သုံးကျိပ်နှင့်အတူ နယ်ချဲ့ကိုလိုနီနှင့် ဖက်ဆစ်တော်လှန်ရေးတို့တွင် ပါဝင်ခဲ့သူလည်းဖြစ်သည်။

ဒေါ်ခင်မျိုးချစ်အိမ်တွင် ပေါ်လာကို တွေ့ဖို့ သုစန္ဒီ မျှော်လင့်ထားရာ ဆိုက်ဆိုက် ယဉ်မျိုးစာအုပ်တိုက်

မြိုက်မြိုက်ပင် တွေ့လိုက်ရသည်။ ပေါ်လာက စစ်ဖက်အသိုင်းအဝိုင်းနှင့် နီးနီးကပ်ကပ် အဆက်အသွယ်ရှိပြီး ယုံကြည်စိတ်ချရသော အမျိုးသမီးငယ်တစ်ဦးလည်း ဖြစ်သည်။

*"ကိုယ်တို့တွေ နှစ်ယောက်တည်း စကားပြောချင်တယ် ပေါ်လာ"*

*"ရပါတယ် အစ်မကြီး"*

ပေါ်လာက လေ့ကားထစ်အောက်မှ ခြေသုပ်ဖိနပ်ကို ကပျာကယာစီးပြီး ခြံဝင်းအတွင်းက ညောင်ပင်ကြီးအောက် ဦးဆောင်သွားသည်။

*"ဒီနေ့ တရားစခန်းကအပြန်မှာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်၊ အစ်မတို့ သားအမိတွေ မြန်မာပြည်က အမြန်ဆုံး ပြန်ဖို့ပဲ"*

ပေါ်လာ၏ ခြေလှမ်းများ ရပ်သွားပြီး သုစန္ဒီကို တစ်ချက်မော့ကြည့်လိုက်သည်။

*"အခုလို ဆုံးဖြတ်မယ်ဆိုတာ ကျမ မျှော်လင့်ထားပါတယ်၊ အစ်မကြီးကို ကျမ ဘာကူညီရမလဲ"*

*"ကျေးဇူးတင်လိုက်တာ ပေါ်လာရယ်၊ အစ်မတို့သားအမိပြန်ဖို့ ဘာတွေ လိုအပ်သလဲဆိုတာ သိချင်တယ်"*

*"ဒီကိစ္စက လွယ်ပါတယ် အစ်မကြီးရယ်၊ ဘယ်နေရာကိုသွားပြီး စုံစမ်းရမလဲ ဆိုတာ ကျမ သိပါတယ်"*

ပေါ်လာက တက်ကြွစွာ ဆိုသည်။ သူမ ကြည့်ရသည်မှာ စွန့်စားရမည့် အလုပ်တစ်ခုကို လိုလိုချင်ချင် လက်ခံလိုက်သည်နှင့်သာ တူနေသေးတော့သည်။ ယခုကိစ္စတွင် သူမကိုကူညီသည့် လူမှန်၊ လမ်းကြောင်းမှန်ကို ရွေးခဲ့ပြီဖြစ်၍ အိမ်အပြန် လမ်းတွင် သက်ပြင်းချမိလိုက်သည်။ ယခင်က ဤကိစ္စနှင့်ပတ်သက်ပြီး သူမကိုယ်တိုင် စုံစမ်းခဲ့ပါသော်လည်း ရေရေရာရာ ဘာမျှမသိဘဲ သုစန္ဒီအနေနှင့် စဉ်းစားရကြပ် နေသည်မှာ ဩစတြေးလျားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူတစ်ဦးဖြစ်ပါလျက် သူမကို ပြန်ထွက်ခွင့် မပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားလျှောက်ဖို့ စိုင်းကို မိမိက ပူဆာစဉ်အခါက ဤကိစ္စကို အလောသုံးဆယ် မဆုံးဖြတ်ဖို့ စိုင်းက သတိပေးခဲ့သည်ကို တွေးရင်း စိုင်း၏ အမြော်အမြင်ကြီးမှုကို သုစန္ဒီ ကျေးဇူးတင်ရပါ၏။

HQ: EASTERN COMMAND
TAUNGGYI
NO. 3335 / 1 / G-?
Dated the 17 August 1962.

To,

Mrs Sao Kya Seng
The East Haw
Hsipaw N.S.S

Subject:- Appeal to send Clothings and Letters.

Referenc. Your Letter dated the 1st August 1962.

Sao Kya Seng, Sawbwa of Hsipaw have never been taken into custody by the Defence Service. Only Sao Kya Zone, brother of the Sawbwa was found in Taunggyi and detained by this Command. It is learnt that when the house of Sao Kya Zone was searched. Sawbwa of Hsipaw was absent.

[signature] Capt
f Commander.

Recd. 25/8/62

စဝ်ကြာဆိုင်ကို ဖမ်းဆီးထားခြင်း မရှိကြောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ငြင်းကွယ်၍
သုစန္ဒီသို့ ပေးပို့ခဲ့သောစာ

အခန်း (၂၀)

*"အစ်မကြီး သူတို့လုပ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ပြည်ပထွက်ဖို့ကိစ္စက အဆင်ပြေသွားမှာပါ"*

ရက်အနည်းငယ်အတွင်းမှာပင် သုစန္ဒီနှင့် ပေါ်လာတို့ တရားရိပ်သာတွင် ပြန်ဆုံကြပြီးနောက် ပေါ်လာက သတင်းယူလာသည်။

*"ဒါဆို ကလေးတွေကရော ပေါ်လာ"*

*"သူတို့ကတော့ ဩစတြီလျနိုင်ငံသားဖြစ်ကြောင်း ပြနိုင်တယ်ဆိုရင် ခွင့်ပြုနိုင်မယ်လို့ ပြောတယ်"*

ကြားလိုက်ရသည်ကား သုစန္ဒီအဖို့ တထိတ်တလန့် စိုးရိမ်နေရသော အဖြေ၊ သူမကို ခံစားနားလည်မှုအပြည့်ဖြင့် ပေါ်လာကြည့်လိုက်သည်။ မိခင်ဘက်က မည်သို့ဆိုစေကာမူ ဤနိုင်ငံတွင် မွေးခဲ့သည့်အတွက် သူမ၏ သမီးတို့ကား မြန်မာနိုင်ငံသားများဖြစ်နေရသည်ကို နာကျင်စွာနှင့် သူမ လက်ခံလိုက်ရသော်လည်း မည်မျှခက်ခဲသည်ဖြစ်စေ ရအောင်ဖြေရှင်းဖို့ သုစန္ဒီ ဆုံးဖြတ်လိုက်သည်။

*"ကျေးဇူးပဲ ပေါ်လာ၊ ကလေးတွေကို ဩစတြီးလျနိုင်ငံသားဖြစ်ကြောင်း အစ်မကြီး သက်သေပြရမှာပေါ့၊ ဒါပေမဲ့ လိုအပ်လာရင် နောက်တစ်ခေါက်လောက် ကူညီပါဦးကွယ်"*

သုစန္ဒီမျက်လုံးတို့ကိုနားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်သော်လည်း ပေါ်လာက မငြင်းပယ်။

*"ရပါတယ် အစ်မကြီး၊ ကူညီနိုင်ပါတယ်၊ ပြောပါ"*

သုစန္ဒီ၏ နိုင်ငံကူးလက်မှတ်ကို ကရာချီရှိ ဩစတြီးသံရုံးသို့ ပေးပို့လိုက်ပြီး၊

သူမ၏ နိုင်ငံကူးလက်မှတ်တွင် သမီးငယ်နှစ်ယောက်ကိုပါ ထည့်ပေးဖို့ သံအမတ်ကြီးဆီ ပန်ကြားခဲ့ပါသော်လည်း မအောင်မြင် ဤသို့ ပြုလုပ်ပေးခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေနှင့် ဆန့်ကျင်နေသလို တရားမဝင် လုပ်ခဲ့မည်ဆိုလျှင်တောင် ဗမာအစိုးရအာဏာပိုင်များက သိလိမ့်မည်ဖြစ်ကြောင်း၊ သံအမတ်ကြီးက အကြောင်းပြခဲ့သည်။ သို့ဖြစ်၍ သုစန္ဒီအတွက် နောက်ထပ် မျှော်လင့်နိုင်ပါသော အကမ်းအလှမ်းတစ်ခုမှာ ဘန်ကောက်မှ ပြည်ထောင်စုလျှသံရုံးဖြစ်သည်။ အဆိုပါသံရုံးအနေနှင့်ဆိုလျှင် ဗမာအစိုးရနှင့် အကျိုးစီးပွားအရ ပတ်သက်မှု ကြီးကြီးမားမား ရှိလှသည်မဟုတ်၍ ဖြစ်နိုင်စရာအကြောင်းရှိသည်။

အဆိုပါကာလအတွင်း စစ်အာဏာသိမ်းခြင်း ဒုတိယမြောက် နှစ်ပတ်လည်နေ့ ရောက်လာပြန်သည်ဖြစ်၍ ဖမ်းဆီးထားသော ကျောင်းသားအနည်းငယ်ကို လွှတ်ပေးခဲ့သည်ဆိုသော်လည်း နိုင်ငံရေးသမား အများစုသည်ကား ဥပဒေအရ တရားမျှတသော ဆောင်ရွက်မှုများ တစ်စုံတရာလည်း မရှိ၊ အကြောင်းပြချက်လည်း မပေးနိုင်ပါဘဲ အကျဉ်းထောင်များထဲတွင် ဆက်လက်ဖမ်းဆီးထားဆဲဖြစ်သည်။ သို့နှင့်အမျှ ပရော်ဖက်ဆာဟော့မှတစ်ဆင့် ဗိုလ်နေဝင်းထံ ပေးပို့ခဲ့ပါသော သုစန္ဒီ ရေးလိုက်သည့် စာမှာလည်း စိုင်းထံသို့ ရောက်ခဲ့သည်မဟုတ်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတစ်ဦးက သုစန္ဒီကို ယခုလို သတင်းပေးခဲ့သည်။ စဝ်ကြာဆိုင်နှင့်ပတ်သက်ပြီး ပြည်ထောင်စုလျှ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးသီဟန်ကို ဖြေရှင်းချက်တောင်းဆိုရာ ဦးသီဟန်က ဗိုလ်နေဝင်းကို ဤသို့ ဤအကြောင်း ပြောပြပြီး မည်သို့ အကြောင်းပြန်ရမည်ကို မေးသည်တွင် စစ်အစိုးရက စဝ်ကြာဆိုင်ကို ဖမ်းဆီးထားခြင်း မရှိကြောင်း လုံးဝငြင်းကွယ်ဖို့ အမိန့်ပေးလိုက်သည် ဟူ၏။ သို့ဖြစ်၍လည်း စိုင်းလွတ်မြောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ခုံရုံး၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် သက်ဆိုင်ရာအစိုးရများ၏ အကူအညီကို ရယူရတော့မည်ဖြစ်ရာ ပြည်ပသို့ ရသည့်နည်းနှင့်ထွက်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သမီးငယ်နှစ်ယောက်သည်လည်း ယခု မက်သရစ်ကျောင်း တက်နေရာ စာသင်နှစ် ပြီးဆုံးသွားသည်နှင့် ပြည်ထောင်စုလျှခရီးစဉ်အတွက် ပြင်ဆင်စရာ ရှိတာတွေ လုလုပ်ကိုင်ပေးနေရာမှ *'ဟိုရောက်ရင် ပါပါက လာကြိုနေမှာလား'*ဟု သမီးတို့က မေးတော့ သုစန္ဒီ ဝမ်းနည်းပက်လက်ဖြစ်ရပြန်သည်။ သို့ပေမဲ့ ယခုအချိန်ရောက်မှ ခံစားချက်တို့ကို ရှေ့တန်းတင်နေလို့ မရ။ ဆွေမျိုးညာတကနှင့် မိတ်ကောင်းဆွေကောင်း

တို့၏ အကူအညီ၊ အကြံဉာဏ်စကားတို့ဖြင့် ပြင်စရာ ဆင်စရာအားလုံးကို ပြင်ဆင်ရသည်။ သီပေါပော်နန်းကိုလည်း ဝတ်လုံတစ်ဦးနှင့် တိတ်တဆိတ် ဆွေးနွေးပြီး ဆွေမျိုးသားချင်းထဲမှ ထိန်းသိမ်းစောင့်ရှောက်မည့်သူကို တရားဝင် လွှဲအပ်ပေးခဲ့သည်။ ပြည်ပခရီးအတွက် တရားဝင်အထောက်အထားများ ကိုယ့်လက်ထဲ မရောက်မချင်း ကိုယ့်အကြံအစည်ကိုပင် လျှို့ဝှက်ထားပြီး အရင်းနှီးဆုံးမိတ်ဆွေ သုံးဦးနှင့်သာ တိုင်ပင်ခဲ့ရာ သူတို့က စိတ်ဓာတ်ရေးရာအရ အားပေးခဲ့ကြသလို လက်တွေ့လည်း ကူညီခဲ့ကြသည်။

*"ကိုယ်ကိုတိုင် ဘန်ကောက်သံရုံးကို သွားပြီး ပြီးပြည့်စုံတဲ့အထိ အင်ဂျီကို ကူညီပါ့မယ်၊ ကိုယ်မရှိခိုက် ကိုယ့်မိသားစုကိုသာ ခဏစောင့်ရှောက်ပေးပါ"*

သူမ၏ အရင်းနှီးဆုံး၊ ဥရောပမိတ်ဆွေတစ်ယောက်က စေတနာ့ဝန်ထမ်း အဆိုပြုလာရာ သုစန္ဒီက အဆိုပါခရီးအတွက် ကုန်ကျသည့် စရိတ်စကအားလုံးကို တာဝန်ယူလိုက်သည်။ ခရီးသွားမည့် မိတ်ဆွေ၏ အမည်မှာ ဘက်တန်ဖြစ်ပြီး သံတမန်နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသည်ဖြစ်၍ မြန်မာနိုင်ငံမှ လွယ်လွယ်ကူကူနှင့် ထွက်ခွာသွားပြီး မဖြစ်နိုင်ဟု ထင်စရာရှိသော အမှုကိစ္စကြီးကို (၂) ရက်အတွင်း အောင်မြင်စွာ ဆောင်ရွက်ပြီးနောက် ဘန်ကောက်မှ ရန်ကုန်သို့ ပြန်ရောက်လာခဲ့သည်။

*"ဘက်တန်ရယ်၊ ဘယ်လိုကျေးဇူးတင်ရမယ်ဆိုတာတောင် ကိုယ်မတွေးတတ်တော့ပါဘူး"*

မာယာရီနှင့် ကိန္နရီတို့ကို ဩစတြေးလျနိုင်ငံသားများအဖြစ် အသိအမှတ်ပြုကြောင်း တရားဝင် စည်းတံဆိပ်နှင့်အတူ ထောက်ခံချက်ပေးထားသော နိုင်ငံကူးလက်မှတ်ကို ရင်မှာ ဖိကပ်လျက်၊ မျက်ရည်များ တွေတွေစီးလျက် သုစန္ဒီ ကျေးဇူးစကားဆိုနေသလို ဤမျှ ခက်ခဲသော ကိစ္စကို အချိန်တိုအတွင်း လွယ်လွယ်ကူကူ ပြီးမြောက်လာခဲ့သည့်အတွက်လည်း ဘက်တန်ကို အခြားသူငယ်ချင်းတစ်ယောက်က တအံ့တဩဖြစ်နေရသည်။

*"ဘက်တန်ရယ်၊ နင် ဘယ်လို နည်းလမ်းတွေနဲ့များ ရလာခဲ့တယ်၊ တို့ကို ပြောစမ်းပါဦးဟယ်၊ အရမ်းစိတ်ဝင်စားစရာပဲ"*

*"သိပ်မခက်ခဲ့ပါဘူး။ သူငယ်ချင်းတို့ရယ်၊ ကံကောင်းတယ်ပဲ ဆိုရမလား။ မမျှော်လင့်ဘဲ အကူအညီ ရခဲ့တယ်၊ ဖြစ်ပုံက ဒီလိုဟ့်၊ ဘန်ကောက်လေယာဉ်ကွင်း ရောက်တာနဲ့ ကားငှားပြီး ဩစတြေးလျသံရုံးကို သွားခဲ့တယ်၊ သံအမတ်ကြီး မေယာတန်ကို တွေ့ဖို့ပါပဲ၊ သူက စိတ်ကောင်း နှလုံးကောင်း ရှိတဲ့သူပါ၊ ဒါမေ့ သံရုံးရောက်တော့*

*သူ မရှိဘူး။ ခရီးသွားနေတယ် ပြောတယ်၊ သံရုံးအတွင်းဝန်နဲ့ တွေ့ပေမဲ့ သူက ငါတောင်းတဲ့ အကူအညီကို ပြတ်ပြတ်သားသားပဲ ငြင်းလိုက်တယ်၊ ဒါကြောင့် ငါက သံအမတ် ပြန်လာတဲ့အထိ သံရုံးမှာပဲ စောင့်မယ်ဆိုပြီး ပါလာတဲ့ စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေတော့တာပဲ၊ နောက်တော့ အတွင်းဝန်က ငါ့ကို ဟိုမေး ဒီမေး မေးတဲ့အခါ သူက ငါတို့နဲ့ တစ်မြို့ထဲသားချင်းဖြစ်ပြီး ငါ့ညီမဝမ်းကွဲရဲ့ ချစ်သူဖြစ်နေပါလေရော''*

*''တကယ့်ကို မယုံနိုင်စရာပဲနော်''*ဟု သူငယ်ချင်းတစ်ယောက်က ကြားမှ စကားထောက်လိုက်ပြီး ဘက်တန်က ဆက်ပြောသည်။

*''အဲဒီလို အကျိုးရယ် အကြောင်းရယ် သိလိုက်ရပြီဆိုတော့ ပွဲပြီးသွားပြီပေါ့ကွာ၊ ကိုယ်တောင်းဆိုတဲ့ကိစ္စက တရားမဝင်ဘူးဆိုပေမဲ့ သူက အင်ဂျီတို့ သားအမိတွေကို စာနာတဲ့အနေနဲ့ လုပ်ပေးလိုက်ပါတယ်၊ သူက ကိုယ့်ကို ညှာခံချင်သေးတဲ့အတွက် ဘန်ကောက်မှာ တစ်ရက် နှစ်ရက်နေဖို့ ပြောပါသေးတယ်၊ ဒါပေမဲ့ ကိုယ်လည်း အင်ဂျီအတွက် ဝမ်းသာလွန်းလို့ နောက်ရက်မှာပဲ ပြန်လာခဲ့တာပဲ''*

တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ သမီးနှစ်ယောက်၏ ဓာတ်ပုံများနှင့် အတူ နိုင်ငံသားဖြစ်ကြောင်း ထောက်ခံထားသော နိုင်ငံကူးလက်မှတ်မှာ သုစန္ဒီအဖို့ တန်ဖိုးမဖြတ်နိုင်ရာ၊ အိပ်ရာဝင်ရာ၌ပင် ခေါင်းအုံးအောက်ထား အိပ်ခဲ့ရသည်။ သို့ပေမဲ့ ပြည်တော်ပြန်ခရီးအတွက် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ဆောင်ရွက်စရာများ ကျန်ရှိနေသေးရာ သူမကိစ္စကို သိုသိုသိပ်သိပ်နှင့် လုပ်ကိုင်ရပေဦးမည်။ ကျွမ်းကျင်သော အရာရှိများအနေနှင့် သူမ၏ နိုင်ငံကူးလက်မှတ်မှ ထောက်ခံချက်ကို တရားမဝင်ကြောင်း အလွယ်တကူ သိနိုင်သည်ဖြစ်၍ သာမန်အရပ်သားဝန်ထမ်းများနှင့် လက်သိပ်ထိုး လုပ်ကိုင်ဖို့လိုသည်။ သို့ဖြင့် ယခင် မြင်းပြိုင်ကွင်းဟောင်းနေရာတွင် ရုံးစိုက်ထားသော လူဝင်မှုကြီးကြပ်ရေးဌာနသို့ ပထမအကြိမ် သွားရောက်ခဲ့ရာ သူမ သံသယရှိသလို ဖြစ်လာပါတော့သည်။ လူဝင်မှုကြီးကြပ်ရေးဌာနတစ်ခုလုံးတွင် အရပ်သားဝန်ထမ်းဟူ၍ တစ်ယောက်မျှ မတွေ့ရ။ စစ်ဘက်အရာရှိကြီးများနှင့် အစားထိုးပြီး နိုင်ငံမှ ထွက်ခွာလိုသူတို့ ကိစ္စကို ဆောင်ရွက်ပေးနေကြသည်။

ဩစတြီးလျမှ မိခင်ကြီး အသည်းအသန် နာမကျန်းဖြစ်နေပါ၍ ပြန်လိုသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်တော်ပြန်ခွင့် တောင်းခံထားသော သုစန္ဒီ၏ လျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်နှင့် လိုအပ်သော စာရွက်စာတမ်းတို့ကို စစ်ဗိုလ်တစ်ယောက်က လက်ခံစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်လေရာ ထိုနေ့မှစ၍ လူဝင်မှုကြီးကြပ်ရေးရုံး

သို့ ခြေတိုမတတ် သွားချည်လာလှည့် ကူးကလန်ခတ်ခဲ့ရသည်။ တစ်လခွဲမျှ ကြာခဲ့ပါသော်လည်း ရောက်လေတိုင်း ကြားရသည့်အဖြေကား မပြောင်းလဲ။

*"ကျနော်တို့ မဆုံးဖြတ်ရသေးဘူး၊ မနက်ဖြန်လာခဲ့ပါဦး"* ဆိုသည်ချည်းသာ။ မိခင်ကြီး ကျန်းမာရေးအကြောင်းပြချက်နှင့် ပတ်သက်၍ ဩစတြေးလျမှ ပေးပို့ခဲ့ပါသော ဆရာဝန်၏ ထောက်ခံစာသည်လည်း ဘာမျှ အရာထင်ခဲ့ပုံ မရ။ စောင့်ရလွန်း၍ သည်းခံစိတ်သာ အလေ့အကျင့်တစ်ခု ဖြစ်လာခဲ့သည်။ အဆိုပါကာလအတွင်း မိတ်ဆွေသင်္ဂဟတို့၏ အားပေးမှု၊ အာနာပါနတရားတို့၏ အလေ့အကျင့်တို့ဖြင့်သာ သူမ စိတ်ကို ပြိုကျမသွားအောင် ထိန်းထားခဲ့ရပြီး သည်လိုနှင့် ကျရောက်လာပါသော သကြန်ကို သူစိမ်းပြင်ပြင် အဖြစ်အပျက်တစ်ခုလို သူမ ဖြတ်ကျော်ခဲ့ရပြန်ပါ၏။

သည်လိုနှင့် မေလ (၉) ရက်နေ့ လူဝင်မှုကြီးကြပ်ရေးရုံးခန်းသို့ ယခင်အတိုင်း ရောက်လာခဲ့ရာ သူမကိစ္စကို တာဝန်ယူထားသော စစ်ဗိုလ်က သီသန့်ရုံးခန်းတစ်ခန်းတွင် ခေါ်တွေ့သည်တွင် သတင်းကောင်း ကြားရပြီလား မျှော်လင့်ချက်ဖြင့် စစ်ဗိုလ်၏ စကားကို ရင်တထိတ်ထိတ်နှင့် သူမ စောင့်နေသည်။

*"မဟာဒေဝီအတွက် ကျနော် စိတ်မကောင်းပါဘူး"*

*"ရှင်"*

*"ဟုတ်ပါတယ်၊ မဟာဒေဝီရဲ့ဖိုင်ကို စစ်ထောက်လှမ်းရေးက အကြောင်းပြချက်တစ်ခုမှ မပေးဘဲ ယူသွားတဲ့အတွက် ကျနော်တို့ဘက်က ဘာမှ ရှေ့ဆက်လုပ်လို့ မရတော့ပါဘူး"*

မျှော်လင့်ခြင်း ဘယ်မမြင်တော့ပြီ၊ ထုံထိုင်းဆွံ့အစွာ သူမ ထိုင်နေမိသည်။ စစ်ထောက်လှမ်းရေးက ကြားဝင်လာပြီဆိုလျှင် သူမ နိုင်ငံကူးလက်မှတ်တွင် တရားမဝင်ဖြည့်ထားသော အချက်ကို သူတို့ သိသွားပြီ ထင်သည်။ သို့ပေမဲ့ စစ်ဗိုလ်၏ မျက်လုံးထဲတွင် သူမအပေါ် စာနာနားလည်ပါသော ကရုဏာအကြည့်ကို တွေ့နေရသည်။

*"ရှင်ဆိုလိုတာကို ကျမနားလည်ပါတယ်၊ အခုလို ပြောတဲ့အတွက်လည်း ကျေးဇူးပါပဲ"*

❀ ❀ ❀

ဦးလှတင်ကို အိမ်ကို မောင်းဖို့ ပြောပြီးကာမှ လမ်းခုလတ်ရောက်မှ တရားရိပ်

ယဉ်မျိုးစာအုပ်တိုက်

သာ မောင်းဖို့ ပြင်ပြောလိုက်သည်။ စောစောက ကြားလိုက်ရသော စကားကြောင့် ထိတ်လန့်ခဲ့ရသော်လည်း ယခု ခေါင်းအေးအေးနှင့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

*"ပေါ်လာရဲ့ အကူအညီကို ယူဖို့ အချိန်ရောက်ပြီ၊ သည်ပြဿနာကို ပေါ်လာ ဖြေရှင်းနိုင်လိမ့်မယ်"*

သူမတွက်ကိန်း မှန်သည်။ ထိုမှ (၂) ရက်အကြာ မေလ (၁၁) ရက်၊ ညနေ (၆) နာရီခန့်တွင် သုစန္ဒီအိမ်သို့ စက်ဘီးတစ်စီးနှင့် ပေါ်လာ အမောတကော ရောက်လာသည်။

*"အစ်မကြီး။ ရော့ ဒီမှာ ကလေးနှစ်ယောက်နဲ့အတူ အစ်မကြီးအတွက် ထွက်ခွာခွင့်၊ ဒါပေမယ့် ဒီညမှာပဲ အမေရိကန်လေကြောင်းလိုင်းနဲ့ အစ်မကြီး ထွက်ရလိမ့်မယ်"*

*"ဘယ်လို၊ ဘာကြောင့်လဲ ပေါ်လာ"*

*"ဟုတ်တယ်၊ ဗိုလ်မှူးကြီးမောင်လွင် ခရီးသွားနေတုန်း ထောက်လှမ်းရေး အရာရှိတစ်ယောက်က ပော့ဒီပါမစ်ကို ပေးလိုက်တာ၊ မနက်ဖြန်ဆို ဗိုလ်မှူးကြီး ပြန်ရောက်လာလိမ့်မယ်၊ ဒါကြောင့်"*

*"ဟုတ်ပြီ။ ဒါဆို ဒီနေ့ညပဲ ထွက်မယ်၊ အရမ်းကျေးဇူးတင်ပါတယ် ပေါ်လာရယ်၊ ဒါနဲ့ ဘယ်လိုနည်းနဲ့ ပါမစ်ရခဲ့တာလဲ ပေါ်လာ"*

*"သနားကြင်နာစိတ်ရှိတဲ့ ယယ်သူငယ်ချင်းတစ်ယောက်က စွန့်စားပြီး ပေးလိုက်တာပဲ ပြောပါတော့"*

ထိုစဉ် နိုင်ငံကူးလက်မှတ်ကို သုစန္ဒီ သတိရလိုက်ပြီး ရုတ်တရက် ထိန့်လန့်သွားသည်။

*"ပေါ်လာ နိုင်ငံကူးလက်မှတ်ကရော ဘယ်လိုလဲ"*

*"အဲဒီကိစ္စကို မပူပါနဲ့ အစ်မကြီး။ လေယာဉ်ပေါ် မတက်ခင် အစ်မကြီးလက်ထဲ ရောက်လာမှာပါ၊ အခုအချိန်မှာ အစ်မကြီး စီစဉ်စရာရှိတာတွေ စီစဉ်ထားပါ၊ ကျမ ပြန်လာပြီး အစ်မကြီးတို့ကို လေယာဉ်ကွင်းအထိ လိုက်ပို့ပါ့မယ်"*

စက်ဘီးကလေးနှင့် ပေါ်လာထွက်သွားသည်နှင့် သုစန္ဒီတို့ တစ်အိမ်သားလုံး ရုတ်ရုတ်သဲသဲနှင့် အလုပ်ရှုပ်ကုန်တော့သည်။ ဦးဆုံး သမီးနှစ်ယောက်ကို ခေါ်ပြီး မကြာခင် ခြစ်တြီးယားသို့ ထွက်ခွာတော့မည့်အကြောင်းပြောပြီး ခရီးဆောင်သေတ္တာ တစ်လုံးစီတွင် သူတို့ အဝတ်အထည်နှင့် ပစ္စည်း၊ ပစ္စရာတွေ ထည့်သည်။ ပြီးသည်နှင့်

ရန်ကုန်အိမ်နှင့် ပတ်သက်သော စာရွက်စာတမ်း၊ လက်ဝတ်ရတနာနှင့် ငွေကြေးတို့ကို တူမောင်တစ်ယောက်ကို လွှဲပြောင်းပေးပြီး ဝန်ထမ်းများကိုလည်း သီပေါသို့ ပြန်ကြဖို့နှင့် ရင်းနှီးစားသောက်စရာ ငွေကြေးတို့ကို ထောက်ပံ့ရသည်။ ရုတ်တရက် ကောက်ကာငင်ကာ ပြောင်းလဲသွားသော အဖြစ်အပျက်တို့နှင့်အတူ အိမ်ရှိလူ အားလုံး အံ့အားသင့်နေ ရုံမှတစ်ပါး စကားတစ်လုံးမှ မပြောနိုင်ကြ။ ပတ္တမြား၊ နီလာ၊ စိန်ရွှေရတနာတို့ကို သေတ္တာငယ်လေးတစ်လုံးထဲ သေသေသပ်သပ်ထည့်ရင်း သူမကိုယ်ပေါ်တွင် နေ့စဉ် ဆင်မြန်းခဲ့ပါသော လက်ဝတ်ရတနာတို့ကို စိတ်ထဲက နှုတ်ဆက်လိုက်သည်။ သူမနှင့်အတူ ရှိနေသော ပတ္တမြား စေ့စပ်လက်စွပ်လေးကို ယူသွားချင်ပါသော်လည်း ဝမ်းနည်းကြေကွဲစွာဖြင့် ချွတ်လိုက်ပြီး သေတ္တာထဲ ထည့်လိုက်သည်။ နိုင်ငံမှ ထွက်ခွာမည့် နိုင်ငံခြားသားဆိုလျှင် မည်သူမျှ အဖိုးတန် ကျောက်မျက်လည်ရွဲတို့ကို ယူဆောင်ခွင့် မပြုသည်ဖြစ်ရာ တစ်ခါက သံအမတ်၏ ဇနီးဖြစ်သူ ဗမာပြည်မှ ထွက်ခွာရာ သူမတွင် ဝတ်ထားသော စေ့စပ်လက်စွပ်တို့ကိုပင် လေဆိပ်တွင် လုံခြုံရေးဝန်ထမ်းများက အတင်းအကျပ်တားမြစ်၍ ချွတ်ထားခဲ့ရကြောင်း ပေါ်လာက သတိပေးခဲ့သည်။

ပြီးနောက် စာရွက်စာတမ်းများကြားတွင် ညှပ်ထားသော နိုင်ငံခြားငွေစက္ကူများကို ကြည့်သည်။ အဆိုပါ ငွေစက္ကူများမှာ ယခင် နိုင်ငံခြားသို့ သွားခဲ့သော အခေါက်အခါများက ပါလာခဲ့သော ငွေစက္ကူများဖြစ်ပြီး ယခင်အစိုးရ ဥပဒေအောက်တွင် တရားဝင်ပါသော်လည်း ယခု စစ်အစိုးရ ဥပဒေအရ ဤသို့ ငွေစက္ကူများ လက်ဝယ်ရှိနေခြင်းသည်ပင် တရားမဝင် ဖြစ်ရပြန်လေရာ မည်သို့ရှိစေ ၎င်းတို့အထဲမှ ဗြိတိသျှ ပေါင်စတာလင်နှင့် အမေရိကန် ဒေါ်လာငွေအချို့ကို မိမိနှင့် တစ်ပါတည်း ယူဆောင်သွားဖို့ စဉ်းစားခဲ့သော်လည်း ယခုမူ ထိုအစီအစဉ်ကို ဖျက်ပြီး ငွေစက္ကူတို့ကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ဩစတြီးလျနိုင်ငံ ဗီယင်နာလေဆိပ်ရောက်လျှင် သုံးဖို့ စွဲဖို့ မိမိမှာ တစ်ပြားတစ်ချပ်မှ မရှိသော်လည်း ငွေစက္ကူများ ယူဆောင်ရင်းဖြင့် တစ်စုံတရာ ပြဿနာ အဖြစ်မခံနိုင်။ ဤမျှ အချိန်တိုလေးအတွင်း ဤမျှ များပြားလှပါသော အဝတ်အထည်နှင့် ပစ္စည်းပစ္စရာတို့ကို စုစုပေါင်းအလေးချိန် ပေါင် (၄၀) မကျော်ဘဲ ခရီးဆောင်သေတ္တာငယ် (၃) လုံးတွင် ထည့်ဖို့ ရွေးချယ်ရသည်မှာလည်း တစ်ဒုက္ခ၊ ဗီယင်နာရောက်လျှင် ဝတ်ဖို့ အနောက်တိုင်း အဝတ်အထည်ဆို၍ ရန်ကုန်တွင် ချုပ်ထားသော နွေရာသီဝတ်စုံ အနည်းငယ်သာရှိပြီး၊ ကျန်အဝတ်အစားများမှာ မြန်မာအဝတ်အစားချည်းသာဖြစ်၍ အားလုံးကို ချန်ရစ်ခဲ့ရသည်။

လူသုံးယောက်၊ ခရီးဆောင်သေတ္တာငယ် သုံးလုံး၊ မှောင်မိုက်သော အပူပိုင်းဒေသ၏ ညကို ဖြတ်လျက် မဂ်လာဒုံလေဆိပ်သို့ မော်တော်ကားနှင့် ထွက်လာသည့်အခါ သူမ မျက်လုံးတွေကို မှိတ်ထားခဲ့သည်။ လွန်လေပြီးသော အနှစ် (၂၀) က၊ စိုင်းနှင့် သူမတို့ ဤလေဆိပ်မှပင် သီပေါသို့ ထွက်ခွာဖို့ တက်ကြွစွာ ခရီးနှင်လာခဲ့ကြသည်။ ယခု ခရီးကား သမီးနှစ်ယောက်နှင့်အတူ ဤဒေသ၊ ဤတိုင်းပြည်မှ ကသောကမျော ထွက်ခွာဖို့ သူမတတစ်ကိုယ်တည်း ကတိုက်ကရိုက် လာနေရသော ခရီး၊ တစ်နေ့ တစ်ချိန်၊ စိုင်းနှင့် မိသားစု ပြန်တွေ့မည်၊ မတွေ့မည်လားကိုပင် မသိ၊ မိမိနှင့်အတူ ထိုင်နေသော ချစ်စရာ သမီးငယ်နှစ်ယောက်ကို ကြည့်ရင်း သုစန္ဒီ တစ်ချက် ပြုံးမိပါ၏။ စိုင်းက သူတို့လေးတွေကို လွတ်လပ်ခြင်းရှိရာ ဝန်းကျင်တွင် ရှင်သန်စေချင်သည့်အလျောက် ယခု စိုင်း၏ ဆန္ဒကို သူမ ဖြည့်ခဲ့လေပြီ။

ပေါ်လာ၊ ဘက်တန်နှင့် မေဘယ်တို့အပါအဝင် ရှမ်းဆွေမျိုး ညာတကတစ်စုက သုစန္ဒီနှင့်အတူ လေဆိပ်သို့ လိုက်ပါပို့ကြပါသော်လည်း သူတို့မျက်နှာတွေပေါ်က ထိန့်လန့်မှုတွေကို သူမ ရှင်းရှင်း တွေ့နေရသေးသည်။ လေဆိပ်တွင် ချောချောမောမောမှ ဖြစ်ပါမည်လား၊ စစ်ဆေးရေးဂိတ်တွေကို အောင်အောင်မြင်မြင်မှ ဖြတ်နိုင်ပါမည်လား၊ ထာဝရ ဝေးကြရတော့မည့် ပြည်တော်ပြန်ခရီးဆိုပေမဲ့ တစ်ယောက်နှင့်တစ်ယောက် အလွမ်းမသယ်နိုင်၊ ကတုံးကတိုက်နှင့်ပင် ပွေ့ဖက်နူတ်ဆက်လိုက်ကြပြီးနောက် စစ်ထောက်လှမ်းရေး အရာရှိနှစ်ယောက်က သုစန္ဒီတို့ သားအမိတတွေကို အခန်းငယ်တစ်ခန်းဆီ ခေါ်ဆောင်လာသည်။

*"ကျနော်တို့ မေးခွန်း နည်းနည်း မေးစရာရှိပါတယ်"*

အရပ်ဝတ်နှင့် လူနှစ်ယောက်ကို မျက်လုံးလေးတွေ အဝိုင်းသားနှင့် ငေးကြည့်နေကြသော သမီးနှစ်ယောက်တို့၏ လက်များကို ဆုပ်ကိုင်ထားရင်း သုစန္ဒီ ခေါင်းညိတ်သည်။

*"အစ်မကြီးက မြန်မာနိုင်ငံက ဘာလို့ ထွက်ခွာချင်တာလဲ"*

*"ကျမရဲ့ မိခင်ကြီး မကျန်းမမာဖြစ်နေလို့ပါ"*

*ဩစတြီးလျရောက်ရင် ဘာလုပ်ဖို့ စီစဉ်ထားပါသလဲ"*

*"ကျမ မိခင်ကြီးကို ပြုစုဖို့ပါပဲ"*

*"နိုင်ငံခြားငွေကြေး၊ ဒါမှမဟုတ် ကျောက်မျက်ရတနာတွေ ယူလာပါသလား"*

*"ဟော့ဒီ လက်ထပ်လက်စွပ်လေးတစ်ကွင်းပဲ ကျမမှာ ရှိပါတယ်"*

ဘယ်ဘက်လက်ကို ဆန့်ရင်း ရွှေလက်စွပ်လေးကို သူမပြသည်။ တားမြစ်ချက်တွေအားလုံးကို အာခံပြီး မင်္ဂလာဆောင်သည့်နေ့က စိုင်းကိုယ်တိုင် ဝတ်ဆင်ပေးခဲ့ပါသော ရွှေလက်စွပ်လေးကိုဖြင့် ကိုယ်နှင့်အပါ ယူခဲ့ဖို့ သူမဆုံးဖြတ်ပါ၏။

မေးခွန်းအချို့ မေးပြီးနောက် ရှာဖွေရေးအလုပ် စတင်ရာ၊ ပါလာသမျှ အိတ်နှင့်သေတ္တာများသာမက ကလေးကစားစရာအရုပ်တို့ကိုပင် သွန်မှောက်လှန်လှော ရှာဖွေပါသော်လည်း သံသယဖြစ်စရာ တစ်ခုတလေမှ မတွေ့ရသည့်အဆုံးတွင်မူ ထောက်လှမ်းရေး အရာရှိအားလုံး ကျေနပ်သွားကြသည်။

*"ရပါပြီ၊ အစ်မကြီးတို့ကို လေယာဉ်အထိ လိုက်ပို့ပါမယ်"*

သမီးနှစ်ယောက်လက်ကိုဆွဲကာ ထောက်လှမ်းရေးအရာရှိနှစ်ယောက် နောက်သို့ လိုက်ပါလာသည်အထိ သူမ၏ နိုင်ငံကူးလက်မှတ်ကို မမြင်ရသေး။ အချိန်က မရှိတော့ပြီ၊ ဂိတ်တံခါးတို့ကို ဖြတ်ပြီး ကွင်းထဲတွင် ရပ်ထားသော အမေရိကန်လေကြောင်းလိုင်း ဘိုးရင်း 707 လေယာဉ်ကြီးဆီ လျှောက်လာကြသည်။ ဥရောပသို့ ပျံသန်းရာ တစ်ပတ်လျှင် တစ်ရက်မျှသာ ရန်ကုန်လေဆိပ်တွင် ရပ်နားသော တစ်စင်းတည်းသော လေယာဉ်ကြီး။ လေယာဉ်ပေါ်တက်သည့် လှေကားအခြေသို့ ရောက်သည့်အခါ ထောက်လှမ်းရေးအရာရှိတစ်ယောက်က အိတ်ထောင်ထဲက သူမ၏ နိုင်ငံကူးလက်မှတ်ကို ထုတ်လျက် လက်ရောက်အပ်သည်။

*"ကျေးဇူးတင်ပါတယ်"*

စကားလုံးမျှသာ တင်သော ကျေးဇူးစကားကို ဆိုပြီးသည်နှင့် လေယာဉ်ပေါ်သို့ မျှော်ကြည့်လိုက်ရာ လှေကားဆံများ အနည်းငယ်သာ ရှိပါသော်လည်း အတက်ခရီးကား မိုင်ချီနေဟန်တူသည်။ သမီးနှစ်ယောက်ကို ရှေ့မှ တက်စေပြီး ပထမတစ်ထစ်ကို လှမ်းတက်ပြီးသည်နှင့် သူမခြေလှမ်းများကား အလွန်အမင် လေးလံလာပြီး ခန္ဓာကိုယ်နှင့် ရုတ်တရက် အဆက်ပြတ်သွားသလို ခံစားလိုက်ရသည်။ ခြေလှမ်းတို့ ရှေ့ဆက်မရ၊ ရင်တွေ တလှပ်လှပ်တုန်လာပြီ။ ချွေးစီးချွေးပေါက်ကြီးတွေက အပြိုင်းပြိုင်း ကျလာရာ၊ သွားအချင်းချင်း ပွတ်ရိုက်သံတို့ကိုပင် သူမ ကြားနေရသည်။ လွတ်မြောက်ရာသို့ ပျံသန်းတော့မည်[redacted]လည်း ဘယ်အရာများ သူမကို ဆွဲထားပါသလဲ၊ စိုင်းတော့ မဟုတ်တန်ရာ၊ သူ[redacted] လွတ်မြောက်ရာသို့ ပျံသန်းစေချင်သူ၊ ဤမြေဤဒေသတွင် ရုန့်ရင်းကြမ်းတမ်းလှပါသော အဖြစ်သနစ်တို့နှင့် မည်သို့ ကြုံတွေ့ခဲ့စေကာမူ ဗမာပြည်ကား သူမဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့လေပြီ မဟုတ်ပါလား၊ ယခုမူ

နှောင်ကြိုးရယ် ငင်ချေပြီ၊ လေ့ကား လက်ရမ်းကို ဆုပ်ကိုင်ရင်း မျက်လုံးများ မှိတ်လိုက်ပြီး အသက်ကို ဖြေးညှင်းစွာ ရှူသွင်းလျက် စိတ်ကို စုစည်းလိုက်သည်။ တစ်အောင့်လေး အတွင်းမှာပင် စိတ်တည်ငြိမ်မှု ပြန်ရလာပြီဖြစ်၍ လေ့ကားအဆုံးတိုင် တက်လာနိုင်ခဲ့သည်။

သုစန္ဒီနှင့် သမီးနှစ်ယောက်၊ ထိုင်ခုံတွင် နေရာယူ၍ ခါးပတ်များ ပတ်လိုက်ပြီးနောက် လေယာဉ်တံခါးကြီးလည်း ပိတ်သွားပြီး ပြေးလမ်းပေါ်သို့ လေယာဉ်ဘီးများ တဖြည်းဖြည်းချင်း လိမ့်လာသည်။ ယခုအချိန်အထိ ထွက်ခွာခြင်းနှင့်ပတ်သက်ပြီး တစ်ခုခု ကပြောင်းကပြန် ဖြစ်သွားမှာကို သူမ စိုးရိမ်နေဆဲ။ အင်ဂျင်အသံများ မြင့်တက်လာပြီး တရိပ်ရိပ် အရှိန်နှင့်အတူ ပြေးလမ်းပေါ်မှ လေယာဉ်ကြွသွားပြီး တစ်ခဏတွင်မူ အင်တာကွန်းမှတစ်ဆင့် လေယာဉ်ကပ္ပတိန်၏ အသံကို ကြားလိုက်ရသည်။

*"ခရီးသည်များ ခင်ဗျား၊ ယခု ကျနော်တို့လေယာဉ်ကြီးဟာ ကာလကတ္တားသို့ ပျံသန်းနေပြီ၊ ပျံသန်းချိန် (၂) နာရီခန့် ကြာမြင့်မည်ဖြစ်ပါတယ်၊ ခရီးသည်တွေကို သတိပေးလိုတာကတော့ ယခု အချိန်အထိ ကျနော်တို့လေယာဉ်ဟာ ဗမာလေကြောင်း ပိုင်နက်အတွင်းမှာ ရှိနေသေးတယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်"*

လေယာဉ်ကပ္ပတိန်က ယခုလို ဘာကြောင့်များ ပြောရပါသလဲ၊ သုစန္ဒီ တွေးမရ၊ ဗမာစစ်အာဏာပိုင်တို့က လေယာဉ်ကို ပြန်လှည့်လာဖို့ အမိန့်ပေးနိုင်ပါသလား။ သို့ဖြစ်လျှင် လွတ်လပ်ခြင်းဆီသို့ ပျံသန်းနေပါသော သူမ၏ ခရီးကား နောက်ဆုံးစက္ကန့်အထိ မလုံခြုံ၊ စိတ်ဒုန်းဒုန်း ချမရသေး။ လေယာဉ်မယ်တို့က ကလေးတို့အတွက် ရောင်စုံခဲတံ၊ ပုံဆွဲစာရွက်၊ ကစားစရာများ လာပေးရာ၊ ကလေးတို့အတွက် စိတ်အဖော် ရလိုက်ကြသော်လည်း သူမအတွေးများကား ကမ္ဘောဇဘောနီ၌သာ တဝဲလည်လည်၊ စိုင်းနှင့် ပျော်ရွှင်စွာ နေထိုင်ခဲ့ရပါသော နှစ်များစွာ၊ သူမအနေနှင့် ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ ထိုထိုသော နေ့ရက်များက သူမ ဘဝထဲတွင် နနက်နက်ရှိုင်းရှိုင်း စူးဝင်၍ အစိုင်အခဲ တည်ခဲ့လေပြီ။ ယခုမူ ရှေ့တွင် စောင့်ကြိုနေသော စိန်ခေါ်မှုတို့ကို ရင်ဆိုင်ဖို့ရာ သူမ အားမွေးရပေဦးမည်။ ကလေးနှစ်ယောက်၏ မိခင်အဖြစ် အနောက်ကမ္ဘာသို့ ပြန်လာနေပါသော်လည်း မိဘအိမ်တွင် ခဏတာနေထိုင်ပြီး တစ်နေရာရာတွင် သူမတို့ မိသားစု အခြေချရပေဦးမည်။ အိမ်ထောင့်တာဝန်နှင့် သမီးနှစ်ယောက် အနာဂတ်တို့ကို သူမ တစ်ဦးတည်း တာဝန်ယူရပေဦးမည်။ သုစန္ဒီလက်ထဲမှာ ခြူးတစ်ပြားမှ မရှိ၊ ကုန်ကုန်ပြောရလျှင် ဗီယင်နာလေဆိပ်ရောက်လို့မှ အိမ်ကို ဖုန်းဆက်စရာ

ပိုက်ဆံတစ်ပြားမှ မရှိ၊ မော်တော်ကားခ မရှိ၊ လေယာဉ်ကပ္ပတိန်၏ ဒုတိယအကြိမ် ကြေညာချက်ကြောင့် သူမအတွေးများ ရပ်သွားသည်။

*"ခရီးသည်များခင်ဗျား။ ဗမာပြည်လေကြောင်းပိုင်နက်မှ ကျနော်တို့လေယာဉ်ကြီး စတင်ဖြတ်ကျော်လာပါပြီခင်ဗျား"*

ကြေညာပြီးဆုံးသည်နှင့် ခရီးသည်များထံမှ လက်ခုပ်လက်ဝါးတီးသံများ၊ ဟေးဟေးဝါးဝါး အော်ဟစ်သံများ၊ လက်ခေါက်မှုတ်သံများ တရှိုးရှိုးတဖြောင်းဖြောင်းနှင့် လေယာဉ်ကြီးတစ်စီးလုံး ဝက်ဝက်ကွဲ ပြည့်လျှံဆူညံသွားရာ ဗိုလ်နေဝင်း၏ စစ်ဖိနပ်သံခွာအောက်မှ ထွက်ပြေးလွတ်မြောက်လာသူ အတူတူချင်း ဖြစ်ပါသော်လည်း သုစန္ဒီတို့သားအမိ သုံးယောက်ထံမှ လက်ခုပ်သံနှင့် ပျော်ရွှင်စွာ အော်ဟစ်သံများကား အခြားခရီးသည်တို့ထက် ပို၍ ကျယ်လောင်မြည်ဟီးလှပါ၏။

ပါးနှစ်ဖက်ပေါ်မှ တတွေတွေ စီးကျလာပါသော မျက်ရည်ပေါက် ကြီးငယ်တို့ကို လက်ဆည်ဖို့ သုစန္ဒီ မကြိုးစားတော့။ ကြေကွဲဝမ်းနည်းခြင်းမှ ကျရသော မျက်ရည်ဖြစ်စေ၊ ပျော်ရွှင်ဝမ်းမြောက်ခြင်းမှ ကျရသော မျက်ရည်ဖြစ်စေ လွတ်လပ်စွာ စီးရစ်ကျစမ်းပါစေ၊ သုစန္ဒီ၏ ရင်ထဲမှာကား ထုထည်ကြီးမားလှပါသော ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ ရေးရေးမှိန်မှိန် ပြန်မြင်နေရပါသော မျှော်လင့်ခြင်းတို့ ရောစွတ်လျက် . . . . .။

ယဉ်[illegible] အုပ်တိုက်

## နိဂုံး

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့က သီပေါစော်ဘွား စဝ်ကြာဆိုင်ကို စစ်အာဏာသိမ်း တပ်ဖွဲ့ဝင်များ ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပျောက်ခြင်းမလှ လုံးဝပျောက်ဆုံးသွားပါသော်လည်း အဆိုပါ အမှုကိစ္စကို စစ်အစိုးရက တရားလက်လွတ်ငြင်းကွယ်ခဲ့သည်။

စာရေးသူ(အင်ဂျီသာကျန်) ဖက်မှ ဩစတြေးလျအစိုးရ၊ ဗြိတိန်အစိုးရ၊ အမေရိကန်အစိုးရနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ စသဖြင့် အစိုးရနှင့် အဖွဲ့အစည်းအသီးသီး၏ အကူအညီဖြင့် စဝ်ကြာဆိုင်ကို ရှာဖွေခဲ့ပါသော်လည်း စစ်အစိုးရက ဘူးခံ၍သာ လက်လွတ်စပယ် တုံ့ပြန်ခဲ့သည်။

ထိုနည်းလည်းကောင်း လူ့အခွင့်အရေး ဖောက်ဖျက်မှုများနှင့် ရုန့်ရင်းကြမ်းတမ်းသော ရာဇဝတ်မှုကြီးများကို ဗမာပြည်တွင် နှစ်ပေါင်းများစွာ စစ်အစိုးရအဆက်ဆက်ကျူးလွန်ခဲ့ပြီးနောက် ယခုသော်မူ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပြည်သူတို့၏ ရဲရင့်သော စွန့်လွှတ်ရုန်းကန်မှုများကြောင့် စစ်အစိုးရတို့ကို ကမ္ဘာ့မိသားစုဝင်များက ပိုင်းဝန်း ဆန့်ကျင်ခဲ့ကြပြီဖြစ်ရာ ထိုထိုသော အားထုတ်မှုတို့ကြောင့် ဗမာပြည်တိုင်းရင်းသားတို့ကို နှစ်ပေါင်းများစွာ ဒုက္ခပင်လယ်ဝေခဲ့ရပါသော အနိဋ္ဌာရုံများမှ လွတ်မြောက်နိုင်ပါစေသတည်း။

နိုင်ဦး

ယဉ်မျိုးစာပေ

# မြန်မာ့နိုင်ငံရေးအတွေးအခေါ်

နိုင်ဦး

# Burmese Political Values

## The Socio-Policital Roots of Authoritarianism

By Orofessor U Mg Mg Gyi

ယဉ်မျိုးစာပေ

# အာဏာမဲ့သူ၏အာဏာ

(သို့မဟုတ်)

## အောင်ဆန်းစုကြည်

နိုင်ငံဦးမြန်မာပြန်သည်။

ဗာခလပ်ဟာဗယ်

ဒက်စမွန်တူးတူး

မိုက်ကယ်အဲရစ်

ဒိုရာသန်းအေး

ဂျိုးဇက်ဆီးဗားစတိုင်း

အန်၊ ပက်စဟာညက်စလက်တာ



စစ်ဖီနပ်သံများ.....

လွန်ခဲ့သော နှစ်များစွာကပင် တစ်နေ့နေ့၊ တစ်ချိန်ချိန် သည်အသံ တွေကြားရလိမ့်မည်ကို သုစန္ဒီ မျှော်လင့်ပြီးသား၊ သို့နှင့် တစ်ချိန် တည်းမှာပင် သူမနှင့် ဟော်နန်းသခင်တို့ တမ်းတမ်းလွေ့လွေ့ မြင်မက်ခဲ့ပါသော စိတ်ကူးအိပ်မက်တို့သည်လည်း ဤမှာပင် တစ်စတစ်မှုန်စီ ပေါက်ကွဲလွင့်စင်သွားပြီကိုမှ သူမ သဘောပေါက် လိုက်ပါ၏။

တစ်ရံတစ်ခါက

# မဟာဒေဝီ စဝ်သုစန္ဒီ

နှင့်ဦး

# Twilight Over Burma

## My Life As A Shan Princess

**Inge Sargent**

Cover Design : Aye Phyu Aung